# ခယောင်းလမ်းကိုလျှောက်ခဲ့သူများ




ဂျေးလ်ဆယ်လီကျော်ဝင်း

ခင်မောင်ထွန်း (အကျဉ်းဦးစီး)

ထောင်မှူးကြီးကိုကို





a w w k y u u m e d i a

awwkyuu MEDIA

## စီစဉ်သူ၏အမှာစာ

အကျည်းဦးစီးဌာနသည်ကိုလိုနီခေတ်ကတည်းက စတင်ပေါ်ပေါက်ခဲ့ခြင်း ဖြစ်၍ ဌာန၏ သမိုင်းကြောင်းမှာ ရှည်လျားခဲ့ပြီဖြစ်ပါသည်။ကိုလိုနီခေတ်၊ ပါလီမန်ဒီမိုကရေစီခေတ်၊တော်လှန်ရေးကောင်စီခေတ်၊ မဆလခေတ်၊ နဝတ ခေတ်၊ နယကခေတ်တို့မှသည် ကနေ့ကာလအထိ အဆင့်ဆင့်ပြောင်းလဲတည်ရှိ လာခဲ့ရသည်။ ခေတ်တွေပြောင်း၊ စနစ်တွေပြောင်း၊ မူတွေပြောင်း၊ လူတွေပြောင်း ဖြင့် ပြောင်းလဲမှုများစွာထဲတွင်အကျည်းဦးစီးဌာနသည်တလူးလူး တလိမ့်လိမ့် ဖြင့်ပုံသဏ္ဌာန်မျိုးစုံ ဖြစ်ပေါ်ပြောင်းလဲခဲ့ရသည်။ ထည့်ရာခွက်၏ ပုံစံအတိုင်း လိုက်ပါ ဖြစ်ပေါ်နေရသောရေလိုအဖြစ်မျိုးဖြစ်ပါသည်။ ဖြစ်စဉ်ဖြစ်ရပ်များစွာ လည်းဖြစ်ပေါ်တည်ရှိခဲ့ရသည်။ ထိုသို့သောအခြေအနေများမှ ယနေ့ အခြေ အနေအထိ၊ အကျည်းဦးစီးဌာနပြောင်းလဲတိုးတက်ခဲ့ရခြင်းမှာ ရှေးအစဉ်အဆက် တာဝန်ထမ်းဆောင်ခဲ့သောဝန်ထမ်းများတို့၏ ပင်ပန်းဆင်းရဲခံကာ ပေးဆပ်ခြင်း များစွာဖြင့်လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းများကြောင့်ဖြစ်ပါသည်။ သို့သော်လည်း ထိုသို့ဆောင်ရွက်ခဲ့ခြင်းများမှာ မေးမှိန်ပျောက်ကွယ်စပြုနေပြီဖြစ်သော သမိုင်း မဝင်သော ဖြစ်စဉ်ဖြစ်ရပ်များအဖြစ်ကျန်ရစ်နေခဲ့ပါသည်။ သမိုင်းကြောင်း တစ်လျှောက် အကျည်းထောင်အရာရှိနှင့် ဝန်ထမ်းများမည်မျှပင်ပန်း ဆင်းရဲ ခဲ့သည်၊ မည်မျှပေးဆပ်ခဲ့ရသည်၊ မည်မျှအန္တရယ်များခဲ့သည်၊ မည်မျှဒုက္ခ ရောက်ခဲ့ရသည်တို့ကို ယနေ့ကာလပြည်သူများသာမက အကျည်းထောင် အရာရှိနှင့် ဝန်ထမ်းများပင် ကောင်းစွာမသိကြတော့ပါ။

သိမ်ကြားဖူးဖတ်ဖူးသမျှ လွန်ကျော်စိုက်ပျိုးရေးစခန်း၊ ကော့သောင်းဒေသ ဆီအုန်းစိုက်ပျိုးရေးစခန်းများ၊ ဘ၀သစ်စိုက်ပျိုးရေးစခန်းများ၊ ရန်ကုန်-မန္တလေး အမြန်လမ်းဖောက်လုပ်ရေး၊ မြစ်ကြီးနား-ဆွမ်ပရာဘွမ်လမ်း ပြုပြင်ထိန်းသိမ်း ရေးလုပ်ငန်း၊ ချင်းပြည်နယ်ဒေသလမ်းများ ပြုပြင်ထိန်းသိမ်းရေး အလုပ်စခန်း များ၊ လှိုင်ကော်-တောင်ကြီးရထားလမ်းဖောက်လုပ်ရေး၊ ကချင်ပြည်နယ် မြောက်ဖျား ပန်နန်းဒင်မြို့တည်ဆောက်ရေး၊ ကြံ၊ စပါး၊ ကော်ဖီ စီမံကိန်း အလုပ်စခန်းများ၊ တပ်မတော်စစ်ကြောင်းများနှင့်အတူ ရှေ့တန်းနယ်မြေများ တွင် လိုက်ပါထမ်းပိုးရသည့် ရဲဘက်(ပေါ်တာ)စခန်းများစသည် တို့သည် ခက်ခဲကြမ်းတမ်း၍ ဒုက္ခဆင်းရဲများပြီး ဘေးအန္တရာယ်ကြီးသော အလုပ်စခန်း များဖြစ်ခဲ့ကြပါသည်။ ထိုအလုပ်စခန်းများတွင် နိုင်ငံတော်အတွက် အကျိုးပြု လုပ်ငန်းများကိုဆောင်ရွက်ရင်း အကျဉ်းဦးစီးဌာနအရာရှိနှင့် ဝန်ထမ်းများ၊ အကျဉ်းသားများသည် ဒုက္ခဆင်းရဲများစွာကိုခါးစည်းရင်ဆိုင်ပြီး သွေး၊ ချွေး၊ အသက်နှင့်ဘဝများကိုပင် ပေးဆပ်ခဲ့ကြရပါသည်။ လုပ်ကိုင်ဆောင်ရွက်ရသည့် နေရာများသည် မြေကြမ်း၊ တောကြမ်း၍ သောင်းကျန်းသူကြီးစိုးသော ဒေသများလည်းဖြစ်လေ့ရှိကြပါသည်။ ပြင်းထန်သော ရာသီဥတုအောက်တွင် အနေဆင်းရဲ အစားဆင်းရဲဖြင့်နေခဲ့ကြရပါသည်။ အစာရေစာရှားပါးပြီး အာဟာရဖြစ်အောင်မစားရခြင်း၊ ဆေးဝါးမလုံလောက်သဖြင့် ငှက်ဖျားရောဂါ၊ ဝမ်းကိုက်ရောဂါစသည်တို့ကြောင့်ဆုံးပါးရခြင်း၊ သောင်းကျန်းသူလက်နက် ကိုင်များ ဝင်ရောက်စီးနင်းတိုက်ခိုက်သဖြင့်သေဆုံး၊ ဒဏ်ရာရခြင်း၊ ဖမ်းဆီးခံရ ခြင်းများကို တွေ့ကြုံခံစားခဲ့ကြရပါသည်။ ထို့ပြင်မိသားစုများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် လူ့အခွင့်အရေးများစွာကိုလည်း ဆုံးရှုံးခဲ့ကြရ ပါသည်။ သို့သော်လည်း ထိုဖြစ်စဉ်ဖြစ်ရပ်များသည် မှတ်တမ်းမဝင်သော ဖြစ်ရပ်များဖြစ်နေသောကြောင့် နောင်းလူတို့မသိကြတော့ပြီ။ အလွန် နည်းပါးသော ရှေ့မီ၊ နောက်မီ အကျဉ်းထောင်စာရေးဆရာအချို့၏ ရေးသားမှု တို့ကြောင့်သာ ဒဏ္ဍာရီသဖွယ် ဒီအဖြစ်မျိုးတွေရှိခဲ့ပါလားဟု သိကြရပါသည်။ ယနေ့ကာလ အကျဉ်းထောင်စခန်းများ၏ ပြင်ပအခြေအနေများကို ကြည့်ပြီး အဝေးမြင်ဖြင့် ရှုထောင့်အမျိုးမျိုးမှ ဝေဖန်သုံးသပ်၊ ပြစ်တင်ကဲ့ရဲ့၊ ရှုံ့ချမှုများ

ပြုလုပ်နေခဲ့ကြပါသည်။ အကျဉ်းထောင်အရာရှိနှင့် ဝန်ထမ်းများ အဆင်ပြေနေသည်ဟု ထင်မြင်တတ်ကြပါသည်။ သို့ဖြစ်ရာ တစ်ချို့သောအခါများဆီက အကျဉ်းထောင်၊ အလုပ်စခန်းများ၏ အခြေအနေတို့ကို ယနေ့ခေတ်ကာလပြည်သူများနှင့် အကျဉ်းထောင်အရာရှိ၊ ဝန်ထမ်းများသိသင့်သည်ဟု ယုံကြည်သဖြင့်၊ အကျဉ်းဦးစီးဌာန၏ သမိုင်းအစိတ်အပိုင်းတစ်ရပ် အဖြစ်ရှိသင့်သည်ဟု ယူဆသဖြင့် ဤ"ခယောင်း လမ်းကိုလျှောက်ခဲ့သူများ" စာအုပ်ကို စီစဉ်ထုတ်ဝေရခြင်း ဖြစ်ပါသည်။ ဤစာအုပ်တွင် ပါဝင်ရေးသားသော စာရေးသူဂျေးလ်ဆယ်လီကျော်ဝင်း၊ ခင်မောင်ထွန်း(အကျဉ်းဦးစီး)၊ ထောင်မှူးကြီးကိုကိုတို့မှာ လွန်ခဲ့သောနှစ်၄၀ခန့်က အကျဉ်းဦးစီးဌာနသို့ တပ်သားအဆင့်ဖြင့်စတင်ဝင်ရောက်ခဲ့ကြပြီး၊ ထောင်ပိုင်၊ ထောင်ပိုင်ကြီး၊ ညွှန်ကြားရေးမှူးအဆင့်တို့အထိရောက်ရှိကာ သက်ပြည့်အငြိမ်းစားယူခဲ့ကြသူများ ဖြစ်ပါသည်။ သို့ဖြစ်ရာ အကျဉ်းဦးစီးဌာနတွင် ဘဝအသီးသီးကို ဖြတ်သန်းခဲ့ပြီး အောက်သက်ကြေ၍ အတွေ့အကြုံစုံသူများလည်းဖြစ်ပါသည်။ ထို့ပြင်ကြုံတွေ့ခဲ့ရသော အကျဉ်းဦးစီးဌာန အတွေ့အကြုံတို့ကို ခိုင်မာပြီး သရုပ်ပေါ်အောင်၊ ရသမြောက်အောင် ရေးသားနိုင်စွမ်းရှိသူများလည်း ဖြစ်ပါသည်။ ထို့ကြောင့် ဤစာအုပ်ကို ဖတ်ရှုရခြင်းဖြင့် အကျိုးမမဲ့စေရဟု ရဲရဲကြီးတာဝန်ခံနိုင်ပါသည်။ တစ်စုံတစ်ရာ ချို့ယွင်းချက်ရှိလျှင်မူ စီစဉ်သူ၏အားနည်းချက်သာ ဖြစ်လိမ့်မည်ဖြစ်ပါကြောင်း။

ချစ်ခင်လေးစားစွာဖြင့်

နီမင်းညို

# ပီတိစကား

ဘဝတစ်ကွေ့၌ခေတ္တခဏ တာဝန်ထမ်းဆောင်ရင်း လက်တွဲဆုံဆည်းခွင့်ရခဲ့ဖူး၍ နရသိန်ဝန်ထမ်းများ၏ဘဝအား နက်ရှိုင်းစွာ ထပ်တူခံစား သိရှိခွင့်ရခဲ့ပါသည်။ လူ့အဖွဲ့အစည်းတစ်ရပ်အတွက် မရှိမဖြစ်လိုအပ်သော ယန္တယားကြီးတစ်ခုအတွင်းက ဘဝများအား နားလည်သိမြင်နိုင်သူနှင့် သိမြင်နိုင်ခွင့်ရှိသူ လွန်စွာပင်နည်းပါးပါလိမ့်မည်။ သူတို့၏ဘဝများအား လေးဘက်လေးတန်သော အုတ်ရိုးကြီးများအတွင်း မြှုပ်နှံထားကြရသကဲ့သို့ ယင်းအုတ်ရိုးကြီးများ၏နောက်ကွယ်မှ သူတို့၏ တာဝန်ထမ်းဆောင်ရမှုများ၊ သူတို့၏အမြင် အယူအဆများ၊ သူတို့၏ရုန်းကန်ဖြတ်သန်းရမှုများ၊ သူတို့၏ ပေးဆပ်အနစ်နာခံရမှုများ၊ သူတို့လျှောက်လှမ်းခဲ့ရသော ခယောင်းလမ်းများ အကြောင်းကိုလည်း လူအများ ထိတွေ့ခံစားခွင့်၊ နားလည်စာနာခွင့် လွန်စွာပင်နည်းပါးလှမည်မှာလည်း အသေအချာပင်ဖြစ်ပါသည်။

အကျဉ်းထောင်လောကနှင့်ပတ်သက်၍ ပြစ်ဒဏ်ကျခံလွတ်မြောက်လာသူများကရေးသားကြသည့် စာအုပ်စာတမ်း၊ မှတ်တမ်းမှတ်ရာများ ထိုက်သင့်သလောက်ရှိကြသော်လည်း အကျဉ်းထောင်ဝန်ထမ်းများကိုယ်တိုင် ရေးသားသည့်စာများမှာမူ လက်ချိုးရေတွက်၍ ရလောက်အောင်ပင် နည်းပါးလှသည်ဖြစ်ရာ စာဖတ်ပရိသတ်အဖို့ တစ်ဖက်၏အမြင်ကိုသာ တို့ထိသိမြင်ခွင့်ရရှိကြမည်မှာ အမှန်ပင်ဖြစ်သည်။ ဤစာအုပ်သည်လိုအပ်နေသော ကွက်လပ်တစ်ခုကို ဖြည့်ပေးနိုင်မည့် ကြိုးပမ်းအားထုတ်မှုတစ်ခုဖြစ်ပြီး သူတို့လျှောက်လှမ်းခဲ့ကြရသော ခယောင်းလမ်းအား တစ်ပိုင်းတစ်စ လှစ်ဟာဖေါ်ပြပေးနိုင်သော ဆောင်ရွက်ချက်တစ်ရပ်လည်းဖြစ်ပါသည်။ ဤစာအုပ်ဖြစ်မြောက်ရေးအတွက် စိတ်ရောကိုယ်ပါ အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ဆရာနီမင်းညိုအားလည်းကောင်း၊ ပါဝင်ရေးသားမှုဝေပေးခဲ့ကြသည့် လုပ်ဖေါ်ကိုင်ဖက် စာရေးသူများအားလည်းကောင်း အထူးလေးစားဂုဏ်ပြုပါကြောင်းနှင့် ဤစာအုပ် ဖြစ်မြောက်ရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခွင့်ရရှိသည့်အတွက် ဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

ရဲကျော်@အော်ကျူး
(အော်ကျူးမီဒီယာ)



# ဂျေးလ်ဆယ်လီကျော်ဝင်း

အမည်ရင်းမှာ ဦးကျော်ဝင်းဖြစ်သည်။ ဦးလှကျော်-ဒေါ်ဖွားသိုက်တို့မှ ၁၉၅၉ခုနှစ်၊ ဒီဇင်ဘာလ ၁၄ရက်တွင်မကွေးတိုင်း၊ ပွင့်ဖြူမြို့၌ မွေးဖွားသည်။ ၁၉၇၈ခုနှစ်တွင် ရန်ကုန်မြို့၊ အထက(၁)လမ်းမတော်မှ အခြေခံပညာအထက်တန်းအောင်မြင်ခဲ့သည်။ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်သို့ တက်ရောက်ခဲ့ပြီးတိရစ္ဆာန်ဆေးပညာဘွဲ့ကိုရရှိခဲ့သည်။ ၁၉၈၅ခုနှစ်၊ ဒီဇင်ဘာလတွင် အကျဉ်းဦးစီးဌာန တပ်သားအဖြစ် စတင်ဝင်ရောက်ခဲ့သည်။ ၁၉၈၇ခုနှစ်၊ မေလတွင်ထောင်မှူးအဆင့်သို့ တိုးမြှင့်ခံရသည်။ ကျိုက်စကော ဝက်မွေးမြူရေးစခန်း၊ ရာဇဂြိုလ်(၂)စခန်း၊ သရက်အကျဉ်းထောင်၊ မန္တလေးဗဟိုအကျဉ်းထောင်တို့တွင် တာဝန်ခံအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊မန္တလေးတိုင်းထောင်အုပ်စု ညွှန်ကြားရေးမှူးတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလတွင် မန္တလေးတိုင်း ထောင်အုပ်စု ညွှန်ကြားရေးမှူးရာထူးမှ သက်ပြည့်အငြိမ်းစားယူခဲ့သည်။ ရန်ကုန်မြို့၊ အမှတ်(၉၃၆)၊ နဝဒေးလမ်း၊ ၁၀ မိုင်တွင် ဇနီး ဒေါ်ဆန်းဆန်းမြင့်၊ သမီးမမိုးပွင့်ဖြူ၊ မချောစုသူဇာတို့နှင့်အတူနေထိုင်ရင်း စာပေများရေးသားလျက်ရှိသည်။

ထောင်ဆိုတာ ငြိမ်နေရင်ကြောက်ဖို့ကောင်းတယ်
ရွေးလိဆယ်လီကျော်ဝင်း

* အစရဲ့နိဒါန်း
* ပညာသင်ဘဝ
* လွတ်လပ်ခြင်းရဲ့ အရသာ
* ပျော်တာပေါ့အမေရယ်
* ထောင်ဆိုတာ ငြိမ်နေရင်ကြောက်ဖို့ကောင်းတယ်
* တစ်ပိုင်းတစ်စနိဂုံး



# ဆောင်ဆို့တာ ငြိမ်နေရင်ကြောက်ဖို့ကောင်းတယ်

လှည်းကူးမြို့ကို ရောက်ပါတယ်။ ကိုမောင်ဝင်းရဲ့ ရိမ်းဂျားကြီးနဲ့ ဝန်ထမ်းမိသားစုတွေ ဈေးဝယ်လာရတဲ့နေရာတွေကို ရှာမိတယ်။ တိုက်သစ်တွေတိုးလို့ လူတွေ ကြပ်ညပ်နေပါလား၊ မမှတ်မိတော့ပါ။ လမ်းဆုံရောက်တယ်။ လှည်းကူးဆေးရုံကြီးကို ကြည့်မိတယ်။ မျက်လုံးထဲမှာ မီးအိမ်လေးကိုင်ပြီး တစ်လှမ်းချင်းတက်လာတဲ့ မြင့်ဦးလေးကို မြင်နေမိတယ်။ သူက လှမ်းပြောနေပါတယ်။ ကျွန်တော် သုံးဖို့တစ်ဖို့ ကိုက်ပြီဆရာတဲ့။ ဖောင်ကြီးနဲ့ အမြန်လမ်းဆုံတဲ့ တာဆုံကို ရောက်ပါတယ်။ ငါးဆူတောင်မှာ ဆရာဦးကျော်စွာ၊ သူငယ်ချင်း စိုးဝင်းအောင်၊ ငွေအောင်၊ အရှည်ကြီးတင်အောင်မြင့်၊ ကိုမင်းသော်တို့ကို လှမ်းမြင်နေမိတယ်။ မြေနီလမ်းကလေးဟာ အခုတော့ ကွန်ကရစ်လမ်းမကြီးဖြစ်ခဲ့ပြီ။ ကားတွေ အမြန်မောင်းနိုင်နေပြီ။ အပျိုကြီးမခင်ချိုရဲ့ မေ့ကွက်ကိုရှာသီချင်းကို ဆွေးဆွေးမြေ့မြေ့ ကြားယောင်မိနေသလိုပါ။ နှစ်ပေါင်း လေးဆယ်ကြာခဲ့ပါပြီ။ ရန်ကုန်-မန္တလေးလမ်းမကြီးဖြစ်ဖို့အတွက် အသက်တွေ စွန့်ခဲ့ကြတယ်။ အကျဉ်းသားရဲဘက်များ၊ သူငယ်ချင်းအရာရှိတွေနဲ့ ဝန်ထမ်းများစွာကို အမှတ်တရ သတိရမိလို့ ဒုတိယပါမောက္ခချုပ်ဆရာတော်ကျောင်း ၇/၆ မိုင်မှာ ဝါဆိုသင်္ကန်းဆက်ကပ်လို့ အမျှပေးဝေခဲ့ပါတယ်။ အားလုံးကောင်းမွန်သောဘုံဘဝသို့ ရောက်ရှိလို့ သာဓုခေါ်ဆိုနိုင်ကြပါစေ။ အထူးသဖြင့် သူငယ်ချင်းထောင်မှူး ဦးကြည်ဝင်း၊ ထောင်မှူးဦးဆွေလင်းနှင့် တပည့်မြင့်ဦးလေးတို့ ရရှိကြပါစေ။ ဘဝရဲ့ အစနိဒါန်းမှ တစ်ပိုင်းတစ်စ နိဂုံးသို့ တဖြည်းဖြည်းလျှောက်လှမ်းကြည့်ကြစေချင်ပါတယ်။

# အစရဲ့နိဒါန်း

လှေလှော်အင်းတဲ့။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးရဲ့ မိုင်တိုင်အမှတ် ၁၄/၁ နားမှာရှိတယ်။ ပထမဆုံးတာဝန်ကျတဲ့ ရဲဘက်စခန်းပါ။ စခန်းရဲ့ဘေးမှာ အင်းကြီးတစ်ခုရှိလို့ လှေလှော်အင်းလို့ခေါ်ပါသတဲ့။ ၁၉၇၈ ခုနှစ်မှာ ရန်ကုန်-မန္တလေးလမ်းမကြီးဖောက်လုပ်ငန်းဌာနချုပ် အခြေစိုက်စခန်းအဖြစ် အသုံးပြုခဲ့တယ်။ မန္တလေးကို ၁၀ နာရီနဲ့ခရီးပေါက်ဖို့ ရဲဘက်အင်အား နှစ်သောင်းခန့်နဲ့ ကြိုးစားခဲ့ကြတဲ့နေရာပါ။ အကျဉ်းဦးစီးဌာန အခြေခံတပ်သားသစ် သင်တန်းကျောင်းတစ်ခုအဖြစ်လည်း အသုံးပြုခဲ့ပါတယ်။ အမြန်လမ်းမကြီးဖောက်ဖို့ တက္ကသိုလ်အသီးသီးက တက္ကသိုလ်ကျောင်းသားတွေ ဒီနေရာမှာ လုပ်အားပေး စီမံကိန်း အခြေစိုက်စခန်းလည်း ဖွင့်ခဲ့ပါသေးတယ်။

နောက်ပြီးမှ ဝက်မွေးမြူ ရေးစခန်းဆိုပြီး ဖွင့်ခဲ့ရာကနေ စခန်းတစ်ခုတည်းနဲ့ မလုံလောက်ပါ၊ နောက်ထပ် စခန်းတစ်ခုထပ်ဖွင့်လို့ လှေလှော်အင်း(၁)၊ လှေလှော်အင်း(၂)ဆိုပြီး ဝက်မွေးမြူရေးစခန်းနှစ်ခု ဖြစ်ပေါ်လာပါတယ်။ အရေးအခင်းမတိုင်ခင်က လှေလှော်အင်း(၁) တာဝန်ခံက ထောင်ပိုင်ကြီး ဦးဝင်း၊ လှေလှော်အင်း(၂)တာဝန်ခံက ဦးဝင်းမြင့်ပါ။ သူက သမဝါယမက ပြောင်းလာတာပေါ့။ သမ္မတကြီးဟောင်း ဦးစိန်လွင်ရဲ့ တူပေါ့။ အကျဉ်းဦးစီးနဲ့ စက်မှု(၁) ဖက်စပ်သဘောတူညီကြပြီး စည်သွပ်စက်ရုံတည်ထောင်ပါတယ်။ ဒိုက်ဦးမြို့နယ် ကျိုက်စကောကျေးရွာမှာပါ။ အကျဉ်းဦးစီးကဝက်မွေးမြူရေးလုပ်ပါ၊ အရင်းအနှီးနဲ့ နည်းပညာတွေပေးမယ်၊ ကျိုက်စကောမှာ အခြေစိုက်စခန်းလုပ်ဖို့ မြေနေရာပေးမယ်၊ အဆောက်အအုံတွေဆောက်ဖို့ အရင်းအနှီးထုတ်ပေးမယ်၊ ကုန်ကြမ်းဝက် တစ်လကို အကောင် ၆၀ သွင်းပေးပါ၊ တန်ဖိုးသင့်ပြီး ထုတ်ပေးငွေတွေကို ပြန်ခုနှိမ်ပေးပါ့မယ် သဘောတူညီချက်နဲ့ အကျဉ်းဦးစီးဌာနမှာ ဝက်မွေးမြူရေး

လုပ်ငန်း ပေါ်ပေါက်လာပါတယ်။ ထောင်တွေမှာလည်း မွေးတယ်။ အင်းစိန်၊ သာယာဝတီ၊ မန္တလေး၊ တောင်ငူထောင်တွေမှာ ဝက်တွေအကြီးအကျယ်မွေးသလို ဝက်စခန်းတွေလည်း ပေါ်လာတယ်။

လှော်လှော်အင်း(၁)၊ လှော်လှော်အင်း(၂)၊ ကျိုက်စကော၊ အင်္ဂါဘို၊ တောင်ငူ လေးမိုင် ဝက်စခန်းတွေပေါ်လာတယ်။ လစဉ် ကုန်ကြမ်းဝက် ကောင်ရေ ၆၀ ကို ပုံမှန်ပေးသွင်းနိုင်ဖို့ အခြေစိုက်စခန်းကို ပို့ပေးရတယ်။ ကျိုက်စကော စခန်းကနေ စက်မှု(၁)စည်သွပ်စက်ရုံကို အချိန်မီသွင်းပေးရပါတယ်။ ကျွန်တော်တို့ အလုပ်က ဝက်မွေးဖို့ပါ။ ရုံးချုပ်မှာ ညွှန်ကြားရေးမှူးရုံး နှစ်ရုံးထိုင်ပါတယ်။ စီမံကိန်းရုံးနဲ့ စိုက်ပျိုးမွေးမြူရေးရုံးဆိုပြီးရှိပါတယ်။ စိုက်မွေးရုံးက လုပ်ငန်းအကောင်အထည်ဖော်နိုင်အောင် အနီးကပ်ကြီးကြပ်ပါတယ်။ စီမံကိန်းကတော့ ငွေရေးကြေးရေးနဲ့ ထောက်ပံ့ပညာပေးရေးကို တာဝန်ယူကြပါတယ်။

ဝက်မွေးမြူရေး လုပ်ငန်းလုပ်ကိုင်နိုင်ဖို့အတွက် အီတလီနိုင်ငံမှာ ဝက်မွေးမြူရေးနဲ့ပတ်သက်တဲ့ နည်းပညာတွေ စာရင်းအင်းထိန်းသိမ်းနည်းပညာတွေ သွားရောက်လေ့လာရပါတယ်။ အဲဒီတုန်းက ခေတ်စားခဲ့တဲ့ ပျားမွေးမြူရေး သင်တန်းတက်ခဲ့ကြတဲ့ ကေဒါတွေကိုအခြေခံပြီး လုပ်ငန်းတွေ အကောင်အထည်ဖော်ကြပါတယ်။ နိုင်ငံ့ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးဘုတ်အဖွဲ့ဖြစ်တဲ့ ပီအက်စီကနေ တရားဝင် ပြန်တမ်းဝင်အရာရှိ နှစ်ဦးခေါ်ယူတဲ့အခါမှာ ထောင်ထောင်မောင်းမောင်း ဦးတင်မောင်လွင်နဲ့ ပုပုသေးသေး ဦးဌေးဝင်းတို့ ရွေးချယ်ခံရပြီး ဖောင်ကြီးမှာ ဧယျသင်တန်းတက်လို့ ဌာနမှာ ဝက်လုပ်ငန်းကြီးကြပ်ဖို့ တာဝန်ပေးခဲ့ပါတယ်။ ဦးတင်မောင်လွင်က မွေးကုဦးစီးကနေလာပြီး ဦးဌေးဝင်းက ပခုက္ကူဒေသကောလိပ်မှာ မွေးမြူရေးဌာနမှူးဆရာလုပ်ရင်း ပြောင်းလာကြတာပါ။ ဦးတင်မောင်လွင်ကို သာယာဝတီထောင်ရဲ့ ဝက်မွေးမြူရေးကြီးကြပ်စေပြီး ဦးဌေးဝင်းကိုတော့ စီမံကိန်းရုံးကနေ ဝက်မွေးမြူရေးလုပ်ငန်းတစ်ခုလုံးကို ကြီးကြပ်စေခဲ့ပါတယ်။ အဲဒီတုန်းက စိုက်မွေးညွှန်မှူးက ဗိုလ်မှူးဆမ်ဂျွမ်းပေါ့။ စီမံကိန်းညွှန်မှူးက ဗိုလ်မှူးသန်းလှပါ။ သူငယ်ချင်း ကျော်ကျော်စိုးရဲ့ ဖခင်ပါ။ ဝက်မွေးမြူရေးကို ၁၉၈၂ ကစပြီး လုပ်ခဲ့ကြတယ်။

အဓိကရည်ရွယ်ချက်က ကုန်ဈေးနှုန်းကျဆင်းရေးနဲ့ အသားငါး ဖူလုံကြွယ်ဝဖို့ပါ။ ပြည်သူတွေကို မွေးမြူရေးအတတ်ပညာတွေ၊ နည်းပညာတွေ ဖြန့်ဖြူး

ပေးဖို့လည်း ပါဝင်ပါတယ်။ ကျွန်တော်တို့အလုပ်ဝင်တော့ ၁၉၈၅ ခုနှစ်ပါ။ ထောင်ပိုင်ရာထူးမဆိုထားနဲ့ မွေးကုဆရာဝန်တွေကို အရာရှိအဖြစ်တောင်မထားဘဲ အကျဉ်းထောင်တပ်သား လစာနှုန်း ၁၀၀-၂-၁၁၀ စကေးကနေဝင်ပြီး လုပ်ကိုင်ရတော့ နာကျည်းစိတ်တွေ၊ မကျေနပ်ချက်တွေ ဒင်းကြမ်းပြည့်ပေါ့။ ရင်ထဲမှာ နာကျင်ခဲ့ရပါတယ်။ ဆရာကြီးဦးအောင်နဲ့ရဲ့ အနီးကပ် သင်ကြားစောင့်ရှောက်မှုကိုခံယူရင်း ၁၉၈၆ မှာ ထောင်မှူးခေါ်တော့ ဝင်လျှောက်ရပါတယ်။ အိုတီတီဝင်ရတယ်။ စိတ်ကျန်းမာရေးစစ်ဆေးတယ်။ အဲဒါတွေပြီးမှ ဒုညွှန်ချုပ် ဗိုလ်မှူးသာဒိုးဥက္ကဋ္ဌပါတဲ့အဖွဲ့နဲ့ နှုတ်ဖြေ ဖြေရပါတယ်။ အရွေးခံရလို့ သင်တန်းတစ်နှစ်တက်ရပါတယ်။

ဖောင်ကြီးမှာ ဒုရဲအုပ်တွေနဲ့တွဲပြီး သူရ(၁၆)ကို သုံးလ တက်ပါတယ်။ ဖောင်ကြီးကဆင်းတော့ ရဲကျောင်းကိုသွားရပါတယ်။ ရဲသိပ္ပံကို ရမည်းသင်းပြောင်းမှာမို့ သင်တန်းသားတစ်ဝက်ကို မန္တလေးရဲသိပ္ပံပို့ပြီး ကျန်ရဲ၊ အကျဉ်းနဲ့ မီးသတ်တို့ပေါင်းလို့ ရမည်းသင်းရဲကျောင်းမှာ သင်တန်းတက်စေပါတယ်။ ရဲကျောင်းမှာ ငါးလကျော်လောက် ဥပဒေပညာနဲ့စစ်ပညာတွေ ဆက်လက်သင်ကြားရပါတယ်။ ရဲကျောင်းကဆင်းတော့ အကျဉ်းဦးစီးဌာန ကျွမ်းကျင်မှုဆိုင်ရာ အတတ်သင်တန်းကျောင်း အင်းစိန်မှာ သုံးလကျော် ဆက်လက်ပြီး အကျဉ်းထောင် ထောင်ဥပဒေပညာရပ်များကို ဆက်လက် သင်ကြားလေ့လာစေပါတယ်။ သင်တန်းကျောင်းကျောင်းအုပ်ကြီးက အင်းစိန်ထောင်ပိုင်ကြီး ဦးစိန်ငွေပါ။ သင်တန်းသားအရာရှိတွေအပေါ်မှာ အတော် စေတနာထား ဆောင်ရွက်ပေးပါတယ်။ မွေ့ရာ၊ အိပ်ရာခင်း၊ အစားအသောက်ကအစ ဂရုတစိုက် ဆောင်ရွက်ပေးပါတယ်။

သင်တန်းသားတွေ အတော်ပင်ပန်းနေကြပြီး ဖောင်ကြီးနဲ့ ရဲကျောင်းမှာ အပြေးတက်နဲ့ နင်းကန်အမောင်းခံရပါတယ်။ အင်းစိန်သင်တန်းကျောင်း ရောက်တဲ့အခါ အရိုးပေါ်အရေတင် စာကလေး အမွေးနှုတ်ထားသလို မြင်ရတဲ့အခါ လူကြီးတွေကသနားပြီး ဒီကောင်လေးတွေ စစ်ပညာတော့ အတော် အမောင်းခံထားရပါပြီ။ အကျဉ်းဦးစီးသင်တန်းကျောင်းမှာ စစ်ပညာမသင်ပေးပါနဲ့၊ အကျဉ်းထောင် ဥပဒေပညာတွေပဲတတ်အောင်ကြပ်ကြပ်မတ်မတ် သင်ပေးကြပါ။ အင်းစိန်ထောင်မှာ လက်တွေ့သင်တန်းပေးပြီး အရာရှိကောင်းတွေဖြစ်အောင် သင်ပေးကြပါလို့ ညွှန်ချုပ်ကြီးကပြောတော့ ဝမ်းလည်းသာ ကျေးဇူးလည်းတင်မိပါတယ်။ မနက်ဆို ထောင်ပတ်ပြီး ပီတီပြေးကြပါတယ်။

"ဘာလုပ်နေလဲ၊ လေ့ကျင့်နေတယ်၊ ဘယ်သူ့အတွက်လဲ ပြည်သူ့အတွက်၊ ဘာစိတ်ဓာတ်လဲ သံမဏိစိတ်ဓာတ်"နဲ့ ညွှန်ချုပ်ကြီးအိမ်နားရောက်ရင် ကျယ်ကျယ်အော်ကြတယ်။ ကျန်တဲ့နေရာမှာ သက်တောင့်သက်သာ လမ်းလျှောက်ကြပါတယ်။ ရေမိုးချိုး၊ မနက်စာစား၊ အလံတော်အလေးပြု၊ သစ္စာလေးချက်ဆိုပြီးတာနဲ့ အင်းစိန်ဗဟိုအကျဉ်းထောင်ထဲကို တန်းစီဝင်၊ ထောင်ကလည်း တံခါးမကြီးနှစ်ချပ်လုံးဖွင့်ပေး၊ ဘယ်ညာမောင်းပြီးဝင်၊ ထောင်ကျ ရုံးပညာတွေကို ထောင်ပိုင်ကြီးဆီမှာ နည်းနာခံ သင်ယူကြရပါတယ်။ နံနက် ၉ နာရီထိုးတဲ့အခါ ထောင်ထဲက ပြန်ထွက်လာပြီး ဥပဒေပညာတွေ၊ ဦး/ရေး/ထောက်/စီမံကိန်း/စိုက်မွေး/ကျောက်/ငွေစာရင်း ပညာတွေ ဆက်သင်ကြရပါတယ်။ ညွှန်ချုပ်ကြီးကပြောလို့ အေးအေးဆေးဆေး အခန်းထဲမှာထိုင်ပြီး စာပဲ သင်နေရတာ သိပ်မကြာလိုက်ပါ။ ညွှန်ချုပ်ကြီးက မနက်ကို အိမ်ကကားနဲ့ ရုံးတက်အလာ ကျွန်တော်တို့ ထောင်မှူးလောင်းတွေက အင်းစိန်ဘူးတံခါးကြီး နှစ်ချပ်ဖွင့်လို့ ဘယ်ညာမောင်းပြီး ထွက်အလာနဲ့တိုး၊ အလေးပြုရန် ဘယ်ကြည့်လို့ အော်ပြီး လက်တင်အလေးပြုတဲ့အခါ ရှေ့ဆုံးက လက်ကောက်အေးလွင် ဘယ်ညာလွဲတာမြင်ရော "ဒီကောင်တွေရဲ့ကျောင်းမှာ စစ်ရေးပြ နင်းကန် အမောင်းခံရတယ်ပြောတယ်။ ခုထိ လက်ကကောက်နေတုန်းပါလား။ မန္တလေးသင်တန်း ကျောင်းက ဆရာကြီးပွန်းကိုခေါ် စစ်ရေးပြ သေချာပြန်မောင်း"လို့ ညွှန်ကြားပါလေရော။ သေပြီဆရာပေါ့။ အေးလွင်၊ အေးလွင် နင်တော်တော်ဒုက္ခပေးပါလား။ ဆရာကြီးပွန်းနဲ့အတူ နည်းပြအဆင့်ထိ ဆက်မောင်းခံရ၊ ခဲလုံးကိုမိုးပေါ်ပစ်၊ ပြန်ကျတဲ့အထိ အမိန့်ဆွဲ အော်ရ၊ လိပ်ခေါင်းထွက်မတပ်ပါ။ တုတ်စစ်ရေးပြကလည်း ညှပ်လိုက်ရတဲ့ချိုင်း၊ လျှောက်လိုက်ရတဲ့ အနေးလျှောက်၊ မြှောက်လိုက် ရတဲ့ချိန်မှတ်၊ ပေါင်တွေကိုကွလည်ချောင်းတွေကွဲပါလေရော။ ကိုယ်ခန္ဓာ ကြံ့ခိုင်အောင် ခြေတစ်ပေါင်ကျိုးနဲ့ စီးချင်းထိုးရတာ အဘစိုးဝင်းကြီး ခြေကျိုးမှပဲ ရပ်ပါတော့တယ်။ သင်တန်းဆင်းတော့ ရာထူးတံဆိပ်တပ်ပေါ့။ အိပ်ရာထက်မှာ ပိုစတင်အော်ဒါ (Posting Order) ကောက်ဖတ်လိုက်တော့ လေ့လော့်အင်းတဲ့။ လေ့လော့်အင်းဟာ တကယ်တော့ အရာရှိတစ်ယောက်ဖြစ်အောင် မြေတောင် မြှောက်ပေးလိုက်တဲ့ ဘူမိနက်သန် အောင်မြေမှန်ပါ။ ဆက်ကြိုးစားကြသေးတာပေါ့။

◆ ◆ ◆

## ပညာသင်ဘဝ

တွေ့တဲ့သူတိုင်းဟာ ကျွန်တော်ရဲ့ ဆရာတွေပါပဲ။ **တစ်ခါတပည့်ခံရင် တစ်သက်လုံးဆရာဖြစ်ရောတဲ့**၊ ပတ်ဝန်းကျင်အသစ်၊ လူအသစ်တွေကြား အားလုံးဟာ အသစ်အဆန်းတွေချည်းပါ။ စခန်းရောက်တဲ့ည ထောင်ပိုင်က ဆောက်လက်စအိမ်သစ်မှာသွားနေတဲ့။ အမိုးမိုးပြီးစ ပြတင်းပေါက်တွေ တံခါးမတပ်ရသေး၊ ထရံကာတွေကလည်း ကျိုးတိုးကျဲတဲနဲ့ ကြယ်တွေ၊ လတွေ မြင်နေရတယ်။ ဒီစခန်းမှာ ဒီအိမ်ဟာ အတော်ကောင်းတဲ့အိမ်ပါ။ မိသားစုတွေမနေခင် ယာယီနေထိုင်ဖို့ ချပေးတာပါ။ အင်းရဲ့အပိုင်းလေးကိုမြေဖို့ပြီး လျှောက်လမ်းလုပ်ထားပါတယ်။

လှမ်းကြည့်ရင် လက်မောင်းလုံးလောက် မမတိုင်လေးတွေစီပြီး သံဆူးကြိုးနှစ်ထပ်ကာထားတဲ့ ရဲဘက်တွေထားတဲ့ ဆူးကြိုးဝင်းကို လှမ်းမြင်နေရတယ်။ မီးစက်သံ တဒုတ်ဒုတ်ပျောက်သွားတဲ့အခါ သာနေတဲ့လရောင်ကို မြင်ရတယ်။ တတောက်တောက်ခေါက်သံကလည်း အဆက်မပြတ် ပေါ်လာတယ်။ သတင်းပို့သံတွေ အဆက်မပြတ်ကြားနေရတယ်။ တစ်ယောက်တည်း မီးမရှိ အမှောင်ထဲမှာနေရတာ မြို့သားတစ်ယောက် စိတ်အကြီးအကျယ် ပျက်နေတယ်။ ခနော်နီခနော်နဲ့ဆူးကြိုး တောက်တောက်ခေါက်သံနဲ့ ဘယ်သောင်းကျန်းသူ စခန်းများရောက်နေသလဲလို့ ထင်မိတယ်။ ငါဒီအထဲမှာ ဆက်နေမလား၊ မလုပ်တော့ဖူးလို့သတင်းပို့ပြီး ပြန်ရင်ကောင်းမလား။ ရဲဘက်ပြေး၊ စစ်ပြေးဆိုတာ ကြားဖူးပါတယ်။ ထောင်မှူးပြေးဆိုတာ မကြားဖူးပါ ဖြစ်နေပါဦးမယ်။ ဘယ်လိုများ

ဆက်ပြီး စခန်းသွားရပါ့။ နားမခံသာတာနဲ့ နားနှစ်ဖက်ပိတ်ပြီး ကြိုးစား အိပ်လိုက်တယ်။ ညသန်းခေါင်ကျတော့ မိုးကရွာပါလေရော၊ အမိုးက မိုးမယို ပေမယ့် အကာထရံကမိုးမလုံ၊ လေတိုက်တိုင်း မိုးပက်တာ အိပ်ရာခင်းတစ်ခုလုံး ရွဲစိုတော့တာပဲ။ ထိုင်လျက်ငိုက်ရတာပေါ့။ မိုးမြန်မြန်လင်းပါစေ ဆုတောင်း မိပါတယ်။ လေ့လော့အင်းရဲ့ နှုတ်ဆက်တဲ့ညဟာ မိုးနဲ့အတူ အေးချမ်းလှပါ တယ်။

မနက်မိုးလင်းတော့ မျက်နှာသစ်စရာရေကမရှိ၊ သောက်ရေအိုးလေးနဲ့ ရေတွင်းမှာ ရေခပ်မယ်ပေါ့။ မျက်နှာသစ်မယ်၊ သွားတိုက်မယ်ပေါ့။ လိုင်းထဲက အမျိုးသမီးတွေဆင်းလာတယ်။ သူတို့ခပ်ပေးပါမယ်တဲ့၊ အရာရှိတစ်ယောက် ရေခပ်နေတာမြင်ရင် သူများတွေ ပြောစရာဖြစ်နေပါဦးမယ် ဆရာရယ်တဲ့။ သက်သာဆိုင်ဘက် ထွက်ခဲ့တယ်။ သက်သာဆိုင်က ဘူးတံခါးရှေ့မှာပါ။ အလံ တိုင်ရယ်၊ တန်းစီကွင်းရယ်၊ မင်းရမ်းကားစေတီရယ် လွန်ရင်ရောက်ပါပြီ။ နောင်ကျ တော့ စီမံကိန်းညွှန်မှူး ဦးစံလင်းက ဘယ်က မင်းရမ်းကားလဲ သမိုင်းမေးတာ မသိကြတော့ အမည်မကောင်းပါဘူး။မင်းလိမ္မာဘုရားပြင်လိုက်ကွာဆိုလို့ဘွဲ့တော် အမည် ပြောင်းခဲ့ပါတယ်။

ထောင်ပိုင်ရုံးမှာ သတင်းပို့တယ်။ ဝန်ထမ်း ဆားဗစ်ဘုတ်တွေ၊ နောက်ဆုံး ထုတ် လစာ၊ အမိန့်ညွှန်ကြားစာတွေ ပေးတယ်။ ထောင်ပိုင်ရဲ့ ညွှန်ကြားချက် နာယူပြီး တာဝန်ချထားတဲ့ ဝက်ဆိုက်ကို လာခဲ့တယ်။ ဝက်ခြံမှာ ထောင်မှူး ဦးဇော်မြင့်၊ ဦးသိန်းနိုင်၊ ဦးလှဝေတို့ရှိနေတယ်။ ဦးသိန်းနိုင်က အရင်ကတည်းက ရင်းနှီးပြီးသားဆိုတော့ သူ့အိမ်မှာပဲ ရိက္ခာတွဲလို့ မနက်စာ၊ ညစာစားရတာပေါ့။ သူကလည်း တပည့်တပန်းတွေနဲ့ တစ်ကိုယ်တည်း လူပျိုကြီးပါ။ အဲဒီကာလ တုန်းက ရိက္ခာစို၊ ရိက္ခာခြောက်နှစ်မျိုးစလုံးရသေးတယ်။ ဝက်ခြံမှာ ရဲဘက် ၅၀ လောက်ရှိတယ်။ အရာရှိက လေးဦး၊ ဝန်ထမ်းက နေ့ ည ခြောက်ယောက် လောက်ရှိတယ်။ ဂတ်စာရေးက တပ်ကြပ်ကြီးဝင်းငွေဦးပါ။ ထောက်က ဦးသက်ရှည်၊ ဦး/ရေးက ဦးမြင့်ဝေ၊ အိုအေ/ထောက်က ဦးကိုလေးပါ။ ထောင်မှူး ဦးလှတိုးက ထောင်ပိုင်ရဲ့အဝယ်တော်ပေါ့။ သူငယ်ချင်း ကိုကိုနောင်က မရောက် သေးပါ။ ထောင်ပိုင်က ဦးလေးဆိုတော့ အေးအေးဆေးဆေးပေါ့။ နောက် ၁၀ ရက်လောက်မှ ရောက်လာတယ်။ သူလာမှအိမ်ရတယ်။ ထောင်မှူးကြီး

ဦးတင်ဦး ပြောင်းသွားတဲ့အိမ်ပါ။ သူ့အိမ်မှာ ကျွန်တော်ကပ်နေရပါတယ်။ မကြာပါ ထောင်မှူး ဦးသက်ရှည် သင်တန်းသွားတက်တော့ သူ့တူကို ထောက် ကိုင်နိုင်းပါတယ်။ သူငယ်ချင်းထောက်ထောင်မှူးဖြစ်လည်း ကောင်းတာပေါ့။ စားဖို့၊ သောက်ဖို့မပူရပါ။ ဦးသက်ရှည်လည်း သင်တန်းပြန်လာတော့ ထောက်ကို ပြန်မပေးဆိုတော့ သူလည်း အရွဲ့တိုက်ပြီး အလုပ်မဆင်းတော့ဘဲ အိမ်ကန့ုားများကို ကြိုးစားကျောင်းနေတာ ပြောင်းတဲ့အထိပါ။

ဦးဇော်မြင့်က ဝက်ခြံတာဝန်ခံပါ။ ဦးသိန်းနိုင်၊ တိကုဆရာဝန် ဦးလှဝေက လုံခြုံရေးတာဝန်တွေ ယူကြတယ်။ ကျွန်တော်ကတော့ ဦးသိန်းနိုင်ထံမှာ ပညာ သင်ဘဝပေါ့။ ဝက်ခြံရုံးက လေးပင်သုံးခန်းတဲလေးတစ်လုံးပါ။ အလယ်မှာ မြေစိုက်တိုင်သုံးတိုင် စိုက်ထားတယ်။ အဲဒီတိုင်မှာ လက်ခံတန်းရိုက်ပြီး ပျဉ်ပြား တွေ ကျိုးတိုးကျဲတဲရိုက်ပြီး ခင်းထားတယ်။ စားပွဲဖြစ်သွားတယ်။ အဲဒီမှာပဲ ဝက်ခြံနဲ့ပတ်သက်တဲ့ စာရွက်စာတမ်းတွေ၊ စာရင်းဇယားတွေ ဆောင်ရွက်ပါ တယ်။ ရုံးမှာခိုင်းတဲ့ ရဲဘက်သုံးယောက်ရှိတယ်။ တရုတ်ကြီးရယ်၊ စံဝင်းရယ်၊ ကောင်းစံရယ်ပါ။ မနက်ဆို ဝက်ခြံဖွင့် အင်အားကောက်ရပါတယ်။ အတိုး အလျှော့သတင်းပို့ရပါတယ်။ ညက မွေးတိုးရှိသလား၊ သေဆုံးရှိသလား သတင်း ပို့ရပါတယ်။ ရဲဘက်အလုပ်ဆင်းဇယား၊ ဝန်ထမ်းတာဝန် နေ့ညမှတ်တမ်းတွေ ရေးရပါတယ်။

ဝက်ကောင်ရေစာရင်းစစ်ဆေးပြီး ခြံတာဝန်ခံနဲ့ တိကုဆရာဝန် လက်မှတ် ရေးထိုးပြီး ထောင်ပိုင်ရုံးတင်ပြရပါတယ်။ ဝက်သေတာရှိရင် ဘာကြောင့်ဖြစ်တယ် ဆိုတာ ရောဂါရှာရ၊ စားသုံးရန် သင့်၊ မသင့် စစ်ဆေးထောက်ခံချက်ပေးပြီး ရောင်းချဖို့၊ ထောက်ပေးသွင်းဖို့၊ မြေမြှုပ်ဖို့ ထောင်မှူး ဦးလှဝေထံ အပ်ရပါတယ်။ အလုပ်ဆင်း ရဲဘက်တွေ ရုံးရှေ့ထိုင်စေပြီး ဝက်စာထုတ်ဖို့ စီစဉ်ရပါတယ်။ နောက်တန်းမှူးက အောင်နိုင်ဦးပါ။ တပ်ပြေးမှုနဲ့ ထောင်ကျတာပါ။ ရှေ့တန်းမှူး ကတော့ အဘဦးသောကြာပါ။ သူက အသက်လည်း ကြီးပါပြီ။ ထောင်တွေမှာ ထားရမှာ ထောင်ပိုင်တွေလန့်ကြပါတယ်။ အရာရှိတွေကြားမှာ အထူးသဖြင့် တာဝန်ခံနဲ့ ဒုတာဝန်ခံကြားမှာ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုလွဲအောင်၊ ပြဿနာတက်အောင် ထောင်တိုင်းမှာ သွေးထိုးပေးခဲ့လို့ နာမည်ကြီးပါတယ်။ သူက လူသတ်မှုပါ။ အမေကမွေး ထောင်ကကျွေးဆိုတာ သူမှာအမှန်ပါ။

အိမ်မှာနေရတဲ့နှစ် သိပ်မရှိပါ။ ထောင်ကလွတ်ခဏပါ။ နောက်မှုဖြစ်ပြီး ထောင်ပြန်ရောက်လာတော့တာပါ။ အခုလည်း ထောင်ကလွတ်ပြီး အိမ်ပြန်ရောက်တာ မကြာပါ။ သားမက်လုပ်တဲ့ကောင် ကြည့်မရတာနဲ့ ဓားနဲ့ထပိုင်းတာနဲ့ လူသတ်မှုဖြစ်ပြီး ထောင်ပြန်ကျပါလေရော။

အစာထုတ်ပြန်လာရင် အစာတွေ အဆောင်လိုက်ခွဲပေးတယ်။ မျိုးဝက်သိုးစာ၊ မျိုးဝက်မစာ၊ သားခွဲစာ၊ သားထိန်းစာ၊ ကုန်ကြမ်းစာဆိုပြီး ခွဲပေးရတယ်။ အဆောင်လိုက် ပြန်ပြီး သန့်ရှင်းရေးလုပ်၊ ရေဖြည့်၊ ဗေဒါစင်း အလုပ်တွေ ဆက်တိုက်လုပ်ကြရတယ်။ ထရံယက်၊ ကပ်ယက်၊ ဗေဒါရှူး၊ ဝါးခုတ်၊ ထင်းတိုက် အပြင်ဘုတ်တွေ ထွက်ကြရတယ်။ အရာရှိတွေအိမ်မှာ ထမင်းချက်၊ ရေခပ်၊ အဝတ်လျှော်ဘုတ်တွေလည်း ထုတ်ပေးရတယ်။ အားလုံး အလုပ်တွေငြိမ်မှ ဝက်ဆေးကုတဲ့အဖွဲ့က ခြံထဲဆင်းပြီး ဝက်ကျန်းမာရေးစစ်ဆေးရပါတယ်။ အနာဖြစ်တဲ့ဝက်၊ အသက်ရှူမမှန်တဲ့ဝက် ကြည့်ပြီး ဆေးထိုး၊ ဆေးတိုက် လုပ်ပေးရပါတယ်။ ကာကွယ်ဆေးထိုးပေးဖို့ ကောင်ရေစစ်ရတယ်။ သားခွဲလို့ရတဲ့အုပ်၊ မြိုင်စစ်တဲ့အလုပ်၊ သားတင်သားစပ်တဲ့အလုပ်များကို စစ်ဆေးပြီး လုပ်ကြရပါတယ်။ အလှည့်ကျတာဝန်မှူးဝင်ပေါ့။ ထောင်ပိုင်ရုံးကခေါ်ရင် အစည်းအဝေးတက်ရပါတယ်။ ထောင်ဆိုတာ စခန်းနဲ့မတူပါ။ ကွဲပြားခြားနားမှုတွေ အများကြီးရှိပါတယ်။ ထောင်က သူ့အဆင့်လိုက် တာဝန်ကြီးပါတယ်။ (က)အဆင့်ထောင်ဆိုရင် သေဒဏ်အပါအဝင် အကျဉ်းသားအမျိုးမျိုးကို တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်ရပါတယ်။ အလုပ်နဲ့အလုပ်မဲ့ရော၊ တရားမမှုရော၊ ကျား/မရော၊ နိုင်ငံခြားသားရော၊ နှစ်ကြီးရော၊ နှစ်သေးရော တာဝန်ယူထိန်းရပါတယ်။ အဲဒီထဲကမှ နှစ်ကျန်ကာလနည်းတဲ့သူ ထောင်ထုတ်စခန်းပို့၊ စည်းကမ်းချက်နဲ့ကိုက်ညီသူကိုသာ အလုပ်စခန်းတွေပို့တာပါ။ ပထမကျောက်စခန်းကို ရဲဘက်ပို့ပါတယ်။ ဆိုးတဲ့သူ၊ အလုပ်ကြမ်းလုပ်နိုင်သူတွေပါ။ နောက်ပြီး စိုက်ပျိုးစခန်းတွေ ပို့ပါတယ်။ စပါး၊ ရာဘာ၊ ကြံ၊ ပြောင်း၊ ပလောပီနံတွေ စိုက်ကြပါတယ်။ ကော်ဖီစခန်းတွေက အရှုံးများလို့ အခြားသီးနှံပြောင်းစိုက်ကြပါတယ်။ အကျဉ်းသားတွေနဲ့ နေရတာကြာတော့ ပျင်းလာပါတယ်။ အပြင်ထွက်ဖို့ဆိုတာလည်း သိပ်မရှိ အထဲမှာနေရတာ ကြာလာတော့ အကျဉ်းကျခံဘဝကို ကိုယ်ချင်းစာတတ်လာပါတယ်။

◆ ◆ ◆

# လွှတ်လပ်ခြင်းရဲ့ အရသာ

သံလမ်းဘေးက ဝက်တဲလေးမှာ ဒီဇယ်မီးခွက်ရဲ့ ရောင်နီကျင့်ကျင့်ကို လှမ်းမြင်ရတယ်။ လူနှစ်ယောက်၊ သုံးယောက် လှုပ်ရှားမှုကို မြင်ရရင် သေချာတယ်။ ဝက်စာကြိုတာ မဟုတ်တော့ဘူး။ ဝက်ပေါ်နေပြီ။ လိုင်းထဲကလည်း ဟင်းစားရဖို့ ဘိုကင်လာချိတ်ကြတယ်။ ခေါင်းလိုချင်သူ၊ ခြေထောက်လိုချင်သူ၊ နားရွက်နဲ့ လျှာနဲ့ အမျိုးစုံအောင် မှာကြတယ်။ နို့မထွက်တဲ့အမေ ပြုတ်တိုက်ဖို့ ဝက်မြီးတောင်းတဲ့သူ၊ အားကောင်းအောင် ဒခေါက်ကျော တောင်းသူလည်းရှိရဲ့။ ဆရာသိန်းနိုင်ကတော့ အူပိတ်ပဲ သေချာဖမ်းနော်။ လေမခိုစေနဲ့၊ ပြီးရင် ထုံးကြက်တတ်ရေနဲ့စိမ်နော်လို့ သူ့တပည့်ကိုမှာနေတယ်။ ဆာကေနဲ့ မြည်းဖို့ပေါ့။ ကျွန်တော့်အတွက်တော့ ဝက်ပေါင်ခြောက်လုပ်ထားဖို့ အသားကောင်းကောင်း တစ်တွဲပေးတယ်။ ရေမထိဘဲ ဆားနဲ့ယမ်းစိမ်းလိမ်းပြီး အခြောက်လှမ်းထားတယ်။ အိမ်တစ်ခေါက်ပြန်ရင် ယူသွားတယ်။ အိမ်ကလူတွေ သိပ်ကြိုက်ကြတယ်။ ငရုတ်သီးလေးနဲ့ချက်စားတယ်။ ကောင်းပေါ့။ ဆရာဝေက ဝက်ကိုကြည့်တယ်။ လက်နဲ့ထွာလိုက် တစ်မိုက်လက်နှစ်လုံးနဲ့တွက်ရင် ပြေးမလွှတ်ဘူး ကွက်တိပဲ။ သူမှန်းတဲ့အတိုင်း ငါးဆယ်ဆိုငါးဆယ်၊ ခြောက်ဆယ်ဆို ခြောက်ဆယ်ပဲ။ ဝက်ဆီအပါ ငွေဘယ်လောက်ရမယ်။ တကယ် တွက်တတ်ပါပေတယ်။

အင်းစိန်ထောင်ထဲမှာ ဝက်မွေး ငုံးမွေးခဲ့သူတွေလေ၊ ဝက်ဝွေးသင်းတော့မယ်ဆိုရင် ဘူးဘက်လှည့်ပြီး အော်တယ်။ မင်းကို ငါလုပ်ချင်လို့ လုပ်တာမဟုတ်ဘူး ထောင်ပိုင်ကြီးခိုင်းလို့ လုပ်တာ၊ ငါ့ကို ဗွေမယူနဲ့ဆိုပြီး သင်းတဲ့လူတွေလေ။ ရေနွေးအိုးတည်တယ်။ မီးကို ဖိုပြင်းထိုးတယ်။ ရေနွေးဆူတော့ ဝက်ကို ရေနွေးဖျောတယ်။ အမွေးခြစ်တယ်။ အောင်ကြီးရဲ့ ဓားခြစ်သံက အသည်းကို ယားနေတော့တာပါပဲ။ မြနေအောင် သွေးထားတဲ့ တရုတ်ဓားမနဲ့

လည်ကို တစ်ပတ်ရစ်တယ် တစ်ဖက်က တစ်ခါရစ်ရင် ခေါင်းနဲ့ကိုယ် အိုးစားကွဲပြီ လည်ပင်းကနေ အမြီးထိ ဆွဲချလိုက်တယ်။ ရင်နှစ်ခြမ်း ပွင့်သွားပြီ၊ ခြေလက်ဖြတ် နှီးနဲ့တုတ်ပြီး ခေါင်မှာ ထိုးထားတယ်။ ကလီစာတွေ အထွေးလိုက် ထွက်ကျ လာတယ်။ ငှက်ပျောဖက်ပေါ်မှာ သီးခြားထုတ်ထားတယ်။ အူပိတ်ဖမ်းတယ်။ ကျောရိုးဖြတ်ဖို့ လက်နက်ကြီး သုံးရတယ်။ အရိုးဆစ်နဲ့ရဲဒင်းထိသံဟာ ညဥ့်ယံကို ထိုးဖောက်သွားတယ်။ စောနေသေးတယ်ဆိုရင် လေးဖက်ခြမ်းပြီး ဝက်တဲ လက်ခံ တန်းမှာ ချိတ်ထားလိုက်တယ်။ သွေးစစ်ရေစစ်ပေါ့။

ဒီနေ့ဝက်ရောင်း ဘယ်သူလဲဟေ့ မေးလိုက်တယ်။ ဝန်ထမ်းတွေဟာ အပြင် ထွက်ရမယ်ဆိုရင် အလုအယက်ပဲ။ အပြင်သွားရတာ လွတ်လပ်တယ်။ ပေါ့ပါး တယ်။ အရက်ကြိုက်သူ အရက်ရတယ်။ မိန်းမကြိုက်သူ မိန်းမရတယ်။ Talking ကောင်းရင်ကောင်းသလို ငွေစလေးတွေ ပိုရတယ် မဟုတ်လား။ ဝက်သားများ တယ်ဆိုရင်တော့ အမြန်လမ်း စခန်းခွဲတွေ လိုက်ရောင်းပေးကြတယ်။ ဝန်ထမ်း တွေ လကုန်ရက်ဆို ပိုက်ဆံပြတ်ကြတယ်။ ဟင်းစားတော့လိုချင်တယ်။ လကုန် ပေးရောင်းပေးတယ်။ ဦး/ရေး ထောင်မှူးက တာဝန်ခံရတယ်။ နာမည်၊ နံပါတ် မှတ်၊ လက်မှတ်ထိုး လကုန်ရင် လစာကဖြတ်ပေးပေါ့။အဲဒီအခါကျမှ မယူဘူး မငြင်းနဲ့လေ။ တချို့ဆို လုပ်တတ်တယ်။ နာမည်ခံပြီး ဦးအောင်ဝယ်တယ်။ ပိုက်ဆံပေါ်အောင် ဝယ်ဈေးထက် လျှော့ရောင်းတယ်။ ငွေမြင်ရတော့ အိမ်မှာ ဘာလိုလို ဝယ်လို့ရတယ်လေ။ ဝက်လည်ရောင်းဖို့ ထွက်ကြတယ်။ ပိသာ လုံးတွဲ ငါးဆယ်သားတွဲတွေ ခုတ်ပြီး နှီးနဲ့သီတယ်။ ဝါးလုံးကို ထမ်းပိုးလုပ်တယ်။ လူကအလယ်ကနေပြီး ရှေ့နောက် တွဲချိတ်သွားတယ်။ ဝန်ထမ်းနှစ်ယောက်၊ ရဲဘက်တစ်ယောက်နဲ့ ဝက်ရောင်းထွက်ခဲ့တယ်။ အမြန်လမ်းပေါ် တက်တယ်။ ဘယ်ကိုသွားမလဲ။ ဆောက်လုပ်ရေးလား၊ တာဆုံလား၊ ငါးဆူတောင်လား၊ ကြို့ကုန်းလား။ ဒီဘက်ဆို ကျောက်စက်လား၊ မြေနီ ကွင်းလား၊ မြို့ရိုးတောင် လား၊ မင်းကုန်း ဖောင်ကြီးလား။ မြေနီလမ်းပေါ်မှာ ကိုကြီးခင် ဆိုက်ကားက ကောင်မလေးနှစ်ယောက် တင်လာတယ်။ ဧည့်တွေ့လား၊ ညဥ့်ငှက်မလေးတွေ လား။ အပျော်လား။ စီးပွားရေးလားပဲ။

တစ်ခါတလေ အမြန်လမ်းမှာ ယောကျ်ားထံ ဧည့်တွေ့လာရင်း လမ်းစရိတ် ရှာသူတွေလည်း ဖြစ်သွားတတ်တယ်။ ဘယ်မှာပျော်ကြပါသလဲ။ ငါးစခန်းက ကိုကျော်ဦးဆီလား၊ မြေနီကွင်းက ကိုခင်မောင်ဖြူဆီလား။ သူတို့ဆီမှာ ကောင်

မလေးတွေ ပိုပျော်ကြတယ်။ ငွေအတွက်ထက် လွတ်လပ်တယ်။ စိတ်ချမ်းသာလို့ နေကြတယ်။ ဘားရိုက်တွေမှာ တစ်ပတ် တစ်လတန်သည် နေပြီးမှ ပြန်ကြတယ်။

ဝက်ရောင်းက အကြောင်းပြပေါ့။ ကျွန်တော့်ကိုစွတွေလုပ်ရင်း အရက်သောက်လို့ ရတယ်။ မိုးထိတို့ဆို ပျော်လွန်းလို့ ကွေးနေအောင်ကနေသေးရဲ့။ သူ့နာမည်က မိုးမြင့်ဇော်ပါ။ ဝက်ပေါ်တဲ့အခါ ဝက်မရဲ့ အင်္ဂါကိုဖြတ်၊ တုတ်ထိုးပြီး မီးကင် အရက်ခိုးဝေနေတဲ့မျက်နှာနဲ့ သူ့ကို ညာကျွေးတာခံရလို့ မိုးထိနာမည် တွင်သွားတာ။ ဒီကောင့်အရပ်ကလည်း ငါးပေလောက်ရှိတာ။ ခင်အောင်ကြည်၊ မင်းနိုင်ဦး၊ မိုးထိ၊ ငွေသန်း၊ သိန်းထွေး၊ ဇော်လွင်တို့ဆိုတာ အပြင်များထွက်ရရင် သိပ်ပျော်တာ နှစ်ယောက်မရှိဘူး။ အတော်အံ့ဩလောက်အောင် ခံနိုင်ရည် ပြည့်ဝတဲ့ကောင်တွေပါ။

ကျိုက်စကောကို ဝက်သွားပို့မလား၊ သာယာဝတီမှာ ဝက်သွားယူမလား၊ ဆန်ကွဲ သွားတိုက်မလား လိုက်ပြီးသားပဲ။ ဝက်သွားပို့တယ်ဆိုတာ လွယ်တာ မဟုတ်ဘူး။ ပူတဲ့အချိန်မှာ ကားထွက်လို့ မရဘူး။ နေချိမှ တီအီးကားကို ဝက်တင်ကုန်းမှာ ဖင်ထိုးရတယ်။ ဝက်ခြံအခန်းတံခါးဖွင့်ပြီး မောင်းတင်ရတာပါ။ မမောင်းတတ်ရင် လျှာထွက်သွားမယ်။ လမ်းမှာလည်း အပူရှိန်တက်ပြီး မသေအောင် ရေရှိတဲ့နေရာမှာရပ်ပြီး ရေပုံးနဲ့ပက်ရသေးတယ်။ ခရီးစရိတ် စားစရိတ်က ရတာ မဟုတ်ဘူး။ လမ်းမှာ ခရီးသည်ရှာရ၊ ကုန်ရှာရသေးတယ်။ ရန်ကုန်-ပဲခူး လမ်းတစ်လျှောက်မှာ ညအခါ လသာသာမှာ အစာရှာထွက်ကြတဲ့ မချိုတို့၊ မဖြူတို့လည်း ဆုံရသေးတယ်။ မခင်ချိုဆိုတဲ့ သီချင်း မာမာအေးရဲ့ မေ့ကွက်ကိုရှာ သိပ်ကောင်းပါပေတယ်။ ရင်ထဲက ခံစားချက်တွေအပြည့်၊ ဘယ်လောက်များ ခံစားနေရပါလိမ့် ကိုယ်ချင်းစာမိပါတယ်။ ရှာဖွေစားသောက်ရတာ လွယ်တော့ မလွယ်ဘူး။ တစ်လမ်းလုံး ပင်ပန်းပြီး ပြန်လာ၊ ညကင်းပါသေးတယ်ဆိုလည်း စောင်လေးခြုံလို့ ဘူးထဲဝင်သွားတဲ့ကောင်တွေလေ။ ပိုက်ဆံရဖို့ထက် လွတ်လပ်စွာ ပျော်တတ်သူတွေနဲ့ အလုပ်လုပ်ရတာ ပျော်တောင်ပျော်မိပါသေးရဲ့။ အရက်လေးကထွေထွေ၊ ညစာက စားဖို့မကျန်၊ စိတ်များ ညစ်ခဲ့ရင်တော့ လေးခွနဲ့ ရဲဘက်အိပ်ဆောင်ထရံကို ဘုန်းခနဲ မြည်အောင်ပစ်တယ်။ ပါးစပ်က ကလော် တုတ်ပြီး ချမ်းချမ်းအေးအေးမှာ ဆေးပေါ့လိပ် ရဲခနဲ ရဲခနဲ ဖွာရတာလည်း အရသာတစ်မျိုးပါ။

◆ ◆ ◆

## ပျော်တာပေါ့အမေရယ်

ဖိုကြီးမှာအိပ်တဲ့ တာဝန်မှူးက ည ၉ နာရီ မောင်းခေါက်တော့ လိုင်းဒေါင်းလုပ်နိုင်းတယ်။ ဘူးက ခရာမှုတ်သံကြားရတယ်။ အပြင်ပတ်ကင်းတွေ ထွက်ကြပြီ။ အိပ်ဆောင် ရှေ့ကင်း၊ နောက်ကင်းတွေ ဆူးကြိုး နှစ်ထပ်ကြားမှာ ဝန်ထမ်းကင်းတို့ အသီးသီးနေရာယူပြီးကြပြီ။ ဘူးတံခါးထဲမှာ တာဝန်ကြပ်နဲ့ တာဝန်ကျတပ်သား အိပ်ပါတယ်။ အလှည့်ကျကင်းတွေ ထစစ်ကြတယ်။ မနက် ၂ နာရီဆို ညမီးထုတ်ရဦးမယ်။ သူတို့ကို အပြင်ပတ်ကင်းအိပ်တဲ့နေရာမှာ အိပ်နိုင်းထားတယ်။ အိပ်ဆောင်သော့တွေကိုတော့ ည ၈ နာရီအပြီး ပိတ်ပြီး တာဝန်မှူး သိမ်းလိုက်ပါတယ်။ တာဝန်မှူးက ဖိုကြီးမှာ အိပ်ပါတယ်။ ည ၁၀ နာရီမှာ မီးစက်မီး တဒုတ်ဒုတ်အသံဟာ တိတ်သွားတယ်။ ဒီဇယ်မီးခွက်လေးတွေ ထွန်းကြရတယ်။ ဘိုင်အိုကက်စ်လုပ်တာလည်း မီးထွန်းဖို့တော့ ရပါရဲ့။ မီးစာဖိုးမတတ်နိုင်လို့ သိပ်မထွန်းဖြစ်ဘူး။

လဟာ သာနေတယ်။ ဖိုကြီးကနေ ဖွင့်နေတဲ့အနီရောင် ပင်နာဆိုနစ် ကက်ဆက်လေးက ထွက်ပေါ်လာတဲ့ စိုင်းထီးဆိုင်ရဲ့ သီချင်းသံဟာ ရင်ထဲ လှိုက်ခနဲလှိုက်ခနဲနေအောင် ဟပ်ထိလှပါတယ်။ ဒီတစ်ညမှာ မြင်ရခဲ့တဲ့ မောင့်လပြည့်ဝန်း၊ သာလွန်းတယ် အရင်ညက မောင့်လပြည့်ဝန်း ဆိုပါလား။ ဆူးကြိုးအတွင်းက ရဲဘက်အများစုက မူးယစ်နဲ့ကျတဲ့ ဘိန်းစားတွေ များပါတယ်။ သူတို့က ထီးဆိုင်သီချင်းတွေ တအားကြိုက်ကြတယ်။ စောင်ခြုံကွေးရင်း သီချင်းလေးတွေ လိုက်ညည်းနေကြတယ်။ သခင်ဆီအပြေးပြန်လာမည်ကြားရတော့ ဘယ်နေ့ ဧည့်တွေ့တွေလာမလဲမျှော်ရင်း အိပ်ကြရတယ်။ အဆောင်ကင်းတွေရဲ့ တောက် တောက်ခေါက်သံကို အစီအရီကြားနေရတယ်။ သစ်သားကိုထွင်းပြီး

ဝါးဆစ်ပိတ် တုတ်လေးနဲ့ နရီကျကျ ခေါက်သံဟာအခုတော့ နားဝင်ချိုစပြုနေပါပြီ ဒီအသံလေး နားထောင်ရင်း အိပ်တတ်နေပြီး ဒီအသံတိတ်သွားတဲ့အချိန်မှာ ရုတ်တရက် လန့်နိုးတတ်နေပါပြီ။ အမေလှထု ဒေါ်အမာပြောသလို သတင်းစာပုံနှိပ်စက် တဂျုန်းဂျုန်းမြည်သံကြားမှ အိပ်ပျော်ပါသတဲ့။ စက်ပျက်လို့ အသံပျောက်တာနဲ့ လန့်နိုးပါတယ်တဲ့။ ကျွန်တော်လည်း ဒီအတိုင်းပါ။ တောက်တောက်ခေါက်သံ၊ ခြေကျဉ်းသံတချွင်ချွင် အားလုံးကောင်းသတင်းပို့သံ နားထောင်ပြီး အိပ်တတ်နေပါပြီ။ တယ်သာယာတဲ့ ဂီတသံတစ်မျိုးပါလား။

ဆူးကြိုး နောက်ကျောကပတ်ပြီး ဝက်ဆောင်ဖက် ကင်းစစ်လာခဲ့ပါတယ်။ မွေးဆောင်မှာ ဝက်မွေးနေတာတွေ့ပါတယ်။ မောင်သိန်းရေ ဘယ်နှစ်ကောင်ကျပြီလဲကွမေးတော့ သုံးကောင်ကျပါပြီ ဆရာတဲ့။ မွေးဆောင်မှာ ညအိပ်အဆောင့်ထားနိုင်ဖို့ ဝက်ဆောင်နေရာတိုင်းမှာ အလုပ်လုပ်ဖူးရပါမယ်။ လူသစ်ကို တာဝန်ပေးလို့ မရပါ။ ကုန်ကြမ်းဝက်ဆောင်မှာ လုပ်ဖူးရမယ်။ အလုပ်ကောင်းတယ်ဆိုရင် ဝက်သိုးဆောင်ပို့တယ်။ သားခွဲဆောင်ပို့တယ်။ စိတ်ရှည်တဲ့သူ အပင်ပန်းခံနိုင်တဲ့သူမှ မျိုးဝက်မဆောင် ကိုင်ခိုင်းတာပါ။ ကိုင်တာတွယ်တာ ကြမ်းတမ်းရင်သူ့ကြောင့် သားပျက်ကျသွားနိုင်တယ် မဟုတ်လား။ ဝက်ကိုင်တတ်တဲ့သူတွေဟာ တဖြည်းဖြည်းနဲ့ သိမ့်မွေ့လာတယ်။ ယဉ်ကျေးလာတယ်။ ဝက်ငယ်တွေကိုသားသမီးလို ချစ်တတ်လာကြတယ်။ အဲဒီအထဲကမှ လက်တံရှည်တဲ့သူ၊ အရိုးအဆစ်မကြီးဘဲ ပြေပြစ်သူတွေကို ဝက်မီးဖွားဖို့ ရွေးထားရတာပေါ့။ လိုအပ်ရင်အင်္ဂါထဲကိုနှိုက်လို့ မွေးထုတ်ပေးဖို့ လိုအပ်တယ်။ ဓီးဆောင်တွေကို လနုအရင့်အလိုက် အပေါ်တက်ပေးရတယ်။ ဝက်ရဲ့ ကိုယ်ဝန်ဆောင်ကာလက သုံးလ၊ သုံးပတ်၊ သုံးရက်ပါ။ သားတင်ပြီး မြိုင်ပြန်မပေါ်ရင် မျိုးအောင်ပြီပေါ့။

ဓီးဆောင် ပြောင်းပေးတယ်။ နောက်လလည်း ထပ်တိုးပြောင်းပေးတော့ သားဖွားဆောင်နားကို ကပ်လာတာပေါ့။ နောက်ဆုံး မွေးဖို့တစ်ပတ်အလိုမှာ ဓီးဝက်မကို ပိုးသတ်ဆေးဖြန်း ရေချိုးပေးတယ်။ သန့်ချဆေးတိုက်တယ်။မေးခိုင်ကာကွယ်ဆေးထိုးပေးတယ်။ သိပ်လမ်းမလျှောက်စေဘဲ ဖြည်းဖြည်းချင်းချော့ပြီး မွေးဖွားဆောင်ကို ပို့ပါတယ်။ မွေးဆောင်ကို သန့်ရှင်းအောင်ထားတယ်။ လူဝင်လူထွက် နည်းအောင်ထိန်းတယ်။ ပိုးသတ်ဆေး၊ ထုံးတွေပိုသုံးပေးတယ်။ အလင်းရောင်ရအောင် လုပ်ပေးတယ်။ ဝက်ငယ်ထည့်တဲ့ ပုံးတွေ၊ ကောက်ရိုးတွေ

သန့်ရှင်းပြီး နေရောင်ခြည်ပြပြီးမှ အသုံးပြုစေပါတယ်။ ဝက်ငယ်မွေးတဲ့အခါ အသုံးပြုဖို့ ပုံစံပုဆိုးအဟောင်းတွေကို ရေနွေးနဲ့ပြုတ်ပြီးမှ သုံးစေပါတယ်။ မွေးဆောင်မသန့်ရင် ဝက်ငယ်လေးချီးပန်းတဲ့ရောဂါ (ပစ်လက်စကား) ဟာ အတော်ကြောက်စရာကောင်းလှတယ်။ ဝက်ငယ်ကြီးထွားဖို့ကို အများကြီး ထိခိုက်စေပါတယ်။

တစ်ဖက်အခန်းထဲမှာ မောင်ထွေးတစ်ယောက် ဝက်ငယ်လေးတွေကို နို့ချ တိုက်နေတယ်။ ဝက်ငယ်တွေကို ဖိမိမှာစိုးလို့ မိခင်ဝက်မကြီးနဲ့အတူ ထားမသိပ် ပါ။ သစ်သားပုံးတွေမှာ ကောက်ရိုးခင်း အနွေးပေးပြီးထားပါတယ်။ ဝက်မနို့ချတဲ့ အချိန်မှာ လူကစောင့်ပြီး နို့တိုက်ရပါတယ်။ ဝက်မကြီးရဲ့ နို့ချပေးတဲ့အသံ၊ မောင်ထွေးရဲ့ ယို့…ယို့နဲ့ နို့ချပေးဖို့ လှုံ့ဆော်တဲ့အသံ၊ ဝက်မကြီးရဲ့ ဗိုက်ကလေး ပွတ်ပေး၊ နို့သီးလေးပွတ်ပေးနဲ့ နို့တိုက်နေတဲ့မြင်ကွင်းဟာ မီးမှိန်မှိန်အောက်မှာ ကြည့်လို့ နားထောင်လို့ကောင်းတဲ့ ဂီတသံတစ်ခုပါ။

မွေးဆောင် ညအိပ်တွေအတွက် ညလယ်စာကို ပိုထုတ်ပေးထားရတယ်။ သူတို့ချက်ပြုတ်စားနိုင်ဖို့ ဆန်၊ ဆီ၊ သားငါး ပိုထုတ်ပေးထားရပါတယ်။ကော်ဖီ မစ်ထုပ်တို့၊ ထန်းလျက်ခဲတို့လည်း ပေးထားရပါတယ်။ ညအိပ်ဆိုပေမယ့် မအိပ် ရဘဲအလုပ်လုပ်ရတော့ ညဗိုက်ဆာပြီး ညစာစားတတ်ကြပါတယ်။ မွေးဝက်မရှိတဲ့ ညဆို အခြားအဆောင်တွေမှာ ကြွက်ဘိထောင်တယ်။ ကြွက်ညှပ်ထောင်ကြတယ်။ ကန်ထဲမှာ ပိုက်ထောင်တယ်။ ငါးရှဥ့်မြုံး ထောင်တတ်ကြပါတယ်။ မနက် ထောင်ဖွင့်လို့ လူပေါင်းမကိုက်ရင် တန်းစီမလာရင် နားလည်မှုပေးရပါတယ်။ သားဖွားဆောင် တာဝန်ထမ်းနိုင်တဲ့ရဲဘက်ဟာ အတော်စိတ်ချရပြီး လုပ်ရည် ကိုင်ရည်ကျွမ်းကျင်နေပါပြီ။ မွေးဆောင်ပြီးမှ ဆေးအဖွဲ့မှာ၊ ရုံးအဖွဲ့မှာ တာဝန် ဆက်ပေးပါတယ်။ ထောင်မှူးရဲ့တပည့် ထမင်းချက်၊ အဝတ်လျှော်၊ တောက်တို မယ်ရလုပ်တဲ့သူဟာ လွတ်ခါနီးပြီး လုပ်ပိုင်ခွင့်ပိုရတဲ့သူတွေအဆင့် ရောက်လို့လာ ပါတယ်။ ဆေးအဖွဲ့မှာနေရင် သားတင်သားစပ် အလုပ်လုပ်ရသလို သားခွဲ ဝက်ငယ်တွေကို ဝက်နံပါတ်ထိုးတဲ့လုပ်ငန်းကိုလည်း လုပ်ရပါတယ်။ နည်းပညာ မြင့်တဲ့ (Ear marking) အီးယားမတ်ကင်းတော့ မလုပ်နိုင်ပါ။ ဝက်ကိုချုပ်၊ ဝက်နားရွက်နှစ်ဖက်မှာ ဝက်နံပါတ်ကို စုတ်နဲ့ထိုးကြရပါတယ်။ စုတ်ဆိုတာ ရုံးသုံးပင်အပ် လေးငါးချောင်းစုချည်ပြီး တံမြက်စည်းတံမှာတပ်၊ ခတ်ခဲခြောက်

အူတိုင်က ကာဗွန်ချောင်းကိုထောင်း၊ တရုတ်စကားပင်ကထွက်တဲ့ အစေးကိုယူပြီး စုတ်ထိုးကြတာပါ။ စုတ်ထိုးရင် ဝက်အော်သံ ဆူလို့ညံလို့ပေါ့။ အဲဒီကနေတစ်ဆင့် ဘာလုပ်ကြသလဲဆိုရင် အချင်းချင်းတက်တူးထိုးကြတာပေါ့။ တက်တူးပညာရှင်တွေ အများကြီးပါ။ ပုံတွေလှသလို ဆေးတွေကလည်း ပိုစိုပြီး တောက်ပလာပါတယ်။ သူတို့ပြောတဲ့ အရေပြားအနုပညာဆိုတာလည်း တယ်စွဲတတ်ပါလား။ နာကျင်ပြီး လှပစွာပေါ်လာတဲ့ အရုပ်ကလေးကိုကြည့်ရတာ မိန်းမတွေ ကလေးမွေးတဲ့ အရသာမျိုးဆိုပါလား၊ အမျိုးသမီးတွေ သားဖွားပြီးရင်း သားဖွားချင်သလို တက်တူး ထိုးတဲ့သူတွေကလည်း ထိုးပြီးရင်း ထိုးချင်နေတတ်ကြပါတယ်။

ဝက်ဆေးအဖွဲ့မှာနေရင်း မွေးဝက်ငယ်လေးတွေကို သုံးရက်အတွင်း သံဓာတ်အားဆေးထိုးပေးရပါတယ်။ ကြီးထွားမှုကောင်းဖို့နဲ့ သွေးအားနည်းရောဂါ မဖြစ်အောင် ကာကွယ်ပေးပါတယ်။ နို့ကောင်းစွာ စို့နိုင်အောင် ဂရုစိုက်ရတယ်။ လေးဆယ့်ငါးရက်နဲ့ သားခွဲနိုင်အောင် ကြိုးစားရတယ်။ သားခွဲချိန်ရောက်တာနဲ့ ကာကွယ်ဆေးထိုးတယ်။ အမြီးဖြတ်တယ်။ ဝက်သိုးအဖြစ်မသုံးမဲ့ သားခွဲဝက်ငယ်ကို သင်းကွပ်ပေးရပါတယ်။ သင်းကွပ်ဖို့ ရဲဘက်နှစ်ယောက် အကူခေါ်ရတယ်။ ဝက်ငယ်ပက်လက်လှန် ရဲဘက်ကပေါင်ခွပြီး ဝက်ခြေကို ညှပ်ကိုင်ထား၊ နောက်တစ်ယောက်ကလည်း ဝက်ကိုကျော် ပေါင်ခွ ဝက်လက်ကို ညှပ်ပြီး ကိုင်ထားရတယ်။ ဝက်က ပက်လက်အနေအထားနဲ့ ဖင်ပိုင်းကို ရှင်းရှင်းမြင်ရပါတယ်။ ဝက်ငယ်က ကြောက်လို့ ချီးတပျစ်ပျစ်ပါချတယ်။ ကပ်ပယ်အိတ်ကို ရေနဲ့သေချာဆေးပါတယ်။ အရက်ပျံနဲ့ထပ်သုတ်ပါတယ်။ ဘယ်လက်နဲ့ ဝှေးစေ့တစ်လုံးကို အမိအရညှစ်ကိုင်တယ်။ အရေပြားပေါ်မှာ သွေးကြောလေးတွေ ပြေးလို့ပါ။ သွေးထွက်နည်းအောင် သွေးကြောလွတ်တဲ့နေရာကို ရှာရတယ်။ ဘယ်လက်နဲ့ ဝှေးစေ့ကိုညှစ်ကိုပြီး ညာလက်က စကယ်ဘယ်ဘရိတ်နဲ့ တစ်ချက်ဆွဲလိုက်တယ်။ ကျွမ်းကျင်ပြီးသားမို့ တစ်ချက်ပဲ ခွဲကြောင်းက မကြီးလည်းမကြီး၊ မသေးလည်းမသေး အနေတော်ပဲ။ ဓားချက်နဲ့အတူ ဘယ်လက်က ညှစ်ထုတ်လိုက်တာ ဝက်ငယ်ရဲ့ဝှေးစေ့ထွက်လာတယ်။ သွေးကြောတွေ အာရုံကြောတွေ တန်းလန်းနဲ့ပေါ့။ ဝှေးစေ့ခေါင်းနဲ့ကပ်ရက် သွေးကြောခွာပြီး ဖဲ့ထုတ်လိုက်တယ်။ နှစ်ပင်သုံးပင် လိမ်ချည်ပါတယ်။ ကမ်းပေးလာတဲ့ ဖောဆက်နဲ့ ကလစ်ဆို နှစ်ချက်ညှပ်လိုက်ပါတယ် သွေးတိတ်အောင်ပေါ့၊ စကယ်ပယ်နဲ့

ဇေးဥကိုဖြတ်လိုက်ပြီး တပည့်ကျော်ရဲ့ ပန်းကန်ပြားလေးထဲမှာ ထည့်ပေးလိုက်တယ်။ အရေပြားခွဲကြောင်းထဲကို ပင်နယ်စလင်အမှုန့် လက်ညှိုးနဲ့တို့ပြီး ထည့်ပေးတယ်။ ဖိုက်တင်းဘောကို ကြော်စား၊ ချက်စား၊ ဆာကေနဲ့ အိုပီလစ်ပိုနဲ့ မြည်း သွေးအားကောင်းပါ့။ အကောင်နှစ်ဆယ်လောက်လုပ်ရင် ဟင်းစားက အိုကေပဲ။

နောက်တစ်ဖက်လည်း ဒီအတိုင်းလုပ်ပေးလိုက်တယ်။ ဝက်ငယ်ရဲ့ အော်သံကတော့ ဘဝင်တောင်ညံသေးရဲ့ သွေးပျက်ဖွယ်ပါ။ ဆရာဝေ အော်ခဲ့တဲ့အတိုင်း ကျွန်တော် လုပ်တာမဟုတ်ပါဖူးခင်ဗျ။ ထောင်ပိုင်ကြီးခိုင်းလို့ လုပ်တာပါလို့ အော်ကြပါသေးတယ်။ ဝက်ဆေးအဖွဲ့မှာနေရင် ဆေးတွေဝါးတွေ ကိုင်သုံးကြရတယ်။ ပဋိဇီဝဆေးတွေ ကိုင်သုံးကြရပါတယ်။ ပင်နယ်စလင်၊ စရက်တိုမိုင်စင်၊ အောက်စီတို့၊ ကလိုရမ်တို့ သုံးကြရပါတယ်။ သူတို့လက်ထဲမှာရှိတော့ ထိခိုက်အနာဖြစ်တဲ့အခါ သုံးတတ်ကြတယ်။ ဒါထက် ဘယ်နေရာမှာ သုံးကြလဲဆိုတော့ ဂေါ်လီထည့်တဲ့အခါ မယောင်အောင် အနာကျက်မြန်အောင် သုံးတတ်ကြပါတယ်။

ဖန်ပုလင်းကွဲတွေကို လုံးချောမွတ်နေအောင် စိတ်ရှည်လက်ရှည် သွေးပြီး ရှူအိတ်ကလေးတွေထဲမှာ ထည့်သိမ်းပြီး ဝက်ဆောင်မှာ ဝှက်ထား တတ်ပါတယ်။ နေ့လယ်လူရှင်းတဲ့အချိန် ဝက်ဆောင်အခန်းလွတ်တွေမှာ ဆေးလိပ် ဘယ်နှစ်လိပ်၊ ကော်ဖီမစ်ဘယ်နှစ်ထုပ်နဲ့ သွင်းကြတာပဲ။ အရေပြားကို တင်းအောင်ဆွဲ သွေးကြောလွတ်တဲ့နေရာမှာ ဟိုဘက်ဒီဘက်ပေါက်အောင် ဆတ်ခနဲ စတီးဇွန်းဓား ထိပ်လေးနဲ့ရဲရဲ ဖောက်ခနဲမြည်အောင်ထိုးရတယ်။ အဲပေါက်ထဲကို ဖန်စေ့ ဂေါ်လီ လေးသွင်းပေးတယ်။ ပင်နယ်စလင် သိပ်ပေးလိုက်တယ်။ ဘယ်လိုပဲ မသိအောင် လုပ်လုပ် နောက်နှစ်ရက်၊ သုံးရက်မှာ ဖုံးလို့မရအောင် ပေါ်တာပါပဲ။ ဘယ်လိုမှ ရေပုံးမဆွဲနိုင်ဘူး။ ဝက်စာခွက်တွေ မ,မနိုင်အောင် ကွနေတော့တာပဲ။ ခေါ်စစ် လိုက်ရင် ပေါ်တာပါပဲ။ ပုံစံအမျိုးမျိုးသွင်းကြတယ်။ နဂါးပတ်လား၊ ထရိုင်လား၊ ပင်တာလား၊ ခရုပတ်၊ စက်ဝိုင်း ကြိုက်သလို ထည့်ကြတယ်။ တချို့အလကား ရတိုင်းထည့်တာ အလုံးသုံးဆယ်ကျော်ပါလား။ တစ်ခါဆက်ဆံ ဆယ်ခါလန် ဆိုတာလားမေးတော့ အန်ဖစ်အတော်ပဲ တွေ့တိုင်း မေးနေတယ်လို့ ပြောပါလား။

တစ်ခါက ဖန်ဂေါ်လီအိတ်ကလေးကို ဝက်ဆောင် ထရံကြားမှာ ဝှက်ထား တာ ဝက်ကအစာမှတ်ပြီး ဆွဲစားတဲ့အခါ မျက်လုံးပြူးမျက်ဆန်ပြူးနဲ့ ပြဿနာ

တက်ကြပါလေရော။ ရန်ဖြစ်လို့ ခြေကျဉ်း ဆယ့်ငါးရက် ထည့်ထားရပါတယ်။ လူသစ်ရောက်လာရင် ချုတ်ကြ၊ ခွာကြတာလည်းရှိပါတယ်။ ရောက်တုန်းက ပုံစံပုဆိုး၊ အင်္ကျီအသစ်၊ ဖိနပ်အသစ်နဲ့ သပ်ရပ်သန့်ရှင်းနေတာပါ။ နောက်နေ့ အဆောင်ထဲကထွက်လာတော့ အင်္ကျီ၊ လုံချည်တစ်ပတ်နွမ်းနဲ့ အိပ်ဆောင်ထဲက စီနီယာတွေရစ်လိုက်တာ ကြောက်ပြီး ရှိတာချွတ်ပေးရတာပေါ့။ အိမ်က လိုက်မလာနိုင်သေးဘူးလေ။ မရှိရှိတာ ချွတ်ပေးကြရပါတယ်။ ကြီးနိုင်ငယ်ညှဥ်းပါ။ စခန်းမှာ အနေကြာတော့ လုပ်စားကိုင်စားတတ်လာပြီး ဆိုင်က ဝယ်စားတဲ့ အကျင့်နည်းလာပါတယ်။ ကိုယ်တိုင် လုပ်ကိုင်ရှာဖွေ စားတတ်လာပါတယ်။ ဝက်ဆိုက်ရောက်ရင် ဂျပန်ခုံဖိနပ်လေးတွေ လုပ်စီးတတ်ပါတယ်။ တစ်လက်မ လောက် ခုံမြင့်ရှိတဲ့ခုံဖိနပ်တစ်မျိုးပါ။ သစ်သားပြားကို ဖိနပ်ဆိုက်လောက်ဖြတ်ရပါတယ်။ အလယ်ကိုထွင်းပြီး ရှေ့နောက် ခုံမြင့်ဖြစ်အောင် လုပ်ရပါတယ်။ သံချွန်ကို မီးအပူပေးပြီး အပေါက်ဖောက်ရတယ်။ ဈေးကားနဲ့ ဖိနပ်သည်းကြိုး မှာပါတယ်။ ဖိနပ်အတွက် အဲဒီသည်းကြိုးဖိုးပဲ ကုန်ကျပါတယ်။ စီးရတာအဆင် ပြေပြီး ကုန်ကျစရိတ်သက်သာလို့ ရဲဘက်အတော်များများ စီးကြပါတယ်။

ဂျပန်ရုပ်ရှင်ထဲမှာ မင်းသားမင်းသမီးတွေ စီးတတ်ကြပြီး ကြည့်လို့လည်း လှပါတယ်။ မနက်ဆိုထောင်ဖွင့်တယ်။ သက်သာဆိုင်မှာ လက်ဖက်ရည်သောက်၊ မုန့်ဟင်းခါး စသည်ဖြင့် မနက်စာ စားပါတယ်။ ရဲဘက်တွေ အလုပ်ဆင်းတာ ဘာထူးခြားလဲ တစ်ယောက်ချင်း ကြည့်ရတယ်။ သတင်းပုလင်း နားထောင်ရ တယ်။ ညက ဝန်ထမ်းလိုင်းခန်းမှာ၊ လူပျိုဘားရိုက်မှာ ဘာဖြစ်လဲ၊ ဘာသတင်း ထူးသလဲ နားထောင်ရပါတယ်။ သတင်းရမှ ထိန်းလို့၊ သိမ်းလို့၊ အုပ်ချုပ်လို့ ရမှာမဟုတ်ပါလား။ တာဝန်ယူထားတဲ့လုပ်ငန်းတွေ အောင်မြင်အောင် လုပ်နိုင်ဖို့ ဘယ်နေရာမှာ အားနည်းနေသလဲဆိုတာကို နားထောင်ရပါတယ်။ နံရံတိုင်းမှာ နားရှိအောင် တပ်ထားရပါတယ်။ ဝက်ဆိုက်မှာ အနေကြာလာသည်နှင့်အမျှ အလုပ်ကလည်းမအား၊ တပည့်တပန်းတွေလည်း များလာ၊ ဝန်ထမ်းတွေလည်း ဆရာတပည့်လိုထက် ညီအစ်ကိုလို ပေါင်းဖော်လုပ်ကိုင်လာရတော့ လုပ်ငန်းခွင်မှာ အနေပျော်လာပါတယ်။ အလုပ်လုပ်လိုက်၊ စားလိုက်သောက်လိုက်နဲ့ တစ်နှစ် ဆိုတဲ့အချိန်ဟာ ကုန်မှန်းမသိ ကုန်ဆုံးလို့သွားတာပါပဲ။

◆ ◆ ◆

# ထောင်ဆိုတာ ငြိမ်နေရင် ကြောက်ဖို့ကောင်းတယ်

ပတ်ဝန်းကျင်ရဲ့ သတင်းတွေ နားထောင်ရတယ်။ ကိုကျင်ဆိုင်တို့ရဲ့ စခန်းမှာ ဘားရိုက် မီးလောင်လို့တဲ့၊ အဆွဲမြန်လို့ သေတ္တာလေးတစ်လုံးရလိုက်တယ် ဆိုတဲ့သူနဲ့၊ အပြင်ထွက် အလုပ်လုပ်နေတာ ပြန်လာတော့ ပြာပုံပဲတွေ့ရ အမောကို ဆို့သွားတာပဲ ပြောကြတာ ကြားရတယ်။ လုပ်ဖော်ကိုင်ဖက် အချင်းချင်းဆိုတော့ တတ်နိုင်သလောက် ကူကြ၊ ပံ့ပိုးကြပေါ့။ သူများတွေဖြစ်တယ်ကြားရင် သူတို့လို မဖြစ်အောင် ကြိုတင်ကာကွယ်မှုတွေ လုပ်ရပါတယ်။

အမှိုက်သရိုက်တွေ ရှင်းရတယ်။ မီးတားလမ်းတွေ၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးတွေ လုပ်ရပါတယ်။ ဟင်းချက်စားတာတွေ အိပ်ဆောင်ထဲ ဝက်ဆောင်ထဲ မီးခွက် အသုံးပြုတာကအစ ၎လမ်းလျှောက်ရင်း ဆေးလိပ်မသောက်ဖို့၊ လိုင်းခန်းတွေမှာ အချိန်နဲ့ ထမင်းချက်ကြဖို့ ရှာဆော်တွေနဲ့ သတိပေးရတယ်။ လိုင်းခန်းတွေ၊ မီးဖိုချောင်တွေ လိုက်စစ်ရတယ်။ ရေကန်တွေ၊ တိုင်ကီတွေ ရေအပြည့်ရှိနေအောင် သတိပေးနေရတယ်။ အလုပ်လုပ်ရတော့ မနားရဘူး၊ ဇိမ်မကျဘူးပေါ့။ ညစစ်ရ၊ ဆေးရနဲ့ အိပ်ရေးပျက်ပါတယ်။

ဟိုဘက်စခန်းမှာ ဝန်ထမ်းကို ရဲဘက်က ဓားနဲ့ထိုးပြီးပြေးပြန်သတဲ့။ ဝန်ထမ်းနဲ့ရဲဘက် စည်းမထားကြတော့ဘူး။ အရောဝင်လွန်းတယ်။ ရဲဘက်ရဲ့ အပြောအဆိုမှာ သာယာတယ်။ အပေးအပြုမှာ မက်မောတယ်။ ဖင်ပုတ် ခေါင်းပုတ်နေတယ်။ အဆိုးဆုံးက ဝန်ထမ်းက ရဲဘက်နဲ့ အရက်အတူသောက်တယ်။ အရည်ဝင်တော့ အသိတွေလွှတ်လာတယ်။ အပြောအဆိုတွေ မှားလာတယ်။ စိတ်ဒေါသ

တွေ မထိန်းနိုင်တော့ဘူး။ အပြောတစ်ခု၊ အလုပ်တစ်ခု အမှားမှာ ဘေးနားမှာရှိတဲ့ သံပုရာသီးလိုးတဲ့ဓားဟာ ဝန်ထမ်းရဲ့ ဗိုက်ထဲဝင်လာပါတယ်။ ထောင်ဆိုတာ ငြိမ်နေရင် ဘာလို့ကြောက်ဖို့ ကောင်းသလဲဆိုရင် အထဲမှာ လှိုက်ပြီး မဟုတ်တာတွေ လုပ်နေကြတယ်။ သူတို့အချင်းချင်း အဆင်ပြေနေတော့ ဘာသံမှ မကြားရဘူး။ ကောင်းကောင်း ခံစားနေကြတာပါ။ နောက်ဆုံး ထိန်းမနိုင် သိမ်းမရဖြစ်တော့မှ ပေါက်ကွဲထွက်လာတာပါ။ မဆိုင်သူတွေပါရောပြီး ပြဿနာနဲ့ ဒုက္ခအစုံကို ခံကြရတာပါ။ ဒါကြောင့် ထောင်ငြိမ်နေရင် ကြောက်ဖို့ကောင်းတာပါ။ မပြတ်နားစွင့်လို့ သတင်းရအောင်ယူပါ။ ကြိုတင်ကာကွယ်မှုတွေ လုပ်ကြပါလို့ ပြောချင်တာပါ။

သူများစခန်းမှာ ဖြစ်သံတွေကြားရင် ထောင်ပိုင်အစည်းအဝေး ခေါ်တော့မယ်။ အားနည်းချက်တွေ ဖာခိုင်းထေးခိုင်းဦးမယ်။ ဘယ်သူ ဘယ်တာဝန်ယူ၊ ဘယ်ဟာတွေလုပ်ထား၊ ဘာတွေစစ်ဦး ခိုင်းပါလိမ့်။ ခေါင်းဆောင်ရဲ့ စီမံခန့်ခွဲမှုပညာတွေကိုလိုက်နာရင်း သင်ကြားရပါတယ်။ လှေလှော်အင်းက သာယာတယ်။ နေချင့်စဖွယ်ကောင်းတယ်။ အစားအသောက် လွယ်တယ်။ အမြည်းရှာရ မခက်ဘူး။ အိမ်သာတော့ညှော်လာတယ်။ တစ်ပတ်စဉ်ထဲ သူငယ်ချင်းတွေ ၂၂ ယောက်တောင် အမြန်လမ်းမှာတာဝန်ကျတော့ ဆုံဆည်းရာ နေရာဖြစ်လာတယ်။ သူငယ်ချင်းတွေနဲ့တွေ့တော့ တစ်ယောက်ကို တစ်ယောက်မြင်ရတော့ ပြောရတယ်။ ဟော့ကောင် အရက်တွေ နင်းကန်မသောက်နဲ့၊ ကျုန်းမာရေး ဂရုစိုက်ဦး မှာရတယ်။ ငှက်ဖျားလည်း ဆိုးတယ်။ သိပ်မပေကြနဲ့ မှာရပါတယ်။ ကျောက်စက်က သူငယ်ချင်းနှစ်ယောက်ကတော့ ရှေ့ဆင့် နောက်ဆင့်သွားကြပြီ။ ကိုကြည်ဝင်းကတော့ အသားကို မည်းပြောင်နေတာပဲ။ အင်းစိန်ထောင်က စာရေးကနေ အရာရှိဖြစ်လာတာပါ။ ဘဝက ကြမ်းတယ်။ စားဝတ်နေရေး မပြေလည်တော့ အပြင်အလုပ် လုပ်ရတယ်။ ခင်ဗျား ဘာလုပ်ရတာလဲ မေးတော့ ပြောတယ်။ ပေါက်တော သင်္ချိုင်းကုန်းမှာ တွင်းလိုက်တူးတာတဲ့။

"ဟာဗျာ…ခင်ဗျားဟာကလဲ"

"ဟော့ကောင်ရ၊ တကယ်၊ မြေနေရာက သိပ်မကျန်တော့ အဟောင်းနေရာမှာ ပြန်တူးရ၊ အပုပ်နံ့က ဟောင်နေတာပဲ"တဲ့။

ကျင်းကလည်း ပြီးအောင် တူးရမှာဆိုတော့ အပုပ်နံ့ခံနိုင်အောင် အရက်ကစ်ရတာပေါ့။ မူးမှလည်းတူးနိုင်မှာပေါ့။ ဒါနဲ့ပဲ အရက်စွဲတော့တာပေါ့။ ထောင်ဝန်ထမ်းတိုင်းမှာ ငှက်ဖျားပိုးဟာ ရှိနေတာပဲ။ အရက်သောက်တယ်။ အလုပ်ပင်ပန်းတယ်။ အစားအသောက်ပျက်ရင် ငှက်ဖျားကတက်လာတာပါ။ သင်တန်းတက်တုန်းမှာ ပင်ပင်ပန်းပန်းလုပ်ရတာနဲ့ ကိုကြည်ဝင်း ပန်းဖျားဖျားပြီ၊ ငှက်ဖျားတက်ပြီ။ Out Pass ထွက်တဲ့နေ့ဆို သောက်လာပြီ။ နောက်နေ့ သင်တန်းမောင်းရင် အန့်ပြီ၊ ငှက်ဖျားတက်ပြီ၊ ဆေးခန်းလိုက်တဲ့ ကိုကြည်ဝင်း။ ကျောင်းဆင်းတော့ အမြန်လမ်း ရောက်လာတယ်။ ရေမြေကကြမ်းတယ်။ ငှက်ဖျားကဆိုးတယ်။ အရာရှိဖြစ်လာတော့ အရက်က ပိုပေါလာတယ်။ ပိုသောက်ဖြစ်တယ်။ သူ အရင်ဆုံး အမြန်လမ်းမှာ ခေါင်းချခဲ့ရပါတယ်။ သူငယ်ချင်း စိတ်မကောင်းဘူးကွာ။

မင်းနဲ့အတူပါပဲ ဆွေလင်းလေ။ အရပ်မြင့်မြင့် ဗလကတောင့်တောင့် အားကစား လိုက်စားတဲ့ကောင်ပါ။ ကိုယ့်ကိုယ်ကိုမထိန်းဘူး။ တစ်နေ့ကို တောအရက်လေးလုံးသောက်သတဲ့။ ဘုတ်တွေက ပြန်လာရင် တစ်ဘုတ်တစ်လုံး ဆက်ရသတဲ့။ သောက်တယ်။ မူးတယ်။ ရမ်းတယ်။ ထောင်ပိုင်ကို ကလော်ဆဲတယ်။ ပိုက်ဆံမပေး၊ သူတစ်ယောက်တည်း ဘတ်နေတယ်ဆိုပြီး အော်တယ်၊ ဟစ်တယ်၊ ဆဲတယ်။ အလုပ်လုပ်ရတာအဆင်မပြေ ညစ်လာတာပေါ့။ ညစ်လေ သောက်လေ၊ အစားအသောက် အအိပ်အနေပျက်လေ။ ပဲခူးရိုးမရဲ့ငှက်က နေမှာမဟုတ်ဘူး။ မင်းကို ဒုတိယလူအဖြစ်နဲ့ ခေါ်သွားတယ်။ အမြန်လမ်းမှာ ဝေါနဲ့ရှေ့နောက် ဝါးဆစ်ပိတ်ကိုင် အစောင့်အရှောက်၊ အရက်ပုလင်းကိုင် ကွမ်းတော်ဆက် ဖွာတော်ဆက်နဲ့ သွားလာနေတဲ့ သူငယ်ချင်းကို မြင်ယောင်လာပါတယ်။ သူငယ်ချင်းတွေနဲ့ ဆုံတိုင်း စားကြ၊ သောက်ကြ၊ အတွေ့အကြုံတွေ ဖလှယ်ကြ၊ အမြန်လမ်းမကြီးဟာ ရှေ့က ဖောက်လိုက်၊ နောက်ကအပင်ပြန်ပေါက်ပြီး တောဖြစ်လိုက်နဲ့ ချာလပတ်ကို လည်နေတာပါပဲ။

လှေလှော်အင်းရဲ့ဘေးမှာက ရထားသံလမ်း ရှိပါတယ်။ ကျောက်စက်အထိ လှေလှော်အင်းရထားက ပြေးတယ်။ ရန်ကုန်အထိပေါ့။ ဒေသထွက်ကုန်တွေ တင်ပါတယ်။ မီးသွေး၊ မျှစ်၊ ဝါး၊ ဖလံတောင်မွေးတို့ပေါ့။ ရှာရဖွေကြရပါတယ်။ အဲ့ဒီ ဈေးကွက်အတွက် ကုန်ကြမ်းတွေကို ရဲဘက်တွေ ရှာဖွေပြီး အပိုဝင်ငွေ

ရှာကြပါတယ်။ ရွာထဲက ပက်ကညော ကရင်မလေးတွေကို သွား သွား ကြူ နိုင်သေးတယ်လေ။ ထောင်မှူး အောင်ကျော်ဦးကတော့ အားကျစရာ ကောင်းပါတယ်။ သံလမ်းမှာ ထော်လီလေးနဲ့ သူ့တပည့်တစ်ယောက်က ပြေးတွန်းလိုက်၊ ပြေးခုန်တက်လိုက်နဲ့ သံလမ်းပေါ်မှာ ထော်လီလေး ပြေးနေပါတယ်။ သူကတော့ အမွေးစုတ်ဖွားနဲ့ ခွေးပုလေးကို ပုခုံးထက် ပွေ့ချီရင်း ကျောသပ်လို့ ဓာတ်ရှင်မင်းသားတစ်ယောက်လို ဖောရီးဦးထုပ်လေး ဆောင်းရင်း နေခြည်နုနုလှုံလို့ လေညှင်းခံ ဇိမ်ကျနေပါတယ်။ မနက်တိုင်းမြင်ရတာ သိပ်စိတ်ချမ်းသာပါတယ်။ အခုတော့ သူလည်း လူ့ပြည်မှာ ရှိတော့မည် မထင်ပါ။ အရက်ရဲ့ကျေးကျွန်တွေ ဖြစ်ခဲ့ကြတယ်။

အမြန်လမ်းမှာ ဂဝံထုတ်ရတယ်။ လမ်းဖောက်ရတယ်။ သစ်ပင် ခုတ်ရ၊ တောရှင်းငုတ်ထုတ်လုပ်ရ၊ မြေကြီးသယ်ရ၊ ကပ်ဆွဲရ ပင်ပန်းလှပါတယ်။ စားရသောက်ရတာ ဆင်းရဲလှပါတယ်။ အလုပ်ပြီးဖို့ ကြပ်မတ်ရ၊ တွန်းအားပေးရနဲ့ ရဲဘက်တွေ မခံနိုင်ကြပါ။ ငှက်ဖျားဒဏ်ခံရ၊ ခြေကျဉ်းဒဏ်ခံရ၊ အနာတွေရင်း အဖျားတွေ တက်ကြပါတယ်။ ဆေးဝါးမပြည့်စုံပါ။ ဆေးမှူးကမရှိ။ အသက်တွေ မသေသင့်ဘဲ သေကြရပါတယ်။ မခံနိုင်လို့ ကိုယ့်ကိုကိုယ်သတ်သေကြတယ်။ မခံနိုင်လို့ ထွက်ပြေးကြတယ်။ အစုလိုက်အပြုံလိုက်ပါလား၊ မြေနီလမ်းနီနီမှာ ပုံစံပုဆိုးကိုတိုတိုဝတ်၊ လက်ထဲမှာ လုပ်ငန်းသုံးပေါက်ပြား၊ ပေါက်ချွန်း၊ ဓား၊ သံတူရွင်းတွေ ကိုယ်စီကိုင်လို့ မင်းတို့မိန်းမတွေ မုဆိုးမဖြစ်ချင်ရင် လိုက်ခဲ့ကြဟေ့လို့ စိန်ခေါ်ပြေးကြတယ်။ ဘာလို့ပြေးကြတာလဲ။

အနောက်ကနေ ရိုင်ဖယ်တွေ ကိုင်ပြီး လိုက်ကြတယ်။ ပုန်းနေမယ်ထင်တဲ့ တောကို မီးတိုက်ပစ်တယ်။ သကောင့်သားက ပြေးမလွတ်မှန်း သိတယ်။ မထွက်ဘူး။ ပျော့တဲ့သဲမြေမှာ ကျင်းတူးလို့ နှာခေါင်းဖော်ပြီး အိပ်နေတယ်။ တောသာ မီးတိုက်လို့ ပြောင်သွားပါတယ်။ ရဲဘက်ပြေးကိုမမြင်ရပါ။ မီးလောင်ပြင်မှာ လိုက်ရှာရင်း သူ့ကိုတက်နင်းမှပဲ အော်လို့ဖမ်းမိတော့တယ်။

ငါးစခန်းဆေးရုံမှာ ထောင်မှူး သိန်းလွင် ဆေးရုံတက်နေတယ်ဆိုလို့ သွားကြည့်မိတယ်။ ဆေးရုံလို့ပြောလို့သာ ယုံရတယ်။ ဝါးကြမ်းခင်း ထရံကာ တဲတစ်လုံးပါ။ပွဲကြည့်တဲ့ ကျူဖျာလေးပေါ်မှာ ပုဆိုးလေးခြုံပြီးကွေးနေတဲ့ သိန်းလွင် ငှက်ဖျားတွေတက်လို့ တခိုက်ခိုက်တုန်နေပါလား။ ဟော့…ဘယ်သူရှိလဲ

လာပါဦးဟ၊ ဘယ်သူမှလည်း ခေါ်မကြားကြပါလား။ ဆေးကုပေးမယ့် ဆေးမှူးလည်း မရှိ။ ဖဲဝိုင်းကောင်းနေပါလား။ မနည်းလိုက်ခေါ်ပြီး ဆေးထိုးပေးရတယ်။ ဆက်မနေနဲ့တော့ ရန်ကုန် အမြန်ပြန်၊ ဆေးရုံတက်ကုပါ။ မင်းပါ အမြန်လမ်းမှာ ကျန်ခဲ့နေဦးမယ် ပြောရပါတယ်။ ထောင်မှူး ဌေးအောင်လည်း ဒီအတိုင်းပဲ အလုပ် မာနက တအားကြီးတယ်။ ငါ့ကိုခိုင်းတဲ့ တာဝန်ကို ငါကျေပွန်အောင် လုပ်မယ်တဲ့။ ငါကြိုးစားလုပ်နေတာ လူကြီးတွေ သိတယ်တဲ့ လူကြည့်တော့ တစ်ကိုယ်လုံးက ဝါထိန်နေပြီ အရက်သောက်တဲ့ဒဏ်၊ ငှက်ဖျားရဲ့ဒဏ် နယ်မြေကြမ်းပြီး အစားအသောက်ရှားနေတဲ့ ရေနက်ကြီးမှာခံနေတယ်။

ဟော့ကောင် မင်းရူးနေလား မင်းလုပ်တာ လူကြီးတွေက ဘယ်အချိန်မှ သိမှာလဲ။ အဲဒီအချိန်ဆို မင်းလည်း မြေကြီးထဲ ရောက်လောက်ပြီ။ အိမ်ပြန် ဆေးရုံတက်ပါ။ ကောင်းအောင် အမြန်ဆုံးကုကွာ။ ဒီကနေ အမြန်ပြောင်းရအောင် ကြိုးစားဆိုပြီး ပြောရတယ်။ တော်သေးတယ်။ ဒီကောင်တွေ အမြန်လမ်းမှာ မကျန်ကြလို့။ ဩော်…ကိုကြည်ဝင်းနဲ့ ဆွေလင်းတော့ အမြန်လမ်းမှာ ပျော်လို့နေခဲ့ကြပါတယ်။ စိတ်မကောင်းခြင်းများစွာပါ။

ညပတ်ကင်း လိုက်စစ်ပါတယ်။ စခန်းဝင်ဂိတ်မှာ လေ့ကျင့်ရေး(၁)က ပြေးလာတဲ့ တပ်သားသစ်တစ်ယောက် မိတယ်။ ညီလေး မင်းဘာလို့ ထွက်ပြေးတာလဲမေးတော့ ပြောပြပါတယ်။ ခိုင်းတဲ့ဒဏ် မခံနိုင်လို့ပါတဲ့။ မင်း သင်တန်းတက်နေတာ မဟုတ်လားဆိုတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ အဲ့ဒါတွေ သင်ရတာ မဟုတ်ဘူး။ နေ့တိုင်း ဝါးခုတ်နေရတာ၊ တစ်နေ့အလုံး ငါးဆယ်မရရင် မပြန်ရဘူး။ ဝါးလုံးထမ်းရတာလည်း ပုခုံးတွေ ပေါက်ပြဲယောင်ကိုင်းနေပါတယ်။ ဆေးနားလည်း မပေးပါ။ အနားလည်းမရပါ။ ထမင်းလည်းဝအောင် မကျွေးဘူး။ မခံနိုင်လို့ ထွက်ပြေးခဲ့တာပါတဲ့။ အဲ့ဒါ သူ့ကို သနားပြီး ထမင်းကျွေးပါတယ်။ မသိချင်ယောင်ဆောင်ပြီး လွှတ်လိုက်ချင်ပေမယ့် အများကလည်း သိနေတယ်။ ပြဿနာတွေပေါ်လာလို့ တိုင်ဟယ် တောဟယ်နဲ့ဖြစ်လာရင် အမှုပတ်လာမှာမို့ တပ်ထိန်းကို ဖုန်းဆက်ပြီး လာခေါ်ဖို့ စိတ်မကောင်းစွာ ပြောလိုက်ရပါတယ်။

အဲ့ဒီညမှာပဲ ရှမ်းကြီး ထွက်ပြေးပါတယ်။ ဆူးကြိုးထဲကပါ။ မိလ္လာချောင်း အမိုးကိုဖောက်ထွက်ပြီး ဆူးကြိုးကျော်ပြေးပါတယ်။ တရေးနိုး တောက်တောက် ခေါက်သံ ပျောက်နေတယ်။ ဘာယာ သတင်းပို့သံလည်း တိတ်နေလို့ လှမ်းအော်

တယ်။ ချက်ချင်းအဖြေမရဘူး။ ဆူးကြိုးကင်း ဂါတ်ကြီးလို့ ပြလန်အောင်အော်မှ လှုပ်ရှားလို့ အသံပြန်ကြားရတယ်။ ဟော့...လူစစ်ကြစမ်း။ လူစစ်ခိုင်းတော့ တစ်ယောက်လိုနေပြီ။ ချက်ချင်း ထောင်ပိုင်ထံ သတင်းပို့။ လက်နက်တွေထုတ်ပြီး လူဖြန့်လိုက်ကြတယ်။ လမ်းမှာ မြေရာခံလိုက်တယ်။ ငါးရှာတဲ့သူ၊ ဖားရိုက် ထွက်တဲ့သူတွေမေးတယ်။ အချို့အဖွဲ့တွေကလည်း ရဲအယောင်ဆောင်ပြီး သစ်ကားတွေ၊ ဝါးကားတွေကို တားပြီး ဂိတ်ကြေးတောင်းနေကြတယ်။ ငါးဆူတောင် တံတားကျော်တော့ သတင်းရတယ်။ မကြာသေးဘူး။ ဒီကတက်သွားတာတဲ့ ဆိုတော့ နောက်က လိုက်ကြတယ်။

တောင်ပေါ်က ဘုန်းကြီးက ရိပ်မိတယ်။ ရဲဘက်ပြေးဆိုတာ သိတယ်။ အချိန်ဆွဲပြီး ဆက်မသွားနိုင်အောင် စကားပြောနေတယ်။ ရှမ်းကြီးလည်း နယ်မြေ မကျွမ်း၊ လမ်းစရိတ်ကလည်းမရှိ၊ မိုးကမလင်းသေးဆိုတော့ ဟိုလိုလို ဒီလိုလို ဖြစ်နေတယ်။ အဲ့ဒီအချိန်မှာ ကျောင်းကို ဝိုင်းပြီး ဖမ်းလိုက်လို့ ပြန်မိလာပါတယ်။ လက်ထိပ်ခတ် ကြိုးတုပ်ပြီး ပြန်ခေါ်လာခဲ့တယ်။ ရှမ်းကြီးရဲ့ တစ်ကိုယ်လုံး ဆေးမင်ကြောင်တွေ အပြည့်ထိုးထားတယ်။ လက်ဖျံမှာ ကျောမှာ အင်းတွေရော၊ ဘုရားစာတွေရော အစုံရေးထားပါတယ်။ တစ်ကိုယ်လုံး အဆီဆိုတာ တစ်စက်မှ မရှိဘူး။ ကျစ်လျစ်မာကျောနေတာပဲ။ ဆေးမင်ကြောင်တွေကြောင့် အသားက ပြာလဲ့စိမ်းစိုနေတယ်။ အင်္ကျီမပါတော့ ပိုမြင်ရတယ်။ ရှမ်းကြီးက သိုင်းလည်း တတ်ပါတယ်။ တောသူ တောင်သား ဘိန်းမည်းသုံးတာ မူးယစ်နဲ့ကျနေတာပါ။ အိမ်မှာ လုပ်ကျွေးမယ့်သူ မရှိပါ။ အချစ်ဆုံး သမီးငယ်လေး ဆေးရုံတက်နေတယ် ကြားလို့ သားသမီးဇောနဲ့ ထွက်ပြေးတာပါ။ တောသူ တောင်သားတွေ ရိုးသား ကြပါတယ်။ ဆူးကြိုးထဲပြန်ရောက်တော့ မိုးလင်းနေပါပြီ။

လူတွေလည်း ရုန်းရုန်းဖြစ်နေပြီ ညက ရဲဘက်ပြေးကို မိလာတယ်ပြောလို့ လာကြည့်ကြပါတယ်။ အကျဉ်းဦးစီးဝန်ထမ်းတွေမှာ အကျင့်တစ်ခုရှိပါတယ်။ ရဲဘက်ပြေးမိလာရင် ဝိုင်းဆွမ်းကြီး လောင်းတတ်ကြပါတယ်။ မလုပ်ကြနဲ့ အော်ပြောနေရင်းက ဘယ်ကဘယ်ကောင် ထိုးလိုက်လဲမသိ ရှမ်းကြီးရဲ့ မေးဖျား၊ ခေါင်း၊ ကျောကုန်းပေါ်ကို တဘုန်းဘုန်းကျလာပါတော့တယ်။ ထောင်ပိုင်ထံ သတင်းပို့တယ်။ ထောင်ပိုင် ရောက်လာတယ်။ မင်း ဘယ်ကပြေးသလဲ ပြစမ်း တဲ့။ ရှမ်းကြီး လိုက်ပြတယ်။ ဆူးကြိုးရဲ့ အနောက်မြောက်ထောင့်ကနေ ဆူးကြိုးကို

ဒီအတိုင်း ခြေဗလာ လက်ဗလာနဲ့ တက်သွားတာ မြန်လိုက်တာ လွန်ပါရော။ သံဆူးကြိုးက သူ့ကို လုံးဝမဆူးဘူး။ သံကြိုးနှစ်ထပ်ကို တစ်ထပ်ပြီး တစ်ထပ် ဆွဲတက်ဆင်း နောက်တစ်ထပ် ပြန်တက် ဆင်းပြေးတာ စက္ကန့်ခြောက်ဆယ် တစ်မိနစ်ပဲ ကြာပါတယ်။ မယုံနိုင်စရာပါ။ ထပ်တက်ခိုင်းပါတယ်။ ရှမ်းကြီး ဆူးကြိုးနှစ်ထပ်ကို ခြေလက်ဗလာနဲ့ တက်သွားတာ ဆူကြိုးအပြင်ရောက်တဲ့အထိ အားလုံးပေါင်း အချိန်တစ်မိနစ်ပဲ ကြာပါတယ်။ ရဲဘက်ကြီးကင်းကတော့ အချင်းချင်းဆိုတော့ မသိမသာ ငြိမ်နေလိုက်ကြမှာပါ။ ဝန်ထမ်းကင်းကတော့ ပတ်နေတောင် မသိနိုင်ပါ။ အိပ်နေတော့ ပိုဆိုးတာပေါ့။ သံဆူးကြိုးတွေ မစူးနိုင် လောက်အောင် ရှမ်းကြီးရဲ့ လက်ဖဝါး ခြေဖဝါးတွေက အသားမာ တက်နေပါ တယ်။ ထောင်ပိုင်လည်း ဘယ်ခြေထောက်ပြေးတာလဲ ပြစမ်းဆိုပြီးမေးရင်း မေးရင်း ကြိမ်လုံးနဲ့ အချက်ပေါင်းများစွာ ရိုက်ပါတယ်။ ကြိမ်လုံးသာ ကျိုးကြေ သွားတယ်။ ရှမ်းကြီးမှာ ဘာအရာမှ မထင်ပါ။ ဘာဒဏ်ရာမှ မရပါ။ အတော် စွမ်းတဲ့ ရှမ်းကြီးပါ။

သူ့မှာ အဆောင် ဒါမှမဟုတ် ဆေးတစ်ခုခုတော့ ရှိမယ်ထင်မိတယ်။ အေးအေးဆေးဆေးကျမှ စကားပြောရင်း မေးကြည့်ဦးမှလို့ တွေးနေမိပါတယ်။ သူ့ကို ခြောက်ပေါက်ထဲ ခတ်ထားလိုက်လို့ အမိန့်ပေးလို့ ခြောက်ပေါက်ထဲ ထည့်ထားလိုက်ပြီး သော့ခတ်ထားလိုက်ပါတယ်။ ထမင်းမကျွေးနဲ့ ကော်ရည် တိုက်လို့ အမိန့်ရှိပြန်ပါတယ်။ နောက်တာဝန်မှူးကို လွှဲရတယ်။ မှာရတယ်။ ဒီညဟာ ဒိုင်စားတဲ့ညပဲ။ ထောင်မှာ အမြဲတမ်း တစ်ခုမဟုတ်တစ်ခု ပြုလုပ်ပြီး လှုပ်ရှားမှု ပြနေရပါတယ်။ ငြိမ်များနေရင်တော့ မကြာမီ မုန်တိုင်းတိုက်တော့မယ့် အနေအထားမျိုးပါ။ ထောင်ပိုင်လုပ်မယ်ဆိုရင် အောက်ခြေကို မပြတ်ထိတွေ့နေဖို့ လိုသလို ကြိုတင်ပြီး လုပ်စရာရှိတာတွေ လုပ်ကိုင်ထားဖို့လည်း လိုအပ်ပါတယ်။ အတွေ့အကြုံများလေ အလုပ်လုပ်ရတာ ပိုကောင်းလေပါ။

◆ ◆ ◆

## တစ်ပိုင်းတစ်စနိဂုံး

ထောင်နဲ့စခန်း ဘာကွာလဲ။ ဝန်ထမ်းတစ်ဦးအနေဖြင့် တာဝန်ကွာပါတယ်။ ထောင်မှာ ထိန်းသိမ်းထားတဲ့ အကျဉ်းသားက မျိုးစုံပါ။ အမှုအနေနဲ့ တရားမမှု၊ ရာဇဝတ်မှု အမျိုးမျိုးရှိနိုင်သလို နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေသော သောင်းကျန်းသူအဖွဲ့အစည်းများမှ ဖမ်းဆီးထိန်းသိမ်းခံရသူများ၊ ဆူပူဆန္ဒပြနေသော နိုင်ငံရေးလှုပ်ရှားသူများလည်း ထိန်းသိမ်းထားရတတ်ပါတယ်။

လိင်ပိုင်းအနေဖြင့် အမျိုးသားများသာမက အမျိုးသမီးများလည်း ချုပ်နှောင်ထားရပါတယ်။ အသက်ငယ်ရွယ်သူများ၊ အသက်ကြီးသူများ၊ ကျန်းမာရေးမကောင်းသူများ၊ စိတ်ဖောက်သူများ စတဲ့ အကျဉ်းသားအမျိုးမျိုးကို ထိန်းသိမ်းထားရလို့ တာဝန်ပိုကြီးပါတယ်။ အမှုမပြီးပြတ်သေးသူ အချုပ်သားများရဲ့ ရုံးထုတ်ခြင်း၊ အယူခံဝင်ခြင်းဆိုင်ရာ ရုံးကိစ္စများ ဆောင်ရွက်ရတဲ့အတွက် ထောင်က ကြီးရင်ကြီးသလို တာဝန်ပိုင်း ပိုလို့ကြီးမားပါတယ်။

စခန်းကတော့ အမျိုးသားတစ်မျိုးတည်း ရာဇဝတ်မှုနဲ့ ပြစ်ဒဏ်ကျသူများသာထားပါတယ်။ ရာဇဝတ်မှုမှာတောင် လက်ကျန်ကာလနည်းတဲ့ ကျန်းမာရေးကောင်းမွန်သူသာထားရှိပြီး စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ရပါတယ်။ လုံခြုံရေးပိုင်းကို တာဝန်ယူရမှု မကြီးလေးသော်လည်း လုပ်ငန်းပိုင်း အရှုံးအမြတ်ကို တာဝန်ယူရပါတယ်။ လုပ်ငန်းတွေ အရှုံးမရှိ အောင်မြင်ဖို့ တစ်နှစ် စီမံချက်ရေးဆွဲ

ဆောင်ရွက်ရပါတယ်။ ဝင်ငွေအသုံးစရိတ်နဲ့ အရှုံးအမြတ်လျှာထားပြီး တစ်လချင်း တိုးတက်မှုရှိအောင် ဆောင်ရွက်ရပါတယ်။ စခန်းမှာနေရတာက အကျဉ်းသား အနေနဲ့ ပိုပြီးလွတ်လပ်ပါတယ်။ အုတ်ရိုးလေးဘက်အတွင်းမှာ နေရခြင်းမဟုတ်လို့ ပိုပြီး အသက်ရှူရတာပိုလို့ကောင်းပါတယ်။ ၁၈ ပေမြင့်တဲ့ အုတ်ရိုးဟာ ကျန်းမာ ရေးကောင်းသူအတွက် မထောင်းသာပေမယ့် ဆေးလိပ်သောက်သူ၊ အဆုတ်နှလုံး အားနည်းသူအတွက်တော့ အသကရှူမဝခြင်းဒဏ်ကို မရှုမလှခံစားရပါတယ်။ ထောင်ကကျွေးတာကိုသာ အားကိုးစားသောက်နေရတယ်။ မိမိစားလိုတာ ရှာဖွေစားသောက်ဖို့ ခက်တဲ့အတွက် အာဟာရချို့တဲ့မှုတွေ ဖြစ်တတ်ပါတယ်။ ထောင်တွင်းမှာ အဆိုးဆုံးကတော့ ဗီတာမင်ဘီဝမ်းချို့တဲ့ပြီး ရုတ်တရက် နှလုံး ရပ်သေဆုံးတတ်ပါတယ်။ ဝင်သွားတုန်းက လူကောင်းကြီး နောက်နေ့ သေဆုံး သွားပြီ ထောင်ထဲမှာ လူဆိုးလူမိုက်တွေ ရိုက်နှက်လို့ သေတာဖြစ်မှာပေါ့ဆိုတဲ့ အမေးတွေ စွပ်စွဲချက်တွေကိုလည်း ဖြေရှင်းကြရပါတယ်။

စခန်းမှာနေရင် အိပ်ဖို့၊ စားဖို့ ပိုအဆင်ပြေတဲ့သဘောရှိပါတယ်။ ထောင် ထက် ပိုကောင်းတာက ဧည့်တွေ့ချိန်ပိုရပြီး ပိုမိုလွတ်လပ်မှုရှိတဲ့အပြင် မိမိဇနီး နှင့်လည်း ညအိပ်တွေ့ခွင့်ရပါတယ်။ ထောင်ထဲမှာ မိမိဇနီးမယားနဲ့ နှစ်ပေါင်း များစွာ ကင်းကွာရလို့ လိင်စိတ်အားဖြင့် ပြင်းထန်လှေ့ရှိပါတယ်။ ဒါကြောင့်လည်း ထောင်ထဲမှာ လိင်တူဆက်ဆံကြတဲ့ အိုးစားဆွယ်တဲ့အလုပ်ဟာ ပြဿနာတစ်ခု အနေနဲ့ ရှိနေပါတယ်။ ရပ်ကွက်ထဲမှာလည်း ယောကျ်ားက ထောင်ကျနေသော် လည်း ဇနီးဖြစ်သူက ကိုယ်ဝန်ကြီး တကားကားနဲ့ဆိုရင် အမျိုးမျိုးပြောဆိုတာ ခံကြရပါတယ်။

စခန်းမှာ လုပ်ကိုင်ရတဲ့ အကျဉ်းသားများကို ရဲဘက်လို့ သုံးနှုန်းကြပါတယ်။ ရဲဘက်လို့ခေါ်တာက တော်လှန်ရေးကောင်စီတက်ပြီး အကျဉ်းသားတွေကို ထောင် ပြင်ထုတ် လမ်းဖောက်လုပ်ငန်းများတွင် အသုံးပြုကတည်းက စခေါ်ခဲ့ကြတာပါ။ သူတို့က အလုပ်သမားတွေဖြစ်ကြလို့ ပုံစံအဖြူတွေမဝတ်ရဘဲ ပိတ်ဇင်ပြာတွေ ဝတ်၊ ဦးထုပ်ပြာတွေဆောင်းပြီး အလုပ်လုပ်ကြရပါတယ်။ အကျဉ်းသားတွေဟာ ဧည့်တွေ့ ညအိပ်နေခွင့်ရတယ်။ အလုပ်လုပ်လို့ လျှော့ရက်ပိုရတယ်။ စောလွတ်တဲ့ အခွင့်အရေးတွေရလို့ စခန်းကို ပိုလို့ ထွက်ချင်ကြပါတယ်။ အလုပ်ပိုပင်ပန်းတဲ့

ကျောက်စခန်းတွေ၊ လမ်းစခန်းတွေထက် စိုက်ပျိုးမွေးမြူရေးစခန်းတွေကို ပိုလိုက်တတ်ကြပါတယ်။ ရန်ကုန်ပတ်ဝန်းကျင်ရှိ စိုက်ပျိုးမွေးမြူရေးစခန်းတွေကို လိုက်ချင်သူ ပိုများကြလို့ ငွေပေးလိုက်တဲ့သူတွေ၊ ပိုင်ရာဆိုင်ရာရဲ့ဝိတ်ကို သုံးပြီး လိုက်ကြသူတွေ ရှိကြပါတယ်။ ဝက်မွေးမြူရေးစခန်းမှာ အလုပ်လုပ်ရတယ် ဆိုပေမဲ့ ပင်ပန်းလွန်းတဲ့အလုပ်မဟုတ် အရိပ်ထဲမှာ အလုပ်လုပ်ရတာဖြစ်လို့ သက်သာမှုရှိပါတယ်။ စခန်းကိုရောက်စမှာ မလုပ်ဖူးတာတွေ လုပ်ရလို့ မြို့သား ထောင်ကျတွေအတွက် ပင်ပန်းတယ်ပြောပေမယ့် တောသူတောင်သားအတွက် တော့ နေ့စဉ် လုပ်ရတဲ့အလုပ်လောက်ပဲ ရှိပါတယ်။ သူတို့ကို ဝက်မွေးမြူခြင်း အတတ်ပညာကို သင်ပေးပါတယ်။ ဝက်မွေးတယ်ဆိုတာ ခက်ခဲတဲ့အလုပ်တော့ မဟုတ်ပါ။ ဆင်းရဲသားတွေအတွက် စဘူးလို့ ပြောကြပါတယ်။ တစ်နိုင်တစ်ပိုင်နဲ့ စီးပွားဖြစ်မွေးတာတော့ အနည်းငယ် ကွာပါလိမ့်မယ်။

ဆေးအဖွဲ့မှာ မြင့်ဦးကြီးနဲ့ မြင့်ဦးလေးဆိုပြီး ရှိပါတယ်။ မြင့်ဦးကြီးက အသားဖြူတယ်။ အရပ်ပိုမြင့်တယ်။ အသက်နည်းနည်း ပိုကြီးပါတယ်။ သူက ဆေးမှုနဲ့ ထောင်ကျတာပါ။ မြင့်ဦးလေးက အသာညိုတယ်။ အရပ်ပုတယ်။ အသက်ငယ်တယ်။ ခိုးမှုနဲ့ထောင်ကျတာပါ။ မြင့်ဦးလေးက ရေနံချောင်းသားပါ။ အဖေမရှိတော့ပါ။ အမေနဲ့ ညီမလေးတစ်ယောက်နဲ့ အတူနေပါတယ်။ အမေနဲ့ ညီမကိုအတော်ချစ်ပါတယ်။ လူငယ်တို့ဘာဝ ဆိုးတာလည်းဆိုးပါတယ်။ အလှ အပလည်း မက်တယ်။ တက်တူးထိုးတာလည်း ဝါသနာပါတယ်။ အသားညိုညို မှာ တက်တူးထိုးတော့ ပိုလှမလာဘဲ အသားက ပိုမည်းလို့လာပါတယ်။ အရွယ် ရောက်လာတော့ ချစ်သူရှာလာတယ်။ ချစ်သူရတော့ အတူနေချင်လာတယ်။ ချစ်သူကလည်း တင့်တောင့်တယ့်တယ်မှ မင်္ဂလာဆောင်မယူနိုင်ရင် မယူဖူးလို့ ဆိုလာပါတယ်။ ဘယ်သူကို အပူကပ်ရပါ့။ မုဆိုးမ အမေအိုကြီးကို ဘယ်လိုများ ပြောရပါ့မလဲ။ စိတ်တွေညစ်လိုက်တာ၊ ဘယ်လိုလုပ်ရပါ့မလဲ။ မတတ်နိုင်တဲ့ အဆုံးမှာ သူငယ်ချင်းတွေနဲ့ တိုင်ပင်တယ်။ အလွယ်လမ်းလိုက်မဲ့ အကြံတွေ့ ရတယ်။ ရေနံချောင်း မြို့မစည်ပင်ဈေးကြီးထဲကို ညအခါ ခေါင်မိုးက ဖောက် ဝင်ပြီး ခိုးပါတယ်။ အတွေ့အကြုံနည်းတော့ ဈေးစောင့်နဲ့တိုးပြီး အဖမ်းခံရ တယ်။ ထောင်သုံးနှစ်ကျပြီး လေ့လော့အင်း ရောက်လာပါတယ်။

မြင့်ဦးလေးက ခိုးမှုနဲ့ထောင်ကျပေမဲ့ လူကောင်းလေးတစ်ယောက်ပါ။ အလုပ်လုပ်ချင်စိတ်ရှိပါတယ်။ သင်ပေးရင် တတ်လွယ်တယ်။ သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းနေတတ်တယ်။ ဆံပင်ကို ပုံစံကောင်းကောင်းပြောလို့ ကော်ဖီမစ်တိုက်၊ ဆေးလိပ်တိုက်ပြီး ညှပ်ခိုင်းပါတယ်။ ခေါင်းလိမ်းဆီထည့်ပြီး ကျော့နေအောင် ဖီးတတ်ပါတယ်။ အဝတ်အစားကို သေချာလျှော်ဖွပ် ဝတ်တတ်ပါတယ်။ များသောအားဖြင့် စွယ်ကျယ်လက်ပြတ်နဲ့ ပုံစံလုံချည် တိုတိုဝတ်တတ်ပါတယ်။ ဝက်ဆောင်မှာ ညအိပ်မနေပါ။ ညမှာ ဆူးကြိုးထဲ ပြန်အိပ်လေ့ရှိပါတယ်။

ည ၇ နာရီလောက်မှာ သူ့ဆရာကို ထမင်းကျွေးပြီး ဆူးကြိုးတွင်း ဝင်လေ့ရှိပါတယ်။ ညကမှောင်လို့ မီးအိမ်လေးကိုင်ပြီး လမ်းလျှောက် ပြန်လေ့ရှိပါတယ်။ ကျွန်တော့်ကိုလည်း ပြောပါတယ်။ ကျွန်တော် သုံးဖို့တစ်ဖို့ကိုက်ပြီဆရာ အိမ်ပြန်ရတော့မယ်တဲ့။ ရဲဘက်တွေဟာ လွတ်ခါနီးရင် လွတ်ကြောင် ကြောင်တတ်ကြပါတယ်။ နေရထိုင်ရတာ ဟိုလိုလို ဒီလိုလိုနဲ့ သူငယ်ချင်းလုပ်ဖော်ကိုင်ဖက်တွေကလည်း ဝိုင်းစတတ်ကြပါတယ်။ လွတ်ရင်ဝတ်ဖို့ အင်္ကျီအသစ်၊ လုံချည်အသစ်၊ ဖိနပ်အသစ်လေးတွေ ထုတ်ထုတ်ကြည့်ပြီး ပြန်ရမယ့်ရက်ကို မျှော်နေတတ်ပါတယ်။

တစ်နေ့ညမှာ မြင့်ဦးလေးရဲ့ ကံကြမ္မာက အဆိုးဘက် ဝင်သွားတယ်။ သူ့ဆရာကိုထမင်းကျွေးပြီး မီးအုပ်ဆောင်းလေးကိုင်လို့ လမ်းလျှောက်လာပါတယ်။ ဆူးကြိုးထဲရောက်မှစားမယ်ဆိုပြီး ထမင်းနဲ့ဟင်းကို တစ်ဖက်က ကိုင်လာပါတယ်။ အိမ်ကနေထွက်လာတယ်။ မီးရထားသံလမ်းကို ကျော်လိုက်ပါတယ်။ သူစီးလာတဲ့ ဂျပန်မခုံဖိနပ်နဲ့ အကောင်ရှည်ကို တက်နင်းမိပါတယ်။ ကိုယ်အလေးချိန်နဲ့ ခုံဖိနပ်နဲ့ တက်နင်းမိတာမို့ အကောင်ရှည်ကနာပြီး သူ့ကို ပြန်ပေါက်လို့ ပြေးပါတယ်။ မြင့်ဦးလေး အော်ပြီး လဲကျသွားတယ်။ အော်သံကြောင့် ဝက်ခြံ ညအိပ်တွေရော သက်သာဆိုင်က လူတွေရောထွက်လာကြတယ်။ ဘာဖြစ်လာတာလဲပေါ့။ သူ့ကို သိပ်မလှုပ်စေဘဲ ပွေ့ပြီး ဝက်ရုံးကို သယ်လာပါတယ်။ ရှေးဦး သူနာပြုနည်းနဲ့မြွေဆိပ်ကို ထုတ်ပေးကြတယ်။ ထောင်ပိုင်ထံ သတင်းပို့ပြီး ကားတောင်းလို့ လှည်းကူး ဆေးရုံကြီးကိုပို့ပါတယ်။ ၁ နာရီအတွင်း ဆေးရုံရောက်ပြီး မြွေဆိပ်ဖြေဆေး ထိုးနိုင်ခဲ့ပါတယ်။ ဆရာဝန်က မေးပါတယ်။

ဘာမြွေလဲတဲ့။ မြွေကထွက်ပြေးသွားလို့ ဖမ်းမမိခဲ့ပါ။ ဘာမြွေမှန်းတော့မသိပါ။ အဲဒီနားမှာတော့ ဟိုတစ်ပတ်က ဘဲငန်းတွေအော်သံကြားလို့ သွားကြည့်တာ အဝါနဲ့အနက်ကြား ငန်းတော်ကျားတစ်ကောင် တရွေ့ရွေ့သွားနေတာ တွေ့ခဲ့ပါတယ်တဲ့။ ဒါဆိုသေချာပါတယ်။ ငန်းတော်ကျားရှိရင် အနီးပတ်ဝန်းကျင်မှာ ဘယ်မြွေမှမနေရဲဘူး။ ထွက်ပြေးကြတာပဲ။ မဟုတ်ရင်လည်း သူ့အစားကိုခံရတတ်ပါတယ်။ သေချာတယ်။ သူ့ကိုပေါက်သွားတာ ကိုက်တာ ငန်းတော်ကျားပါ။ အမှန်တော့ ငန်းတော်ကျားက မြွေသူတော်ပါ၊ လူကိုအန္တရာယ်မပြုတတ်ပါ။ ခုဟာက သူ့ကိုမမြင်ဘဲ ခုံဖိနပ်နဲ့တက်နင်းမိလို့သာ ပြန်ပေါက်တာပါ။ ပေါက်မိရင်လည်း ဆေးမမီတတ်ပါ။ ငန်းတော်ကျားမြွေဆိပ်ဖြေဆေးလို့ သီးခြားမရှိ။ ဆရာဝန်လည်း ကြိုးစားပြီး မြွေဆိပ်ဖြေဆေး ထိုးပေးရှာပါတယ်။မြင့်ဦးလေးတစ်ယောက် ရောက်စမှာ ခေါင်းမူးနေသော်လည်း မြွေဆိပ်ဖြေဆေးထိုးပြီးသောအခါ ခေါင်းပြန်ကြည်ပြီး နေရထိုင်ရ ကောင်းလာတယ်ပြောလို့ အစောင့်နဲ့ထားပြီး ဆေးရုံကပြန်ခဲ့ကြပါတယ်။

သူ့အမေထံကြေးနန်းရိုက်ပြီး အကြောင်းကြားလိုက်ပါတယ်။ မြင့်ဦးလေးအခြေအနေက ကောင်းလာမယ် ထင်ထားပေမယ့် တစ်နေ့တခြား ပိုဆိုးလာပါတယ်။ မျက်လုံးတွေမှာ သွေးရောင်တွေသန်းပြီး ရဲလာပါတယ်။ နှာခေါင်းကနေသွေးယိုလာပါတယ်။ ဆီးသွားတဲ့အခါလည်း သွေးရောင်လွှမ်းနေပါတယ်။ ဆရာဝန်ကြီးလာကြည့်ပြီး မြွေဆိပ်က သွေးကြောတွေကို ဖျက်ဆီးလို့ ခန္ဓာကိုယ်ထဲမှာ သွေးယိုစိမ့်မှုဖြစ်နေပြီပြောပါတယ်။ နံဘေးက အပေါက်ဖောက်ပြီး ဓာတ်ဆားရည်နဲ့ ဆေးပေးပါတယ်။ သွေးလွန်မသေဆုံးရအောင် သွေးသွင်းကုသပေးပါတယ်။ ဒါပေမယ့် သူ့အခြေအနေက ပိုလို့ပိုလို့ ဆိုးလာပါတယ်။ ခန္ဓာကိုယ်ရဲ့အင်္ဂါပေါက်အားလုံးကနေ သွေးတွေယိုစိမ့်ထွက်လို့ နောက်ဆုံးမှာ သေဆုံးသွားခဲ့ပါတယ်။ မြင့်ဦးလေးဆုံးလို့ နောက်နေ့မှာ သူ့အမေလိုက်လာပါတယ်။

ငါ့သား အမေကို လွမ်းလို့လိမ်ညာပြီး ကြေးနန်းရိုက်ခေါ်တယ်ဆိုပြီး ရုံးပေါ်တက်လာပါတယ်။ ဘယ်သူမှ သူ့ကိုစကားမပြောနိုင်ကြပါ။ အမေ ခဏထိုင်ပါဦး၊ ရေအေးအေး သောက်လိုက်ဦးနော်လို့ နှစ်သိမ့်ထားရပါတယ်။ ခဏကြာလို့

အမောပြေမှ မြင့်ဦးလေး မနေ့ညက လှည်းကူးပြည်သူ့ဆေးရုံကြီးမှာ ဆုံးကြောင်း၊ ယနေ့သင်္ဂြိုဟ်မည်ဖြစ်ကြောင်း ပြောပြရပါတယ်။ ကြားတာနဲ့ သူ့အမေ မျက်လုံးမျက်ဆန်တွေပြူးလို့ မဟုတ်ဘူး၊ မဟုတ်ဘူး ငါ့သား အမေ့ကိုလွမ်းလို့ ညာခေါ်တာပြောရင်း တက်သွားလို့ ဝိုင်းပြုစုကြရပါတယ်။ နေ့ခင်းမှာ မြင့်ဦးလေးရဲ့ ရုပ်အလောင်းကို သူ့ဘာသာနဲ့အညီ ဘုန်းကြီးသုံးပါးပင့်လို့ သရဏဂုံ တင်ပေးပါတယ်။ ကုသိုလ်ကောင်းမှုတွေပြုပေးပြီး အမျှပေးဝေပါတယ်။ သုသာန်သို့ပို့ပြီး မီးသင်္ဂြိုဟ်ပေးပါတယ်။ ကိစ္စတွေပြီးတော့ သူ့အမေကို ဝိုင်းဝန်းထောက်ပံ့ပေးကြပါတယ်။ ဝက်ဆိုက် အလယ်လမ်းကနေငိုရင်း မြင့်ဦးလေးအမေ ပြန်သွားပါတယ်။ အော်ငိုရင်း သုံးဖို့တစ်ဖို့ကိုက်ပြီ၊ နောက်လဆို သားပြန်လာမှာဆို၊ ခုတော့သား ဘယ်ကိုထွက်သွားတာလဲသားရဲ့၊ အမေ့ကိုထားခဲ့ပြီလား၊ ညီမလေးကို ဘယ်လိုပြောရမှာလဲ သားရဲ့၊ အော်ငိုလိုက်၊ လမ်းဘေးက ပန်းပင်လေးကို ရိုက်လိုက်၊ ခူးလိုက်၊ ခေါ်လိုက်နဲ့ တဖြည်းဖြည်း လမ်းလျှောက်ပြန်ထွက်သွားတဲ့ သူ့အမေကို စိတ်မကောင်းစွာ မြင်တွေ့ရပါတယ်။

ရက်လည်နေ့မှာ သူ့အတွက် ကုသိုလ်ကောင်းမှုတွေပြုလို့ အမျှအတမ်း ပေးဝေခဲ့ပါတယ်။ ကောင်းမွန်သော ဘုံဘဝသို့ရောက်ပါစေလို့ ဆုတောင်းပေးပါတယ်။ လွတ်ခါနီး ကိုမြင့်အေးထံမှာ ဘုတ်သွားတိုက်ပါတယ်။ ကျွန်တော် သုံးဖို့တစ်ဖို့ ကိုက်ပြီနော်၊ ဘယ်နေ့ လွတ်ရက်ပြနေလဲဆရာတဲ့။ လွတ်ကြောင်ကြောင်တဲ့တပည့်၊ အသားမည်းမည်း တက်တူးတွေအပြည့်နဲ့ ဆေးလိပ်ကုနေတဲ့၊ ခေါင်းမှာ ခေါင်းလိမ်းဆီတွေ ခဲနေအောင်လိမ်းတတ်တဲ့တပည့် ကံကြမ္မာဆိုးတော့ အိမ်အပြန်လမ်းမလှ ဖြစ်ခဲ့ပါလား။ ရင်ထဲမှာ များစွာခံစားရပါတယ်၊ ထောင်ပိတ်သံချောင်းခေါက်သံ ကြားရပြီ။ ဘုရားရှိခိုးသံလည်းကြားရပြီ။

ဒီနေ့တော့ ဆရာ့ကို ထမင်းကျွေးပြီး မီးအုပ်ဆောင်းလေးကိုင်လို့ တက်လာတဲ့မင်းကို မမြင်ရတော့ပါလား။ အေးချမ်းသောဘဝမှာနေနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။ ဝမ်းနည်းမှုတွေ၊ ပင်ပန်းမှုတွေနဲ့ လေ့လှော်အင်းကို ဖြတ်ကျော်ခဲ့ရတယ်။ နှစ်ပြည့်တဲ့အခါ ဘယ်ကိုပြောင်းရလိမ့်ဦးမည်ကို မသိပါ။ ဒီဒေသမှာ ကောင်းမွန်စွာ တပည့်ခံလို့ အလုပ်တွေကြိုးစား လုပ်ခဲ့ပါပြီ။ တပည့်တစ်ခါလုပ်ရင်

တစ်သက်လုံး ဆရာဖြစ်တယ်ကွလို့ ပြောခဲ့၊ သင်ခဲ့တဲ့ လက်ဦးဆရာရဲ့စကားကို ကြားမိနေပါတယ်။ ဆရာလို့ ခေါ်သံကြားရပါတယ်။ ဆရာ့ပြောင်းမိန့်အော်ဒါလို့ ကမ်းလာပေးတဲ့ ဉာဏ်ကျယ်လေးကို တွေ့ရပါတယ်။

မှန်း…ဘယ်ကိုများ ပြောင်းရပါလိမ့်။ ဝန်ထမ်းဆိုတာဒီလိုပါ။ မထွက်နိုင်၊ ပင်စင်မယူမချင်း ပြောင်းရွှေ့ခြင်းသံသရာထဲမှာ ဟောတစ်နေရာ ဟောတစ်နေရာ ဆိုသလို ဆက်ခါဆက်ခါ ပြောင်းနေရမှာပါ။ ရောက်တဲ့နေရာမှာ တွေ့တဲ့သူနဲ့ တည့်အောင်ပေါင်းလို့ ခန္ဓာဝန်ကို ဆက်ထမ်းကြရဦးမှာပါလား။ အားလုံး ကျန်းမာချမ်းသာကြပါစေ။

ဂျေးလ်ဆယ်လီကျော်ဝင်း
၂၀၂၀ ဇူလိုင်လ ၁၉ ရက်၊ အာဇာနည်နေ့။



## ခင်မောင်ထွန်း(အကျဉ်းဦးစီး)

အဘ ဦးထွန်းရွှေ အမိ ဒေါ်ခင်သန်းတို့မှ သရက်မြို့တွင် (၂-၈-၁၉၅၉)ရက်နေ့၌ မွေးဖွားခဲ့ပါသည်။ အကျဉ်းဦးစီးဌာနသို့ ၁၉၇၉ ခုနှစ် မတ်လ(၃၁)ရက်နေ့တွင်တပ်သားအဆင့်ဖြင့် စတင်ဝင်ရောက်ထမ်းဆောင်ခဲ့သည်။(၁၀)တန်းကို တာဝန်ထမ်းဆောင်နေစဉ် ဆက်လက်ဖြေဆိုခဲ့ပြီး(၆)နှစ်မြောက်မှအောင်မြင်ခဲ့ကာဆက်လက်၍ ဝိဇ္ဇာဘွဲ့ကို သမိုင်းအဓိကဖြင့် ရရှိခဲ့ပါသည်။

၁၉၈၅ ခုနှစ် ဩဂုတ်လ(၇)ရက်တွင် ထောင်မှူးအဆင့်သို့ တိုးမြှင့်ရရှိခဲ့ပြီး၊ အကျဉ်းဦးစီးဌာနတွင်နှစ်ပေါင်း(၄၀)အထိတာဝန်ထမ်းဆောင်ခဲ့ကာ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ဖြင့် အငြိမ်းစားယူခဲ့ပါသည်။အကျဉ်းဦးစီးဌာန၏သမိုင်းမှတ်တမ်းအစိတ်အပိုင်းအနေဖြင့် ကိုယ်တိုင်တွေ့ကြုံခဲ့ရသောအတွေ့အကြုံများကိုအခြေပြုပြီး စာပေများရေးသားလျှက်ရှိပါသည်။

စစ်မြေသို့ ချီလေသည့်ခရီး
ခင်မောင်ထွန်း(အကျဉ်းဦးစီး)

ကချင်ပြည်နယ်၊ ပါဂျို-နားဖော့ဒေသသို့
ဝန်ဆောင်တပ်ရင်းဖြင့်
ရှေ့တန်းရိက္ခာများ ပို့ဆောင်ပေးခဲ့မှုမှတ်တမ်း



# စစ်မြေသို့ချီလေသည့်ခရီး

## ( ၁ )

ကျွန်တော်ဟာ အကျဉ်းဦးစီးဌာနမှာ တာဝန်ထမ်းဆောင်စဉ်အတွင်း ဘယ်နေရာပြောင်းချင်တယ်၊ ဘယ်နေရာမှာတော့ နေချင်သေးတယ်လို့ လူကြီးသူမတွေဆီ တွေ့ဆုံမတင်ပြဘူးဘဲ ထားရင်လည်းနေ၊ စေလိုရာကိုလည်း သွားနေခဲ့ပါတယ်။ တာဝန်ထမ်းခဲ့တဲ့ နေရာဌာနအသီးသီးမှာ အမှတ်တရမျိုးစုံကြုံခဲ့ရပါတယ်။ မြန်မာ့တပ်မတော်နဲ့ ရှေ့တန်းစစ်ဆင်ရေးတွေ လိုက်ပါခဲ့ရတဲ့ တာဝန်ကတော့ ပိုမိုထူးခြားတဲ့ အမှတ်တရတွေပါပဲ။

၁၉၉၃ ခုနှစ် ဇန်နဝါရီလထဲမှာ မြစ်ကြီးနား–ရွှေဘိုကားလမ်းဖောက်လုပ်ရေး အလုပ်စခန်းလက်အောက်ခံ စစ်ကိုင်းတိုင်း၊ ဝန်းသိုမြို့နယ် နန်းခမ်းကျေးရွာမှာ မီးရထားလမ်းပြုပြင်ရေးလုပ်ငန်း တာဝန်တွေ ထမ်းဆောင်ရာက မြစ်ကြီးနားဒေသဝန်ဆောင်တပ်ရင်းကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ဖို့ အမိန့်ထွက်လာပါတယ်။ အဲဒီစခန်းကို ကျွန်တော်နဲ့အတူ တပ်ကြပ်ကြီးစိန်ဝင်း၊ တပ်သားနိုင်လင်းတို့လည်း ပြောင်းရွှေ့ကြရမှာဖြစ်ပါတယ်။ တပ်မတော်ရဲ့ ရှေ့တန်းစစ်ဆင်ရေးတွေမှာ ရဲဘက်တွေကို စစ်ဆင်ရေးဝန်ထမ်း(ပေါ်တာ)အဖြစ် အသုံးပြုပြီး အကျဉ်းဦးစီးဌာနဝန်ထမ်းများက ကြီးကြပ်ရမယ်လို့ ရှေ့ပြေးသတင်း ထွက်လာပါတယ်။ ဖွင့်လှစ်မဲ့ ဝန်ဆောင်တပ်ရင်းခြောက်ခုကတော့..

(၁) မြစ်ကြီးနားဒေသ ဝန်ဆောင်တပ်ရင်း
(၂) ဖားအံဒေသ ဝန်ဆောင်တပ်ရင်း(၁)
(၃) ဖားအံဒေသဝန်ဆောင်တပ်ရင်း(၂)
(၄) မြိတ်ဒေသဝန်ဆောင်တပ်ရင်း
(၅) သထုံဒေသဝန်ဆောင်တပ်ရင်း
(၆) ထားဝယ်ဒေသဝန်ဆောင်တပ်ရင်း တို့ဖြစ်ပါတယ်။

စစ်မတိုက်ချင်လို့ စစ်ထဲမဝင်ကြဘဲ အကျဉ်းဦးစီးဌာနကို ဝင်ပါတယ်ဆိုမှ တပ်မတော်နဲ့အတူ ရှေ့တန်းလိုက်ကြရမယ်ဆိုတော့ ဝန်ဆောင်တပ်ရင်း အပြောင်းပါတဲ့ ဝန်ထမ်းအချို့ထွက်ပြေးကြတယ်လို့လည်း ကြားလိုက်မိပါတယ်။ ကျွန်တော်ကတော့ နဂိုကတည်းက ရောက်တဲ့နေရာက ကောင်းဖို့၊ တွေ့တဲ့လူက ကောင်းဖို့၊ ရတဲ့ပစ္စည်းကကောင်းဖို့၊ ဘာဖြစ်ဖြစ်ကောင်းဖို့လို့ ခံယူထားသူမို့ ဘာစိုးရိမ်စိတ်မှ မဖြစ်ပေါ်ခဲ့ပါဘူး။ နန်းခမ်းကနေ မြစ်ကြီးနားကိုသွားခဲ့တဲ့ခရီးစဉ်ကလည်း ဇာတ်လမ်း တစ်ပုဒ်ရခဲ့ပါတယ်။ ဒီအကြောင်းလေးကို နောင်မှာရေးဖြစ်မလားမသိသေးပါဘူး။

၁၂-၁-၁၉၉၃ ရက်နေ့မှာ မြစ်ကြီးနားမြို့ကို ရောက်ခဲ့ပါပြီ။ မြစ်ကြီးနားဒေသ ဝန်ဆောင်တပ်ရင်းလို့သာ အမိန့်ထဲဖတ်ရပေမဲ့ မြစ်ကြီးနားဒေသဝန်ဆောင်တပ်ရင်းဆိုတာ မရှိသေးပါဘူး။ ဆိုင်းဘုတ်တောင် မရှိသေးပါဘူး။ မြစ်ကြီးနား-ဆွမ်ပရာဘွမ် ကားလမ်းဖောက်လုပ်ရေးစခန်း တာဝန်ခံ ရုံးစိုက်ရာ ဘက်စုံခြံမှာ နေကြရတာပါ။ အဲဒီအချိန်က မြစ်ကြီးနား အကျဉ်းထောင်မှာ ကချင်ပြည်နယ် လမ်းများ တိုးချဲ့ဖောက်လုပ်ရေး ကွပ်ကဲမှု ရုံးထိုင်ပါတယ်။ ကွပ်ကဲမှုတာဝန်ခံ အစဉ်အဆက်တွေကတော့ ပထမကွပ်ကဲမှုတာဝန်ခံက ထောင်ပိုင်ကြီး ဦးဟံမြင့်၊ ဒုတိယကွပ်ကဲမှု တာဝန်ခံက ထောင်ပိုင်ကြီး ဦးအုန်းကျော်လေး (အိုကေလေးလို့ ခေါ်ကြပါတယ်)။ တတိယကွပ်ကဲမှု တာဝန်ခံက ထောင်ပိုင်ကြီး ဦးဝင်းမြင့် (ညွှန်ကြားရေးမှူးနဲ့ပင်စင်ယူပါတယ်)တို့ ဖြစ်ပါတယ်။

ကွပ်ကဲမှုရဲ့အောက်မှာတော့ မိုးကောင်းမြို့မှာ စခန်းတာဝန်ခံရုံးစိုက်တဲ့ မြစ်ကြီးနား-ရွှေဘိုကားလမ်းဖောက်လုပ်ရေး အလုပ်စခန်း(မြစ်-ရွှေ)၊ မြစ်ကြီးနားထောင် နောက်ဘက်မှာ စခန်းတာဝန်ခံရုံးစိုက်တဲ့ ချီဖွေပိုင်းမော်ကားလမ်း ဖောက်လုပ်ရေး အလုပ်စခန်းနဲ့ ကျွန်တော်တို့ ခေတ္တနားခိုရာ မြစ်ကြီးနားဆွမ်ပရာဘွမ်

ကားလမ်း ဖောက်လုပ်ရေးစခန်း(မြစ်-ဆွမ်)တို့ ရှိကြပါတယ်။ မြစ်ကြီးနားဒေသ ဝန်ဆောင်တပ်ရင်းအတွက် အနယ်နယ်အရပ်ရပ်က ပြောင်းရွှေ့ရောက်ရှိလာကြတဲ့ ဝန်ထမ်းတွေလည်း တဖွဲဖွဲရောက်ရှိလာကြပါပြီ။ မြစ်-ဆွမ်စခန်းက ဝန်ထမ်းတွေ တောင် နေစရာကောင်းကောင်းမရှိတာ ညွှန်သည်ဖြစ်တဲ့ ကျွန်တော်တို့ ဝန်ဆောင် တပ်ရင်း မိသားစုတွေကတော့ ဖြစ်သလိုပဲပေါ့။

ပြောင်းရွှေ့တာဝန်ထမ်းဆောင်ဖို့ ရောက်ရှိလာကြတဲ့ ထောင်မှူးသုံးဦးကတော့ ထူးခြားလှပါတယ်။ ထောင်မှူးသင်တန်းအမှတ်စဉ် (၄/၈၅) က သူငယ်ချင်း သုံးယောက် လာဆုံကြပါတယ်။ ကျွန်တော်ရယ်၊ ကိုစောလှိုင် (မန္တလေး)ရယ်၊ ကိုကျော်လွင် (တောင်ငူ)တို့ရယ်ပါ။ တပ်ရင်း တာဝန်ခံအရာရှိက ထောင်ပိုင်ကြီး ဦးလှကြည်ပါ။ ထောင်ပိုင်ကြီးအတွက်က သင့်ရုံအခန်းလေးတစ်ခုမှာနေရပြီး ကျွန်တော်တို့ ထောင်မှူးသုံးယောက်ကတော့ မြစ်ဆွမ်တာဝန်ခံ အရာရှိရုံးခန်းရဲ့ တစ်ဖက်ခြမ်းမှာ စုနေကြရပါတယ်။ အုပ်ချုပ်မှုလုပ်ငန်းတွေ စနိုင်ဖို့ ရုံးလုပ်ငန်း လေးတွေ စတင်ရပါပြီ။ စာဝင်စာထွက်စာအုပ်ကို စတင်ဖွင့်လှစ်ပြီး အခြား မှတ်တမ်းမှတ်ရာတွေအတွက်လည်း တစ်ယောက်မှ မအားလပ်အောင် ဝိုင်းကြ ဝန်းကြရပါပြီ။ ရုံးလုပ်ငန်းမှာတော့ ကွယ်လွန်သွားရှာပြီဖြစ်တဲ့ ကံလွင်လေး (ဗပသ)လည်း ပါပါတယ်။

♦ ♦ ♦

## ( ၂ )

အဲဒီအချိန်က မြစ်ကြီးနား-ဆွမ်ပရာဘွမ်လမ်း စခန်းတာဝန်ခံက ထောင်ပိုင် ကြီး ဦးစိန်အောင်ပါ။ ကွယ်လွန်သွားခဲ့ပါပြီ။ ကွယ်လွန်ချိန်မှာ ကျွန်တော်ကိုယ်တိုင် ရှိနေတာမို့ ဒီအကြောင်းလည်း ရေးရင်းပါလာမှာပါ။ မြစ်ကြီးနား-ရွှေဘိုလမ်း ဖောက်လုပ်ရေး စခန်းတာဝန်ခံက ထောင်ပိုင်ကြီး ဦးကျော်ထင်ပါ။ သူက မြန်မာ့လက်ရွေးစင် ဘော်လီဘောမို့ ဘားမားကြီးလို့ခေါ်ကြပါတယ်။ ဟိုတုန်းက Myanmar ကို Burma လို့ ရေးခဲ့လို့ပါ။ ချီဖွေ-ဝိုင်းမော် လမ်းဖောက်လုပ်ရေး စခန်း တာဝန်ခံအရာရှိက ဦးကျင်မောင်သန်းပါ။ နောက်ပိုင်း အပြောင်းအလဲ

တွေတော့ ရှိပါလိမ့်မယ်။ မှတ်မိသလောက်ပါ။ မှတ်တမ်းအဟောင်းလေးတွေ ပြန်ရှာတော့ ရေးလိုက်မရေးလိုက်ရေးခဲ့တဲ့ ဒိုင်ယာယီစာအုပ်လေးကို ကံကောင်းစွာ သွားတွေ့ပါတယ်။ ဒါကြောင့် အချို့သောအကြောင်းအရာတွေကို ရက်စွဲ အတိအကျ ဖော်ပြသွားနိုင်တော့မှာပါ။ ၁၂-၁-၁၉၉၃ ရက်နေ့မှာ မြစ်ကြီးနားမြို့ မြစ်-ဆွမ်ရုံးစိုက်ရာ ဘက်စုံခြံကို ရောက်ရှိခဲ့ကြပါတယ်။

ကျွန်တော်ကတော့ မြစ်ကြီးနားထောင်မှာ အစ်မအရင်းရှိလို့ ဇနီးနဲ့ နှစ်နှစ်သာ ရှိဦးမယ့် သမီးကြီးကို အဲဒီမှာထားခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း မနက်သွား ညကို မြစ်ကြီးနားထောင်ကို ပြန်အိပ်လုပ်ပါတယ်။ ဦးစောလှိုင်နဲ့ ကိုကျော်လွင်ကတော့ မြစ်-ဆွမ်စခန်းမှာပဲ နေကြပါတယ်။ ဇနီး၊ သားသမီးများလည်း မပါကြတော့ ရဲဘက်တွေအတွက်ချက်တဲ့ ထမင်းနဲ့ကုလားပဲဟင်းကိုပဲ စားကြရပါတယ်။ ကျွန်တော်ကတော့ အစ်မကြီးရှိနေတာမို့ ကျွန်တော့် အစ်မကြီးက နေ့စဉ် ထမင်းချိုင့်ထည့်ပေးပါတယ်။ ထည့်ပေးလိုက်တဲ့ ထမင်းချိုင့်မှာ ဟင်းတွေကလည်း များလှပါတယ်။ ကိုစောလှိုင်နဲ့ ကိုကျော်လွင်တို့အတွက်ပါ ပိုထည့်ပေးလိုက်တာပါ။ ဒါကြောင့် သူငယ်ချင်းသုံးယောက် အတူစားကြတော့သူတို့က လည်း ကျေးဇူးတင်ကြပါတယ်။

ထောင်ပိုင်ကြီး ဦးလှကြည်က ကျွန်တော်တို့ ထောင်မှူးသုံးယောက်ကို တာဝန်တွေ ချက်ချင်းခွဲပေးပြီး အတည်ပြုအမိန့်တွေထုတ်ပြန်ပေးပါတယ်။ စာဝင်စာထွက် မှတ်ပုံတင်စာအုပ်တွေ မိန့်(၁)၊ မိန့်(၂)စာအုပ်တွေလည်း ချက်ချင်း လုပ်ကြရပါတယ်။ ကျွန်တော်က ထောင်ကျရုံး ဦးဌာန၊ ကိုစောလှိုင်က ရိက္ခာတပ် ထောက်၊ ကိုကျော်လွင်က ရေးဌာနနဲ့ ငွေစာရင်းပါ။ တာဝန်တွေကို စနစ်တကျဖြစ်အောင် အမိန့်ထုတ်ပြန်ပေးပေမဲ့ မိမိတို့လုပ်ငန်းတာဝန်အပြင် အခြားဌာနလုပ်ငန်းတာဝန်တွေမှာ လိုအပ်ရင် ဝိုင်းကူကြဖို့ သူ့အလုပ်၊ ကိုယ့်အလုပ်မခွဲဘဲ ညီအစ်ကိုတွေလို စိတ်တူကိုယ်တူနဲ့ စိတ်ကောင်းစေတနာထားပြီး လုပ်ကြဖို့၊ မရှိအတူ ရှိအတူ တာဝန်ထမ်းဆောင်ကြဖို့လိုကြောင်း၊ အခွင့်အရေးနဲ့ ပတ်သက်ရင်လည်း ဘယ်ဌာနပဲ တာဝန်ယူထားပါစေ ခွဲခြားမှုမရှိပဲ အတူတူပဲ ပေးသွားမှာဖြစ်ကြောင်း သူ့စတိုင်အတိုင်း အေးအေးဖြည်းဖြည်းလေး ပြောပြပါတယ်။

တာဝန်တွေခွဲဝေပြီးတာနဲ့ ဦးစောလှိုင်က ဝန်ဆောင်တပ်ရင်းအတွက် လိုအပ်မဲ့

ဒန်အိုး၊ ဒယ်အိုး၊ ပုံစံပန်းကန်ပြား၊ ပုံစံပန်းကန်လုံး၊ ရဲဘက်ဝတ်စုံ စတဲ့ ပစ္စည်းစုံ ထုတ်ဖို့အတွက် အင်းစိန်ကို ထွက်သွားရပါတယ်။ ယာယီစခန်းရောက်တာက ၁၂-၁-၁၉၉၃ ရက်နေ့ နောက်ရက် ၁၃-၁-၁၉၉၃ ရက်နေ့ နံနက်စောစောမှာပဲ ကျွန်တော်တို့ ဝန်ဆောင်တပ်ရင်းအတွက် ရန်ကုန်ကလား၊ မန္တလေးကလား မမှတ်မိတော့ပါဘူး။ စာပို့ရထားနဲ့ ပို့ပေးလိုက်တဲ့ ရဲဘက် ၁၅၀ ကို မြစ်ကြီး နားဘူတာမှာ သွားကြိုရပါပြီ။ ကွပ်ကဲရုံးက ကွပ်ကဲမှူး ထောင်ပိုင်ကြီး ဦးအုန်း ကျော်လေးလည်း လာရောက်ကြီးကြပ်ပေးပါတယ်။

အဲဒီရဲဘက် ၁၅၀ က ကျွန်တော်တို့ဝန်ဆောင်တပ်ရင်းအတွက်ဖြစ်ပေမဲ့ ဝန်ဆောင်တပ်ရင်းဆိုတာ နာမည်သာရှိပြီး ဘာအဆောက်အအုံမှ မရှိသေး တာမို့ မြစ်ကြီးနား ဆွမ်ပရာဘွမ်စခန်းရဲ့ ဆူးကြိုးထဲပဲ ထည့်ထားရပါတယ်။ ၁၄-၁-၁၉၉၃ ရက်နေ့မှာ ပြောင်းရွှေ့ရောက်ရှိလာတဲ့ ရဲဘက် ၁၅၀ ကို စပြီး မှတ်ပုံတင်ကြရပါပြီ။ လွတ်ပေါက်စာရင်းသွင်းကြရပါပြီ။ ပြောင်းလာကာစမို့ အနားယူလို့မရပါဘူး။ အုပ်ချုပ်မှုအလုပ်တွေက ဆက်တိုက်ပါပဲ။ မှတ်ပုံတင် တာကို အေးအေးဆေးဆေး လုပ်နေလို့မဖြစ်ပါဘူး။ နေ့ရောညပါ အိပ်ချိန်၊ စားချိန် နည်းနည်းနဲ့ ဝိုင်းကြ ဝန်းကြလုပ်လိုက်ကြတာ ၁၅-၁-၁၉၉၃ ရက်နေ့ မနက်ပိုင်းမှာ ပြီးသွားပါပြီ။ အဲဒီကာလက ထောင်ပုံစံ(၂၁)အပြင် ရဲဘက်ပြေး အကျဉ်းသားမှတ်တမ်းလို့ ခေါင်းစဉ် တပ်ထားတယ်ထင်ပါတယ်။အဲဒီပုံစံစာရွက် ကိုပါ အပြီးဖြည့်ရတာပါ။

ရဲဘက်တစ်ယောက် အကြောင်းကြောင်းကြောင့် သေဆုံးသွားခဲ့ရင် လုပ်အားခတွေကို ပို့ပေးနိုင်ဖို့အတွက် အဖေ၊ အမေ၊ ညီအစ်ကိုမောင်နှမ၊ ဦးလေး၊ အဒေါ် အားလုံးရဲ့ အမည်၊ နေရပ်လိပ်စာ၊ အမွေစား အမွေခံအမည် စတဲ့ အချက်အလက်တွေကို ဖြည့်စွက်ရတာပါ။ စာမျက်နှာနှစ်ရွက်လောက် ရှိပါတယ်။ ဓာတ်ပုံလည်း ကပ်ရမှာပါ။ ဒါပေမဲ့ ဘတ်ဂျက်က ချပေးတာမဟုတ်လို့ အိတ်ထဲ ကလည်း မစိုက်နိုင်တာကြောင့် ဓာတ်ပုံတော့ ရိုက်မနေတော့ပါဘူး။ ရဲဘက် ထွက်ပြေးခဲ့ရင်လည်း မိသားစုဆွေမျိုး အားလုံးရဲ့ နေရပ်လိပ်စာတွေပါတာမို့ ဖမ်းမိဖို့အတွက် အထောက်အကူဖြစ်မှာပါ။

အကျဉ်းသားမှတ်ပုံတင်တာကို ထောင်ဝန်ထမ်းတွေက သိပေမဲ့ အပြင်က လူတွေကတော့ သိမှာမဟုတ်လို့ နည်းနည်းရှင်းပြချင်ပါတယ်။ အကျဉ်းသား တစ်ယောက် ထောင်ထဲရောက်တာနဲ့ သူ့ကိုနိုင်ငံသားစိစစ်ရေးအမှတ်လိုပဲ နံပါတ်

တစ်ခုပေးရပါတယ်။ ၀၀၀၁/စီကနေ စတင်ပေးရတာပါ။ မှတ်ပုံတင် စာအုပ်ပုံစံ (၂၁)မှာ ထောင်ဝင်အမှတ်၊ အမည်၊ အဘအမည်၊ အမိအမည်၊ ဇနီး အမည်၊ လူမျိုး၊ ဘာသာ၊ အသက်၊ အလုပ်အကိုင်၊ စာတတ်မြောက်မှု၊ နေရပ်လိပ်စာ၊ ထင်ရှားတဲ့ အမှတ်အသားသုံးခု၊ တရားရုံး၊ ပြစ်မှု၊ ပြစ်ဒဏ်၊ အမှုအမှတ်၊ အယူခံ/မခံ စတဲ့ စာတိုင် ၂၅ ခုရှိပြီး စနစ်တကျ မှတ်တမ်းတင် ရေးသွင်းခြင်းကို ပြောခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ တစ်ခုဖြည့်ပြောချင်တာက ထောင်ဝင်အမှတ်ပေးခြင်းပါ။ ကျွန်တော်တို့တုန်းက ၀၀၀၁/စီကစပေးပြီး ၁၀၀၀၀/စီမှာ ဆုံးပါတယ်။ နောက်ထပ်ရောက်လာတဲ့ အကျဉ်းသားအတွက် ၀၀၀၁/စီက ပြန်စရပါတယ်။ နောက်ထောင်တစ်ခုကို ပြောင်းသွားရင် ပေးပြီးသား ထောင်နံပါတ်ကို ဆက်မသုံးရဘဲ ရောက်တဲ့ထောင်ရဲ့ထောင်က ထောင်နံပါတ်အသစ် ထပ်ပေးပါတယ်။

ယနေ့ခေတ်မှာတော့ အကျဉ်းသားမှတ်တမ်းတွေကို ကွန်ပျူတာစနစ်နဲ့ ထိန်းထားပါပြီ။ ထောင်ဝင်အမှတ်ကို ၀၀၀၀/စီလို့ မပေးရတော့ပါဘူး။ ဥပမာ-မုံရွာထောင်မှာ ပြစ်ဒဏ်ကျတာဆိုရင် မရ/၁၉/၀၀၀၀၁/ကလို့ ပေးရပါတယ်။ 'မရ'ဆိုတာက မုံရွာအကျဉ်းထောင်၊ ''၁၉' ဆိုတာက ၂၀၁၉ ခုနှစ် '၀၀၀၀၁' ဆိုတာကတော့ အစဉ်လိုက်ပေးတဲ့ ထောင်နံပါတ်ပါ။ 'က' ဆိုတာကတော့ ထောင်ကျလို့ဆိုလိုတာပါ။ အကယ်၍ 'ခ'ဆိုရင်တော့ အချုပ်လို့ ဆိုလိုတာပါ။ ဒီခေတ်ထောင်နံပါတ်ကတော့ ဘယ်ထောင်ကိုပဲပြောင်းပြောင်း ထောင်နံပါတ် ထပ်ပြောင်းစရာမလိုဘဲ ဒီနံပါတ်အတိုင်းသာ ဆက်သုံးသွားရတာပါ။ ပြင်ပက လူများအတွက် ဗဟုသုတအနေနဲ့ ဖော်ပြပေးခြင်းဖြစ်ပါတယ်။

ဘာလို့ နေ့ရောညပါ အပင်ပန်းခံပြီးလုပ်ရသလဲဆိုရင် လုပ်ရမယ့် အလုပ်တွေ အများကြီးရှိနေတာမို့ နေးနေလို့မဖြစ်လို့ပါ။ ၁၆-၁-၁၉၉၃ ရက်နေ့မှာ ရဲဘက် ၁၄၉ ဦးကို မှတ်ပုံတင်ရပြန်ပါတယ်။ ဒီရဲဘက် ၁၄၉ ဦးကတော့ ကျွန်တော်တို့ မရောက်မီကတည်းက အောက်ပြည်ကလား၊ မြစ်ကြီးနားထောင်ကလား မသိပါဘူး။ မြစ်ကြီးနား ဝန်ဆောင်တပ်ရင်းအတွက် ကြိုပို့ ထားတာပါ။ ဒီ ၁၄၉ ဦးကို မှတ်ပုံတင်ဖို့ လွှတ်ပေါက်သွင်းဖို့တွေကိုလည်း နှစ်ရက်နဲ့အပြီး ကြိုးစား လုပ်ကြရပါတယ်။ မပြီးလို့လည်း မဖြစ်ပါဘူး။ ပြည်ထဲရေးဝန်ကြီး ကိုယ်တိုင် လာရောက်ကြည့်မှာမို့ အရာရှိတွေရော အခြားအဆင့်တွေပါ တက်ညီ

လက်ညီ လုပ်ကြရပါတယ်။ ၁၆-၁-၁၉၉၃ ရက်နေ့ကစပြီး တပ်ကြပ်ကြီးစိန်ဝင်း ဦးစီးတဲ့ ဝန်ထမ်းခုနစ်ယောက်လောက်က ဘက်စုံခြံနဲ့ နှစ်မိုင်ခန့်ဝေးမဲ့ အင်ဂျန်ဒုံ ကျေးရွာ ပိုးစာခြံနောက်ဘက်က ဝန်ဆောင်တပ်ရင်းဆောက်မဲ့နေရာက သစ်ပင် ခြုံနွယ်တွေကို ရှင်းနေကြရပါပြီ။ ၁၈-၁-၁၉၉၃ မှာတော့ ရဲဘက်အပ်ငွေရှိသူ တွေက ဈေးဝယ်ပေးဖို့ တင်ပြလာလို့ မအားတဲ့ကြားက တပ်သားကံလွင်နဲ့အတူ မြစ်ကြီးနား ဈေးကြီးကိုသွားပြီး ဈေးဝယ်၊ စနစ်တကျဝေပေး၊ မှတ်တမ်း တွေပြုစု လုပ်ကြရပြန်ပါတယ်။ စခန်းအသစ်ဆိုတော့ အစစလိုအပ်တာချည်းပါပဲ။ ခြေကျဉ်း ဖြုတ်ဖို့ သံပေတုံး၊ သံပိုက်၊ ရီပစ်၊ တူတွေ၊ နာရီသံချောင်းခေါက်ဖို့ ရထားသံလမ်း တွေ ရှာဖွေစုဆောင်း ထောင်ပုံစံ၁၅/၁၀၈/၁၉၂ စတဲ့ ပုံစံတွေပြုစု ရှုပ်နေတာပါပဲ။ ၁၉၉၃ ခုနှစ် ဇန်နဝါရီလအတွင်း ဘယ်သူမှကိုမနားကြရဘဲ ပင်ပန်းကြပေမဲ့ ဘယ်သူမှ မညည်းငြူကြပါဘူး။ တက်တက်ကြွကြွရှိနေကြတာပါ။ ဝန်ဆောင် တပ်ရင်းအတွက် လိုအပ်တဲ့ လက်နက်တွေထုတ်ဖို့ ကျွန်တော်က တာဝန်ကျပြန်ပါ တယ်။ ၁-၂-၁၉၉၃ ရက်နေ့မှာတော့ ကျွန်တော်ရယ်၊ လ/ထထောင်မှူး မောင်စိုး ရယ်၊ တပ်ကြပ်ကြီးအုန်းဖေရယ်၊ တပ်သားကံလွင်ရယ် အထူးအမြန်ရထားနဲ့ ရန်ကုန်ကို ထွက်ခဲ့ကြရပါတယ်။

♦ ♦ ♦

( ၃ )

ဝန်ဆောင်တပ်ရင်းအတွက် လက်နက်ခဲယမ်းတွေ ထုတ်ဖို့၊ ရုံးကိစ္စများ ဆောင်ရွက်ဖို့ မြစ်ကြီးနားဘူတာကြီးကနေ ၁-၂-၁၉၉၃ ရက်နေ့ နံနက်ပိုင်းမှာ အထူးအမြန်နဲ့ စတင်ထွက်ခဲ့ကြပါပြီ။ ဝန်ဆောင်တပ်ရင်းရောက်တဲ့နေ့ကတည်းက နားချိန်ဆိုတာမရှိသလောက် ပင်ပန်းခဲ့ကြတာမို့ ရထားကြီးပေါ်မှာ ရှုခင်းတွေ ကြည့်လိုက်၊ မုန့်တွေဝယ်စားလိုက်၊ အိပ်လိုက်နဲ့ အပန်းဖြေအနားယူဖို့ ထွက်လာ သလိုပါပဲ။ ၂-၂-၁၉၉၃ ရက်နေ့ ၀၇း၃၀ နာရီမှာ မန္တလေးမြို့ကိုရောက်၊ ရန်ကုန်ဆက်သွားဖို့ လက်မှတ်လဲလှယ်၊ နန်းတွင်းထဲမှာရှိတဲ့ မန္တလေးညွှန်မှူးရုံးကို စာတွေသွားပို့၊ ၁၈း၃၀ နာရီကျတော့ ရန်ကုန်ကို ဆက်လက်ချီတက်ကြပြန်ပါ တယ်။ ရန်ကုန်ကို ၃-၂-၁၉၉၃ ရက်နေ့ ၁၁ နာရီရောက် ရိပ်သာမှာတည်း၊ ရုံးချုပ် ချက်ချင်းသတင်းပို့ပေါ့။ နောက်ရက်တွေ ရုံးချုပ်သွားစုံစမ်းတော့ ဒုညွှန်ချုပ်

ဆီက စာတွေပြန်မကျသေးဘူးတဲ့။ ကြိုတင်ပြင်ဆင်မှုအနေနဲ့ လက်နက် ခဲယမ်းတွေ ထည့်ယူဖို့ အင်းစိန် ဗဟိုအကျဉ်းထောင်အလုပ်ရုံမှာ သေတ္တာပုံးရိုက်ဖို့ ဗဟိုကင်းကတစ်ဆင့် တင်ပြထားလိုက်ပါတယ်။ ၉-၂-၁၉၉၃ ရက်နေ့မှာ လက်နက်ခဲယမ်းတွေ ထုတ်ခွင့်ရပါတယ်။

အဲဒီအချိန်က ရထားလက်မှတ်တွေ တအားကို ခက်လှပါတယ်။ ၁၀-၂-၁၉၉၃ ရက်နေ့ ဝ၄း၀၀ နာရီမှာ ကျွန်တော်နဲ့ ကံလွင်တို့ ရန်ကုန်ဘူတာကြီးမှာ ရထားလက်မှတ်တန်းစီကြတာ လူများလွန်းလို့မရပါဘူး။ ၁၁-၂-၁၉၉၃ ရက်နေ့ မနက်အစောကြီး ဝ၂း၃၀ နာရီမှာ ကျွန်တော်နဲ့ လ/ထထောင်မှူး မောင်စိုးတို့ ရထားလက်မှတ်တန်းစီကြပြန်ပါတယ်။ အစောကြီး တန်းစီတာတောင် နောက်ကျနေတာမို့ မရပြန်ပါဘူး။ ၁၂-၂-၁၉၉၃ ရက်နေ့ ညနေ ၅ နာရီထွက်မဲ့ ရထားကိုပဲ မန္တလေးထိဝယ်လိုက်ရပါတယ်။ ကျွန်တော်တို့လိုချင်တာက ရန်ကုန်-မြစ်ကြီးနား တိုက်ရိုက်ကိုပါ။ ဒါဆို မန္တလေးမှာ လက်မှတ်လေး လဲလိုက်ရုံပါ။ ခုတော့ မန္တလေး-မြစ်ကြီးနား လက်မှတ်က ပိုခက်တော့ စိတ်ပျက်ရဦးမယ် ထင်ပါတယ်။

၁၂-၂-၁၉၉၃ ရက်နေ့ နံနက်စောစော လက်နက်ခဲယမ်းတွေထုတ်၊ အင်းစိန်ထောင် အလုပ်ရုံကလုပ်ပေးတဲ့ သစ်သားသေတ္တာပုံးထဲ စနစ်တကျ ထည့်ကြပါတယ်။ လက်နက်သေတ္တာပုံးက လေးပေခွဲ၊ ၂ ပေ၊ ၁ ပေခွဲခန့်အရွယ်ရှိတဲ့ သစ်သားသေတ္တာပုံးပါ။ မျက်လုံးထဲမှာ မြင်ယောင်ကြည့်ကြပါတော့။ ကလေးငယ် အလောင်းထည့်ဖို့လုပ်ထားတဲ့ အခေါင်းတလား ပုံစံဖြစ်နေပါတယ်။ အင်းစိန်ထောင်ဗဟိုကင်းမှာ ရယ်စရာတွေပြောဖြစ်ကြပါသေးတယ်။

ညနေ ၁၄း၁၅ နာရီခန့်မှာတော့ ရန်ကုန်ဘူတာကြီးကို ထွက်ခဲ့ပါတယ်။ တကယ်တော့ လက်နက်ခဲယမ်းတွေ သယ်တာမှာ တပ်မတော်ရဲ့လမ်းကြောင်း အသိအမှတ်ပြု ခွင့်ပြုချက် စာရွက်စာတမ်းတွေ လိုပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကို ရုံးချုပ်က တာဝန်ရှိကြသူ မည်သူကမှ ဘာမှ မညွှန်ကြားသလို အင်းစိန်ထောင်ပိုင်ကြီးကလည်း ဘာမှမပြောတော့ ကျွန်တော်လည်း ဘယ်သူ့မှ မမေးတော့ဘဲ ဘူတာကြီးကို သယ်ခဲ့ပါတော့တယ်။ ဘူတာရောက်တော့ ယူနီဖောင်းလေးကောက်ဝတ် ရုံပိုင်ချုပ်ကိုဝင်တွေ့ပြီး . . .

"လက်နက်ခဲယမ်းသေတ္တာကို ကျွန်တော်တို့ ဝန်ထမ်းများနဲ့အတူ သယ်ဆောင်ခွင့်ပြုပါ"

လို့ တင်ပြပါတယ်။ ကျွန်တော်တို့စီးမဲ့ရထားက အမြန်ရထားတွဲထဲမှာ ခရီးဆောင်အိတ်ကလွဲလို့ ဘာမှမတင်ရပါဘူး။ သေတ္တာတွေ အထုပ်ကြီးတာတွေကို အမြန်ရထားမှာ ပူးတွဲပါတဲ့ ကုန်ပစ္စည်းတွဲမှာ တင်ရပါတယ်။ ပစ္စည်းတွေပေါင်ချိန်ချိန်ပြီး သတ်မှတ်ကျသင့်ငွေ ပေးရတာပါ။ ပြဿနာက စပါပြီ။

"လက်နက်ခဲယမ်းတွေကို လူစီးတွဲထဲတင်လို့ ဘယ်ဖြစ်မလဲ လူစီးတွဲထဲ လူနဲ့အတူ ပါစေချင်ရင် အထူးအမြန်မစီးဘဲ စာပို့ရထားစီးပါ"တဲ့။

စာပို့ရထားဆိုတာ ဘူတာတိုင်းမှာရပ် ပစ္စည်းချ၊ ပစ္စည်းတင် အမြန်ရထားနဲ့ ရင်ဆိုင်တွေ့ရင်ရှောက်နေတဲ့ ဘူတာမှာရပ်ထား အကြာကြီးစီးရတာပါ။ ထပ်တင်ပြကြည့်ပါတယ်။

"ဒါဆိုလည်း ပစ္စည်းတင်တဲ့တွဲမှာ တင်ပါရစေ"

လို့ ရိုရိုသေသေ လေးလေးစားစား ပြောရပါတယ်။

"ဘယ်ရမလဲ ကောင်လေးရာ၊ လမ်းခရီးမှာ ပေါက်ကွဲကုန်ရင် ဘယ်သူတာဝန်ယူမလဲ၊ ရထားတွဲတိမ်းမှောက်လို့ ပျက်စီးပျောက်ဆုံးကုန်ရင် ဘယ်လိုလုပ်မှာလဲ၊ အမြန်ရထားမစီးဘဲ စာပို့ရထားကိုသာ စီးလိုက်ပါ"တဲ့။

ထပ်ပြောနေလည်းမထူးနိုင်တာမို့ ရုံပိုင်ချုပ်ရုံးခန်းထဲက ပြန်ထွက်ပြီး ရထားစကြိန်မှာ အကြံထုတ်နေမိပါတယ်။ ကျွန်တော်က အရာရှိငယ်လေး ဘယ်ကမှဘာမှ မရဖူးသူ၊ လစာလေးပဲရှိတာမို့ ငွေပိုငွေလျှံကမရှိ၊ ရန်ကုန်လာဖို့တောင်မိန်းမမှာ ရှိတာလေး အကုန်နီးပါးယူလာ၊ မိန်းမတော့ချွေတာပြီးသာ သုံးကွာလို့ပြောခဲ့၊ လက်နက်ထုတ်အဖွဲ့မှာကလည်း ကျွန်တော်က ရာထူးအကြီးဆုံး၊ လက်ဖက်ရည်၊ ထမင်း၊ မုန့်ပဲသွားရည်စာ ကျွန်တော်ပဲ ကျခံရတာမို့ အမြန်ရထားလက်မှတ်ဖိုးက အဆုံးမခံနိုင်၊ တော်တော်ကို ဘေးကြပ်နံကြပ်ဖြစ်ရပါတယ်။ ကိုယ့်ဘာသာ စဉ်းစား၊ ကိုယ့်ဘာသာပဲ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။ ပစ္စည်းတင်တွဲမှာပဲ တင်မယ်၊ ရုံပိုင်ကိုလည်း မပြောတော့ဘူး။ သူလည်း သိနိုင်တာမှမဟုတ်ဘဲ၊ အလုပ်သမားတွေကလည်း သေတ္တာထဲဘာတွေပါမယ်ဆိုတာ မေးနေမှာ မဟုတ်ပါဘူး။ မေးရင်လည်း တစ်ခုခုဖြေလိုက်မှာပေါ့ ကျွန်တော့်တွက်ကိန်းနဲ့

ကျွန်တော်တော့ အိုကေမှာ စိုပြည်နေပါပြီ။ ကျွန်တော့်ဝန်ထမ်းတွေကိုခေါ်၊ လက်နက်ခဲယမ်း သေတ္တာကြီးကို ပစ္စည်းတင်တဲ့ရထားတွဲထိုးမယ့် နေရာကိုရွှေ့၊ ကျွန်တော်တို့ ရှေ့မှာလည်း ပစ္စည်းမျိုးစုံ၊ သေတ္တာမျိုးစုံ၊ အထုပ်မျိုးစုံရှိနေတာမို့ စိတ်အေး သွားပါပြီ။ အဲဒီပစ္စည်းတွေလည်း တင်ရမှာပဲလေ။ ရထားကလူတွေကိုမေးတော့…

"ခဏနေရင် အလုပ်သမားတွေ လာလိမ့်မယ်၊ ပစ္စည်းရဲ့ အလေးချိန်တွေ ချိန်မယ်၊ ကျသင့်တာပေးချေ။ မန္တလေးရောက်ရင် ရွေးနိုင်ဖို့ ပြေစာလေးပြန်ပေး လိမ့်မယ်"တဲ့။

ကျွန်တော် တွေးထားတာတွေနဲ့ ကွက်တိပါပဲ။ ပညာရှိတို့အတွေးက ပြေးကြည့်တာထက် သေချာတယ်ဆိုတဲ့ စကားလေးသတိရပြီး ငါက အရာရှိလေးပဲ ငါ့အတွေးတွေကလည်း ပညာရှိအတွေးပဲပေါ့လို့ ဘဝင်က မြင့်လိုက်ပါသေးတယ်။ အတွေးတွေအတိုင်း အဆင်ပြေချောမွေ့နေပြီမို့ ဝတ်ထားတဲ့ ယူနီဖောင်းကို ပြန်ချွတ်ပြီး အိတ်ထဲထည့်လိုက်ပါပြီ။ မိနစ် ၂၀ လောက်ကျတော့ ပစ္စည်းတင်ရထားတွဲနေရာမှာ လှုပ်လှုပ်ရှားရှားဖြစ်လာတာတွေ့လို့ ကျွန်တော်လည်း အနားသွားနေလိုက်ပါတယ်။

ကျွန်တော်တို့ရှေ့ကပစ္စည်းတွေကိုစပြီး ကတ္တားတင်၊ ငွေတွက်ပေးချေလုပ်နေကြပါပြီ။ အဲဒီမှာ ကျွန်တော် လုံးဝထင်မထားတဲ့ အတွေးထဲ လုံးဝမရှိခဲ့တဲ့ တပ်မတော်သားနှစ်ယောက်ရှိနေပြီး ပစ္စည်းတွေကို စစ်နေခြင်းပါ။ သူတို့စစ်ဆေးမေးမြန်းပြီးမှ အလုပ်သမားတွေက ကတ္တားတင်ခြင်းကို ဆောင်ရွက်တာပါ။ အချို့ပစ္စည်းတွေကို ဖြည်ပြ၊ ဖွင့်ပြရတာတွေလည်း တွေ့နေရပါတယ်။ တပ်မတော်သားတွေက BE တပ်ကပါ။ ပေါက်ကွဲနိုင်တဲ့ပစ္စည်းတွေ ပါ၊မပါ စစ်ဆေးကြတာပါ။ ပြဿနာအကြီးအကျယ် စပါပြီ။

ဇောချွေးတွေလည်း နဖူးကနေ တတောက်တောက်ကျလာပါပြီ။ ကျွန်တော်တို့သေတ္တာထဲမှာ ကလက်နက်ခဲယမ်းတွေ၊ စက်ကလေးသေနတ်၊ ရိုင်ဖယ်သေနတ်တွေ ပြောင်းချောဂရင်နာ သေနတ်တွေ၊ စတင်းဂန်းတွေ၊ ခြောက်လုံးပြူးတွေ၊ အဲဒီလက်နက်တွေနဲ့ သက်ဆိုင် ဆက်စပ်တဲ့ ကျည်ဆန်တွေ၊ လုံ့ခွပ်ဘက်နက်တွေ၊ လွယ်ကြိုးတွေ၊ အထူး ကန့်သတ်ပစ္စည်းတွေချည်းပါပဲ။ BE က တပ်မတော်သားတွေက ရှာနေတာကလည်း ဒီလိုမျိုးပစ္စည်းတွေမို့ ကွက်တိပါပဲ။

ရှေ့မှာဖော်ပြခဲ့တဲ့ "ပညာရှိအတွေး ပြေးကြည့်တာထက်မှန်တယ်" ဆိုတာမှာ "ကျွန်တော်က ပညာရှိမှ မဟုတ်တာ"လို့ အမှန်အတိုင်းပြန်မြင်လာပါပြီ။ ဒီပစ္စည်းတွေသယ်ဖို့ လမ်းကြောင်းခွင့်ပြုမိန့်ကမရှိ၊ ရုံပိုင်ချုပ်ကိုယ်တိုင်က ခွင့်မပြုကြောင်း အတိအလင်းပြောပြီးသား၊ တွေ့သွားလို့ကတော့ လက်ထိပ်တန်းခတ်မှာကတော့ အသေအချာပါပဲ။ နောင်မှ ရှင်းလို့ရရင် ရှင်းပေတော့ပေါ့။ ယူနီဖောင်းလေး ပြန့်ဝတ်၊ ရှူးဖိနပ်ဝတ်၊ ပိကက်ပါဆောင်းတော့ အဖွဲ့က···

"ဘာလို့ ပြန့်ဝတ်နေတာလဲ၊ ပေါ့ပေါ့ပါးပါးနေစမ်းပါ ဆရာရယ်"

လို့ ပြောကြပေမဲ့ စိတ်တွေရှုပ်နေတာကြောင့် ဘာမှပြန်မပြောလိုက်တော့ပါဘူး။ လာမယ့်ဘေးပြေးတွေ့ ဟန်ကိုယ့်ဖို့ဆိုတာတွေ တွေးပြီး ခေါင်းတလားပုံစံ သေတ္တာဘေးနားနေလိုက်ပါတယ်။ ပစ္စည်းတွေစစ်တာ ကျွန်တော့်သေတ္တာဆီရောက်လာပါပြီ။ တပ်ကြပ်ကြီးအဆင့် ဆရာကြီးက···

"ဗိုလ်လေး ဘာတွေလဲ"

"ကျွန်တော်က ဝန်ဆောင်တပ်ရင်းကပါ"

ဆိုတော့ မျက်နှာအမူအရာ ပြောင်းသွားပါတယ်။ တပ်မတော်မှာလည်း ဝန်တင်တပ်ရင်းဆိုတာရှိတယ်လို့ ကြားဖူးပါတယ်။ ကျွန်တော်တို့ သေတ္တာပေါ်မှာလည်း မြေဖြူခဲနဲ့ "မြစ်ကြီးနားဒေသဝန်ဆောင်တပ်ရင်း"လို့ စာလုံးကြီးနဲ့ ရေးထားတာကို ဖတ်ကြည့်ပြီး တပ်ရင်းတစ်ခုခုကလို့ ထင်သွားပုံရပါတယ်။

"ဘာတွေလဲ ဗိုလ်လေး"

လို့မေးတော့···

"ဝန်ဆောင်တပ်ရင်းအသစ်ဖွင့်လို့ ပစ္စည်းတွေထုတ်လာတာပါဆရာကြီး၊ လက်နှိပ်စက်တွေ၊ ရုံးသုံးပစ္စည်းတွေ၊ စာရွက်ထုပ်တွေအစုံပါပဲ ဆရာကြီးရာ"

အဲဒီအချိန်မှာပဲ ဟိုဘက်ခြမ်းမှာ ပစ္စည်းတွေစစ်နေတဲ့ ဒုတပ်ကြပ်က···

"ဆရာကြီးရေ ဒီပစ္စည်းတွေလာကြည့်ပါဦး"

လို့ လှမ်းအပြောမှာ ကျွန်တော်တို့ကိုလည်း တပ်တစ်ခုခုကလို့ ထင်သလားမသိပါဘူး။ အဲဒီကာလက လေတပ်ယူနီဖောင်းကလည်း ကျွန်တော်တို့လို ကာကီရောင်ပါ။

"ရပါပြီဆရာ၊ သေတ္တာဖွင့်မနေပါနဲ့တော့"

လို့ပြောပြီး သူ့တပည့် ဒုတပ်ကြပ်ရှိရာဘက်ကို ထွက်သွားလိုက်ပါတယ်။ ကျွန်တော်လည်း အလုံးအကြီးကြီးကျသွားပါပြီ။ ပျော်လိုက်တာ အပျော်ဆုံးနေ့ သုံးနေ့ရှိတဲ့အထဲက ကြုံခဲ့ဖူးသော "မိန်းမရတဲ့နေ့"က အပျော်ထက် အဆများစွာ ပိုပျော်ခဲ့ရတဲ့ နေ့တစ်နေ့အဖြစ် မှတ်တမ်းတင်လိုက်မိပါတော့တယ်။

♦ ♦ ♦

## ( ၄ )

၁၂-၂-၁၉၉၃ ရက်နေ့ ညနေ ၅ နာရီမှာတော့ မဟာရန်ကုန်မြို့တော် ဘူတာကြီးကနေ စတင်ထွက်ခွာပြီး ပြန်ခဲ့ကြပါပြီ။ အပြန်မှာ တပ်ကြပ်ကြီး အုန်းဖေရဲ့ ဇနီး၊ သားနဲ့ ချွေးမတို့လည်း ပါလာခဲ့ကြပါတယ်။ ရထားစီးရင်း လက်နက်ခဲယမ်းကိုစွပြန်တွေးရင်း လမ်းကြောင်းခွင့်ပြုချက် မတောင်း၊ ဘာမှ မတောင်းဘဲ ဖွတ်တရွတ်လုပ်ခဲ့မိတာအတွက် နောင်တရစိတ်ဖြစ်ခဲ့မိပါတယ်။ ကံကောင်းလို့ လက်ထိပ်တန်းလန်းနဲ့ အချုပ်ခန်းထဲရောက်တော့မလို့ပါလား။ ၁၃-၂-၁၉၉၃ ရက်နေ့ မနက်စောစောမှာတော့ မန္တလေးရွှေမြို့တော်ကြီးကို ရောက်ခဲ့ပါပြီ။ မြစ်ကြီးနားကို ခရီးဆက်ဖို့အတွက် ရုံပိုင်ချုပ်ကို ဝင်တွေ့တော့ အထူးအမြန်ရထား လက်မှတ်မရပေမဲ့ ဒုတိယအမြန်ရထားလက်မှတ်တော့ ရခဲ့ပါ တယ်။ ရန်ကုန်ဘူတာကြီးမှာလို သည်းထိတ်ရင်ဖိုကိစ္စတွေ ထပ်မဖြစ်အောင်၊ ကံတွေပိုကောင်းအောင်လို့ မန္တလေးမဟာမြတ်မုနိဘုရားကြီးကို သွားပြီး ဦးခိုက်၊ ရွှေသင်္ကန်းကပ် လုပ်လိုက်ပါတယ်။

ဒါပေမဲ့ ကိစ္စလေးတစ်ခုပေါ်လာပြန်ပါတယ်။ မန္တလေးဘူတာကြီးမှာ ခေါင်းတလားပုံစံ လက်နက်ခဲယမ်းသေတ္တာက ခရီးသွားပြည်သူတွေကို စိတ်ကသိကအောက်ဖြစ်စေတဲ့သဘော တွေ့နေရပါတယ်။ ရန်ကုန်ဘူတာကြီးတုန်းက သေတ္တာကို စကြ်န်ထဲသွင်းတာ မဟုတ်ပဲ Luggage တွဲနေရာမှာ ထားလိုက်တာမို့ ဘယ်သူမှ သတိမထားမိလိုက်ကြပါဘူး။ မန္တလေး-မြစ်ကြီးနားရထားမှာတော့ Luggage တွဲထဲရော လူစီးတွဲတွေမှာရော တင်ကြရတာပါ။ တစ်ခါတလေ အိမ်သာထဲတောင် ပစ္စည်းတွေပြည့်နေတတ်လို့ အပေါ့အပါးကိစ္စတွေအတွက်

ခက်ခဲတတ်ကြပါတယ်။ ဒီတော့ ကျွန်တော်တို့ရဲ့ ခေါင်းတလားပုံသဏ္ဍာန် သေတ္တာကြီးကို စကြိန့်ထဲသွင်း၊ ကျွန်တော်တို့စီးမဲ့ တွဲဆိုင်းနေရာကို ခန့်မှန်းပြီး အဲဒီနေရာမှာထား ကျွန်တော်တို့က သေတ္တာဘေးမှာပေါ့။ စကြိန့်ထဲဝင်လာကြတဲ့ ခရီးသည်တွေထဲက သေတ္တာကြီးကိုမြင်လိုက်ရသူတိုင်း နောက်တွန့်မျက်နှာပျက်ပြီး ဝေးဝေးက ရှောင်ကွင်းသွားကြပါတယ်။ အဲလို ခရီးသည်တွေများလာတော့ မဖြစ်ချေဘူး၊ ခေါင်းတလားလို့ မထင်ရအောင် အချို့သေတ္တာပေါ်တက်ထိုင်ကြလို့ ပြောလိုက်ရပါတယ်။ အဲခါမှ ပိုဆိုးသွားသလိုပါပဲ။ ပထမက သေတ္တာကိုသာ ကြောက်ရွံ့ ရွံ့ရှာတဲ့ မျက်လုံးနဲ့ကြည့်ကြပေမယ့် အခုကျတော့ သေတ္တာပေါ်ထိုင်နေတဲ့ ကျွန်တော်တို့ဝန်ထမ်းတွေကိုပါ ရွံ့ရှာတဲ့မျက်လုံးများနဲ့ ကြည့်သွားကြပါတယ်။ လောကမှာ အကောင်းတွေ၊ အဆိုးတွေ ဒွန်တွဲနေတတ်တဲ့သဘောပါ။ ရထား တွဲဆိုင်းတွေထိုးလာတဲ့အခါ ကျွန်တော်တို့အဖွဲ့က သေတ္တာကြီးကို ဝိုင်းမပြီး တင်ကြတာပေါ့။ သေတ္တာကြီးကိုကြည့်ပြီး ကျွန်တော်တို့တက်တဲ့အပေါက်က မတက်ကြဘဲ အခြားအပေါက်က သွားတက်ကြတာမို့ ရှင်းရှင်းလင်းလင်း တင်ခွင့်ရခဲ့ပါတယ်။ အခြားအပေါက်တွေရော ပြတင်းပေါက်တွေရော ပစ္စည်းတွေတင်ကြတာ အလုအယက်ပါပဲ။ ကျွန်တော်တို့ခုံအမှတ်တွေက ရထားတွဲထိပ်မှာမို့ ထိပ်ဘက်ခုံတွေကြား ထားလိုက်ပါတယ်။

အဲဒီကာလ မန္တလေး-မြစ်ကြီးနား ရထားစီးဖူးသူတိုင်းကတော့ သိကြမှာပါ။ ထိုင်ခုံနဲ့ရော ထိုင်ခုံမပါ ရောရောင်းပေးတာမို့ ခုံရသူတွေက ဖြည်းဖြည်းတက်ပြီး အေးအေးဆေးဆေး မိမိခုံမိမိ ထိုင်နိုင်ကြပေမဲ့ ထိုင်ခုံမဲ့တွေကတော့ အလုအယက် တက်ကြ၊ ထိုင်ခုံတွေအကြား ပစ္စည်းတွေ အလုအယက်ထားကြတာပေါ့။ အဲဒီမှာ အဆိုးထဲက အကောင်းဖြစ်လာပါပြီ။ ကျွန်တော်တို့ဘက်ကို နေရာဦးချင်သူတိုင်း သေတ္တာကြီးမြင်တာနဲ့ တွန့်သွားပြီး နောက်ပြန်ဆုတ်သွားကြတာချည်းပါပဲ။ မန္တလေး-မြစ်ကြီးနားရထား တအားကို ကြပ်တာလို့ ပြောကြသူတွေအတွက် ကျွန်တော်တို့အဖွဲ့က ရယ်စရာဟာသပြောတတ်သူတွေလို့သာ ပြောရတော့မှာပါ။ ကျွန်တော်တို့ နေရာတစ်ဝိုက်ကတော့ ချောင်ချိနေတာမှ ဟိုတုန်းက ရန်ကုန် ဘတ်စ်ကားစပယ်ရာတွေပြောသလို အငြိမ့်ကလို့၊ လက်ဝှေ့ထိုးလို့၊ ဘောလုံး ကန်လို့တောင် ရနေပါတယ်။ အိမ်သာကိစ္စကလည်း တစ်တွဲလုံးက ခရီးသည် အားလုံးက ကျွန်တော်တို့ဘက်ကအိမ်သာကိုမသုံးကြဘဲ ဟိုဘက်ခြမ်းက အိမ်သာ

ဆီကိုသာသွားကြတာမို့ ကျွန်တော်တို့အဖွဲ့က ရိုးရိုးတန်းတွဲမှာ အထက်တန်းနေရာလေး ရထားသလိုဖြစ်နေပါတယ်။ ညပိုင်းကျတော့လည်း သေတ္တာပေါ်တစ်ယောက်အိပ်၊ ခုံတွေအောက်အိပ်၊ ခုံပေါ်အိပ် အားလုံးဇိမ်ပါပဲ။ ရထားက ၁၆း၀၀ နာရီထွက်ရမယ်ထင်ပါတယ်။ ဒါပေမဲ့ ၂၀း၀၀ နာရီမှ ထွက်ဖြစ်ပါတယ်။

၁၄-၂-၁၉၉၃ ရက်နေ့ ၁၀ နာရီလောက် မြစ်ကြီးနားရောက်ရမှာ နောက်အကျဆုံး ၁၄း၀၀ နာရီလောက် ရောက်ရမှာဖြစ်ပေမဲ့ မရောက်ခဲ့ပါဘူး။ ၁၅-၂-၁၉၉၃ ရက်နေ့ ၀၂း၀၀ နာရီမှပဲ မြစ်ကြီးနားဘူတာကို ရောက်ခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့စခန်းမှာ ကားမရှိသေးပါဘူး။ မြစ်ကြီးနားထောင်က ကားက လာကြိုပေးပါတယ်။ ကျွန်တော်တို့မှာ ဗဟိုကင်းလည်းမရှိသေးတာမို့ လက်နက်ခဲယမ်းတွေကို မြစ်ကြီးနားထောင်မှာပဲ ခေတ္တ အပ်နှံထားခဲ့ရပါတယ်။ အဲဒီအချိန်က မြစ်ကြီးနားထောင်မှာ ထောင်ပိုင်ကြီး ဦးသောင်းလွင်က တာဝန်ခံအရာရှိပါ။ နောက်ရက်မှာ ရုံးပြန်တက်ပြီး လေ့လာကြည့်တော့ ရက်သတ္တနှစ်ပတ်တာကာလအတွင်း ဝန်ဆောင်တပ်ရင်း ဆောက်လုပ်မဲ့နေရာက ခြုံနွယ်ပိတ်ပေါင်းများစွာရှိနေခဲ့ရာက ရှင်းရှင်းလင်းလင်းဖြစ်နေလို့ အံ့သြရပါတယ်။

ကျွန်တော်တို့အဖွဲ့ အင်းစိန်ကို လက်နက်ထုတ်သွားနေစဉ်အတွင်း ကျန်ခဲ့တဲ့ထောင်ပိုင်ကြီး ဦးလှကြည်ရဲ့ ကွပ်ကဲမှုအောက်မှာ ဝန်ထမ်းအဆင့်ဆင့်နဲ့ ဝန်ဆောင်တပ်သားတွေအားလုံး စည်းစည်းလုံးလုံး မခိုမကပ် အားတွေ အကုန်ထုတ်ဆောင်ရွက်ခဲ့ကြတယ်ဆိုတာကတော့ ဘယ်သူ့မှ မေးစရာမလိုအောင် မြင်ကွင်းကသက်သေခံနေပါပြီ။ ဝန်ဆောင်တပ်ရင်းဆောက်လုပ်ဖို့ ပြည်ထဲရေးက ဘတ်ဂျက်ချပေးတာမှာ တပ်ရင်းတာဝန်ခံအရာရှိက အဲဒီငွေကိုကိုင်ပြီး ကိုယ်တိုင် ဆောက်ချင်ဆောက်၊ ဒါမှမဟုတ် (မပခ)မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုအပ်ပြီး သူတို့စီမံမှုနဲ့ ဆောက်ချင်ဆောက် နှစ်မျိုးအနက် တစ်ခုကိုရွေးရမှာပါ။ တပ်ရင်းတာဝန်ခံအရာရှိဖြစ်တဲ့ ထောင်ပိုင်ကြီး ဦးလှကြည်ကတော့ ငွေကို လုံးဝကိုင်မထားဘဲ'မပခ' ကို အပ်လိုက်တာပါ။ ထောင်ပိုင်ကြီးက လူကအေးအေး၊ စကားပြောအေးအေး၊ စိတ်အေးအေးနေချင်သူပါ။ ငွေတွေကိုင်ပြီး ပိုလာတဲ့ငွေကို ယူလိုတဲ့ဆန္ဒလည်းမရှိသူမို့ ဒီလိုပဲ စီစဉ်လိုက်တာပါ။ ဒါလည်းကောင်းသွား ပါတယ်။ ကျွန်တော်တို့က နယ်မြေလည်းမကျွမ်း၊ အသိမိတ်ဆွေတွေလည်း မရှိသေး၊

ဝါးတွေခုတ်ဖို့ ရဲဘက်တွေကို တောထဲလွှတ်ရင်လည်း KIA တွေနဲ့တွေ့ရင် ဒုက္ခအခက်အခဲတွေ အများကြီးတွေ့မှာပါ။ 'မပခ'ကို လွှဲလိုက်တော့ ဘယ်လို စီစဉ်လိုက်တယ်မသိဘူး။ ဝါးတွေတင်လာတဲ့ကားတွေ တစ်စီးပြီးတစ်စီး ဝင်လာ တော့တာပါပဲ။

တပ်မတော်စစ်အင်ဂျင်နီယာတပ်က (ပ)အရာခံဆရာကြီးတစ်ယောက်က လာရောက်ပြီး ဘာလုပ်၊ ညာလုပ်ဆိုပြီး စီမံတာကို ကျွန်တော်တို့က ရဲဘက် လုပ်အားတွေနဲ့ ဆောင်ရွက်ကြရတာပါ။ ကျွန်တော်တို့က ရဲဘက်တွေကို ကြီးကြပ် ပြီး ဆောက်လုပ်ကြရတာပါ။ ပထမအဆင့်က ယာယီဘာရှာလို့ခေါ်တဲ့ မျောတိုင် စိုက်၊ သက်ကယ်မိုး၊ ထရံကာ အဆောက်အအုံတွေ ဆောက်တာပါ။ နောင်မှ မြဲဝက်လို့ခေါ်တဲ့ ယာယီဘာရှာထက် နည်းနည်းပိုကောင်းတဲ့ အဆောက်အအုံ တွေကို ဆက်ဆောက်ရမှာပါ။ ကျွန်တော်တို့နေဖို့ အဆောက်အအုံတွေက မပြီး သေးတာမို့ မြစ်-ဆွမ်စခန်းကနေပဲ နှစ်မိုင်နီးပါးကိုလမ်းလျှောက်ပြီး အနေအထိုင်၊ အစားအသောက် ဆင်းရဲပေမဲ့ ပျော်ပျော်ပါးပါးလုပ်ခဲ့ကြတဲ့ အဲဒီအချိန်က ဝန်ထမ်း အားလုံးကို သတိရလွမ်းဆွတ်မိနေပါတယ်။

ကျွန်တော့်ရဲ့ နှေစဉ်မှတ်တမ်းလေးထဲက အတူတွဲ တာဝန်ထမ်းဆောင်ခဲ့ သူများကို ဖော်ပြချင်ပါတယ်။ မသက်ဆိုင်သူတွေအတွက် အလကား အပိုတွေ ရေးနေတယ်လို့ ထင်နိုင်ပေမဲ့ သက်ဆိုင်သူတွေဖတ်မိကြရင် ဝမ်းသာကြည်နူး ကြမှာပါ။ အတူလက်တွဲ တာဝန်ထမ်းဆောင်ခဲ့ကြသူများကတော့···

(၁) ထောင်ပိုင်ကြီး ဦးလှကြည်
(၂) က၂၈၅၄ ထောင်မှူးကျော်လွင်
(၃) ထောင်မှူးစောလှိုင်
(၄) က၂၈၈၄ ထောင်မှူး ခင်မောင်ထွန်း
(၅) က၈၈၇၇ တပ်ကြပ်ကြီးစိန်ဝင်း
(၆) က၈၂၀၆ တပ်ကြပ်ကြီးကျော်ဝင်း
(၇) က၈၀၅၀ တပ်ကြပ်ကြီးသိန်းမြင့်
(၈) က၈၃၁၅ တပ်ကြပ်ခေါင်လွန်း
(၉) က၁၃၅၄၄ ဒုတပ်ကြပ်အောင်ထွေး
(၁၀) က၁၂၃၄၆ ဒုတပ်ကြပ်ခင်မောင်ထွန်း

(၁၁) ကာ၁၃၂၀၈ ဒုတပ်ကြပ်မြင့်စိုး
(၁၂) ကာ၁၅၈၃၅ တပ်သားနိုင်လင်း
(၁၃) ကာ၁၇၀၃၂ တပ်သားထွန်းမြင့်
(၁၄) ကာ၁၃၀၇၄ တပ်သားတင်ထွန်း
(၁၅) ကာ၁၉၁၄၆ တပ်သားအေးထွန်း
(၁၆) ကာ၁၂၁၇၄ တပ်သားမြင့်အောင်
(၁၇) ကာ၁၇၀၃၆ တပ်သားတင်ဝင်း
(၁၈) ကာ၁၅၀၄၃ တပ်သားအေးသိန်း
(၁၉) ကာ၁၉၅၆၆ တပ်သားရဲထွဋ်
(၂၀) ကာ၁၉၉၀၂ တပ်သားလှဝင်း
(၂၁) ကာ၁၉၅၇၀ တပ်သားဝင်းနိုင်

ဒါက ဝန်ဆောင်တပ်ရင်းစတည်ကာစ ကျွန်တော့်မှတ်တမ်းထဲ မှတ်ထားမိသမျှပါ။ နောက်ပိုင်းတော့ ထောင်မှူးကြီးဦးလှမြင့် (ဦးစီးအဆင့်နဲ့ ပင်စင်ယူကွယ်လွန်)၊ ထောင်မှူး ကိုအေးဝင်း (ယခုပင်စင်)၊ တပ်ကြပ်ကြီး မောင်ညိုတို့နဲ့လည်း တွဲခဲ့ကြရပါတယ်။ ဝန်ဆောင်တပ်ရင်းအကြောင်းရေးနေပေမဲ့ ဝန်ဆောင်တပ်ရင်းနဲ့ပတ်သက်တဲ့ အကြောင်းလေးတွေကို မှတ်မိသမျှ၊ မှတ်ထားသမျှလေးတွေကို မဖော်ပြရသေးလို့ ဖော်ပြပေးပါမယ်။

ဟိုယခင် တပ်မတော်က စစ်ဆင်ရေးကိစ္စရပ်များ၊ ရိက္ခာပို့ကိစ္စရပ်များအတွက် ဒေသခံပြည်သူတွေကို စစ်ဆင်ရေးဝန်ထမ်း(ပေါ်တာ)များအဖြစ် ခေါ်ဆောင်ခဲ့ကြရာမှာ ပြည်သူတို့ရဲ့ ငြိုငြင်မကျေနပ်မှုများ၊ စည်းရုံးရေးပျက်ပြားမှုများ ဖြစ်ပေါ်ခဲ့သည်များကို ပပျောက်စေဖို့အတွက် ပြစ်ဒဏ်ကျ အကျဉ်းသားများကို စစ်ဆင်ရေးအလုပ်သမား(ပေါ်တာ)များနေရာမှာ အစားထိုးနိုင်ဖို့ ဖွဲ့စည်းခဲ့ခြင်းလို့ သိထားရပါတယ်။ ထောင်တွေမှာအကြီးဆုံးက အကျဉ်းထောင်တာဝန်ခံအရာရှိ၊ စခန်းမှာအကြီးဆုံးကို စခန်းတာဝန်ခံလို့ ခေါ်ဝေါ်ပေမဲ့ ဝန်ဆောင်တပ်ရင်းကျတော့ အကြီးဆုံးကို တပ်ရင်းတာဝန်ခံအရာရှိလို့ သုံးနှုန်းပါတယ်။ ကျောက်ထုတ်စခန်းမှာ အကျဉ်းသားကို 'ရဲဘက်'၊ ဘဝသစ်စိုက်ပျိုးရေးစခန်းကျတော့ အကျဉ်းသားကို 'လုပ်အားရှင်'တဲ့၊ ဝန်ဆောင်တပ်ရင်းကျတော့ အကျဉ်းသားကို 'ဝန်ဆောင်

တပ်သား'လို့ ခေါ်ပြန်ပါတယ်။ ဝန်ဆောင်တပ်သားတွေ ရှေ့တန်း စစ်ဆင်ရေး တာဝန်တွေလိုက်ပါ ပို့ဆောင်ရတဲ့အခါ ခံစားခွင့်ပေးထားတာတွေကတော့...

(၁) အထူးစစ်ဆင်ရေး (Major operation) တာဝန်တစ်ကြိမ် အချိန်ပြည့် တာဝန်ထမ်းဆောင်ရပါက ကျခံရန်ကျန်ရှိသည့်ပြစ်ဒဏ်ကာလ၏ သုံးပုံတစ်ပုံကို နိုင်ငံတော် အစိုးရပေး အထူးလျှော့ရက် အဖြစ်ခံစားခွင့်။

(၂) ဒေသန္တရစစ်ဆင်ရေး (Local Operation) တစ်ကြိမ် အချိန်ပြည့်တာဝန် ထမ်းဆောင်ရပါက စစ်ဆင်ရေးကာလ၏ထက်ဝက်ကို နိုင်ငံတော်အစိုးရပေး အထူးလျှော့ရက်အဖြစ်ခံစားခွင့်။

(၃) ရှေ့တန်းစစ်ဆင်ရေးဒေသသို့ ရိက္ခာနှင့် လက်နက်ခဲယမ်းများ ပုတ်ပြတ် စနစ်ဖြင့် ပို့ဆောင်ပေးရပါက တစ်ကြိမ် အချိန်ပြည့်တာဝန်ထမ်းဆောင်ရခြင်း အတွက် နိုင်ငံတော်အစိုးရပေး အထူးလျှော့ရက် ၁၀ ရက်နှုန်း ခံစားခွင့်တို့ ဖြစ်ပါတယ်။

စစ်ဆင်ရေးမှာ သေဆုံးခဲ့ရင် လျော်ကြေးငွေဘယ်လောက်၊ ကိုယ်အင်္ဂါမသန် စွမ်းဖြစ်ခဲ့ရင်လည်း ဆုံးရှုံးမှုရာခိုင်နှုန်းအလိုက် လျော်ကြေးငွေ ဘယ်လောက်ဆိုတာ အတိအကျ သတ်မှတ်ထားပါတယ်။ ဒဏ်ရာရရှိခဲ့ရင် တပ်မတော်စစ်ဆေးရုံမှာ တက်ရောက် ကုသခွင့်လည်းရှိတယ်လို့ လုပ်ထုံးလုပ်နည်းမှာ ဖော်ပြထားကြောင်း ဖတ်ထားဖူးပါတယ်။

◆ ◆ ◆

## ( ၅ )

ရှေ့မှာ ဖော်ပြခဲ့တဲ့ လက်တွဲဖော်အရာရှိ အခြားအဆင့်တွေက ဝန်ဆောင် တပ်ရင်းအစမှာရောက်ရှိ တာဝန်ထမ်းကြသူတွေပါ။ နောက်ပိုင်း တဖွဲဖွဲရောက်ရှိ လာကြတာတဲ့ ဝန်ထမ်းတွေလည်း ရှိပါတယ်။ အဲဒီကာလက ကချင်ပြည်နယ် လမ်းများ တိုးချဲ့ဖောက်လုပ်ရေးမှာ မြစ်ကြီးနား-ရွှေဘိုလမ်း၊ မြစ်ကြီးနား- ဆွမ်ပရာဘွမ်လမ်း၊ ချီဖွေ-ဝိုင်းမော် လမ်းဆိုပြီး လမ်းသုံးလမ်းရှိပေမဲ့ လမ်းတွေ ချည်း လုပ်နေရတာမဟုတ်ပါဘူး။ မြို့နယ်စည်ပင်နဲ့လည်း တွဲပြီးလုပ်ကြရပါ

တယ်။ ရဲဘက်တစ်ဦး လုပ်အားခ(ထိုစဉ်က) ၁၅ ကျပ် ရပါတယ်။ တကယ်ကျတော့ အဲဒီလုပ်အားခတွေနဲ့ပတ်သက်ရင် စည်ပင်တွေ၊ ဆောက်လုပ်ရေးတွေဆီက လုပ်အားခတွေတောင်းရတာ အရှမ်း ခက်ခဲပါတယ်။ ရာထူးကြီးကြီးထဲက ဘယ်သူလည်းတော့ မသိပါဘူး။ နိုင်ငံတော်ဘတ်ဂျက်အတူတူပဲ။ ဟိုဌာနက ဘတ်ဂျက်၊ ဒီဘက်ဌာနဘတ်ဂျက်ထဲ ဝင်တာပဲ။ မပေးနဲ့တော့လို့လည်း ကြားလိုက်မိပါသေးတယ်။ အဲဒီအကြောင်းတွေကိုတော့ ညွှန်ကြားရေးမှူးချုပ်ရုံး စီမံကိန်းဌာနက တပ်ကြပ်ကြီးစာရေး ကိုစိုးသန်းတို့ သိလိမ့်မယ်ထင်တာပါပဲ။ သူက ချီဖွေဝိုင်းမော်ကပါ။ အခု ပင်စင်ယူသွားပါပြီ။ အဲဒီအချိန်က သူက ငွေစာရင်းတွေ ကိုင်နေသူမို့ပါ။

မြို့တွင်းလမ်းတွေ ပြင်ရပါတယ်။ တံတားဆောက်တာမှာ ကူရပါတယ်။ မြစ်ကြီးနားဈေးကြီးကိုလည်း ဆောက်ရပါတယ်။ လက်ရှိဈေးကြီးက ရဲဘက်တွေဆောက်ခဲ့တာပါ။ ရထားလမ်းအတွက် လိုတဲ့ကျောက်အတွက်လည်း ဆားမော်မြွန် သုံးလုံးချောင်းထဲက အာလူးကျောက်တွေ ကောက်ပြီးခွဲပေးခဲ့ရတာပါ။ ကျွန်တော်ကိုယ်တိုင် ရဲဘက်တွေနဲ့ အာလူးကျောက်တွေ ကောက်ခဲ့တာမှာ သုံးမိုင်လောက်မှာ လှမ်းမြင်နေရတဲ့ တောင်ကုန်းက KIA စခန်းလေးတစ်ခုပါ။ ကျွန်တော်တို့ကို ဘာမှ အန္တရာယ်မပေးလို့ ကံကောင်းခဲ့ပါတယ်။ တစ်ခါတလေ ခွဲပြီးကျောက်တွေကို ညလုံးပေါက်နီးပါး ရထားတွဲတွေပေါ် တင်ကြရပါတယ်။ ပြောရရင်တော့ မြို့ထဲမှာ ဘာလုပ်ချင်လုပ်ချင် အကျဉ်းဦးစီးကိုပဲ ခိုင်းပါတယ်။

အဲဒီကာလက မြို့ထဲလမ်းတွေမှာ ခြေကျဉ်းသံတချွမ်ချွမ်နဲ့ ရဲဘက်တွေ သွားလာနေကြတာကို မြို့လူထုက ရိုးသွားပါပြီ။ တစ်ခါတလေ ညသန်းခေါင် မြို့လူထုက အိပ်မောကျနေချိန် ကျွန်တော်တို့ ဝန်ထမ်းတွေနဲ့ ရဲဘက်တွေက လမ်းတွေပြင်၊ သစ်ပင်တွေခုတ်၊ အမြစ်တွေဖော်၊ မိုးလင်းခါနီးမှ အိပ်ဆောင်ထဲ ပြန်သွင်းခဲ့ရတာပါ။ မိုးလင်းလို့ မြို့လူထုတွေ နိုးထလာပြီး လမ်းတွေပေါ် ရောက်လာရင် ပြောင်းလဲမှုက ကြီးမားတာမို့ နတ်တွေဖန်ဆင်းလိုက်ကြသလား အတွေးများနဲ့ အံ့ဩနေကြတာပါ။

"ဟာ...မနေ့က ဒီလိုမဟုတ်ပါဘူး။ ညက ဘယ်သူတွေ လာလုပ်လိုက်ကြတာလဲ"

လို့ ပြောသံတွေ ကြားရပါတယ်။ ကျွန်တော်တို့ အကျဉ်းဦးစီးက ဆောင်ရွက် လိုက်ကြတာကို နီးစပ်သူအချို့ကပဲသိကြတာပါ။ အဲဒီအချိန် ကျွန်တော်နဲ့ ဝန်ထမ်း အချို့ကလည်း အရပ်ဝတ်လေးတွေနဲ့ လက်ဖက်ရည်ဆိုင်ရောက်နေကြပြီး ပြည်သူ တွေ ဘာပြောမလဲဆိုတာလဲ စနည်းနာခဲ့မိလို့ သိရခြင်းပါ။

၁၉၉၃ ခုနှစ် မတ်လအတွင်းမှာ ဝန်ဆောင်တပ်သားတွေနေဖို့ အဆောင်နဲ့ လုံခြုံရေးအတွက် ခြံစည်းရိုးကို အထူး အလေးထားဆောက်လုပ်ကြပါတယ်။ ခြံစည်းရိုးကတော့ ဆူးကြိုးမဟုတ်ပါဘူး။ တပ်မတော်ရှေ့တန်းစခန်းတွေမှာ ကာရံတဲ့ 'ကြာမှောက်ကြာလှန်ပါ'။ 'ကျားမောက်ကျားလန်'လို့ လုပ်ငန်း ပြီးစီးမှုမှာဖော်ပြခဲ့မိတာကြောင့် 'ကြာမှောက်ကြာလှန်'လို့ သုံးစွဲရန် ညွှန်ကြားစာ ထွက်လာခဲ့ဖူးတာကိုလည်း မှတ်မိနေမိပါတယ်။ ဝါးခြမ်းပြားတွေကို အပြင်လှန် အတွင်းလှန် လုပ်ကြတာပါ။

တပ်မတော်ရှေ့တန်းစခန်းတွေမှာတော့ အပြင်ရန်သူက အဓိကမို့ ဝါးခြမ်း ပြားတွေကို အပြင်လှန်လုပ်ကြပေမယ့် အကျဉ်းဦးစီးမှာတော့ အတွင်းရန်၊ အပြင် ရန်မို့ စည်းရိုးနှစ်ထပ်ရှိတဲ့အနက် အပြင်စည်းရိုးမှာ အပြင်လှန်၊ အတွင်းစည်းရိုးမှာ အတွင်းလှန် လုပ်ပါတယ်။ ကျွန်တော် ရေးတတ်သလိုရေးပြတာကို မမြင်ဖူးသူ တွေတော့ မျက်လုံးထဲ ပေါ်ပါ့မလားမသိပါဘူး။ အခု ယာယီဘာရာက ခေတ္တ နေဖို့ပါ။ ဘာရာအဆောက်အအုံဝင်းက ထောင့်မှန်မကျ အနားမညီစတုဂံပုံပါ။ မျက်နှာချင်းဆိုင်အလျားနှစ်ခုမှာ တစ်ဖက်က ၆၀၀ ပေ ကျန်တစ်ဖက်က ၅၉၄ ပေပါ။ မျက်နှာချင်းဆိုင်အနံနှစ်ခုမှာ တစ်ဖက်က ၄၃၅ ပေ၊ ကျန် တစ်ဖက်က ၃၀၀ ပေပါ။ နောင်မှဆောက်မဲ့ မြဲဝက်အဆောက်အအုံနေရာက ယာယီ ဘာရာ ဝင်းနဲ့ မျက်နှာချင်းဆိုင်မှာပါ။ အလယ်မှာ ၆၅ ပေကျယ် လမ်းခြားပါတယ်။ ယာယီဘာရာကတော့ ဆူးကြိုးနှစ်ထပ် လုပ်မှာပါ။ ဆူးကြိုးတစ်ဖက်ကို ၆၀၀ ပေစီမို့ စတုရန်းကျပါတယ်။ ဒီမှတ်တမ်းအတိအကျက ကျွန်တော့်မှတ်တမ်း စာအုပ်ထဲတွေ့လို့ ရေးပြနိုင်တာပါ။

ကျွန်တော်တို့ ဆောက်လုပ်ပြီးစီးသမျှကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကို နေ့စဉ် အစီရင်ခံရတာပါ။ ဆောက်လုပ်ရေးတွေရယ်၊ အုပ်ချုပ်မှုတွေရယ်၊ ရုံးလုပ်ငန်းတွေရယ် ဘာမှ အသားမကျနိုင်သေးတာမို့ ဘာမှ အဆင်မပြေကြဘဲ အခက်အခဲတွေနဲ့ နပန်းလုံးနေခဲ့ရပါတယ်။ ဒါကြောင့် ပင်ပန်းမှုတွေ ပြေပျောက်ဖို့

အတွက် ရွှေစက်ရပ်ကွက်မှာရှိတဲ့ ကရိန်နော် အပန်းဖြေနေရာလေးကိုတော့ စနေ၊ တနင်္ဂနွေရက်အချို့မှာ သွားရောက်ပြီး အပန်းဖြေကြပါတယ်။ မေခ-မလိခ ပေါင်းဆုံပြီး စီးဆင်းလာတဲ့ ဧရာဝတီမြစ်ကြောင်းဘေးလေးမှာရှိပါတယ်။ ဗျူးပွိုင့် လေးကြည့်၊ ရေအေးလေးချိုးလိုက်ရင် ပန်းသမျှ လန်းကြရပါတယ်။ သီချင်းတစ်ခု မှာတောင် ပါပါသေးတယ်။ 'မြစ်ကြီးနားကရိန်နော် တကယ် ပျော်တယ်နော်' လို့ ဆိုထားပါတယ်။ အနယ်နယ်အရပ်ရပ်ကလူတွေလည်းလာကြပါတယ်။ ပင်ပန်းတဲ့ ကြားကပဲ ကျွန်တော့်ဝါသနာအရ အနီးရပ်ကွက်တွေသွားပြီး ကချင်တွေ၊ လီဆူး တွေ၊ လုံခြုံရေးတာဝန်ကျတဲ့ လုံ/ထိန်း (ယခု ရဲတပ်ရင်း) တွေနဲ့ ဘော်လီဘော လည်း မကြာမကြာ ကစားကြပါတယ်။ အလုပ်တွေ များတာကများတာပဲ ငယ်စဉ်ကာလမှာ ဝါသနာအရ အားကစားကိုလည်း လုပ်နိုင်တယ်။ ကျန်းမာ သန်စွမ်းခဲ့တယ်ဆိုတာလေးကို ပြန်လည်တမ်းတစွာ ဖော်ပြခြင်းပါ။

ယာယီဘာရာတွေက ၈၀ ရာခိုင်နှုန်းပြီးလာတာမို့ ကျွန်တော်တို့ဝန်ထမ်း တွေက ဘက်စုံခြံမှာ မနေကြတော့ဘဲ ဝန်ဆောင်တပ်ရင်းကို ရွှေ့လာကြပါပြီ။ ဝန်ဆောင်တပ်သားတွေကိုတော့ မရွှေ့နိုင်ကြသေးပါဘူး။ ကျွန်တော်တို့ ထောင်မှူး သုံးယောက်ကတော့ ထောက်ပို့ထောင်ကြီးတစ်ခုမှာ စုအိပ်ကြပါတယ်။

◆ ◆ ◆

( ၆ )

၄-၄-၁၉၉၃ ရက်နေ့နေ့လည်ပိုင်းမှာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင် ရေးဌာနကို ထောင်ပိုင်ကြီး ဦးလှကြည်နဲ့အတူ သွားကြရပါတယ်။ စစ်ဦးစီး(တ) ဗိုလ်ကြီးမြင့်သိန်းနဲ့ တွေ့ရပါတယ်။ မကြာခင်မှာ ပါကျို-နားဖော့ဒေသကို ရိက္ခာပို့ သွားရမယ်၊ ဝန်ဆောင်တပ်သား ၂၅၀ နဲ့သွားမယ်၊ လိုအပ်သည်များ ပြင်ဆင် ထားပါတဲ့။

ပြောတဲ့အချက်အားလုံးအတွက် ပြဿနာလုံးဝမရှိပါဘူး။ ကျွန်တော်တို့က ဝန်ထမ်း၊ ပေးအပ်တဲ့တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ပါမည်လို့ နေ့စဉ်နေ့တိုင်း အလံတော်ရှေ့မှာ သစ္စာဆိုနေကြသူတွေပဲလေ၊ ပြဿနာက

ပါဂို-နားဖော့သွားရာမှာ အရာရှိတစ်ဦးနဲ့ အခြားအဆင့်တွေလိုက်ပါပြီး အုပ်ချုပ်မှုကိစ္စအဝဝ ဆောင်ရွက်ပေးကြရမယ်တဲ့။ ထောင်ပိုင်ကြီး ဦးလှကြည်က ပြောပါတယ်။ ဝန်ဆောင်တပ်ရင်း လုပ်ထုံးလုပ်နည်းမှာ ဝန်ဆောင်တပ်သားတွေကို တပ်မတော်ထံ လွှဲပြောင်းပေးလိုက်ရန်သာဖြစ်ကြောင်း၊ အကျဉ်းဦးစီးဌာနက ဝန်ထမ်းမည်သူမျှ လိုက်ပါရန်မလိုကြောင်းပေါ့။ ဒါပေမဲ့ မရပါဘူး။ ၁၉၇၆ ခုနှစ်ကာလတွေမှာ အကျဉ်းဦးစီးက ရဲဘက်တွေနဲ့ တပ်မတော်ပူးတွဲပြီး ကချင်ပြည်နယ်မှာ ဆောင်ရွက်ခဲ့ကြဖူးကြောင်း၊ အဲဒီအခါ သူက တပ်ကြပ်ကြီး စာရေးဖြစ်ကြောင်း၊ (တပ်ကြပ်ကြီးစာရေးဟု ပြောသည်ထင်ပါသည်)။ အဲဒီတုန်းက ထောင်မှူးကြီး ဦးဝင်းဆန်းတို့လိုက်ပါပြီး အုပ်ချုပ်မှုလုပ်ခဲ့ကြကြောင်း၊ အခုလည်း အုပ်ချုပ်မှုအဝဝအတွက် မလိုက်လို့မရကြောင်း ပြောပါတယ်။

ဒီနေရာမှာ ရဲဘက်သမိုင်းကြောင်းလေးကို ကြားသိ မြင်တွေ့ဖူးသမျှ ထည့်သွင်း ဖော်ပြသင့်သည်ဟု ထင်မြင်သဖြင့် ဖော်ပြလိုပါတယ်။ ကျွန်တော်က ၁၉၇၇ ခုနှစ် မတ်လ၊ ၁၀ တန်းစာမေးပွဲဖြေအပြီးမှာ ကျွန်တော့်အစ်မကြီးရှိရာ ဘဲလင်းပြည်သူ့အကျိုးပြုတပ်(ရဲဘက်)ကို အလည်ရောက်ရှိခဲ့ပါတယ်။ ကျွန်တော့်အစ်မကြီးရဲ့ခင်ပွန်းက အဲဒီရဲဘက်စခန်းမှာ စာရေးကြီး ဦးမြင့်အေးပါ။ နောင်ထောင်မှူးကြီးနဲ့ ပင်စင်ယူပါတယ်။ ၁၉၇၇ ခုနှစ်မတိုင်မီ ၁၉၇၆ ကတည်းက ဘဲလင်းကို အလည်ရောက်ခဲ့ဖူးတော့ ရဲဘက်အကြောင်းတွေ အထိုက်အလျောက် သိနေခဲ့ပါတယ်။ ဘဲလင်းရဲဘက်စခန်းရောက်လာတဲ့ အကျဉ်းသားတွေကို အလုပ်တွေ တန်းမခိုင်းပါဘူး။ တပ်မတော်၊ ရဲတပ်ဖွဲ့၊ အကျဉ်းဦးစီးလို ထောက်(၂၅) ပစ္စည်းတွေကို စတင်ဝေပေးတာပါ။ ရဲဘက်တွေက တစ်ဦးချင်းတန်းစီပြီးအလာမှာ ဝန်ထမ်းတွေက စားပွဲတစ်လုံးစီမှာ တင်ထားတဲ့ပစ္စည်းတစ်မျိုးစီကို ဝေပေးတာပါ။ ဦးထုပ်ပြာ၊ အင်္ကျီပြာ၊ ဘောင်းဘီရှည်ပြာ၊ ဖိနပ်၊ ခါးပတ်၊ စောင်၊ ခြင်ထောင်၊ ဂွမ်းကပ်၊ ရေဘူး အစုံရကြပါတယ်။ ပစ္စည်းစုံကို လူတစ်ယောက်မနိုင်ချင်ပါဘူး။

နောက်ရက်ကစပြီး လက်နက်မဲ့စစ်ရေးပြသင်တန်းစပါပြီ။ လက်နက်မပါတာကလွဲပြီး တပ်မတော်၊ ရဲတို့အတိုင်း သတိ၊ သက်သာ၊ အေးစေကအစပြုပြီး စာပို့၊ အလေးပြုအဆုံး သေချာသင်ပေးကြတာပါ။ အချို့ တိုင်းရင်းသားတွေကို ကောက်ရိုးခြေထောက် မြက်ခြေထောက်လုပ်ပြီးကို တတ်အောင် သင်ပေးကြ

ပါတယ်။ အားလုံးကစနစ်ကျနေတာပါ။ လမ်းလျှောက်သွားလို့ လမ်းမှာ အရာရှိ တွေ့တာနဲ့ လမ်းလျှောက်ရင်း လက်တင် အလေးပြုကြပါတယ်။ ရဲဘက် နှစ်ယောက်အထက် ထိုင်နေစဉ်၊ ရပ်နေစဉ်၊ အရာရှိတွေဖြတ်လာရင် တစ်ယောက် က အလေးပြုအော်ပြီး အလေးပြုမယ်၊ ကျန်သူတွေက မတ်တတ်ထရပ် သတိ ဆွဲမယ်။ အားလုံးက စစ်ပုံကျနေကြတာပါ။ အဲလိုဖြစ်အောင်လည်း အကျဉ်းဦးစီး သင်တန်းဆရာတွေက သေချာသင်ပေးကြတာပါ။ မှတ်မိသလောက်ပြောရရင် တပ်ကြပ် ဦးတင်ဝင်းမောင်၊ တပ်ကြပ်ဦးစောပိလိ၊ ဒုတကချစ်ဆွေ (ဘောကြီး ချစ်ဆွေလို့ သိကြပါတယ်)၊ တပ်ကြပ် ဦးမြသွင် (ဘောလုံး တအားကောင်း ပါတယ်)၊ ဒုတပ်ကြပ် ဦးအောင်ကျော်ညွှန့်(ရာဇဂြိုဟ်-၂ မီးလောင်တော့ ပင်စင် ပေးတယ်ထင်ပါတယ်)။

ဘာလို့ အဲဒါတွေသိနေလဲဆိုရင် စစ်ရေးပြကွင်းဘေးမှာ ဝန်ထမ်းမိသားစု တွေက ဆေးလိပ်၊ ကွမ်းယာ၊ အချိုပေါင်း အချဉ်ပေါင်းလေးတွေ ရောင်းကြပါ တယ်။ ကျွန်တော့်အစ်မကြီးကလည်း ရေခဲ့ကြမ်းရောင်းတော့ ကျွန်တော့်လည်း ကူညီရောင်းပေးဖူးတာကြောင့် မြင်တွေ့သိရှိနေတာပါ။ ရေနွေးကြမ်းတစ်ခွက် ငါးပြား၊ ဆယ်ပြားပါ။ ရဲဘက်တွေက တစ်ရက် ၁ ကျပ် ၂၅ ပြားစီ ရတယ်လို့ ထင်ပါတယ်။ မနက်၊ ည အလံတင်၊ အလံချ၊ အလေးပြုကြရပြီး ည ၉ နာရီ မှာ လူပြန်စစ်အိပ်ကြရပါတယ်။ ဆူးကြိုးက ငါးပေလောက်သာ အမြင့်ရှိပြီး တစ်ထပ်တည်းပါ။ အကျဉ်းသားသဘောမနေကြရဘဲ သင်တန်းသားတွေလို နေကြရတာပါ။

အပတ်စဉ် တနင်္ဂနွေညတိုင်း ဗဟိုရှင်ရှင်က လာပြပေးပါတယ်။ ကွင်းပြင်မှာ ပိတ်ကားထောင်ပြီး ပြပေးတာပါ။ ဘဏ္ဍာရွာ၊ တောင်ဦးရွာ၊ ဘဲလင်းရွာထဲက ရွာသူရွာသားတွေလည်း လာကြည့်ကြပါတယ်။ သင်တန်းကလည်း စစ်ရေးပြ ချည်းမဟုတ်ဘဲ နေ့လည်ပိုင်းမှာ ပါတီက၊ ကောင်စီက၊ ဌာနဆိုင်ရာအသီးသီးက လာရောက်ပြီး ဟောပြောပို့ချပေးကြပါတယ်။ သူတို့ကို ခွင့်လည်းပေးပါတယ်။ ခွင့်သွားရင် ရဲဘက်အပြာဝတ်စုံနဲ့ သွားကြပါတယ်။ သူတို့ဘာသာ တက်ထရက်စ အပြာတွေနဲ့ ချုပ်ဝတ်ကြပြီး ဖိနပ်ကြီးစီး၊ ခြေမန်းကွင်းတပ်ထားတော့ ဗဟိုဝန်ထမ်း တက္ကသိုလ်က ဝန်ထမ်းတွေနဲ့တောင် တူနေတာပါ။ မီးသတ်နဲ့လည်းတူနေပါ တယ်။ ခွင့်ကပြန်လာရင် ရွာကလူတွေက "မင်းထောင်ကျသွားတာ အခုမီးသတ်

ထဲ ဘယ်လိုရောက်သွားလဲ''လို့ မေးတယ်လို့ ပြန်ပြောတတ်ပါတယ်။ ရဲဘက်တပ်ခွဲတွေ ဗဟိုကင်းရှေ့ဖြတ်ရင် ဗဟိုကင်းက အလေးပြုပေးတာကိုလည်း တွေ့ရပါတယ်။ စစ်ရေးပြအပြီးမှာ ကျောက်ရိုက်၊ ကျောက်ခွဲနည်းစနစ်တွေကိုလည်း ပြသသင်ကြားပေးပါတယ်။ သင်တန်းဆင်းပွဲကျရင်တော့ တပ်ခွဲအလိုက်ကကြ၊ ဆိုကြ၊ ပြဇာတ်ထွက်ကြနဲ့ ဝန်ထမ်းတွေသင်တန်းဆင်းကြသလိုပါပဲ။

သင်တန်းတွေပြီးမှ မိုင်းဆတ်မြို့၊ မိုင်းဖြတ်မြို့တွေမှာ လမ်းဖောက်ဖို့ပို့ပေးတာ၊ သီပေါမှာ ဂေါ်တန်ကျောက်ထုတ်ဖို့ ပို့ပေးတာ၊ မြစ်ကြီးနား မရမ်းစခန်းကို တပ်မတော်နဲ့ပူးတွဲဖို့ ပို့ပေးတာတွေ လုပ်ပါတယ်။ ရှေ့တန်းသွားကြတယ်လို့ပြောပါတယ်။ ပြန်လာကြရင် ရှေ့တန်းပြန်တယ်လို့ သုံးပါတယ်။ ရှေ့တန်းပြန်လာရင်လည်း ရှေ့ဆုံးမှာ ထောင်မှူးကြီးက ဦးဆောင်ဝင်လာ၊ နောက်က ဝန်ထမ်းတွေ၊ ရဲဘက်တွေက တန်းစီလာ၊ ဘဲလင်းစခန်းက နောက်တန်းကျန်ဝန်ထမ်းတွေ၊ မိသားစုတွေ၊ ရဲဘက်တွေက ပန်းကုံးတွေစွပ်ကြ၊ ပန်းစည်းတွေပေးကြ၊ အိုးစည် ဒိုးပတ်တွေနဲ့ ကြိုကြနဲ့ မြိုင်ဆိုင်နေကြတယ်လို့ သိရပါတယ်။ အဲလိုကြိုဆိုတာကိုတော့ ကျွန်တော် မကြုံဖူးလိုက်ပါဘူး။

အဲဒီကာလက ညွှန်ကြားရေးမှူး ဦးမြင့်သိန်းရဲ့ ယောက္ခမ အမ (မကျော့ရဲ့ဖခင်) ထောင်ပိုင်ကြီး ဦးဘတုတ်လည်း ရှိနေပါတယ်။ ညွှန်မှူး အငြိမ်းစား ဦးမြင့်သိန်းက အဲဒီအခါက ထောင်မှူးကြီးပါ။ ထောင်မှူးကြီး ဦးကိုကိုလတ်(ကွယ်လွန်)၊ ထောင်မှူးကြီး ဦးဆန်နီ(ကွယ်လွန်)၊ ထောင်မှူးကြီး ဦးတင်မြင့်ကို(ကွယ်လွန်)၊ ထောင်မှူး ဦးမောင်မောင်တင်(ကရာတေး)၊ ထောင်မှူးကြီး ဦးကျော်ဆန်း (ထမက ဦးသိန်းဝင်းရဲ့ ယောက္ခမပါ)၊ တပ်ကြပ်ကြီး ဦးကျော်လွှမ်း(နောင် ထောင်မှူး)တို့လည်း ရှိနေကြပါတယ်။ ကျွန်တော် မှတ်မိသမျှ ဖော်ပြခြင်းပါ။

အစပြန်ကောက်ပါမယ်။ စစ်ဦးစီး (တ) ပြောတဲ့ ဟိုတုန်းက ထောင်မှူးကြီး ဦးဝင်းဆန်းတို့ ရဲဘက်တွေနဲ့အတူ ရှေ့တန်းလိုက်ခဲ့ကြတယ်ဆိုတာ အခု ကျွန်တော်တင်ပြတဲ့ ဘဲလင်းရဲဘက်စခန်းကနေ ရှေ့တန်းထွက်ကြတာကို ပြောခြင်းလို့ သဘောပေါက်လိုက်တယ်။ ၁၉၇၈-၇၉ ခုနှစ်မှာ ထောင်မှူးကြီး ဦးအောင်မြတ်ကျော် မြစ်ကြီးနား-မရမ်းစခန်းကို ထွက်တာတော့ မှတ်မိနေပါတယ်။ ပြည်သူ့လုပ်အားနေရာချထားရေး (ပလန) နဲ့တွဲပြီး ကြံစိုက်ရတယ်လို့ သိရပါ

တယ်။ ဘဲလင်းရဲ့ဘက်စခန်းအကြောင်း ပြည့်ပြည့်စုံစုံသိနိုင်မည့်သူကတော့ အငြိမ်းစား ညွှန်ကြားရေးမှူး ဦးမြင့်သိန်းဟု ထင်ပါတယ်။ ၁၉၉၃ ခုနှစ်ကာလက အခြား ဒေသတွေတော့ မသိပါ။ ကချင်ပြည်နယ်မှာတော့ တပ်မတော်နဲ့ ပူးတွဲလုပ်ကြရပြီး တပ်မတော်ရဲ့ သဘောထားက အဓိကမို့ပါ။ ပါဂျို-နားဖော့ဒေသကို ရိက္ခာပို့ဖို့အတွက် အကျဉ်းဦးစီးက အရာရှိတစ်ဦးနဲ့ အခြားအဆင့်များ လိုက်ပါကြီးကြပ်ရမယ်ဆိုတာကို ထောင်ပိုင်ကြီး ဦးလှကြည် လုံးဝ မငြင်းနိုင်ဘဲ ခေါင်းညိတ်ခဲ့ရပါတော့တယ်။

ကျွန်တော်နဲ့ ထောင်ပိုင်ကြီး ဦးလှကြည်က ဝန်ဆောင်တပ်ရင်းအတွက် ထုတ်ပေးထားတဲ့ အသစ်စက်စက် မော်တော်ကား TE-21 သ-၈၂၂ နဲ့ သွားကြတာပါ။ အဲဒီကားကို ထောင်မှူး ကိုကျော်လွင်ဦးစီးပြီး တပ်သားနိုင်လင်းနဲ့ 'ကပစ'စက်ရုံက တိုက်ရိုက်ထုတ်လာတယ်လို့ ထင်ပါတယ်။ 'မပခ'က အပြန်ကားပေါ်မှာ ထောင်ပိုင်ကြီး ဦးလှကြည်က…

"အင်း…ရှေ့တန်းတော့ စထွက်ရပြီ၊ ခင်ဗျားတို့ အရာရှိထဲက တစ်ယောက်တော့သွားရမှာပဲ"

ကျွန်တော်က ဘာမှပြန်မပြောပဲ ဆရာဦးလှကြည်ရဲ့ ဆက်လာမဲ့စကားကို စောင့်နေမိပါတယ်။ ဘယ်သူ့ကိုတော့ လွှတ်မယ်ဗျာ၊ ဒါမှမဟုတ် ခင်ဗျားသွားလိုက်ပါလို့ တစ်ခုခုတော့ပြောမယ်လို့ တွေးထားပါတယ်။ ထောင်ပိုင်ကြီးရဲ့ အမိန့်ကို ငြင်းဆန်ဖို့ လုံးဝမရှိဘဲ ကျွန်တော့်ကိုရွေးလည်း ဘာမှ ဆင်ခြေမပေးဘဲ သွားမှာပါ။ ကိုကျော်လွင်နဲ့ ကိုစောလှိုင်ကလည်း ကျွန်တော့်လိုပဲရှိကြမှာ သေချာပါတယ်။ ဒါပေမဲ့ ၅ မိနစ်ခန့်အထိ ဘာမှ ဆက်ပြောမလာပါဘူး။ ကျွန်တော် သိလိုက်ပါပြီ။ ထောင်ပိုင်ကြီးအနေနဲ့ ဘယ်သူ့ကိုမှ နာမည်တပ်ပြီး မရွေးချယ်ချင်တဲ့သဘောပါ။ ဝန်ဆောင်တပ်ရင်းရောက်မှပဲ အစည်းအဝေးခေါ်၊ ဆန္ဒတောင်း၊ ဒါမှမဟုတ် မဲနှိုက်စနစ်လည်း သွားချင်သွားမှာပေါ့။

ကျွန်တော့်ကိုယ်ကျွန်တော် ကိုယ်ရည်သွေးခြင်း မဟုတ်ပါ။ ကျွန်တော်က မည်သူ့ကိုမဆို စိတ်ချမ်းသာအောင် အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးချင်သူပါ။ ကျွန်တော်တို့ ဝန်ဆောင်တပ်ရင်းကို စရောက်ကတည်းက ထောင်ပိုင်ကြီးရဲ့ ကွပ်ကဲမှုအောက်မှာ ညီညီညွတ်ညွတ်၊ စည်းစည်းလုံးလုံး၊ မခိုမကပ် အားသွန်ခွန်စိုက် ကြိုးကြိုးစားစား လုပ်လာကြတာမို့ ဘယ်သူ့ကိုသွားပါလို့ ပြောရမှာ

ခက်နေတယ်ဆိုတာ ကျွန်တော် နားလည်သဘောပေါက်နေမိပါတယ်။ သွားရမဲ့နေရာက တပ်မတော်သားတွေသာသွားကြရတဲ့ ရှေ့တန်းစစ်ဆင်ရေးနယ်မြေ၊ ယခင် KIA ဌာနချုပ်တည်ရှိရာနယ်မြေ၊ မိုင်းမိနိုင်တယ်၊ သေနတ်မှန်နိုင် တယ်၊ ဒဏ်ရာရနိုင်တယ်၊ ပြတ်နိုင်တယ်၊ ကန်းနိုင်တယ်၊ KIA က ဖမ်းမိသွားနိုင်တယ်၊ ဘာတစ်ခုမှ မကောင်းပါဘူး။ ဒီတော့လည်း သူ့နှုတ်ကနေ ဘယ်သူလိုက်သွားပါလို့ ပြောရဖို့ အလွန်ခက်နေမှာပါ။ ကျွန်တော်ရဲ့ အကြီးအကဲဖြစ်သော ထောင်ပိုင်ကြီး ဦးလှကြည်ကို စိတ်ချမ်းသာစေချင်တာ ကျွန်တော့်ရဲ့ တကယ့်ဆန္ဒပါ။

ကားက မောင်းနေတယ်။ ထောင်ပိုင်ကြီးက ရှေ့ခန်းတံခါးဘက်မှာ၊ ကျွန်တော်က ထောင်ပိုင်ကြီးနဲ့ ဒရိုင်ဘာ တပ်သားနိုင်လင်းရဲ့ကြား အလယ်မှာ၊ ထောင်ပိုင်ကြီးကို အကဲခတ်ကြည့်တော့ ကားရဲ့ရှေ့ဘက်ကိုသာ ကြည့်နေပါတယ်။ ဒါပေမဲ့ ဘာမှမြင်ပုံမရပါဘူး။ ထောင်မှူးတစ်ယောက်ကို ရှေ့တန်းစစ်ဆင်ရေးနယ်မြေကို ရွေးချယ်လွှတ်ဖို့အရေး ဘယ်လိုလုပ်ရမလဲလို့ အတွေးတွေနဲ့ စိတ်အိုက်နေမှာပေါ့။ ကျွန်တော်ကတော့ အဲလိုအနေအထားဖြစ်နေတဲ့ ထောင်ပိုင်ကြီး ဦးလှကြည်ကို ပိုလို့လေးစားသွားပါပြီ။ ပိုလို့ခင်မင်သွားပါပြီ။ ပိုလို့လည်း စေတနာတွေထည့်ပြီး တာဝန်တွေထမ်းပေးချင်သွားပါပြီ။ စိတ်အိုက်နေတာအတွက်လည်း သနားသွားပါပြီ။ ဒီလိုအတွေးတွေပေါ်လာတာနဲ့ ခိုင်မာတဲ့ဆုံးဖြတ်ချက်တစ်ခုချလိုက်ပြီး…

"ဆရာ ရှေ့တန်းစစ်ဆင်ရေးကို ကျွန်တော်ပဲသွားလိုက်ပါမယ်၊ ကိုကျော်လွင်ကလည်း ကားသွားထုတ်လာတာ မကြာသေးဘူး၊ ကိုစောလှိုင်ကလည်း သူ့သားလေး နေမကောင်းဘူး၊ ကျွန်တော့်ကိုသာ လွှတ်ပေးပါ"

ဆရာဦးလှကြည် ကားရှေ့ပဲ ကြည့်နေရာက ကျွန်တော့်ဘက်ကို လှည့်ကြည့်၊ ကျွန်တော့်ပေါင်ပေါ် တင်ထားတဲ့ဝဲဘက်လက်ကို သူ့ရဲ့ညာဘက်လက်နဲ့ လာပြီး ဆုပ်ကိုင်ပါတယ်။

"ကျေးဇူးပဲ ကိုခင်မောင်ထွန်းရာ၊ ကျွန်တော် ဘယ်သူ့ကိုလွှတ်ရမလဲလို့ တွေးနေတာ၊ ရှေ့တန်းစစ်ဆင်ရေးနယ်မြေမို့ ဘယ်သူ 'သွား' လို့လည်း မပြောချင်ဘူး၊ ဘယ်သူသွားပါဆိုလည်း သုံးယောက်လုံးက တက်တက်ကြွကြွ စေတနာပါပါလုပ်နေကြတာမှာ လွှတ်ခံရသူက ငါညံ့နေလို့လား၊ ငါ့ကိုမကြိုက်လို့လားလို့

တွေးထင်နိုင်တာမို့ ဘယ်လိုလုပ်ရမှန်းမသိဖြစ်နေတာ၊ အခု ခင်ဗျားက ဆန္ဒပြုလိုက်တော့ ကျွန်တော့်မှာ မခက်တော့ဘူးပေါ့။ အေးဗျာ၊ တကယ်တော့ ဝန်ဆောင်တပ်ရင်း လုပ်ထုံးလုပ်နည်းမှာ အကျဉ်းဦးစီးကအရာရှိတွေ၊ ဝန်ထမ်းတွေ လိုက်စရာမှ မလိုတာ၊ လိုက်ရမယ်ဆိုတော့လည်း ဘာတတ်နိုင်တော့မှာလဲဗျာ၊ ခင်ဗျားက အခုလိုက်သွားရင် နောက်အခေါက်တွေကျ ခင်ဗျားမလိုက်ရတော့ဘူးပေါ့။ ကျန်နှစ်ယောက်ထဲက လွှတ်မှာပါ"

ထောင်ပိုင်ကြီး ဦးလှကြည် ပထမက စိတ်ညစ်နေတဲ့ဟန်ကနေ အခုစိတ်လွှပ်လပ်ပေါ့ပါးသွားဟန်လေးကိုကြည့်ပြီး ကျွန်တော့်ရဲ့ ဆုံးဖြတ်ချက်လေးမှန်သွားတယ်လို့ တွေးနေမိပါတော့တယ်။

◆ ◆ ◆

## ( ၇ )

နောက်ရက် ၅-၄-၁၉၉၃ ရက်နေ့မှာ ထောင်ပိုင်ကြီး ဦးလှကြည်၊ ထောင်မှူးကိုစောလှိုင်တို့နဲ့အတူ မြစ်ကြီးနားထောင်ကိုသွား၊ ကွပ်ကဲရေးမှူး ဦးအုန်းကျော်လေးနဲ့ တွေ့ပါတယ်။ မြစ်ကြီးနားထောင်ပိုင်ကြီး ဦးသောင်းလွင်နဲ့လည်း ထပ်တွေ့ပြီး ရှေ့တန်းစစ်ဆင်ရေးအတွက် ကျွန်တော်တို့ ဝန်ဆောင် တပ်ရင်းကိုပေးမဲ့ အကျဉ်းသား ၂၅၀ ကို ကျွန်တော်ကတွေ့ဆုံပြီး ရှေ့တန်းစစ်ဆင် ရေးအတွက် ကျန်းမာရေးကောင်းသော၊ ကိုယ်အင်္ဂါချို့တဲ့မဟုတ်သော အကျဉ်း သား ၁၀၀ ကို ရွေးချယ်ရပါတယ်။ 'မပခ'က ပြောလိုက်တာက ၂၅၀ အခု ရွေးရတာက ၁၀၀ ဆိုတော့ မြစ်-ဆွမ်မှာတွဲထားတဲ့ အကျဉ်းသား ၂၉၉ ယောက်ထဲက ၁၅၀ ကို ဖြည့်မယ်လို့ ထင်ပါတယ်။

ကျွန်တော်က အကျဉ်းသား ၂၅၀ ကို အိပ်ဆောင်လွှတ်တစ်ခုမှာ တန်းစီပြီး ကျန်းမာရေးကောင်းသူတွေရွေးဖို့ တစ်ယောက်ချင်းခေါ်ကာ သေချာစိစစ်ပါတယ်။ စိစစ်ခံရတဲ့ အကျဉ်းသားတွေက သူတို့ကို ရှေ့တန်းထည့်ဖို့ဆိုတာ သိနေပါတယ်။ စစ်ဆင်ရေးနယ်မြေဖြစ်တဲ့ ရှေ့တန်းကို ဘယ်သူလိုက်ချင်မှာလဲ။ ဒီအထဲမှာ ထောင်ထဲမရောက်ခင်က ပေါ်တာလိုက်ဖူးသူတွေလည်းပါတာမို့ ရှေ့တန်းစစ်ဆင်ရေးရဲ့ ဒုက္ခတွေကိုသိနေကြလို့ မလိုက်ချင်ကြပါဘူး။ ဒီတော့ အချို့သော

အကျဉ်းသားတွေက ကျွန်တော့်ကို လိုင်းဝင်ပြီး သူတို့ကိုမရွေးအောင် ကြိုးစားလာကြပါတယ်။ အကျဉ်းသားတစ်ဦးက လာရောက်ညှိပါတယ်။ သူတို့အဖွဲ့သုံး၊ လေးယောက် မလိုက်ချင်လို့ ဖယ်ထားပေးဖို့၊ ဖယ်ပေးရင် တစ်ယောက်ကျပ် ၃၀၀၀ ပေးမယ်လို့ ပြောပါတယ်။ အဲဒီအချိန်က ကျွန်တော့်လစာက ကျပ် ၁၂၀၀ ဖြစ်ပါတယ်။ လေးယောက်ဆီကရလိုက်ရင် ကျွန်တော့်လစာရဲ့ ၁၀ ဆဖြစ်မဲ့ ကျပ် ၁၂၀၀၀ ရမှာပါ။ သူတို့နဲ့အဆင်ပြေပြီးရင်လည်း ထပ်ညှိလာမဲ့သူတွေလည်းရှိလာဦးမှာ အသေအချာပါ။

အဲဒီအချိန် ကျွန်တော့်မှာလည်း ဟိုပြောင်း ဒီပြောင်းနဲ့ အပြောင်းအရွှေ့တွေများလွန်းလို့ လက်ထဲဆောင်ထားတဲ့ပိုက်ဆံက ၅၀ ကျပ်တောင် မပြည့်ဘူးထင်ပါတယ်။ သူတို့ပေးတဲ့ငွေက မက်လောက်စရာပါပဲ။ ရှေ့တန်းလိုက်ဖို့၊ ဝန်ဆောင်တပ်သားရွေးချယ်ဖို့ ထောင်ပိုင်ကြီးက ကျွန်တော့်ကို အာဏာကုန်လွှဲအပ်လိုက်ပြီးပြီပဲ။ ဘယ်သူမှ ဝင်ရောက်စွက်ဖက်ကြမှာမဟုတ်ဘဲ ကျွန်တော့်သဘောကျ ရွေးချယ်နိုင်တဲ့အခြေအနေပါ။ ရှိနေတာက ၂၅၀ ရွေးရမှာက ၁၀၀၊ ဒီတော့ ကျွန်တော်ဖယ်ထုတ်နိုင်တာက ၁၅၀၊ တစ်ယောက်ကို ကျပ် ၃၀၀၀ နဲ့ပဲတွက် ကျပ် ၃၀၀၀ ထက်ပိုပေးမဲ့သူတွေလည်းရှိနေပါတယ်။ ကျွန်တော်ရမှာက အနည်းဆုံး ကျပ် ၄၅၀၀၀၀၊ ကျွန်တော့် လစာထက် ၃၇၅ ဆလောက်ရမှာဆိုတော့ အိုကေမှာ စိုပြည်ပြီပေါ့။

ဒါပေမဲ့ ဘယ်သူ့ဆီကမှ တစ်ပြားမှ မယူခဲ့မိပါဘူး။ ကျွန်တော့်အလုပ်အပေါ် သစ္စာရှိရပါမယ်။ ကျွန်တော့်ကို ယုံကြည်စွာ တာဝန်ပေးအပ်ထားတဲ့တပ်ရင်း တာဝန်ခံအရာရှိ ထောင်ပိုင်ကြီး ဦးလှကြည်အပေါ် သစ္စာစောင့်သိရပါမယ်။ ကျွန်တော့်ဂုဏ်သိက္ခာကို ကျွန်တော့်ဘာသာ ထိန်းရပါမယ်။ ကျွန်တော်က မတော်လောဘစိတ်နဲ့ ကျန်းမာသန်စွမ်းတဲ့ အကျဉ်းသားတွေက ပိုက်ဆံပေးလို့သူတို့ကိုချန်ထားခဲ့ရင် မကျန်းမာမသန်စွမ်းတဲ့အကျဉ်းသားတွေက ရှေ့တန်းလိုက်ကြရပြီး ရှေ့တန်းမှာ ဒုက္ခများကြမှာ သေချာပါတယ်။ ကျွန်တော့် ကိုယ်ကျိုးတစ်ခုအတွက် သူများဒုက္ခရောက်မယ့်ကိစ္စမျိုး လုံးဝ မလုပ်လိုပါဘူး။ ယခုစာရေးနေချိန်ထိလည်းမလုပ်ဖူးပါ။ ဖတ်မိကြသူများ ယုံချင်မှယုံပါလိမ့်မယ်။ ဒါပေမဲ့ မှန်သောသစ္စာစကားပါ။ ဒါကြောင့် ခန္ဓာကိုယ်ပြင်ပ အနေအထား၊ သွားလာမှုအခြေအနေ၊ တစ်ဦးချင်းတွေ့ဆုံ၊ ဆွေးနွေးမှုများအပေါ်မှာပဲ သုံးသပ် ရွေးချယ်ခဲ့ပြီး အဂတိတရားလေးပါး လုံးဝကင်းစင်ခဲ့ပါတယ်။

အကျဉ်းသား ၂၅၀ ကို စစ်ဆေးစီစစ်ရတာမို့ တစ်ရက်နဲ့တော့ မပြီးပါဘူး။ သုံးရက်လောက်ကြာခဲ့ပါတယ်။ တကယ်တော့ ရဲဘက်ထုတ်တော့မယ်ဆိုရင် ဆရာဝန်တစ်ယောက်က တစ်ဦးချင်းကို ကျန်းမာရေးစစ်ဆေးရတာပါ။ fit/ unfit ရွေးပေးတာမှာ ကျန်းမာရေးကောင်းတဲ့ fit အကျဉ်းသားတွေထဲကသာ ရွေးချယ်စေလွှတ်ရပြီး ကျန်းမာရေးမကောင်းတဲ့ unfit အကျဉ်းသားတွေကို ချန်ခဲ့ရမှာပါ။

အဲဒီအချိန်က ကျွန်တော် အရာရှိဖြစ်တာ ရှစ်နှစ်ခန့်ရှိပြီဖြစ်ပေမဲ့ စခန်းတွေမှာ သာနေခဲ့ဖူးပြီး ထောင်မှာမနေဖူးတော့ ရဲဘက်တွေလည်း မထုတ်ဖူးပါဘူး။ ဒီတော့ စစ်ဆင်ရေးလုပ်သားအဖြစ် ရွေးချယ်ရာမှာ ဆရာဝန်တစ်ယောက်က စစ်ရမှာကိုမသိရှိကြောင်း ရိုးသားစွာဝန်ခံပါတယ်။ ဒါကြောင့်လည်း ဆရာဝန် မခေါ်ဘဲ ကျွန်တော်တစ်ယောက်တည်းပဲ ရွေးခဲ့ပါတယ်။ ဆရာဝန်နဲ့ စစ်ပါလို့ လည်း ဘယ်သူကမှ မညွှန်ကြားခဲ့ပါဘူး။ အလုပ်တွေက မနားတမ်း လုပ်နေ ကြရတဲ့အခြေအနေမို့ ညွှန်ကြားဖို့မေ့သွားကြသလား မသိပါဘူး။ ဒါပေမဲ့ စိတ်ထဲ မှာ ရှင်းလင်းစွာနဲ့ ကျန်းမာရေးကောင်းတယ်လို့ ယူဆရသူများကိုသာ သေချာ စီစစ်ရွေးချယ်ခဲ့တယ်ဆိုတာကတော့ ကျွန်တော်သာအသိဆုံးပါ။

ရက်ပိုင်းအတွင်း ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမြသင်းလာမယ်လို့ ကြားထားတာမို့ သကြံန်ကာလအတွင်းမှာလည်း မနားကြရပါဘူး။ လိုအပ်တာ တွေ ပြင်ဆင်ကြရပါတယ်။ ဘယ်သူမှကို မအားလပ်ကြပါဘူး။ စခန်းကစတည် ခါစမို့ လိုအပ်ချက်တွေချည်းပါပဲ။ ဝန်ကြီးကိုတင်ပြဖို့ တင်ပြစင်တွေလုပ်ပြီး တည်နေရာပြ မြေပုံတွေ၊ ဝန်ဆောင်တပ်ရင်း ဆောက်လုပ်မှုအတွက် ပြီးစီးမှု အခြေအနေတွေ၊ လက်ရှိ ပြောင်းရွှေ့ရောက်ရှိလာတဲ့ ဝန်ထမ်းအခြေအနေတွေ၊ လက်နက်ခဲယမ်း အခြေအနေတွေ စတဲ့စတဲ့ အခြေအနေအမျိုးမျိုးကို ဖော်ပြတဲ့ ကားချပ်တွေကိုလည်း နေ့မအားညမနား ပြုစုဆောင်ရွက်ကြရပါတယ်။ ထူးခြား တာကတော့ ဝန်ထမ်းတိုင်း အနေဆင်းရဲ၊ အစားဆင်းရဲပြီး ပင်ပန်းကြပေမဲ့ ပင်ပန်းတယ်ကွာ၊ စိတ်ညစ်တယ်ကွာ၊ မပျော်ဘူးကွာလို့ပြောသူ၊ ညည်းညူသူ တစ်ယောက်မှကို မရှိတာပါ။ ဝန်ထမ်းအားလုံးရဲ့ မျက်နှာတွေဟာ ရွှင်ရွှင် လန်းလန်း ကြည်ကြည်လင်လင်နဲ့ မနိုမကပ်ကြိုးစားလုပ်နေကြတာပါ။

၂၁-၄-၁၉၉၃ ရက်နေ့မနက်ပိုင်းမှာ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်က ခေါ်တာမို့ ကျွန်တော်တစ်ယောက်တည်း သွားရပါတယ်။ စက်ဘီးလေးနဲ့ သွားခဲ့တာပါ။ မြစ်ကြီးနားဝန်ဆောင်ကနေ ရှစ်မိုင် ပိုပိုရှိမယ်ထင်ပါတယ်။ အခေါက်ခေါက် အခါခါသွားနေရတာမို့ ဝေးတယ်၊ ပင်ပန်းတယ်ကို မထင်တော့ပါဘူး။ 'မပခ'စစ်ဆင်ရေးဌာနမှာ ဗိုလ်မှူးဝင်းမြင့်၊ ဗိုလ်ကြီးမြင့်သိန်းတို့နဲ့ တွေ့ရပါတယ်။ စစ်သားတွေ၊ တပ်မတော်အရာရှိတွေဆိုတော့လည်း ရှည်ရှည်ဝေးဝေးတွေ ပြောမနေကြပါဘူး။ ၂၃-၄-၁၉၉၃ ရက်နေ့ မနက်စောစော ခရီးထွက်မယ်။ ဝန်ဆောင်တပ်သား ၁၀၀ နဲ့ သွားမယ်၊ အုပ်ချုပ်မှုများဆောင်ရွက်ဖို့ အရာရှိတစ်ဦးနဲ့ အခြားအဆင့်များ လိုက်ရမယ်။ လိုအပ်တာတွေပြင်ပါတဲ့။ ကျွန်တော်ကတော့ စကားကို နည်းနည်းရှည်ရှည်လေး ပြောလိုက်ပါတယ်။ "ဟုတ်"လို့။

မြစ်ကြီးနားထောင်ကိုရောက်တော့ ၁၃း၃၀ နာရီဖြစ်နေပါပြီ။ ၁၄း၁၀ နာရီမှာ မပခက ဖုန်းလာပြန်ပါတယ်။ ကျွန်တော့်ကို ပြန်လာပါဦးတဲ့။ အမောတောင်မပြေသေးဘဲ ပြန်သွားရပြန်ပါတယ်။ စက်ဘီးလေးနင်းပြီး တော့ပေါ့။ 'မပခ' ရောက်တော့ ခုနကမှာကြားခဲ့တဲ့ ရှေ့တန်းစစ်ဆင်ရေးကို ရိက္ခာပို့သွားဖို့ ကိစ္စတွေအတွက် အကြောင်းကြားတဲ့ အတည်ပြုကြေးနန်းစာကို ခေါ်ပေးတာပါ။ ခုနက ပေးဖို့မေ့သွားလို့လား။ စာရိုက်လို့မပြီးသေးလို့လား။ စာရိုက်ပြီးပေမဲ့ လူကြီးက လက်မှတ်မထိုးရသေးလို့လား မသိပါ။ သူတို့ဆီက ဆက်သားလွှတ်ပြီး ပို့လိုက်ရင်မရဘူးလားလို့ အတွေးနဲ့စက်ဘီးလေးကို ပုံမှန်လေး နင်းပြီး ပြန်ခဲ့ရပြန်ပါတယ်။ အဲဒီအချိန် စိုင်းထီးဆိုင်သီချင်းလို…

"အချစ်က မေးတယ်၊ တကယ် တကယ် တကယ့် သိပ်မောသွားသလား မောင်ရယ်တဲ့"

လို့များ ချစ်သောမဟေသီကများ မေးလာခဲ့ရင်…

"မောတော့ မောတာပေါ့၊ ဒါပေမဲ့ မမောဘူး"

လို့ ပြန်ဖြေနိုင်မယ် မဟုတ်ဘဲ…

"မောတယ်ဟ၊ မောတယ်၊ ဒါပေမဲ့လည်း မောတာပဲ"

လို့ ပြန်ဖြေမိမှာပါ။

KIA နယ်မြေ၊ မိုင်းတွေ ထောင်ထားတဲ့နယ်မြေ၊ ကျည်မိုးတွေရွာမယ့်နယ်မြေ၊ မျက်စိကန်းနိုင်တဲ့နယ်မြေ၊ ခြေလက်ပြတ်နိုင်တဲ့နယ်မြေ၊ သေနိုင်တဲ့

နယ်မြေ၊ KIA ရဲ့ သုံ့ပန်းဖြစ်သွားနိုင်သောနယ်မြေကို ကျွန်တော် ကိုယ်တိုင် သွားရမဲ့အရေး အဲဒီလိုအမိန့်မျိုးကို ကိုယ်တိုင် သွားနားထောင်၊ အကြောင်းကြား စာကိုလည်း ကိုယ်တိုင်ပဲသွားယူ၊ နှစ်ခေါက်လုံး စက်ဘီးလေးနဲ့ပဲ နင်းသွားရတာ ဒါမှမဟော ဘယ်နေရာ သွားမောရမှာလဲဗျာ။

♦ ♦ ♦

## ( ၈ )

ပြီးခဲ့တဲ့အပိုင်းမှာ ရှေ့တန်းစစ်ဆင်ရေးနယ်မြေကို ရိက္ခာပို့သွားရမဲ့အကြောင်း ဖော်ပြခဲ့ပါတယ်။ တကယ်တော့ (၂၁-၄-၁၉၉၃) ရက်နေ့ ရောက်မှမဟုတ်ပါဘူး။ ဘယ်ရက်မှန်းသာမသိတာ သွားရဖို့ရက် မဝေးတော့ဘူးဆိုတာ သိထားတာမို့ ကြိုတင်ပြင်ဆင်မှုတွေလုပ်နေတာကတော့ ကြာပါပြီ။ ဝတ်စုံပြာအင်္ကျီတွေ၊ ဝတ်စုံပြာ ဘောင်းဘီရှည်တွေ၊ ဂုံနီပါးအိပ်ရာခင်းတွေ၊ ဒန်အိုးတွေ၊ ငှက်ဖျားကာကွယ်ဆေးတွေ၊ အသားစည်သွတ်ဘူးတွေ၊ နေကြာစောင်တွေ၊ တာရာဖိနပ်တွေ စတဲ့ ပစ္စည်းတွေကို တပ်ထောက်တာဝန်ယူထားတဲ့ ထောင်မှူး ကိုစောလှိုင်က ခက်ခက်ခဲခဲနဲ့ ဗပသ (ဗဟိုပစ္စည်းသိုလှောင်ရေး)က ကြိုတင်ထုတ်ယူထားတာပါ။

ဒီတော့ မေးချင်မေးကြပါမယ်။ ရထားနဲ့၊ ကားနဲ့တင်လာတာ ဘာတွေများခက်ခဲနေလဲလို့။ အဲဒီကာလက ရန်ကုန်-မန္တလေးရထားပိုင်းက သိပ်မခက်လှပေမဲ့ မန္တလေး-မြစ်ကြီးနားကတော့ ပစ္စည်းတင်ဖို့ထားဦး။ လူတစ်ယောက် ရိုးရိုးတန်းရထားထိုင်ခုံတစ်ခုရဖို့တောင် အလွန်ခက်လှတာပါ။ တင်ပြီးရင်တောင် မသေချာသေးပါဘူး။ သတင်းနားစွင့်ထားရပါတယ်။ ဘယ်နေရာမှာ ရထားလမ်းမိုင်းခွဲခံရတယ်။ ရထားသွားနိုင်ဖို့ တစ်ရက်စောင့်ရမယ်။ သုံးရက်စောင့်ရမယ်ဆိုရင် ကျွန်တော်တို့က အဲဒီနေရာကို လိုက်သွားပြီး ကားလမ်းကနေ၊ ပြောင်းသယ်ချင်သယ်ကြရတာပါ။

၂၁-၄-၁၉၉၃ ရက်နေ့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မသွားခင် နံနက်စောစောမှာ မြစ်-ဆွမ်စခန်းဘက်စုံခြံကနေ မြစ်ကြီးနားထောင်ကို ဒန်အိုးတွေ၊

အဝတ်အစားတွေ၊ အသားဘူးတွေကို ကျွန်တော်ပဲ ကားနဲ့တစ်ခေါက် ပို့ခဲ့ရပါသေးတယ်။ ဝန်ထမ်းတိုင်း နေ့စဉ် အလုပ်ရှုပ်နေကြတာပါ။ အလုပ်တွေ မနိုင်မနင်းဖြစ်နေပါတယ်ဆိုမှ ၂၂-၄-၁၉၉၃ ရက်နေ့မှာ အထူးသတင်းတစ်ခုဝင်လာပြန်ပါပြီ။

၂၃-၄-၁၉၉၃ ရက်နေ့မှာ ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမြသင်းလာမယ်တဲ့။ အလုပ်တွေ ပိုလာပြန်ပါပြီ။ ယောက်ယက်ခတ်ကုန်ပါပြီ။ ဆက်တီတွေငှားကြ၊ ကျွေးမွေးဖို့ ပန်းကန်ခွက်ယောက်တွေငှားကြ၊ သန့်ရှင်းရေးတွေလုပ်ကြ၊ ကျွန်တော်တို့ ဆောက်လုပ်နေတဲ့ ယာယီဘာရာအဆောက်အအုံမှာ အကျဉ်းသား(ဝန်ဆောင်တပ်သား)တွေ မထားရသေးတော့ ဝန်ကြီးလာစစ်တဲ့အခါ အဆောက်အအုံတွေပြီးနေလို့ ဝန်ဆောင်တပ်သားတွေကို စတင်ထားနေပါပြီဆိုတဲ့သဘော ပြသနိုင်အောင်၊ မြစ်-ဆွမ်ဆူးကြိုးထဲ ခေတ္တထားတဲ့ ဝန်ဆောင်တပ်သားတွေကို ဝန်ဆောင်တပ်ရင်းအသစ်ဆီ TE-21 ကားနဲ့ အခေါက်ခေါက် ရွှေ့ပြောင်းကြ၊ ရိက္ခာပစ္စည်းတွေ သယ်ရွှေ့ကြ၊ မြစ်ကြီးနား-ဆွမ်ပရာဘွမ် ကားလမ်းကနေ စခန်းကို အဝင်လမ်းက တစ်မိုင်လောက်ဝေးပါတယ်၊ အဲဒီလမ်းကနေ ပြည်ထဲရေးဝန်ကြီးက ဝင်လာမှာမို့ အချို့အဖွဲ့တွေက ချိုင့်ခွက်တွေမရှိအောင် မြေတွေဖို့ကြ၊ မြင့်နေတဲ့မြေတွေ ပေါက်ထုတ်ကြ၊ ခြုံနွယ်တွေခုတ်၊ မီးရှို့ကြ ရှုပ်ယှက်ခတ်နေတာပါ။ ထောင်မှူး ကိုစောလှိုင်က ဟိုပြေးဒီပြေးပေါ့။ ထောင်မှူး ကိုကျော်လွင်ကတော့ အဲဒီအချိန်မှာ ရန်ကုန်ကို တာဝန်နဲ့သွားနေသလား၊ ဒါမှမဟုတ် ကိုစောလှိုင်နဲ့အတူ တာဝန်တွေခွဲလုပ်နေသလား သေချာမမှတ်မိတော့ပါဘူး။

ကျွန်တော်ကလည်း မနက်စောစောမှာ ဝန်ဆောင်တပ်သား ၁၀၀ ဦးနဲ့ ရှေ့တန်းထွက်ရမှာမို့ လိုအပ်တာတွေ ပြင်ရဆင်ရ မအားရတဲ့ကြားထဲ ထောင်ပိုင်ကြီး ဦးလှကြည်က မြစ်ကြီးနားထောင်က ဝန်ဆောင်တပ်သား ၁၀၀ ကို ဝန်ဆောင် တပ်ရင်းကို ပို့ပေးပါဦးဆိုလို့ ကျွန်တော့်အလုပ်ကို ခဏဘေးဖယ်ထားပြီး ဝန်ဆောင်တပ်သား ၅၀ စီကို မော်တော်ကားနဲ့ နှစ်ခေါက် ပို့ပေးရပြန်ပါတယ်။ ကျွန်တော်က ရှေ့တန်းရိက္ခာ ပို့သွားမယ်ဆိုတာ လူတိုင်းသိထားကြပေမဲ့ ကျွန်တော်နဲ့အတူ ဘယ်ဝန်ထမ်းတွေကို ထည့်မှာလဲဆိုတာ မသိသေးတာရယ်၊

အမိန့်မထုတ်ရသေးတာရယ်ကြောင့် ထောင်ပိုင်ကြီးဆီ တင်ပြရပါတယ်။ အမိန့်စာကို ညနေပိုင်းမှရပါတယ်။

မြစ်ကြီးနားဒေသ ဝန်ဆောင်တပ်ရင်းရဲ့ ၂၂-၄-၁၉၉၃ ရက်စွဲပါ အမိန့်အမှတ် ၈/၉၃(မိန့် ၂)အရ ကျွန်တော်နဲ့ ဝန်ထမ်းသုံးဦးတို့ကို အုပ်ချုပ်မှု လုပ်ငန်းများအတွက် တာဝန်ပေးအပ်ခဲ့ပါတယ်။ က-၂၈၈၄ ထောင်မှူး ခင်မောင်ထွန်း၊ က၈၃၀၅ တပ်ကြပ်ခေါင်လွန်း၊ က-၈၉၈၂ တပ်သားလှဝင်း၊ က-၁၅၀၄၃ တပ်သားအေးသိန်းတို့ပါ။ ဒါပေမဲ့ အမိန့်ထုတ်ပြီးမှ က-၈၉၈၂ တပ်သားလှဝင်းအစား က-၁၂၃၄၆ ဒုတပ်ကြပ်ခင်မောင်ထွန်းလို့ ပြောင်းသွားပါတယ်။ ဘာကြောင့်ဆိုတာတော့ မပြောတတ်တော့ပါဘူး။ ရိုးတိုးရိပ်တိတ် မှတ်မိနေတာကတော့ ကိုလှဝင်းက နေမကောင်းဘူးလို့ အကြောင်းပြတယ်လို့ ထင်ပါတယ်။ တပ်မတော်သားဟောင်းတစ်ယောက်ပါ။ ဒုတပ်ကြပ်ခင်မောင်ထွန်းကတော့ အကျဉ်းဦးစီး သန္ဓေစစ်စစ်ပါ။ အမိန့်စာမှာတော့ နာမည်တွေ ပြန်မပြင်တော့ဘဲ လူပဲပြောင်းလိုက်တာပါ။

နောက်တစ်နေ့နံနက်စောစော ခရီးထွက်ရမဲ့ ကျွန်တော်ဟာ ည ၂၃း၃၀ နာရီကျမှပဲ မြစ်ကြီးနားထောင်ကို ပြန်ရောက်ခဲ့ရပါတယ်။ မအားတဲ့ကြားကပဲ ရှေ့တန်းရောက်ရင် လိုအပ်နိုင်မဲ့အကိုက်အခဲပျောက်ဆေး၊ ပိုးသတ်ဆေး၊ ဝမ်းကိုက်ပျောက်ဆေး၊ ဝမ်းပိတ်ဆေး၊ အကြောဆေး၊ 25%glucose Drip/ Drip set ပတ်တီး၊ ပလာစတာ၊ ဆေးထိုးပိုက်၊ သာမိုမီတာ၊ ခွဲစိတ်ဓား၊ Burplex B12 B6 စတဲ့ အခြေခံဆေးပစ္စည်းအစုံကို ဝယ်ယူခဲ့ပါသေးတယ်။ ကျွန်တော့်လစာ ကျပ် ၁၂၀၀ သာရတဲ့ကာလမှာ ကျပ် ၂၅၀၀ ဖိုး ဝယ်လိုက်တာပါ။ ကျွန်တော့်အတွက် လုံးဝမရည်ရွယ်မိဘဲ ရှေ့တန်းသွားရမဲ့ အကျဉ်းသား (ဝန်ဆောင်တပ်သား) တွေနဲ့ ကျွန်တော်နဲ့အတူပါမဲ့ ဝန်ထမ်းတွေ ရှေ့တန်းမှာ ဖျားနာခဲ့ရင်၊ ထိခိုက်ရှနာဖြစ်ခဲ့ရင် လတ်တလော သက်သာပျောက်ကင်းစေဖို့ပါ။ ကျွန်တော်က ဘဲလင်းကျောက်ထုတ် အလုပ်စခန်းမှာ တပ်သားလေးဘဝက ဆေးတပ်သားလေးတစ်ယောက်ပါ။ ဒီတော့ သာမန်ရောဂါများအတွက် ဘာရောဂါကို ဘာဆေးပေးရမယ်ဆိုတာလောက်တော့ သိထားပါတယ်။ အသားဆေး၊ အကြောဆေးတွေ ထိုးပေးတတ်သလို Drip တွေလည်း ချိတ်ပေးနိုင်ပါတယ်။ ထိခိုက်ပြဲရှ

ဒဏ်ရာတွေကိုလည်း စနစ်တကျ ချုပ်ပေးတတ်ပါတယ်။ ဒီတော့ ကျွန်တော်နဲ့ အတူ မိသားစုလို တစ်လှေတည်းစီး တစ်ခရီးတည်းသွား ကြမဲ့ ဘဝတူဝန်ထမ်းတွေနဲ့ ဝန်ဆောင်တပ်သားတွေအတွက် မိမိတတ်စွမ်းသမျှ ဆေးပညာအခြေခံလေးနဲ့ တတ်နိုင်သမျှကူညီပေးချင်တဲ့စိတ်ရင်းအမှန်နဲ့ ကျွန်တော့် လစာ တစ်လစာ ထက်ပိုတဲ့ လစာနှစ်လစာဖိုး ဆေးတွေ ဝယ်လိုက်တာပါ။ လိုအပ်တာတွေပြင်ဆင်နေရတာနဲ့ ၂၃-၄-၁၉၉၃ ရက်နေ့ ၀၂း၀၀ နာရီလောက်ကျမှ မှေးခနဲ အိပ်ပျော်သွားရပါတယ်။

မနက်စောစောထရမယ်ဆိုတဲ့အသိ တစ်ခုရှိထားတာမို့ နံနက် ၄ နာရီ ထိုးတာနဲ့နိုးနေပါပြီ။ အိပ်ချိန် ၂ နာရီပဲရှိခဲ့ပါတယ်။ ကျွန်တော်နဲ့ အတူလိုက်ပါမဲ့ တပ်ကြပ်ခေါင်လွန်း ဒုတပ်ကြပ်ခင်မောင်ထွန်း၊ တပ်သားအေးသိန်းတို့ကို နှိုးပြီး သူတို့နဲ့အတူ မြစ်ကြီးနားထောင်ထဲဝင်၊ ရှေ့တန်းထွက်မယ့် ဝန်ဆောင်တပ်သား ၁၀၀ ကိုနှိုး၊ အပေါ့အပါးသွားခိုင်း၊ အိပ်ရာလိပ်နဲ့ အထုပ်အပိုးတွေ ပြင်ခိုင်းပြီး ထွက်ရန် အသင့်အနေအထားဖြစ်အောင် လုပ်ထားလိုက်ပါပြီ။ ၀၅း၁၀ နာရီမှာ ဗိုလ်သိန်းဇော် ဦးစီးတဲ့ တပ်မတော်သားတွေ ရောက်လာကြပါပြီ။

တပ်မတော်က ပါလာတဲ့ ကားတွေနဲ့ ဝန်ဆောင်တပ်သားတွေရော ဒန်အိုး၊ ထမင်းစား ဒန်ပန်းကန် ပြား၊ ဒန်ပန်းကန်လုံးတွေ၊ အသားဘူးအိတ်တွေ တင်ပြီး မြစ်ကြီးနား-ဗိုင်းမော် ဧရာဝတီဆိပ်ကမ်းကို ရောက်ရှိခဲ့ကြပါတယ်။ ဆိပ်ကမ်း ရောက်တော့ မော်တော်ကားတင်တဲ့ ဇက်ရေယာဉ်က အသင့်စောင့်နေပါတယ်။ ဇက်မော်တော်ပေါ် ဝန်ဆောင်တပ်သားတွေရော ပစ္စည်းတွေရော တင်ပြီးတာနဲ့ ဇက်မော်တော်ကြီးက မြစ်ကြီးနားဆိပ်ကမ်းကနေ ဗိုင်းမော်မြို့ဆိပ်ကမ်းဘက်ဆီ တဖြည်းဖြည်း တရွေ့ရွေ့နဲ့စတင် ထွက်ခွာပါပြီ။

ဒီခရီးက အပျော်ခရီးမဟုတ်တာကို ကျွန်တော်ရော ဝန်ထမ်းတွေရော ဝန်ဆောင်တပ်သားတွေရော သိထားကြတာမို့ အတွေးကိုယ်စီနဲ့ ရှိနေကြပါတယ်။ မျက်လုံးတွေက မျက်နှာမူရာတွေကိုကြည့်နေသယောင် ရှိနေကြပေမဲ့ ရှေ့ဘက်က မြင်ကွင်းတွေကို အာရုံရှိနေကြတဲ့ အနေအထားမရှိကြပါဘူး။ အကျဉ်းသား တစ်ယောက်ကတော့ ကျွန်တော့်ကို သူက ရန်ကုန်ကဖြစ်ကြောင်း မိဘတွေ၊ ညီမလေးတွေကို သတိရကြောင်းတွေ လာပြောနေလို့ မိသားစုနဲ့ ပြန်လည်

ဆုံဆည်းဖို့ တဖြည်းဖြည်းနီးလာပြီဖြစ်ကြောင်း၊ ကျန်းမာအောင်သာနေဖို့လို ကြောင်း၊ အာလာပသလ္လာပများနဲ့အတူ အားပေးစကားတွေ ပြောနေခဲ့မိပါတယ်။ မိနစ် ၂၀ လောက်ပဲကြာမယ်ထင်ပါတယ်။ ဝိုင်းမော်ဆိပ်ကမ်းကို ဆိုက်ရောက် ခဲ့ကြပါပြီ။

♦ ♦ ♦

( ၉ )

ဝိုင်းမော်ဆိပ်ကမ်းကို ဝ၅း၅ဝ နာရီလောက်မှာ ဇက်ရေယာဉ်ဆိုက်ကပ်ပါ တယ်။ အကျဉ်းဦးစီးဝန်ထမ်းများက ဝန်ဆောင်တပ်သားတွေကို နှစ်ယောက် တစ်တွဲ စနစ်တကျ ခေါ်ဆောင်ပြီး အချို့ကို အသားဘူး(ငါးသေတ္တာ) ဘူးတွေ၊ ဒန်အိုး ဒယ်အိုးတွေ သယ်ခိုင်းရပါတယ်။ ဝိုင်းမော်မြို့ ဆိပ်ကမ်းမှာ တပ်မတော်က တိုယိုတာလင်ခရူဇာကားလေးတွေ အစီး ၃၀ ခန့် တန်းစီထားတာ တွေ့ရပါ တယ်။ ကားတွေပေါ်မှာ တပ်မတော်ရိက္ခာ၊ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ စတဲ့ ပစ္စည်းတွေ မျှတင်ထားပြီးဖြစ်ပါတယ်။ ဝိုင်းမော် ထောက်/ပို့တပ်ကလား၊ မြစ်ကြီးနားထောက်/ပို့တပ်ကလားတော့ မသိပါဘူး၊ ထုတ်လာတာလို့ သိရပါ တယ်။ ဝန်ဆောင်တပ်သားတွေကိုလည်း တစ်စီးမှာ ငါးယောက်စီ၊ ခုနစ်ယောက်စီ မျှတင်ရပါတယ်၊ ဝ၇း၁ဝ နာရီခန့်မှာတော့ ရိက္ခာပစ္စည်းတွေလည်း ကားတွေပေါ် ရောက်ပြီ။ ဝန်ဆောင်တပ်သားတွေလည်း ကားတွေပေါ် နေရာချပြီးပါပြီ။ စထွက် ဖို့ပဲရှိပါတော့တယ်။ စစ်ဗိုလ်တွေ၊ ဆရာကြီးတွေက စကားပြောစက်ကလေးတွေနဲ့ စထွက်ရန် အသင့်ပြင်ကြဖို့ချိတ်ဆက်နေကြပါပြီ။ အရာရှိတွေရော၊ အရာခံ၊ အကြပ်ကြီးတွေရော၊ ဆရာကြီးတွေရော တပ်ကြပ်တွေ၊ ဒုတပ်ကြပ်နဲ့ တပ်သား တွေရော ကားအသီးသီးကိုတက်ပြီး နေရာယူကုန်ကြပါပြီ။

ကျွန်တော့်ရဲ့ ဝန်ထမ်းများဖြစ်တဲ့ တပ်ကြပ်ခေါင်လွန်း၊ ဒုတပ်ကြပ်ခင်မောင် ထွန်းနဲ့ တပ်သားအေးသိန်းတို့လည်း နီးစပ်ရာကားတွေပေါ် ရောက်နေကြပါပြီ နေရာမရသေးဘဲ ယောင်ချာချာ ဖြစ်နေသူကတော့ ကျွန်တော်တစ်ယောက်တည်း ပါ။ ဗိုလ်သိန်းဇော်ကိုရှာပြီး…

“ဗိုလ်ကြီး ကျွန်တော်ဘယ်ကားမှာ လိုက်ရမှာလဲ”

သူကလည်း ဘယ်ကား လိုက်လို့မပြောဘဲ…

“ထောင်မှူး ကြိုက်တဲ့ကားလိုက်ဗျာ”တဲ့။

ကျွန်တော်က ထိပ်ဆုံးကားကနေ နောက်ဆုံးကားထိ လိုက်လေ့လာတော့ ကားတိုင်းလိုလိုရဲ့ ရှေ့ခန်းတွေမှာ အရာရှိတွေ၊ ပအရာခံတွေ၊ ဒုအရာခံတွေနဲ့ ပြည့်နေတာကို တွေ့ရပါတယ်။ ကားတိုင်းရဲ့နောက်ခန်းတွေမှာတော့ ချောင်ချောင်ချိချိမို့ စီးလို့ရပါတယ်။ ဒီနေရာမှာ တစ်ခုပြောချင်တာက ကျွန်တော်က ရဲတပ်ကြပ်ကြီးတစ်ယောက်ရဲ့သားပါ၊ ဆင်းရဲပါတယ်။ ရုန်းကန်ခဲ့ရပါတယ်။ ငယ်စဉ်ကျောင်းနေခဲ့ရာမှာ စက်ဘီးလေးတစ်စီးတောင်မရှိလို့ ခြေကျင်သာ တက်ခဲ့ရတာပါ။ ထောင်မှူးဖြစ်မှ စက်ဘီးလေးတစ်စီး ဝယ်နိုင်ခဲ့တာပါ။ မရီးဖြစ်သူက လျှော့ဈေး ကျပ် ၂၅၀၀ နဲ့ရောင်းလို့ ကြက်ဖတံဆိပ်ကျားစီးလေး တစ်စီးရခဲ့တာပါ။ ဒါတောင် အကြွေးချေနိုင်ခဲ့တာမဟုတ်ဘဲ နှစ်ရစ်လား၊ သုံးရစ်လား ဆပ်ခဲ့ရတာပါ။ ဒီတော့ ကြီးကျယ်စရာ အကြောင်းမရှိပါဘူး။ ကျွန်တော် အကျဉ်းဦးစီးဌာနက ကားတွေစီးတဲ့အခါ အခြေအနေအရ နောက်ခန်းတွေက စီးခဲ့ရတဲ့အကြိမ်ပေါင်းများစွာပါ။

ဒါပေမဲ့ အခုကျတော့ တပ်မတော်က အရာရှိလေးတွေ၊ အရာရှိကြီးတွေရော အရာခံအဆင့်တွေရော ကားတွေရဲ့ရှေ့ခန်းက စီးနေကြတယ်။ ကျွန်တော်ကလည်း တပ်မတော်က အရာရှိတစ်ဦးမဟုတ်ပေမဲ့ အကျဉ်းဦးစီးဌာနမှာတော့ အရာရှိငယ်လေးတစ်ယောက်ပါ။ ပြန်တမ်းဝင်ခြင်း၊ မဝင်ခြင်းကတော့ သတ်မှတ်ချက်ပါ။ ကျွန်တော့်ဌာနမှာကားရဲ့ ဘယ်နေရာက စီးစီးဘယ်လိုမှ မခံစားရပေမဲ့ တပ်မတော်နဲ့ အကျဉ်းဦးစီးနှစ်ဖွဲ့တွဲရာမှာတော့ တပ်မတော်မှာ အရာရှိလို့မသတ်မှတ်တဲ့ အရာခံဆရာကြီးတွေက ကားရှေ့ခန်းမှာထိုင်ကြပြီး အကျဉ်းဦးစီးဌာနမှာ အရာရှိလို့ သတ်မှတ်ထားတဲ့ ကျွန်တော့်လို ငွေကြယ်တစ်ပွင့်တပ် ထောင်မှူးလေးက နောက်ခန်းမှာ ထိုင်ရမှာကိုတော့ ဘဝင်မကျလှပါဘူး။ ပွင့်ပွင့်လင်းလင်းပြောရရင် ဌာနမာန်လေးကြောင့် ကားနောက်ခန်းက မစီးချင်တာတော့အမှန်ပါ။ ဌာနဂုဏ် သိက္ခာနိမ့်ကျသွားမယ်လို့လည်း ထင်နေမိပါတယ်။ ခက်တာက ကျွန်တော်လိုက်ကြည့်တဲ့ကားတိုင်းမှာတော့ ရှေ့ခန်းတိုင်းမှာ ပြည့်နေပါပြီ။ ဒါပေမဲ့ စိတ်မလျှော့

သေးဘဲ ကားတန်းတစ်လျှောက် နောက်တစ်ခေါက်ထပ်ပြီး သွားကြည့်ပြန်ပါတယ်။

ဒီအချိန်မှာတော့ နောက်ခန်းမှာ ရိက္ခာအချို့တင်ထားပြီး ရှေ့ခန်းမှာရော နောက်ခန်းမှာပါ လူတစ်ယောက်မှမရှိသေးတဲ့ တိုယိုတာလင်ခရူဇာကားလေး တစ်စီးကို တွေ့လိုက်ပါပြီ။ ခုနကြည့်တုန်းက မျက်စိလျှမ်းသွားတာလား၊ ဒါမှ မဟုတ် ရိက္ခာတင်တာနောက်ကျလို့ အခုမှ ထပ်ဝင်လာတဲ့ ကားလားတော့ မသိတော့ပါဘူး။ ကားတစ်စီးမှာ ရှေ့ခန်းလွတ်နေတာမို့ ဝမ်းသာသွားပါတယ်။ ရဲရဲကြီးတော့ ဝမ်းမသာနိုင်သေးပါဘူး။ စီးလို့ရမရ၊ ဒါမှမဟုတ် ဗိုလ်မှူးတွေ စီးဖို့လား မသေချာနိုင်သေးလို့ပါ။ ဗိုလ်သိန်းဇော်ကို ရှာရပြန်ပါပြီ။ တွေ့တော့…

"ဗိုလ်ကြီး ဟိုကားက ဘယ်လို စီစဉ်ထားတဲ့ကားလဲ"

"အဲဒါ ရှေ့ပြေးပွိုင့်ကားပါ"

"ဘယ်သူတွေ လိုက်မှာလဲဗျ"

"ဘယ်သူမှမလိုက်ဘူး"

"ဒါဆို ကျွန်တော် လိုက်လို့ရလားဗျာ"

"လိုက်ရဲရင်ရတယ်"

အဲဒီအချိန်မှာ ကျွန်တော်အဖြစ်ချင်ဆုံးဆန္ဒက ဌာနဂုဏ်သိက္ခာအရ "ရှေ့ခန်းက စီးရဖို့"ပါပဲ။ ကျန်တာ ဘာမှမရှိပါဘူး။ ဒီတော့…

"ဘာလို့ မလိုက်ရဲရမှာလဲ၊ လိုက်တယ်ဗျာ"

ကျွန်တော့် အကျဉ်းဦးစီးဝန်ထမ်းတွေရှိတဲ့ကားကိုရှာပြီး…

"ဆင်းကြ၊ ကားပြောင်းမယ်"

ဝန်ထမ်းသုံးယောက်လုံး သူတို့အိတ်လေးတွေနဲ့ ဆင်းလာကြပြီး ကျွန်တော့် နောက်ကို လိုက်လာကြပါတယ်။ ပွိုင့်ကားဆီရောက်တော့…

"ဒီကားပေါ်တက်ကြ"လို့

ပြောပြီး ကျွန်တော်ကတော့ ကားရဲ့ ရှေ့ခန်းတံခါးကိုဖွင့်ပြီး အကျဉ်းဦးစီးကွ ဆိုတဲ့မာန်နဲ့ တက်ထိုင်လိုက်ပါတယ်။ အဲလိုထိုင်ပြီးချိန်နောက်ပိုင်းမှာ ကားနားက ဖြတ်သွားတဲ့ တပ်မတော်က တစ်ပွင့်၊ နှစ်ပွင့်နဲ့ အခြားအဆင့်တွေအားလုံးလိုလို ကျွန်တော့်ဘက်လှည့်ပြီး အလေးပြုသွားကြပါတယ်။ ကျွန်တော်က ယူနီဖောင်း အင်္ကျီပေါ်က ကာကီရောင်ဂျာကင်လေးထပ်ဝတ်ထားတော့ တပ်မတော်က

အနည်းဆုံး မိုလ်ကြီးအဆင့်လို့ ထင်နေကြပုံရပါတယ်။ ဘာတတ်နိုင်မလဲ ခပ်တည်တည်ပဲ နေလိုက်ပါတယ်။ အဲဒီအချိန်မှာ အတွေးအချို့ဝင်လာပါပြီ။ အခု ငါသွားမှာက ဟိုယခင်က KIA ဌာနချုပ်၊ ငြိမ်းချမ်းရေးက မရသေးတော့ အပစ်အခတ်ကလည်း မရပ်သေး၊ ဗုံးတွေကလည်း ထောင်နေသေး၊ လောင်ချာတွေကလည်းထုနေသေး၊ အခုသွားမှာက ရှေ့တန်း ရိက္ခာပို့၊ KIA က သတင်းရထားရင် တစ်နေရာရာကစောင့်ပြီး တွယ်နိုင်တယ်၊ သတင်းမရလည်း ငါတို့တို့ယာဉ်တန်းကိုတွေ့တာနဲ့ပစ်နိုင်တယ်၊ ငါစီးတာက "ပွိုင့်" ကားဆိုတော့ ရှေ့ဆုံးက ပစ်ကွင်းကတော့ ထင်းနေမှာပဲ။ သေဖို့ကတော့ ရာခိုင်နှုန်းများနေပြီ၊ သေများသေခဲ့ရင် ဇနီးနဲ့သမီးလေးတောင် နှုတ်ဆက်ခွင့်မရခဲ့ပါလား။

၄-၄-၁၉၉၃ ရက်နေ့က ဇနီးနဲ့သမီးလေးတို့က ပြင်ဦးလွင်မှာရှိတဲ့ မရီးဖြစ်သူဆီ အလည်သွားခဲ့ကြတော့ အခုခရီးထွက်လာတာမှာ နှုတ်မဆက်ရတော့ဘူးပေါ့။ ငါဘာလုပ်ရမလဲ၊ ဆင်းနေခဲ့တော့မယ်၊ ဒီလိုဆို တပ်ပြေးဖြစ်ပြီး ပြုတ်ပေါ့။ ထောင်တောင် ကျချင်ကျဦးမယ်။ ပြုတ်ချင်လည်းပြုတ်၊ ထောင်ကျချင်လည်း ကျကွာ၊ လူ့အသက်ထက် ဘာကမှ ပိုအရေးမကြီးဘူး။ ဇနီးအတွက်၊ သမီးအတွက်၊ မိဘဆွေမျိုးတွေအတွက် အသက်ရှင်ရပ်တည်နိုင်ဖို့က ပိုအရေးကြီးတယ်လို့ ဆုံးဖြတ်ချက်တစ်ခုချလိုက်ပြီး ဆင်းကျန်နေလိုက်တော့မယ်ပေါ့။ အဲလိုစဉ်းစားပြီးတာနဲ့ နောက်တစ်မျိုး စဉ်းစားမှုကလည်း ချက်ချင်းပေါ်လာပြန်ပါတယ်။

ခုနကပဲ ငါတွေးတယ်၊ တပ်မတော်ကအရာရှိက ရှေ့ခန်းထိုင်ပြီး အကျဉ်းဦးစီးဌာနအရာရှိက နောက်ခန်းကထိုင်ရတာ ဂုဏ်သိက္ခာနိမ့်ကျတယ်လို့။ အခုကားပေါ်က ဆင်းကျန်နေရစ်လိုက်ရင် ကားနောက်ခန်းက စီးတာထက်ကို ဂုဏ်သိက္ခာ ပိုပြီးနိမ့်သွားမှာပါလား။ ငါတစ်ဦးတည်းရဲ့ ဂုဏ်သိက္ခာကျတယ်ဆိုရင် ကိစ္စမရှိဘူး။ အကျဉ်းဦးစီးဌာနတစ်ခုလုံးရဲ့ ဂုဏ်သိက္ခာပါကျမှာပါလား။ အကျဉ်းဦးစီးကအရာရှိတွေ သတ္တိကြောင်ကြတယ်၊ လူညံ့တွေဖြစ်တယ်လို့ တပ်မတော်သားတွေက ထင်တော့မှာပေါ့။ အကျဉ်းဦးစီးဌာနက ကျွန်တော့်ဘဝ စားဝတ်နေရေး အထောက်အပံ့တွေ၊ သိက္ခာရှိရှိနေနိုင်ဖို့ အခြေအနေတွေကိုပေးခဲ့တာ ၁၄ နှစ်လောက်တောင်ရှိနေပြီ။ ဌာနဂုဏ်သိက္ခာကျတဲ့အလုပ်ကိုလုပ်မိရင် ငါ့ကိုအကျိုးပြုနေတဲ့၊ ငါမှီခိုနေတဲ့အလုပ်အပေါ် ကျေးဇူးကန်းရာရောက်မှာပေါ့။ သေချင်

လည်း သေတော့ကွာ၊ ပြတ်ချင်လည်းပြတ်တော့ကွာ၊ ကန်းချင်လည်း ကန်းတော့ကွာ၊ ဖြစ်ချင်ရာဖြစ် မောင်ဘချစ်ကွာလို့လည်း တွေးလိုက်ရော အိုကေသွားပါပြီ။ ရင်ထဲရှင်းသွားပါပြီ။ အဲဒီအချိန်မှာဘဲ ယာဉ်မောင်း တပ်မတော်သားတစ်ဦး တက်လာပါတယ်။ သူ့မှာပါလာတဲ့ ဂျီသရီးသေနတ်ကို သူ့ရဲ့ ဝဲဘက်မှာ ချထားလိုက်ပြီး ကျွန်တော့်ကို ပြောလာပါတယ်။

"ဆရာ ဘာလိုဦးမလဲ"

"ဘာမှ မလိုတော့ပါဘူး"

"ဒါဆို ထွက်မယ်နော်"

"ထွက်ဗျာ"

ကျွန်တော်စီးတဲ့ ကားရဲ့ရှေ့ခန်းက ကာကီရောင်ယူနီဖောင်းကို ဝတ်ထားတဲ့ ကျွန်တော်၊ နောက်ခန်းမှာကလည်း ကာကီရောင်ယူနီဖောင်းဝတ်ထားတဲ့ ကျွန်တော့်ရဲ့ အကျဉ်းဦးစီးဝန်ထမ်းသုံးဦး၊ ကားတစ်စီးလုံးမှာ စစ်သားဆိုလို့ ကားဒရိုင်ဘာ တစ်ဦးတည်းသာ ပါရှိပါတယ်။

၂၃-၄-၁၉၉၃ ရက်နေ့ ဝ၇း၃ဝ နာရီမှာတော့ ကျွန်တော်တို့ရဲ့စစ်ဆင်ရေး ယာဉ်တန်းကြီး ဝိုင်းမော်မြို့ကနေ စတင်ထွက်ခဲ့ကြပါပြီ။ ကျွန်တော်စီးတဲ့ ကားကတော့ ရှေ့ဆုံးက စထွက်တဲ့ 'ပွိုင့်'ကားပါ။

◆ ◆ ◆

## ( ၁ဝ )

ရိက္ခာတွေ ဝန်ဆောင်တပ်သားတွေ၊ တပ်မတော်သားတွေ တင်ဆောင်ထားတဲ့ တိုယိုတာလင်ခရူဇာ မော်တော်ယာဉ်အသေးလေးတွေ စတင်ထွက်ပါပြီ။ ဒရိုင်ဘာက အသက် ၃ဝ ခန့်လောက်ရှိပြီး ကျန်းမာဖြတ်လတ်တဲ့အနေအထားပါ။ ရှစ်မိုင်၊ ၁ဝ မိုင်မောင်းအပြီးမှာတော့ ဒရိုင်ဘာရဲ့ ကားမောင်းကျွမ်းကျင်မှုက ကျေနပ်စရာပါ။ စထွက်ကတည်းက ကုန်းမြင့်ကို တက်ရတာပါ။ ပထမတော့ ပြေပြေလေးလိုလို့နဲ့ တဖြည်းဖြည်း မြင့်မြင့်လာပါတယ်။ လမ်းမှာ ခတ်ချိုဆန်လို့ နာမည်ကြီးတဲ့ ခတ်ချိုရွာကိုလည်း ဖြတ်ရပါတယ်။ မြင်တွေ့ရသူအပေါင်းကတော့

ဝါးခမောက်လား၊ စလူရွက် ခမောက်လားတော့မသိပါ။ ခမောက်ကလေးတွေ ဆောင်းကြတာကို တွေ့ရပါတယ်။ အားလုံးကတော့ ပကာသနတွေကင်းပြီး ရိုးသားကြဟန် ရှိပါတယ်။

လမ်းခရီးတစ်ခုမှာ ခေတ္တနားပါတယ်။ စား၊ ချက်လို့ ပြောတယ်ထင်ပါတယ်။ စစ်သားတွေက သူတို့မှာပါလာတဲ့ ဟန်းကောထဲက ထမင်းနဲ့ဟင်းများကို အမြန်စားကြပြီး ဟန်းကောကိုဆေး ဆန်လေးပြန်ထည့်၊ အနီးမှာရှိတဲ့ သစ်ရွက်ခြောက်၊ သစ်ကိုင်းခြောက်လေးတွေကို မီးမွှေးပြီး ချက်လိုက်ကြတာ ကျွန်တော့်အထင် စားတာရော ထမင်းချက်တာရော နာရီဝက် မကြာလိုက်ဘူးလို့ထင်ပါတယ်။ ကျွန်တော်တို့လည်း မြစ်ကြီးနားဆောင်က ချက်ပြုတ်ပေးလိုက်တဲ့ နံနက်စာကို အမြန်ဝေပေး၊ စားသောက်ပြီး ကျွန်တော့်ရဲ့ဝန်ထမ်းတွေနဲ့ ဝန်ဆောင်တပ်သားတွေ ညစာ စားဖို့အတွက် ကျွန်တော်ကိုယ်တိုင်ဦးစီးပြီး ဒန်အိုးကြီးကို ကားပေါ်ကချ၊ တောင်အောက်က ရေကိုသွားခပ်၊ ထင်းတုံးနဲ့ ဖိုခနောက်လုပ်သူကလုပ်၊ ထင်းခြောက် သစ်ရွက်ခြောက်တွေ စုသူကစု၊ မီးမွှေးဖို့ပြင်သူကပြင်၊ အားလုံးက စစ်ဆင်ရေးနယ်မြေဆိုတာသိကြတော့ သွားသုတ်သုတ်၊ စားသုတ်သုတ် လုပ်ကြရမယ်ဆိုတာ သဘောပေါက်ကြပြီးဖြစ်တာမို့ အားလုံး တက်ညီလက်ညီပါပဲ။ ဒါပေမဲ့ စစ်သားတွေ ညနေစာအတွက် ပြန်ချက်ပြီးချိန်မှာ ကျွန်တော်တို့ ထမင်းချက်မဲ့ ဒန်အိုးအကြီးကြီးထဲက ရေကနွေးတယ်ဆိုရုံဘဲ ရှိနေပါသေးတယ်။ အဲဒီအချိန်မှာ တပ်မတော်သား ဆရာကြီးတစ်ယောက်က အော်ပြောသံတစ်ခုကြားရပါတယ်။

"ဆက်ထွက်မယ် ၃ မိနစ်"တဲ့။

ဒီဘက်ခေတ် TV ကြော်ငြာမှာ အိန္ဒြာကျော်ဇင်က ခေါက်ဆွဲပြုတ်ဖို့ ၃ မိနစ်ပဲစောင့်တဲ့။ ဒါဆို ၃ မိနစ်ပဲစောင့်ဆိုတာက တပ်မတော်မှာ အဲဒီကာလမှာ ကတည်းက သုံးစွဲနေပြီပဲ။ တပ်မတော်သားတွေ အလွန်မြန်ကြပါတယ်။ မီးဖိုပေါ် တင်ထားတဲ့ ဟန်းကောချိုင့်တွေ ဖယ်ကြပါပြီ။ အချို့လည်း ကျက်နိုင်တယ်၊ အချို့လည်း နပ်ချင်မှနပ်မယ်။ ဒါပေမဲ့ တစ်သွေးတစ်သံ တစ်မိန့်ဆိုတာ ကျွန်တော့်လက်တွေ့ မြင်တွေ့လိုက်ရပါတယ်။ တစ်ခဏအတွင်းမှာ မီးတွေ ငြိမ်းသွားပါပြီ။ ခြေရာလက်ရာလေးတွေကို ကျန်မနေအောင် အတတ်နိုင်ဆုံး ပြန်ပြင်နေကြပါပြီ။

ကားပေါ်ရောက်ကုန်ကြပါပြီ။ ဆရာကြီးတစ်ဦးကတော့ ဘာကျန်တာ ညာကျန်တာမရှိအောင် တစ်ပတ်လှည့်ကြည့်တာ တွေ့ရပါတယ်။

ဒီအချိန်မှာ ကျွန်တော်တို့ဝန်ထမ်းတွေနဲ့ ဝန်ဆောင်တပ်သားတွေက ညစာအတွက် ချက်နေတဲ့ထမင်း မကျက်သေးပါဘူး။ ကျွန်တော်က တပ်မတော်သားမဟုတ်ပေမဲ့ အမျိုးအဆွေအချို့က တပ်ထဲကမို့ သဘောပေါက်နေပါတယ်။ အစ်ကိုအရင်း အကြီးဆုံးတောင် တနိုင်းဒေသမှာ တိုက်ပွဲကျခဲ့သေးတာပဲ။ တပ်မတော်နဲ့ ခေတ္တလက်တွဲရာမှာ ကျွန်တော်တို့ အကျဉ်းဦးစီးက ဝန်ထမ်းတွေလည်း ပျော့ပျော့ညံ့ညံ့မဟုတ်ဘူးဆိုတာ ပြချင်သူပါ။

"တပ်မတော်က ထွက်ဆိုထွက်ရမှာပဲ၊ သည်းခံပေးကြဗျာ၊ ဒန်အိုးထဲက ရေတွေသွန်လိုက်တော့၊ ပြီးရင် ကားပေါ် အမြန်တက် ဘာမှမကျန်အောင် သေချာစစ်ကြ၊ ဒါပဲဗျာ"

ကျွန်တော့်အမိန့်အပေါ် ဘယ်သူကမှ စောဒက မတက်ကြပါဘူး။ ဘယ်တက်ကြမလဲ၊ ကျွန်တော်က ထောင်ကမထွက်ခင်ကတည်းက ကျွန်တော့်ဝန်ထမ်းတွေကို သေချာမှာထားခဲ့ပါတယ်။

"အခုသွားရမှာက တပ်မတော်နဲ့၊ သူတို့က သူတို့တပ်မတော်သားတွေမှ အမိန့်နာခံတတ်မှုရှိတယ်၊ စည်းကမ်းရှိတယ်၊ ပြန်လည် ခွန်းတုံ့ပြန်တာမရှိဘူး၊ စိတ်ဓာတ်တွေ မပျော့ညံ့ဘူး၊ သံမဏိစိတ်ဓာတ်ဖြစ်တယ်၊ ယောကျ်ားပီသတယ်၊ ညီညွတ်တယ်လို့ ခံယူထားကြသူတွေဖြစ်တယ်၊ တို့အရပ်ဘက်ဌာနတွေကိုတော့ အဲလိုစိတ်ဓာတ်မျိုးတွေ မရှိနိုင်ဘူးလို့ ထင်ထားတတ်ကြတာ၊ တို့တွေကလည်း ဦးစီးဌာနပေမယ့်တပ်ဖွဲ့ အသွင်ဆောင်တဲ့အဖွဲ့အစည်းဖြစ်တယ်၊ နောက်တန်းမှာ ဘယ်လိုနေကြနေကြဗျာ တပ်မတော်နဲ့တွဲတဲ့ကာလတစ်လျှောက် အထက်အောက်ရှိသေမှုကို ထင်ရှားအောင်ပြသကြပါ။ ကျွန်တော့်ကို တစ်ခုခုသတင်းပို့တိုင်း အလေးပြုဖြစ်အောင်ပြုကြပါ။ အရှိအသေခံချင်လွန်းလို့မဟုတ်ဘဲ မိမိတပ်ဖွဲ့ဝင်ကမှမလေးစားရင် တပ်မတော်ကလူတွေက ပိုဆိုးတော့မပေါ့။ကျွန်တော့်ကိုလည်းလေးစားပါ၊ ခင်ဗျားတို့ကိုလည်း လေးစားမယ်။ အချင်းချင်းလည်း လေးစားစွာ ဆက်ဆံကြပါ။ မလုပ်နိုင်ဘူး၊ မလိုက်နိုင်ဘူး၊ မောပြီဆိုတာ လုံးဝမဖြစ်ကြစေနဲ့"

လို့ အလေးအနက်ထားပြီး မှာထားခဲ့တာပါ။ သူတို့လည်း ဌာနမာန်လေးတွေ ရှိနေကြတာမို့ ကျွန်တော်ပြောတာတွေကို သဘောပေါက်နားလည်ကြပြီး…

"စိတ်ချပါဆရာ၊ ဌာန မျက်နှာမပျက်စေရပါဘူး"

လို့ ပြန်ပြောခဲ့ကြပါတယ်။

စထွက်ပြန်ပါပြီ။ ဒီတစ်ခါတော့ ပိုပိုမြင့်လာပါတယ်၊ တောင်တစ်ခုကို ဝိုက်ပြီးတက်တယ်။ တောင်ဟိုဘက်ရောက်ရင် နိမ့်သွားမလားတွေးတယ်။ ဘယ်ဟုတ်မလဲ ထပ်မြင့်သွားတယ်။ တောင်အမြင့်တွေတက်ရတာများနေပြီ၊ ဒီတစ်တောင်ကျော်ရင်တော့ ပြန်နိမ့်မလားတွေးတယ်။ မှားပြန်ပါပြီ။ မြင့်သထက်ကို မြင့်လာတာပါ။ ဗဟုသုတတစ်ခုတော့ ရလိုက်ပါတယ်။ ကျွန်တော်တို့သွားရာ လမ်းရဲ့ ဘေးနှစ်ဖက်မှာ သစ်ပင်ခြုံနွယ်တွေချည်းပါ။ လမ်းဘေ ၁၅ ပေလောက်ဆို ဘာမှမမြင်ရဘဲ သစ်ပင်တွေခြုံနွယ်တွေနဲ့ ပြည့်နေတာပါ။ သစ်ပင်တွေမှာ အလံလေးတွေ ချိတ်ထားကြပါတယ်။ တစ်နေရာနဲ့တစ်နေရာ အလံတွေ မတူကြပါဘူး။ တပ်မကိုယ်စားပြုအလံတွေ၊ တပ်ရင်းကိုယ်စားပြုအလံတွေပါ။ တပ်မတော်သားတွေကိုတော့ မတွေ့ပါဘူး။ သစ်ပင်တွေရဲ့အကွယ်အကာတွေမှာ ရှိနေကြမယ်ထင်ပါတယ်။

"အဲဒါက ဘာအဓိပ္ပာယ်တွေလဲဗျ"

လို့ ဒရိုင်ဘာကိုမေးတော့…

"(၂၂)လို့ရေးထားတဲ့အလံရှိနေရင် ဒီနယ်မြေတစ်ဝိုက်မှာ တပ်မ(၂၂)က နယ်မြေရှင်းလင်းပြီးဖြစ်ကြောင်း၊ သူတို့တွေ ဒီအနီးမှာရှိနေကြကြောင်း၊ စိတ်ချလက်ချဖြတ်သန်းသွားနိုင်ကြောင်း သင်္ကေတတွေပါ"တဲ့။

ဒီတော့မှ ကျွန်တော်လည်း စိုးရိမ်စိတ်တွေလျော့ပါးသွားပြီး သဘာဝတောတောင်ရှုခင်းတွေကိုသာ ကြည့်ပြီး ပျော်နေပါတော့တယ်။ ၁၄း၂၀ နာရီမှာတော့ 'ကန်တော်ယန်'ဆိုတဲ့ ရွာတစ်ရွာကို ရောက်ရှိကြပါတယ်။ ကျွန်တော်တို့ ဝန်ထမ်းတွေနဲ့ ဝန်ဆောင်တပ်သားတွေကို ကျေးရွာမူလတန်းကျောင်းမှာ နေဖို့ နေရာချထားပေးပါတယ်။ တပ်မတော်သားအချို့လည်း နေကြပါတယ်။ တပ်မတော်သား တော်တော်များများက ပျောက်သွားပါတယ်။ လှေလာကြည့်တော့ အိမ်တစ်အိမ်စီမှာ နှစ်ယောက်၊ သုံးယောက်ဝင်နေလိုက်ကြတာလို့ သိရပါတယ်။ အပျိုမချောချောရှိတဲ့အိမ်ကို ပိုဝင်ကြတယ်လို့ တပ်မတော်သားတစ်ယောက်က

ပြောတာပဲ။ ဟုတ်မဟုတ်တော့ ကျွန်တော်မသိပါ။ နောက်ပြောင်ပြောတာလို့ပဲ ထင်ပါတယ်။ စိတ်လည်း မဝင်စားပါ။

ကျွန်တော် စိတ်ဝင်စားတာက ကျွန်တော့် ဝန်ထမ်းတွေနဲ့ ဝန်ဆောင်တပ်သားတွေ ညစာထမင်းစားရဖို့ပါ။ တပ်ကြပ်ဆရာခေါင်လွန်းနဲ့ ဒုတပ်ကြပ်ခင်မောင်ထွန်းတို့ကို အမြန်ဆုံး စီစဉ်ခိုင်းရပါတယ်။ ကချင်ရွာတွေကလည်း စစ်စိမ်းယူနီဖောင်းမှ လေးစားတာပါ။ ကျွန်တော်တို့ ကာကီရောင်ဝတ် ယူနီဖောင်းဝတ်တွေကို အလေးမထားတော့ ထင်းခွဲဖို့၊ ဓား၊ ရဲဒင်း၊ ထင်း၊ ရေတွင်းကရေငင်ဖို့ ရေပုံးနဲ့ကြိုး၊ ဖိုခနောင့်လုပ်ဖို့ သစ်တုံးအုတ်ခဲ အားလုံးခက်ခဲလှပါတယ်။ တပ်မတော်က အရာရှိတွေလည်း ကျွန်တော်တို့နားဘယ်သူမှ မကပ်ကြပါဘူး။ ဘယ်ရောက်သွားကြလဲ၊ ဘယ်မှာနေကြလဲ မသိတော့ပါ။ ဒီတော့လည်း ဥစ္စာရှင်လို ဥစ္စာရှင်ခဲဆိုသလို အိမ်တွေထဲဝင်…

"အကျဉ်းသားတွေ ညစာချက်ရမှာမို့ ကူညီကြပါ"

လို့ ပြောမှ အဆင်ပြေပါတော့တယ်။ တပ်ကြပ်ခေါင်လွန်းက ကချင်လူမျိုးဖြစ်တာလည်း ပါတာပေါ့။ လွယ်လွယ်ကူကူတော့ မဖြစ်ခဲ့ပါဘူး။ ထင်းတွေကစို၊ ရေခပ်တဲ့ရေတွင်းက ခပ်ဝေးဝေး၊ လျှပ်စစ်မရှိတော့ မှောင်မှောင်မည်းမည်း၊ မီးခွက်ကမရှိ၊ ဟိုစမ်းစမ်း ဒီစမ်းစမ်းနဲ့ ည ၉ နာရီထိုးတဲ့အထိ ထမင်းမရသေးပါဘူး။ ဒီအချိန်မှာ ပြဿနာက စလာပါပြီ၊ တပ်မတော်က တပ်ကြပ်အဆင့်ရှိသူ တစ်ယောက်က လာပြောပါတယ်။ မူးကြောင်မူးကြောင်ပါ။

"ဒီအကျဉ်းသားတွေကို ကျွန်တော်တို့တပ်မတော်က လုံခြုံရေးတာဝန်ယူထားရတာ၊ ဒီလူတွေပြေးရင် ကျုပ်တို့ရှင်းရမှာ၊ ကျောင်းခန်းထဲမထားဘဲ အခုလို လေး၊ ငါးယောက်ကို အပြင်မှာထားတော့ ပြေးကုန်ရင် ဘယ်လိုလုပ်မလဲ၊ ခင်ဗျားတို့ တာဝန်ယူမှာလား"

လို့ပြောလာပါတယ်။

"ပြေးချင်လည်းပြေးမှာပေါ့ဗျာ၊ ခင်ဗျားတို့ တပ်မတော်သားတွေက ကျောင်းကို ဝိုင်းပြီး လုံခြုံရေး ယူထားလိုက်ရင်ရပါပြီ ဆရာရယ်"

"ခင်ဗျားတို့ ချက်ပြုတ်နေတာကို စောင့်ပေးနေရတာ အဓိပ္ပာယ်မရှိဘူးဗျာ၊ ပြန်ဝင်ကြ၊ ကျုပ်တာဝန်မယူနိုင်ဘူး"

မူးမူးနဲ့ပြောချင်ရာ ပြောနေတာပါ။ ဒီနေရာကလည်း စစ်ဆင်ရေး နယ်မြေပဲ လေ၊ တပ်မတော်သားတွေနဲ့ ပြဿနာ လုံးဝမဖြစ်ချင်ပါဘူး။ ဒါပေမဲ့ ပြောသင့်တာကိုတော့ ပြောရပါတယ်။

"ကျွန်တော်က အကျဉ်းဦးစီးက အရာရှိပါ၊ ပိုက်ဆံတွေ ထည့်ယူလာတယ်ဗျ၊ လိုအပ်တာ သုံးနိုင်အောင်၊ ရွာထဲမှာ ကျွန်တော်လှေလာပြီးပြီ၊ ရှမ်းခေါက်ဆွဲဆိုင်လေးတွေရှိနေတယ်၊ ဝယ်စားလို့ရတယ်ဗျ၊ ထမင်းစားချင်လည်း ပိုက်ဆံပေးချက်ခိုင်းရင် ချက်ပေးကြမှာပဲ။ ကျွန်တော့်ဝန်ထမ်း သုံးယောက်ကိုလည်း ကျွေးနိုင်တယ်၊ ဝန်ဆောင်တပ်သားတွေကိုတော့ မတတ်နိုင်ဘူးဗျာ။ သူတို့ကိုတော့ ခင်ဗျားတို့တပ်မတော်ကပဲ တာဝန်ယူရမှာဗျ၊ အကျဉ်းဦးစီးဌာနမှာ လက်ရှိ ကျွန်တော်က ခေါင်းဆောင်ပဲ။ ခေါင်းဆောင်ဆိုတာ ခေါင်းဆောင်နဲ့ တူရတယ်။ အရာရှိက "စား"ရပြီး တပည့်တွေငတ်နေရင် ခေါင်းဆောင်မဟုတ်တော့ဘူး။ တပည့်တွေအတွက် အနစ်နာလည်း ခံနိုင်ရမယ်။ သူတို့စားရမယ်ဆိုရင် ကျွန်တော်အငတ်ခံလို့ရတယ်။ အခု ကျွန်တော့်မှာပါတဲ့ပိုက်ဆံနဲ့ ဝယ်စားလို့ရတာတောင် ကျွန်တော်မစားဘူး။ သူတို့အတွက်ချက်မယ်။ အဲဒါကိုပဲ အတူစားမယ်။ သူတို့မှ မချက်ရ၊ မစားရရင် ကျွန်တော်လည်း မစားတော့ဘူး။ ဒါကျွန်တော့်ရဲ့ ခိုင်မာတဲ့ခံယူချက်ပဲ။ အခု ဆရာက သူတို့လုံခြုံရေး တာဝန်မယူနိုင်ဘူးလား၊ မယူနိုင်ရင် ဆက်မချက်တော့ဘူးဗျာ။ ကျွန်တော်တို့ဝန်ထမ်းတွေလည်း မစားတော့ဘူး။ အိပ်တော့မယ်၊ အချိန်တန်လို့ ထမင်းမစားရဘူးဆိုရင် လူသားတွေဗျ အော်လာလိမ့်မယ်၊ ဆူလာလိမ့်မယ်၊ ပြဿနာရှိလာမယ်၊ အဲဒါတွေကို ခင်ဗျားတို့အရာရှိကြီးတွေ မေးလာရင် ခင်ဗျားပဲဖြေလိုက်၊ ဒါပေမဲ့ လုံခြုံရေးအရ ထမင်းဟင်းချက်အကျဉ်းသား ထုတ်မပေးနိုင်ပါလို့တော့ ဆရာက လက်မှတ်ထိုးပေးပါ"

လို့ ခပ်မာမာတင်းတင်းပဲပြောလိုက်ပြီး ကျွန်တော်က ကျောင်းထဲဝင်ဖို့ လုပ်လိုက်ပါတယ်။ ဒီတော့မှ သောက်ထားတဲ့အရက် မစို့မပို့က အာနိသင်တွေ ကုန်သွားတယ်ထင်ပါတယ်။ ကျွန်တော့် နောက်လိုက်လာပြီး...

"ဗိုလ်လေး၊ ဗိုလ်လေး"တဲ့။

ခုနကအသံမာမာနဲ့...

"ခင်ဗျား၊ ခင်ဗျား"

လို့ ပြောနေတာကနေ လေသံက ပြောင်းသွားပါပြီ။ မမှာတော့ပါဘူး။ ကျွန်တော်ကတော့ ခပ်တင်းတင်းပါပဲ။

"ပြောဗျာ"

"ဗိုလ်လေးတို့ပြီးအောင်ချက်ပါ၊ ကျွန်တော်ကိုယ်တိုင် စောင့်ပေးပါ့မယ်"

သူကမရိုင်းတော့တဲ့အချိန်မှာ ကိုယ်က ခပ်တင်းတင်းလုပ်နေရင် ဘယ်ကောင်းမှာလဲ။

"ကောင်းတာပေါ့ဗျာ၊ သူတို့တွေမစားကြရသေးတာ ဆရာလည်းသိတာပဲ၊ အခုလိုကူညီတော့ ကုသိုလ်ရတာပေါ့ဗျာ၊ ဆရာရော စားပြီးပြီလား"

"မစားရသေးဘူးဗျ"

"ဘယ်စားရဦးမလဲ၊ အရက်သောက်ပြီးမှ စားမှာပေါ့၊ ဘာဟင်းရှိလဲ"

"ဘာဟင်းရှိမှာလဲ ဗိုလ်လေးရာ"

"ဒါဆို ရော့…အသားဘူး"

ငါးသေတ္တာနှစ်ဘူးဖြစ်ပါတယ်။ ဒီလူလက်နှစ်ဖက်နဲ့ ရိုရိုကျိုးကျိုး သေချာယူပြီး…

"ကျေးဇူးတင်ပါတယ် ဗိုလ်လေး"ဆိုပြီး…

အလေးတောင် ပြုသွားလိုက်ပါသေးတယ်။ စည်းရုံးရေးတစ်ခုလုပ်လိုက်တာ အောင်မြင်ပါတယ်။ ရှေ့ခရီးကို ရန်စနဲ့မသွားဘဲ မိတ်ဆွေအနေနဲ့ သွားတာ ပိုကောင်းမယ်လေ။ အဲဒီနေ့က ည ၁၁း၃၀ နာရီလောက်မှ ထမင်းစားဖြစ်ကြပါတယ်။ ခရီးကပန်း၊ အဆာတွေကလွန်တော့ ဘယ်သူမှ ကောင်းကောင်း မစားနိုင်ကြပါဘူး။ မနက်စောစောမှာ ခရီးဆက်ကြရမှာမို့ ည ၁၂း၀၀ နာရီမှာတော့ အိပ်ရာဝင်လိုက်ပါတော့တယ်။

◆ ◆ ◆

## ( ၁၁ )

၂၄-၄-၁၉၉၃ နံနက် ၀၃း၀၀ နာရီမှာတော့ ကျွန်တော်နဲ့အတူ ပါလာကြတဲ့ ၀န်ထမ်းတွေက ၀န်ဆောင်တပ်သားနှစ်ယောက်နဲ့အတူ ဆန်ပြုတ်ပြုတ်ကြပါတယ်။ မနေ့ညကတည်းက ဖိုအသင့်၊ ရေအသင့်၊ ထင်းအသင့် စီမံခိုင်းထားရတာပါ။ ထောင်မှာ/အခြေချစခန်းမှာမဟုတ်ပေမဲ့ ထောင်ရဲ့ သဘောသဘာဝအရလည်းကောင်း၊ ၀န်ဆောင်တပ်သားတွေ နံနက်စောစော စားထားမှသာ အဆာခံနိုင်မှာဖြစ်တာကြောင့်လည်းကောင်း ကြိုတင်စီမံထားရတာပါ။ ယမန်နေ့ညကလို လုံခြုံရေးတွေ ဘာတွေညာတွေ ဘယ်တပ်မတော်သားမှ လာမပြောကြတော့ပါဘူး။ တပ်ကြပ်နဲ့က စည်းရုံးရေး ၀င်လိုက်တာ အိုကေသွားပြီလေ။ ထောင်မှာနေစဉ်အတိုင်း ၀၅း၀၀ နာရီမှာ ၀န်ဆောင်တပ်သားတွေကိုနှီး၊ မျက်နှာသစ်၊ သွားတိုက်၊ အိမ်သာတက်၊ အိပ်ရာနဲ့ ကိုယ်ပိုင်ပစ္စည်းတွေကို စနစ်တကျ ထုပ်ပိုးခိုင်းပြီးတော့ ဆန်ပြုတ်တိုက် ၀၆း၁၅ နာရီခန့်မှာ မိမိတို့အကျဉ်းဦးစီးဘက်က ထွက်ရန်အသင့် ဖြစ်နေကြပါပြီ။ ထွက်မယ်လို့ပြောတာနဲ့ ခဏနေပါဦးတွေ၊ ဘာလုပ်ဖို့ ကျန်သေးလို့ပါတွေ၊ ဘာပစ္စည်းလေးတော့ သိမ်းပါရစေဦးဆိုတာတွေ လုံး၀မရှိအောင် သေချာမှာထားတာပါ။ အကယ်၍ အကြောင်းတစ်ခုခုကြောင့် ပစ္စည်းကျန်နေလည်း ဘာမှပြောမနေနဲ့ ထားခဲ့လိုက်တော့လို့ကို မှာထားခဲ့ပါတယ်။ ထူးခြားမှုနဲ့ ၀မ်းသာစရာတစ်ခုကတော့ ၀န်ဆောင်တပ်သားတွေအတွက် ဆန်ပြုတ်စီစဉ်နေတုန်း ယမန်နေ့ညပိုင်းက စကားအနည်းငယ်ပြောရပြီး အဆင်မပြေချင်ဖြစ်တဲ့ တပ်မတော်က တပ်ကြပ်ရောက်လာပြီး လက်ဖက်ရည်နဲ့ မုန့်လာပေးတာပါ။ ဘိန်းမုန့်နဲ့ တူပါတယ်။ လေးလေးစားစား လာပေးတာပါ။

"မနေ့က သောက်လိုက်တာ နည်းနည်းများသွားလို့ စကားပြော မှားသွားတာ၊ မရှိမသေဖြစ်သွားတာများအတွက် တောင်းပန်ပါတယ်" လို့

ပြောလာပါတယ်။ မင်္ဂလာရှိလိုက်တာ။ မိမိသာ ရာထူးမာန် ဌာနမာန်တွေတက်နေရင် အခုလို မင်္ဂလာအခြေအနေမျိုး ဘယ်ရှိလာလိမ့်မလဲ။ လမ်းခရီးမှာအခက်အခဲမှန်သမျှ ကူညီမယ်၊ လိုအပ်တာအားလုံး ခိုင်းနိုင်ပါတယ်လို့တောင်ပြောနေလို့ အားနာသွားမိပါတယ်။ မနေ့ညက ကျွန်တော့်ရဲ့ပြောစကားတောင်

တင်းတင်းလေးဖြစ်သွားခဲ့မိတဲ့အတွက် စိတ်မကောင်းဖြစ်သွားမိပါတယ်။ ဒါလေးကလည်းအမှတ်တရနဲ့ သင်ခန်းစာလေးတစ်ခုဖြစ်ခဲ့ရပါတယ်။ ကျွန်တော်နဲ့ ပါလာတဲ့ ဝန်ထမ်းသုံးဦးကို တပ်မတော်သားတွေနဲ့ လက်တွဲလုပ်နေချိန်မှာ သေးသေးလေးမှကို အပြောမခံရစေချင်၊ အထင်သေးမခံရစေချင်၊ အပြစ်ပြောမခံရစေချင်၊ ဂုဏ်သိက္ခာအကျမခံရစေချင်တာဟာ ကျွန်တော့်ဌာနအတွက်မို့ ဝန်ထမ်းသုံးဦးကို သေသေချာချာ အထပ်ထပ် အလေးထားပြီး မှာကြားထားတာကြောင့် သုံးဦးစလုံးက လေးလေးစားစား ဆောင်ရွက်ကြပါတယ်။ ဌာနဂုဏ်ကို ဆောင်ကြရမယ်ဆိုတဲ့ အသိစိတ်ဓာတ်တွေလည်း အပြည့်ရှိနေကြတာမို့ ဝမ်းသာရပါတယ်။ ကျွန်တော်တို့ အကျဉ်းဦးစီးအဖွဲ့တွေ လှုပ်ရှားပြင်ဆင်နေကြသလို တပ်မတော်သား အဆင့်ဆင့်ကလည်း ပြင်ဆင်မှုတွေ လုပ်နေကြတာမြင်နေရပါတယ်။

ဝ၆း၃ဝ ခန့်မှာတော့ "အသင့်ပြင်မယ်" လို့ အော်သံကြားလိုက်ပါတယ်။ ကျွန်တော်တို့ဝန်ထမ်းတွေ၊ ဝန်ဆောင်တပ်သားတွေကတော့ ခဏအတွင်းမှာ မနေ့က လိုက်လာတဲ့ကားများ အပေါ်ရောက်သွားကြပါပြီ။ တပ်မတော်သားအချို့ကပဲ နောက်ကျနေလို့ အော်ခေါ်နေရပါသေးတယ်။ ကျွန်တော်နဲ့ ဝန်ထမ်းသုံးဦးကတော့ မနေ့ကလိုက်လာတဲ့ ကားမှာပါပဲ။ ကျွန်တော်ကလည်း ကားရှေ့ခန်းမှာပါပဲ။ ဘယ်ဗိုလ်၊ ဘယ်အရာခံမှ လာမစီးကြပါဘူး။

ရေးဖို့ တစ်ခုကျန်သွားခဲ့ပါတယ်။ ဝိုင်းမော်နဲ့ ကန်တော်ယန်ကြားမှာ ရွှေညောင်ပင်ရွာမှာ ခဏရပ်နားခဲ့ကြပါသေးတယ်။ အဲဒီမှာ စစ်တပ်တွေလည်း ရှိတာ တွေ့ရပါတယ်။ ဝိုင်းမော်က ထွက်လာကာစက ကားတွေပေါ်မှာ စစ်သားတွေအပြည့် မပါကြပါဘူး။ တစ်စီးမှာ ငါးယောက်၊ ခြောက်ယောက်လောက်ပဲ ပါကြပါတယ်။ ရွှေညောင်ပင်အရောက်မှာတော့ အင်အားတွေ ထပ်ဖြည့်ကြတယ်ထင်ပါတယ်။ ကားအားလုံး စစ်သားတွေနဲ့ ပြည့်သွားတဲ့အပြင် အချို့နောက်မြီးကတောင် တွယ်ပြီးလိုက်ကြရတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ ပို့ဂ္ဂကားမှာကို နောက်ခန်းက လာစီးနေကြရပါပြီ။ မစီးလို့လည်း မရတော့ပါဘူး။ ကားတိုင်းအပြည့်ဖြစ်နေတော့ ပို့ဂ္ဂကား ဘာကားဆိုပြီး ရှောင်လို့ ဘယ်ရကြတော့မှာလဲလေ။ တော်ပါသေးတယ်။ ရွှေညောင်ပင် စစ်တပ်သာ ဝိုင်းမော်မြို့နဲ့ ကပ်နေခဲ့ရင် ကျွန်တော်က ရှေ့ခန်းလည်းမရ နောက်ခန်းလည်းမရဖြစ်ပြီး ကားနောက်မြီးက တွယ်လိုက်ရမလားတောင် မသိပါဘူး။

ဝဖ၆း၄၅ နာရီမှာ ကျွန်တော်တို့ယာဉ်တန်း စတင်ထွက်ခွာပါပြီ။ ကားလမ်းကတော့ မြေလမ်းပါ။ တောတောင်ခြုံနွယ်တွေ ပိုပြီး ထူထပ်လာပါတယ်။ တပ်မတော်သားတွေလည်း ကားပေါ်မှာတောင် ကင်းတွေချထားပြီး သတိထားနေကြပါပြီ။ ကျွန်တော်က ကားဒရိုင်ဘာကိုမေးတော့ KIA ကြီးစိုးနယ်မြေထဲရောက်လာကြောင်း၊ တပ်မတော် တပ်ရင်း တပ်မအသီးသီးကလည်း လုံခြုံရေးအတွက် ကြိုတင် ရှင်းလင်းပြီးသားမို့ မစိုးရိမ်ရကြောင်းပြောတော့ စိတ်အေးရတာပေါ့။ ဒါပေမဲ့ ကားဒရိုင်ဘာဆက်ပြောတဲ့စကားကြောင့် စိုးရိမ်စိတ်ကလေးတော့ဝင်ရပြန်ပါတယ်။

"တပ်ရင်းတပ်မတွေက လုံခြုံရေးရှင်းထားပေမဲ့ ကြားလပ်နေတဲ့ နေရာလေးတွေကနေ ဝင်ရောက်ဒုက္ခပေးနိုင်တာတော့ ရှိတာပေါ့"တဲ့

ဝိုင်းမော်ကနေ ကန်တော်ယန်ကြားခရီးထက် အတက်တွေ စိတ်လာပါတယ်။ ပိုပိုလည်း မြင့်လာပါတယ်။ တပ်ရင်း/တပ်မ အလံလေးတွေ သစ်ပင်တွေမှာ ချည်ထားတာကိုမြင်တိုင်း အားရှိမိတာတော့ အမှန်ပါ။ အချို့သော မသကာတဲ့နေရာတွေမှာ ကားတွေခဏရပ်၊ ကားပေါ်က တပ်မတော်သားအချို့ လမ်းဘေးနှစ်ဖက်ခွဲပြီး အသင့်အနေအထားနဲ့ ရှေ့ဘက်ကို တက်သွားတတ်ပါတယ်။ အားလုံးအန္တရာယ်ကင်းတဲ့ အနေအထား အချက်ပြမှ ကားတွေ ဆက်ထွက်ပေါ့။ အသက်အန္တရာယ်တွေရှိလာသမျှ သဘာဝရှုခင်းတွေကလည်း လှသထက်လှလာပါတယ်။ ကားပေါ်ကကြည့်လိုက်ရင် မြေကြီးမမြင်ရတော့ပါဘူး။ သစ်ပင်မျိုးစုံကိုသာ တွေ့နေရပါတော့တယ်။ အအေးဓာတ်ကလည်း သိသိသာသာပိုလာပါတယ်။ ဆရာသမားမိဘ ဂုဏ်ကျေးဇူးတွေကြောင့် ၂၄-၄-၁၉၉၃ ရက်နေ့ ဝ၉း၃၀ နာရီမှာတော့ နားဖော့စခန်းကို ဘေးမသီရန်မခ ရောက်ရှိကြပါပြီ။ တပ်ရင်းမှူး ဗိုလ်မှူးလှသောင်းနဲ့ တွေ့ရပါတယ်။ တပ်ရင်းမှူးလို့ ပြောတာပဲ။ အခုကာလမှာ တပ်ရင်းမှူးဆိုတာ ဒုတိယဗိုလ်မှူးကြီးတွေပါ။ အဲဒီကာလတုန်းက တပ်ရင်းမှူးက ဗိုလ်မှူးလား ဒါမှမဟုတ် ယာယီ တပ်ရင်းမှူး အပွင့်မတင်ရသေးတာလားတော့ မသိပါဘူး။

◆ ◆ ◆

## ( ၁၂ )

ပါဂျို-နားဖော့လို့သုံးစွဲပေမဲ့ နားဖော့ကို အရင်ရောက်ရှိခဲ့ပါတယ်။ နားဖော့တောင်ပေါ်ထိ ကားတွေ တက်လို့မရပါဘူး။ တောင်ကတော်တော်မြင့်ပါတယ်။ လူချည်းတက်ရတာတောင် ချွေးတွေရွှဲသွားကြပါတယ်။ တောတောင်တွေချည်းမို့ မြင်မြင်သမျှ လှပနေပါတယ်။ ခုခေတ်လို လက်ကိုင်ဖုန်းလေးတွေများသာကိုင်ခဲ့ရရင် ရှခင်းပုံတွေ အများကြီးရခဲ့မှာပါ။ ပါလာတဲ့ ဝန်ဆောင်တပ်သားတွေကို အလံတိုင်ကွင်းမှာ တန်းစီထိုင်စေပါတယ်။ သူတို့ပတ်ချာလည်မှာတော့ တပ်မတော်လုံခြုံရေးအဖွဲ့တွေရှိနေပြီး ကျွန်တော်ကလည်း အနီးလေးမှာ ရပ်နေပါတယ်။ တပ်ရင်းမှူးက တပ်မတော် ရိက္ခာတွေ ပို့ပေးဖို့ရောက်ရှိလာကြတဲ့ အကျဉ်းဦးစီးဌာနကဝန်ထမ်းများနဲ့ ဝန်ဆောင်တပ်သားများကို ကြိုဆိုပါကြောင်း၊ နိုင်ငံတော်အတွက် လုပ်အားနဲ့ ကူညီကြခြင်းဖြစ်ကြောင်း၊ ရိက္ခာများကိုလည်း မတန်တဆ ထမ်းပိုးရမှာမဟုတ်ဘဲ လူတစ်ယောက်နိုင်တဲ့ဝန်ကိုသာ ထမ်းပိုးသယ်ဆောင်ကြရမှာဖြစ်ကြောင်း၊ တာဝန်တွေပြီးရင် ပြန်ကြရမှာမို့ ထွက်မပြေးကြစေလိုကြောင်း အပါအဝင် လိုအပ်တာတွေကို ၁၅ မိနစ်ခန့် ပြောသွားပါတယ်။ ပြီးတော့ ကျွန်တော့်ကို မေးပါတယ်။

"ထောင်မှူးလေး မင်းရဲ့ အကျဉ်းသားတွေထဲမှာ ပြေးမယ့်သူတွေပါသလား"

ဘယ်လိုလုပ်သိနိုင်မှာလဲ၊ ကိုယ်ကကျူး ကိုယ့်ဒူးကိုယ်တောင် ယုံရတာမှမဟုတ်တာ။

"ပြောလို့ မရပါဘူးခင်ဗျ"

"ပြစ်ဒဏ် နှစ်ကြီး နှစ်ငယ်မှာ နှစ်ကြီးတွေက ပိုပြေးနိုင်မယ် ထင်တယ်၊ ဟုတ်လား"တဲ့။

တပ်ရင်းမှူးကြီး ပြောတာလည်း ယေဘူယျတော့မှန်ပါတယ်။ ဒါပေမဲ့ ၁၀ နှစ်ကျသူက လွတ်တဲ့အထိနေသွားပြီး တစ်နှစ်ကျသူက ထွက်ပြေးတာ၊ လွတ်ဖို့ ခုနစ်ရက်ပဲကျန်တော့တဲ့ အကျဉ်းသားက ထွက်ပြေးတာ၊ မနက်ဖြန်ပဲ လွတ်တော့မယ်ဆိုတာ သိထားပေမဲ့ အိမ်ကမိန်းမရဲ့ ဘာသတင်း၊ ညာသတင်းကြောင့် ဒီနေ့ပဲထွက်ပြေးတာ၊ ကျောက်ထုတ်စခန်းတွေမှာ အမျိုးသမီး အကျဉ်းသူ

အချို့တောင် ထွက်ပြေးလွတ်မြောက်သွားခဲ့ဖူးတာတွေကို အတွေ့အကြုံတွေ ရှိထားတော့…

"အဲလိုပြောဖို့လည်း ခက်ပါတယ်ခင်ဗျ"

"အေးပါကွာ စကားအဖြစ်သာပြောတာပါ၊ ငါအားလုံးစီမံပြီးသားပါ၊ ရိက္ခာပို့ထွက်ကြရင် ငါ့ရဲဘော်တစ်ယောက်က ဂျီသရီးတစ်လက်နဲ့ ရှေ့ကသွားမယ်၊ ထောင်မှူးလေးရဲ့ ရဲဘက်တွေက အဲဒီရဲဘော်နောက်ကနေ လေးယောက်လိုက်မယ်၊ အဲဒီလေးယောက်နောက်က ငါ့ရဲဘော်တစ်ယောက်က ဂျီသရီးနဲ့လိုက်မယ်၊ အဲလိုမျိုးစနစ်နဲ့သွားမယ်၊ ဒါဆို ထောင်မှူးလေးရဲ့ ရဲဘက်ထဲက နှစ်ကြိုးတာရော နှစ်ငယ်တာရော ဘယ်လိုပြေးလို့ရတော့မှာလဲ၊ ပြောကြည့်ပါဦး"

ဆီလို အပေါက်ရှာတယ်ဆိုတဲ့ စကားရှိပါတယ်။ ဆီဆိုတာ ဘယ်လိုပဲ လုံခြုံအောင် သိုလှောင်ပေမယ့် ကြံဖန်ပြီး ယိုစိမ့်တတ်တဲ့ သဘောကိုပြောတာပါ။ အဲလိုပါပဲ အကျဉ်းသား ရဲဘက်ဆိုတာကလည်း လူအငိုက်၊ ရာသီအငိုက်၊ ပထဝီအငိုက်လေ့လာနေပြီး အခါအခွင့်သင့်တာနဲ့ နည်းမျိုးစုံနဲ့ ထွက်ပြေးဖို့ ကြိုးစားတတ်တာ၊ လွတ်မြောက်သွားကြတာတွေကို များစွာကြုံဖူးနေပါပြီ။ အဲဒီ အချိန်က ကျွန်တော့်လုပ်သက်က ၁၄ နှစ်၊ အရာရှိလေးဖြစ်တာရှစ်နှစ်၊ နေခဲ့ဖူးတဲ့ နေရာတွေက အကျဉ်းသားရဲဘက်တွေ အပြေးအများဆုံးဖြစ်ခဲ့တဲ့ ရန်ကုန်-မန္တလေးအမြန်လမ်း၊ ကော့သောင်ဆီအုန်းစိုက်ပျိုးရေးစခန်း၊ မြစ်ကြီးနား-ရွှေဘို ကားလမ်းဖောက်လုပ်ရေးအလုပ်စခန်းတွေဆိုတော့ တကယ့်စိတ်ရင်းအတိုင်း ပြန်ပြောလိုက်မိတာက…

"တပ်ရင်းမှူးကြီး ဘယ်လိုပဲစီမံစီမံ ရဲဘက်ဆိုတာ ဘယ်နေရာလစ်ဟာမလဲ ဆိုတာ အမြဲလေ့လာနေတာမို့ ရာနှုန်းပြည့်တော့ မကောင်းနိုင်ပါဘူး၊ အထိုက် အလျောက်တော့ ပြေးကို ပြေးဦးမှာပါခင်ဗျ"

ဒါပေမဲ့ နှုတ်က တကယ်ထွက်သွားတာမဟုတ်ဘဲ စိတ်ထဲက ပြောလိုက်တာပါ။ နှုတ်က တကယ် ထွက်သွားတာကတော့…

"တပ်ရင်းမှူးကြီးက သေသေချာချာကို စနစ်တကျ စီမံထားတာမို့ ထွက်ပြေးဖို့ လုံးဝလွယ်မှာ မဟုတ်ပါဘူးခင်ဗျ"

အခြေအနေပေါ်မူတည်ပြီး အလိုက်အထိုက်ပြောတတ်ခြင်းဟာလည်း မိမိကိုယ်မိမိ စောင့်ရှောက်ခြင်းလို့ ခံယူထားမိလို့ပါ။ တပ်ရင်းမှူးကြီး သဘော

ကျပြီး ပြုံးသွားပါတယ်။ ဝန်ဆောင်တပ်သားတွေဘက်ကြည့်မိတဲ့အခါ အချို့တွေလည်း ပြုံးယောင်ယောင်လေးတွေဖြစ်ကြတယ်လို့ ထင်မိပါတယ်။ စကားပြောအပြီးမှာ ဝန်ဆောင်တပ်သားတွေ၊ ဝန်ထမ်းတွေအတွက်နေရာတွေ ချထားပေးပါတယ်။ ကျွန်တော့်ကိုတော့ အရာခံတွေ၊ တပ်ကြပ်ကြီးတွေနေတဲ့ အဆောင်လေးမှာ နေရာချထားပေးပါတယ်။ သစ်သားကုတင် ၁၀ လုံးလောက်ရှိပါတယ်။ အမိုးက တရုတ်ပြည်ကလာတဲ့ ကတ္တရာလိပ်အစကို မိုးထားတာပါ။

တောင်ကုန်းမို့မို့လေးပေါ်မှာရှိနေပေမဲ့ တောင်အောက်ကကြည့်မယ်ဆိုရင် တဲကိုမြင်နိုင်တဲ့အနေအထား လုံးဝမရှိပါဘူး။ တောင်တစ်ခုလို့ပဲ မြင်ကြရမှာပါ။ ဘာလို့လဲ ဆိုတော့ တောင်ကုန်းမို့မို့နေရာမှာ တဲတစ်လုံးစာ မြေဧရိယာအတွက် ရှစ်ပေအနက်ခန့်တူးပြီး ဆောက်ထားတာမို့ပါ။ မေးမြန်းကြည့်တော့ KIA ဌာနချုပ်ရှိစဉ်က KIA တွေ ဆောက်လုပ်ထားတာလို့ သိရပါတယ်။

စီကျူဆရာကြီး တစ်ယောက်က ဝန်ဆောင်တပ်သားတွေ စားဖို့အတွက် ရိက္ခာဆန်၊ ဆီ၊ ဆား၊ ကုလားပဲတွေထုတ်ပေးလို့ ချက်ပြုတ်ရေးအတွက် ရဲဘက်အချို့ကိုရွေးချယ်ပြီး ချက်ပြုတ်စေပါတယ်။ ရိက္ခာကတော့ ဝန်ဆောင်တပ်သားတွေအတွက် ထုတ်ပေးတာပါ။ တပ်မတော်အခေါ် လူတစ်ယောက် တစ်ရက်စာ ရိက္ခာနှုန်းထား (တစ်ယောက်×တစ်ရက်) (အ-၁)လို့ အတိုကောက်ခေါ်ပါတယ်။ နှုန်းထားလေးတွေ မှတ်ထားပေမဲ့ ဘယ်နေရာမှာ မှတ်ထားမိမှန်းမသိတော့လို့ တွေ့မှ ထပ်ရေးပါတော့မယ်။ ပါဂျို-နားဖော့မလာခင် မပခက ဗိုလ်ကြီးမြင့်သိန်းက နှုန်းထားလေးတွေနဲ့ တွက်ပုံ တွက်နည်းလေးတွေပြောပြပြီး ရိက္ခာထုတ်ရင် အဲလိုတွက်ပြီး ယူလို့မှာလိုက်ပါတယ်။ ကျွန်တော်တို့ ဝန်ထမ်းလေးဦးကတော့ ဝန်ဆောင်တပ်သားတွေ ရိက္ခာထဲကပဲ စားရမဲ့သဘောလို့ပဲထင်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့အကျဉ်းဦးစီးဝန်ထမ်းတွေက ဝန်ဆောင်တပ်ရင်း လုပ်ထုံးလုပ်နည်းအရ လိုက်ဖို့မှမလိုတာ။ ကျွန်တော်တို့အတွက် ရိက္ခာစာရင်းပြလို့ မရနိုင်ဖူးလို့ဘဲ ထင်မိပါတယ်။ စာရင်းမှာ ဘယ်လိုပြမပြမသိပါ။ မေးလည်း မမေးမိပါဘူး။ ကျွန်တော်တို့ အကျဉ်းဦးစီးဌာနက ဝန်ထမ်းလေးဦးအတွက် ရိက္ခာစာရင်း မပါလည်း ဝန်ဆောင်တပ်သားက ၁၀၀ ဦးမို့ ကျွန်တော်တို့လေးဦး ဝင်စားတဲ့အတွက် ဘာမှအရာမယွင်းနိုင်တာကြောင့် အဆင်ပြေပါတယ်။

ဒါပေမဲ့ ယခင်အပိုင်းတွေမှာ ဖော်ပြခဲ့သလို ဝန်ဆောင်တပ်သားတွေ သေရင်၊ လက်ပြတ်ရင်၊ ခြေထောက်ပြတ်ရင်၊ လက်ချောင်း ခြေချောင်းလေးတွေပြတ်ရင်၊ မျက်စိတစ်လုံးကန်းရင်၊ မျက်စိနှစ်လုံးကန်းရင်၊ လျော်ကြေးငွေ ဘယ်လောက်ရမယ်ဆိုတာတွေကို အတိအကျ သတ်မှတ်ထားပေမဲ့ ကျွန်တော်နဲ့ ဝန်ထမ်းသုံးဦးသာ သေရင်၊ ပြတ်ရင်၊ ကန်းခဲ့ရင်၊ ဘောင်မဝင်သူတွေမို့ ဘာလျော်ကြေးမှ ရနိုင်မှာမဟုတ်တဲ့အပြင် ရှည်ပြီးလိုက်သွားကြတာကိုးလို့ များပြောကြမလား မသိပါဘူး။

ညနေပိုင်းမှာတော့ ရေချိုးဖို့နေရာမေးတော့ တပ်ကြပ်ဆရာတစ်ယောက်က သူလည်းချိုးမှာမို့ အတူသွားကြပါတယ်။ တောင်အောက်ဘက်ကို ပြန်ဆင်းရတာပါ။ အဆင်းမို့ ခဏနဲ့ရောက်ပါတယ်။ တောင်အောက်ထိတော့မဟုတ်ဘဲ တောင်အလယ်လောက်မှာပါ။ ရေက ချောင်းရေလည်းမဟုတ်၊ တွင်းရေလည်းမဟုတ် တောင်ကျရေကို ဝါးရေတံလျှောက်နဲ့သွယ်ယူပြီး ရေတိုင်ကီလေးတစ်လုံးနဲ့ ခံထားတာပါ။ ဝါးလုံးတွေကို ထက်ခြမ်းခွဲပစ်တာမဟုတ်ဘဲ ဝါးအဆစ် နေရာလေးတွေကိုသာဖောက်ပြီး ရေစီးတာကို အဟန့်အတားဖြစ်စေမဲ့ အဆစ်ပိတ်လေးတွေကို ဖယ်ထုတ်ထားတာပါ။ ရေတိုင်ကီထဲပြည့်ပြီး ပိုလျှံရေတွေကတော့ တောင်အောက်ဘက်ကို ဆက်စီးနေပါတယ်။ တစ်နေကုန်ပင်ပန်းနေတာတွေဟာ ရေအေးအေးလေးချိုးလိုက်ရလို့ လန်းဆန်းသွားပါတယ်။ ရေချိုးအပြီး ပြန်အတက်မှာတော့ ပြဿနာကစပါပြီ။ အဆင်းတုန်းက ခဏလေးနဲ့ရောက်ခဲ့ပေမဲ့ ပြန်အတက်မှာ မတ်မတ်စောက်စောက်မို့ အကြာကြီးပြန်တက်ရပါတယ်။ ချွေးတွေပြန်ထွက်တာလည်း များလှပါတယ်။ ရေမချိုးဘဲနေလိုက်တာကမှ အဆင်ပြေလိမ့်မယ်ထင်ပါတယ်။

ညပိုင်းမှာတော့ တပ်မတော်သားတွေ ကင်းစောင့်ကြတာကို လေ့လာကြည့်တဲ့အခါ ကျွန်တော်တို့ အကျဉ်းဦးစီးဌာနထက် နိုးကြားဖြတ်လတ်မှု၊ အလေးထားမှု၊ ကင်းပြောင်းကင်းလဲတွေ သေသေချာချာကို လုပ်ကိုင်ကြမှု၊ ကင်းစစ်တွေကလည်း နိုးနိုးကြားကြားနဲ့ လှည့်ပတ်စစ်နေမှုတွေဟာ ပိုမိုကောင်းမွန်မှုရှိကြောင်း အမှန်အတိုင်း ရိုးရိုးသားသားပြောချင်ပါတယ်။ ဒီလိုမျိုး လေးလေးစားစား၊ နိုးနိုးကြားကြား၊ ဖြတ်ဖြတ်လတ်လတ် မရှိကြရင်လည်း ရန်သူရဲ့အလစ်အငိုက် တိုက်ခိုက်မှုကို ခံရနိုင်ပြီး အသက်ပေါင်းများစွာ သေကြေကြရမှာပါ။

ဝါးမောင်း ခေါက်သံလေးတွေကိုလည်း တစ်ညလုံး အဆင်မပြတ်ကြားနေရပါတယ်။ ကျွန်တော်ကတော့ ဟိုတွေး ဒီတွေးနဲ့မို့ ပါဂျို-နားဖော့ဒေသကို ရောက်တဲ့ ပထမဆုံးညမှာ အိပ်လိုက်၊ နိုးလိုက်နဲ့ ကောင်းကောင်း အိပ်မပျော်နိုင်ခဲ့ပါဘူး။

◆ ◆ ◆

( ၁၃ )

၂၅-၄-၁၉၉၃ ရက်နေ့၊ အကျဉ်းထောင်/အလုပ်စခန်းနဲ့ ဝေးကွာလှတဲ့ စစ်ဆင်ရေးနယ်မြေတစ်ခုကိုရောက်နေလို့ ထောင်ဖွင့်လူစစ်တာတွေ၊ ထောင်ပိတ်စာရင်းကောက်တာတွေ၊ ဆန့်ပြုတ်တိုက်တာတွေ၊ အလုပ်ခွဲတာတွေ လုပ်စရာမလိုတော့ဘူးလို့တွေးပြီး နေဖင်ထိုးအောင် အိပ်ပစ်လိုက်မယ်လို့ လမ်းမှာ တွေးလာခဲ့ပါတယ်။ ဒါပေမဲ့ ဒီနေ့မနက်စောစော ရိက္ခာပို့လုပ်ငန်းစတင်တော့မှာမို့ မနေ့ညကတည်းက ချက်ပြုတ်ဖို့တွေ စီမံခဲ့ရပါ တယ်။ မိုးကောင်းကောင်း မလင်းခင်မှာပဲ တပ်ကြပ်ခေါင်လွန်းကို လူစစ်ခိုင်း၊ အပေါ့အပါး အပြီးအစီးလုပ်ခိုင်း၊ ဆန့်ပြုတ်တိုက်၊ ကိုယ်စီ ထမင်းထုပ်လေးတွေ ဝေခိုင်းထားလိုက်ပါပြီ။ ၀၆း၀၀ နာရီခန့်မှာတော့ ချက်ရေးပြုတ်ရေး၊ ထင်းခွဲ၊ ရေခပ်အတွက် ဝန်ဆောင်တပ်သား ၁၀ ဦးကို ချန်ထားပြီး ဝန်ဆောင် တပ်သား ၉၀ ဦးကို တပ်မတော်သားတွေနဲ့ အတူ ရိက္ခာတွေပို့ဖို့ ထည့်ပေးလိုက်ပါတယ်။ ကျွန်တော်တို့ အကျဉ်းဦးစီးဝန်ထမ်းတွေကနေခဲ့ကြရပါတယ်။ ဝန်ဆောင် တပ်သား ၉၀ ဦးကို တပ်မတော်သားတွေက ခေါ်ဆောင်သွားကြတာပါ။

ကျွန်တော်တို့ လက်ရှိရောက်နေတာက 'နားဖော့'၊ အခုရိက္ခာတွေ ထပ်ပို့ရတာက 'ပါဂျို'လို့ ထင်မိပါတယ် မဟုတ်ပါဘူး။ မေးမြန်းစုံစမ်းကြည့်တော့ နားဖော့နဲ့ ပါဂျိုကြားက စခန်းတစ်ခုလို့ သိရပါတယ်။ တောင်ကုန်းအမှတ်-၆၇၀၂ ဆိုလား၊ ပွိုင့်-၆၇၀၂ ဆိုလား သေချာမသိပါ။ ၆၇၀၂ ကတော့ သေချာပါတယ်။ ကျွန်တော့် မှတ်တမ်းစာအုပ်အရပါ။ အဲဒီ ၆၇၀၂ ကမှတစ်ဆင့် ပါဂျိုစခန်းကို ထပ်ဆင့်ပို့ရမှာဖြစ်ပါတယ်။ ၀၈း၀၀ နာရီခန့်မှာ ကျွန်တော်က

RT စက်ရှိတဲ့ အခန်းတစ်ခုမှာ တပ်ရင်းမှူးနဲ့အတူ ရှိနေပါတယ်။ IO ဆိုတဲ့ နှစ်ပွင့်ဗိုလ်လေးနဲ့ အခြား တပ်မတော်သားနှစ်ဦးလောက်လည်း အနီးမှာရှိနေကြပါတယ်။ ရိက္ခာပို့သွားတဲ့အဖွဲ့က ဗိုလ်ကြီး၊ ဗိုလ်လေးတွေက တပ်ရင်းမှူးဆီ RT စက်မှတစ်ဆင့် ဘယ်ရောက်နေပြီ။ ဘယ်မှာ ခဏနားတယ် စသည်ဖြင့် သတင်းတွေ ပို့နေတဲ့အသံတွေကို ကြားနေရပါတယ်။ တပ်ရင်းမှူးကလည်း

'ရထား'၊ 'ရထား'၊ 'ပုလဲပါ'၊ '၃၅'၊ '၆၅ ရိုက်ပါ' စသည်ဖြင့် ညွှန်ကြားမှု၊ လက်ခံမှုတွေလုပ်နေသလို သူညွှန်ကြားတာအချို့ကိုလည်း '၉၆' ပါ၊ '၃၁'ပါ စသည်ဖြင့် ပြန်လည်ပြောနေတာတွေကို ကြားနေရပါတယ်။ ခဏနေတော့ မိုးမှောင်ကျသွားကြောင်း၊ မိုးတွေလည်း ရွာလာကြောင်း၊ လေတွေလည်း တိုက်လာကြောင်း သတင်းပို့လာပါတယ်။ တပ်ရင်းမှူးကလည်း ငါစီမံပေးလိုက်တဲ့အတိုင်း လခရကျိုးပေါက်မှုမဖြစ်အောင်လုပ်လို့ ညွှန်ကြားပါတယ်။ အဲလိုအပြန်အလှန်ပြောရင်းမှာပဲ

"CO ကြီး ရေဘူးတစ်လုံး ပေါက်ပါတယ်ခင်ဗျ"

(တပ်ရင်းမှူးကြီး ရဲဘက်တစ်ယောက် ထွက်ပြေးပါတယ်ခင်ဗျ)

"ဘယ်လိုလုပ်ပြေးတာလဲကွ၊ ငါပြောတဲ့အတိုင်း သွားတာမဟုတ်ဘူးလား"

(ဂျီသရီးသေနတ်ကိုင် တပ်မတော်သားရဲ့နောက်က ဝန်ဆောင်တပ်သားလေးယောက် အဲနောက်ကမှ ဂျီသရီးသေနတ်ကိုင် တပ်မတော်သားတစ်ဦး အစီအမံကို ပြောခြင်းပါ)။

"အဲဒီတိုင်းပါပဲခင်ဗျ၊ ဆန်အိတ်ကိုပစ်ချပြီး တောထဲ ဝင်ပြေးတာပါခင်ဗျ"

"ဒါဆိုလည်း မင်းတို့လက်နက်တွေ ကိုင်ထားတာ ဘာလုပ်ဖို့လဲ၊ ခြောက်ပစ်ပစ်လေကွာ"

"အဲလိုအခြေအနေမပေးဘူးခင်ဗျ၊ တောခြုံတွေထူတော့ ချက်ချင်းပျောက်သွားပါတယ် ခင်ဗျ"

"လိုက်ဖမ်းကွာ"

"ဆရာကြီး×××××နဲ့ တပ်သား×××××တို့ လိုက်နေပါတယ်ခင်ဗျ" အပြန်အလှန် ပြောရင်းမှာပဲ...

"CO ကြီး ရေဘူးတစ်လုံး ထပ်ပေါက်ပြန်ပြီခင်ဗျ"

"မင်းတို့ကလည်း ပေါ့တယ်ကွာ၊ မင်းတို့က သူတို့နားကပ်မနေဘူးလား"

"ကပ်နေတာပါခင်ဗျ၊ တောင်အောက်ကို လိမ့်ဆင်းသွားတာခင်ဗျ"

"အခုမြင်ရသေးလား၊ လိုက်လေကွာ"

"လုံးဝမမြင်ရတော့ဘူးခင်ဗျ၊ မိုးတွေက မှောင်နေတာရယ်၊ မိုးရွာနေတာရယ်၊ လေတွေလည်း တိုက်နေတာရယ်ကြောင့် မြင်ကွင်းတွေ ဝါးနေပါတယ်ခင်ဗျ"

"ဟာ…မင်းတို့ တယ်ညံ့ပါလား၊ မင်းကို ငါ့ဒီး၊ ငါ့ဒီး အခါတစ်ထောင်ဆဲတယ်ကွာ"

"ရထားပါခင်ဗျ"

"ဘယ်နှစ်ခါဆဲလဲ ပြန်ပြောစမ်း"

"အခါတစ်ထောင်ပါခင်ဗျ"

တပ်ရင်းမှူးကြီးက လူပျော်တစ်ယောက်ပါ။ ရွတ်ရွတ် နောက်နောက်ပြောနေတယ်ဆိုတာ သူ့မျက်နှာပြုံးဖြီးဖြီးမို့ သိသာ ပါတယ်။ ဟိုဘက်က လူကတော့ အတည်ပြောတယ် မှတ်နေမလား။ သူတို့ တပ်ရင်းမှူးရဲ့ ဟာသလုပ်တာကို သိနေမလားတော့ မိမိမသိနိုင်ပါဘူး။ အတော်လေး အကြာမှာတော့…

"CO ကြီး ရဘူးတစ်လုံး သေသွားပါတယ်ခင်ဗျ"

"ဘယ်လိုဖြစ်ရပြန်တာလဲကွာ"

"အမောဆို့တယ် ထင်ပါတယ်ခင်ဗျ"

"ရှေးဦးသူနာပြုစုနည်း လုပ်လေကွာ"

"လုပ်ပါတယ်ခင်ဗျ၊ အလုပ်ကြမ်းလုံးဝ မလုပ်ဖူးသူဖြစ်မယ်ထင်ပါတယ်ခင်ဗျ"

တပ်ရင်းမှူးကြီးနဲ့ ရိက္ခာပို့အဖွဲ့တွေ အပြန်အလှန်ပြောနေကြတာတွေကတော့ အများကြီးပါ။ သဘောလောက်ပဲ ရေးပြတာပါ။ ၁၁း၀၀ နာရီခန့်မှာ သတင်းပို့လာပြန်ပါတယ်။

"CO ကြီး ရဘူးတစ်လုံး ပေါက်ပြန်ပါပြီခင်ဗျ"

ဒီတစ်ခါတော့ တပ်ရင်းမှူးကြီး စိတ်မတိုတော့ပါ။ အခါတစ်ထောင်လည်းမဆဲတော့ပါ။ အကျဉ်းသားရဲဘက်တွေရဲ့ သဘောသဘာဝကို နားလည်

သွားတဲ့ သဘောပါ။ နားဖော့ရောက်တဲ့နေ့က တပ်ရင်းမှူးကြီးရှေ့မှာ ဝန်ဆောင် တပ်သားအချို့ ပြုံးယောင်ယောင်လေးတွေ ဖြစ်သွားကြတယ်လို့ ဖော်ပြခဲ့တာကို စာဖတ်သူများ ပြန်သတိရပြီး တွေးကြည့်လိုက်ပါခင်ဗျား။ သူတို့အထာနဲ့ သူတို့ ပြုံးလိုက်ကြတာပါ။ အခုမှ သူတို့ဘာကြောင့်ပြုံးကြတယ်ဆိုတာကို သိအောင် လုပ်ပြလိုက်ခြင်းပါပဲ။ တပ်ရင်းမှူးကြီး စာရွက်တစ်ရွက်မှာ စာတွေကောက် ရေးပါတယ်။ ကြေးနန်းစာဖြစ်မှာပေါ့။ ထင်တဲ့အတိုင်းပါဘဲ RT စက်သမားကို သူရေးထားတဲ့ စာရွက်လေးပေးပြီး···

"ဒီကဗျာကို နောက်တန်းရုံးပို့ကွာ"

"ဟုတ်ကဲ့ CO ကြီး"

"အသံထွက်ဖတ်ကွာ"

"ပါဂျို နားဖော့တဲ့
နာမည်လေးက ဆန်းဆန်းလှလှ
ဒီနေ့တော့ မိုးတွေကမှောင်
လေတွေကတိုက်
မိုးတွေကရွာ မလှတလှ လှတတ
ရဲဘော်နဲ့ ရဲဘက်တွေ
ရိက္ခာတွေပို့ကြရာ
ပြေးသူတွေကပြေး
သွက်လိုက်ကြတာ
အမြီးလေးတောင်မမြင်လိုက်
သေသူက သေပြန်တယ်
အမလေး ကယ်ကြပါဦး
အရပ်ကတို့"

(အဲဒီအတိုင်း အတိအကျမဟုတ်ပါ။ အဲဒီအဓိပ္ပာယ်တွေပါတဲ့ ရှတ်နောက် နောက်ကဗျာလေးပါ။ အဆင်ပြေအောင်သာ စဉ်းစားဖော်ပြခြင်းဖြစ်ပါတယ်။ အဲဒီအချိန်က တပ်ရင်းမှူးကြီးရဲ့ ကဗျာလေးကို မကျေးခဲ့မိတာကို နောင်တရမိ ပါတယ်။)

RT စက်သမားကလည်း တကယ် ပို့မယ်မထင်ပါ။ ဝန်ဆောင် တပ်သား တွေ ပြေးကြတာ၊ သေကြတာကို စိတ်မကောင်းပါ။ ထပ်ပြီး မပြေးကြပါစေနဲ့၊ မသေကြပါစေနဲ့လို့သာ ဆုတောင်းနေမိပါတယ်။

ညသာ မှောင်သွားတယ်။ ဝန်ဆောင်တပ်သားတွေရော၊ တပ်မတော်သား တွေရော တစ်ယောက်မှ ပြန်ရောက်မလာကြပါ။ ဘယ်နေရာရောက်နေကြလဲ၊ ဘာလို့ပြန်ရောက်မလာသေးတာလဲ၊ သွားမေးလို့လည်း မဖြစ်ပါ။ စစ်ဆင်ရေး နယ်မြေမှာ နှုတ်ကိုလည်း စောင့်စည်းရပါတယ်၊ တာဝန်ရှိသူတွေကပြောရင် နားထောင်မှတ်သားလိုက်တယ်။ ကျွန်တော် သိချင်တာတွေတော့ မမေးမိပါဘူး။ ပါဂျို-နားဖော့ဒေသကိုရောက်ပြီး ဒုတိယညမှာလည်း ကျွန်တော့်ရဲ့ ဝန်ဆောင် တပ်သားတွေ ဘယ်ရောက်နေကြလဲ၊ ဘယ်မှာ ဘယ်လို အိပ်ကြလဲ၊ ထမင်းမှ စားကြရရဲ့လားစတဲ့ မေးခွန်းပေါင်းများစွာနဲ့ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခဲ့ပြန် ပါဘူး။

◆ ◆ ◆

## ( ၁၄ )

၂၆-၄-၁၉၉၃ ရက်နေ့၊ မိုးသာလင်းသွားတယ်။ မနေ့က ရိက္ခာပို့ထွက် သွားကြတဲ့ ဝန်ဆောင်တပ်သား ၉၀ နဲ့ လုံခြုံရေးလိုက်သွားကြတဲ့ တပ်မတော်သား တွေ တစ်ယောက်မှ ပြန်ရောက်မလာကြသေးပါဘူး။ နေ့လည်(၁၁း၀၀) နာရီ မှာတော့ ပြန်ရောက်လာကြပါပြီ။ အသွားမှာ ၉၀ ဦး ပြန်ရောက်လာတာက ၈၈ ဦးပါ။ ဒီတော့ နှစ်ဦးလျော့သွားပါတယ်။ ဝ၃၃၂/စီ မောင်မှန်း ၊ ဝ၃၆၂/စီ ရေဆင်း နဲ့ ဝ၁၂၈/စီ အောင်ဝင်းလှိုင်တို့ ထွက်ပြေးလွတ်မြောက်သွားကြပြီး ဝ၁၃၂/စီ ကျော်လင်းကတော့ သေဆုံးသွားတဲ့အတွက် ယမန်နေ့က ဝန်ဆောင် တပ်သားသုံးဦး ထွက်ပြေး၊ တစ်ဦးသေလို့ ကြေးနန်းပို့ထားခဲ့တာကြောင့် လေးဦး လျော့ရမှာ ဖြစ်ပေမယ့် နှစ်ဦးထဲသာ လျော့တယ်လို့ပြောရခြင်းကတော့ ဝ၁၂၈/စီ အောင်ဝင်းလှိုင်က လမ်းခရီးမှာ ပင်ပန်းပြီး ခြုံတောထဲ အိပ်ပျော်သွားရာမှ ပြန်တွေ့တာမို့ ထွက်ပြေးမသတ်မှတ်ကြောင်း တပ်ရင်းမှူးမှ မှတ်ချက်ပြုခြင်းနဲ့

၀၃၃၂/စီ မောင်မှန်းကို ၉၃ အေ ၂၆၀၁၄၀ ရက်ချိန်မှာ ပြန်လည်ဖမ်းဆီးရမိခဲ့တာကြောင့်ဖြစ်ပါတယ်။

ဒီနေ့ကတော့ ရိက္ခာပို့ထပ်မသွားတော့ဘဲ နားခိုင်းထားပါတယ်။ ပါသွားတဲ့ ဝန်ဆောင်တပ်သားတွေကို ပြန်မေးကြည့်တော့ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲနဲ့ အခြား ပစ္စည်းတွေကို သယ်ပို့ရကြောင်း၊ မနိုင်မနင်း ထမ်းပိုးရတာမဟုတ်ဘဲ ဆန်ဆိုရင် တစ်ဝက်စီခွဲ နှစ်ယောက်သယ်ရတာမို့ ဆန်တစ်အိတ်မှာ ၂၄ ပြည် ရှိတာကြောင့် တစ်ဦးကို ၁၂ ပြည်သာသယ်ရကြောင်း၊ ဒါပေမဲ့လည်း ခရီးလမ်းက မြေပြန့်မဟုတ်ဘဲ တောင်တက်တွေချည်းဖြစ်တာရယ်၊ သက်လုံမကောင်းကြသေးတာရယ်ကြောင့် တောက်လျှောက်မသွားနိုင်ကြဘဲ ခဏခဏ နားကြရကြောင်း၊ ကြံ့ခိုင်ပြီး အမောပါခံနိုင်သူတွေက ရှေ့ကိုသွက်သွက်သွားနိုင်ကြပေမဲ့ ကြံ့ခိုင်မှု အားနည်းပြီး အမောမခံနိုင်ကြသူတွေကတော့ ခဏခဏ နားနေကြတာကြောင့် ဝန်ဆောင်တပ်သားတွေဟာ စုစုစည်းစည်းမဖြစ်ကြတော့ဘဲ ပြန့်ကြဲတဲ့ အနေအထားဖြစ်သွားကြောင်း၊ အချို့ဆို တော်တော်ဝေးဝေးမှာ ကျန်နေရစ်ကြောင်း၊ တပ်မတော်သားတွေကလည်း စောင့်ခေါ်ရကြောင်း၊ တပ်မတော်သားတစ်ယောက် နောက်က ဝန်ဆောင်တပ်သားလေးယောက်၊ အဲဒီနောက်က တပ်မတော်သား တစ်ယောက်ဆိုတဲ့ အစီအမံလည်း နောက်ပိုင်းမှာ အထိုက်အလျောက် ပျက်သွားကြောင်း၊ ဒီလိုအခြေအနေမှာ ထွက်ပြေးချင်တဲ့ အကျဉ်းသားအချို့အတွက် အခွင့်အရေးရသွားကြောင်း၊ အများစုကတော့ လွတ်မှသာပြန်မယ်လို့ ဆုံးဖြတ်ထားကြတာမို့ အခွင့်အရေးတွေရပေမဲ့ ထွက်မပြေးခဲ့ကြကြောင်း၊ အပြန်လမ်းမှာ မိုးတွေကရွာနေတော့ မိုးခိုစရာလည်း မရှိတာမို့ ကွင်းပြင်တစ်ခုမှာ ထိုင်နေခဲ့ကြကြောင်း၊ မိုးရွာထဲမှာပဲ အနွေးဓာတ်ရအောင် ပူးကပ်ထိုင်ကြကြောင်း၊ တပ်မတော်သားတွေလည်း ဝန်ဆောင်တပ်သားတွေရဲ့ ပတ်ချာလည်မှာ ဝန်ဆောင်တပ်သားများနည်းတူ မိုးရေထဲမှာ ရပ်နေခဲ့ကြကြောင်းတွေ ပြန်ပြောပြကြပါတယ်။

ညနေပိုင်းမှာတော့ တပ်ရင်းမှူးက အစည်းအဝေးခေါ်ပါတယ်။ ဗိုလ်ကြီး၊ ဗိုလ်လေးတွေ၊ ဆရာကြီးတွေလည်း ပါကြပါတယ်။ ဝန်ဆောင်တပ်သားတွေဟာ ကြံ့ခိုင်ဖို့ လေ့ကျင့်ပေးထားသူတွေ မဟုတ်တာကြောင့် သက်လုံမကောင်းကြတာကို တွေ့မြင်ကြရပြီးဖြစ်ကြောင်း၊ ဒီအတိုင်းဆက်သွားရင်တော့ မခံနိုင်ရင်

ထပ်ပြေးကြမယ်။ သေချင်လည်း သေနိုင်တယ်။ ဒါကြောင့် ခရီးရှည် LRP စနစ်အစား ခရီးတို SRP စနစ်နဲ့ ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း၊ စခန်းသုံးခုကို တစ်ဆင့်စီ လက်ဆင့်ကမ်းပို့ရင် တအားမပင်ပန်းတော့တာမို့ အကျိုးရှိလိမ့်မည်ဖြစ်ကြောင်း၊ နားဖော့နဲ့ ပါဂျိုကြားမှာ စခန်းနှစ်ခုထားပြီး သုံးဆင့်ခွဲ လက်ဆင့်ကမ်း သယ်ဆောင်မည့်စနစ်ကို ကျင့်သုံးမည်ဖြစ်ကြောင်း အတည်ပြုခဲ့ပါတယ်။

၂၇-၄-၁၉၉၃ ရက်နေ့ ရိက္ခာပို့ရာမှာတော့ ပိုမိုလွယ်ကူ ခရီးရောက်စေဖို့အတွက် လက်ဆင့်ကမ်း သယ်ယူစနစ်နဲ့ ဆောင်ရွက်မယ်ဆိုတဲ့ ယမန်နေ့က အစည်းအဝေးဆုံးဖြတ်ချက်အတိုင်း တပ်ကြပ်ခေါင်လွန်းကို ဝန်ဆောင်တပ်သား ၃၀ ဦး၊ ဒုတပ်ကြပ်ခင်မောင်ထွန်းကို ဝန်ဆောင်တပ်သား ၃၀ ဦးစီ ခွဲဝေပေးပြီး စခန်းနှစ်ခုကို စေလွှတ်လိုက်ပါတယ်။ တပ်သားအေးသိန်းနဲ့ ဝန်ဆောင်တပ်သား ၃၈ ဦးကတော့ ကျွန်တော်နဲ့အတူ နားဖော့မှာပဲ ကျန်နေရစ်ခဲ့ပါတယ်။ ဝန်ဆောင်တပ်သားတွေ ပင်ပန်းနေကြသေးတာရယ်၊ ရိက္ခာပို့စနစ် ပြောင်းလဲကျင့်သုံးတာရယ်ကြောင့် ဒီနေ့ ရိက္ခာပို့လုပ်ငန်းကို နားခဲ့ပါတယ်။

နားဖော့စခန်းရောက်တဲ့နေ့ကစလို့ ဝန်ဆောင်တပ်သားတွေ ဖျားတာ၊ နာတာ၊ နှာစေးချောင်းဆိုးဖြစ်တာ လေးတွေကို ဆေးတပ်ကြပ်ကြီးရန်ကျော် (ကချင်လား၊ ချင်းလားတစ်ခုခု)က တာဝန်ယူ ကုသပေးပါတယ်။ တပ်မတော်ဆေးတပ်သားလေးတစ်ယောက်လည်း ရှိပါတယ်။ ဆေးကုသရာမှာ လိုသလို သုံးစွဲပါဆိုပြီး ကျွန်တော်ဝယ်လာတဲ့ ဆေးအားလုံးကို ထုတ်ပေးလိုက်ပါတယ်။ ရှေ့မှာ ဖော်ပြခဲ့တဲ့အတိုင်း ကျွန်တော့်လစာ ကျပ် ၁၂၀၀ သာရှိတာမှာ စေတနာအလျောက် ဝယ်ယူခဲ့တဲ့ ကျပ် ၂၅၀၀ တန်ဖိုးရှိတဲ့ ဆေးဝါးမျိုးစုံပါ။ ဆရာကြီးရန်ကျော်က မေးပါတယ်။ ဘာလို့ဝယ်လာလဲ၊ ဆေးဝါးအကြောင်းတွေ သိလားတဲ့။ ကျွန်တော်နဲ့ ပါလာတဲ့ ဝန်ဆောင်တပ်သားတွေကို ကျွန်တော့်ရဲ့ ရဲဘော်ရဲဘက်တွေ မိသားစုတွေလို့ သဘောထားကြောင်း၊ သူတို့တွေအတွက် စေတနာထားပြီး ဝယ်လာတာဖြစ်ကြောင်း၊ ကျွန်တော်ကိုယ်တိုင်လည်း တပ်သားလေးအဆင့်မှာတုန်းက အကျဉ်းဦးစီးဌာနမှာ ဆေးတပ်သားလေး တာဝန်ထမ်းဆောင်ခဲ့ဘူးလို့ ဆေးဝါးအကြောင်း အနည်းငယ် သိရှိနားလည်ပါကြောင်း ပြောပြတော့ ဒါဆို ထောင်မှူးလည်း ကူညီပေးပါလို့ ပြောလာပါတယ်။

ရိက္ခာပို့ပြီး ပြန်လာတဲ့ ဝန်ဆောင်တပ်သား ထဲက ဝန်ဆောင်တပ်သားစိုးလွင်ကတော့ မိုးမိ၊ အဆုတ်အအေးပတ်တဲ့ လက္ခဏာတွေ့လို့ ဆရာကြီးရန်ကျော်က လိုအပ်တဲ့ကုသမှုတွေ လုပ်ပေးခဲ့ပါတယ်။ ကျွန်တော်ကလည်း ဆရာကြီးရန်ကျော်ကို ဆေးထိုးပေးတာလေးတွေ၊ အကြောဆေးသွင်းပေးတာလေးတွေ၊ Drip သွင်းပေးတာလေးတွေ၊ ဆေးထည့်ပေးတာလေးတွေအတွက် လိုရင် လိုသလို ဝင်ရောက် ကူညီပေးခဲ့ရပါတယ်။ ဒီတော့လည်း ဆရာကြီးရန်ကျော်က ကျွန်တော့်ကို ခင်မင်လေးစားစွာ ဆက်ဆံခဲ့ပါတယ်။

၂၈-၄-၁၉၉၃ ရက်နေ့၊ ဒီနေ့ ရိက္ခာပို့အတွက် ဝန်ဆောင်တပ်သား ၉၀ ဦး သုံးပါတယ်။

အိပ်ဆောင်ဖွင့် ၉၈ ယောက်၊

ဆေးနား ခြောက်ယောက်၊

ဖို/ထင်း နှစ်ယောက်၊

အလုပ်ဆင်း ၉၀ ယောက်ပါ။ စီစဉ်ထားတဲ့အတိုင်း လက်ဆင့်ကမ်းသယ်ကြမှာပါ။ ကျွန်တော်ကတော့ နောက်တန်းမှာ ကျန်ရစ်သူမို့ ဂဃနဏ မသိပါဘူး။ ဒီနေ့တော့ ပြေးတာ၊ သေတာမရှိဘဲ အားလုံးကောင်းပါတယ်လို့ ပြောရမှာပါ။ ဒါပေမဲ့ ၂၃း၀၀ နာရီခန့်မှာတော့ ဆေးနားနေတဲ့အထဲက အဆုတ်အအေးပတ်နေတဲ့ ဝန်ဆောင်တပ်သားစိုးလွင်က ညည်းညူနေလို့ ဆေးတပ်ကြပ်ကြီး ရန်ကျော်ကို ခေါ်နိုင်းပြီး ပြပေးတာမှာ ဆရာကြီးက ဆေးနှစ်လုံး ထိုးပေးသွားပါတယ်။

၂၉-၄-၁၉၉၃ ရက်နေ့ ထောင်အဖွင့်မှာ ယမန်နေ့က အဆုတ်အအေးပတ် ဝန်ဆောင်တပ်သား စိုးလွင်က သေဆုံးနေပါပြီ။ ရိက္ခာပို့တာကတော့ ယမန်နေ့က စနစ်အတိုင်း ဆက်သွားကြပါတယ်။ ဒုတပ်ကြပ်ခင်မောင်ထွန်းရဲ့ အလယ်စခန်းက ဝန်ဆောင်တပ်သား ၀၀၇၁/စီ မြင့်ဝေကလည်း ရိက္ခာသယ်ရင်း သေဆုံးသွားတယ်လို့ ကြားသိရလို့ စိတ်မကောင်းဖြစ်ရပြန်ပါတယ်။ ဒါကြောင့် ဒီနေ့ ထောင်ဖွင့်ထောင်ပိတ် အလုပ်ဆင်း အခြေအနေက···

ထောင်ဖွင့် ၉၈၊

ဆေးနား ခြောက်ယောက်၊

ဖို/ထင်း နှစ်ဦး

သေဆုံး နှစ်ဦး

အလုပ်ဆင်း ၈၈ ဦး

ထောင်ပိတ် ၉၆ ဦး ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ နောက်တန်းစခန်းက ဝန်ဆောင်တပ်သားစိုးလွင် သေဆုံးနေမှုကို ဝ၇း၀၀ နာရီခန့်မှာ တပ်ရင်းမှူး လာကြည့်ပါတယ်။ ကြည့်ရင်း ဘာပြောသလဲဆိုတော့…

"အခုလို သေဆုံးသွားတာ စိတ်မကောင်းစရာပဲ၊ အဆုတ်အအေးပတ်တယ်ဆိုရင် စောင်လေးတွေ ထပ်ပြီးသေချာခြုံပေးမယ်၊ ဘေးနားမှာ မီးလေးဖိုပေးမယ်ဆိုရင် သေချင်မှသေမယ်၊ အခုတော့ ပြုစုမှုမရှိ၊ နွေးထွေးမှု စာနာမှုမရှိတော့ သေမှာပေါ့။ ခင်ဗျားတို့မိသားစုသာဆို အခုလိုပစ်ထားကြမှာမဟုတ်ဘူး။ကျွန်တော်ပြောသလို လုပ်ပေးကြမှာပဲ။ ဒါဆို ဘယ်သေတော့မလဲ" လို့

အသံတင်းတင်းနဲ့ ဆူပြောပြောပါတယ်။ ဘေးနားမှာ IO အရာရှိရယ်၊ ဆရာကြီးတစ်ယောက်ရယ်၊ တပ်ကြပ်တစ်ယောက်ရယ် ရှိနေကြပါတယ်။ ကျွန်တော်တို့ အကျဉ်းဦးစီးက ဝန်ထမ်းတွေဟာ အာဏာပါးကွက်သားတွေ၊ ယမမင်းတွေ၊ ငရဲမင်းတွေဖြစ်တယ်။ အကျဉ်းသားတွေဆီက ရိုက်မယ်၊ ခွာမယ်၊ လီးမယ်၊ ဖြဲမယ်၊ မတရားလုပ်မယ်၊ ကိုယ်ချင်းစာတရားမရှိကြသူတွေလို့သာ ထင်ထားပုံရပါတယ်။ ကျွန်တော်က ပြန်ပြောချင်တာတွေ ရင်ထဲအပြည့်ပါ။ ကျွန်တော့် ဂုဏ်သိက္ခာထက် ဌာနဂုဏ်သိက္ခာ ထိပါးလာတဲ့သဘောမို့ စိတ်ထဲမခံချင်စိတ်နဲ့ ပြန်လည်ချေပပြောဆိုဖို့ ပြင်လိုက်ပေမဲ့ တပ်ရင်းမှူး မကြည်မလင်ဖြစ်နေချိန်မှာ ကျွန်တော်ပြောတာကို အကောင်းမထင်နိုင်တဲ့အပြင် ဆိုးကျိုးတွေပါရှိလာနိုင်တာမို့ ပြောမယ့်စကားလုံးတွေ အားလုံးကို ပြင်ပမထွက်စေဘဲ မြိုချလိုက်ပါတယ်။

စကားအရာ အင်္ဂါငါးချက်ရှိတာမှာ…

ကာလ=ပြောသင့်သောအခါမှပြောရာ၏။

သဏှာ=နူးညံ့ချိုသာစွာ ပြောဆိုရာ၏။

မေတ္တာစိတ္တ=မေတ္တာရှေ့ထား ပြောဆိုရာ၏။

ဒေါသမောဟဖြင့် မပြောဆိုရာဆိုတဲ့ အချက်သုံးချက်ပါပါတယ်။ ဖတ်ဖူး၊ မှတ်ဖူးတာပါ။ (ကာလ) အခြေအနေအရ မပြောသင့်သေးဘူးလို့ ယူဆပါတယ်။ (သဏှာ) အခုချက်ချင်း ပြန်ပြောလို့ကတော့ မခံချင်စိတ်နဲ့မို့ နူးညံ့ချိုသာစွာနဲ့

ပြောနိုင်မှာမဟုတ်ပါဘူး။ (မေတ္တာစိတ္တ)မိမိအပေါ်မှာရော ဌာနအပေါ်မှာရော ထိခိုက်တဲ့အနေအထားမို့ မေတ္တာစိတ်မရှိနိုင်ဘဲ ဒေါသသံလည်း စွက်သွားနိုင်ပါတယ်။ ဒါကြောင့် သတိနဲ့ဆင်ခြင်ပြီး ဘာတစ်ခုမှကို ပြန်မပြောဘဲ ငြိမ်နေလိုက်ပါတယ်။

◆ ◆ ◆

( ၁၅ )

ပါဂျို-နားဖော့ဒေသအကြောင်း နည်းနည်းပြောပြချင်ပါတယ်။ ကချင်ပြည်နယ် အရှေ့ခြမ်း ဝိုင်းမော်မြို့နယ်အတွင်းမှာရှိပြီး မြစ်ကြီးနား ဗန်းမော်ကားလမ်းရဲ့ အရှေ့ခြမ်း တောင်တွေပေါ်မှာရှိပါတယ်။ တရုတ်မြန်မာနယ်စပ်ကို ကျားကန်ပြီး အခြေပြုခဲ့တာဖြစ်ပါတယ်။ နားဖော့ ပါဂျိုကနေ ယူနန်ပြည်နယ် အနောက်ပိုင်းကို တိုက်ရိုက်သွားလို့ရပါတယ်။ နားဖော့နဲ့ ပါဂျိုက ငါးမိုင်နဲ့ ၁၀ မိုင်အတွင်းသာ ကွာဝေးပေမဲ့ တောင်တက်လမ်းမို့ အတော်ကြာကြာ သွားရပါတယ်။ နားဖော့ တောင်က ၅၄၁၉ ပေမြင့်ပြီး ပါဂျိုကတော့ ၆၈၀၈ ပေမြင့်ပါတယ်။ ၁၉၉၀ ပြည့်နှစ်ကစပြီး နဝတအစိုးရက တိုင်းရင်းသားလက်နက်ကိုင်များနဲ့ ငြိမ်းချမ်းရေး ဆွေးနွေးခဲ့ပါတယ်။ ၁၉၉၂ ခုနှစ်မှာတော့ အပစ်အခတ်တွေ ရပ်စဲခဲ့ပါတယ်။ ရင်ဆိုင်တွေ့ရင်တော့လည်း တွယ်ကြတာပေါ့လို့ ပြောပါတယ်။ ဒီအချက်အလက် တွေကတော့ ဗိုလ်မှူးကြီးသောင်းဝေဦး ရေးတဲ့ ပါဂျို-နားဖော့ စာအုပ်ထဲက ကူးယူဖော်ပြခြင်းဖြစ်ပါတယ်။ ဖော်ပြခဲ့တဲ့အတိုင်း နားဖော့တောင်က ၅၄၁၉ ပေ မြင့်နေတော့ တအားအေးလှပါတယ်။ ဧပြီလမို့ မြစ်ကြီးနားမှာ ရာသီက ပူနေပါပြီ။ စွပ်ကျယ်နဲ့ အိပ်နေခဲ့ရတာပါ။ ဒါကြောင့် အခုလိုခရီးထွက်လာတော့ အနွေးထည်ပါးပါးလေးသာ ယူလာခဲ့မိပါတယ်။ တော်ပါသေးတယ်။ အနွေးထည် ပါးပါးလေးသာမပါခဲ့ရင် ဘယ်လိုနေရမယ်တောင် မသိပါဘူး။ နားဖော့ တောင်ပေါ်မှာ နေ့မှာလည်းချမ်းပြီး ညမှာကျတော့ အချမ်းလွန်ပါတယ်။

ကျွန်တော့် ဝန်ထမ်းတွေနဲ့ ဝန်ဆောင်တပ်သားတွေကတော့ ချမ်းလွန်းတာမခံနိုင်လို့ ဂုန်နီအိတ်တွေကို စောင်ပါးတွေပေါ်ကနေ ထပ်ပြီးခြုံကြပါတယ်။

အဲဒီကာလက ပီနံအိတ်တွေ မပေါ်သေးဘူးလို့ ထင်ပါတယ်။ ဆန်အိတ်၊ ပဲအိတ်၊ ငရုတ်အိတ်တွေအတွက် ဂုန်နီအိတ်ကိုပဲ သုံးကြလို့ အဲဒီဂုန်နီအိတ်တွေက အဆင်ပြေနေခဲ့ပါတယ်။ တပ်မတော်သားတွေလည်း ခြုံကြတာပါပဲ။ ကျွန်တော်လည်း ချမ်းနေတာမို့ တပ်သားအေးသိန်းကခြုံဖို့ ဂုံနီအိတ်တွေလာပေးပါတယ်။ ဒါပေမဲ့ ဂုန်နီအိတ်ကြီးခြုံရတာ စိတ်ထဲတစ်မျိုးကြီးမို့ မခြုံခဲ့ဘဲ ပါလာတဲ့စောင်ပါးလေးရယ်၊ အနွေးထည် အပါးလေးရယ်နဲ့ အအေးဒဏ်ကို ကြံ့ကြံ့ခံရင်ဆိုင်ပြီး နဖူးနဲ့ဒူးထိနေအောင် ကွေးပြီးအိပ်ခဲ့ပါတယ်။ ကျွန်တော်တို့ငယ်စဉ်က အိမ်မှာမွေးထားတဲ့ ခွေးလေးတွေ နွေးထွေးစေဖို့အတွက် သူတို့အိပ်မဲ့နေရာတွေမှာ ဂုန်နီအိတ်တွေ ခင်းထားပေးခဲ့ဖူးတာကို အမှတ်ရနေတာကြောင့်ပါ။

သေဆုံးအကျဉ်းသားကိုတော့ နားဖော့တောင်ရဲ့တစ်နေရာမှာ မြေမြှုပ်သင်္ဂြိုဟ်ခဲ့ပါတယ်။ တပ်သားအေးသိန်းက တပ်မတော်သားအချို့၊ ဝန်ဆောင်တပ်သားအချို့တို့နဲ့အတူ ဆောင်ရွက်ခဲ့တာပါ။ ကျွန်တော်က ဝမ်းနည်းကြောင်းနဲ့ လွတ်ရန်ကျန်ပြစ်ဒဏ်များကို လျှော့ပေးလိုက်ပြီး လွတ်မြောက်သွားပြီဖြစ်တာကြောင့် သင်သွားလိုရာ သွားနိုင်ပြီဖြစ်ကြောင်း အမိန့်ပြန်တမ်းလေးမှာ လက်မှတ်ရေးထိုးပြီး တပ်သားအေးသိန်းကို မြေမြှုပ်ခါနီး ဖတ်ပြဖို့နဲ့ အမိန့်ပြန်တမ်းကို မြေကျင်းထဲထည့်ပေးလိုက်ဖို့ မှာလိုက်ပါတယ်။ ဘုန်းတော်ကြီးတော့ မပါနိုင်တော့လို့ စိတ်မကောင်းဖြစ်မိပေမဲ့ မြစ်ကြီးနား-ရွှေဘိုလမ်း ဖောက်လုပ်ရေးအလုပ်စခန်းမှာ တာဝန်ကျစဉ်က မိုးကောင်း၊ ဖားကန့်၊ တောမှော်၊ ဖားလမုန်းလမ်းဖောက်လုပ်ရေးက နန့်ယားစခန်းမှာ တာဝန်ကျတဲ့အရာရှိဖြစ်သူ စခန်းခွဲတာဝန်ခံ ထောင်မှူး ဦးမြင့်ဆွေ(တပ်အသွင်ပြောင်း) သေဆုံးခဲ့တုန်းကလည်း ကချင်ပြည်နယ်က တောထဲမှာ ဘုန်းကြီးမရှိတာမို့ ဝန်ထမ်းလေးတွေ ရဲဘက်လေးတွေနဲ့သာ လူမသိသူမသိ သင်္ဂြိုဟ်ခဲ့ရတာရယ်၊ မိသားစုကလည်း လိုက်မလာနိုင်ခဲ့တဲ့ ဖြစ်ရပ်လေးရယ်ကို သတိရမိပြီး ဖြေသိမ့်လိုက်ရပါတယ်။ ကျွန်တော်ကတော့ အခြားအုပ်ချုပ်မှုတွေကြောင့် သင်္ဂြိုဟ်တဲ့ဆီ မလိုက်နိုင်ခဲ့ပါဘူး။ နေ့လည်လောက်မှာတော့ ဆေးပေးခန်းလို့ သတ်မှတ်ထားတဲ့ တဲဆီကို ရောက်ပါတယ်။ နေမကောင်းတဲ့ ဝန်ဆောင်တပ်သားအချို့ကို ဆေးတပ်ကြပ်ကြီးရန်ကျော်က ဆေးတွေပေးနေတာ တွေ့ရပါတယ်။ ကျွန်တော့်ကိုမြင်တော့…

"ထောင်မှူးရေ ခင်ဗျားဆေးတွေ ဝယ်လာလို့ပဲ ကျွန်တော်တို့လည်း ဆေးတွေပြည့်စုံတာ မဟုတ်ဘူး။ အခု ထောင်မှူးဆေးတွေနဲ့ပဲ ကုနေရတာဗျ"

လို့ ဆီးပြောပါတယ်။

"ရပါတယ်ဗျာ၊ ဒီလိုတွေ လိုလာရင် ကုဖို့ဆိုတဲ့စိတ်နဲ့ ဝယ်လာတာပဲလေ၊ ဇီဝိတဒါနဖြစ်လို့ အသုံးတည့်နေတယ်ပြောလို့ ပိုလို့တောင် ဝမ်းသာမိပါတယ် ဆရာကြီးရာ"

လို့ပြောပြီး…

ဆရာကြီး ဆေးပေးဆေးထိုးနေတာကိုပဲ ထိုင်ကြည့်နေခဲ့ပါတယ်။ စိတ်ထဲတော့ မရွှင်လှပါ။ တပ်ရင်းမှူးက မိမိအပေါ်အမြင်စောင်းနေတဲ့အတွက် ဘယ်လိုဖြေရှင်းရင်ကောင်းမလဲလို့ တွေးနေမိပါတယ်။ ဆေးခန်းပြလူနာတွေ ရှင်းတော့ ဆရာကြီးက…

"ထောင်မှူး မျက်နှာမကောင်းပါလား၊ ဘာဖြစ်လာလဲ"

"မနက်စောစောက ဝန်ဆောင်တပ်သား စိုးလွင် သေဆုံးတာနဲ့ပတ်သက်ပြီး ကျွန်တော်က ဂရုမစိုက်လို့၊ ကိုယ်ချင်းစာစိတ်မရှိလို့၊ ကိုယ့်မိသားစုလို စိတ်မျိုး မထားလို့ သေတယ်လို့ တပ်ရင်းမှူးက ပြောနေတယ်ဗျာ။ ဒါကြောင့် စိတ်ထဲခံစားရလို့ပါ ဆရာကြီးရာ"

"ဒီဝန်ဆောင်တပ်သားသေတာ ထောင်မှူးနဲ့ဘာဆိုင်လဲ၊ မနေ့ည သန်းခေါင်အချိန်မှာတောင် သူ့ကိုကြည့်ပေးဖို့ ကျွန်တော့်ကို လာခေါ်ခိုင်းသေးတယ်လေ၊ ကျွန်တော်ရောက်လာတော့ ထောင်မှူး ကိုယ်တိုင်တောင် လူနာဘေးမှာရှိနေတာပဲ။ ထောင်မှူး စောင့်ရှောက်ခဲ့တာပဲ။ ကျွန်တော်တောင် ဆေးနှစ်လုံး ထိုးပေးခဲ့ရတယ်လေ။ တကယ်အပြစ်ပြောရရင် ဟိုကောင်တွေ (တပ်မတော်သားအချို့) လိုအပ်ချက်ပါ××××××××××××××××××××××××××××××××××××

××××××××××××××××××××××××××××××××××××××××××××××

ထောင်မှူးနဲ့ လုံးဝမပတ်သက်ပါဘူးဗျာ"

ကျွန်တော့်အတွက် ဖြေရှင်းနိုင်ဖို့ လမ်းစလေးတစ်ခု ရလိုက်ပါပြီ။

"ဆရာကြီး သေချာလားဗျ၊ ဆရာကြီးပြောတာတွေ"

"သေချာတာပေါ့ထောင်မှူးရာ၊ ကျွန်တော်ကိုယ်တိုင်မေးခဲ့တာပဲ"

ကျွန်တော့်အတွက် ခိုင်မာသော သက်သေတစ်ခုရပါပြီ။ တပ်ရင်းမှူးက မေးရင်လည်း တိုင်းရင်းသားကြီးမို့ လိမ်ညာ ကွေ့ကောက်မပြောဘဲ အမှန်ပြောမဲ့ ဆရာကြီးဆိုတာ လုံးဝယုံမိပါတယ်။ ညနေမှာ တပ်ရင်းမှူးရဲ့ အိုင်အို (IO) လုပ်နေတဲ့ ဗိုလ်နဲ့တွေ့တော့…

"ဗိုလ်ကြီး ကျွန်တော့်ကို တပ်ရင်းမှူးက ဝန်ဆောင်တပ်သားသေတာနဲ့ ပတ်သက်ပြီး အမြင်မကြည်ဖြစ်နေတယ်ဗျာ၊ တပ်ရင်းမှူးပြောတဲ့စကားတွေကို ဗိုလ်ကြီးလည်း ကြားတာပဲ"

လို့ အစပျိုးလိုက်ပါတယ်။

"သူပြောတာလည်း မှန်တယ်လေဗျာ၊ ထောင်မှူးတို့သာ ဂရုစိုက်ရင် CO ကြီးပြောသလို မသေနိုင်ဘူးမဟုတ်လား"

သူကလည်း တပ်ရင်းမှူးဘက်ကနေ အလေးသာပြီး ပြောနေပြန်ပါတယ်။

"ဟုတ်ပါပြီ၊ တပ်ရင်းမှူးပြောတာကတော့ ယေဘူယျအားဖြင့် မှန်တယ်လို့ ထင်ရမှာပေါ့ဗျာ၊ တပ်ရင်းမှူးက ဂဃနဏသာသိရင် ဒီလိုပြောမှာ မဟုတ်ပါဘူး။ အမှန်တရားကို ဗိုလ်ကြီးသိအောင် ပြောပြမယ်။ အကျဉ်းသားသေတာက ဗိုလ်ကြီးတို့ တပ်မတော်က အချို့ရဲ့ ပေါ့ဆမှုတွေက အဓိကကျတယ်ဗျ။ ××××××××××××××××××××××××××××××××××××××××××××××××××××××××××××××××××××××××××××××"

IO ဗိုလ်ကြီး ရှုံ့ရှုံ့ရှဲ့ရှဲ့ဖြစ်သွားပါတယ်။ ကျွန်တော်က ဆက်ပြောလိုက်ပါတယ်။

"အဲလိုပြောလို့ ဗိုလ်ကြီးစိတ်မဆိုးပါနဲ့၊ ကျွန်တော်က ဆင်ခြေပေးနေတာ တာဝန်မခံရဲတာ မဟုတ်ပါဘူး။ တကယ့်အဖြစ်မှန်ကို ပြောနေတာပါ။ ဆေးတပ်ကြပ်ကြီးကိုသာ မေးကြည့်လိုက်ပါ"

IO က ငြိမ်ပြီးနားထောင်နေလို့ ဆက်ပြောလိုက်ပါတယ်။

"အခု ဝန်ဆောင်တပ်သားတွေကို ကုနေတဲ့ဆေးဝါးတွေက ဘယ်ကလို့ ထင်သလဲ ဗိုလ်ကြီး"

"ကျွန်တော်တို့ တပ်ကဆေးတွေပေါ့၊ မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမဲ့ ကျွန်တော့် လစာငွေတွေနဲ့ ဝယ်လာတဲ့ ဆေးတွေလည်း အများကြီး ပါဝင်ပါတယ်"

"ဟုတ်လား"

"မေးကြည့်လိုက်ပေါ့ ဗိုလ်ကြီးရာ"

ကျွန်တော်ကပဲ ဆက်ပြောလိုက်ပါတယ်။

"ကျွန်တော်က အရာရှိမဖြစ်ခင် တပ်သားလေးဘဝက ဆေးတပ်သားပါ၊ နောက်တန်းမှာလည်း ကျွန်တော် ဝင်ဝင်ပြီးဆေးကုပေးတယ်။ အခု ရှေ့တန်းမှာလည်းပဲ ဆေးထိုး၊ IV သွင်း၊ ဆေးပေးတာတွေကို အားရင်အားသလို ဝင်ကူနေတယ်။ ကျွန်တော် ဒီလာတော့ ငရုတ်သီးကြော်တစ်ဘူးပါတယ်။ ထမင်းစားကြတော့ ကျွန်တော့်ဝန်ထမ်းတွေနဲ့ အနားနီးနေတဲ့ ဝန်ဆောင်တပ်သားအချို့ ရယ်ကိုပါ ကျွေးလိုက်တာ နှစ်ရက်တည်းနဲ့ကုန်သွားပြီ။ ဝန်ဆောင်တပ်သားတွေ ထမင်းစားရင် ကျွန်တော်လည်း သူတို့အနားမှာ ဝင်စားလိုက်တာပဲ။ သီးသန့်နေရာ သီးခြားအချိန်မှာ မစားခဲ့ဘူး။ ဘာကြောင့်လဲဆို သူတို့နဲ့ကျွန်တော် အတူတူပဲ။ ရဲဘော်ရဲဘက်တွေလို့ ပြလိုက်တာပါ။ သူတို့တွေ ဒဏ်ရာရရင်လည်း ကျွန်တော် ကိုယ်တိုင် ချုပ်ပေးခဲ့တာပဲ။ သူတို့ရဲ့ အနာကသွေးတွေ ပြည်တွေလည်း ထိတွေ့ကိုင်ခဲ့ဖူးတာပဲ"

အိုင်အိုက စကားဝင်ထောက်ပါတယ်။

"ထောင်မှူးက ဘာအဓိပ္ပာယ်နဲ့ လာပြောနေတာလဲ"

"ဘာအဓိပ္ပာယ်မှမဟုတ်ပါဘူး။ တပ်ရင်းမှူးက ကျွန်တော့်ကို မကြည်လင်တာအတွက် စိတ်ထဲ မကောင်းဖြစ်နေတာပါ။ ကျွန်တော်ဟာ လူသားချင်းကိုယ်ချင်းစာနာတတ်သူ၊ ကူညီတတ်သူ၊ လက်တွဲဖော်များကို ရဲဘော် ရဲဘက်သဘောထားတတ်သူဖြစ်ကြောင်းနဲ့ တကယ့်အမှန်တရားတွေကို ဗိုလ်ကြီးသိအောင် ပြောပြတာပဲ။ အခုပြောပြီးပြီ။ ရင်ထဲပေါ့သွားပြီ။ ဒါပါပဲ။ ဗိုလ်ကြီး နားထောင်ပေးလို့ ကျေးဇူးပါ"

အဲလိုရင်ထဲရှိတာတွေ ပြောပြီးထွက်လာခဲ့ပါတယ်။ တပ်ရင်းမှူးကို တိုက်ရိုက်ပြောလို့ မကောင်းတာမို့ သွယ်ဝိုက်ပြီး သူ့ကိုပြောလိုက်တာပါ။ တပ်ရင်းမှူးကို သေချာပေါက် ဆက်ပြောမယ်ဆိုတာလည်း ယုံကြည်နေလို့ပါ။ တပ်ရင်းမှူး ခေါ်တွေ့လာရင်လည်း မကြောက်ပါဘူး။ ကျွန်တော့်ရဲ့ နှုတ်ထွက်စကားအားလုံးက အမှန်တရားတွေမို့ ရင်ဆိုင်ပြောရဲပါတယ်။ ဒီနေ့ ပါဂျို-

နားဖော့မှာ ငါးရက်မြောက်နေ့ စိတ်ကလည်းမရွှင်၊ အေးကလည်းအေး၊ ဝန်ဆောင်တပ်သားတစ်ဦး သေဆုံးထားလို့ စိတ်မကောင်းလည်းဖြစ်၊ ကျွန်တော် ပြောချင်တာတွေကို တပ်ရင်းမှူး IO ကို ပြောလိုက်ရလို့ ကျေနပ်စိတ်လည်း ဖြစ်တာကြောင့် အတွေးတွေဗလပွနဲ့ ဒီနေ့လည်း ကောင်းကောင်း အိပ်မပျော်ခဲ့ပါဘူး။

♦ ♦ ♦

( ၁၆ )

နားဖော့ရောက်တာ ဒီနေ့ ခုနစ်ရက်ရှိပါပြီ။ တောင်ပေါ်ဆိုတော့ နေ့စဉ်အေးနေတာပါ။ အေးတာကိုတော့ ပါလာတဲ့ အနွေးထည်ပါးပါးလေးကိုဝတ်၊ ကိုယ်လက်လှုပ်ရှားလုပ်ပြီး ခုခံကာကွယ်နိုင်ပါတယ်။ အဆင်လည်းပြေပါတယ်။ ပြဿနာတစ်ခုက တောင်ပေါ်မှာ ဖြုတ်တွေ တအားပေါပြီး ဖြုတ်ကိုက်ခံရတာပါ။ နေ့ခင်းကြီးမှာကို ပြုံပြုံပြီးကိုက်ကြတာပါ။ လက်လှုပ် ခြေလှုပ်လုပ်နေမှ သက်သာပါတယ်။ ကျွန်တော်ကတော့ ယူနီဖောင်းဝတ်ထားပြီး အင်္ကျီကို လက်ချဝတ်ပါတယ်။ အတော်လေး လုံသွားပါပြီ။ ဒါပေမဲ့ ခြေမျက်စိထိက မလုံတော့ ဖြုတ်ကလည်း အဲဒီနေရာတွေကို ရှာဖွေကိုက်တာပါပဲ။ ဒီတော့ တရုတ်ကင်းဘတ်လည်တို အစိမ်းလေးကို အချိန်ပြည့်ဝတ်ထား လိုက်တော့ အတော်လေးလုံခြုံသက်သာသွားပါတယ်။ ဒါတောင် ဖြုတ်ကိုက်လို့ အနာလေးတွေ ပေါ်လာတာ ၁၀ ခုလောက်ရှိပါတယ်။

တပ်မတော်သားတွေကလည်း ကျွန်တော့်လို ယူနီဖောင်းဝတ်၊ တောစီးဖိနပ်တွေ စီးထားကြတော့ သူတို့လည်း အဆင်ပြေကြပါတယ်။ ဝန်ဆောင်တပ်သားတွေကတော့ ကျွန်တော်တို့လောက် ခန္ဓာကိုယ်တွေမလုံကြတော့ ဖြုတ်ကိုက်တဲ့အနာတွေ အထိုက်အလျောက်များကြရပါတယ်။ ကျွန်တော်ကတော့ နေ့လည်နေ့ခင်း အခြားအလုပ်မရှိရင် ခြင်ထောင်ထဲဝင် စောင်ပါးလေး ခြုံထားတတ်ပါတယ်။ တောင်ပေါ်ရောက်နေတာရယ်၊ စစ်ဆင်ရေး နယ်မြေဖြစ်နေတာရယ်၊ ဝယ်စားစရာ ဈေးဆိုင်မရှိတာရယ်ကြောင့် ထမင်းနဲ့ပဲဟင်းကိုပဲ ဝန်ဆောင်တပ်သားများနည်းတူ စားနေရပါတယ်။

အသီးအနှံကတော့ ကျွန်တော်တို့ မြစ်ကြီးနား ဝန်ဆောင်တပ်ရင်းမှာ တပ်ရင်းတည်ခါစမို့ မစိုက်ပျိုးနိုင်သေးပေမဲ့ ဝယ်ယူခွင့်ချပေးထားလို့ ပေါလျှံစွာ စားကြရပါတယ်။ နားဖော့ဒေသမှာတော့ တောတောင်ထဲမို့ ရှားပါးလှပါတယ်။ စာဖတ်မိသူများက တောထဲထွက်ပြီး စားစရာတွေရှာပေါ့လို့ ပြောချင်ကြပါလိမ့်မယ်။ ကျွန်တော်တို့ရဲ့ နယ်မြေဧရိယာထက်ပိုပြီး ဘယ်မှမသွားရပါဘူး။ မိုင်းမိနိုင်တယ်။ KIA နဲ့တွေ့နိုင်ပါတယ်။။ မသွားဖို့လည်း တားမြစ်ထားပါတယ်။ ဒါပေမဲ့ တပ်မတော်သားတွေကပဲ သိကြလို့လား၊ ဝန်ဆောင်တပ်သားတွေကပဲ သိကြလို့လားတော့မသိပါဘူး။ တပ်မတော်သားတွေကပဲ အကြံပြုတာဖြစ်ဖို့ များပါတယ်။ တောင်ပေါ် တောင်စောင်းတွေမှာပေါက်နေတဲ့ တောင်ကန်စွန်း တောင်ချဉ်ပေါင်တွေ ခူးပြီး ချက်စားကြရပါတယ်။ ချက်စားတယ်ဆိုတာ ရေနွေးထဲပစ်ထည့်၊ ဆားလေးခတ်လိုက်တာပါပဲ။ တောင်ကစွန်းဆိုတာက ကန်စွန်းရွက်နဲ့တူတဲ့ အရွက်တစ်မျိုးပါ။ တောင်ချဉ်ပေါင်ဆိုတာကတော့ ချဉ်တဲ့အရွက်တစ်မျိုးပါ။ တောင်ပေါ်မှာပေါက်နေကြလို့ တောင်ကန်စွန်း တောင်ချဉ်ပေါင်လို့ ခေါ်နေကြခြင်းဖြစ်ပါတယ်။ ကျွန်တော်နဲ့ဝန်ထမ်းတွေလည်း ဝန်ဆောင်တပ်သားတွေ စားတဲ့ဘေးမှာ သူတို့နဲ့ တန်းတူစားကြပါတယ်။ ကျွန်တော့်ကိုကြည့်ပြီး စိတ်မကောင်းတဲ့လေသံနဲ့…

"ဗိုလ်လေးလည်း ဘာဟင်းမှ မရှိပါလား"

ပြောကြသူ တွေများပါတယ်။ အချို့ဝန်ဆောင်တပ်သားတွေက သူတို့မိသားစုက ပေးလိုက်ကြတဲ့ မုံညင်းချဉ် ကြက်သွန်ချဉ်နဲ့ ဆီတို့ဟူးလေးတွေ လာလာပေးကြပါတယ်။ ကျွန်တော်က ကချင်ပြည်နယ်ရောက်တာ နှစ်နှစ်လောက်ရှိပြီပဲ။ မုံညင်းချဉ်ကြက်သွန်ချဉ်၊ ဆီတို့ဟူးလေးတွေနဲ့ ထမင်းစားတတ်နေပါပြီ။ ဒါပေမဲ့ သူတို့မှာပါလာတာကလည်း နည်းနည်း၊ သူတို့နဲ့အတူစားအချို့ကိုလည်း ဝေငှစားကြရပါတယ်။ ကျွန်တော့်ကိုပေးရင် သူတို့အတွက် တစ်နပ်စာ၊ တစ်ရက်စာ လျော့သွားနိုင်တာမို့ မယူရက်ပါဘူး။ ဒါကြောင့်…

"ကျွန်တော် အဲဒါတွေမစားတတ်လို့ပါ၊ ကျေးဇူးတင်ပါတယ်"

လို့ပြောပြီး လိမ္မာစွာ ငြင်းရပါတယ်။ ကျွန်တော်ကမယူတော့ သူတို့တွေ စိတ်မကောင်းကြ ပါဘူး။ ရိက္ခာပို့တာပြီးရင် ပြန်ကြရတော့မယ် တောင့်ထားကြ၊ အလေ့အကျင့်လည်း ရလာကြပြီမို့ သက်လုံလည်း ကောင်းလာကြပြီ။ ဒီလို

ကြုံကြုံခဲ့ပြီးမှ ထွက်ပြေးရင် နစ်နာကြောင်း၊ ဒီကပြန်ရင် နိုင်ငံတော်ပေး လျှော့ရက် ၁၀ ရက်ကိုလည်း ရတော့မှာဖြစ်ကြောင်း၊ နောက်တစ်ခေါက် ထပ်ထွက်ရရင် ဒီလူတွေကို ချန်လှပ်ပြီး မလိုက်ရသေးသူတွေကိုသာ ထည့်တော့မှာဖြစ်ကြောင်း၊ ရှေ့တန်းအပြန်မှာ ကျွန်တော်နဲ့အတူ ပန်းဝင်ကြပြီး လက်မတွေ ထောင်နိုင်ကြရင် ပျော်စရာ အလွန်ကောင်းမှာဖြစ်ကြောင်း၊ ခင်ဗျားတို့ရဲ့ မိဘ၊ ဇနီးသွေမျိုးတွေက လည်း ပြန်အလာကို မျှော်နေကြမှာဖြစ်ကြောင်း၊ ထွက်ပြေးပြီး ပြန်လာမှာကို တော့ လိုလားကြမှာမဟုတ်ကြောင်းတွေကို ထမင်းစားရင်းပဲဖြစ်ဖြစ် တန်းဖွင့် တန်းပိတ်ရင်ပဲဖြစ်ဖြစ်ပြောပြီး အားပေးရပါတယ်။

ဒီနေ့က ၃၀-၄-၁၉၉၃ ရက်နေ့ပါ၊ ရိက္ခာပို့ နားပါတယ်။ တပ်ရင်းမှူးကြီး က အရာရှိကြီးမို့ ချင့်ချိန်ပြီး ဆိုးကျိုးမများအောင် ထိန်းတာလို့ထင်ပါတယ်။ နေ့စဉ်ရက်ဆက်ဆိုရင် အချို့တွေက ပင်ပန်းတာမခံနိုင်ရင် ပြေးချင်ပြေးနိုင်ပါ တယ်။ ဒါကြောင့် ခိုင်းလိုက်၊ အနားပေးလိုက်စနစ်ကို ကျင့်သုံးခြင်းဖြစ်မှာပါ။ နံနက် ၀၉:၀၀ နာရီခန့်မှာ ကျွန်တော်က ကျွန်တော်နေတဲ့ ကုန်းလေးရဲ့တစ်နေရာ မှာ တပ်သားအေးသိန်းနဲ့ နေပူစာလေး လှုံနေခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ တပ်ရင်းမှူးက တပ်မတော်သားသုံးဦးခန့် လိုက်ပါပြီး ကျွန်တော်တို့တောင်ကုန်း ဘက်ကို ရောက်လာပါတယ်။ တပ်ရင်းမှူးနေတဲ့ တောင်ကုန်းနဲ့ ကျွန်တော် နေတဲ့တောင်ကုန်းက အနည်းငယ်လှမ်းပါတယ်။ ကျွန်တော့်အနားရောက်လာ တော့ လေးစားတဲ့သဘော အလေးပြုလိုက်တော့ ပြန်ပြုပါတယ်။

မနေ့က ကျွန်တော်က IO ကိုပြောလိုက်တဲ့စကားကြောင့် လာတာလို့ ခန့်မှန်းမိပါတယ်။ တပ်ရင်းမှူးရဲ့ မျက်နှာအနေအထားကို ဖတ်ကြည့်တော့ ကျွန်တော့်အပေါ် မကြည်မလင် အနေအထားမျိုးမတွေ့ရဘဲ ကြည်လင်တဲ့ အနေအထားမို့ စိတ်အေးသွားမိပါတယ်။ တပ်ရင်းမှူးက စပြောပါတယ်။

"ထောင်မှူးလေး နေရထိုင်ရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ်ခင်ဗျ၊ မထင်မှတ်တဲ့ ဗဟုသုတတွေလည်းရပါတယ်။ တပ်မ တော်ရဲ့ ရှေ့တန်းအခြေအနေနဲ့ တပ်မတော်သားတွေရဲ့ဘဝတွေကို လေ့လာသိရှိခွင့် ရလိုက်တာကိုက အမြတ်ပါခင်ဗျ"

"ထောင်မှူးလေး လက်ဖက်ရည်ကြိုက်လား"

"ကြိုက်တာပေါ့ CO ကြီး၊ ဝန်ဆောင်တပ်ရင်းမှာဆိုရင် မနက်တစ်ချိန်၊ နေ့လည်တစ်ချိန် တပ်ရင်းသက်သာဆိုင်မှာ လက်ဖက်ရည်သောက်တတ်ပါတယ်။ တစ်ခါတလေ ရွှေစက်ရွာထိ သွားသောက်တတ်ပါတယ်ခင်ဗျ"

တပ်ရင်းမှူးကို အချို့ဆရာကြီးတွေက စီအိုကြီးလို့ခေါ်တာတွေ့လို့ ကျွန်တော်လည်း အဲဒီအတိုင်းပဲ ခေါ်လိုက်တာပါ။

"ဟာ…ဒါဆို ကျွန်တော့်ဆီမှာ နို့ဆီ၊ သကြားနဲ့ အချိုခြောက်တွေ လာယူဗျာ၊ နေ့တိုင်း ဖျော်သောက်ပါ၊ ကုန်ရင် ထပ်လာယူဗျာ"

သိလိုက်ပါပြီ။ မနေ့က IO ကို ပြောလိုက်တဲ့စကားတွေအကုန် တပ်ရင်းမှူးကြီးဆီ ရောက်သွားပြီဆိုတာပါပဲ။ တပ်ရင်းမှူးကလည်း အရာရှိကြီးပဲ။ ပြောတိုင်းတော့ ဘယ်လက်ခံမလဲ။ မိမိပြောတဲ့အချက်အလက်တွေ ဘယ်အတိုင်းအတာထိ မှန်သလဲဆိုတာ နည်းမျိုးစုံနဲ့ စုံစမ်းမှာပါပဲ။ ဘယ်မှာစုံစမ်းမလဲ၊ ဆေးတပ်ကြပ်ကြီး ရန်ကျော်ဆီမှာ စုံစမ်းမှာပေါ့။ ဝန်ဆောင်တပ်သားအချို့ဆီမှာ စုံစမ်းမှာပေါ့။ တပ်မတော်သားအချို့ဆီမှာ စုံစမ်းမှာပေါ့။ အားလုံးရဲ့ထွက်ဆိုချက်၊ ပြောကြားချက်အားလုံးဟာ မိမိပြောပြချက်တွေအားလုံးကို မှန်ကန်ကြောင်း ခိုင်မာတဲ့ အထောက်အထားတွေဖြစ်နေမှာပါ။ တွေးကြည့်တာပါ။ တွေးကြည့်တာဆိုပေမယ့် ပြေးကြည့်တာထက် မှန်နေမှာပါ။ ပညာရှိလွန်းလို့မဟုတ်ပဲ သုံးသပ်အကဲခတ်ရမဲ့ အခြေအနေက ကျဉ်းမြောင်းနေလို့ပါ။ နောက်ပြီး ကျွန်တော်ပြောသမျှဟာ ပေါက်ပန်းဈေးမဟုတ်ဘဲ မုသားလုံးဝကင်းစင်တဲ့ စကားတွေဆိုတာ ကျွန်တော်သာ အသိဆုံးမို့ပါ။ ကျွန်တော်က ပြန်ပြောရပါတယ်။ နေပါစေခင်ဗျ၊ ရပါတယ်ခင်ဗျလို့ပြောပြီး အိုက်တင်ခံမနေပါဘူး။

"ကျေးဇူးတင်ပါတယ် CO ကြီး၊ ကျွန်တော့်ရဲဘော်လေးကို လွှတ်လိုက်ပါ့မယ်ခင်ဗျ"

"ဟုတ်ပြီ၊ လာယူခိုင်းလိုက်ဗျာ"လို့ပြောပြီးမှ

"ကြာပါတယ်ကွာ၊ ဆရာ×××××သွားယူလိုက်ဗျာ"ဆိုတော့…

တပ်မတော်က ဒုတပ်ကြပ်တစ်ဦးလို့ ထင်ပါတယ်။ ခပ်သွက်သွက်ထွက်သွားပါတယ်။ အဲဒီဆရာ ထွက်ကာစလေးမှာပဲ…

"ထောင်မှူး ဘာဟင်းတွေနဲ့ စားနေလဲဗျ"

"ဘာဟင်းရှိမှာလဲ CO ကြီး၊ အကျဉ်းသားတွေကို ကျွေးနေတဲ့အတိုင်း ပဲဟင်းပါပဲ။ တောင်ကန်ဇွန်း တောင်ချဉ်ပေါင်တွေလည်းစားရပါတယ်။ ကျွန်တော့် မမကြီးကြော်ပေးလိုက်တဲ့ ငရုတ်သီးကြော်ကလည်း ပိုင်းစားလိုက်ကြလို့ ရောက်ပြီး နောက်ရက်မှာ ကုန်ပါပြီ"

"ဟာ…ထောင်မှူး ဖြစ်သလိုစားနေရတာပေါ့။ ထောင်မှူး ဝက်သားစား လား"

"စားပါတယ်ခင်ဗျ"

အချိုခြောက်၊ သကြား၊ နို့ဆီသွားယူတဲ့ ဆရာဘက်ကိုကြည့်ပြီး လှမ်းအော် ပြောပါတယ်။

"ဆရာ×××××ရေ ဟိုနေ့ကရတဲ့ တောဝက်ရဲ့ ဝက်ပေါင်တစ်ချောင်းပါ ယူခဲ့လိုက်ပြီး ထောင်မှူးလေးကို ပေးလိုက်ကွာ"

ဘုရားဟောနဲ့အညီ မကောင်းတာမှန်သမျှရှောင်မယ်။ ကောင်းတာ မှန်သမျှ ရှာကြံလုပ်မယ်။ စိတ်ကို ထာဝရဖြူစင်အောင်ထားမယ်ဆိုတာတွေကို အတတ်နိုင် ဆုံး လိုက်နာကျင့်သုံးခဲ့တဲ့ ကံ ကံ၏အကျိုးပါပဲ။ ကံကောင်းဖို့အတွက် ကောင်း တာတွေပဲတွေး၊ ကောင်းတာတွေပဲပြော၊ ကောင်းတာတွေပဲလုပ်၊ ကောင်းကျိုး တွေ ပြန်ရမှာ ဧကန်ဆိုတာလည်း လက်တွေ့ကျကျ သက်သေခံသွားပါပြီ။ စေတနာကောင်းရင် ကံကောင်းမယ်ဆိုတဲ့စကားလည်း အတိအကျ မှန်နေပါပြီ။ အဲဒီနေ့က ကျွန်တော်ဟာ တအားကို ပျော်ခဲ့၊ ကြည်နူးခဲ့၊ ကျေနပ်ခဲ့ပါတယ်။ တပ်ရင်းမှူးက ကျွန်တော့်အပေါ် ကြည်ကြည်လင်လင်ဖြစ်သွားတာကြောင့် မဟုတ်ဘဲ တပ်ရင်းမှူးကြီးက ကျွန်တော်တို့ အကျဉ်းဦးစီးဌာန ဝန်ထမ်းတွေဟာ အကျဉ်းသားတွေအပေါ် ရိုတ်မယ်၊ ခွာမယ်၊ လိုးမယ်၊ ကိုယ်ချင်းစာစိတ်မရှိဘူးလို့ မူလကထင်ထားတဲ့ အတွေးအမြင်အချို့ကို တစ်ပိုင်းတစ်စ ချိုးဖျက်နိုင်လိုက် လို့ပါ။

◆ ◆ ◆

( ၁၇ )

၁-၅-၁၉၉၃ ရက်နေ့၊ ဒီနေ့တော့ အလုပ်ပြန်ဆင်းကြရပါတယ်။ ရိက္ခာပို့လုပ်ငန်းပဲပေါ့။

အိပ်ဆောင်ဖွင့် ၉၆ ဦး

ဖို/ထင်း နှစ်ဦး

ဆေးနား ခြောက်ဦး

ရိက္ခာပို့ ၈၈ ဦး

အိပ်ဆောင်ပိတ် ၉၆ ဦး

၂-၅-၁၉၉၃ ရက်နေ့၊ ဒီနေ့လည်း အလုပ်ဆင်းကြရပါတယ်။

အိပ်ဆောင်ဖွင့် ၉၆ ဦး

ဖို/ထင်း တစ်ဦး

ဆေးနား ရှစ်ဦး

ရိက္ခာပို့ ၈၇ ဦး

အိပ်ဆောင်ပိတ် ၉၆ ဦး

၃-၅-၂၀၁၈ ရက်နေ့၊ ဒီနေ့လည်း ရိက္ခာပို့ကြရပါတယ်။ ဒီနေ့တော့ ထူးခြားဖြစ်စဉ် ဖြစ်ပါပြီ။ တပ်ကြပ်ခေါင်းလွန်းရဲ့ အော်ရာဘွန်စခန်းကနေ ပို့င့် ၆၇၀၂ ကို ရိက္ခာပို့တဲ့အဖွဲ့ကနေ ၀၀၈၀/စီ မောင်ဆွေပါ ၀န်ဆောင်တပ်သား ငါးဦး ထွက်ပြေးလွတ်မြောက်သွားခဲ့ပါတယ်။ ဒီတော့ ဒီနေ့ ထောင်ဖွင့် ထောင်ပိတ်ကတော့…

ထောင်ဖွင့် ၉၆ ဦး

ဖို/ထင်း တစ်ဦး

ဆေးနား ရှစ်ဦး

ရိက္ခာပို့ ၈၇ ဦး

ထွက်ပြေး ငါးဦး

ထောင်ပိတ် ၉၁ ဦး

ဆေးနားတွေ များလာပါတယ်။ ၀န်ဆောင်တပ်သားတွေထဲမှာ ဆေးမှုတွေ များတာရယ်၊ ခရီးရှည်တွေကို အထမ်းအပိုးနဲ့ မသွားဖူးကြတာရယ် သက်လုံ

မကောင်းကြတာရယ်ကြောင့် ကိုယ်လက်ကိုက်ခဲတာ၊ ဖျားတာလေးတွေ ရှိလာတာပါ။ တပ်မတော်သားတွေက လေ့ကျင့်သားရနေကြတော့ ရိက္ခာပို့လိုက်ရတာလောက်က သူတို့အတွက် သာမန်အနေအထားဖြစ်ပေမယ့် ဝန်ဆောင်တပ်သား (အကျဉ်းသား)အတွက်ကျတော့ အလေ့အကျင့်ကမရှိ၊ ထောင်အုတ်ရိုးအတွင်းစားလိုက်၊ အိပ်လိုက်ဆိုတော့ ရိက္ခာပို့တဲ့ပင်ပန်းမှုကို မခံနိုင်၊ ရာသီဥတုကလည်း မြစ်ကြီးနားမှာတုန်းက ပူလောင် အိုက်စပ်နေရာက ပါဂျို-နားဖော့ဒေသကျတော့ အေးစိမ့်နေတာမို့ တစ်ဆစ်ချိုး ပြောင်းလဲမှုဖြစ်၊ တပ်မတော်သားတွေလို ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသားအတွက်လို့ ခံယူထားမှုကလည်း မရှိဆိုတော့လည်း စိတ်ခွန်အားက ပျော့ပျော့မို့ ဖျားနာကြတယ်လို့ ထင်ပါတယ်။ ဖျားနာကြတဲ့ ဝန်ဆောင်တပ်သားများအတွက် ကျွန်တော့်လစာနဲ့ဝယ်လာတဲ့ ဆေးဝါးလေးတွေ အသုံးတည့်နေလို့ ဝမ်းသာမိပါတယ်။ ထိရောက်တဲ့ ဆေးအလှူလေးဖြစ်နေလို့ပါ။

ပါဂျိုနားဖော့ဒေသမှာ ယနေ့တိုင်မမေ့နိုင်ခဲ့တဲ့ အဖြစ်အပျက်လေး တစ်ခုရှိခဲ့ဖူးပါတယ်။ KIA ဌာနချုပ်ဖြစ်တဲ့ ပါဂျို-နားဖော့ဒေသကို တပ်မတော်က လွယ်လွယ်ကူကူ သိမ်းပိုက်နိုင်ခဲ့တာတော့ မဟုတ်ပါဘူး။ KIA တွေလည်း သေကြ၊ ပြတ်ကြ၊ ကန်းကြရှိကြပါမယ်။ တပ်မတော်ဘက်ကလည်း သေကြ၊ ပြတ်ကြ၊ ကန်းကြရှိကြမှာပါ။ သေကြတဲ့အလောင်းတွေ ဘယ်မှာမြှုပ်မလဲ။ ဒီအနီးတစ်ဝိုက်မှာပဲ မြှုပ်ကြရမှာပါ။ ကျွန်တော့်ရဲ့ အစ်ကိုအကြီးဆုံး တနိုင်းဘက်မှာ တိုက်ပွဲကျခဲ့ဖူးပါတယ်။ ရှေ့တန်းတစ်နေရာမှာပဲ မြှုပ်နှံလိုက်ကြောင်း သိရပါတယ်။

ရက်မမှတ်မိတဲ့ ညတစ်ညမှာတော့ အေးလည်းအေး၊ အတွေးတွေလည်း များမို့ ည ၁၁း၁၅ နာရီထိ အိပ်မပျော်နိုင်ပါဘူး။ အိပ်ဆောင်ထဲမှာ အိပ်ကြတာက ကျွန်တော်နဲ့အတူ ဆရာကြီးလေးယောက်လောက်ပဲ အိပ်ကြပါတယ်။ သူတို့တွေက တာဝန်တွေနဲ့မို့ တစ်ခါတလေ ဆရာကြီးနှစ်ယောက်၊ သုံးယောက်လောက်ပဲ ရှိပါတယ်။ အဲဒီနေ့ကတော့ ကင်းစစ်သွားနေကြတာလား၊ တပ်ရင်းမှူးဆီ ရောက်နေကြလားမသိပါဘူး။ အိပ်ဆောင်ထဲမှာ ကျွန်တော်တစ်ယောက်တည်းပါ။ အတွေးတွေ ဟိုရောက်ဒီရောက်ကနေ စစ်ဆင်ရေးကာလတုန်းက နားဖော့ဒေသမှာ တပ်မတော်သားအလောင်းတွေရော၊ KIA အလောင်းတွေရော၊ စစ်ဆင်ရေးဝန်ထမ်း(ပေါ်တာ) အချို့ရဲ့ အလောင်းတွေရော စုပုံနေပြီး သွေးနံ့တွေ၊ ယမ်းနံ့တွေ

အပုပ်နံ့တွေ လှိုင်နေခဲ့ဖူးကြောင်း သိမီလိုက်တဲ့ တပ်မတော်ဆရာကြီးတစ်ယောက်က ပြောပြထားဖူးတာကိုလည်း ပြန်လည်ကြားယောင်ပြီး အတွေးနယ်ချဲ့မိပါတယ်။ ဒီပတ်ဝန်းကျင်အနံ့မှာ လူတွေသေကြသလို ဒီအဆောက်အအုံအတွင်းမှာလည်း သေသူတွေရှိကြမှာပဲ။ ကျွန်တော်အိပ်တဲ့ ကုတင်မှာလည်း သေခဲ့ဖူးသူရှိမှာပဲ။ ကြားဖူးတဲ့ နာနာဘာဝတွေ၊ လိပ်ပြာတွေ၊ သရဲတစ္ဆေတွေ၊ မကျွတ်မလွတ်တဲ့ပုဂ္ဂိုလ်တွေလည်း ရှိနေကြမှာပါ။ လက်ရှိကျွန်တော့်ဘေးနားမှာတောင်ရှိနေကြမှာလို့တွေးပြီး ကြောက်ရွံ့တဲ့စိတ်တွေလည်းဝင်လာပါတယ်။

ကျွန်တော်က ငယ်ငယ်က သရဲတစ္ဆေ တအားကြောက်တတ်ပါတယ်။ သရဲတစ္ဆေဆိုတာ ဘယ်လိုပုံစံရှိမှန်းမသိဘဲ၊ မမြင်ဖူးဘဲနဲ့ကို ကြောက်နေတာပါ။ ညအိပ်ရင် အတတ်နိုင်ဆုံး သေးပေါက်မထပါဘူး။ သေးပေါက်ချင်ပေမဲ့ အောင့်ထားလိုက်ပါတယ်။ ညမှောင်မည်းမည်းမှာ သရဲခြောက်မှာ စိုးလို့ပါ။ သေးက တအားပေါက်ချင်ပြီး ဘယ်လိုမှ အောင့်ထားလို့မရမှသာ အိမ်အောက်ကို ဆင်းပေါက်တာပါ။ ဆင်းပြန်တော့လည်း မျက်စိနှစ်လုံးကိုစုံမှိတ်၊ လှေကား လက်ရမ်းကို ကိုင်ဆင်း၊ လှေကားနဲ့မလှမ်းမကမ်းမှာပဲ မျက်စိမဖွင့်ဘဲ သေးပေါက် ချပြီးရင် လှေကားလက်ရမ်းကို ပြန်စမ်းပြီး အိမ်ပေါ်ပြန်တက် အိပ်ရာထဲ မှန်းသွားပြီး အိပ်တတ်ပါတယ်။ အဲလိုကို သရဲတစ္ဆေကို ကြောက်ခဲ့တာပါ။ အဲဒီတုန်းက သေးပေါက်နေတုန်း ခွေးတို့၊ ကြောင်တို့များ ကျွန်တော့်ကို လာထိလို့ကတော့ လိပ်ပြာလွင့်ပြီး သေသွားမှာပါ။

အခုတော့ မမြင်ဖူးတဲ့သရဲတစ္ဆေတွေကို ငယ်ငယ်ကလောက်တော့ မကြောက်လန့်တော့ပေမယ့် နည်းနည်းတော့ ကြောက်သေးတာပါပဲ။ အခုလည်း လရောင်၊ ကြယ်ရောင်အလင်းလောက်သာရှိတဲ့ အိပ်ဆောင်လေးထဲမှာ ကျွန်တော်မှတစ်ပါး ဘယ်သူမှမရှိ။ နာနာဘာဝတွေ၊ လိပ်ပြာတွေ၊ မကျွတ်မလွတ်သူတွေ အကြောင်းကိုလည်း စဉ်းစားနေမိတော့ ငယ်ငယ်က သရဲတစ္ဆေကြောက်တတ်တဲ့ ဗီဇစိတ်က ပြန်လည်လို့ နိုးထလာပါတယ်။ ညနေပိုင်းက ဆရာကြီးတွေနဲ့ စကားတွေပြောရင်း ရေနွေးကြမ်းတွေ သောက်တာများသွားတော့ သေးက ပေါက်ချင်လာပါတယ်။ အောင့်ထားလို့လည်း မရနိုင်တော့၊ မထလို့လည်း မရတော့ပါဘူး။ ငယ်ငယ်တုန်းကလို မျက်စိစုံမှိတ်ပြီး နေရာတွေကို စိတ်မှန်းနဲ့ ရှောင်ကွင်းသွားလို့တော့ မဖြစ်တော့ပါဘူး။ ဒါကြောင့် ပက်လက်လှန် မျက်လုံးမှိတ်ထား

ရာကနေ သေးပေါက်ထွက်ဖို့ မျက်လုံးနှစ်လုံးကို ဖွင့်လိုက်ရပါတော့တယ်။ မျက်လုံးအဖွင့်မှာ မြင်လိုက်ရတာက ကျွန်တော့်မျက်နှာနဲ့ ငါးလက်မခန့်သာရှိမဲ့ အကွာအဝေးမှာ မျက်လုံးနှစ်လုံးပြူးနေတဲ့ လူသားမျက်နှာတစ်ခုက ရောက်နေပါတော့တယ်။ သတ္တိခဲ မိမိက ဘယ်ရမလဲ…

"အား××××××"လို့

အသံကျယ်ကျယ်နဲ့အော်လိုက်တာပေါ့။ တစ္ဆေသရဲမမြင်ဘူးတဲ့ ကျွန်တော် နားဖော့မှာတော့ ကိုယ်တိုင်ကိုယ်ကျ မြင်ဖူးလိုက်ရပါပြီ။ အခြောက်ခံလိုက်ရပါပြီ။

ကျွန်တော်က (အား××××××)လို့ အော်လိုက်တဲ့အချိန်မှာ သရဲလို့ ထွေးလိုက်မိတဲ့ လူသားမျက်နှာကြီးကလည်း ကျွန်တော့်လိုပဲ (အား××××××)လို့ လိုက်အော်ပါတယ်။ ကျွန်တော်အော်တဲ့ အသံထက်တောင်ပိုကျယ်ပြီး ထိတ်လန့်တဲ့ အသံမျိုးကြီးပါ။ ကျွန်တော့်ရဲ့အော်သံကျယ်ကျယ်နဲ့ အဲဒီသရဲရဲ့ အော်သံကျယ်ကျယ်နှစ်ခုပေါင်းလိုက်တော့ ကျွန်တော်တို့တဲထဲမှာ ဆူညံသွားတာပေါ့။ မလှမ်းမကမ်းမှာ ကင်းစောင့်နေကြတဲ့ ရဲဘော်နှစ်ယောက်က အပြေးရောက်လာကြပြီး…

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲ"

လို့ မေးလည်းမေး၊ ဓာတ်မီးတွေနဲ့ပါ ထိုးဝင်လာတဲ့အခါမှာတော့ ကျွန်တော့်ကုတင်ဘေးမှာ တပ်မတော်က ဆရာကြီး (တပ်ကြပ်ကြီး)တစ်ယောက်ကို တွေ့လိုက်ပါတယ်။ မျက်လုံးပြူးကြီးနဲ့ သရဲက ဆရာကြီးဖြစ်နေပါလား။ ဒီဆရာကြီးက ကျွန်တော်နေတဲ့ တဲထဲမှာ အတူအိပ်ကြသူတွေပါ။ ဆရာကြီးအပါအဝင် အခြားသူတွေနဲ့ ညစဉ်မအိပ်ခင် ထွေရာလေးပါး ဟိုရောက်ဒီရောက် ပြောနေကြသူတွေပါ။

"ဆရာကြီး ကျွန်တော့်ကုတင်နား ဘာလာလုပ်တာလဲ"

"ကျွန်တော်က တပ်ရင်းမှူးဆီက ပြန်လာပြီး ကင်းတွေလိုက်စစ်နေတာ၊ အိပ်ဆောင်ရောက်တော့ မအိပ်ချင်သေးတာရယ်၊ ထောင်မှူးနဲ့လည်း စကားပြောချင်တာရယ်ကြောင့် ထောင်မှူး အိပ် မအိပ်လာကြည့်တာ"

"ခေါ်ကြည့်လိုက်ပါလား ဆရာကြီးရာ"

"ခေါ်ကြည့်ဖို့ပဲ အိပ်ပျော်နေရင် နိုးသွားမှာကို အားနာလို့ပါ"

"အဲဒါနဲ့ ကျွန်တော့်ကုတင်နား ဘာလာလုပ်တာလဲ"

"ထောင်မှူး အိပ်နေလား၊ မအိပ်ဖူးလားဆိုတာသိရအောင် မျက်စိတွေကို လာကြည့်တာလေ၊ အိပ်နေရင်တော့ မျက်စိတွေမှိတ်ထားလိမ့်မယ်၊ မအိပ်သေးဘဲ စဉ်းစားနေရင်တော့ မျက်စိတွေ ပွင့်နေလိမ့်မယ်ဆိုတဲ့အတွေးနဲ့ ထောင်မှူး ကုတင်နား ဖြည်းဖြည်းကပ်လာပြီး မျက်စိတွေကို လာကြည့်တာလေ၊ မျက်လုံး မှိတ်ထားရင်တော့ အိပ်နေပြီမို့ အသာလေးနေမလို့ပါ"

"ဉာဏ်ကြီးရှင် ဆရာကြီးရယ်၊ မအိပ်သေးရင်လည်း မျက်စိတွေကတော့ မှိတ်ချင်မှိတ်ထားမှာပေါ့ဗျ"

"မသိဘူးလေ၊ အဲလိုပဲ တွေးမိတာကိုးဗျ"

"ထားပါတော့ဗျာ၊ ကျွန်တော်က ဆရာကြီးရဲ့မျက်နှာကြီးနဲ့ မျက်စိပြူးပြူး ကြီးကိုမြင်တော့ သရဲခြောက်ပြီလို့တွေးပြီး ကြောက်လို့ အော်မိတယ်ဗျာ၊ ဆရာကြီး က ဘာလို့ အော်ရတာလဲ၊ ဆရာကြီးအသံက ကျွန်တော် အော်တာထက်တောင် ပိုကျယ်နေတော့ ပိုလို့တောင် ကြောက်လန့်သွားတယ် ဆရာကြီးရာ"

"ထောင်မှူးက အော်တော့ ကျွန်တော်လည်း လန့်သွားတယ်လေ၊ ဒါကြောင့် လန့်အော်တာပေါ့ ထောင်မှူးရ"

"ဆရာကြီးက စစ်သားလေ၊ လန့်ရသလားဗျာ"

"စစ်သားလည်း လူပဲလေ၊ ကြောက်တာ လန့်တာလေးတော့ရှိတာပေါ့ ထောင်မှူးရယ်"

အားလုံး သဘောကျပြီးရယ်ကြပါတယ်။ အဲဒီနေ့ သရဲခြောက်ခံရတဲ့ဖြစ်စဉ် ကတော့ ဘဝမှာ မမေ့နိုင်တဲ့ အမှတ်တရတစ်ခုဖြစ်ခဲ့ရပါတယ်။

၄-၅-၁၉၉၃ ရက်နေ့ ဒီနေ့တော့ နားဖော့မှာ သယ်ပို့ရမဲ့ ရိက္ခာမရှိတော့လို့ နားဖော့စခန်းက ဝန်ဆောင်တပ်သား ၃၀ ဦးကို သစ်တစ်ပင်စခန်းကို ပြောင်းရွှေ့ ပေးလိုက်ရပါတယ်။ နားဖော့စခန်းမှာ ထမင်းချက် တစ်ဦး၊ ဆေးနား ရှစ်ဦး၊ ပေါင်း ကိုးဦးပဲ ကျန်ပါတော့တယ်။ တပ်သားအေးသိန်းကိုတော့ ထည့်မပေး လိုက်ဘဲ ကျွန်တော်နဲ့ ခေါ်ထားလိုက်ပါတယ်။ ညနေပိုင်း ၁၆:၄၅ နာရီမှာ ဒုတပ်ကြပ်ခင်မောင်ထွန်းရဲ့စခန်းကနေ ဝ၁၄၇/စီ အေးဇောက စစ်ဆင်ရေး ဝန်ထမ်းနဲ့ (အရပ်သားနှစ်ဦး)နဲ့အတူ ထွက်ပြေးသွားကြောင်း ကြေးနန်းတက် လာလို့ သိရပါတယ်။ တပ်မတော်က လက်နက် ခဲယမ်းရိက္ခာတွေသယ်ဖို့ ခေါ်လာတာမှာ ကျွန်တော်တို့ ဝန်ဆောင်တပ်သားများ အပြင်အရပ်သားအချို့

လည်း ပါခဲ့ပါတယ်။ အရပ်အခေါ်ကတော့ 'ပေါ်တာ'ပါ။ တရားဝင်အခေါ်ကတော့ 'စစ်ဆင်ရေးဝန်ထမ်း'လို့ခေါ်တယ် ထင်ပါတယ်။ (မှားချင်လည်း မှားနိုင်ပါတယ်) သူတို့တွေအတွက် နေ့စဉ် သတ်မှတ်စရိတ်ငွေ ထုတ်ပေးတယ်လို့လည်း သိရပါတယ်။

၃-၅-၁၉၉၃ ရက်နေ့က ထွက်ပြေးလွတ်မြောက်သွားတဲ့ ဝန်ဆောင်တပ်သား ငါးဦးထဲက မြဝင်းနဲ့ သိန်းဇော်ထွန်းတို့နှစ်ဦး အော်ရာဘွန်စခန်းကို ပြန်လည်ရောက်ရှိလာပြီး အဖမ်းခံကြောင်း ၅-၅-၁၉၉၃ ရက်နေ့မှာ ကြေးနန်းသတင်းအရ သိရပါတယ်။ ဝန်ဆောင်တပ်သားတွေ ပြေးဖို့နေရာတွေ ကျယ်ဝန်းလှပေမဲ့ တောတောင်ထဲမှာ တပ်မတော်က နေရာအနှံ့မှာ ရှိနေကြတယ်။ KIA ကလည်း နေရာအနှံ့မှာရှိနေကြတယ်ဆိုတော့ တစ်ဖွဲ့ဖွဲ့နဲ့က တွေ့နိုင်တာပါပဲ။ တပ်မတော်ကတွေ့ရင် ပြန်အဖမ်းခံရမယ်။ KIA ကတွေ့တော့လည်း မယုံကြည်ဘဲ တပ်မတော်က ဒလန်လွှတ်တယ်ပဲထင်ပြီး အသတ်တောင်ခံရနိုင်တယ်လို့ သိရပါတယ်။ ဒီတော့ ပြေးစရာမြေမရှိ၊ ထမင်းဟင်းကမစားရဆိုတော့ ပြန်အဖမ်းကြတယ်လို့ ထင်ပါတယ်။

ဆေးနားနေပြီး ဆေးကုသမှုခံယူနေတဲ့အထဲမှာ ဝမ်းလျှော ဝမ်းကိုက် ဖြစ်နေသူနှစ်ဦး ပါနေပါတယ်။ သူတို့ကို ဝမ်းပိတ်ဆေးဖြစ်တဲ့ သာလာဆပ် ဆေးပြားတွေ (ခုခေတ်တော့ မသုံးတော့ပါဘူး) ဝမ်းကိုက်ပျောက်ဆေးဖြစ်တဲ့ မက်ထရို Metro ဆေးပြားတွေတိုက်ပေမဲ့ မသက်သာပါဘူး။

"သူတို့က ဘိန်းစားတွေဆိုတော့ ဒီဆေးတွေ မတိုးနိုင်ဘူး"

လို့ ဆေးတပ်ကြပ်ကြီးက ပြောပါတယ်။

"ဒီတော့ ဘာဆေးပေးမလဲ"

လို့မေးတော့

"ဘိန်းစားတွေ ဝမ်းလျှောဝမ်းကိုက်ဖြစ်ရင် ဘိန်းကျွေးမှပဲ ပျောက်တယ်"

လို့ပြောပါတယ်။

"ဘိန်းက ဘယ်ကရမလဲဆိုတော့"

တောင်အောက်ကို လက်ညှိုးထိုးပြပြီး…

"ဟိုမှာ ဘိန်းခင်းလေဗျာ"တဲ့။

၆-၅-၁၉၉၃ ရက်နေ့ ဒီနေ့တော့ ဗိုလ်စိုးတင့်နဲ့အတူ စခန်းနဲ့ သုံးဖာလုံခန့်ရှိမဲ့ တရုတ်တွေဆီသွားပြီး ဘိန်းသွားတောင်းတော့ ရခဲ့ပါတယ်။ ဘိန်းခင်းဆိုတာကိုမြင်တွေ့ပြီး ဘိန်းပင်ဘိန်းသီးဆိုတာလည်း မြင်ဖူးလိုက်ပါပြီ။ လူသားကောင်းကျိုးမပြုတဲ့ဘိန်းပင်ဆိုတာ လှနေပါရောလား။ ချစ်စရာကောင်းနေပါရောလား။ ဘိန်းခင်းကတော့ တရုတ်တွေ ပိုင်တယ်ထင်ပါတယ်။ တရုတ်မလှတပတတစ်ယောက်ကို သူ့ယောကျ်ားဆိုတဲ့ ရုပ်ကြမ်းကြမ်းတစ်ယောက်နဲ့အတူ တွေ့ခဲ့ရပါတယ်။ ဘာတွေလုပ်နေကြတယ်တော့ မစပ်စုခဲ့ပါဘူး။

ဝမ်းလျှော ဝမ်းကိုက်ဖြစ်နေကြတဲ့ ဝန်ဆောင်တပ်သားနှစ်ဦး မနေ့က ဘိန်းတွေ စားလိုက်ရလို့ အတော် သက်သာသွားပါပြီ။ ဘိန်းစားဝမ်းက ဘိန်းစားမှသာ ပျောက်တယ်ဆိုတာ မှန်နေပါပြီ။ ဒါပေမဲ့ ပိုမိုကောင်းသွားအောင် ဗိုလ်စိုးတင့်နဲ့ တစ်ခေါက်ထပ်သွားပြီး ဘိန်းတောင်းခဲ့ပါတယ်။ ထပ်ကျွေးခဲ့ပါတယ်။

ဗိုုင့် ၆၇၀၂ ကနေ ပါဂျိုကိုရိက္ခာပို့တဲ့အဖွဲ့က ၀၂၀၇/စီ အောင်ထိန်လင်းနဲ့ ၀၀၉၀/စီ မောင်ပုတို့နှစ်ဦး ထွက်ပြေးကြောင်းနဲ့ ညနေပိုင်းမှာ ၀၀၉၅/စီ ဝင်းရွှေ ထွက်ပြေးကြောင်း ကြေးနန်းအရ ကြားသိရပါတယ်။ ၇-၅-၁၉၉၃ ရက်နေ့က ထွက်ပြေးသွားတဲ့ အောင်ထိန်လင်းနဲ့ မောင်ပုတို့နှစ်ဦးတို့ကို ၉-၅-၁၉၉၃ ရက်နေ့ ကဖူးယန်ရွာအတွင်းမှာ ပြန်လည်ဖမ်းဆီးရမိပြီး ကဖူးယန်စခန်းမှာ အပ်ထားကြောင်း သိရပါတယ်။

ထူးခြားတဲ့သတင်းတစ်ခုကတော့ ကျွန်တော်တို့ ဘိန်းသွားတောင်းတဲ့ တဲက လှတပတ တရုတ်မက အခြားတစ်နေရာက တရုတ်တစ်ယောက်နဲ့ လိုက်ပြေးသွားလို့ သူ့ယောကျ်ားတရုတ် ဒေါသတွေထွက်နေပြီး ဘယ်ကိုလိုက် ရမှန်းမသိ ရှုးကြောင်ကြောင်ဖြစ်နေကြောင်းပါ။ ယောကျ်ားတွေချည်းရှိနေတဲ့ တောထဲတောင်ထဲမှာ ရှားရှားပါးပါး လှတပတ တရုတ်မလေးရဲ့သတင်းက ပျံ့နှံ့လို့နေပါတော့တယ်။

◆ ◆ ◆

## ( ၁၈ )

နားဖော့တောင်မှာ ကျွန်တော်နေရတဲ့ တောင်ထက် ပေ ၁၀၀ ကနေ ၂၀၀ ခန့်ထိ ပိုမြင့်နိုင်တဲ့ တောင်တစ်ခုလည်း ရှိနေပါတယ်။ အဲဒီတောင်နဲ့ ကိုက် ၁၅၀ ခန့်ကွာဝေးတဲ့ နေရာမှာလည်း အမြင့်တူ တောင်တစ်ခုရှိနေပါတယ်။ တပ်အခေါ်ကတော့ 'ရင်ဆိုင်ကုန်း' လို့ ပြောပါတယ်။ ဒီဘက်တောင်မှာ ကျွန်တော်တို့ တပ်မတော်ရှိနေပြီး ဟိုဘက်တောင်မှာက KIA တပ်စခန်းရှိနေပါတယ်။ ဟိုဘက်ဒီဘက်လှမ်းကြည့်ရင် မြင်နေကြရပေမဲ့ ပစ်ခတ်မှုမရှိကြပါဘူး။ အဲဒီကာလက အပစ်အခတ်ရပ်စဲထားတယ်လို့ပြောပါတယ်။ သူလည်းမစ၊ ကိုယ်လည်းမစ နယ်ကျွံကြရင်တော့ တွယ်ကြတာပဲလို့ ဆရာကြီးတွေက ပြောပါတယ်။ ကျွန်တော်က မေးကြည့်ပါတယ်။

"ဟိုဘက်တောင်ကို ညပိုင်းမှာ တက်သိမ်းရင် မဖြစ်နိုင်ဘူးလား"

"မရဘူး၊ တပ်မတော်က တက်သိမ်းလို့လဲမလွယ်ဘူး။ KIA က မိမိတို့တောင်ကို တက်သိမ်းဖို့လည်း မလွယ်ဘူး။ ဘာလို့လဲဆိုတော့ တပ်မတော်ဘက်ခြမ်း တောင်ကြောတစ်လျှောက်မှာ မိုင်းတွေဆင်ထားသလို KIA ဘက်ခြမ်း တောင်ကြောတစ်လျှောက်မှာလည်း မိုင်းတွေဆင်ထားကြတယ်။ ကိုယ့်ဘက် တက်လာလည်း မိုင်းတွေထိပြီးသေကြမှာပဲ။ သူတို့ဘက်တက်ရင်လည်း မိုင်းတွေထိပြီး သေကြမှာပဲမို့ လတ်တလောအနေအထားအရ အဲလိုအကြံအစည်မရှိဘူး"

ပြောပါတယ်။ တစ်ခါတလေ တစ်ဖက်နဲ့တစ်ဖက် အော်ဟစ်နှုတ်ဆက်ကြတယ်လို့လည်း သိရပါတယ်။ KIA ဘက်က ယောက်ဖရေ ဘာချက်လဲ လှမ်းမေးရင် မျှစ်နဲ့စားနေရတာဖြစ်ပေမဲ့…

"မနေ့က တောဝက်ရလို့ တောဝက်ကင်နဲ့အာမီရမ် တွယ်နေကြတယ် ယောက်ဖရေ"

ပြောလိုက်တာပဲတဲ့။ ဟိုဘက်ကလည်း…

"ငါတို့ကတော့ ဂျီတစ်ကောင်ရလို့ ဂျီသားနဲ့ တရုတ်အရက်အကောင်းစားနဲ့ မီးပုံပွဲ"

ပြန်ပြောတတ်တယ်။ ဒါပေမဲ့ ကိုယ်တွေလိုပဲ ဖြီးတာ ဖြစ်ချင်ဖြစ်နေမှာပါတဲ့။ တစ်ခါတလေ ကင်းတဲတွေ၊ အိပ်ဆောင်တဲတွေ၊ အမိုးအကာတွေပြင်နေတဲ့အခါ KIA ဘက်က…

"ယောက်ဖတို့ ဘာလုပ်နေကြလဲ"

မေးရင်…

"နောက်တန်းက အင်အားဖြည့်တွေ ထပ်ရောက်လာလို့ နေစရာ အိပ်စရာတွေ တိုးချဲ့ဆောက်နေတာဟ"

ခပ်တည်တည် ဖိန့်လိုက်တာပဲတဲ့။

"တကယ်က နေမကောင်းတာနဲ့ သင်တန်းသွားရတာနဲ့မို့ လူက လျှော့လျှော့နေတာလေ"

ပြောပါတယ်။ ကျွန်တော်နေရတဲ့တောင်ကုန်းကနေ ဟိုးဘက်ခပ်ဝေးဝေးကို လှမ်းကြည့်ရင် KIA စခန်းကို ခပ်ဝါးဝါးမြင်ရပါတယ်။ အဆောက်အအုံတွေကိုလည်း မြင်ရပါတယ်။ အမျိုးသမီး၊ အမျိုးသားတွေ လှုပ်ရှားသွားလာနေကြတာကိုလည်း မြင်တွေ့နေရပါတယ်။ ဘော်လီဘောကွင်းတစ်ခုမှာ ကစားနေကြတာကိုမြင်တော့ ကျွန်တော်ကလည်း ဘော်လီဘောကစားသူ တစ်ဦးဖြစ်တာကြောင့် လှမ်းမျှော်ကြည့်ရင်း သွားကစားချင်စိတ်တောင် ဖြစ်ခဲ့မိပါတယ်။ ကျွန်တော်တို့နေတဲ့နေရာက တောင်တွေချည်းပါ။ အချို့တောင်မှာ ဥမင်လှိုင်ခေါင်းဖောက်နေတာကိုလည်း တွေ့ရပါတယ်။ တိုက်ပွဲတွေရှိလာရင် တောင်ရဲ့ တစ်ဖက်ခြမ်းကို အလွယ်တကူရောက်ရှိနိုင်ဖို့လို့ ပြောတာပဲ။ အနီးကပ်တော့ မကြည့်ခဲ့ရပါဘူး။ ဒီဘက်ခြမ်းကနေ ဟိုဘက်ခြမ်းကို ဖောက်နိုင်ဖို့ဆိုတာ စက်အားမပါဘဲ လက်အားနဲ့ကတော့ မလွယ်လှပါဘူး။ ဆက်ဖောက်ဖြစ်လား၊ မဖောက်ဖြစ်လား သိချင်လှပါတယ်။

ကျွန်တော်နေတဲ့ အိပ်ဆောင်တဲနဲ့ မလှမ်းမကမ်းမှာ ၁၀ ပေ ပတ်လည်ခန့်ရှိတဲ့ အဆောက်အအုံတစ်ခုရှိပါတယ်။ ၃ လက်မ×၂ လက်မလား၊ ၄ လက်မ×၂ လက်မလားမသိ သစ်သားတန်းတွေကို ဘေးပတ်လည်နဲ့ အပေါ်ဘက်မှာ ခိုင်ခိုင်ခံ့ခံ့ကာရံထားပြီး အောက်ခင်းကတော့ ၆ လက်မ × ၁လက်မ ပျဉ်တွေခင်းတယ်လို့ ထင်ပါတယ်။ အဲဒီအဆောက်အအုံလေးက တပ်မတော်သားတွေကို ဖမ်းမိတဲ့အခါ ချုပ်နှောင်ထားတဲ့နေရာဖြစ်သလို သူတို့ KIA အချို့ကို အပြစ်ပေးတဲ့အခါတွေမှာ အသုံးပြုကြတယ်လို့ သိရပါတယ်။ ကျွန်တော်လည်း ဘယ်မှသွားစရာမရှိတော့ စခန်းနေရာတစ်ဝိုက်ပတ်ပြီး ရှုခင်းတွေပဲ ကြည့်နေခဲ့ပါတယ်။ RT စက်ကိုင်တဲ့ တပ်ကြပ်နဲ့လည်း နေ့တိုင်းပဲ အာလာပသလ္လာပတွေ ပြောနေ

ရတာမို့ ခင်မင်နေပါပြီ။ သူ့လက်အောက်က ရဲဘော်လေးတစ်ယောက်နဲ့ကလည်း ခင်မင်နေတာပါပဲ။

အဲဒီရဲဘော်လေးမှာ ကိုဒတ်ကင်မရာလေးတစ်လုံး ပါလာပါတယ်။ အဲဒီကာလက အဲလိုကင်မရာလေးမျိုး ကိုင်နိုင်ဖို့ မလွယ်ပါဘူး။ ကျွန်တော် အရာရှိတစ်ယောက်ဖြစ်ပေမဲ့ မကိုင်နိုင်သေးပါဘူး။ သူက ဓာတ်ပုံရိုက်ချင်ရိုက်ပေးမယ်။ ပိုက်ဆံတော့ အခုပေးထားရမယ်။ နောက်တန်းရောက်မှ ဓာတ်ပုံကူးပြီး ဝန်ဆောင်တပ်ရင်းကိုပို့ပေးမယ်။ လိပ်စာယူထားလိုက်မယ်တဲ့။ တစ်ပုံကို ၅ ကျပ်၊ ၁၀ ကျပ်၊ ၂၀ ကျပ်လောက် ပေးရတယ်ထင်ပါတယ်။ မေ့သွားပါပြီ။ ပိုက်ဆံက ပေးထားပြီးပြီ။ ပို့မပေးလည်း မတတ်နိုင်ပါဘူး။ ဒီတော့ အများကြီးလည်း မရိုက်တော့ပါဘူး။ သုံးပုံပဲ ရိုက်ခဲ့မိပါတယ်။ တပ်သားအေးသိန်းကလည်း သုံးလေးပုံ ရိုက်ပါတယ်။

အဲဒီရဲဘော်လေးက ကတိတည်ပါတယ်။ ကျွန်တော်တို့ ဝန်ဆောင်တပ်ရင်း ပြန်ရောက်ပြီး တစ်လအတွင်းလောက်မှာပဲ ဓာတ်ပုံလေးတွေ စာတိုက်ကတစ်ဆင့် ရောက်လာပါတယ်။ အဲလိုသာသေချာပေါက်ပို့မယ်ဆိုတာကြိုသိခဲ့ရင် တော်တော်များများ ရိုက်ခဲ့မိမှာပါ။

၁၀-၅-၁၉၉၃ ရက်နေ့ ရိက္ခာတွေပို့ကြတာက ကျွန်တော်တို့ ဝန်ဆောင်တပ်သားတွေချည်းမဟုတ်ဘဲ စစ်ဆင်ရေးဝန်ထမ်း(အရပ်သား)တွေ မြင်းလားတွေနဲ့ပါ သယ်ကြတာမို့ သယ်စရာရိက္ခာတွေ ကုန်သွားတဲ့သဘောရှိပါတယ်။ ဒါကြောင့် စခန်းခွဲအသီးသီးမှာရောက်နေကြတဲ့ ဝန်ဆောင်တပ်သားတွေ၊ စစ်ဆင်ရေးဝန်ထမ်းတွေ 'လား' တွေကို ဒီနေ့ နားဖော့ကို အရောက်ပြန်လာကြဖို့ မှာထားကြောင်း တပ်ရင်းမှူးက ပြောပါတယ်။ ဒါပေမဲ့ ရောက်မလာကြပါဘူး။ မိုးတွေ တအားရွာပြီး မှောင်သွားလို့ ကြားစခန်းမှာပဲ အိပ်လိုက်ကြတယ်လို့ သိရပါတယ်။ ၁၁-၅-၁၉၉၃ ရက်နေ့ နံနက် ၀၇း၃၀ နာရီခန့်မှာတော့ ပါဂျိဘက်က ဝန်ဆောင်တပ်သားတွေ ပြန်ရောက်လာကြပါပြီ။ တပ်ကြပ်ခေါင်လွှန်းနဲ့ ဒုတပ်ကြပ်ခင်မောင်ထွန်းတို့လည်း ပြန်ရောက်လာကြလို့ ဝမ်းသာရပါတယ်။ တပ်ကြပ်ခေါင်လွှန်းကို မေးမိပါတယ်။

"ဆရာ ခေါင်လွှန်း ဘာတွေ အခက်အခဲရှိခဲ့သေးလဲဗျ"

"မရှိပါဘူးဆရာ"

စိတ်အေးသွားပါတယ်။ ဘာမှ အခက်အခဲမရှိဘူးဆိုလို့ပါ။ ဒါပေမဲ့ ဆက်ပြောလာတာက…

"တစ်ခုတော့ရှိတယ်ဆရာ"

"ဘာလဲပြောပါဦး"

ဟိုမှာ ရိက္ခာတွေသယ်တော့ ငါက ကြီးကြပ်ပေးတယ်။ သေချာခိုင်းပေးတယ်။ အဆင်ပြေတယ်။ ဒါပေမဲ့ ဟိုတစ်နေ့ကတော့ ရဲဘော်တစ်ယောက်က လာပြောတယ်။ ခင်ဗျားက ဘာလို့မထမ်းတာလဲတဲ့။ ငါက ထမ်းဖို့လိုက်လာတာ မဟုတ်ဘူး။ ဝန်ဆောင်တပ်သားတွေကို ကြီးကြပ်ပေးဖို့ လိုက်လာတာလို့ ပြန်ပြောလိုက်တော့ ငါ့ကို သေနတ်နဲ့ချိန်ပြီး ခင်ဗျား ထမ်းမလား၊ မထမ်းဘူးလား ဒါပဲပြော၊ မထမ်းဘူးဆိုရင် ပစ်မယ်"

ပြောတယ်။ (တပ်ကြပ်ခေါင်လွန်းက သူ့ကိုယ်သူ ကျွန်တော်လို့ မပြောဘဲ 'ငါ'လို့သာ ပြောလေ့ရှိပါတယ်။ အခြားသူများကိုလည်း ဒီအတိုင်းပါပဲ။ သူ့ရဲ့ ပြောနေကျပုံစံမို့လို့ ဒါကို ရိုင်းတယ်လို့မတွေးဘဲ ခွင့်လွှတ်ထားရပါတယ်) သူ့စကားနားထောင်ပြီး စိတ်မကောင်းဖြစ်သွားရပါတယ်။

"အဲလိုသေနတ်နဲ့ချိန်တော့ ခင်ဗျားက ဘာလုပ်လဲ"

"ငါဘာတတ်နိုင်မှာလဲ၊ ဒီကောင်က မူးနေတယ်လို့ထင်တယ်။ ငါမထမ်းရင် သေနတ်နဲ့ တကယ်ပစ်ချင်ပစ်မှာ၊ ဒီတော့ ငါထမ်းလိုက်ရတာပေါ့"

ပိုတောင်စိတ်မကောင်း ဖြစ်သွားရပါပြီ။ တပ်ရင်းမှူးကိုတော့ ဒီကိစ္စတင်ပြရမယ်လို့လည်း တွေးလိုက်ပါတယ်။ အဲလိုပြောနေချိန်မှာ RT စက်ကိုင်တဲ့ တပ်ကြပ်က ဘေးနားမှာ ရှိနေပါတယ်။ ကျွန်တော်နဲ့ကလည်း တအားခင်နေတာမို့ ကျွန်တော် စိတ်မကောင်းဖြစ်သွားဟန်ကိုကြည့်ပြီး သူပါစိတ်မကောင်းတဲ့ အနေအထား ဖြစ်နေတာကို တွေ့ရပါတယ်။

"ဘယ်လောက်ကြာကြာ ထမ်းလိုက်ရလည်းဗျ"

"ခဏလောက်ပဲထမ်းရပါတယ်။ ငါထမ်းနေတာကို တပ်က တပ်ကြပ်ကြီး တစ်ယောက်ကတွေ့သွားပြီး ဆရာခေါင်လွန်း ခင်ဗျားက ဘာလို့ ရိက္ခာတွေ ထမ်းနေတာလဲမေးလို့ သူ့ရဲဘော်အကြောင်း ပြောပြလိုက်တယ်။ ငါမထမ်းရင် ငါ့ကိုသေနတ်နဲ့ ပစ်မယ်ပြောတယ်လည်းပြောရော ငါထမ်းထားတဲ့ ရိက္ခာတွေကို ပြန်ချခိုင်းတယ်။ ဟိုရဲဘော်ကိုလည်းခေါ်ပြီး မင်းက ဘာလို့ အကျဉ်းဦးစီးက

ဆရာကြီးတစ်ယောက်ကို ထမ်းခိုင်းရတာလဲ၊ ရိုင်းရိုင်းစိုင်းစိုင်းဆက်ဆံရတာလဲ လို့ပြောပြီး တုတ်တစ်ချောင်းနဲ့ တော်တော်ရိုက်ပစ်လိုက်တယ်။ အဲဒီကျတော့လည်း ကြောက်ပါပြီဆရာကြီး၊ ကြောက်ပါပြီဆရာကြီးနဲ့ တောင်းပန်နေတယ်။တော်သေး တယ် ငါတို့ထောင်နဲ့ ခလရ(၂၉)က ကပ်နေတော့ ဒီဆရာကြီးနဲ့ ငါက ခင်နေ တာ ကြာလှပြီလေ"

တော်ပါသေးတယ်။ ကျွန်တော့်ဝန်ထမ်း တပ်ကြပ်ခေါင်လွန်း ခဏလေးပဲ အနိုင်ကျင့်တာကို ခံလိုက်ရပါတယ်။ တပ်မတော်က ဆရာကြီးကိုလည်း ကျေးဇူး တင်လိုက်တာ။ အနီးမှာသာရှိရင် လက်ဆွဲပြီးကို ကျေးဇူးတင်စကားပြောမိမှာပါ။ မနက်ဖြန်ဆို ကျွန်တော်တို့က ပြန်ကြရတော့မှာရယ်၊ ဆရာခေါင်လွန်းကို ခြိမ်းခြောက်တဲ့ ရဲဘော်ကလည်း အနီးမှာမရှိပဲအခြားမှာ ရောက်နေတာရယ်၊ တပ်မတော်က ဆရာကြီးကလည်း ဆုံးမပြီးဖြစ်တာရယ်၊ တပ်ရင်းမှူးကို တင်ပြ ရင်လည်း တပ်ကြပ်ကြီးက ဆုံးမပြီးပြီပဲလေလို့ ပြောချင်ပြောမှာရယ် ဆရာ ခေါင်လွန်းကလည်း ခဏလေးပဲ ရိက္ခာထမ်းလိုက်ရတာရယ် အကြောင်းကြောင်း တွေကြောင့် တပ်ရင်းမှူးကို မတင်ပြတော့ဘူးလို့ပဲ ဆုံးဖြတ်လိုက်ပါတော့တယ်။ ဆရာခေါင်လွန်းကိုလည်း အကျိုးအကြောင်းပြောပြတော့ လက်ခံသွားပါတယ်။

♦ ♦ ♦

## ( ၁၉ )

မနက်ဖြန် ၁၂-၅-၁၉၉၃ ရက်နေ့မှာ ပြန်ကြရတော့မယ်ဆိုတော့ နောင် လည်း ပြန်ရောက်ဖို့ မဖြစ်နိုင်တော့တာမို့ နားဖော့တောင်ပေါ်အနှံ့ လျှောက်သွားပြီး ရှုခင်းတွေ လိုက်ကြည့်နေမိပါတယ်။ အခုခေတ်လို လက်ကိုင်ဖုန်းတွေရှိလို့က တော့ သဘာဝရှုခင်းအလှဓာတ်ပုံတွေ အများကြီးရခဲ့မှာပါ။ နောက်တန်းပြန်ကြရ တော့မှာမို့ တပ်မတော်သားတွေလည်းပျော်၊ စစ်ဆင်ရေးဝန်ထမ်းတွေလည်းပျော်၊ ဝန်ဆောင်တပ်သားတွေလည်းပျော်၊ ကျွန်တော်တို့ အကျဉ်းဦးစီးဝန်ထမ်းတွေလည်း ပျော်၊ သူ့ခေါင်းမှာလည်း သပြေညို၊ ငါ့ခေါင်းမှာလည်း သပြေညို ဆိုသလို တပ်မတော်သားတွေလည်း အပြုံးတွေဝေ၊ စစ်ဆင်ရေးဝန်ထမ်းတွေလည်း အပြုံး

တွေဝေ၊ ဝန်ဆောင်တပ်သားတွေလည်း အပြုံးတွေဝေ၊ အကျဉ်းဦးစီးဝန်ထမ်းတွေလည်း အပြုံးတွေဝေ၊ မျက်နှာချင်းဆိုင်တွေ့ကြသူတိုင်းလည်း သိသိ မသိသိ၊ ခင်ခင် မခင်ခင် အပြုံးဖလှယ်ခြင်းတွေနဲ့ဝေ၊ အပြုံးပန်းတွေ တစ်တောင်လုံးပွင့်၊ တစ်တောင်လုံးလည်းလှပပြီး မွှေးနေပါတော့တယ်။ ဒါကြောင့် နားဖော့တောင် ပေါ်တစ်ဝန်းလုံး မင်္ဂလာအပေါင်းနဲ့ ခညောင်းလို့နေပါတော့တယ်။

တပ်ရင်းမှူးတဲကိုရောက်သွားတော့ တပ်ရင်းမှူးကြီးလည်း ပျော်နေတာက လည်း အသိသာကြီးပါ။ ကျွန်တော့်ကိုရော သူ့တပည့်တွေကိုရော ပြောသမျှ တွေကလည်း "ဟာသ"တွေချည်းမို့ ကျွန်တော်တို့အားလုံး ရယ်ပဲနေကြရပါတယ်။ ညပိုင်းမှာ ကျွန်တော်နေတဲ့ အိပ်ဆောင်တဲက ဆရာကြီးတွေလည်း ပစ္စည်းလေး တွေသိမ်းပြီး သီချင်းလေးတွေညည်း၊ လေလေးတွေချွန်နဲ့ ရွှင်လန်းနေကြတာကို ကြည့်ပြီး ဝမ်းသာမိပါတယ်။ သူတို့မိသားစုတွေနဲ့ တွေ့ကြရတော့မယ်ဆိုတော့ လည်း ပျော်နေကြမှာပေါ့။ ကျွန်တော်တို့ကသာ ရိက္ခာပို့အတွက် ခဏ ရောက်လာ ကြတာ။ ဒီဆရာကြီးတွေကတော့ ပါဂျို-နားဖော့ရောက်နေကြတာ ကြာနေကြ ပါပြီ။ ဘယ်လောက်ကြာပြီဆိုတာတော့ မမေးမိခဲ့ရပါဘူး။

၂၁း၀၀ နာရီ ည ၉နာရီ ခန့်မှာတော့ အိပ်ဆောင်မှာ ကျွန်တော်နဲ့ ဆရာကြီး တစ်ယောက်ပဲ ရှိနေပါတယ်။ ကျန်သူတွေကတော့ အခြားလုပ်စရာတွေ သွားလုပ် နေကြတယ်ထင်ပါတယ်။ ဆရာကြီးကတော့ နည်းနည်း မှန်နေပုံရပါတယ်။ ယမကာနံ့လေးရနေတာမို့ပါ။ အဲဒီအချိန်မှာ ခပ်ဝေးဝေးတစ်နေရာကနေ

"ဖောင်း"

"ဖောင်း"

"ဖောင်း"

"ဖောင်း"

ဆိုတဲ့အသံတွေ ကြားရပါတော့တယ်။ ရောက်ကတည်းက တိုက်ပွဲဆိုတာ မရှိခဲ့တာ ပြန်ခါနီးမှပဲ တိုက်ပွဲက ဖြစ်ရတယ်လို့တွေးပြီး စိုးရိမ်စိတ်လေး ဝင်မိ ပါတယ်။

"ဆရာကြီး သေနတ်သံတွေကြားတယ်၊ ဘယ်နေရာမှာ တိုက်ပွဲဖြစ်နေလဲ မသိဘူး"

"ဘယ်က ကြားရတာလဲ၊ ဘယ်မှာလဲ"

သူဘယ်ကြားမှာလဲ၊ မှန်နေတာကိုး။

"သေချာနားထောင်ဆရာကြီး၊ တဖောင်းဖောင်းနဲ့ သေနတ်ပစ်သံတွေ မဟုတ်ဘူးလား"

ဆရာကြီးက နားလေးကို တဲအပြင်ဘက်လှည့်ပြီး နားစွင့်တဲ့ဟန် ပြုပါတယ်။ ပြီးတော့မှ...

"ထောင်မှူးကလည်း အဲဒါ သေနတ်သံမဟုတ်ပါဘူးဗျ၊ မကြောက်ပါနဲ့ ထောင်မှူးရာ"

"ဒါဆို ဘာသံလဲဆရာကြီး"

"စောင်ခါသံပါ ထောင်မှူးရယ် ၊ ဟိုဘက်တဲတွေက အိပ်ခါနီး ခင်းစောင်၊ ခြုံစောင်တွေမှာ ဖုန်တွေရှိနေမှာစိုးလို့ စောင်တွေ ခါကြလို့ ထွက်လာတဲ့အသံတွေပါ။ ထောင်မှူး ဘာမှမစိုးရိမ်ပါနဲ့၊ တိုက်ပွဲတွေဖြစ်လာရင်လည်း ထောင်မှူးလေး ဘာမှမဖြစ်စေရပါဘူး။ ကျွန်တော်တို့က ကာကွယ်ပေးမယ်၊ စိတ်ချ"

ကျွန်တော်လည်း စောင်တွေခါဖူးတော့ ဒီလိုအသံထွက်ဖူးတာကိုသတိရပြီး ဩော်...ဟုတ်မှာပါပေါ့။ ဒါပေမဲ့ စောင်ကို ဒီလောက်များများ ခါတာတော့ လွန်တာပေါ့။ ဖုန်တွေ တော်တော်တက်နေလို့ ဖြစ်မှာပါလေလို့ တွေးနေမိပါတယ်။ နောက်ပြီး ကျွန်တော့်ကို ချစ်ခင်ရင်းနှီးစွာနဲ့ ကာကွယ်ပေးမယ်လို့ ပြောတာလေးကို ကျေနပ်ပီတိဖြစ်ရပါတယ်။ နောက် ၄ မိနစ်လောက်ကြာတော့...

"ဖောင်း"

"ဖောင်း"

"ဖောင်း"

"ဖောင်း"

ဆိုတဲ့အသံတွေ ခပ်စိပ်စိပ် ထွက်လာပြန်ပါပြီ။ ဒါကတော့ စောင်ခါသံ မဖြစ်နိုင်တော့ပါဘူး။

"ဆရာကြီး၊ ဆရာကြီး နားထောင်စမ်းပါဦး၊ စောင်ခါတဲ့အသံတော့မဟုတ်တာ သေချာတယ်ဗျ၊ သေနတ်သံလို့ထင်တယ်ဗျာ၊ ချကုန်ပြီထင်တယ်"

ဒီအသံကိုတော့ ဆရာကြီးလည်း ကောင်းကောင်းကြားပုံရပါတယ်။ သေချာ နားစွင့်ပြီး...

"ဒီအသံကတော့ ထောင်မှူးပြောသလို သေနတ်သံ သေချာတယ်ဗျ"

"ဒါဆို တိုက်ပွဲဖြစ်နေပြီပေါ့ဗျ"

"မစိုးရိမ်ပါနဲ့ ထောင်မှူးလေးရာ၊ ကျွန်တော်တို့ နားဖော့တောင်ရဲ့ ပတ်ဝန်းကျင်မှာ တောင်ကုန်းတွေရှိနေတယ်။ ဖိုခနောင့်ဆိုင် တောင်ကုန်းသုံးခုမှာလည်း တပ်က ထိုင်ထားတယ်။ သူတို့က ကျွန်တော်တို့နေတဲ့ နားဖော့တောင်အတွက် 'ကာ' ကုန်းတွေပေါ့ဗျာ။ မနက်ဖြန် ပြန်ကြတော့မှာမို့ သူတို့တွေလည်း ကျွန်တော်တို့လို ပျော်နေကြမှာပေါ့။ ဒါကြောင့် နှုတ်ဆက်တဲ့အနေနဲ့ တောင်ကုန်းတစ်ခုက သေနတ်ပစ်ဖောက် အချက်ပေးတာကို ကျန်တဲ့တောင်ကုန်းတွေကလည်း ပြန်ပြီးအသိအမှတ် ပြုတဲ့အနေနဲ့ သေနတ်ပစ်ဖောက်ကြတာပါ။ အေးဆေးပါ ထောင်မှူးလေးရာ"

ကျွန်တော်ကလည်း တပ်မတော်သားမဟုတ်၊ ရှေ့တန်းစစ်ဆင်ရေးနယ်မြေကိုလည်း အခုမှ ပထမဦးဆုံးရောက်ဖူး၊ သူတို့ရဲ့ ဓလေ့ထုံးတမ်းစဉ်လာတွေကိုလည်း မသိဆိုတော့ တပ်မတော်သား တပ်ကြပ်ကြီးတစ်ယောက်ပြောတာကိုပဲ လက်ခံပြီး စိတ်အေးသလိုဖြစ်သွားရပြန်ပါတယ်။ စိတ်ထဲတော့ ဘဝင်မကျမိတာတော့ အမှန်ပါ။ သေနတ်ဆိုတာ အရေးကြီးတယ်။ လူတစ်ယောက်ကို နောက်သလို ပြောင်သလိုတောင် မချိန်ရဘူး။ အလကားနေလည်း ပစ်လို့မရပါဘူး။ သေနတ်သံ တစ်ချက်ကိုကြားရတဲ့ တပ်မတော်သားတိုင်း အသင့်အနေအထားဖြစ်သွားကြရမှာပါ။ အပျော်သဘော ဘာမှလုပ်လို့မရပါဘူး။ အမှားမခံပါဘူး။ စသည် စသည်၊ သို့လော သို့လော အတွေးများစွာနဲ့ အိပ်မပျော်နိုင်ပါဘူး။ ဒါပေမဲ့ ဘာမှမစိုးရိမ်ပါနဲ့ ထောင်မှူးလေးလို့ပြောတဲ့ ဆရာကြီးကတော့ ခလောခလူးနဲ့ အိမ်မက်လှလှလေးတွေ မက်နေပါပြီ။

၂၃း၃၀ နာရီ ည ၁၁ နာရီခွဲ ခန့်မှာတော့ သတင်းထူးကြားရပါပြီ။ ကျွန်တော်တို့ တဲတစ်ဝိုက်မှာလည်း လမ်းလျှောက်သံ၊ စကားပြောသံတွေ ကြားနေရပါတယ်။ အချို့လည်း ကျွန်တော်တို့တဲထဲ ဝင်လာကြပါတယ်။ စောင်ခါတဲ့အသံ၊ သေနတ်ပစ်ဖောက်၊ နှုတ်ဆက်သံလို့ပြောတဲ့ ဆရာကြီးလည်း တရေးနိုးလာပါပြီ။ သူတို့ချင်းပြောစကားတွေကို ကျွန်တော်က အိပ်ရာထဲကပဲ နားထောင်နေမိပါတယ်။ သူတို့တွေရဲ့ပြောစကားတွေအရ စခန်းခွဲတစ်ခုမှာ တပ်မတော်သားကင်းသမားတွေ အရက်သောက်ကြတယ်။ ချမ်းလွန်းအေးလွန်းတာမို့ မီးဖိုဖိုပြီး မီးဖိုဘေးမှာ သောက်ကြတယ်။ ကိုယ်စီပေးထားတဲ့ သေနတ်ကျည်သရီးတွေကို မီးဖို

ဘေးမှာ ချထားကြတယ်။ ဘာကျည်လို့တော့ မခေါ်တတ်ပါဘူး။ ကျည်တွေ ထည့်ထားတဲ့ အိတ်တွေလည်း မီးဖိုဘေးမှာပါပဲ။ အရက်သောက်တာ များသွားကြတော့ မီးဖိုမီးကိုလည်း သတိမထား၊ သေနတ်ကိုလည်း သတိမထားကြတော့ဘူး။

မီးက တဖြည်းဖြည်းနဲ့ သူတို့နားရောက်လာပြီး ကျည်ဆန်တွေ မီးနဲ့ ထိတွေ့တော့ ပေါက်ကွဲပြီး မီးဖိုဘေးက တပ်မတော်သားတွေလည်း ထိမှန်၊ အသက်သေမှာစိုးတော့ ဘေးနားရှိတဲ့ ပစ်ကျင်းမြောင်းတွေထဲလှိမ့်ဆင်းပြီး အကာအကွယ်ယူကြ၊ မီးဖိုနားက သေနတ်တွေကိုလည်း မယူနိုင်၊ ဒီတော့ သေနတ်တွေပါ မီးလောင်၊ သေနတ်ထဲထည့်ထားတဲ့ ကျည်တွေကလည်း မီးနဲ့ထိတွေ့တော့ ထပ်ပြီးပေါက်ကွဲ၊ ဘယ်သူမှမြောင်းထဲက ထွက်ပြီး သေနတ်တွေကိုမယူရဲ၊ ထွက်ယူပြန်ရင်လည်း ကျည်ဆန်ထိမှာစိုးရ၊ ကျည်တွေအားလုံး မီးလောင် ပေါက်ကွဲပြီးမှပဲ အကွယ်အကာယူနေသူတွေ ထွက်လာကြပြီး ကျည်ထိမှန်မှု၊ ကျည်ဆုံးရှုံးမှု သေနတ်အခြေအနေအားလုံးကို စုံစမ်းစိစစ်တော့ တပ်မတော်သားလေးယောက် သေနတ်ထိမှန်၊ အသက်အန္တရာယ် မစိုးရိမ်ရ၊ ကျည်ဆန်အချို့ဆုံးရှုံး၊ ဂျီသရီး သေနတ်အချို့ မီးလောင်တဲ့ အနေအထားဖြစ်ကြောင်း သိရပါတယ်။

ခဏနေတော့ ကျွန်တော်နေတဲ့ တဲဘေးမှာ ညည်းညူသံတွေ ကြားရပါပြီ။ ကျည်ထိမှန်ထားတဲ့ ရဲဘော်တွေရဲ့ အသံပါ။ ကျွန်တော်ထွက်ကြည့်တော့ ဂျီသရီး သေနတ်နှစ်လက်နဲ့လို့ ထင်ပါတယ်။ သေနတ်ရဲ့ သစ်သားဒင်တွေက မီးလောင်သွားတာမို့ မရှိတော့ဘဲ သံထည်တွေချည်းသာကျန်နေတာကို တွေ့ရပါတယ်။ စောင်ခါသံလို့ပြောတဲ့ တပ်ကြပ်ကြီးကို လှမ်းကြည့်ပြီး…

"ဆရာကြီး ဘယ်လိုလဲ"

ဆိုတဲ့ သဘောပါတဲ့ မျက်လုံးနဲ့ ကြည့်လိုက်မိပါတယ်။ ဆရာကြီးက ရယ်ကျဲကျဲနဲ့ ဟီး…ဟီး…တဲ့လေ။

◆ ◆ ◆

## ( ၂၀ )

၁၂-၅-၁၉၉၃ ရက်နေ့ ဒီနေ့ နံနက်စောစောကတည်းက ပြည်တော်ပြန်ကြဖို့ ပြင်ဆင်နေကြပါပြီ။ အားလုံး တက်တက်ကြွကြွပါပဲ။ မိသားစုတစ်စု ပြောင်းရွှေ့တာမျိုးမဟုတ်ဘဲ အဖွဲ့အစည်းတစ်ခု ပြောင်းရတာမို့···

"သွားကြမယ်ဟေ့"

ပြောပြီး အလွယ်တကူ ပြောင်းလို့ရတာမဟုတ်ပါဘူး။ လုံခြုံရေးကိစ္စရပ်တွေကလည်း ရှိပါသေးတယ်။ လုံခြုံရေးမှာတောင် လမ်းခရီးမှာ ဝန်ဆောင်တပ်သားတွေ ထွက်မပြေးစေဖို့ စီမံချက်တွေ၊ လမ်းခရီးမှာ KIA ရဲ့ တိုက်ခိုက်မှု မခံရစေရေးအတွက် စီမံချက်တွေ၊ ပြန်လည်သယ်ဆောင်ရမယ့်ပစ္စည်းတွေ မကျန်စေရေးအတွက်စီမံချက်တွေ၊ ဘယ်ပစ္စည်းကို ဘယ်အဖွဲ့၊ ဘယ်နှစ်ယောက်နဲ့ သယ်ဆောင်ဖို့တွေ၊ လမ်းခရီးမှာ စားဖို့အတွက် ကြိုတင်ချက်ပြုတ်ဖို့တွေ ဘယ်ပစ္စည်းတွေကိုတော့ 'လား' တွေနဲ့ သယ်ဖို့တွေ စတဲ့စတဲ့ ကိစ္စရပ်များအတွက် ဟာကွက်မရှိအောင် စနစ်ကျ ဆောင်ရွက်ကြရတာမို့ ၁၀း၀၀ နာရီကျမှပဲ နားဖော့တောင်ကြီးကနေ စတင်ထွက်ခွာနိုင်ခဲ့ပါတယ်။

အလာတုန်းက ဝန်ဆောင်တပ်သားက ၁၀၀ ဦး၊ အခုပြန်တော့ ၈၇ ဦးပဲ ပြန်ပါလာပါတယ်။ ထွက်ပြေးလွတ်မြောက်သွားတာက ၁၀ ယောက်၊ သေဆုံးတာက သုံးယောက်ဆိုတော့ ကျန်တာ ၈၇ ဦးပါ။ ဝန်ဆောင်တပ်သားများသာ ထွက်ပြေးတာမဟုတ်ဘဲ တပ်မတော်သားအချို့လည်း ထွက်ပြေးခဲ့ကြပါတယ်။ ဘယ်နှစ်ယောက် ထွက်ပြေးလည်းဆိုတာ အတိအကျမသိပေမဲ့ တစ်ခါမှာတော့ ရိက္ခာသယ်လမ်းကြောင်းမှာ သေနတ်နှစ်လက်ကို ထောင်ထားခဲ့ပြီး စစ်သားလေးနှစ်ယောက်က မရှိတော့ဘူးလို့ပြောပါတယ်။ သေနတ်ပါယူသွားရင် ပိုအပြစ်ကြီးမှာစိုးလို့ ဖြစ်ပါလိမ့်မယ်။ ကံကောင်းတာက အဲဒီသေနတ်တွေကို ဝန်ဆောင်တပ်သားတွေကယူပြီး ပြန်လည်ပစ်ခတ်တာ၊ ထွက်ပြေးတာတွေ မလုပ်ကြတာပါပဲ။ ဝန်ဆောင်တပ်သားတွေထဲမှာလည်း သေနတ်ကို ကျွမ်းကျွမ်းကျင်ကျင်ကိုင်တွယ် ပစ်ခတ်တတ်တဲ့ တပ်ပြေးတွေ၊ ရဲပြေးတွေရှိနေကြပါတယ်။ အစားဆင်းရဲ၊ အနေဆင်းရဲမို့ အမြန်ဆုံးပြန်ချင်ခဲ့တာ တကယ်လည်း ပြန်ရရော ခြေလှမ်းတွေက သွက်နေရမဲ့အစား လေးကန်နေခဲ့ပါတယ်။ ထူးခြားတဲ့နေရာ ဘယ်

နေရာကိုကြည့်ကြည့် လှပနေတဲ့နေရာ၊ ရာသီဥတု အေးချမ်းတဲ့နေရာ၊ နောင် ဘယ်တော့မှ ပြန်မရောက်နိုင်တော့ဘူးလို့ ထင်မြင်မိတဲ့နေရာလေးကို စွန့်ခွာ ရတော့မှာမို့ ဝမ်းနည်းသလို ခံစားနေမိပါတယ်။

ကျွန်တော်အိပ်ခဲ့တဲ့ကုတင်လေးကို ကြည့်ပြီး နှုတ်ဆက်မိတယ်။ အိပ်ဆောင် လေးကိုကြည့်ပြီး နှုတ်ဆက်မိတယ်။ ရှေ့ကြည့်၊ နောက်ကြည့်၊ ညာကြည့်၊ ဘယ်ကြည့်၊ နေရာစုံကြည့်ရင်းနဲ့ နှုတ်ဆက်မိပါတယ်။ နားဖော့ဒေသကို စတင် စွန့်ခွာခဲ့ကြပါပြီ။ ခပ်ဝေးဝေးရောက်တော့လည်း လှည့်ကြည့် လှည့်ကြည့်နဲ့ နားဖော့ တောင်ကြီးကို ဝမ်းနည်းစွာနဲ့ အထပ်ထပ်နှုတ်ဆက်နေမိပါတယ်။ အဝေးကကြည့်မိ တော့မှ ကျွန်တော်နေခဲ့တဲ့နေရာလေးက ပိုလို့တောင် လှပနေတာကို တွေ့မြင်ရ တယ်။ အတော်များများကလည်း ကျွန်တော့်လိုပဲ လှည့်ကြည့်လှည့်ကြည့် အနေ အထားမျိုး တွေ့နေရပါတယ်။ ကျွန်တော်တို့ နားဖော့ကို အလာတုန်းက တောင် ခြေအထိ ကားနဲ့စီးလာလို့ရပေမဲ့ အပြန်မှာတော့ တောင်ခြေက စပြီး လမ်း လျှောက်ရပါတယ်။

ကျွန်တော်တို့တွေ မြစ်ကြီးနားက စထွက်လာကာစက မိုးလုံးဝမရွာသေး တော့ ပိုင်းမော်-နားဖော့လမ်းတစ်လျှောက် မြေကြီးလမ်းတွေက ကားမောင်းလို့ ရပါတယ်။ အခုနောက်ပိုင်းကျတော့ မိုးကကျလာပါပြီ။ မြစ်ကြီးနားမှာ မရွာသေး ပေမဲ့ နားဖော့ဒေသမှာတော့ တောတွေတောင်တွေနဲ့မို့ မိုးတွေက တအား ကောင်း နေပါပြီ။ ဒီတော့ လမ်းခရီးတစ်လျှောက် ချောင်းမြောင်းတွေမှာ ထိုးထားတဲ့ ယာယီတံတားတွေကလည်း ချောင်းရေတွေကျလာလို့ ပျက်စီးကုန်ပါပြီ။ မျောပါ ကုန်ပါပြီ။ ကားတွေ လုံးဝ သွားလာလို့မရတော့လို့ ခြေကျင်လျှောက်ကြရတာပါ။ ဝန်ဆောင်တပ်သားတွေလည်း အလာတုန်းက ကားလေးတွေပေါ်မှာ အငြိမ့်သား ထိုင်ပြီးလိုက်ခဲ့ကြရပေမဲ့ အခုအပြန်မှာတော့ အထုပ်တွေအပိုးတွေ၊ ဒန်အိုး ဒယ်အိုး တွေကိုယ်စီနဲ့ မချောင်လှပါဘူး။ ဟိုတစ်နေ့က ဗိုးဆန်၊ ကျည်ဆန်မှန်တဲ့ လေးယောက်ထဲမှာ နှစ်ယောက်က လမ်းလုံးဝမလျှောက်နိုင်တာမို့ သူတို့ကိုထမ်းဖို့ တစ်ယောက်ကို ရှစ်ယောက်နှုန်းနဲ့ ၁၆ ယောက်၊ ဝမ်းတွေလျှောလို့ ဘိနပ်ကျွေး ရတဲ့ ဝန်ဆောင်တပ်သားနှစ်ယောက်ထဲက တစ်ယောက်ကလည်း လမ်းမလျှောက် နိုင်လို့ ရှစ်ယောက် တာဝန်ပေးရတော့ လူနာသုံးဦးအတွက်နဲ့တင် ၂၄ ယောက်ကုန် သွားပါတယ်။

လမ်းတွေက မြေပြန့်မဟုတ်ဘဲ တောင်ကုန်းဆင်းမတ်မတ်တွေမို့ သက်တောင့် သက်သာဖြစ်အောင် အလှည့်ကျ ထမ်းနိုင်စေဖို့ အဲလို စီစဉ်ပေးရတာပါ။ ဒါတောင် ဝမ်းလျှောဝန်ဆောင်တပ်သား နောက်တစ်ဦးအတွက်က 'လား' တစ်ကောင်ပေါ်လိုက်ခွင့်ရတာမို့ ဝန်ဆောင်တပ်သားရှစ်ဦး သက်သာသွားတာပါ။ ဒီကြားထဲ ဒုတပ်ကြပ်ခင်မောင်ထွန်းက ဆီပေပါခွံတစ်လုံးကို သယ်လာတာမို့ ဝန်ဆောင်တပ်သားအချို့ကို သုံးရပြန်ပါတယ်။

"ကိုခင်မောင်ထွန်းရယ် ယူမနေပါနဲ့ဗျာ၊ မြစ်ကြီးနားမှာလည်းရှိပါတယ်ဗျ၊ သယ်ရမယ့်ခရီးက ဝေးလွန်းလှပါတယ်"

ပြောကြည့်တော့…

"အဲဒီပေပါတွေနဲ့မတူဘူးဆရာ၊ ဒီပေပါက သံမဏိပေပါပါဆရာ၊ တပ်က ဆရာကြီးကလည်း ယူလို့ပြောပါတယ်။ သံချေး လုံးဝမတက်ဘူး။ ဒါကြောင့် သယ်ခွင့်ပေးပါ။ ဆရာတပည့်တွေကလည်း သယ်ပေးမယ်လို့ပြောလို့ပါဆရာ"

ပြန်ပြောလာတော့လည်း ကျွန်တော်က အားနာတတ်သူမို့ ခွင့်ပြုပေးလိုက်ပါတယ်။ သံမဏိပေပါတော့ ဟုတ်မယ်လို့ မထင်ပါဘူး။ သူ့စိတ်ထဲ သံမဏိပေပါလို့ ယုံကြည်နေတော့လည်း သယ်ပေါ့။

နားဖော့က စထွက်ကတည်းက အဆင်းပြီး အဆင်းတွေချည်းပါပဲ။ အဆင်းတွေကလည်း ပြေပြေမဟုတ်ဘဲ မတ်စောက်စောက်တွေပါ၊ အဆင်းတွေချည်းပဲမို့ စထွက်စမှာ သက်တောင့်သက်သာ ဖြစ်မယ်ထင်ထားတာ လုံးဝလွဲပါတယ်။ အမြန်ဆင်းလို့ မရပါဘူး။ အမြန်ဆင်းရင် ထိန်းမရဘဲ တောင်အောက်ဘက်ထိ ဒလိမ့်ခေါက်ကွေးကျသွားမှာပါ။ ဟန်ချက်ညီအောင်လည်း ခန္ဓာကိုယ်ကို နောက်လှန်ထားရပါတယ်။ ကျွန်တော်က တရုတ်ကင်းဘတ်အစိမ်းလည်တို (အဲဒီအချိန်က ဗကပဖိနပ်လို့ ခေါ်ကြပါတယ်)ကို စီးပါတယ်။

မတ်စောက်စောက်ဖြစ်လို့ အောက်ကို အရှိန်မလွန်အောင် တော်တော်ကို ထိန်းဆင်းရပါတယ်။ ထိန်းဆင်းတာမှာ စီးထားတဲ့ဖိနပ်တွေက မြေကြီးနဲ့ကပ်နေပေမယ့် ခြေထောက်တွေကတော့ တောင်ဆင်းမို့ ရှန်းထွက်ချင်သလို ဖြစ်နေတာကြောင့် ခြေချောင်းလေးတွေကို ကုတ်ထားပြီး အတော်ကို ထိန်းရပါတယ်။ ကြာလာတော့ ခြေချောင်းအားလုံးရဲ့ အပေါ်ပိုင်းအားလုံး ဖိနပ်ပေါက်ကုန်ပါတယ်။ ဖိနပ်ပေါက်တယ်ဆိုတာ အရည်ကြည်ဖုတွေဖြစ်လာတာပါ။ အတော်ကို နာပါ

တယ်။ ကျွန်တော်တင်မဟုတ်ပဲ တပ်မတော်သား အားလုံးလည်း ဒီအတိုင်းပါပဲ။ သနားစရာကောင်းတာက ဝန်ဆောင်တပ်သားတွေပါ။ သူတို့က ခြေညှပ်ဖိနပ်တွေနဲ့မို့ တောင်အဆင်းမှာ အရှိန်နဲ့ကျမသွားအောင်ထိန်းရတာ အတော်ကို ခက်ကြပါတယ်။ ဒီကြားထဲ ပစ္စည်းတွေ၊ ထမ်းပိုးရတာ၊ လူနာတွေ ထမ်းပိုးရတာတွေ ကြောင့်လည်း ပင်ပန်းဆင်းရဲကြပါတယ်။ တောင်ဆင်းမှာ အရှိန်ထိန်းနိုင်ဖို့ အထောက်အကူတွေရှာကြပါပြီ။ အထောက်အကူက အဝေးကြီးမှာမဟုတ်ပါဘူး။ လမ်းဘေးဝါးရုံတောတွေက ဝါးတွေခုတ် လေးပေခွဲ ငါးပေအရှည်တွေဖြတ်ပြီး တောင်ဝှေးလုပ်ကြတာပါ။ တပ်မတော်သားအချို့ရော ကျွန်တော့်ဝန်ထမ်းသုံးဦးစလုံးရော ဝန်ဆောင်တပ်သား အတော်များများရော တောင်ဝှေးတွေနဲ့ချည်းဖြစ်သွားကြပါတယ်။ အတော်ကြာတော့ ဝန်ဆောင်တပ်သားတစ်ဦးက…

"ဗိုလ်လေး ရော့…ဒါနဲ့မှ အဆင်ပြေမယ်"

ပြောပြီး ဝါးတောင်ဝှေးတစ်ချောင်း လာပေးပါတယ်။ တော်တော်ကို အဆင်ပြေသွားပါတယ်။ အရင်က ခန္ဓာကိုယ်ထိန်းညှိမှုကို ခြေထောက်ကြွက်သားတွေနဲ့ အားထည့်ထိန်းရပေမဲ့ အခုကျတော့ ဝါးတောင်ဝှေးလေးက အားစိုက်ထိန်းသိမ်းမှုအတွက် တစ်ဝက်လောက် ကူညီပေးသွားလို့ အတော်လေး သက်သာသွားပါတယ်။ ဒါပေမဲ့ ကျွန်တော်လမ်းလျှောက်ရင်းစဉ်းစားပါတယ်။ တပ်မတော်ကလူတွေက သူတို့မှကြံ့ခိုင်တာ။ အခြားဌာနကလူတွေက ပျော့ကြတယ်။ ပင်ပန်းဒဏ်ကို မခံနိုင်ကြဘူးလို့ ထင်နေကြတာ။ ငါတို့ အကျဉ်းဦးစီးဝန်ထမ်းတွေကိုလည်း ဒီအတိုင်းတွေးမှာပဲ။ အခုလို တောင်ဝှေးကိုင်ထားရင် ပိုလို့တောင်အထင်သေးဦးမယ်။ ငါတို့အကျဉ်းဦးစီးက လူတွေကလည်း တပ်မတော်သားတွေလို သန်စွမ်းမာကျောပြီး ပင်ပန်းမှုဒဏ်တွေကို ခံနိုင်ကြပါတယ်လို့ပြသနိုင်ရင် ဌာနကို အထင်သေးရဲမှာ မဟုတ်သလို ဌာနဂုဏ်သိက္ခာလည်း တက်လာမယ်လို့ တွေးမိတာပါ။

ကျွန်တော့်အတွေးတွေ ခိုင်မာသွားတဲ့အခါမှာတော့ လက်ထဲမှာရှိတဲ့ ဝါးတောင်ဝှေးကို အဝေးဆုံးကို လွှင့်ပစ်လိုက်ပါတယ်။ ဝါးတောင်ဝှေးမရှိတော့ပေမဲ့ ပထမဝါးတောင်ဝှေးမပါဘဲ အလွတ်လျှောက်တုန်းကလောက် မပင်ပန်းတော့ပါဘူး။ ဘာလဲဆိုတော့ စိတ်ဓာတ်ပြောင်းသွားလို့ပါ။ "ငါ့ဌာနအတွက်

ဂုဏ်သိက္ခာ ဆိုတဲ့ စိတ်ဓာတ် နှလုံးသားထဲရောက်သွားလို့ပါ။ ကျွန်တော့်ထက် ငယ်တဲ့ ရွယ်တူဖြစ်တဲ့ တပ်ကြပ်ကြီး၊ တပ်ကြပ်တွေ ဗိုလ်၊ ဗိုလ်ကြီး အချို့က…

"ထောင်မှူးလေး ဝါးလုံးလေးနဲ့ ထိန်းလျှောက်၊ သက်သာတယ်ဗျ"

လာပြောကြပေမဲ့ ကျွန်တော်က…

"ဒီလောက်ကတော့ အေးဆေးပါ၊ အားကစားသမားပါ၊ အခုထိလည်း ကစားနေတုန်းမို့ ဘယ်လိုမှမနေပါဘူး"

ခပ်တည်တည်ဘဲ ပြန်ပြောမိပါတယ်။ တကယ်ကတော့ ခြေထောက်တွေ နာလိုက်တာမှ ဆက်ကိုမသွားချင်တော့တာပါ။ ဟန်ကိုယ့်ဖို့ အနေအထားနဲ့သာ ပြောလိုက်ခြင်းဖြစ်ပါတယ်။ သူတို့လို စစ်သားက ဝါးတောင်ဝှေးကိုင်ကြပြီး ကျွန်တော့်လို အကျဉ်းဦးစီး အရာရှိငယ်တစ်ယောက်က ဝါးတောင်ဝှေးမကိုင်တဲ့ အပြင် ဒီလောက်ကတော့အပျော့ပါဆိုတဲ့ အနေအထားမို့ သူတို့အံ့သြသွားကြတဲ့ အပြင် ရှက်ရွံ့ရွံ့ အနေအထားတောင်ဖြစ်သွားတယ်လို့ ထင်မိပါတယ်။ (မိမိ အထင်ပါ)။

◆ ◆ ◆

( ၂၁ )

ကျွန်တော်တို့တွေ နားဖော့ကစထွက်လာကတည်းက နားရတယ်ဆိုတာ မရှိပါဘူး။ မနားတမ်း လမ်းလျှောက်နေကြရတာကြောင့် အားလုံး မောပန်းပြီး ချွေးတွေ ရွှဲနေကြပါတယ်။ နားဖော့ တောင်ပေါ်မှာတုန်းက ရာသီဥတုက အေးလွန်းလှပေမဲ့ တောင်အောက်ရောက်လာတာနဲ့ ရာသီဥတုက တစ်ဆစ်ချိုး ပြောင်းလဲသွားပါပြီ။ ပူလောင်အိုက်စပ်လို့ နေပါတော့တယ်။ ရေကလည်း မကြာမကြာသောက်ကြရတော့ ရေဘူးလေးတွေထဲက ရေတွေလည်း ကုန်သွား ကြပါတယ်။ ရေငတ်လာရင် ကျွဲခြေရာခွက်လေးထဲက ရေလည်း သောက်ကြ ရတာပဲလို့ ကြားဖူးပါတယ်။ အခုတော့ နဖူးတွေ့ဒူးတွေ့ ကိုယ်တိုင်တွေကြုံရပါပြီ။ တောထဲဆိုတော့ ကျွဲခြေရာခွက်၊ နွားခြေရာခွက်တော့ မတွေ့ပါဘူး။ တွေ့တဲ့ ချိုင့်ခွက်ထဲက ရေတွေကို သန့်လား မသန့်လား စဉ်းစားနေလို့ မရပါဘူး။

အာတွေ၊ လျှာတွေခြောက်ကပ်လာပြီး စကားပြောဖို့တောင် ခက်လာကြတော့လည်း နောင်မှနောင်ခါဈေး ရေတွေ့ရင် သောက်လိုက်ကြတဲ့သူချည်းပါပဲ။ ဒီကြားထဲ 'လား'ပေါ်မှာ အေးအေးဆေးဆေးလိုက်လာရတဲ့ ဝန်ဆောင်တပ်သား ကျော်အောင်ကလည်း ရေဆာတာမို့…

"ရေပေးပါဦး"

မကြာခဏ တောင်းနေတာကြောင့်…

"မင်းကတော့ ကံထူးတယ် ဇိမ်ပဲ၊ ငါတို့ကတော့ လမ်းလျှောက်နေရတယ်။ လမ်းလျှောက်တာတောင် အလွတ်မလျှောက်ရဘူး။ အထုပ်အပိုးတွေက ပါသေးတယ်။ မင်းက လားပေါ်မှာ ငြိမ့်ငြိမ့်လေးနဲ့ ခြေထောက်မြေမထိ ကြွမြန်းနေရတယ်။ ဒီကြားထဲ ရေကဆာတော့ ငါတို့က ရှာပေးရသေးတယ်"

လို့ အချို့က ပြောကြပါတယ်။ မလိုတဲ့သဘောမျိုးမဟုတ်ဘဲ နောက်နောက်ပြောင်ပြောင် ပြောကြတာပါ။

"နေမကောင်းလို့ပါကွာ၊ အားနာပါတယ်။ ဖြစ်နိုင်ရင် ငါလည်းပဲ လမ်းလျှောက်ချင်တာပါ"

ပြန်ပြောရှာပါတယ်။ တကယ်တော့ လားပေါ်က လိုက်ရတာမို့ ဇိမ်ကျမယ် ထင်နေကြတာပါ။ တကယ်က ဇိမ်မကျပါဘူး။ လားပေါ်မှာက ဆင်တွေမှာလို ပုခက်ပါတာမဟုတ်ပါဘူး။ နောက်ပြီး သူတစ်ယောက်တည်း သီးသန့်လိုက်ရတာမဟုတ်ဘဲ အခြားပစ္စည်းတွေကိုလည်း တင်ထားရတာမို့ သူထိုင်ရတဲ့နေရာလေးက ကျဉ်းမြောင်းလှပါတယ်။ ဟိုလှုပ်ဒီလှုပ်တောင် လုပ်လို့မရပါဘူး။ နောက်ပြီး မြေပြင်ညီမှာသွားနေတာမဟုတ်ဘဲ တောင်ဆင်းမတ်မတ်မို့ တစောင်းချည်း ဖြစ်နေတာကြောင့် လိမ့်မကျအောင် လားမှာချည်ထားတဲ့ ကြိုးတွေထဲက ဟိုကြိုးကိုင်လိုက်၊ ဒီကြိုးကိုင်လိုက်၊ ဟိုအထုပ်ကိုင်လိုက်၊ ဒီအထုပ်ကိုင်လိုက်နဲ့ ပင်ပန်းလှပါတယ်။ ဒီကြားထဲ…

"အောင်ကျော်ရေ 'လား'စီးလို့ကောင်းလား"

ရယ်ရွှန်း၊ ဖတ်ရွှန်း ဟိုလူက မေးလိုက်၊ ဒီလူကမေးလိုက်နဲ့ 'စ'နေကြတာကလည်း ရှိတော့ ရယ်ကျဲကျဲနဲ့ ဖြေနေရပါသေးတယ်။

"စီးလို့ကောင်းတယ်"

ပြောလည်း ရယ်ကြ။

"စီးလို့မကောင်းဘူး"

ပြောလည်းရယ်ကြ ပင်ပန်းတဲ့ကြားက ရယ်ပြုံးစရာလေးတွေ ဖြစ်နေတာမို့ အမောပြေရပါတယ်။ လူထမ်းအလဲအလှယ်နဲ့ သယ်ဆောင်လာခဲ့ရတဲ့ ဝန်ဆောင်တပ်သားတင်ညိုကတော့ စထွက်လာကတည်းက ညည်းညူလာတာမို့ လမ်းတစ်လျှောက် အားပေးလာရသူပါ။ လူတိုင်းကလည်း အားပေးကြပါတယ်။ ကျွန်တော်ကလည်း...

"တင်ညိုကြီး အားတင်းထားရောက်တော့မယ်ကွ၊ မနက်ဖြန်ဆိုရောက်ပြီ"

ပြောပြီး ယာဘက်လက်မလေးကို မတ်မတ်လေး ထောင်ပြလိုက်ပါတယ်။ သူက အားမရှိတဲ့အနေအထားမို့ ကျွန်တော့်ကိုပဲကြည့်နေပြီး ဘာမှ ပြန်မပြောပါဘူး။ ဦးခေါင်းလေးကိုတော့ ညိတ်ပြရှာပါတယ်။

"တင်ညို မင်းကလည်းကွာ၊ ပြန်နေကြပြီလေ၊ ပျော်ပျော်နေစမ်းပါကွ၊ လက်မလေး ပြန်ထောင်ပြပါလားကွာ"

ဆိုတော့ သူ့ရဲ့ယာဘက်လက်မလေးကို အားပျော့ပျော့လေးနဲ့ ထောင်ပြပါတယ်။ အားတွေမပါ မာန်တွေမပါတာမို့ သူ့ရဲ့ အနေအထားအတွက် စိတ်မကောင်းဖြစ်ရပါတယ်။ လမ်းလျှောက်ရင်း မိုးကလည်း မထင်မှတ်ဘဲ ရွာချလိုက်ပါသေးတယ်။ ဝန်ဆောင်တပ်သားတစ်ယောက် ဘယ်သူက ထီးပါမှာလဲ၊ မိုးကာပါမှလဲ၊ စိုချင်သလောက်စို ဆက်လျှောက်ပေါ့။ အချို့ကတော့ အဆိုတော်ကိုင်ဇာရဲ့သီချင်းကို အော်ဆိုနေပါတယ်။

"မိုးရွာရင် မိုးရေချိုးမယ်၊ မေမေလာရင်နို့စို့မယ်၊ ဖေဖေလာရင် အုန်းသီးခွဲစားမယ်"

တစ်ယောက်က ဝင်နောက်ပါတယ်။

"ဟိတ်ကောင် မိုးရေပဲဝအောင် ချိုးပါကွာ၊ မင်းအမေလည်း မလာနိုင်ဘူး၊ မင်းအဖေလည်း မလာနိုင်ဘူးကွာ"

မိုးကတော့ ခဏရွာတာပါ။ ဒါပေမဲ့ လူတိုင်းစိုသွားကြပါတယ်။ တစ်မျိုးတော့လည်း ကောင်းပါတယ်။ ပင်ပန်းနေတာတွေ မိုးရေလေးထိလိုက်တော့ လန်းဆန်းသွားကြတာပေါ့။ နေမကောင်းတဲ့ ဝန်ဆောင်တပ်သားတင်ညိုအတွက်တော့ စိတ်မကောင်းဖြစ်မိပါတယ်။ အားပေးစကားကလွဲလို့ ဘာမှတော့လုပ်မပေးနိုင်ပါဘူး။ ၁၃း၀၀ နာရီခန့်မှာတော့ ရေချောင်းတစ်ခုကို ရောက်ပါတယ်။

ထမင်းစားမယ်လို့ ဆရာကြီးတစ်ယောက်က အော်ပြောလို့ ထမင်းစားဖို့ ပြင်ကြရပါတယ်။ တပ်မတော်သားတွေကတော့ သူတို့မှာပါတဲ့ ဟန်းကောချိုင့်လေးတွေဖွင့်ပြီး စားနေပါပြီ။ ဘာဟင်းတွေနဲ့ စားကြလဲတော့မသိပါ။

ကျွန်တော်တို့ကတော့ သူတို့လိုချက်ချင်းစားလို့ မရနိုင်ပါဘူး။ ထမင်းဟင်းဝေလို့ကောင်းမဲ့ နေရာလေးကိုရွေး ထမင်းပုံးချ၊ ပဲဟင်းပုံးချ၊ ငပိကြော်ပုံးလေးချ၊ ဝန်ဆောင်တပ်သားတွေ တန်းစီပြီးမှ ဝေငှရပါတယ်။ အဲလိုဝေငှနေတုန်းမှာပဲ တပ်မတော်သားအကုန်နီးပါးက စားပြီးကြလို့ ဆေးကြောနေကြပါပြီ။ မြန်မြန်စားတတ်တဲ့အကျင့်က ခိုင်မာနေကြပါတယ်။ ဝန်ဆောင်တပ်သားတွေကို ဝေပြီးတာနဲ့ ကျွန်တော်လည်း စားဖို့ပြင်ပါတယ်။ ကျွန်တော်စားဖို့အတွက် ဝန်ဆောင်တပ်သား သုံး၊ လေးယောက်နဲ့ တပ်သားအေးသိန်းက နေရာထိုင်ခင်းပြင်ဖို့လုပ်ပါတယ်။ ကျွန်တော်က…

"ဘာတွေ ညာတွေလုပ်မနေနဲ့ကွာ၊ ပေး…ပန်းကန်၊ ထည့်…ထမင်းလောင်းထည့်…ပဲဟင်း၊ ပုံလိုက်…ငပိကြော်"

ပြီးတာနဲ့ ရေချောင်းထဲကရေနဲ့ လက်ဆေး၊ ရေချောင်းဘေးက ကျောက်တုံးလေးတစ်ခုပေါ်ထိုင်ပြီး မြန်မြန်စားလိုက်ပါတယ်။ လည်ပင်းနင်တော့လည်းဘေးမှာချောင်းရေက စီးနေတာ လက်ခုပ်လေးနဲ့ ရေကိုယူပြီး သောက်လိုက်တယ်။ ကိစ္စဝိစ္စ အနည်းဆုံးဖြစ်အောင် သူများကမိမိကို မကူညီရအောင် ဆောင်ရွက်လိုက်ရတာကိုပဲ ကျေနပ်နေမိပါတယ်။

အဲဒီအချိန်မှာ ဒုတပ်ကြပ်ခင်မောင်ထွန်းက ပန်းကန်သေချာဆေးခိုင်း၊ ပဲဟင်းကို ပန်းကန်တစ်ခုနဲ့ ငပိကြော်ကို ပန်းကန်တစ်ခုနဲ့ လက်ဆေးခွက်ကတစ်ခု၊ ထိုင်ဖို့ ပလတ်စတစ်စတစ်ခုကို ခင်းခိုင်းနဲ့မို့ ဝေယျာဝစ္စ တော်တော် များလုပါတယ်။ အခြေအနေအချိန်အခါကို နားမလည်ပါဘူး။ အကျင့်ဆိုးပါနေတာပါ။ စားတော့မယ်ဆိုတော့လည်း ဝန်ဆောင်တပ်သားနှစ်ဦး၊ သုံးဦးလောက်က ဘေးမှာဝန်းရံလို့ပေါ့။ အဲလိုလုပ်နေတာ ခင်ဗျားက အရာရှိပဲပြောပါလားလို့ စာဖတ်သူများက ပြောချင်ကြမှာသေချာပါတယ်။ ကျွန်တော်ကအားနာကြီးပါတယ်။ ပြောချင်ပေမဲ့ မပြောဖြစ်ခဲ့ပါဘူး။ တကယ်တော့ ကျွန်တော်က အရာရှိကောင်းထဲမှာမပါပါဘူး။ လိုအပ်ချက်တွေများသော ခပ်ညံ့ညံ့အရာရှိတစ်ဦးပါ။ ဒုတပ်ကြပ်

ခင်မောင်ထွန်း စစားနေစဉ်မှာ ကျွန်တော်က စားလို့ပြီးသွားပါပြီ။ လက်ကိုလည်း ချောင်းရေနဲ့ ဆေးလိုက်ပါတယ်။ လက်ရေစိုနေတာကိုလည်း ဘာလက်သုတ်ဝတ်မှ တောင်းမနေပါဘူး။ သူ့ဘာသာ ခြောက်သွားမှာပေါ့။ ခဏအတွင်းလေးမှာပဲ…

"ဆက်ထွက်မယ်"

အော်သံ ကြားလိုက်ရပါတယ်။ ကျွန်တော်ကတော့ အရန်သင့်ပါပဲ။ ဒုတပ်ကြပ်ခင်မောင်ထွန်းက ဘယ်လိုလုပ်ပြီးဦးမှာလဲ။ စားလို့ လေးပုံတစ်ပုံလောက်ပဲရှိဦးမှာပေါ့။ အားလုံး စထွက်နေကြတဲ့အချိန်မှာ ဒုတပ်ကြပ်ခင်မောင်ထွန်းတို့က သိမ်းတုန်း၊ ဆည်းတုန်းပါ။ ဒီတော့ တပ်မတော်က ဒုတပ်ကြပ်တစ်ယောက်က ခပ်ကြမ်းကြမ်း ဆဲလိုက်သံကို ကြားလိုက်ရပါတယ်။ ဆဲတာက ကြမ်းကြမ်းမို့ စိတ်လည်းတို၊ စိတ်လည်းမကောင်းဖြစ်ရပေမဲ့ ကျွန်တော့်ဝန်ထမ်းဘက်က မှားနေတာမို့ ဘာမှ မပြောတော့ပါဘူး။ ဒုတပ်ကြပ်ခင်မောင်ထွန်းကလည်း သဘောပေါက်သွားပြီး အမြန်ဆုံး လက်စသတ်လိုက်တာကို တွေ့ရပါတယ်။ စတင်ထွက်ခွာကြပါပြီ။ ကျွန်တော်တို့အားလုံး မိုးရေတွေ စိုနေတာတွေလည်း ပြန်ခြောက်ကုန်ပါတယ်။ ခရီးဆက်ကြရပြန်ပြီပေါ့။

◆ ◆ ◆

## ( ၂၂ )

ဆက်သာ ထွက်လာရတယ်။ အားလုံးက ပင်ပန်းနွမ်းနယ်နေကြတာမို့ ဆက်မထွက်ချင်သေးပါဘူး။ ရေချောင်းလေးဘေးမှာပဲ ခြေပစ်လက်ပစ် အိပ်ပစ်လိုက်ပြီး နားချင်နေကြသေးတာပါ။ ဆက်ထွက်တဲ့ခရီးလမ်းမှာလည်း တောင်ဆင်းတွေချည်းပါ။ မပြီးဆုံးနိုင်တဲ့ တောင်ဆင်းတွေပါလားလို့ တွေးမိပါတယ်။ တောင်အဆင်းက တောင်အတက်ထက်ခက်တယ်လို့ ကြားဖူးတုန်းက မယုံပါဘူး။ အဆင်းဆိုမှတော့ လွယ်လွယ်ကူကူ ပိုဖြစ်မှာပေါ့လို့ပဲ တွေးခဲ့မိပါတယ်။ တကယ်လက်တွေ့မှာတော့ အဆင်းက ခန္ဓာကိုယ်ကို မယိုင်အောင်ထိန်းသိမ်းရတာကြောင့် အင်အားတွေ ပိုပြီးအသုံးပြုရတာမို့ ပိုလို့ခက်တယ်ဆိုတာ လက်ခံ ယုံကြည်လိုက်ရပါပြီ။ ကျွန်တော့်မှာ လေးလေးပင်ပင်ရှိတဲ့ ဘာပစ္စည်းမှမပါပဲ လက်ဆွဲအိတ်

လေးတစ်ခုနဲ့ လမ်းလျှောက်ရတာတောင် မလွယ်ဘူးဆိုမှတော့ အထုပ်အပိုး ကိုယ်စီနဲ့ ဝန်ဆောင်တပ်သားတွေ၊ စစ်ဆင်ရေးဝန်ထမ်းတွေ၊ ကျောပိုးအိတ်၊ သေနတ်၊ ခဲယမ်းတွေနဲ့ တပ်မတော်သားတွေကတော့ ပိုလို့ ပင်ပန်းခက်ခဲကြ ပါတယ်။

တစ်နေရာမှာတော့ ကိုက် ၁၀၀၊ ကိုက် ၂၀၀ လောက်ကျယ်မဲ့ ချောင်း တစ်ခုကို ဖြတ်ရပြန်ပါတယ်။ ချောင်းက ရွာတစ်ရွာနဲ့ ကပ်နေတော့ ရွာသူ ရွာသားတွေ၊ ကလေးတွေက ကျွန်တော်တို့အဖွဲ့ကို ဝိုင်းကြည့်ကြပါတယ်။ တပ်မတော်သားတွေကတော့ သူတို့အတွက် မဆန်းလှပါဘူး။ တပ်မတော်သား တွေက ဒီရွာကို မကြာခဏ ဖြတ်သန်းဖူးနေမှာပါ။ ဝန်ဆောင်တပ်သား (အင်္ကျီပြာ၊ ဘောင်းဘီပြာနဲ့ ရဲဘက်တွေ)ကိုတော့ အခုမှမြင်ဖူးကြတာမို့ ဆန်းပြားလို့နေကြ ပါတယ်။

ချောင်းကိုစဖြတ်တော့ တပ်မတော်သားတွေ၊ ဝန်ဆောင်တပ်သားတွေနဲ့ ကျွန်တော်တို့ကတော့ ဘောင်းဘီတွေနဲ့မို့ စိုလည်းစိုပစေ ဒီအတိုင်းပဲ ဖြတ်ကူးကြ ရပါတယ်။ စစ်ဆင်ရေးဝန်ထမ်း (ပေါ်တာ) အချို့ကတော့ ပုဆိုးနဲ့မို့ သူတို့ပုဆိုး လေးတွေ ရေမစိုအောင် ရေနဲ့လွတ်အောင် မ,ကာ မ,ကာနဲ့ ကူးကြပါတယ်။ ရေကခြေသလုံးမှာဆိုရင် ပုဆိုးကဒူးအထိ ရေကဒူးလောက်ရောက်တော့ ပုဆိုး က ပေါင်လည်ထိ၊ ရေက ပေါင်လယ်ထိ ရောက်လာတော့ ပုဆိုးက ပေါင်ရင်းထိ မ,မလာခဲ့တာ ရေက ရင်ဘတ်နားထိ ရောက်လာတော့ ပုဆိုးကို ခေါင်းမှာ ပတ်ထားလိုက်ရပါပြီ။ အဲလို ပုဆိုးကို တဖြည်းဖြည်း မ,မ လာရတာကို ချောင်းဘေးမှာ ကြည့်နေကြသူအားလုံးက တဝါးဝါး တဟားဟား ဖြစ်နေကြ ပါတယ်။ အော်ဟစ်ပြောပြီး ရယ်နေကြသူတွေလည်းရှိပေမဲ့ ရှမ်းလူမျိုး၊ ကချင် လူမျိုးတစ်ခုခုဖြစ်မယ် ထင်ပါတယ်။ ဘာတွေ အော်ပြောတယ်ဆိုတာတော့ မသိခဲ့ပါဘူး။

ချောင်းကိုဖြတ်ပြီးတော့လည်း နားလို့မဖြစ်လို့ ဆက်လျှောက်ကြရပြန်ပါ တယ်။ နေပူထဲမှာ ဆက်လျှောက်ကြတာ ၂ နာရီလောက်ကြာတော့ စိုထားတဲ့ အဝတ်အထည်တွေ ခြောက်သွေ့သွားပါတယ်။ အဲဒီလိုပဲ မိုးစိုလိုက် ပြန်ခြောက် လိုက်၊ ချောင်းရေစိုလိုက် ပြန်ခြောက်လိုက်နဲ့ ခရီးကြမ်းကြမ်းကို အတွေ့အကြုံသစ် အဖြစ် ဆုံတွေ့လိုက်ရပါတယ်။ ခရီးကြမ်းမှာ ဝန်ဆောင်တပ်သားတင်ညိုကတော့

သနားစရာပါ။ လမ်းမလျှောက်ရပေမဲ့ ပူလိုက်၊ အေးလိုက်မို့ စထွက်လာကာစ လောက် မလန်းတော့ပါဘူး။ အားလုံးက အားပေးနေကြပေမဲ့ မျက်တောင်လေး ခတ်ပြီးတော့ပဲ တုံ့ပြန်နိုင်ပါတော့တယ်။ 'နင်ကတောင်' ရွာပျက်အရောက် ၁၇း၀၀ နာရီခန့်မှာတော့ ဝန်ဆောင်တပ်သားတင်ညို သေဆုံးကြောင်း တပ်မတော်ဆေး အဖွဲ့က အတည်ပြုလိုက်ပါပြီ။ အားလုံးစိတ်မကောင်းဖြစ်ကြပါတယ်။ ဘာလုပ် မလဲဆိုတာ စောင့်ကြည့်နေတုန်းမှာပဲ ဆက်ထွက်မယ်ဆိုတဲ့ အမိန့်ထွက်လာပါ တယ်။

ကျွန်တော်က တပ်မတော်အရာရှိတွေနဲ့ တွေ့လိုက်ပါတယ်။ ကျွန်တော်တို့ အဖွဲ့ကို တာဝန်ယူခေါ်လာတာက တပ်တစ်ခုထဲ မဟုတ်ပါဘူး။ သူ့အပိုင် ကိုယ့်အပိုင် နယ်မြေတွေခွဲထားတယ်လို့ထင်ပါတယ်။ တပ်တစ်တပ်နဲ့တစ်တပ် ချိန်းချိန်းသွားတာပါ။ အဲဒါတွေက ကျွန်တော့်အလုပ်မဟုတ်လို့ မစပ်စုခဲ့ပါဘူး။ ဒီတော့ အရာရှိနာမည်တွေလည်း မသိနိုင်တော့ပါဘူး။ သူတို့ကလည်း ကျွန်တော် တို့ကို အရေးတယူမိတ်ဆက်ပြီး အာလာပသလ္လာပတွေပြောနေချိန် မရနိုင်ကြ ဘူးလေ။

"သေဆုံးဝန်ဆောင်တပ်သားကို ဘယ်လိုလုပ်မလဲ ခင်ဗျ"

"ဒီအတိုင်းပဲထားခဲ့မှာပါ"

"ဒီအတိုင်းထားခဲ့လို့တော့ မကောင်းဘူး ထင်ပါတယ်။ မြေမြှုပ်သင်္ဂြိုဟ် ခဲ့သင့်ပါတယ်"

"ထောင်မှူးပြောတာ မှန်ပါတယ်။ ကျွန်တော်တို့ ဒီအလုပ်လုပ်နေရင် သတ်မှတ်ချိန်အတွင်း မရောက်နိုင်ဖြစ်မယ်၊ ခဏနေမှောင်တော့မယ်၊ မှောင် သွားရင် လမ်းခရီးအတွက် ပိုပြီးစိုးရိမ်ရလိမ့်မယ်။ ရှေ့ရွာရောက်ရင် ရွာလူကြီးကို ပြောပြီး မြေမြှုပ်သင်္ဂြိုဟ်ပေးဖို့ သေချာပြောခဲ့မှာပါ၊ မစိုးရိမ်ပါနဲ့"

တပ်မတော်အရာရှိပြောတာကလည်း သဘာဝကျပါတယ်။ တပ်မတော် သားပီပီ လိုရင်းကို တိုတိုရှင်းရှင်းပြောပြီးတာနဲ့ ဆက်လက်ချီတက်ကြပါတယ်။ ကျွန်တော်လိုက်မသွားပါဘူး။ ဝန်ဆောင်တပ်သား(အကျဉ်းသား)လည်း လူသား တစ်ယောက်ပါ။ ကျွန်တော်လည်းလူသားပါ။ လူသားကျင့်ဝတ်တွေ ကျေကြဖို့ လိုပါမယ်။ လူသားမှာတောင်မှ သူကထောင်ကျအကျဉ်းသား၊ အခု သေဆုံးချိန် မှာ သူ့ရဲ့ပြစ်ဒဏ်က မပြီးသေးပဲ ကျန်နေပါသေးတယ်။ ဗုဒ္ဓဘာသာဝင်တွေရဲ့

အယူအရ အကြွေးဆိုတာ ကျေအောင်ဆပ်ရတယ်။ ဒီဘဝမကျေခဲ့ရင် နောင်ဘဝထိ ဆပ်ကြရတယ်လို့ ပြောကြပါတယ်။ သေဆုံးဝန်ဆောင်တပ်သားကို အမိန့်မပြန်မိခဲ့လို့ သူ့မှာပြစ်ဒဏ်ကျန်နေသေးတယ်လို့ အစွဲများရှိသွားခဲ့ရင် သူ့ရဲ့ ဝိညာဉ်က လွတ်လပ်စွာမသွားနိုင်ဘဲ ကျွန်တော်တို့နဲ့အတူ လိုက်လာပြီး ဝန်ဆောင်တပ်ရင်း ဆူးကြိုးဝင်းထဲမှာရှိနေရဦးမှာကို စိုးပါတယ်။

ဒီတော့ ကျွန်တော်က သူ့အတွက်ဘာလုပ်ပေးနိုင်သလဲ၊ ဘာကူညီနိုင်သလဲ၊ ဘာလုပ်ပေးသင့်သလဲ၊ အိတ်ထဲက တစ်ပြားမှမစိုက်ထုတ်ရဘဲ လုပ်ပေးနိုင်တာ၊ ကူညီနိုင်တာ လုပ်ပေးသင့်တာရှိတာပေါ့။ ဒါကြောင့် ကျွန်တော်လွယ်ထားတဲ့ စာရွက်စာတမ်းတွေထဲက စာရွက်အလွတ်တစ်ရွက်ကိုထုတ်ပြီး အမိန့်ပြန်တမ်းတစ်ခုကို အောက်ဖော်ပြပါအတိုင်း ခပ်မြန်မြန် လေးချရေးလိုက်ပါတယ်။ ကျွန်တော် မှတ်မိနေတာမို့ အနီးစပ်ဆုံးဖြစ်ပါလိမ့်မယ်။

အကျဉ်းဦးစီးဌာန မြစ်ကြီးနားဒေသဝန်ဆောင်တပ်ရင်း

ခေတ္တ-ပါဂျို-နားဖော့ဒေသ

အမိန့်အမှတ် ၁/၁၉၉၃ (မိန့်-၂) ၁၉၉၃ ခုနှစ်မေလ (၁၂) ရက်

(၁) ဝန်ဆောင်တပ်သားအမှတ်×××××/စီတင်ညို(ဘ)××××သိစေရန် ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

(၂) သင်သည် ပြစ်ဒဏ်ကျခံနေစဉ်အတွင်း ပါဂျို-နားဖော့ဒေသတွင် တပ်မတော်သားများနှင့်အတူ နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်ခဲ့သည့်အတွက် သင့်အားအသိအမှတ်ပြု ဂုဏ်ပြုအပ်ပါသည်။

(၃) သို့သော် သင်သည် ယနေ့ ၁၂-၅-၂၀၁၈ ရက်နေ့တွင် (၉၆)ပါး သောရောဂါဖြင့် ဘဝတစ်ပါးသို့ ရောက်ရှိသွားပြီဖြစ်ပါသည်။

(၄) သို့ဖြစ်၍ သင်၏ကျန်ရှိသော ပြစ်ဒဏ်များကို လျှော့ပေါ့၍ ယနေ့ သင့်အား လွတ်ပေးလိုက်ပြီဖြစ်သောကြောင့် အကျဉ်းထောင်နှင့် ပတ်သက်မှု လုံးဝမရှိတော့ပါ၍ သင်သွားလိုရာသို့ လွပ်လပ်စွာ သွားနိုင်ပြီဖြစ်ကြောင်း ဝမ်းနည်းစွာဖြင့် အသိပေးထုတ်ပြန်လိုက်သည်။

(၅) သင်ကောင်းရာသုဂတိသို့လားပါစေကြောင်း ဆန္ဒပြုလိုက်သည်။

ပုံ×××××××

တပ်ရင်းတာဝန်ခံအရာရှိ(ကိုယ်စား)

က-၂၈၈၄ ထောင်မှူးခင်မောင်ထွန်း

အမိန့်စာလေးကို ဝန်ဆောင်တပ်သား တင်ညိုရဲ့ အနီးလေးမှာရေးနေတာပါ။ ကျွန်တော် လုပ်ပေးသင့်တယ်လို့ ခံယူမိလို့သာ ရေးနေမိပေမယ့် ကြောက်နေမိပါတယ်။ ရှေ့ပိုင်းမှာရေးခဲ့ဖူးပါတယ်။ ကျွန်တော်က ငယ်ငယ်ကတည်းက သရဲကြောက်တတ်တဲ့အကြောင်းပါ။ ကျွန်တော် အမိန့်စာရေးနေတုန်းမှာပဲ တပ်မတော်သားတွေရော၊ ကျွန်တော့်ဝန်ထမ်းတွေရော၊ ဝန်ဆောင်တပ်သားတွေရော မမြင်ရတော့ပါဘူး။ တပ်မတော်သားတွေနဲ့အတူ အမီလိုက်ရတာဆိုတော့ တအားမြန်ကြပါတယ်။

တိတ်ဆိတ်နေတဲ့ တောကြီးထဲမှာ ကျွန်တော်နဲ့ ရုပ်အလောင်းတစ်ခုပဲရှိနေတာကို မကြောက်မလန့်ရှိမနေပါဘူး။ ကြောက်လန့်နေမိတာပါ။ နည်းနည်းမဟုတ်ဘဲ များများကြောက်လန့်နေတာပါ။ အမိန့်စာလေးရေးပြီးတာနဲ့ ရုပ်အလောင်းပေါ် တင်ထားခဲ့ဖို့ ရည်ရွယ်ပေမဲ့ ပို့မယ့်ပို့ ကူးတို့ရောက်အောင်ပို့ဆိုတဲ့အတိုင်း ရုပ်အလောင်းခေါင်းဘက်မှာ ရပ်ပြီး အမိန့်ပါ စာသားအားလုံးကို အစအဆုံး အသံမှန်မှန်နဲ့ဖတ်လိုက်ပါတယ်။ ဖတ်အပြီးမှာတော့ အမိန့်စာလေးကို တင်ညိုရဲ့ ရင်ဘတ်ပေါ်တင်ပေးပြီး အပြေးထွက်ခဲ့ပါတော့တယ်။ မီတာ ၁၀၀ ပြေးတဲ့ နှုန်းမျိုးနဲ့ပြေးခဲ့တာပါ။ နောက်ဘက်ကို တစ်ချက်လေးတောင် ပြန်လှည့်မကြည့်ခဲ့မိပါဘူး။ နောက်ကျတဲ့ ခြေထောက်သစ္စာဖောက်ပေါ့။

အပြေးသာထွက်လာခဲ့ရတယ်။ တပ်မတော်သားတွေနဲ့ ကျွန်တော့်အဖွဲ့တွေ ဘယ်နား ရောက်နေတယ်ဆိုတာ မျှော်ကြည့်တော့ လုံးဝမမြင်ရတော့ပါဘူး။ ဒီတော့ ပိုတောင် ကြောက်လန့်စိတ် ဖြစ်သွားပြီး ပြေးနှုန်းကို ပိုတင်လိုက်ပါတယ်။ ပြေးနေရင်းနဲ့ တင်ညိုများ လှမ်းဆွဲလိုက်လေမလားလို့လည်း ကလေးတွေးတွေးမိလိုက်ပါသေးတယ်။

အဲဒီအချိန်မှာ သစ်ကိုင်းတစ်ခုခုနဲ့များ ကျွန်တော့်ရဲ့ အိတ်၊ အင်္ကျီ၊ ဦးထုပ်တစ်ခုခုကိုများ ချိတ်မိလိုက်လို့ကတော့ လိပ်ပြာလွင့်သွားမလား တောင်မသိပါဘူး။ ၁၀ မိနစ်လောက် ပြေးမိတော့မှ ရှေ့ကသွားနေတဲ့ လူအုပ်ကြီးကို ရေးရေးမြင်ရပါတော့တယ်။ အားတက်သွားပါပြီ။ ကြောက်လန့်စိတ်လည်း လျော့သွားပါပြီ။ နောက် ၁၀ မိနစ်လောက် မနားတမ်းပြေးတော့မှမီပါတော့တယ်။ အဲဒီကာလက ကျွန်တော့်အသက်က ၃၄၊ ဘော်လီဘောလည်း ကစားနေဆဲမို့

သက်လုံက လည်းကောင်း ကြံ့ခိုင်မှုကလည်း ဝွတ်ရှယ်၊ ပင်ပန်းတယ်တောင် မထင်လိုက် ပါဘူး။ ပေါ့ပေါ့ပါးပါးပါပဲ။

တပ်မတော်သားအချို့က ကျွန်တော့်ကို မေးပါတယ်။

"ထောင်မှူး ကြာလှချည်လား"

ကျွန်တော်က အမိန့်ပြန်တမ်းရေးတာ၊ အမိန့်ပြန်တမ်းဖတ်ပြနေတာ၊ အမိန့်ပြန်တမ်းကို သေဆုံးသူရဲ့ ရင်ဘတ်ပေါ်တင်ပေးခဲ့တာတွေပြောပြတော့ အံ့ဩနေကြပါတယ်။ တစ်ယောက်က ထပ်မေးပါတယ်။

"အကျဉ်းသားတစ်ယောက် သေဆုံးရင် သူ့ရဲ့ဝိညာဉ်ကို ဆက်ချုပ်ထားရတာမို့လား၊ ဘာလို့ အမိန့်ပြန်တမ်းဖတ်ခဲ့တာလဲ"

ဒီမေးခွန်းကို အခုထိ အချို့တော်တော်များများကလည်း မေးနေကြတုန်းပါပဲ။ စိတ်ဝင်စားကြပါတယ်။

"အေးဗျာ၊ ခင်ဗျားမေးသလိုမျိုး လူတော်တော်များများက မေးကြပါတယ်၊ သေဆုံးကြတဲ့ အကျဉ်းသားတွေဟာ မလွတ်မြောက်ကြသေးတဲ့အတွက် ဝိညာဉ်ကို ဆက်ချုပ်ထားတယ်ဆိုတာ လုံးဝ မဟုတ်ပါဘူး၊ သေဆုံးအကျဉ်းသားတိုင်းကို သင်သွားလိုရာ သွားနိုင်ပြီဖြစ်ကြောင်း အမိန့်ပြန်ပေးပါတယ်၊ အမိန့်ပြန်တမ်းကိုလည်း ခေါင်းထဲထည့်ပေးလိုက်ပါတယ်၊ အချို့ကျတော့လည်း အမိန့်မပြန်တော့ဘဲ အမိန့်ပြန်တမ်းကိုသာ ထည့်ပေးလိုက်တာမျိုးလည်းရှိပါတယ်၊ နောက်ပြီး သေဆုံးတဲ့အကျဉ်းသားတိုင်းအတွက် လွတ်လက်မှတ်ကိုပါ စနစ်တကျရေးပြီး ခေါင်းထဲကို မပျက်မကွက် ထည့်ပေးလေ့ရှိကြပါတယ်၊ အမိန့်ပြန်တယ် လွတ်လက်မှတ်ထည့်ပေးတယ်ဆိုကတည်းက သူ့ရဲ့ကျန်နေသေးတဲ့ပြစ်ဒဏ်တွေ ပြီးဆုံးသွားတာမို့ သူ့ရဲ့ဝိညာဉ်ဟာ လွပ်လပ်စွာ သွားလာခွင့်ရရှိသွားပါပြီ၊ ဒါပေမဲ့ မမြင်နိုင်၊ မသိနိုင်တဲ့ ဆန်းကြယ်တဲ့ကိစ္စရပ်တွေရှိနေတာမို့ တကယ်ပဲ လွပ်လွပ်လပ်လပ် ထွက်သွားကြသလား၊ လွတ်ရက်မစေ့သေးတာကိုအစွဲကြီးပြီး ထောင်အုတ်ရိုးထဲက မထွက်နိုင်သေးဘဲ ရှိနေကြသေးလားဆိုတာတော့ မသိဘူး ပေါ့ဗျာ"

လို့ ရှင်းရှင်းလင်းလင်းဖြစ်သွားအောင် ရှည်ရှည်ဝေးဝေး ရှင်းပြလိုက်ပါတယ်။ စထွက်လာတုန်းက ၈၇ ယောက် ဝန်ဆောင်တပ်သားတင်ညိုက ကွယ်လွန် သွားရှာပြီမို့ ၈၆ ယောက်သာကျန်ပါတော့တယ်။ တင်ညိုမရှိတော့ တင်ညို

ကို အလှည့်ကျထမ်းကြရသူတွေ သက်သာသွားကြပါတယ်။ ကျွန်တော်က မေးကြည့်မိပါတယ်။ ဘယ်လိုဖြေကြမလဲဆိုတာ သိချင်လို့ပါ။

"တင်ညှိကို မထမ်းရတော့တာမို့ ခင်ဗျားတို့ သက်သာသွားကြပြီပေါ့နော်"

"သက်သာသွားတာ မှန်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ မသက်သာချင်ပါဘူး။ ပင်ပင်ပန်းပန်းနဲ့ ဝန်ဆောင်တပ်ရင်း ထိရောက်အောင်ဆက်ပြီး ထမ်းချင်နေကြပါတယ် ဗိုလ်လေး"

ဝမ်းနည်းတဲ့ အသံများနဲ့ ဖြေကြတာမို့ စိတ်မကောင်းတဲ့ကြားက ကျေနပ်မိပါတယ်။ ဒါဟာ လူသားချင်း ဘဝတူချင်း ရဲဘော် ရဲဘက်ချင်းတွေမှာရှိတတ်ကြတဲ့ သံယောဇဉ်တရားတွေ မေတ္တာတရားတွေရဲ့ ပြယုဂ်တစ်ခုပါပဲ။ ၁၈း၃၀ နာရီမှာတော့ 'ကန်တော်ယန်'ကျေးရွာကို ရောက်ရှိခဲ့ကြပါတယ်။ ညမှောင်သွားပြီမို့ အဲဒီရွာမှာပဲ ညအိပ်ရပ်နားလိုက်ကြပါတယ်။

တပ်မတော် သားတွေကတော့ အိမ်အချို့တွေမှာ တည်းကြပြီး ကျွန်တော်တို့ကတော့ စာသင်ကျောင်းလေးတစ်ခုမှာ တည်းကြပါတယ်။ တပ်မတော်သားတော်တော်များများလည်း ကျွန်တော်တို့နဲ့အတူ တည်းပြီး လုံခြုံရေးယူကြပါတယ်။ တပ်မတော်သားတွေအတွက်ကတော့ စားရေးသောက်ရေး မခက်ခဲကြပေမဲ့ ကျွန်တော်တို့ ဝန်ဆောင်တပ်သားတွေအတွက်ကတော့ ထင်း၊ ရေကအစ စီစဉ်ရပြီး အိုးကြီးချက်ရတာမို့ ၂၂း၀၀ နာရီလောက်မှပဲ စားကြရပါတယ်။ စားပြီးတာနဲ့ ကျွန်တော်တို့ဝန်ထမ်းတွေရော ဝန်ဆောင်တပ်သားတွေရော ပင်ပန်းနေကြတာမို့ ဘာစကားမှ မပြောကြတော့ဘဲ ချက်ချင်း အိပ်ပျော်သွားကြပါတယ်။ ခလောခလူး အသံတွေထွက်ပြီးတော့ကို ခြေပစ်လက်ပစ် အိပ်နေကြတာပါ။ ကျွန်တော်လည်း အခန်းထောင့်က ကျွန်တော့်အတွက် ပြင်ပေးထားတဲ့ အိပ်ရာလေးဆီသွားလဲလျောင်းရင်း အတွေးတွေ ဟိုရောက်ဒီရောက်နဲ့ ခဏအကြာမှာပဲ အိပ်ပျော်သွားခဲ့ပါတော့တယ်။

◆ ◆ ◆

( ၂၃ )

တစ်နေ့ကုန် ပင်ပန်းကြလို့ ခြေပစ်လက်ပစ်အိပ်ကြပေမဲ့ ကျွန်တော်က တော့ သတိထား အိပ်ရပါတယ်။ ၁၃-၅-၁၉၉၃ ရက်နေ့ ၀၂:၃၀ နာရီခန့်မှာ အိပ်ယာကထရပါတယ်။ အဲဒီအချိန်က လက်ကိုင်ဖုန်းတွေကလည်း မပေါ်သေး တော့ စိတ်ချလက်ချအိပ်ပြီး နှိုးစက်ပေးထားလို့ မရနိုင်ပါဘူး။ သတိထားပြီး အိပ်ရပါတယ်။ သတိနဲ့အိပ်တာမို့ ၀၂:၃၀ နာရီခန့်မှာ နိုးပါတယ်။ အိပ်ရာထတာနဲ့ ထမင်းချက်ဖို့အတွက် ကြီးကြပ်စီစဉ်နိုင်ဖို့ ဒုတပ်ကြပ်ခင်မောင်ထွန်းနဲ့ တပ်သား အေးသိန်းတို့ကို နှိုးရပါတယ်။ သူတို့ကလည်း ဖိုကြီးအဖွဲ့ ဝန်ဆောင်တပ်သား လေးဦးတို့ကို ထပ်နှိုးကြပါတယ်။ လမ်းမှာစားဖို့ ချက်ကြပြုတ်ကြရပါတယ်။ တပ်ကြပ်ခေါင်လွန်းကို နားပါစေဆိုပြီး မနှိုးဘဲထားပေမဲ့ သူလည်း နိုးလာပြီး ထမင်းနဲ့ ပဲဟင်းချက်တာကို ကြီးကြပ်ပေးပါတယ်။ အိပ်ရာက စောစောထ တတ်တဲ့ အကျင့်ကတော့ အကျဉ်းထောင်ဝန်ထမ်းတိုင်းရဲ့ အလေ့အထပါပဲ။ ၀၅:၄၅ နာရီခန့်မှာတော့ ထမင်းရော ပဲဟင်းရော ကျက်ပါပြီ။

အိပ်နေကြတဲ့ ဝန်ဆောင်တပ်သားတွေကို နှိုးခိုင်းရပါတယ်။ အကျဉ်း ထောင်မှာ အကျဉ်းသားတိုင်း ၀၅:၃၀ နာရီခန့်မှာ နိုးနေကျ၊ ဘုရားရှိခိုးနေကျမို့ အတော်များများက နိုးနေကြပါပြီ။ အိမ်သာတက်၊ မျက်နှာသစ်၊ အိပ်ရာတွေ သိမ်း၊ ပစ္စည်းတွေ စုကြရပါတယ်။ ၀၆:၃၀ နာရီမှာ ခရီးဆက်ကြဖို့ အသင့်အနေ အထား ဖြစ်နေကြပါပြီ။ တပ်က ထွက်မယ်လို့ပြောတဲ့အချိန်မှာ ကျွန်တော်တို့ အကျဉ်းဦးစီးအဖွဲ့က အသင့်ဖြစ်မနေလို့ အပြောခံ၊ အဆဲခံရရင် အကျဉ်းဦးစီးဌာန သိက္ခာကျမှာကို လုံးဝ မလိုလားတာမို့ ကြိုတင်ပြင်ဆင်မှုတွေ၊ အားစိုက်မှုတွေ၊ လုံ့လထုတ်မှုတွေ၊ စည်းရုံးပြောကြားမှုတွေကို သေသေချာချာ လုပ်ရပါတယ်။ ၀၆:၃၀ နာရီမှာတော့…

"ခရီးဆက်မယ် အသင့်ပြင်"

အော်သံကြားလိုက်ပါတယ်။ ကျွန်တော်တို့ အကျဉ်းဦးစီးဌာနကတော့ အေးဆေးပါ။ သူတို့ ဘာမှမပြောခင်ကတည်းက အသင့်ဖြစ်နေကြပြီးသားပဲလေ။ ၀၆:၄၅ နာရီမှာတော့ ခရီးစထွက်ကြပါပြီ။ မနေ့က တစ်နေ့ကုန် နေပူလိုက်၊ မိုးရွာလိုက်၊ ချောင်းထဲဖြတ်လိုက်မို့ အားလုံးနွမ်းလျနေကြပေမဲ့လည်း နေခဲ့လို့လည်း

မဖြစ်၊ လမ်းမှာထိုင်နားခဲ့လို့လည်း မရတာကြောင့် တပ်မတော်သားတွေရဲ့ ခြေလှမ်းများကို အမီလိုက်နိုင်အောင် ကြိုးစားကြရပါတယ်။ ဝန်ဆောင်တပ်သားတွေက သူတို့ကိုယ်ပိုင်ပစ္စည်းများအပြင် အုပ်ချုပ်မှု အသုံးအဆောင်ပစ္စည်းအချို့ကိုပါ သယ်ဆောင်ကြရတာမို့ ပထမပိုင်းမှာ သိပ်ပြီး လေးလှတယ်လို့ မထင်ရပေမဲ့ အချိန်ကြာလာလေ ပိုပြီးလေးလာလေ ဖြစ်လာကြပါပြီ။

ဒါကြောင့် ဝန်ဆောင်တပ်သားအချို့က သူတို့ကို ထုတ်ပေးထားတဲ့ ဂုန်နီအိပ်ရာခင်း နေကြာစောင်အပါအဝင် သူတို့ကိုယ်ပိုင် ပစ္စည်းအချို့ကိုပါ လမ်းဘေးမှာ စွန့်ပစ်လိုက်ကြပါတယ်။ လွှင့်ပြစ်ကြတာမှာ ကျွန်တော်မမြင်အောင် ပစ်ကြတာပါ။ ဒါပေမဲ့ ကျွန်တော့်ဝန်ထမ်းများကလာပြီး သတင်းပို့ကြတာမို့ သတိထားကြည့်တော့ မြင်တွေ့ရပါတယ်။ ဒီပစ္စည်းတွေက နိုင်ငံတော်က ထုတ်ပေးထားတာတွေ လွှင့်ပစ်လို့မရဘူး။ ဝန်ဆောင်တပ်ရင်းရောက်လို့ ပြန်မပါရင် အရေးယူခံရမယ်လို့ ပြောဖို့ကြံပြီးမှ တိုက်ပွဲသာဖြစ်ခဲ့ရင် ဒန်အိုး၊ ဒန်ခွက်၊ ပန်းကန်ပြားတွေတောင် ပျောက်ဆုံးသွားနိုင်တာပဲ။ ပစ္စည်းမပြောနဲ့ သေနတ်မှန်လို့ ဗုံးဆန်မှန်လို့ သေခဲ့ကြရင် ဘာလုပ်ကြမလဲ။ ကျွန်တော်သေရင် ကျွန်တော့်ကို ထားခဲ့ကြမှာဖြစ်ပြီး သူတို့သေရင်လည်း သူတို့ကိုထားခဲ့ကြရမှာပါလားလို့ တွေးပြီး ဘာမှ မပြောတော့ပါဘူး။ မမြင်ချင်ယောင်ဘဲ ဆောင်နေလိုက်ပါတယ်။ လားပေါ်ထိုင်လိုက်တဲ့ ဝန်ဆောင်တပ်သားအောင်ကျော်ကတော့ ဘာပစ္စည်းမှ လွှင့်မပစ်ရဘဲ ဇိမ်ကျနေတဲ့ အနေအထားမို့ သူ့သူငယ်ချင်းတွေက ဝန်ဆောင်တပ်သားအောင်ကျော်ကိုကြည့်ပြီး…

"မင်းပဲဇိမ်ကျတယ်ကွာ၊ မင်းလိုမျိုး ငါတို့လည်း လိုက်ချင်လိုက်တာ" ပြောကြတော့…

"ဇိမ်မကျပါဘူး သူငယ်ချင်းတို့ရယ်"

ညှိုးငယ်စွာနဲ့ ပြန်ဖြေပါတယ်။ ကျွန်တော်ကလည်း…

"အောင်ကျော်ကြီး အိုကေတယ်မို့လား၊ ရောက်တော့မယ်ကွ"

ပြောတော့…

"မအိုကေပါဘူး ဗိုလ်လေးရာ၊ ဖြစ်နိုင်ရင် အောက်ကပဲ ဆင်းလျှောက်ချင်တာပါ၊ အခု လားပေါ်မှာ ဟိုလှည့် ဒီလှည့်လို့မရ၊ လိမ့်ကျမှာစိုးလို့ ချည်တဲ့ကြိုးတွေ ကိုင်ထားရတာလည်း လက်တွေတောင် ပေါက်နေပါပြီ"

ပြောပြီး သူ့ရဲ့လက်ဖဝါးတွေကိုပြပါတယ်။ ဟုတ်တာပေါ့၊ သူ့လက်ဖဝါးတွေ အရည်ကြည်ဖုတွေထွက်ပြီး အချို့ပေါက်ပြဲနေပါတယ်။ အောင်ကျော်က လားပေါ်မှာ ဇိမ်ကျနေသလိုရှိရာက အများသူငါလို ခြေကျင်လမ်းလျှောက်ချင်တယ်။ အခြား ဝန်ဆောင်တပ်သားတွေက ခြေကျင်ခရီးက ပင်ပန်းလွန်းတာမို့ အောင်ကျော်လိုမျိုး လားပေါ်ကလိုက်ချင်ကြတယ်။ လူတွေရဲ့ သဘောသဘာဝက မိမိရဲ့လက်ရှိအခြေအနေဟာ မဆိုးလှပါလား၊ အခြားသူတွေထက် အနေချောင်ပါလား၊ ကျေနပ်ဖွယ်ရာပါလားလို့ အကောင်းဘက်က တွေးတတ်ကြသူနည်းပြီး အခြားသူတွေရဲ့ ဘဝအခြေအနေတွေကို အထင်ကြီးတတ် အားကျတတ်ကြတာကို မြင်တွေ့လိုက်ရပါတယ်။

တကယ်တော့ သူ့ရဲ့ဒုက္ခ ကိုယ့်ရဲ့ဒုက္ခ၊ သူ့ရဲ့သုခ ကိုယ့်ရဲ့သုခတွေကို ယထာဘူတကျကျ ထဲထဲဝင်ဝင် လေ့လာသုံးသပ်ပြီး မြင်အောင် ကြည့်တတ်ကြဖို့ လိုပါလားလို့ အတွေးအမြင်တစ်ခုရလိုက်ပါတယ်။ လမ်းခရီးတစ်လျှောက်မှာ ဝန်ဆောင်တပ်သား တော်တော်များများက ကျွန်တော့်ကို···

"ဗိုလ်လေး ရရဲ့လား"

"ဗိုလ်လေး အားတင်းထား"

"ဗိုလ်လေး မလျှောက်နိုင်ရင်ပြော၊ ထမ်းခေါ်ပေးမယ်"

စသည် စသည်ဖြင့် လာလာမေးကြပြောကြပါတယ်။ ဒီလို မေးကြပြောကြတာကို တပ်မတော်သားတွေကလည်း မြင်တွေ့နေတော့ တစ်နေရာအရောက်မှာ တပ်မတော်က တပ်ကြပ်လား၊ တပ်ကြပ်ကြီးလား မမှတ်မိတော့ပါဘူး။ စကားလာပြောပါတယ်။

"ထောင်မှူးကို အကျဉ်းသားတွေက ချစ်ကြတယ်နော်၊ ကျွန်တော် ထင်ထားတာက ထောင်မှူး၊ ထောင်ပိုင်၊ ထောင်ဝန်ထမ်းတွေကို အကျဉ်းသားတွေက မုန်းကြတယ်၊ အမြင်မကြည်ကြဘူး၊ ကွယ်ရာမှာ မကောင်းဘဲပြောကြတယ်လို့ပါ။ ကြားထားတာတွေနဲ့ အခု မြင်ရ တွေ့ရတာနဲ့ တစ်ခြားစီဖြစ်နေပါလား။ သူတို့ မျက်နှာကြည့်ရတာကလည်း တမင်ဟန်လုပ်နေတဲ့ အနေအထားမရှိကြဘဲ ထောင်မှူးကို တကယ်ကို ချစ်ခင်လေးစားကြတဲ့ အနေအထားပေါ်လွင်နေကြတာကို မြင်ရတော့ အံ့ဩမိတယ်။ ဘယ်လိုကြောင့်လဲလို့ သိချင်ပါတယ်"

"မေတ္တာစိတ်ပေါ့ဗျာ၊ သူတို့ရဲ့ပြစ်မှုအတွက် အဲဒီပြစ်မှုနဲ့ ထိုက်တန်တဲ့ ပြစ်ဒဏ်ကို ကျခံနေကြရပြီပဲ၊ ဒီအပေါ်မှာ ကျွန်တော်တို့က ဒီကောင်က မုဒိန်းမို့လို့၊ သူခိုးမို့လို့၊ လုယက်မို့လို့၊ ခါးပိုက်နှိုက်မို့လို့ဆိုပြီး ထပ်ပြီး နှိပ်ကွပ်စရာမလိုပါဘူး။ စေတနာသည် လူတိုင်းနဲ့ မတန်ဆိုတဲ့စကားကို ချောင်ထိုးထားလိုက်ပြီး၊ စေတနာဆိုတာ လူတိုင်းနဲ့ထိုက်တန်တယ်၊ ဘယ်သူ့ကိုတော့ စေတနာထားသင့်တယ်၊ ဘယ်သူကတော့ သိတ်မဟန်လို့ စေတနာမထားသင့်ဘူးလို့ တွေးပြီး ဆောင်ရွက်ရင် စေတနာမမှန်တော့ပါဘူး၊ အဖြူရောင်စေတနာ မဖြစ်တော့ပါဘူး။ အရောင်ပါသော စေတနာပဲဖြစ်တော့မှာပေါ့၊ မှန်ကန်တဲ့ ဖြူစင်တဲ့မေတ္တာ စေတနာကို လူတိုင်းအပေါ် ထည့်ပေးလိုက်တာပါပဲ။ စေတနာကို အသိအမှတ်မပြုတာ၊ စော်ကားတာက သူ့အပိုင်းပါ။ သူ့သဘောသူဆောင်ပါလိမ့်မယ်လို့ တွေးထားပြီး ပြုမူဆက်ဆံလိုက်တော့ ကျွန်တော့်ရဲ့စိတ်ကလည်း ကြည်လင်နေတာပါပဲ။ သေချာတာတစ်ခုက စေတနာရောင်ပြန်ဟပ်တတ်တာကတော့ ရာနှုန်းပြည့်နီးပါးပါ။ ရာခိုင်နှုန်း နည်းနည်းလေးက ရောင်ပြန် မဟပ်တာကိုလည်း လူ့သဘောသဘာဝမို့ ခေါင်းထဲမထည့်ဘဲ ရှိပါစေလေလို့ ထားလိုက်မိပါတယ်၊ ထူးခြားတာက အဲဒီအနည်းငယ်သော အချို့ကလည်း တစ်ချိန်မှာ အမြင်ပြန်ကောင်းလာတတ်တာကို တွေ့ပါတယ်၊ စေတနာကို စေတနာမှန်းမသိသူ စော်ကားတတ်သူတွေ တွေ့ဖူးပါတယ်၊ ဒါကိုကြည့်ပြီး နောက်လူတွေလည်း အဲလိုဖြစ်မလားလို့တွေးပြီး စေတနာမထည့်တော့ရင် ကျွန်တော့်မှာသူတော်ကောင်းတရားတွေ တဖြည်းဖြည်းကွယ်ပျောက်သွားတော့မှာပေါ့၊ အဲလိုမျိုးတွေအတွက် ခေါင်းထဲလုံးဝမထားပဲ အဝေးကို တွန်းပို့ထားလိုက်တယ်ဗျာ၊ သူတို့ကို အုပ်ချုပ်နေရတာမို့ သူတို့အပေါ် မယုတ်မာဘူး၊ မကောက်ကျစ်ဘူး၊ အထင်မသေးဘူး လုပ်ထုံးလုပ်နည်း ဥပဒေဘောင်အတွင်းက မေတ္တာ စေတနာထည့်ပြီး လူသားဆန်စွာ ဆက်ဆံပေးရင်း ယုံကြည်မှုတည်ဆောက်ရတာပေါ့ဗျာ၊ ယုံကြည်မှုတည်ဆောက်ရတာ အချိန်ကာလတစ်ခုတော့ ကြာတတ်ပါတယ်၊ ယုံကြည်မှု တည်ဆောက်ပြီးရင်တော့ အိုကေသွားပါပြီဗျာ၊ အခု သူတို့နဲ့ကျွန်တော်နဲ့ ယုံကြည်မှုတည်ဆောက်ပြီးသွားပါပြီ၊ အဖြေကတော့ အဲဒါပါပဲဗျာ"

ရှည်လျားထွေပြားစွာ ပြန်ဖြေလိုက်တော့ ခေါင်းလေးတညိတ်ညိတ်နဲ့ ဆက်လျှောက်သွားပါတော့တယ်။ ၁၈း၄၅ နာရီခန့်မှာတော့ 'ကဗူးယန်' ကျေးရွာ

ရောက်ပြီး ညအိပ်နားလိုက်ကြပါတယ်။ ၇-၅-၁၉၉၃ ရက်နေ့က ထွက်ပြေးသွားကြတဲ့ ဝန်ဆောင်တပ်သား ၀၂၀၇/စီ အောင်ထိန်လင်း နဲ့ ၀၀၉၀/စီ မောင်ပုတို့နှစ်ဦးကို ၉-၅-၁၉၉၃ ရက်နေ့က ကဇူးယန်ရွာထဲမှာဖမ်းမိလို့ ကဇူးယန် တပ်စခန်းတစ်ခုမှာ အပ်နှံထားကြောင်း ရှေ့ပိုင်းမှာ ဖော်ပြထားခဲ့ပါတယ်။ အခု ကဇူးယန်ရွာရောက်တော့ အဲဒီ ဖမ်းမိထားတဲ့ ဝန်ဆောင်တပ်သားနှစ်ဦးကို မေးကြည့်တော့ သူတို့က ပြေးမိတာမှားကြောင်း၊ နောင်တရမိကြောင်း၊ ပြစ်ဒဏ်ကို ကြေအောင်ဆပ်ပြီးမှ ပြန်တော့မှာဖြစ်ကြောင်း၊တပ်စခန်းထဲက မြက်တွေ ရှင်းပေး ချင်ကြောင်းတွေပြောတော့ သူတို့ကို ယုံကြည်သွားပြီး လွတ်လွတ်လပ်လပ်ထား၊ ကောင်းကောင်းကျွေး၊ တပ်ဝင်းထဲကမြက်တွေ နည်းနည်းရှင်းခိုင်းလိုက်တာမှာ ယုံကြည်မှုကို အခွင့်ကောင်းယူပြီး ၁၀-၅-၁၉၉၃ ရက်နေ့မှာ ထပ်မံထွက်ပြေး သွားကြောင်း ဒုအရာခံဗိုလ်တစ်ဦးကပြောပြလို့ သိရပါတယ်။ အယုံသွင်းပြီး ထွက်ပြေးသွားကြတာပါ။

အကျဉ်းသားတွေအကြောင်းကို အကျဉ်းထောင်ဝန်ထမ်းတွေကသာ အသိ ဆုံးပါ။ ခံရပေါင်းများလို့လည်း သင်ခန်းစာတွေအလီလီရပြီး ပေးဆပ်မှုများစွာနဲ့ နောကျေနေတာပါ။ ကဇူးယန်ရွာမှာ ကျွန်တော်တို့က စာသင်ကျောင်းတစ်ခုမှာပဲ တည်းကြရတယ် ထင်ပါတယ်။ ထုံးစံအတိုင်း ထင်းရှာ၊ ရေရှာ၊ ဗိုခနောင့်အတွက် ရှာ၊ ပေါက်စိန်၊ ရဲဒင်းရှာနဲ့ ၂၁:၀၀ နာရီလောက်မှပဲ စားကြရပါတယ်။မနက်ဖြန် တော့ မြစ်ကြီးနားကိုပြန်ရောက်နိုင်မယ်ပြောလို့ အားလုံးအတွက် ဝမ်းသာမိပါ တယ်။ အားလုံးလည်း ပင်ပန်းနွမ်းလျနေကြပြီလေ။ တပည့် ဝန်ဆောင်တပ်သား တွေက ကျွန်တော်အိပ်ဖို့အတွက် ပါလာတဲ့ အခင်းစောင်လေးကိုခင်းပြီး ခြုံစောင် လေးကိုတော့ ခြေရင်းလေးမှာထားပါတယ်။ ခေါင်းအုံးမပါလို့ ကျွန်တော့်ရဲ့ ကျောပိုးအိတ်လေးပေါ်မှာ ပုဆိုးလေးလွှမ်းပြီး ခေါင်းအုံးလေးအဖြစ် ဖန်တီးပေး ပါတယ်။ တစ်ယောက်အိပ်ခြင်ထောင်လေးကိုလည်း စနစ်တကျထောင်ပေးထား တာကြောင့် သပ်သပ်ရပ်ရပ်လေးဖြစ်နေပါတယ်။ ၂၂:၃၀ နာရီလောက်မှာတော့ အားလုံးလိုလို အိပ်သွားကြပါပြီ။ ကျွန်တော်ကတော့ တောင်တွေး မြောက်တွေးနဲ့မို့ ၃:၃၀ နာရီလောက်မှပဲ အိပ်ပျော်သွားခဲ့ပါတယ်။

◆ ◆ ◆

( ၂၄ )

အကျဉ်းထောင်/အခြေချအလုပ်စခန်းမဟုတ်ပေမဲ့ အကျဉ်းထောင်/အခြေချအလုပ်စခန်းရဲ့ လုပ်ရိုးလုပ်စဉ်အတိုင်း ၁၄-၅-၁၉၉၃ ရက်နေ့ ဝ၂၃ဝ နာရီခန့်မှာ ကျွန်တော့်ရဲ့ ဝန်ထမ်းတွေ အိပ်ရာက ထကြပါပြီ။ ဖိုတာဝန်ပေးအပ်ထားတဲ့ ဝန်ဆောင်တပ်သားအချို့ကိုပါ နိုးပြီး ထမင်းချက်ဖို့ ပြင်ကြပါပြီ။ မချက်ရင် လမ်းမှာ ထမင်းငတ်ကြမယ်လေ။ သူတို့တွေနဲ့အတူ ကျွန်တော်လည်း နိုးနေတာပါပဲ။ ဝ၅း၃ဝ နာရီမှာတော့ အခြားဝန်ဆောင်တပ်သားတွေကိုပါ နိုးပြီး အိမ်သာတက်၊ မျက်နှာသစ်၊ အထုပ်အပိုးတွေပြင်ဖို့ ပြောရပါတယ်။ ဝ၆း၀ဝ နာရီမှာတော့ ကျွန်တော်ရော ကျွန်တော့်ဝန်ထမ်းတွေရော ဝန်ဆောင်တပ်သားတွေရော အသင့်ဖြစ်နေကြပါပြီ။ ဝ၆း၄၅ နာရီခန့်မှာ ခရီးစတင်ထွက်ခွာကြပါတယ်။

ရှေ့မှာ ရွှေညောင်ပင်ကျေးရွာရောက်မယ်။ အဲဒီရွာမှာတော့ မော်တော်ကားတွေစောင့်နေတယ်။ ရွှေညောင်ပင်-ဝိုင်းမော် ခရီးကိုတော့ ခြေကျင် မလျှောက်ရတော့ဘဲ ကားနဲ့သွားကြရမယ်လို့ သတင်းကောင်းကြားသိရလို့ တပ်မတော်သားတွေ အပါအဝင် အားလုံးပျော်သွားကြပါတယ်။ လမ်းလျှောက်တယ်ဆိုတာမှာ ဒီဇင်ဘာလ ကျန်းမာရေးအတွက် လမ်းလျှောက်တာမျိုး၊ နေ့စဉ် နံနက်စောစောထ လမ်းလျှောက်တာမျိုးတွေကတော့ ဘောင်းဘီတို/ရှည်လေးဝတ်၊ အားကစားအင်္ကျီလေးဝတ်၊ လမ်းလျှောက်ဖိနပ်လေးလည်းစီး၊ လှျာထိုးဦးထုပ်လေးဆောင်း၊ လှုလှုပပ ကျော့ကျော့မော့မော့လေးလျှောက် ဝန်ပိုဆိုတာ တစ်ခုမှမပါ။ စိတ်လည်း တက်ကြွရွှင်လန်း၊ ကျန်းမာရေးလည်းကောင်းပေ့။ မိမိလျှောက်ချင်တဲ့ နှုန်းနဲ့လျှောက်၊ မောလာရင် အရှိန်နှုန်းကိုလျှော့ရပ်ပြီး ထိုင်ပြီး နားချင်နား၊ လမ်းတစ်လျှောက် ရှုခင်းလေးတွေကို ကြည့်ရှုခံစား၊ လမ်းမှာတွေ့တဲ့ လက်ဖက်ရည်ဆိုင်ဝင် လက်ဖက်ရည်၊ ပလာတာ၊ အီကြာကွေး၊ နံပြားထပ်တစ်ရာ ကြိုက်ရာမှာစား၊ တကယ့်ကို ဇိမ်ကျအရသာရှိလှပါတယ်။

အခုအပြန်လမ်းမှာ လမ်းလျှောက်တာမျိုးကတော့ အဲလိုမျိုး မဟုတ်တော့ပါဘူး။ ပုံစံပြာ အင်္ကျီ၊ ဘောင်းဘီတွေဝတ်၊ ရော်ဘာ/ ကားတာယာ ခြေညှပ်ဖိနပ်စီး၊ ဦးထုပ်ပါသူပါ၊ မပါသူမပါ၊ ပုခုံးပေါ် ခေါင်းပေါ်မှာ လေးပင်တဲ့ အထုပ်အပိုးတွေ ထမ်းရွက်၊ မိမိနိုင်တဲ့ ခြေလှမ်းမျိုးနဲ့သွားလို့မရဘဲ တပ်မတော်

သားတွေလှမ်းတဲ့ခြေလှမ်းတွေကို မမီ မီအောင်အမီလိုက်၊ မောလာလို့ ရပ်နားလို့ ထိုင်နားလို့ကမရ လမ်းခရီးမှာ လက်ဖက်ရည်ဆိုင်မပြောနဲ့ လက်ပွေ့ရောင်းတဲ့ ကွမ်းယာသည်လေးတစ်ယောက်တောင် မတွေ့၊ လမ်းခရီးမှာ တွေ့သမျှ မြင်သမျှ တောင်တွေ၊ သစ်တောတွေ၊ စမ်းချောင်းတွေက အလွန်လှပေမဲ့ မိမိတို့နဲ့ ဘာမှ မပတ်သက်သလို မခံစားနိုင် ပင်ပန်းဆင်းရဲလှပါတယ်။

အခုလို ရှေ့ရောက်ရင် လမ်းလျှောက်စရာမလိုတော့ဘဲ ကားပေါ်က အငြိမ့် သား သွားကြရမယ်ဆိုတော့ ပျော်နေကြတာပေါ့။ 'လား' ပေါ် စီးလိုက်ရတဲ့ အောင်ကျော်လည်း ပြုံးနေပါပြီ။ ဒဏ်ရာရ တပ်မတော်သားတွေလည်း ဝန်ဆောင် တပ်သားတွေက ထမ်းပိုးနေရတာကို အားနာနေကြတာမှာ ကားပေါ်ပြောင်းကြ ရတော့မှာမို့ ပျော်နေကြပါပြီ။ ဒီနေ့ ခရီးစဉ်ကတော့ ပြီးခဲ့တဲ့ရက်တွေကနဲ့မတူပဲ လူတိုင်း တက်ကြွလန်းဆန်းနေကြပါတယ်။ ၁၀း၀၀ နာရီမှာတော့ ရွှေညောင်ပင် ရွာ ခလရ(၅၈)ကို ရောက်ရှိခဲ့ကြပါတယ်။ ဘယ်သူကမှ ပင်ပန်းလိုက်တာ မောလိုက်တာလို့ မပြောကြဘဲ သက်တောင့်သက်သာနဲ့ ရောက်လာခဲ့ကြတာပါ။ ခလရ(၅၈)မှာ နားကြ၊ ထမင်းစားကြပြီး ၁၂း၃၀ နာရီခန့်မှာ တပ်မတော်က ကားနှစ်စီးနဲ့ ခရီးဆက်ကြပါတယ်။ လမ်းလည်းမလျှောက်ရ၊ အထုပ်အပိုးတွေ လည်း မထမ်းပိုးရ၊ သက်တောင့်သက်သာလေးနဲ့မို့ အားလုံး အိုကေနေကြပါ တယ်။

အချို့တွေ အိပ်ပြီး လိုက်ကြတယ်။ အချို့ မအိပ်ပေမဲ့ လဲလျောင်းပြီး လိုက်ကြတယ်။ အချို့တွေလည်း သီချင်းတွေ အော်ဆိုလာကြ၊ အချို့က ပါးစပ် ဆိုင်းတီးပေးကြနဲ့ ပျော်စရာကောင်းလှပါတယ်။ ၁၃း၃၀ နာရီခန့်မှာတော့ ဝိုင်းမော် ဆိပ်ကမ်းကို ရောက်ရှိကြပါတယ်။ ဝိုင်းမော်ဆိပ်ကမ်းမှာတော့ ကားတင်ယာဉ် (ဇက်)က အသင့်စောင့်ကြိုလို့နေပါတယ်။ ဝန်ဆောင်တပ်သားတွေ ပစ္စည်းတွေကို ဇက်ပေါ် ပြောင်းတင်ပြီး ဝိုင်းမော်ဆိပ်ကမ်းကနေ မြစ်ကြီးနားဘက်ကို ကူးကြပါ တယ်။ နာရီဝက်တောင် မကြာဘူးထင်ပါတယ်။ ခဏလေးနဲ့ ရောက်ပါတယ်။ မြစ်ကြီးနားဆိပ်ကမ်းမှာတော့ ထောင်မှူး ကိုစောလှိုင်က လာကြိုနေပါတယ်။ လူတွေ ပစ္စည်းတွေကိုတော့ တပ်မတော်ကကားတွေနဲ့ပဲ မြစ်ကြီးနားဒေသ ဝန်ဆောင်တပ်ရင်းကို ပို့ပေးတယ်လို့ ထင်ပါတယ်။ ရှေ့တန်းပြန်တပ်မတော် သားတွေဆိုရင် မိမိတပ်ရင်းမိသားစုတွေ ပြည်သူတွေက အိုးစည် ဒိုးပတ်တွေ

အကအခုန်တွေ စားသောက်ဖွယ်ရာတွေနဲ့ ကြိုဆိုကြပေမဲ့ ဝန်ဆောင်တပ်သား တွေကိုတော့ ဘယ်သူက အသိအမှတ်ပြုကြမှာလဲ။ ရှေ့တန်းပြန်တပ်မတော်သား တွေကတော့ သူတို့ဇနီး သားသမီးတွေက ပန်းစည်းတွေ၊ ပန်းကုံးတွေနဲ့ ကြိုကြ ပွေ့ဖက်နမ်းရှုံ့ကြနဲ့ ပျော်စရာကောင်းနေမှာပါ။

ဝန်ဆောင်တပ်သားတွေကတော့ သူတို့တွေ ပြန်ရောက်လာကြတာကို မိသားစုတွေက မသိကြ၊ သိကြရအောင် ဆက်သွယ်ပြောဆိုဖို့ကလည်း မဖြစ်နိုင်။ မိမိတို့အထုပ်ကလေးတွေ ထမ်းပိုးပြီး ဆူးကြိုးဝင်းထဲ ဝင်ကြတဲ့အခါမှာတော့ ဘဝတူ ဝန်ဆောင်တပ်သားတွေကပဲ နှုတ်ဆက်ကြရတာပေါ့။ လွတ်လပ်သူနဲ့ အကျဉ်းကျသူ၊ နိုင်ငံတော်ကကန့်သတ်ထားတဲ့ပြစ်မှုကို ကျူးလွန်ထားသူနဲ့ အပြစ် ကင်းသူ လုံဝခြားနားလို့နေပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ ဘာသာတရား တွေရဲ့ အဆုံးအမတွေ၊ နလုံးသားတွေ၊ ဦးနှောက်ထဲတွေမှာ ကိန်းအောင်းနေကြပြီး အပြစ်ကင်းတဲ့ အလုပ်တွေ၊ အပြောတွေ၊ အတွေးတွေနဲ့ပဲ လောကကြီးကို လှပလို့ နေစေချင်ပါတော့တယ်။

အကျဉ်းသားတွေမို့ ကြိုဆိုကြတဲ့ မိသားစုတွေမရှိတာက ဖြေသာလို့ ရပါ တယ်။ ကျွန်တော့်ကိုလည်း ကြိုဆိုမယ့်ဇနီး သားသမီး မရှိကြပါဘူး။ ကျွန်တော့် ဇနီးနဲ့ သမီးကြီး(၃နှစ်)က မိမိရှေ့တန်းမထွက်ခင်ကတည်းက ပြင်ဦးလွင်က သူ့မမကြီးဆီသွားနေကြတာမို့ ရှေ့တန်း စထွက်စဉ်ကလည်း နှုတ်မဆက်နိုင်၊ ရှေ့တန်းက ပြန်ရာက်တော့လည်း ကြိုဆိုမှုမပြုနိုင်ခဲ့ပါဘူး။ ခြောက်ခြောက် သွေ့သွေ့ ငေါင်းစင်းစင်းလေးနဲ့ တပ်ရင်းကို ဝင်ခဲ့ရတာပါ။ ဝန်ဆောင်တပ်ရင်း ရောက်တာနဲ့ တပ်ကမိုလ်ကြီးတစ်ယောက်က ဝန်ဆောင်တပ်သား ၈၆ ယောက် ကို စာရွက် စာတမ်း(ထောက်-၄)နဲ့ လွှဲပြောင်းလက်ခံပြုလုပ်ပါတယ်။ ထွက်သွား တုန်းက ၁၀၀ ဦး၊ ပြန်အပ်တာက ၈၆ ဦး၊ လျော့နည်းကွာခြားတာက ၁၄ ဦး လျော့နည်းကွာခြားတာမှာ ထွက်ပြေး လွတ်မြောက်သူ ၁၀ ဦး၊ သေဆုံးလေးဦး ပါ။

ကျွန်တော်တို့ ရှေ့တန်းဝင်ချိန်မှာ ထောင်မှူး ကိုစောလှိုင်တစ်ဦးပဲရှိပြီး ထောင်မှူး ကိုကျော်လွင်က ရုံးချုပ်ကို တာဝန်နဲ့သွားနေတယ်လို့ ထင်ပါတယ်။ တပ်ရင်းတာဝန်ခံအရာရှိ ဒုတိယထောင်ပိုင်(ဦးစီးအရာရှိ) ဦးလှကြည်ကို သတင်း ပို့တော့ ဆရာဦးလှကြည်ရဲ့ စတိုင်ကို မီလိုက်သူတိုင်း သိကြပါလိမ့်မယ်။

"ပြန်ရောက်လာကြပြီပေါ့၊ နားပါ"

လေအေးလေးနဲ့ပြောပါတယ်။ သူနားခိုင်းပေမယ့် ကျွန်တော့်မှာ မနားနိုင်ပါဘူး။ ပြန်ဝင်လာတဲ့ ဝန်ဆောင်တပ်သားတွေကို ထောင်မှူး ကိုစောလှိုင်နဲ့အတူ အဆောင်တွေမှာ နေရာချပေးရပါတယ်။ နောက်ရက်မှာ မပခ(မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်)ကို သတင်းပို့ဖို့အတွက် မှတ်တမ်းတွေကို အကြမ်းပြုစုရပါတယ်။ ပင်ပန်းလာပေမဲ့ ညပိုင်းအထိ မှတ်တမ်းတွေပြုစုရတာမို့ ၂၂း၃၀ နာရီ လောက်မှပဲ အိပ်ရာဝင်ရပါတယ်။

နောက်ရက် ၁၅-၅-၁၉၉၃ ရက်နေ့ ဝ၈း၃၀ နာရီမှာ စက်ဘီးလေးနင်းပြီး မပခကို သွားရပါတယ်။ G-3 ဖြစ်တဲ့ ဗိုလ်ကြီးမြင့်သိန်းကို တွေ့ရပါတယ်။ အတွေ့အကြုံတွေနဲ့ စာရင်းဇယားများ တင်ပြရပါတယ်။ ကျွန်တော်က မှတ်တမ်းစာအုပ်ကိုင်ပြီး နေ့အလိုက်ဆောင်ရွက်မှုတွေကို တိတိကျကျရှင်းပြတော့ G-3 အံ့ဩနေပါတယ်။ ကျွန်တော့်ကိုထုတ်ပေးတဲ့ ရိက္ခာအရေအတွက်ကအစ ပြောပြလိုက်ပါတယ်။ ရှေ့တန်းမှာ သေဆုံးမှုတွေအတွက် ရှေ့တန်းမှာဘဲ စုံခုံ စစ်ဆေးတာပါ။ စုံခုံအဖွဲ့မှာ ကျွန်တော်ကလည်း အဖွဲ့ဝင်တစ်ဦးပါ။

တပ်မတော်က ရှေ့တန်းမှာဖြစ်ပေမဲ့ ရုံးပိုင်းတွေ စနစ်ကျတာတွေ့ရလို့ လေးစားမိပါတယ်။ မှတ်တမ်းမှတ်ရာတွေ သေချာပြုစုတာတွေ့ရပါတယ်။ လက်နှိပ်စက် စာရေးစက္ကူ လယ်ဂျာစာအုပ် အစုံပါပါတယ်။ တပ်ကြပ်ကြီးစာရေးလေးတွေက နောက်တန်းမှာကဲ့သို့ ရှေ့တန်းမှာလည်း စနစ်တကျ ရုံးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ကြပါတယ်။ စုံခုံမှာကျွန်တော်က အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးရပေမဲ့ သူတို့ဘာသာ ရေးကြတာပါ။ ဘယ်လိုပဲရေးရေး မိမိကတော့ လက်မှတ်ထိုးပေးလိုက်တာပါပဲ။ ရှေ့တန်းမှာ ဒီလိုမဟုတ်ဘူး၊ ဟိုလိုလို့ပြောရင် ကျွန်တော်က လူမိုက်ဖြစ်သွားမှာပေါ့။ ဒါပေမဲ့ စုံခုံစာအုပ်အားလုံးကို အပင်ပန်းခံပြီး အကုန် ပြန်ကူးရေးပြီး ကျွန်တော့်ကိုယ်ပိုင်အဖြစ် သိမ်းဆည်းထားနိုင်ခဲ့ပါတယ်။ အဲဒီ စုံခုံစာအုပ်တွေကတော့ ဘယ်ရောက်မှန်းမသိတော့ပါဘူး။

ဒီအကြောင်းလေး တွေလည်း ပြောပြတော့ အံ့ဩနေဟန် တွေ့ရပါတယ်။ ဘာဘဲပြောပြော ကျွန်တော်တို့ဌာနရဲ့ စနစ်တကျရှိမှု၊ ပေါ့ပေါ့ဆဆမရှိမှုတွေကို ပြသနိုင်လိုက်တယ်လို့ပဲ ထင်မိပါတယ်။ တပ်ကြပ်ခေါင်လွှန်းအပေါ် ရဲဘော်တစ်ယောက်ရဲ့ အနိုင်ကျင့်စော်ကားမှုကိုလည်း ပြောပြမိပါတယ်။ နောင်ရှေ့တန်း

ထပ်ထွက်ခဲ့ရရင် ဒီလိုအခြေအနေမျိုးတွေ ထပ်မဖြစ်စေဖို့ မှာကြားလိုက်မယ်ဆိုရင် ကျွန်တော်ပြောပြတာဟာ အကျဉ်းဦးစီးဌာနအတွက် အကျိုးတစ်ခု ဖြစ်မှာပါ။ ကျွန်တော့်တင်ပြချက်တွေကို အစီရင်ခံစာရေးပြီး မနက်ဖြန်အပြီးတင်ပါလို့ မှာလိုက်ပါတယ်။ ပြန်ရောက်တော့ မှောင်နေပါပြီ။

၁၆-၅-၁၉၉၃ ရက်နေ့ မနက်ပိုင်းမှာတော့ မြစ်ကြီးနားထောင်က ရိပ်သာမှာ ရုံးထိုင်တဲ့ ကချင်ပြည်နယ်လမ်းများ ဖောက်လုပ်ရေးကွပ်ကဲမှုရုံးကိုသွားပြီး ရုံးက တပ်ကြပ်ကိုထွန်းဦးကို လက်နှိပ်စက်ရိုက်ပေးဖို့ အကူအညီတောင်းရပါတယ်။ မနေ့က G3 ကို တင်ပြခဲ့တဲ့အကြောင်းအရာများထဲက အလွတ်တန်း တင်ပြခဲ့တာတွေကို ဖြုတ်ပြီးတရားဝင် တင်ပြသင့်တာလေးတွေကို ကျစ်ကျစ်လျစ်လျစ် ရေးသားပြုစုရပါတယ်။

၁၃း၀၀ နာရီကျမှပဲပြီးသွားပြီး ခြောက်မိုင်ခန့်ဝေးတဲ့ မြစ်ကြီးနားဒေသ ဝန်ဆောင်တပ်ရင်း ကို စက်ဘီးလေးနဲ့ အမြန်နှင်းရပြန်ပါတယ်။ တပ်ရင်းတာဝန်ခံဖြစ်တဲ့ ဦးလှကြည်ကိုပြတော့ သေချာဖတ်ပြီး ဘာမှမပြင်ဘဲ ခေါင်းလေးညိတ်ပြီး လက်မှတ်ထိုးပေးပါတယ်။ ၁၅း၃၀ နာရီခန့်မှာ မပခကို စက်ဘီးလေးနဲ့ ပြေးရပြန်ပါတယ်။ မပခမှာကလည်း စစ်ရုံးထဲဝင်ဖို့က အဆင့်ဆင့် သတင်းပို့ရတာမို့ စောင့်ရပါတယ်။ ဗိုလ်ကြီးမြင့်သိန်းကိုတွေ့ပြီး အစီရင်ခံစာပေးပြီး ပြန်ခဲ့တာ ၁၈း၃၀ နာရီမှပဲ မြစ်ကြီးနားထောင်ကို ပြန်ရောက်ပါတယ်။

ရှေ့တန်းက ပြန်ရောက်ပေမဲ့လည်း နှစ်ရက်ဆက်တိုက် မနားတမ်း မှတ်တမ်းတွေပြုစု၊ စက်ဘီးလေးနဲ့ ဝန်ဆောင်တပ်ရင်း၊ မြစ်ကြီးနားထောင်၊ မပခတို့ကို ကူးချည်သန်းချည်လုပ်ရတာကြောင့် အတော်ကိုပင်ပန်းပါတယ်။ မောရပါတယ်။ ဒါပေမဲ့လည်း တာဝန်အရ သွားရောက်ခဲ့ရတဲ့ လုပ်ငန်းတာဝန်များကို ပြီးဆုံးအောင် ဆောင်ရွက်နိုင်ခဲ့ပါပြီ။

လက်နက်ခဲယမ်းတွေကြောင့် ပြတ်နိုင်၊ ကန်းနိုင်၊ သေနိုင်ပေမဲ့ ဆူးခြစ်ရာလေးတောင်မရခဲ့ဘဲ မိမိဌာနကို ပြန်ရောက်နိုင်ခဲ့ပါပြီ။ တပ်မတော်နဲ့အတူ သွားခဲ့ရတာကြောင့် ရှေ့တန်းစစ်ဆင်ရေး နယ်မြေအကြောင်း၊ စစ်သားတွေရဲ့ မိသားစုတွေရဲ့အဝေးမှာ အနေဆင်းရဲ အစားဆင်းရဲ ဖြစ်သလိုနေကြရတဲ့ ဘဝတွေကိုလည်း လေ့လာသိရှိခွင့်ရခဲ့ပါပြီ။ တပ်မတော်သားတွေနဲ့ အဆင်ပြေအောင် နေနိုင်ခဲ့ပြီး အကျဉ်းဦးစီးဌာနက အရာထမ်း အမှုထမ်းတွေလည်း ကြံ့ခိုင်မှု၊

အသင်ပန်းခံနိုင်မှု၊ သတ္တိရှိမှု၊ ရောက်ရာနေရာမှာ လိုက်လျောညီစွာ နေတတ်မှုတွေကို ပြနိုင်ခဲ့ပါပြီ။

အချို့တွေ ထင်နေကြသလိုမဟုတ်ဘဲ အကျဉ်းဦးစီးဝန်ထမ်းတွေဟာလည်း လူသားချင်းစာနာမှု၊ ကြင်နာမှု၊ ကိုယ်ချင်းစာနာမှုတွေ အပြည့်နဲ့ မေတ္တာစိတ် စေတနာစိတ်တွေ ထည့်ပြီး အုပ်ချုပ်မှုတွေကိုလည်း လက်တွေ့ပြသနိုင်ခဲ့ပါတယ်။ အကျဉ်းဦးစီးဌာနရဲ့ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ခဲ့ပါတယ်။ မြစ်ကြီးနားဝန်ဆောင် တပ်ရင်းအကြောင်းတွေကတော့ ရေးလို့မကုန်နိုင်ပါဘူး။ အခြားကိစ္စရပ်တွေ ကိုတော့ နောင်ရေးဖြစ်ဦးမယ်ထင်ပါတယ်။

အခုကတော့ ကမ္ဘာများစွာထဲက 'ပါဂျို-နားဖော့'ဒေသကို ထူးခြားစွာ ရောက်ရှိခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို အုတ်တစ်ချပ်သဲတစ်ပွင့် ပါဝင် ထမ်းဆောင်ရမှုအပေါ် ဂုဏ်ယူကျေနပ်ခဲ့ရပါကြောင်းဖော်ပြရင်း နိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။

ခင်မောင်ထွန်း (အကျဉ်းဦးစီး)



# ထောင်မှူးကြီးကိုကို

အမည်ရင်း ဦးလှရွှေဖြစ်ပြီး အဘ ဦးမောင်ကို အမိ ဒေါ်တင်အေးတို့မှ ၁၉၅၆ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့ တံတားလည်ရပ်ကွက်၌ မွေးဖွားခဲ့ပါသည်။ ၁၅-၁-၁၉၇၇ နေ့တွင် အကျဉ်းဦးစီးဌာနသို့ စာရေးဝန်ထမ်းအဆင့် ၁ (အောက်တန်းစာရေး) ရာထူးဖြင့် စတင်ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ပြီး ရုံးအုပ်တာဝန်ဝတ္တရားအထိ(၁၇)နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၁၉၉၄ ခုနှစ်တွင် ထောင်မှူးရာထူးသို့ တိုးမြှင့်ခြင်းခံခဲ့ရပြီး ၂၀၀၉ ခုနှစ်တွင် လုပ်သက်(၃၂)နှစ်၊ ထောင်မှူးကြီးရာထူးဖြင့် အငြိမ်းစားယူခဲ့ပါသည်။ လုပ်သက်(၃၂)နှစ်အတွင်း ဘဝအတွေ့အကြုံများနှင့် ပတ်သက်၍ စာပေများ ရေးသားလျက်ရှိပါသည်။

## တောင်တန်းပြာစခန်းသို့ ထောင်မှူး၏တောလား

ထောင်မှူးကြီးကိုကို

ပခုက္ကူ-ဂန့်ဂေါ-ကလေး
ရထားလမ်းဖောက်လုပ်ရေး
အလုပ်စခန်း အတွေ့အကြုံများ



## တောင်တန်းပြာစခန်းသို့ ထောင်မှူး၏တောလား

### အပိုင်း ( ၁ )

ကိုကိုရဲ့ ထောင်မှူးရာထူးဘဝ ပထမဆုံး အလုပ်စခန်း ထွက်တောလားပေါ့၊ တောလားဆိုတာက တောထဲကို လားရတာပြောတာပါ။ ထောင်မှူးရာထူးရလို့မှ အမိန့်စာက မင်မခြောက်သေးဘူး။ စခန်းထွက်ရမယ်တဲ့။ စခန်းထွက်ရတယ်ဆိုတဲ့အမျိုးက ရာထူးတက်တာလိုပါပဲဗျာ။ စီနီယာ၊ ဂျူနီယာ၊ မရွေးဘူး။ တန်းစီဇယား စနစ်တကျမရှိဘူး၊ မဲမနှိုက်ရဘူး၊ ထောင်မှူး ၁၀ ယောက်ကျော်ရှိတဲ့ထဲက မင်းမှမင်းပဲတဲ့။ လာထား၊ မလာရင်ပြောင်း၊ အဲ့လိုဆိုတော့ အယူခံမဝင်နဲ့၊ မင်းပဲရွှီးလိမ့်မယ်။ ထောင်မှူးပေါက်စ၊ ထောင်ရောက်စ၊ စခန်းဒိုးရပေါ့။ ဒီတော့ သွားလိုက်ပေါ့။ ဝန်ထမ်းဘဝကလည်း စာရေးနဲ့ ဘဲလင်းစခန်းအလုပ်ဝင်။ တစ်နှစ်မပြည့်ခင် ပြောင်းပြာစခန်းပြောင်း၊ တစ်နှစ်ကြာတော့၊ ဘယ်လင်းပြန်ရောက်၊ လွန်ကျော်စခန်းထွက် ရှစ်နှစ်ကြာတော့၊ လွန်ကျော်သိမ်း၊ စိုက်မွေးရုံးချုပ်ရောက်၊ ရှစ်နှစ်ကြာတော့၊ မန္တလေးထောင်ပြောင်းရပေမယ့် ဝသုန္ဓရစခန်းထွက်၊ ထောင်မှူးရာထူးရတော့လည်း စခန်းထွက်ပဲ။ ထောင်မှာဖင်တောင်ပူအောင် မထိုင်လိုက်ရပါလား။

ထွက်ရမဲ့စခန်းက ယင်းမာပင်မြို့နယ် (၉၉)ကန်ရေလျှံတွင်း စီမံကိန်း၊ စုရပ်ကတော့ မုံရွာထောင်ပါ။ (ဒီစခန်းအကြောင်းကို နောက်မှရေးပါ့မယ်)။ အကြောင်းကြောင်းကြောင့် ဒီစခန်းက နှစ်လမပြည့်ခင်မှာပဲ ဖျက်သိမ်းလိုက်ရတယ်။ နားဝင်ချိုလိုက်တာ၊ ပျော်လိုက်တာ မပြောပါနဲ့။ မပြောတော့ပါဘူး။ ပျော်လို့မဆုံး ပြုံးလို့မဝခင် မန္တလေးညွှန်ကြားရေးမှူးက မုံရွာထောင်ကို ရောက်

လာပြီး မင်းတို့အဖွဲ့ နောက်စခန်းတစ်ခုကို ဒီကနေပဲ ဆက်လက်ချီတက်ပါတဲ့။ အိမ်တောင် ပြန်နားခွင့်မရဘူး။ ကြားရတဲ့စကားက နားထဲ သံရည်ပူလောင်းချ သလို ခံစားရပါတယ်။ ထပ်ပြောလိုက်တာက ပိုဆိုးပြန်ပါတယ်။ "အရင်က စခန်းထွက်ကာလကို တစ်နှစ် သတ်မှတ်ထားတာ၊ အခု နှစ်နှစ်လို့ ပြင်ဆင် သတ်မှတ်လိုက်ပြီ"တဲ့။ သေပြီဆရာ၊ မှတ်ပြီလား။ စာရေးလေးကနေ ရုံးအုပ် တာဝန်ထိ ၁၆ နှစ် လုပ်လာတာ၊ အလုပ်စခန်းနဲ့ ရုံးချုပ်မှာပဲ တာဝန်ကျတာလေ၊ ထောင်မှူးဖြစ်တော့ရော စခန်းပါပဲ။ မွဲချင်တဲ့ခွေး ပြာပုံတိုးမိပါပေါ့လား။ ကိုကိုတို့ စခန်း ထွက်အဖွဲ့က ထောင်မှူးကြီး (စခန်းတာဝန်ခံ)တစ်ဦး၊ ထောင်မှူးနှစ်ဦး၊ ဝန်ထမ်း ၁၈ ဦး၊ ရဲဘက် ၂၅၀ ယောက် ဖွဲ့စည်းပုံနဲ့ မုံရွာထောင်မှာ စောင့်နေရ တာပေါ့။ စခန်းရဲ့ငွေစာရင်းနှစ်ခု (OA နဲ့ MD) ကို ယင်းမာပင်မြို့နယ်မှာပဲ ဘဏ်စာရင်း ဖွင့်ပေးခဲ့တာပါ။ အခု ဆက်လက်ချီတက်ရမှာက "ပခုက္ကူ- ဂန့်ဂေါ-ကလေး ရထားလမ်းဖောက်လုပ်ရေးအလုပ်စခန်း"တဲ့။ ဒီတော့၊ ငွေစာရင်းကို ဘဏ်ပြောင်းဖွင့်ရမယ်ပေါ့။ ဘဏ်ပြောင်းစာရင်းကို အကျဉ်းဦးစီး ရုံးချုပ်၊ အင်းစိန်ကို လာယူပါတဲ့။ ဒီတော့ တာဝန်ခွဲဝေမှုအရ ကိုကိုက ရုံးချုပ်ကို သွားရမယ်ပေါ့။ အဝတ်အစား၊ တိုလီမိုလီနဲ့ ယူနီဖောင်းတချို့ကို သေတ္တာထဲထည့်၊ အိပ်ရာ ပစ္စည်းတွေ အိပ်ရာလိပ်ပြီး ထောင်မှူး ဦးတင်ကို အပ်ပေါ့။ ကျန်တဲ့ ထောင်မှူးကြီး ဦးစီးတဲ့ ထောင်မှူးတစ်ဦးနဲ့ ဝန်ထမ်း၊ ရဲဘက်တွေကတော့ ယာဉ်တန်းနဲ့ စခန်းသစ်ကို တိုက်ရိုက်ပြောင်းကြရမှာတဲ့။

ကိုကိုကတော့ မုံရွာကနေ မနက်ပိုင်းမှာပဲ မန္တလေးကို ကားစီးခဲ့ပါတယ်။ မန္တလေးကို ညနေပိုင်းရောက်တာနဲ့ ကျောပိုးအိတ်တစ်လုံးမှာ ယူနီဖောင်းတစ်စုံ၊ အရပ်ဝတ်နှစ်စုံနဲ့ စာရွက်စာတမ်းတွေထည့်ပေါ့။ မန္တလေးကနေ ရန်ကုန် အင်းစိန် ရုံးချုပ်ကို ညရထားနဲ့သွားရပါတယ်။ ခရီးသွားရတာ တစ်ရက်ကြာတော့ ရန်ကုန် ရောက်ပြီပေါ့။ ရုံးချုပ်မှာ နှစ်ရက်ကြာတော့ လုပ်ငန်းအားလုံး ပြီးမြောက်သွားပါ တယ်။ ဒီတော့ မုံရွာထောင်ကို ဖုန်းဆက်တာပေါ့။ မုံရွာထောင်က ပြောတာက "စခန်းပြောင်းအဖွဲ့တွေ ဒီနေ့ပဲ ယာဉ်တန်းနဲ့ ထွက်သွားကြပြီ။ကိုကိုကတော့ ပခုက္ကူထောင်ကိုသွားပါ။ အဲ့ဒီကနေ လမ်းညွှန်တဲ့အတိုင်း လိုက်ခဲ့ပါတဲ့"။ မတတ်နိုင်ဘူး။ ရန်ကုန်ကနေ မန္တလေးကို ညရထားစီးပေါ့။ သုံးရက်မြောက်နေ့ မနက်ပိုင်းမှာတော့ မန္တလေးရောက်ပါတယ်။ မန္တလေးရောက်တယ် ဆိုတာနဲ့

ရှုံးချုပ်ကပါလာတဲ့ ချက်လက်မှတ်၊ ဘဏ်ငွေစာရင်း ဖွင့်လှစ်ခွင့်၊ ငွေထုတ်သူ အရာရှိ အမည်စာရင်း စတာတွေကိုစစ်ပြီး ကျောပိုးအိတ်မှာထည့်၊ ယူနီဖောင်း အပြည့်အစုံဝတ်ပြီး မန္တလေးကနေ မြင်းခြံကို နေ့လည်ပိုင်းမှာ ကားစီးခဲ့ပါတယ်။ မန္တလေးကနေ မနက် ၁၀ နာရီမှာ ထွက်တာ၊ မြင်းခြံကို ညနေ ၅ နာရီလောက် ရောက်ပါတယ်။ မြင်းခြံကနေ ပခုက္ကူကို ဇက် (သင်္ဘော) မမီလိုက်တော့ စက်လှေငှားပြီး ဆက်ထွက်တာပေါ့။ ဒီလိုနဲ့ လေးရက်ဆက်တိုက် ခရီးနှင်ခဲ့ လိုက်တာ နောက်ဆုံးရက်ရဲ့ ည ၁၁ နာရီကျော်မှာ ပခုက္ကူထောင်ကို ဆိုက်ပြီ ပေါ့။

♦ ♦ ♦

## အပိုင်း ( ၂ )

ပခုက္ကူထောင်ရောက်တာနဲ့ ထောင်တံခါးဝကို သတင်းပို့လိုက်တော့ ခဏစောင့်ပါတဲ့။ နာရီဝက်လောက်ကြာတော့ ထောင်ပိုင်ကြီးက အိမ်ပေါ်ကနေ ဆင်းလာပါတယ်။ ထောင်ပိုင်ကြီးကို ဖြစ်စဉ်အားလုံး သတင်းပို့လိုက်တာပေါ့။ ထောင်ပိုင်ကြီးက ပြောသမျှအားလုံးကိုနားထောင်ပြီး ထောင်ထဲဝင်သွားပါတယ်။ နောက်ထပ် နာရီဝက်လောက်ကြာတော့ ထောင်ပိုင်ကြီး ပြန်ထွက်လာပြီး ထောင် တံခါးရှေ့က တန်းလျားခုံကလေးမှာ နေရာချထားပါတယ်။ ထောင်ပိုင်ကြီးက သွားရမယ့် အလုပ်စခန်းအကြောင်းကို ပြောလိုက်၊ ထောင်ထဲကို ကင်းဝင် စစ်လိုက်နဲ့ ထောင်ထဲက ဘုရားရှိခိုးသံကြားတော့မှ ၅ နာရီထိုးလို့ မနက်လင်းမှန်း သတိရလာပါတယ်။

ဒီလိုနဲ့ နောက်ထပ်နာရီဝက်လောက်ကြာတော့ ထောင်ပိုင်ကြီးက ကိုကို ထိုင်နေတဲ့ တန်းလျားနားရောက်လာပြီး "ခဏစောင့်နေပါ၊ ကျွန်တော်ကိုယ်တိုင် လိုက်ပို့ပေးမယ်"လို့ပြောတော့ ပျော်လိုက်တာ၊ ပိုပြီးပျော်ရတာကတော့ နာရီ ဝက်လောက်ကြာတော့ ထောင်ပိုင်ကြီးက ဂျစ်ကားလေးတစ်စီးနဲ့ ရောက်ပါတယ်။ "လာပါ၊ ကားပေါ်တက်ပါ"တဲ့။ လေးရက်လောက် ပင်ပန်းလာတာတွေ၊ ပိန်းကြာရွက်ပေါ် ရေမတင်သလို အလိုလိုပျောက်သွားတာပေါ့။ ဒါနဲ့ပဲ အချိန်

ဆွဲမနေတော့ပါဘူး။ ဂျစ်ကားပေါ် အပြေးအလွှား တက်လိုက်တာပေါ့။ ဒီတော့ ထောင်ပိုင်ကြီးက ကားဆရာကို မောင်းခိုင်းလိုက်ပါတယ်။ ကားပေါ်မှာကလည်း ကားဆရာ၊ ထောင်ပိုင်ကြီးနဲ့ ကိုကိုရယ် ပေါင်းသုံးယောက်တည်းပါ။ ဂျစ်ကား ကလေး စတင်မောင်းနေပါပြီ။ ဝေဒနာခရီးအစပြုပြီပေါ့။

ဘယ်ကိုရောက်မယ်လို့ တွေးနေတုန်းမှာပဲ ကားကလေးဟာ ထောင်ကနေ တစ်ဖာလုံလောက်မောင်းပြီး လက်ဖက်ရည်ဆိုင်တစ်ခုမှာ ရပ်သွားပါတယ်။ ထောင်ပိုင်ကြီးက "လာဗျာ၊ လက်ဖက်ရည်သောက်ရအောင်တဲ့"။ တွက်ကြည့် လိုက်တော့ မနေ့က မနက္ခလေး ကနေစထွက်လာကတည်းက ရေချိုးဖို့မပြောနဲ့ မျက်နှာတောင်မသစ်ရ၊ သွားလည်း မတိုက်ရသေးပါဘူး။ ဒါပေမဲ့ နေ့လည်စာကို မြင်းခြံကားက ရပ်ပေးတဲ့ တဲတန်းဆိုင်လေးမှာစားခဲ့လို့ တော်ပါသေးတယ်။ ညစာကတော့ ဥပုသ်စောင့်လိုက်တာပေါ့။

ဒီတော့ ကားပေါ်က အပြေးဆင်းပြီး လဖက်ရည်ဆိုင်ထဲ ဝင်လိုက်တာပေါ့။ ထောင်ပိုင်ကြီးက စားပွဲထိုးကို လက်ဖက်ရည်သုံးခွက်နဲ့ ပေါက်စီကြော်တစ်ပွဲ မှာလိုက်ပါတယ်။ လက်ဖက်ရည်နဲ့ ပေါက်စီကြော်လာချတာနဲ့ ထောင်ပိုင်ကြီးက ဒီဆိုင်က ပေါက်စီကြော်ကောင်းကြောင်းပြောနေစဉ်မှာပဲ ကိုကိုက ပေါက်စီကြော် တစ်လုံးရဲ့တစ်ဝက် ကုန်အောင်စားပြီးနေပြီ။ လက်ဖက်ရည် တစ်ကျိုက်လည်း မော့ပြီးနေပြီ။ ထောင်ပိုင်ကြီးက ဒီဆိုင်က လက်ဖက်ရည်ရဲ့အရသာ ဘယ်လိုလဲလို့ မေးနေချိန်မှာတော့ လက်ကျန်ပေါက်စီနောက်တစ်ဝက် ဆက်စားလိုက်ပြီး လက်ကျန်လက်ဖက်ရည်ကိုလည်း မော့ချလို့ ကုန်သွားပါပြီ။ မနက်စာ အိုကေ သွားပါလေရော။

ထောင်ပိုင်ကြီးက လက်ဖက်ရည်သောက်ရင်း စားပွဲထိုးထံကနေ စက္ကူ လှမ်းတောင်းလိုက်ပါတယ်။ စက္ကူရောက်လာတာနဲ့ ပန်းကန်ထဲက လက်ကျန် ပေါက်စီနှစ်လုံးကို စက္ကူနဲ့ထုတ်ပြီး ဒါလေးယူသွား၊ လမ်းမှာစားဖို့ဆိုပြီး ပေးလာတော့ ကိုကိုက ယူထားလိုက်တာပေါ့။ ၁၅ မိနစ် လောက်ကြာတော့ လက်ဖက်ရည်ဆိုင်ကနေ ဂျစ်ကားလေး ဒုတိယအကြိမ် မောင်းပြန်ပါတယ်။ ကားက ၁၅ မိနစ်လောက်မောင်းလိုက်တော့ ပခုက္ကူမြို့အထွက်က ခြံဝင်း တစ်ခုထဲကို ဝင်သွားပါတယ်။ ခြံဝင်းထဲရောက်တော့ ကားက ရပ်သွားပြီး ထောင်ပိုင်ကြီးက ကားပေါ်ကနေ ဆင်းသွားပါတယ်။ ခြံဝင်းထဲက ရုံးလိုလို၊

အိမ်လိုလို အဆောက်အအုံထဲကို ထောင်ပိုင်ကြီးဝင်သွားပါတယ်။ ၁၀ မိနစ်လောက်ကြာတော့ ပြန်ထွက်လာပြီး "လာကားပေါ်ကဆင်း၊ လိုက်ပို့မယ်" ဆိုလို့ ကျောပိုးအိတ်ကို ကျောမှာပိုးလို့ ကားပေါ်ကဆင်းပြီး ထောင်ပိုင်ကြီးရဲ့နောက်ကို လိုက်သွားတာပေါ့။ ခြံဝင်းထဲက တဲကြီးတစ်လုံး အနားမှာ ရပ်ထားတဲ့ လော်လီကားနားရောက်တော့၊ "ဒီကားက ဒီနေ့ ရထားလမ်းကိုသွားမှာ၊ ဒီမှာ စောင့်နေ ကားနဲ့လိုက်ဖို့ပြောပြီးသား" တဲ့။ ဒီတော့ "ဟုတ်ကဲ့ပါ၊ ကျေးဇူးတင်ပါတယ်" လို့ ပြန်ပြောလိုက်တော့ ထောင်ပိုင်ကြီးနဲ့ ကားသမားက ကားမောင်းပြီး ပြန်သွားပါတယ်။ ဒီတော့ မနက် ၇ နာရီလောက်ရှိပြီပေါ့။ လော်လီကားရဲ့ ဘေးနားမှာရှိတဲ့ သစ်သားပြားတစ်ချပ်ပေါ် ကျောပိုးအိတ်ကိုပိုက်လို့ ထိုင်နေလိုက်ပါတယ်။

◆ ◆ ◆

## အပိုင်း ( ၃ )

လော်လီကားနားက သစ်သားပြားပေါ် ၂ ရီကျော်အောင် ထိုင်စောင့်နေပေမယ့် ဘယ်သူမှ ပေါ်မလာဘူးဗျ။ ကားနားကနေ ဘယ်မှလည်း မသွားရဲဘူးလေ။ မတော်လို့ ကိုယ်မသိဘဲကားထွက်သွားရင် ပြဿနာ။ ဒီတော့ မျှော်လင့်စောင့်စားလျှက်ပေါ့။ နံနက် ၁၀ နာရီလောက်မှာတော့ လူနှစ်ယောက် ကားနားကို ရောက်လာပါတယ်။ တစ်ယောက်က ကားဆရာတဲ့။ အသက်က ၂၅ နှစ်လောက်ပဲ။ ကျန်တစ်ယောက်ကတော့ စပါယ်ယာတဲ့လေ။ အသက်ကတော့ ၁၉ နှစ်လောက်ပဲထင်ရတယ်။ ကားဆရာက "ဗိုလ်ကြီး ဒီကားနဲ့ လိုက်မှာလား" တဲ့။ ကိုကိုက ယူနီဖောင်းဝတ်စုံနဲ့ ပခုံးပေါ် ငွေရောင်ကြယ်တစ်ပွင့်တင်လို့၊ ပျောက်ကြားတောဆောင်း ဦးထုပ်ဆောင်းထားပြီး ပျောက်ကြား ကင်းဘတ်ဖိနပ်နဲ့ဆိုတော့ ဗိုလ်ကြီးပေါ့။ ကားဆရာအမေးကို "ဟုတ်ကဲ့" လို့ ဖြေလိုက်တော့ ခဏစောင့်ပါဆိုပြီး သူတို့နှစ်ယောက် ကားနားကနေ ပြန်သွားကြပါတယ်။ ကားဆရာတပည့်နှစ်ယောက်က ရုံးခန်းထဲကို ဝင်လိုက်၊ ထွက်လိုက်၊ ခြံဝင်းထဲမှာရှိတဲ့ ဂိုဒေါင်ထဲကို ဝင်လိုက်၊ ထွက်လိုက်နဲ့ နေ့လည် ၁၂ နာရီ ထိုးသွားပါတယ်။

အဲဒီနောက်တော့ သူတို့နှစ်ယောက်ကို မျက်ခြေပြတ်သွားပါတယ်။ ဒီတော့ သူတို့မတွေ့လည်း ဘာအရေးလဲ၊ ကားရှိနေတာပဲ။ သူတို့ကားရှိတဲ့နေရာ ပြန်လာမှာပေါ့ဆိုတဲ့ အတွေးနဲ့ ကားနားက မခွာရဲပါဘူး။ ဒီအချိန်မှာပဲ ဗိုက်က ဆာလာမှ ပေါက်စီကြော်ကို သတိရလာတယ်။ ဒါနဲ့ ထောင်ပိုင်ကြီးပေးလိုက်တဲ့ စက္ကူထုတ်ကိုဖြည်၊ ပေါက်စီတစ်လုံးကိုစားပြီး ခြံဝကရေအိုးစင်မှာ ရေနှစ်ခွက်ဆင့်သောက်လိုက်တော့ နေ့လည်စာကတော့ ယာယီဖြေရှင်းပြီးသွားပါတယ်။ ဒါပေမဲ့ ဆရာသမားနှစ်ယောက်က ပျောက်ချက်သား ကောင်းနေဆဲပါ။

ညနေ ၃ နာရီလောက်မှာတော့ အလုပ်သမားနှစ်ယောက် ကားနားကို ရောက်လာပါတယ်။ သူတို့က ကားနောက်ပိတ်ကိုဖွင့်ပြီး ဒီဇယ်ပီပါတွေနဲ့ ကားတာယာတွေကို ကားပေါ်တင်ကြပါတယ်။ ဝမ်းသာစရာပဲ ခရီးထွက်ဖို့ ရောင်နီတော့ပွင့်လာပြီပေါ့။ အလုပ်သမားတွေက ၁ နာရီကျော်လောက်နဲ့ အလုပ်ပြီးတော့ ကားနောက်တံခါးပိတ်ပြီး ပြန်သွားပြန်ပါလေရော။ ကိုကိုကတော့ ကားကိုပဲစောင့်နေရတာပေါ့။

ဒီလိုနဲ့ ည ၇ နာရီထိုးမှ ကျေးဇူးရှင် ကားဆရာတပည့်နှစ်ယောက် ပေါ်တော်မူလာပါတယ်။ ကားထွက်မယ်တဲ့။ ဗိုလ်ကြီးကတော့ ရှေ့ခန်းက တက်ပါတဲ့။ တပည့်က နောက်ကလိုက်လို့ ဒုတိယအကြိမ် လော်လီကားကြီးနဲ့ ခရီးထွက်ပါပြီဗျား။

လော်လီကားကြီးက ကုန်အပြည့်။ လူသုံးယောက်တင်ပြီး တစ်ဖာလုံ အကျော်လောက်အရောက် ကားဝပ်ရှော့တစ်ခုမှာ ရပ်ပါလေရော။ ကျေးဇူးရှင်ကားဆရာက "အခုသွားရမှာက တောင်ပေါ်က လမ်းဖြစ်လို့ လမ်းဆိုးတယ်။ လိုအပ်တဲ့အပိုင်းတွေပြင်ထားမှ စိတ်ချရမှာ"တဲ့။ သူပြောတာလည်း ဟုတ်နေတာပဲ။ ပြင်ပေါ့။ ဝပ်ရှော့ထဲက ကားပြင်ဆရာနှစ်ယောက်ထွက်လာပြီး ကားဆရာနဲ့ စကားပြောကြပါတယ်။ နောက်တော့ ကားပြင်ဆရာနှစ်ယောက်က ကားကို ဟိုနှိုက်၊ ဒီထုနဲ့လုပ်နေလေရဲ့။ ကားဆရာတပည့်နှစ်ယောက်က ထုံးစံအတိုင်း ကြက်ပျောက် ငှက်ပျောက်။ ကိုကိုကလည်း ဒင်နာအချိန်ကျလာတော့ ဗိုက်ကဆာလာပြန်ပါပြီ။ ဒါနဲ့ လက်ကျန် ပေါက်စီတစ်လုံးကို သတိရလာပါတယ်။ အဲဒီပေါက်စီလက်ကျန်တစ်လုံးနဲ့ ဝပ်ရှော့ရေအိုးစင်က ရေနှစ်ခွက်တို့ပေါင်းပြီး နှစ်ပါးသွားလိုက်ရတာ၊ ဒင်နာကိုလည်း သာသာယာယာ ဖြေရှင်း

လိုက်ရသပေါ့။ ကားပြင်ဆရာတွေက ၂ နာရီ လောက်ပြင်ပြီးတော့၊ အလုပ်နားသွားကြပါတယ်။ နောက်ထပ် ၁ နာရီလောက်အကြာမှာ ကာလနဂါးနှစ်ကောင် ပေါ်လာပါတယ်။ ဆရာတပည့်နှစ်ယောက်က ကားကို စမ်းသပ်ပြီးနှိုးတာတို့၊ ထုတာတို့ လုပ်နေကြလေရဲ့။ စိတ်တိုင်းကျပြီဆိုမှ "ကိုင်း... ဗိုလ်ကြီးရေ၊ တက်ဗျ၊ သွားရအောင်" တဲ့။

ဒါနဲ့ပဲ ကျောပိုးအိတ်ကိုပိုက် ကားရှေ့ခန်းကတက်တော့ ကားက စထွက်တာပေါ့။ အချိန်ကတော့ ည ၁၁ နာရီကျော်ပါပြီ။ ကားပေါ်ရောက်တာနဲ့ လူကငါးရက်တာပင်ပန်း၊ ထမင်းက နပ်မမှန်တော့ လူကမဟန်နိုင်တော့ဘူး။ ကျောပိုးအိတ်ပိုက်ပြီး ငိုက်ပစ်လိုက်တာပေါ့။ ဒီလိုနဲ့ မပျော်တစ်ချက်၊ ပျော်တစ်ဝက်၊ ငိုက်တစ်ဝက်နဲ့ပေါ့။ ကားဆရာကလည်းမောင်းလျက်ပေါ့။ ကားမောင်းချိန် ၁ နာရီကျော် လောက်မှာတော့ ကားက ရပ်သွားပြန်ပါလေရော။ ကားဆရာက "ဗိုလ်ကြီးရေ ဆင်းဗျ၊ ဒီမှာ နားမယ်" တဲ့။ ကားရပ်တဲ့နေရာကလည်း မှောင်မည်းနေတာ၊ ဘာမှမမြင်ရဘူး။ မှောင်မှာပေါ့။ သန်းခေါင်ကျော်အချိန်ပဲ။ ဒီတော့ အထုပ်ကလေးပိုက်လို့ ကားဆရာနောက်လိုက်ရတာပေါ့။ ခြေလှမ်း ၂၀ လောက်ရောက်တော့ တဲအိမ်ကလေးကိုအမှောင်ထဲမှာ ခပ်ရေးရေး မြင်ရပါတယ်။ ကားဆရာက တဲရှင်ကို အော်ခေါ်ပါတယ်။ လေးခွန်းလောက် အော် တော့ တဲကြီးရှင်ထွက်လာပါတယ်။ တဲရှင်နဲ့ ကားဆရာတို့ စကားပြော အပြီး မှာတော့ တဲထဲက ဝါးကွပ်ပျစ်ကလေးမှာ အိပ်ဖို့နေရာရပါတယ်။ အိုကေပေါ့။ ဒါနတ်ပြည်က အမြင့်ဆုံးဘုံတစ်ခုကို ရလိုက်ပြီဆိုပြီး ကျောပိုးအိတ် ခေါင်းအုံးပြီး စက်တော်ခေါ် ပျော်လိုက်တာပေါ့။

◆ ◆ ◆

## အပိုင်း ( ၄ )

အိပ်ရေးဝသွားတော့ တဲထဲက လူသံနဲ့ အိုးခွက်သံတွေ ကြားရပါတယ်။ ဒီတော့ အိပ်ရာက နိုးလာတာပေါ့။ မင်္ဂလာပါ။ ခြောက်ရက်မြောက် ခရီးထွက်ရဲ့နံနက်ခင်းလေးရေလို့ တိုးတိုးလေး နှုတ်ခွန်းဆက်ရင်း အိပ်ရာက ထလိုက်တာပေါ့။ ဒီတော့ တဲကြီးရှင်က "ဗိုလ်ကြီးနိုးပြီလား၊ မျက်နှာသစ်ပါ၊ မနက်စာစားရအောင်" တဲ့။ ကြားရတဲ့စကား မင်္ဂလာအရှိဆုံးပဲဗျာ။ ဝမ်းသာပီတိ၊ ဥမ်းဆီထိ

ပမာပေါ့။ ဒီတော့ ကွပ်ပျစ်ပေါ်ကနေ အမြန်ဆင်းလိုက်တာပေါ့။ ပြဿနာက၊ အိမ်သာတက်ချင်တာ။ တဲပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်တော့ အိမ်သာ လုံးဝ မတွေ့ရဘူး။ နောက်တော့မှ ကားဆရာရဲ့ တပည့်က တောတန်းကလေးထဲက ထွက်လာတာ တွေ့လိုက်ရတယ်။ သူ့ကိုမေးတော့မှ အိမ်သာ မရှိဘူး၊ တောထိုင် ရမှာတဲ့။ ကိုင်း…ကောင်းရော။

ယူနီဖောင်းအပြည့်နဲ့ ဗိုလ်ကြီးအခေါ်ခံရတုန်းကတော့ စိတ်နေဘုံဖျား၊ အခု အိမ်သာတက်မှ ချုံခြားရောက်ရပေါ့။ တောထိုင်ပြီး ပြန်လာတော့ ကားဆရာက၊ မီးသွေးနဲ့ သွားတိုက်လို့၊ ကားတာယာပုံးကလေးထဲက နောက်ကျိကျိရေကို အိုးမှုတ်ခွက်ကလေးနဲ့ခပ်ပြီး မျက်နှာသစ်နေပါတယ်။ အိုကေ…ကိုကိုလည်း ထိုနည်းလည်းကောင်းပေါ့။ အားလုံးပြီးသွားတော့ တဲကြီးရှင် တည်ခင်းတဲ့ ဘရိတ်ဖတ်ရှိရာတဲအတွင်းက ကွပ်ပျစ်ဆီကို ချီတက်လာတာပေါ့။ ဘရိတ်ဖတ်က ဆန်လုံးအနီကြားထမင်းကို ဆီပါးပါးဆမ်းထားပြီး ဒန်ဇလုံထဲ ထည့်ထားတာဗျ။ အငွေ့တထောင်းထောင်းနဲ့ အနံ့ကလည်းမွှေးလို့ပါ။ ဘေးနားမှာကလည်း ပဲနီ လှော် (စွန်တာနီပဲလှော်) တစ်ပန်းကန်နဲ့၊ နောက်ပြီး 'တီး'ကလည်း မိုက်မဲ့ပုံ၊ မြေရေနွေးခရား မည်းမည်းလေးရဲ့ဘေးမှာ စဥ့်ရေနွေးကြမ်းပန်းကန်သုံးလုံး ချထားလေရဲ့။

တဲကြီးရှင်က ''ဗိုလ်ကြီးရေ၊ ရှိတာလေးနဲ့ ဧည့်ခံရလို့ အားနာပါတယ်။ စားတော့ စားပါဦး''တဲ့။ တရိုတသေပြောနေရှာပါတယ်။ ဒီတော့ ကိုကိုက ''အောင်မယ်လေးဗျ၊ ဒါအကောင်းဆုံး အစီအစဉ်ပါ၊ ကျွန်တော် ထမင်းနဲ့ဝေးတာ တစ်ရက်ခွဲရှိပြီဗျ''လို့ ပြောလိုက်တော့မှ မျက်နှာက ဝမ်းသာသွားတဲ့ အမူအရာ လေး ဖြစ်သွားပါတော့တယ်။ ကိုကိုနဲ့ ကားဆရာတပည့်နှစ်ယောက်လည်း စားလိုက်ကြတာ လိုက်ပွဲအဖြစ် လက်ကျန်ဆီမဆမ်းရသေးတဲ့ ထမင်းခဲလေး တောင် မကျန်တော့ပါဘူး။ နတ်သုဒ္ဓါအလား ဝါးလိုက်ကြ၊ ရေနွေးကြမ်း သောက်လိုက်ကြနဲ့ စည်းဝါးကို ကိုက်နေတာပါပဲ။ တဲကြီးရှင်ကလည်း ''ရပါ တယ်၊ စားပါ၊ ကျွန်တော်က ပြန်ချက်ပြီးမှ စားပါ့မယ်။ ဗိုလ်ကြီးတို့ သိပ်မစား ဘူးထင်လို့ နို့ဆီနှစ်ဘူးတည်းချက်ထားတာ''တဲ့။ ဒီအဖွဲ့ကလည်း ဆွဲလိုက်တာ ထမင်းဂျိုး(ချိုး)တောင်မကျန်ဘူး။ ဘရိတ်ဖတ်က အိုကေသွားပြီလေ။ ဘာ ပြောပြော ဝါးတီး အိုကေသွားတော့ တဲပိုင်ရှင်ကို ကျေးဇူးအထူးတင်ကြောင်း

ပြောပြီး နံနက် ၈ နာရီလောက်မှာ ခရီးဆက်ကြတာပေါ့။

ကားပေါ်ရောက်တော့ ကားဆရာကိုမေးကြည့်တယ်။ ဘယ်ရောက်နေပြီလဲလို့။ ကားဆရာက ပြောပါတယ်။ အခုနားတဲ့နေရာဟာ မြိုင်ဘူတာ ဆောက်မဲ့နေရာနဲ့နီးတယ်တဲ့။ ပခုက္ကူနဲ့က ခန့်မှန်း ၁၅ မိုင်လောက်ရှိမယ်တဲ့။ ဒီလိုနဲ့ကားက မြေလမ်းအတိုင်း တောတန်းကလေးတွေကို ဖြတ်သန်းပြီး မောင်းနေလေရဲ့။ လမ်းကတော့ မီးရထားလမ်းအူကြောင်းအတွက် ဘူဒိဇာ(မြေထိုးစက်)ကြီးနဲ့ တစ်ကြောင်းထိုးထားတာဆိုတော့ လကမ္ဘာပေါ်မှာ မောင်းနေရသလိုပဲ။ လူကတော့ 'ကေပေါ့'အဖွဲ့တွေ ကနေသလို မြောက်ကြွမြောက်ကြွ၊ ခုန်ဆွခုန်ဆွပေါ့။ ခရီးကလည်း မတွင်ဘူး။ လမ်းမှာ မိုးရေကျတဲ့ ချောင်းငယ်တွေကိုဖြတ်ရတာ အတော့်ကို သတိထားရပါတယ်။ ကားက ၄၅ ဒီဂရီလောက်အထိ စောင်းသွားတာ ကံကောင်းလို့ မမှောက်တာ။

နေ့လည် ၁၂ နာရီလောက်မှာတော့ ကားဆရာပြောပြချက်အရ မြို့စိုးဘူတာဆောက်မဲ့နေရာရောက်ပြီတဲ့။ ပခုက္ကူကနေ ခန့်မှန်း ၃၅ မိုင်လောက်ရှိမယ်တဲ့။ နားလို့တော့မဖြစ်သေးဘူး။ မိုးရိပ်တွေတက်လာပြီ။ မိုးရွာရင်လမ်းက ပိုဆိုးလာမှာဆိုတော့ ခရီးဆက်ရပြန်တာပေါ့။ ခရီးဆက်ပြီး ခန့်မှန်း ၁၀ မိုင်လောက်ရောက်တော့ ချောင်းတစ်ခု တွေ့ပါတယ်။ ချောင်းက ခန့်မှန်းပေ ၅၀ လောက်ကျယ်ပါတယ်။ အဆင်းရော အတက်ရော ဆင်ခြေလျှောမဟုတ်ဘဲ ဇောက်ထိုးဖြစ်နေပါတယ်။ ကားကတော့ ဘယ်လိုမှ ဆင်းလို့မရတော့ပါဘူး။ ဒီတော့ချောင်းထဲဆင်း ရေကူးရတာပေါ့။ ရေက ခြေသလုံးလောက်ပဲရှိပေမဲ့ ရေစီးကတော့ မြန်နေပါတယ်။ ချောင်းကို ဖြတ်ပြီး တောခေါင်းကြီးစခန်းကို ခြေကျင်ချီတက်ရတာပေါ့။ အချိန်ကလည်း ညနေစောင်းလာပါပြီ။

စခန်းက ဘယ်လောက်ဝေးလဲ အတိအကျ မသိရပါဘူး။ ကားဆရာအပြောကတော့ ရထားလမ်းအူကြောင်းပေးထားတဲ့အတိုင်း သွားပါတဲ့။ သူပြောတဲ့လမ်းအတိုင်း နေရောင်တောင်စွယ်မကွယ်ခင် အပြေးနှင်ရတာပေါ့။ မနက်က စားထားတဲ့ တစ်ကြိမ်တည်းသော နတ်သုဒ္ဒါရဲ့ အာဟာရ သိဒ္ဓိကရှိနေတာပဲ။ အားတင်းထား၊ ဖိုက်တင်းလို့အားပေးရင်း အမြန်လျှောက်ပေါ့။ လမ်းတစ်လျှောက်မှာက လူသွားလူလာက လုံးဝမရှိတော့ ဘယ်သူ့မှ မေးစရာမရှိပါဘူး၊ နောက်လှည့်မကြည့်ဘဲ ရှေ့တူရှုရှုလို့ ခပ်သွက်သွက်လျှောက်နေရတာတာပါ။

တကယ်တော့ တောစခန်းကိုသွားနေရတဲ့ တောလမ်းကလေးကည်း ဖွေးနေသလို တောပန်းကလေးတွေကလည်း မွှေးနေပါတယ်။ ဒါပေမဲ့ ဒီလိုမခံစားရဲပါဘူး။ မကြာခင် နေဝင်တော့မှာဖြစ်လို့ မခန့်မှန်းနိုင်တဲ့ ပန်းတိုင်ကို စမ်းလျှောက်ဆဲပါ။ နေလုံးကြီးလည်း တောင်ကုန်းပေါ် မေးတင်ရော ရှေ့တည့်တည့်က ကုန်းမြင့်ကလေးအပေါ်မှာ အဆောက်အအုံတဲတန်းကလေးတွေ တွေ့လိုက်ရပါတယ်။ ဝမ်းသာလိုက်တာ။ ၃ နာရီအတွင်း ခန့်မှန်း ရှစ်မိုင်၊ ကိုးမိုင်လောက် လျှောက်ခဲ့ရတာ အမောပြေသွားပါတယ်။ လက်ကျန်အားတွေကို အကုန်ထုတ် တောင်ကုန်းနားအရောက်သွားပြီး ဗဟိုဝန်ထမ်းတက္ကသိုလ် ဖောင်ကြီးမှာ ဗျူဟာသင်ခန်းစာတက်တုန်းက တိုက်ပွဲရဲ့နောက်ဆုံး တောင်ကုန်းပေါ်တက် ကျားထိုးသလို ပြေးတက်လိုက်မိပါတယ်။ အချိန်ကလည်း နေဝင်သွားပြီး မှောင်ရီပျိုးလာတော့ တောင်ကုန်းပေါ်ရောက်ပါပြီခင်ဗျ။

◆ ◆ ◆

## အပိုင်း ( ၅ )

တောင်ကုန်းပေါ်ရောက်တော့ မှောင်ရီဝိုးတဝါးမှာ အသက် ၂၀ ကျော်လောက်ရှိမဲ့ လူတစ်ယောက်ကို စတွေ့ပါတယ်။ "ညီလေးရေ ဒါမီးရထားက စခန်းလား"လို့ မေးလိုက်တော့ ဟုတ်ပါတယ်တဲ့။ သူကလည်း မီးရထားက အလုပ်သမားဖြစ်ပါတယ်တဲ့။ ဒါနဲ့ သူ့ကို "မင်းတို့ဆရာရှိလားလို့" မေးလိုက်တော့ လူပုံကိုသေချာကြည့်ပြီး "ဟုတ်ကဲ့ဗိုလ်ကြီးရှိပါတယ်"တဲ့။ အေး… ဒါဆို မင်းဆရာဆီလိုက်ပို့ဆိုတော့ လိုက်ပို့ပေးပါတယ်။

အဆောက်အအုံတစ်ခုထဲရောက်ရင်ပဲ ဆရာဆိုသူက "ဟာ…ထောင်မှူးပါလား၊ ဘာကိစ္စနဲ့ရောက်လာတာလဲ"တဲ့။ အိုကေ အခုမှ ရာထူးအမှန်သိသူနဲ့တွေ့ရပြီပေါ့။ ဆရာကိုဖြစ်ကြောင်းရယ် ကုန်စင်ပြောပြလိုက်တော့ သူက မီးရထားမှ အင်ဂျင်နီယာတစ်ဦးဖြစ်ပြီး လက်ရှိ စခန်းရဲ့ တာဝန်ခံဖြစ်ကြောင်း၊ ဒီနေရာဟာ တောခေါင်းကြီးစခန်းဖြစ်ပြီး ပခုက္ကူနဲ့ မိုင် ၆၀ ခန့်ဝေးပါကြောင်း၊ ယခုလာခဲ့တဲ့ လမ်းဟာ မီးရထားလမ်းဖောက်မဲ့ ခန့်မှန်းအူကြောင်းသာဖြစ်ကြောင်း၊ အမှန်က ပခုက္ကူကနေ ဂန့်ဂေါသွားတဲ့ကားစီးပြီး လယ်ခမ္မမှာဆင်း၊

အတွင်းကို ၁၈ မိုင်လောက် လမ်းလျှောက်ရင် ရဲဘာက်စခန်းကို ရောက်နိုင်ကြောင်း၊ ဒါပေမဲ့ မထူးတော့ပါဘူး။ ဒီကနေ ရထားလမ်းအတိုင်း မနက်ဖြန် ထွန်စက်နဲ့ လိုက်ပို့ပေးမယ်တဲ့။ ဒီစကားကြားရပြန်တော့ အမောပြေရပြန်ပေါ့။

စခန်းတာဝန်ခံက ရွှေညောင် ဗထူးရထားလမ်းဖောက်လုပ်ရေးမှာ အကျဉ်းဦးစီးနဲ့တွဲခဲ့ဖူးတော့ သူသိတဲ့ အရာရှိအမည်တွေ ပြောပြတာပေါ့။ ကိုကိုကလည်း ဗိုလ်မှူးဆမ်ဂျွန်းနဲ့ ရွှေညောင်ဗထူးရထား လမ်းတစ်လျှောက်၊ စခန်းပေါင်းစုံ ရောက်ဖူးလေတော့ လေပေးပိုဖြောင့်တာပေါ့။ ဒီတော့ စခန်းတာဝန်ခံကလည်း စေတနာ ပိုလို့ကောင်းလာတာပေါ့။ ဒီမှာရေချိုးပါ။ အဝတ်လဲပါတဲ့။ ဟုတ်ပ။ မန္တလေးက ထွက်လာတာ သုံးရက်ရှိပြီ။ ရေမချိုးရသေးဘူး။ ဒီတော့ တာဝန်ခံ ပြောသလို ရေချိုး အဝတ်အစားလဲလိုက်တော့ လန်းသွားတာပေါ့။ အားလုံး ပြီးတော့ ညစာစားရအောင်တဲ့။ မင်္ဂလာရှိသောစကားပါ။ ပခုက္ကူက စထွက်ကတည်းက ပထဆုံးညစာကို စားရတော့မှာပါ။ တောထမင်း၊ တောဟင်းဆိုပေမဲ့ ကြက်ဥကြော်၊ ယံယံခေါက်ဆွဲပြုတ်ဟင်းရည်နဲ့ အရွက်ကြော်တချို့ပေါ့။ ပိုအဆင်ပြေသွားတာ အာမီရမ်လက်ကျန်တစ်ပိုင်းနဲ့ဆိုတော့ ဘာပြောကောင်းမလဲ နွားငတ် ရေကျ ခေါ်မလားပဲ၊ သောက်လိုက်၊ စားလိုက်နဲ့ တဖြည်းဖြည်း ဗိုက်လည်းတင်း၊ ဇရက်မင်းစည်းစိမ်လည်း ရလာတာပေါ့။ စားသောက်ပြီးတာနဲ့ ခုံတန်းလျား တစ်လုံးနဲ့ စောင်ပါးပါးတစ်ထည်ကိုပါ တာဝန်ခံက စီစဉ်ပေးလေတော့ ကြယ် ငါးပွင့်ဟိုတယ်ပဲလို့ စိတ်မှာခံစားပြီး တစ်ည အိပ်လိုက်ရပါတယ်။

မနက်မိုးလင်းထိ တရေးပဲ။ အိပ်လိုက်ရတော့ အားကုန်သွားတဲ့ဖုန်းကို ၃ နာရီ အားသွင်းလိုက်ရသလို ၁၀၀ ရာခိုင်နှုန်းအပြည့် ပြန်ဖြစ်သွားပါတယ်။ အိပ်ရာမှထပြီး တဲရဲ့အပြင်ထွက်တော့ တာဝန်ခံက "ကဲ...ဆရာထောင်မှူး မျက်နှာသစ်ဗျာ၊ မနက်စာ စီစဉ်ထားတယ်၊ စားပြီးတာနဲ့ ခရီးထွက်မယ်" တဲ့။ အိုကေပေါ့။ အမြန်ဆုံး သန့်ရှင်းရေးလုပ်၊ ယူနီဖောင်းပြန်ဝတ်၊ ကျောပိုးအိတ် အသင့်ပြင် မနက်စာစားပေါ့။ ဒီမနက်စာကတော့ အဆင့်မြင့်လာပါပြီ။ ထမင်းဖြူ ဆီဆမ်း၊ အသားခြောက်ဖုတ်နဲ့ (ဘာသားလဲမေးမကြည့်တော့ပါဘူး။ ကိုယ်က အမဲသားမစားတော့ အမဲသားဖြစ်နေရင် အားနာနေရမှာ) ဒီတော့ ဘာလာလာ ဒေါင်း၊ ရတာအကုန်စားစနစ်နဲ့ ဗိုက်ကားအောင် ဝါးပစ်လိုက်ပါတယ်။ အားလုံး အိုကေသွားတော့ တာဝန်ခံက လယ်ထွန်စက်တစ်စီးကို ကိုယ်တိုင် မောင်းလာ

ပါတယ်။ "ကဲ…ဆရာရေ တက်ပါ၊ ခရီးထွက်မယ်"တဲ့၊ "ဟုတ်ကဲ့"ဆိုပြီး ထွန်စက်ရဲ့ ဘီးအဖုံးပေါ်တက်၊ အမိုးကိုင်းကိုမြဲမြဲကိုင်၊ တတိယအကြိမ်မြောက် ခရီးထွက်ပါပြီခင်ဗျ။

အချိန်က နံနက် ၈ နာရီလောက်ရှိပါပြီ။ တောခေါင်းကြီး စခန်းကနေ ၂ နာရီနီးပါးမောင်းလိုက်တော့ ရှစ်မိုင်လောက်သာ ခရီးပေါက်ပါတယ်။ လမ်းကလည်း ဘာကြမ်းသလား မမေးနဲ့။ ထွန်စက်ကတော့ ဘယ်ညာယိမ်းနေတာ ငလျှင်လှုပ်နေသလိုပဲ။ လူကလည်း ထွန်စက်အမိုးကိုင်းကိုမြဲမြဲကိုင်ထားလို့သာ ပေါ့။ မဟုတ်ရင် ဆယ့်လေးငါးကိုက်ထိ လွင့်သွားနိုင်တယ်။ ခုန်လိုက်တာက လည်း ကျောက်ခဲမြို့ချထားရင်တောင် အစာကျေမဲ့အနေအထားဗျ။ ဘာပြောပြော ခရီးတစ်ထောက်တော့ ရောက်ခဲ့ပြီပေါ့။ တာဝန်ခံက ပြောတာကတော့ ဒီနေရာ ဟာ ခန့်မှန်းအားဖြင့် ဇီးပြားဘူတာဖြစ်လာမယ့်နေရာတဲ့။ ဆက်ပြီးတော့ ချောင်း ငယ်ကလေးတွေ ဖြတ်လိုက်၊ တောင်ပေါ်ကိုတက်လိုက်၊ တောင်အောက်ကို ဆင်းလိုက်နဲ့ ခရီးနှင်လာခဲ့ပြီး နောက်လှည့်ကြည့်လိုက်တော့ ထွန်စက်မောင်း လာတဲ့လမ်းကြောင်းကို ပြန်မြင်နေရပါတယ်။ ဒီတော့မှ တော်တော်မြင့်တဲ့ တောင်ပေါ်လမ်းကိုရောက်နေမှန်း သတိပြုမိလာပါတယ်။ လမ်းကလည်း ပိုဆိုး လာသလို ဖြတ်ရတဲ့ ချောင်းတွေကလည်း ပိုများပြီး ပိုလည်း ကျယ်လာပါတယ်။ အတက်လမ်းဖြစ်လို့ ထွန်စက်ကလည်း ငယ်သံပါအောင် အော်နေပါပြီ။ ထွန် စက်အိပ်ဇောကထွက်တဲ့ မီးခိုးတွေကလည်း မီးခိုးရောင်ကနေ အနက်ရောင် ပြောင်းနေပါပြီ။

ဇီးပြားကနေ ငါးမိုင်လောက်မောင်းတော့ ထန်းတောရွာနားကို ရောက်ပါ တယ်။ အချိန်က နံနက် ၁၁ နာရီလောက်ရှိနေပါပြီ။ အတက်လမ်းတွေ ပိုများပြီး အကောက်အကွေ့တွေလည်း များလာပါတယ်။ ၁ နာရီလောက် မောင်းလိုက်တာ ကျောသာရွာနားရောက်တော့ ချောင်းတစ်ခုကို တွေ့ရပါတယ်။ ချောင်းကလည်း ပေ ၂၀၀ ကျော်လောက်တော့ ကျယ်မယ်။ အတက်ရော အဆင်းပါ ဗွက်ထပြီး လမ်းပျက်နေပါတယ်။ အဆင်းဘက်မှာလည်း လော်လီကားတစ်စီး ဗွက်နစ်နေ ပါတယ်။ ဒီတော့ စခန်းတာဝန်ခံ အင်ဂျင်နီယာက "ဆရာ ထောင်မှူးရေ၊ ရှေ့ဆက်ပြီး ထွန်စက်ကတော့ သွားလို့မရတော့ဘူး။ ခြေကျင်သာဆင်းလျှောက် ပေတော့။ ရှေ့ရှစ်မိုင်လောက်မှာ စစ်တပ်ရှိတယ်"တဲ့။ ဒါနဲ့ ထွန်စက်နဲ့လိုက်ပို့

တာတို့၊ ညစာနဲ့ မနက်စာစားရတာနဲ့ ညအိပ်ရတာတွေတို့ကို ကျေးဇူးတင်ကြောင်း၊ အကြိမ်ကြိမ်ပြောလိုက်ပါတယ်။ တာဝန်ခံအင်ဂျင်နီယာက ထွန်စက်ကို မောင်းပြီး နောက်ကြောင်း ပြန်လှည့်သွားတာပေါ့။ ကိုကိုကတော့ ဘယ်ဆီသို့၊ ဘယ်ညာသို့ မှန်းဆကာရှယ် ဘယ်လိုခရီးဆက်ရပါ့။

◆ ◆ ◆

## အပိုင်း ( ၆ )

ကဲပါလေ။ မှိုင်ကာတွေး၊ ထိုင်ကာငေးနေလို့ကတော့ ခရီးပေါက်မှာ မဟုတ်ဘူး။ အချိန်ကလည်း မွန်းလွဲ ၁၂ နာရီလောက်ရှိနေပြီ။ ဒီတော့ တောင်တန်းပြာတောစခန်းသို့ ကျောပိုးအိတ်ကိုလွယ်ကာ ခါးလောက်ထိနက်တဲ့ ချောင်းထဲကို ပေ ၂၀၀ ကျော်လောက် ကူးလိုက်ပါတယ်။ ချောင်းရေက ရေစီးသန်တော့ သတိထားရတယ်။ လူပါသွားတာထက် ပါလာတဲ့ စာရွက်စာတမ်းက အရေးပါနေလေတော့ ပိုဂရုစိုက်ရတာပေါ့။ ချောင်းထဲကနေ တက်လိုက်တော့ ရှေ့မှာ မြင့်မားတဲ့တောင်တန်းကြီးကို စတွေ့ရတာပါပဲ။

စစ်တပ်စခန်းက ရှစ်မိုင်လောက်ဆိုတော့ စိတ်ထဲမှာ ပန်းတိုင်ရောက်နေသလို ခံစားရပါတယ်။ လမ်းကလည်း တောင်တက်တွေ များလာပါတယ်။ ခါးအောက်ပိုင်းရေစိုထားတော့၊ အတက်လမ်းကို မလဲအောင် မနည်းထိန်းသွားရတာပေါ့။ တောင်တွေက တစ်လုံးပြီးတစ်လုံး အတက်ကြမ်းသလို အဆင်းကလည်း ကြမ်းပါတယ်။ ဒီလိုနဲ့ ၁ နာရီလောက်သွားလိုက်၊ ၁၀ မိနစ်လောက် နားလိုက်နဲ့ သွားလိုက်တာ ခါးအောက်ပိုင်းရေစိုတာတောင် ခြောက်သွားပါတယ်။ လမ်းမှာတော့ စမ်းချောင်းငယ်ကလေးတွေကို မကြာခဏ ဖြတ်ရသလို၊ တောင်တန်းတွေကိုလည်း ကျော်ရတာပေါ့။ တောင်တန်းတွေပေါ်မှာပွင့်နေတဲ့ တောပန်းကလေးတွေကိုလည်း မြင်ရတာပေါ့။ စမ်းကလေးတွေက အေးသလို ပန်းကလေးတွေကလည်း မွှေးပါတယ်။

ဒါပေမဲ့ ဒါတွေကို မခံစားနိုင်ပါဘူး။ မျှော်မှန်းထားတဲ့ပန်းတိုင်ကို လှမ်းကိုင်နိုင်ဖို့ အမြန်လျှောက်ဆဲပါ။ နှစ်နာရီကျော်လောက်လျှောက်၊ နှစ်ခါ နားလို့ တောင်နှစ်လုံးမြောက်ကိုကျော်လိုက်တော့ တောင်တန်းပြာပေါ်က စစ်စခန်းကို

လှမ်းမြင်နေရပါပြီ။ နားစရာမလိုအောင် အမောပြေသွားတော့ စခန်းကုန်းကို အပြေးတက်လိုက်ပါတယ်။ စစ်စခန်းအဝင်ဂိတ်မှာ တာဝန်ကျရဲဘော်ကို မေးလိုက်တော့ ဗိုလ်မှူးနဲ့တွေ့ပါဆိုပြီး လိုက်ပို့ပါတယ်။ ဗိုလ်မှူးဆီရောက်တာနဲ့ သူက…

"ခင်ဗျားက ထောင်မှူးလှရွှေလား"ဆိုတော့…

"ဟုတ်ပါတယ်" လို့ ဖြေလိုက်တယ်။ ဗိုလ်မှူးက ဆက်ပြီး…

"ခင်ဗျားပျောက်နေလို့ရှာနေတာတဲ့။ ရဲဘက်စခန်းက သတင်းပို့တဲ့အထဲမှာ ခင်ဗျားတစ်ယောက် ကျန်နေတယ်။ ရောက်တာနဲ့ ကြေးနန်းနဲ့သတင်းပို့ခိုင်းထားတာ၊ အခု လူကိုယ်တိုင် သတင်းလာပို့နေပါလား"ပေါ့။

ကိုကိုကလည်း ဖြစ်ကြောင်းကုန်စင် ရှင်းပြလိုက်ပါတယ်။ ဗိုလ်မှူးကလည်း ဒီနေရာက ရေဖြူကြီးစခန်းဖြစ်ကြောင်း၊ တပ်မ(၁၀၁)ရဲ့ ဌာနချုပ်ဖြစ်ကြောင်း ရှင်းပြပါတယ်။ တပ်မမှူးက ဗိုလ်မှူးချုပ်ရဲမြင့်ဖြစ်ပါတယ်။ (ဗိုလ်မှူးချုပ်ရဲမြင့်ဟာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရဲ့ ပထမတိုင်းမှူးနဲ့ နောက်တော့ ဗိုလ်ချုပ်ကြီး ဖြစ်မည့်သူပါ)။ တပ်မက အမှတ်(၂၅၉)တပ်ရင်းကို သတင်းပို့ရန် လမ်းညွှန် ပြောကြားလိုက်ပါတယ်။ ဒီနောက်တော့ ဆက်သွယ်ရေးစက်ကိုခေါ်ပြီး ကော်ဖီ တစ်ခွေပို့လိုက်တဲ့၊ စက်ဆရာကလည်း "စွန်ရဲမှ သိန်းငှက်၊ အသံဘယ်လောက် ကြားလဲ၊ ထန်းသီးမင်းသား၊ လိပ်ပြာရထား၊ ဌာနေမှာ ရောင်နီပြနေတယ်"လို့ အသံကြားနေရချိန်မှာ ကိုကိုကတော့ ကျောပိုးအိတ်နဲ့ တောင်တန်းကြီးတွေကို ဖြတ်ကျော်လို့ တောစခန်းသို့ ချီတက်နေဆဲပါ။

ဒီလိုနဲ့ ထန်းသီးမင်းသားက လိပ်ပြာရထား စီးလာလိုက်တာ ၁ နာရီကျော် လောက်မှာတော့ သရက်ချဉ်တပ်ခွဲကို ရောက်ပါတယ်။ အဲ့ဒီတပ်ခွဲမှာ တပ်ခွဲမှူး ဗိုလ်ဇော်လွင်နဲ့ တွေ့ပါတယ်။ တပ်ခွဲမှူးက ရှေ့ဆက်ရမယ့်ခရီးကို လမ်းညွှန်ပေး ပါတယ်။ သရက်ချဉ်ကနေ တစ်တောဝင်လို့ တစ်တောင်ကျော်လိုက်တာ နောက် ထပ် ၁ နာရီလောက်ကြာသော့ အမှတ်(၂၅၉) တပ်ရင်းကို ရောက်ပါတယ်။ အဲ့ဒီမှာ သတင်းပို့ရပါတယ်။ တပ်ရင်းမှူးက ဒုဗိုလ်မှူးကြီး မြတ်ကို ဖြစ်ပါတယ်။ သူက (ထွေအုပ်ညွှန်ချုပ်နဲ့ ဝန်ကြီးချုပ်ဖြစ်မယ့်သူပေါ့)။ အချိန်ကလည်း နေအတော်စောင်းနေပါပြီ။ တပ်ရင်းက လမ်းညွှန်ချက်အတိုင်း ဆက်လက်ပြီး ချောင်းရိုးတစ်လျှောက် တောင်ကျောအတိုင်း ၁ နာရီလောက် လျှောက်လိုက်တော့

ရေဖြူငယ်တပ်ခွဲကိုရောက်ပါတယ်။ တပ်ခွဲမှူးက ဗိုလ်ကြီး စံထွန်းအောင်ဖြစ်ပါတယ်။ အဲ့ဒီတပ်ခွဲရောက်တော့ မှောင်ရီပျိုးနေပါပြီ။ တပ်ခွဲမှူးက ရှေ့တစ်မိုင်လောက်မှာ ရဲဘက်စခန်းရှိတယ်တဲ့။ ကြားရတာ ဝမ်းသာလွန်းတော့ တပ်ခွဲမှူးကို အလေးပြုပြီး မမှောင်ခင်စခန်းဝင်ရအောင် အပြေးတက်ရတာပေါ့။ နာရီဝက်လောက်ကြာလို့ အမှောင်လည်းကျလာရော ရေဖြူငယ် ရဲဘက်စခန်းကို ရောက်ပါပြီဗျ။

ခရီးစဉ်ကတော့ မုံရွာ-မန္တလေး-ရန်ကုန်-မန္တလေး ပခုက္ကူ သုံးရက်ခရီးကို ထိုင်ခုံနေရာမရလို့ ခက်ခဲတာပဲရှိတာပါ။ အရမ်းမပင်ပန်းပါဘူး။ ဒါပေမဲ့ ပခုက္ကူကနေ စခန်းအထိ မိုင် ၉၀ လောက်ကို လမ်းကြမ်းကြမ်းမှာ လော်လီကားနဲ့ ၄၅ မိုင်ခန့်၊ ထွန်စက်နဲ့က ၂၁ မိုင်ခန့်၊ ခြေကျင်ကတော့ ၂၈ မိုင်လောက်သွားခဲ့ရပြီး နှစ်ညအိပ်၊ သုံးရက်ကြာမြင့်ခဲ့ရပါတယ်ခင်ဗျား။

♦ ♦ ♦

## အပိုင်း ( ၇ )

စခန်းရောက်တော့ ည ၆ နာရီလောက်ရှိပါမယ်။ စခန်းတာဝန်ခံကို လုပ်ဆောင်ချက်တွေ သတင်းပို့လိုက်တာပေါ့။ တာဝန်ခံကလည်း တာဝန်ခွဲဝေမှုအမိန့်စာကို ထုတ်ပြပါတယ်။ ထောင်မှူးနှစ်ယောက်တည်းရှိတာ တစ်ယောက်က ဒုတိယစခန်းတာဝန်ခံ ဦးဌာနစု၊ ထောက်ဌာနစုတို့ရဲ့ တာဝန်ခံနဲ့ နောက်တန်းမှူးတဲ့။ ကိုကိုကတော့ ရေးဌာနစုနဲ့ ငွေစာရင်းတာဝန်ခံ၊ နောက်ပြီး ရှေ့တန်းမှူးနဲ့ (OA) ငွေစာရင်းရဲ့ တွဲဖက်ငွေထုတ်သူအရာရှိတဲ့။ ဆရာဇော်ဂျီရဲ့ ကဗျာထဲကလို ပေါ်ပြန်လည်း မသက်သာဆိုသလို စခန်းရောက်ပြန်လည်း မသက်သာ။ မနက်ဖြန် ပခုက္ကူဘဏ်ကိုသွားပြီး စာရင်းသွားဖွင့်ရမှာပေါ့။ ဒီညတော့ ထောက်ထောင်မှူးဧည့်ခံတဲ့ ယောမှာချက်တဲ့ တောအရက်နဲ့ အညောင်းဖြေလိုက်ရပါတယ်။

မနက်စောစောထ၊ မနက်စာထမင်းစားပြီးတာနဲ့ ထုံးစံအတိုင်း ယူနီဖောင်းအပြည့်ဝတ်၊ ငွေစာရင်းဖွင့်မဲ့ စာရွက်စာတမ်းတွေပါတဲ့ ကျောပိုးအိတ်ကို လွယ်လို့

နံနက် ၅ နာရီလောက်မှာပဲ ပခုက္ကူသို့ တစ်ဖန် ပြန်လည်ချီတက်ရပြန်ပါပြီ။ ဒီတစ်ခါတော့ တာဝန်ခံလည်းပါတာဆိုတော့ အဖော်နဲ့ပေါ့။ စခန်းကနေထွက်တော့ တာဝန်ခံကလမ်းပြပေါ့။ သူက ယာဉ်တန်းနဲ့ တက်လာတာဆိုတော့ လမ်းသိနေတာပေါ့။ စခန်းနဲ့ ကိုက် ၅၀၀ လောက်အကွာ တောင်ကုန်းပေါ်မှာတော့ ရေဖြူငယ်ရွာရှိပါတယ်။ ရွာလို့သာပြောတာပါ မြင်ရတာတော့ အိမ်က နှစ်လုံးတည်းရယ်။ ဒီနေရာမှာ ရေဖြူငယ်ဘူတာ ဆောက်မှာတဲ့။ လမ်းကတော့ ရထား လမ်းအူကြောင်းပါပဲ။

ဒါနဲ့ ၁၅ မိနစ်လောက်အကြာမှာ ရထားလမ်းရဲ့ လွန်းထိုးနေရာကို ရောက်ပါတယ်။ တောင်ကမြင့်လွန်းတော့ ရထားလမ်းကို လွန်းထိုးတက်ရမယ့်နေရာပါ။ ယာယီကားသွားဖို့ကတော့ ဒေသခံယောသားတွေသွားတဲ့လမ်းအတိုင်း သွားရတာပါ။ တောင်တန်းတွေကိုကျော်လိုက်၊ စမ်းချောင်းတွေကိုဖြတ်လိုက်နဲ့ပါပဲ။ နံနက် ၅ နာရီလောက်က ခရီးစထွက်တာဆိုတော့ မြူနှင်းတွေ၊ တောင်ခိုးတွေနဲ့အပြင် လေပြေအေးကလေးပါ တိုက်နေတော့ ချမ်းသလိုလိုတော့ ရှိသား။ ဒါပေမဲ့ နာရီဝက်လောက် တောင်တက်၊ တောင်ဆင်းလုပ်လိုက်တာ ချွေးပြန်ပါလေရော။ ချွေးပြန်လည်း ပြဿနာမရှိဘူး။ စမ်းချောင်းကိုဖြတ်ရင်း တိုက်ကြက်တွေလို စမ်းရေအေးအေးလေးပေးလိုက်တော့ အမောပြေသွားတာပေါ့။ နောက်ထပ် နာရီဝက်လောက်လျှောက်လိုက်တော့ အမှတ်(၂၅၈)တပ်ရင်းကို ရောက်ပါတယ်။ (၂၅၈)ရဲ့တပ်ရင်းမှူးကတော့ ဒုတိယဗိုလ်မှူးကြီးထင်အောင်ဖြစ်ပါတယ်။ (သူလည်း နောက်ပိုင်းမှာ မီးရထားညွှန်ချုပ်ဖြစ်တယ်ထင်ပါတယ်) (၂၅၈)တပ်ရင်းကနေ လှမ်းကြည့်လိုက်တော့ အတော့်ကိုမြင့်တဲ့ တောင်ကြီးတစ်လုံးတွေ့ရပါတယ်။ ဗိုလ်မျှော်တောင်လို့ခေါ်တယ်တဲ့။ တောင်ပေါ်ကို လမ်းအကွေ့အကောက်အတိုင်း တက်လိုက်တာ ၄၅ မိနစ်လောက်ကြာတော့ တောင်ထိပ်ကို ရောက်ပါပြီ။ တောင်ပေါ်ကနေကြည့်လိုက်ရင် ပတ်ဝန်းကျင်က တောင်ပင်လယ်ကြီးကို အပေါ်စီးကမြင်ရတာ၊ တောင်ပင်လယ်ဆိုတာက ပတ်ဝန်းကျင်တစ်ခုလုံးတောင်တွေနဲ့သာ ပြည့်နေတာပါ။ တောင်တွေ များလွန်းတော့ ပင်လယ်ပြင်ကြီးလိုပေါ့။ သာယာလိုက်တာ။ ဒါကြောင့်များ ဗိုလ်မျှော်တောင်လို့ခေါ်တယ်ထင်ပါ့။

ထောင်ထိပ်ကိုလည်း တိမ်တိုက်တွေကဝင်တိုက်နေတော့ အေးမြမြနဲ့ အမော

တော့ ပြေသား။ တောင်ပေါ်အတိုင်း ၁၀ မိနစ်လောက်သွားလိုက်တော့ အဆင်းလမ်းကိုမြင်ရပါပြီ။ ရှခင်းက ပိုပြီးသာယာလာပါတယ်။ တောင်ခြေနဲ့ တစ်မိုင်လောက်ဝေးတဲ့နေရာမှာ ဝါးပင်ရွာကိုအပေါ်ကနေ တွေ့နေရတာပေါ့။ တောင်အောက်ကို ကွေ့ကာ ဝိုက်ကာနဲ့ဆင်းလိုက်တာ ၁ နာရီလောက်ကြာမှ တောင်အောက်ကို ရောက်ပါတယ်။ ဆက်ပြီး မိနစ် ၂၀ လောက်လျှောက်လိုက်တော့ ဝါးပင်ရွာကိုရောက်ပါတယ်။ ရွာကတော့ အိမ်ခြေ ၅၀ လောက်ရှိမယ်ထင်ရတယ်။ ဈေးဆိုင်ငယ်လေးတွေပါတွေ့ရတာပေါ့။ အချိန်ကလည်း နံနက် ၇ နာရီကျော်နေတော့ ဈေးဆိုင်လေးမှာပဲ ယံယံခေါက်ဆွဲခြောက်ဝယ်ပြီး ရေနွေးတောင်းလို့ မနက်စာ စားကြပါတယ်။ ဝါးပင်ရွာကနေ နံနက် ၇ နာရီခွဲလောက်မှာ တောတန်းတွေကြားက တောလမ်းကလေးအတိုင်း ခြေကျင်ခရီးထွက်လိုက်တာ မွန်းလွဲ ၂ နာရီလောက်မှာတော့ ပုလဲ-ဂန့်ဂေါကားလမ်းကို တွေ့ရပါတယ်။

ပုလဲ-ဂန့်ဂေါကားလမ်းကိုလည်း အကျဉ်းဦးစီးကပဲ ဖောက်လုပ်ခဲ့တာပါ။ ရဲဘက်စခန်းများ စတင် မွေးဖွားလာတယ်လို့တောင် ပြောရမလိုပါ။ ကိုကိုသိသလောက်ကတော့ ရဲဘက်တွေရဲ့လက်မောင်းတံဆိပ်က တစ်လက်မခွဲလောက်ပတ်လည်ပိတ်စမှာ အောက်ခံက အဝါရောင်ပါ။ အဲ့ဒီအပေါ်မှာ ပဓောက်ပုံအနီရောင်ထဲမှာတော့ မှန်ချိန့်တဲ့ (ဆောက်လုပ်ရေးလုပ်ငန်းသုံးကိရိယာ) ပုံကလေးထည့်ထားပါတယ်။ ဒီတံဆိပ်ကိုပဲ ဘယ်ညာအတူတူတပ်ပြီး ဝတ်ဆင်ကြတာပါ။ ဒါဟာ ပုလဲ-ဂန့်ဂေါကားလမ်းဖောက်လုပ်ရေး အလုပ်စခန်းကို ဂုဏ်ပြုဖော်ပြထားတာလို့ သိရပါတယ်။ ကိုကိုတို့အလုပ်ဝင်စက ရဲဘက်တွေက ဒီလိုလက်မောင်းတံဆိပ် တပ်ကြပါတယ်။ နောက်ပြီး ရဲဘက်စခန်းမှာ တာဝန်ကျတဲ့ဝန်းထမ်းတချို့ကလည်း လက်ဝဲဘက် ဝန်ထမ်းလက်မောင်းတံဆိပ်ရဲ့အောက်မှာ ရဲဘက်လက်မောင်းတံဆိပ်တစ်ခုကို တပ်ဆင်ထားတာ တွေ့ဖူးပါတယ်။ ရဲဘက်တွေလက်မောင်းတံဆိပ်တပ်တာဆိုလို့ ၁၉၇၈ ခုနှစ်က လွှန်ကျော်စခန်းကိုသွားသတိရပါတယ်။ အရာရှိဖိုမှာ ထမင်းချက်တဲ့ တရုတ်ကြီးတစ်ယောက်ရှိတယ်။ သူပြောနေကျစကားကတော့ ချီးဖို့ကောင်းသသယ် (စကားမပီလို့ပါ၊ သူပြောချင်တာက ချစ်ဖို့ကောင်းတယ်ပါ)။ သူ့နာမည်ကိုလည်း ချစ်ဖို့ကောင်းတယ်လို့ အများကခေါ်ကြတာပေါ့။ သူဝတ်ထားတဲ့ ရဲဘက်ဝတ်စုံရဲ့ လက်မောင်းတံဆိပ်က ဘယ်ဘက်က ပဓောက်ပုံမှန်နေပေမယ့် ညာဘက်ကတော့ စက်ချုပ်တဲ့

ရဲဘက်ရဲ့မှားယွင်းမှုကြောင့် ဓောက်ထိုးဖြစ်နေတာပေါ့။ ဒါကို တခြား ရဲဘက်တစ်ယောက်က…

"ဟော့…ချစ်ဖို့ကောင်းတယ်၊ မင်းရဲ့ညာဘက်လက်မောင်း တံဆိပ်မှားနေတယ်"

လို့ ပြောလိုက်တော့ တရုတ်ကြီးက…

"မင်းက ဘာသိလို့လဲ ဘယ်ဘက်ကပုလဲ၊ ညာဘက်က ဂန့်ဂေါကွ" တဲ့။ သူ့အတွေးကတောင် ပိုမှန်နေသလိုပါပဲ။

♦ ♦ ♦

## အပိုင်း ( ၈ )

ပုလဲ-ဂန့်ဂေါအကြောင်း ခဏထားလို့ လက်ရှိခရီးအကြောင်း ဆက်ပါ့မယ်။ ပုလဲ-ဂန့်ဂေါသွား ကားလမ်းရဲ့အနီးမှာတော့ စုပေါင်းဂိတ်တစ်ခုကို တွေ့ရပါတယ်။ အဲဒီဂိတ်မှာ သတင်းပို့ရပါတယ်။ တပ်မတော်က အရာခံဗိုလ်က ကားကြို စီစဉ်ပေးပါတယ်။ လမ်းအခြေအနေအရ ခရီးသည်တင်ကားတွေက ရှားပါတယ်။ ကံကောင်းတော့ လမ်းရောက်ပြီး မကြာခင်မှာပဲ သစ်လုံးတင်ကားတစ်စီး ဆိုက်လာပါတယ်။ အနေအထားအရ တာဝန်ခံနဲ့ သစ်တောအရာရှိတို့က ရှေ့ခန်းကပေါ့။ သစ်လုံးကားရဲ့နောက်ပိုင်းဆိုတာက ပက်လက်ဘော်ဒီပေါ်မှာ သစ်လုံးကြီးတွေတင်ပြီး သံကြိုး(ချိန်း)တွေနဲ့ မကျအောင်ချည်ထားတာပါ။

ကိုကိုကတော့ သစ်လုံးတွေရဲ့အပေါ်ကိုတက်၊ သံကြိုးကိုမြဲမြဲကိုင်လို့ ခရီးထွက်ကြတာပေါ့။ အချိန်ကတော့ နံနက် ၁၀ နာရီကျော်လောက်ရှိနေပါပြီ။ လမ်းကတော့ ကားလမ်းဆိုပေမဲ့ နှစ်တွေကြာတော့ တော်တော်လေး ပျက်နေပါပြီ။ လမ်းက ကားတစ်ဝွင်စာပဲရှိတော့ ခရီးက သိပ်မတွင်ပါဘူး။ ဒီလိုနဲ့ သစ်လုံးကားကြီးက တောင်တစ်လုံးရဲ့ အမြင့်ဆုံးနေရာကိုရောက်တော့ ရှေ့တည့်တည့်ကနေ တောင်အောက်ကို လှမ်းမြင်ရပါတယ်။

ရွာလေးတစ်ရွာဖြစ်ပြီး အိမ်ကလေးတွေ တော်တော်များများကို မြင်နေ

ရပါတယ်။ ကားက တောင်အောက်ကို နာရီဝက်လောက် ဆင်းလိုက်တော့ မြေပြန့်က ခင်အေးရွာလေးကိုရောက်ပါတယ်။ ထမင်းနဲ့ လက်ဖက်ရည်ရောင်းတဲ့ဆိုင်သုံးဆိုင်လောက်ရှိပါတယ်။ ကားဆရာက နားလေတော့ ကိုကိုတို့လည်း နားကြတာပေါ့။ ဆာကေလေးလည်းရောင်းတော့ တစ်ခွက်တစ်ဖလားနဲ့ နေ့လည်စာ ထမင်းပါ ဝယ်စားကြရတာပေါ့။ နာရီဝက်လောက်နားပြီးတော့ ခင်အေးရွာက တောင်ပေါ်ကို စပြီးတက်ပါတယ်။ အချိန်က နံနက် ၁၁ နာရီခွဲ လောက်ရှိပါပြီ။ အတက်ကြမ်းသလို အကွေ့အကောက်များတာကြောင့် ကားက ဂီယာကြီးနဲ့ လိမ့်ရုံသာသွားနေလေရဲ့။ ၄၅ မိနစ်လောက်တက်တော့ တောင်ပေါ်ကို ရောက်ပါတယ်။ နောက်ကြောင်းပြန်ကြည့်လိုက်တော့ ကားတက်လာတဲ့ လမ်းကလေးနဲ့ တောင်ခြေက ခင်အေးရွာကလေးကို ခပ်ရေးရေး မြင်နေရပါတယ်။

ကားလမ်းလား၊ မြေလမ်းလား၊ နွားလှည်းလမ်းလားမသိတဲ့ တောင်ပေါ်လမ်းကလေးကို သစ်လုံးကားကမောင်းနေလေရဲ့။ ၄၅ မိနစ်လောက်မောင်းလိုက်တာ တောင်ကြီးတစ်လုံးနား ရောက်လာပါတယ်။ ကားကလည်း ကွေ့ကာဝိုက်ကာနဲ့ ငယ်သံပါအောင်အော်ပြီး တက်လိုက်တာ တောင်ထိပ်ကို မွန်းလွဲ ၂ နာရီလောက်မှာ ရောက်ပါတယ်။ တောင်ထိပ်ကိုရောက်တော့ ကားလမ်းရဲ့ဘေးက တောင်ကုန်းလေးပေါ်မှာ အဆောက်အအုံတစ်ခုကို တွေ့ရပါတယ်။ ကားဆရာက ကားကိုရပ်ပြီး ကားပေါ်ကဆင်းလို့ အဆောက်အအုံရှိရာကိုသွားပါတယ်။ လက်ထဲမှာလည်း အမွှေးတိုင်နဲ့ ဖယောင်းတိုင်တွေ ကိုင်လို့ပါ။ ကိုကိုလည်း ကားပေါ်ကဆင်းလို့ ကားဆရာနောက်လိုက်ပြီး လေ့လာလိုက်ပါတယ်။

တောင်ကုန်းပေါ်က အဒေါ်ကြီးပြောတာကတော့ ဒီနေရာဟာ ပုံတောင်ရဲ့ အမြင့်ဆုံးနေရာဖြစ်ပြီး အဆောက်အအုံကလည်း နတ်ကွန်းဖြစ်ကြောင်း၊ ပုံတောင်ကိုဖြတ်ရင် ဒီနန်းကို ဦးတိုက်ရတယ်။ အန္တရာယ်ကင်းဖို့လည်း ဆုတောင်းပေးတယ်တဲ့။ ပုလဲ-ဂန့်ဂေါလမ်းဖောက်တုန်းက ပုံတောင်အဆင်းလမ်းမှာ ကားမှောက်လို့ ဗိုလ်မှူးတစ်ယောက် သေဆုံးသွားကြောင်းနဲ့ ကားလမ်းရဲ့ဘေးက တောင်နံရံမှာ ဗိုလ်မှူးရဲ့ကဗျည်းကျောက်စာရှိကြောင်း သိခဲ့ရပါတယ်။ နတ်ထိပ်ကနေ တောင်အောက်ကို ပြန်ဆင်းရပြန်ပါတယ်။ တောင်ပေါ်လမ်းဆိုတော့

တက်လိုက်ဆင်းနဲ့ ၂ နာရီလောက်အကြာမှာတော့ တောင်ထိပ်တစ်ခုမှာ စေတီကလေးတစ်ဆူကို တွေ့ရပါတယ်။ ဒီနေရာကို ဘုရားလေးလို့ ခေါ်ကြောင်းနောက်တော့ သိလာပါတယ်။ ဘုရားလေးကနေ တောင်အောက်ကို ဆင်းလိုက်တာနဲ့ မြေပြန့်ကို စတွေ့ရပါတယ်။

နောက်ထပ် တောင်တန်းတွေ မတွေ့ရတော့ပါဘူး။ မြေပြန့်အတိုင်းမောင်းလိုက်တာ သိပ်မကြာခင်မှာပဲ ပုလဲမြို့ကိုရောက်ပါတယ်။ ဆက်ပြီးတော့ယင်းမာပင်ကနေ မုံရွာတစ်ဖက်ကမ်းက ညောင်ပင်ကြီးဆိပ်ကို ရောက်ခဲ့ရပါတယ်။ ညောင်ပင်ကြီးကနေ မော်တော်နဲ့ကူးလိုက်တော့ မိုးလည်းချုပ်ရော၊ မုံရွာကို ရောက်ခဲ့ရပါတယ်။ မုံရွာထောင်မှာပဲ ညအိပ်ရပ်နားကြတာပေါ့။

မနက်မိုးလင်းတာနဲ့ မုံရွာကနေ မြိုင်လမ်းခွဲကို၊ မုံရွာ-မန္တလေး ကားလမ်းအတိုင်း ကားစီးရပါတယ်။ လမ်းခွဲမှာ ကားပြောင်းစီးပြီး မြိုင်မြို့ကို သွားရပါတယ်။ မြိုင်မြို့နဲ့ အနီးနားမှာပဲ ပရိမ္မဇက်ဆိပ်ရှိပါတယ်။ အဲ့ဒီကနေ ပခုက္ကူဘက်ကမ်းကို ကူးရပါတယ်။ တစ်ဖက်ကမ်းရဲ့ ဇက်ဆိပ်ကနေ ဆက်သွားတော့ပခုက္ကူကိုရောက်ပြီပေါ့။ ပခုက္ကူဘဏ်မှာ ငွေစာရင်းဖွင့်ရင်းနဲ့ ကျန်တဲ့ရုံးလုပ်ငန်းတွေကို တစ်ရက်တည်းနဲ့ပြီးအောင် ဆောင်ရွက်ရပါတယ်။ စခန်းအတွက် လိုအပ်တာတွေ ဝယ်ယူစုဆောင်းရပါတယ်။

ရဲဘက်စခန်းတစ်ခုကို စတင်ဖွင့်လှစ်ရတာဟာ အတွေ့အကြုံမရှိရင် အလွန်ခက်ခဲပါတယ်။ ကံကောင်းတာက စခန်းထွက် ထောင်မှူးနှစ်ယောက်လုံးက အလုပ်စခန်း အတွေ့အကြုံရှိနေကြလေတော့ မုံရွာထောင်မှာ ခေတ္တတွဲဖက်ထားစဉ်ကတည်းက စခန်းအတွက်လိုအပ်မဲ့ လုပ်ငန်းသုံးပစ္စည်းမျိုးစုံနဲ့ ဒေသရဲ့ ရာသီဥတုနဲ့ မြေအနေအထားအရ စိုက်ပျိုးလို့ရမဲ့ စားသုံးသီးနှံမျိုးစေ့တွေကို ကြိုတင်ပြင်ဆင်ထားပြီးသား၊ နောက်တစ်ခုက ရုံးလုပ်ငန်း၊ ရုံးလုပ်ငန်းကလည်း စခန်းကြီးတာ၊ သေးတာနဲ့ မဆိုင်ဘူး။ အကုန်အတူတူပဲ လုပ်ကြရတာ၊ ဒီတော့ စာပေးစာယူ စာအမှတ်ကစလို့ ဦး/ရေး/ထောက်/ငွေစာရင်း(OA.MD)၊ မတတ်ရင်သေပြီဆရာပဲ။ ဘာဖြစ်လို့လဲဆိုတော့ စခန်းထွက်အင်အားထဲမှာ စာရေးလည်းမပါဘူး။ ရုံးအကူ ဝန်ထမ်းလည်း မပါဘူးလေ။ ရဲဘက်ကို အားကိုးရအောင်ကလည်း စာတတ်လားမေးကြည့်လိုက်ရင် ရေးတတ်ဖတ်တတ်၊ ပညာအရည်အချင်းဆိုတော့ ဘကကျောင်းထွက်တဲ့။ အခြေကျနေတဲ့ စခန်းတွေကတော့

ဘာအရေးလဲ၊ ရေကန်အသင့် ကြာအသင့်လေ။ ဒီတော့ ထောင်မှူး၊ စာရေး၊ ရုံးအကူ၊ စာပို့၊ ဆက်သား၊ ငွေစာရင်းတာဝန်ခံ၊ တွဲဖက်ငွေထုတ်သူအရာရှိ၊ အီဖေကို တစ်ပွေတည်းပေါ့။ ပြောရင်း လေရှည်သွားပါတယ်။ ရေးလက်စကို ဆက်ပါ့မယ်။ ဘဏ်လုပ်ငန်းနဲ့ အခြားလုပ်ငန်းတွေ အားလုံးပြီးတော့ သတင်းတစ်ခုကြားရတာက ကိုကိုတို့စခန်းကို ရဲဘက်အင်အား ၂၅၀ ထပ်ပို့မယ်တဲ့။ အရင် ၂၅၀ အတွက် ရိက္ခာကိုတော့ မုံရွာထောင်က တစ်လစာထုတ်ပေးလိုက်လို့ ပြဿနာမရှိပေမဲ့ အခု ၅၀၀ ဆိုရင် မကြာခင်ရက်ပိုင်းမှာ ရိက္ခာပြတ်ပြီ။ ဝေးလံတဲ့တောထဲ ဘယ်မှာမှ ချေးငှားလို့မရနိုင်ဘူး။ ဝယ်ရအောင်ကလည်း အခုမှ ဘဏ်စာရင်းဖွင့်တာ၊ ဘယ်မှာလဲ၊ ဘတ်ဂျက်၊ ကိုင်း…မထူးဘူး။ တာဝန်ခံက စခန်းကိုအမြန်ပြေး၊ ကျန်တာ၊ ကိုကို တာဝန်ယူတယ်ပေါ့။

◆ ◆ ◆

## အပိုင်း ( ၉ )

အလုပ်စခန်းမှာက အရာရှိရော ဝန်ထမ်းပါ ရိက္ခာစားလေ။ ဒီတော့ ဝန်ထမ်းက ခန့်မှန်း ၂၅+ရဲဘက် ၅၀၀ ရိက္ခာရရှိရေး (တစ်ပွင့်) ထောင်မှူး၊ မင်းဘယ်လိုစိတ်ကူးသလဲ။ ကိုယ့်ကိုကိုယ်ပြန်မေးရသပေါ့။ ဒီတော့မှ ဟုတ်ပြီ။ ဒီဇာတ်လမ်းဘယ်သူစခဲ့တာလဲ၊ ဘယ်သူ့မှာတာဝန်ရှိလဲ စဉ်းစားလိုက်တော့ အကျဉ်းဦးစီးကို အခြေပြုလို့ တပ်မတော်က တာဝန်ယူ၊ လုပ်ရမဲ့အလုပ်က မြန်မာ့မီးရထား၊ လားလားတွေ့ကြပြီပေါ့။ ဒီတော့ လွန်ကျော်စခန်းရဲ့ စခန်းတာဝန်ခံအရာရှိ တပ်မတော်အသွင်ပြောင်း ဗိုလ်ကြီးသန်းထွန်း (ကြည်း ၆၂၃၆)က အရာရှိနဲ့ ဝန်ထမ်းများရဲ့တန်းစီမှာ ပြောတဲ့မိန့်ခွန်းတစ်ခုကို နားထဲ ပြန်ကြားလာပါတယ်။ သူမိန့်တာက…

**"ဒီမယ် အရာရှိတွေကိုပြောချင်တာကတော့ မင်းတို့ရဲ့ပခုံးပေါ်မှာ နိုင်ငံတော်တံဆိပ်ပါတဲ့ တစ်ပွင့်တင်ထားရင် နိုင်ငံတော်သမ္မတရဲ့ တာဝန်ကိုတောင်ထမ်းဆောင်နိုင်ရမယ်"**တဲ့။

အိုကေ။ ဒီစကားလေးကို ကိုယ်တိုင် ထောင်ပိုင်တာဝန်ထမ်းဆောင်ချိန်မှာရော၊ ဒုတိယတာဝန်ခံအရာရှိ တာဝန်ထမ်းဆောင်ရချိန်မှာရော တန်းစီမှာ အမြဲပြန်ပြောခဲ့ပါတယ်။ ဒီစကားကို လိုက်နာသလို အမြဲပြန်ပြောလေ့ရှိပြီး ဆရာ့ကို

လေးစားပါတယ်လို့ ဒီနေ့ထိ အလေးပြုနေတဲ့ အရာရှိတစ်ယောက်ရှိပါတယ်။ သူကတော့ ကိုကို့စကားကို နားဆင်နေတုန်းကတော့ (တစ်ပွင့်) ထောင်မှူးပါ။ ဒီစာရေးနေချိန်မှာတော့ လက်ထောက်ညွှန်ကြားရေးမှူးဖြစ်နေပါပြီ။ ထားလိုက်ပါတော့၊ ရေးရင်း၊ တွေးရင်း ဘေးရောက်ကွေ့လို့မဖြစ်သေးဘူး။ ပြန်ဆက်ပါ့မယ်။

ရိက္ခာကို ပခုက္ကူထောင်က ချေးမယ်ဆိုတော့လည်း ဒီဇင်ဘာလဖြစ်တော့ တတိယကွာတားရဲ့ နောက်ဆုံးလဆိုရင် သူ့မှာလည်း လက်ကျန်သိပ်မရှိဘူး။ ဒီတော့ မထူးဘူး။ မူလဖြစ်တဲ့ အကျဉ်ဦးစီးရုံးချုပ်ကို စတင်ဖုန်းဆက်မယ်ပေါ့၊ ၁၉၉၄ ခုနှစ်ဆိုတော့ သိတဲ့အတိုင်း ဖုန်းဆက်ရတာမလွယ်ဘူး။ (PCO)တောင် နေရာတိုင်း မရှိသေးတော့ ရှာရကြံရတယ်ဗျ။ ပခုက္ကူကို ဒုတိယအကြိမ်ရောက်တော့ ပခုက္ကူထောင်မှာ တာဝန်ကျနေတဲ့ ထောင်မှူးတစ်ယောက်နဲ့ အရင်ထဲက သိနေလေတော့ အဆင်ပြေလာပါတယ်။

သူ့အိမ်မှာတည်းလို့ ထမင်းပါကျွေးပါတယ်။ ဒါတင်မကပါဘူး။ ထောင်ကို ရိက္ခာသွင်းတဲ့ ကန်ထရိုက်နဲ့လည်း ဆက်သွယ်ပေးတယ်။ နောက်ပြီး သူ့အိမ်မှာရှိတဲ့ (HERO)စက်ဘီးအစုတ်ကလေးကိုပါ ငှားပေးထားတော့ ပိုလို့ အဆင်ပြေပါတယ်။ ဒီတော့ စီးတော်ယာဉ်ကလေးနဲ့ ပခုက္ကူမြို့ထဲပြေးပြီး ရုံးချုပ်ဖုန်းမှန်သမျှ အကုန်ဆက်ရတာပါ။ ပထမဆုံး ထောက်ရုံးကိုဆက်ပါတယ်။ အဲဒီမှာ စာရေးကြီးကိုခင်မောင်သင်းနဲ့ တွေ့ပါတယ်။ သူကလည်း ပြောသမျှအခက်အခဲ (ဘဏ်ထိန်းကွပ်ကိန်း၊ ဘတ်ဂျက်) ရရှိရေးတွေကို တင်ပြပြီး အမြန်ရရှိရေး ဆောင်ရွက်ပေးမယ်တဲ့။ ပြဿနာက ရိက္ခာ ဝယ်ယူခွင့်ကိုတော့ ထောင်မှူးတစ်ယောက်နဲ့ ပြောရပါတယ်။ ဆရာထောင်မှူးကို ကိုကိုက စခန်းရဲ့ အခြေအနေကိုပြောပြပြီး ရဲဘက် ၅၀၀ ရဲ့ ရိက္ခာဝယ်ယူခွင့်ချပေးဖို့ တောင်းပန်ပေမဲ့ "နားမလည်ဘူးလား၊ အပြင်ကဝယ်မယ်ဆို တင်ဒါခေါ်၊ မြို့ပေါက်ဈေးတောင်း" ဘာညာဆိုပြီး၊ စာအုပ်ကြီးကို ဖတ်ပြပါလေရော။ ဒီစာအုပ်ကြီးကို စောဖေကနောကျေပြီးသား။ အလုပ်ဝင်ကတည်းက ရဲဘက်စခန်းဌာနချုပ်မှာ ဝင်တာ၊ အဲ့ဒီကနေ တောင်စခန်းထွက်ခဲ့သေးတယ်။ နောက်ပြီး ရဲဘက် ၁၃၀၀ ယောက် ဖွဲ့စည်းပုံစခန်း(လွန်ကျော်)မှာ ရှစ်နှစ်တာဝန်ထမ်းဆောင်ခဲ့တာပါ။ ဒီတုန်းကလည်း ဌာနတွင်းစာရင်းစစ်အဖွဲ့မှာပါဝင်ခဲ့လို့ ၁၉၈၃ ခုနှစ်လောက်က ပခုက္ကူထောင်ကို တောင်မှ စာရင်းစစ်ခဲ့ဖူးပါတယ်။ စိုက်မွေးညွှန်ကြားရေးမှူး

ရုံးမှာနေတော့လည်း ဗိုလ်မှူးဆမ်ဂျွန်းနဲ့ စခန်းပေါင်းစုံကို ရစ်နှစ်လောက် လှည့်စစ်လာတာပါ။ ဒီအကြောင်းက ကိုယ်ရည်သွေးပြီးရေးနေတာမဟုတ်ပါဘူး။ တစ်ဖက်က ဆရာ ထောင်မှူး သိစေလိုတာပါ။ ဒါပေမဲ့ ဘာမှပြန်မပြောခဲ့ပါဘူး။ သူနဲ့ဆက်ပြော နေရင် ဘာမှ ထူးမှာမဟုတ်ဘူးလို့တွေးပြီး ဖုန်းချပစ်လိုက်ရတယ်။ စဉ်းစား ကြည့်လေ မြို့ပေါက်ဈေးတွေ၊ ရွာပေါက်ဈေးတွေတောင်းပြီး၊ စာအုပ်ကြီးအတိုင်း သွားနေရလို့ကတော့ ညတာရှည် အိပ်မက်ပွားပြီး ပုံတောင်ပေါ်က ဝန်ထမ်းနဲ့ ရဲဘက် ၂၅+၅၀၀ အင်အား ရိက္ခာကိစ္စ တူတူပုန်းသွားမယ်။ ဖွဲလျှော့လို့မဖြစ် သေးဘူး။ နောက်တစ်ကြိမ် ထောက်ပို့ဌာနစုကို ဖုန်းပြန်ခေါ်လိုက်ပါတယ်။ ဖုန်း ရတာနဲ့ ခပ်တည်တည်ပဲ…

"ဦးလှကြည်နဲ့ ပြောချင်လို့ပါ၊ ထောင်မှူး လှရွှေပါခင်ဗျာ"

လို့ ပြောပစ်လိုက်တယ်။ မတတ်နိုင်ဘူး။ လှေကြီးထိုးရိုးရိုးနဲ့ အောက် ခြေကသွားနေရင် ပန်းတိုင်ပိုဝေးမယ်ပေါ့။

ဆိုက်ကားသမားလို ကျော်သင့်ရင်ကျော်၊ ခွသင့်ရင်ခွရတော့တာပေါ့။ မကြာ ပါဘူး ဆရာဦးလှကြည် (လက်ထောက်ညွှန်ကြားရေးမှူး)က ဖုန်းကိုင်ပါတယ်။ ဒီက ဘာမှမပြောရသေးပါဘူး။ သူပြောတာက…

"အေး…ခင်ဗျားတို့ စခန်းအခြေအနေ သိပါတယ်။ ဒီကလုပ်ပေးစရာ အားလုံးကို အဆင်ပြေအောင် အမြန်လုပ်ပေးမယ်"

လို့ ပြောနေတုန်းမှာပဲ…

"ခဏကိုင်ထား၊ ဗိုလ်ကြီးရွှေကျော် ပြောမယ်"

တဲ့။ ဗိုလ်ကြီးရွှေကျော် (Q1) ကလည်း…

"ဒီမယ် ကိုလှရွှေ၊ ခင်ဗျားတို့စခန်းရဲ့ အခက်အခဲတွေ အမြန်ပြေလည်အောင် လုပ်ပေးမယ်။ ခင်ဗျားအကြောင်းကို ကျုပ်ရော၊ ကိုလှကြည်ပါသိတယ်။ အမြင် မြင်ရှိရှိသာ ဆောင်ရွက်ပါ။ ပြဿနာ နည်းအောင်လုပ်ပါ၊ ဆန်ကို ကုန်သွယ် လယ်ယာကနေ ဝယ်ပါ။ ၂၅+၅၀၀ ရိက္ခာမပြတ်စေနဲ့၊ ငွေကြေးအတွက် ဘာဏ်ထိန်းကွပ်ကိန်းချပေးမယ်"တဲ့။

ဒီတော့ ဟုတ်ကဲ့ပါ၊ လေးစားပါတယ်ခင်ဗျဆိုပြီး ဖုန်းချလိုက်ပါတယ်။ ဘာရမလဲ လက်ထဲမှာကလည်း(MD75)ဆိုတဲ့ ချက်လက်မှတ်တစ်အုပ်မှာ စခန်း တာဝန်ခံက အလွတ်လက်မှတ်ရေးထိုးထားတဲ့ ချက်လက်မှတ်စာအုပ်တစ်အုပ်

ရယ်၊ ချပေးမယ်ဆိုတဲ့ ဘဏ်ထိန်းကွပ်ကိန်းရယ်ဆိုတော့ တစ်ဝက်တော့ အဆင်ပြေနိုင်ပြီပေါ့။ ဒီတော့ ယူနီဖောင်းအပြည့်ဝတ်လို့ ပခုက္ကူထောင်ကို ရိက္ခာသွင်းနေတဲ့ ဦးအောင်သန်းရဲ့အိမ်ကိုသွား၊ ရောက်တာနဲ့ စခန်းအခြေအနေရှင်းပြ၊ ချက်လက်မှတ်စာအုပ်နဲ့ ယူနီဖောင်းကိုသက်သေထားလို့ နောင်လည်း အင်အား ၅၂၅ ယောက်စာကို အမြဲတန်း ခင်ဗျားဆီကပဲ ဝယ်ပါ့မယ်လို့ အာမခံ၊ အခုတော့ အင်အား ၅၂၅ ယောက်ရဲ့ ဆန်မပါ တခြားရိက္ခာခြောက် တစ်လစာလောက် အကြွေးပေးဖို့ တောင်းပန်ရတာပေါ့။ သူကလည်း အိုကေတဲ့။ ဒါဆိုကျန်တဲ့ဆန်ကို ဘယ်လိုလုပ်မလဲပေါ့။ တပ်ကို အကူအညီတောင်းကြည့်မယ်ပေါ့။

♦ ♦ ♦

## အပိုင်း ( ၁၀ )

ဒါကြောင့် ညနေပိုင်းမှာတော့ တပ်မ(၁၀၁)ကို ချီတက်လိုက်ပါတယ်။ တပ်မကိုရောက်တော့ သတင်းပို့လိုက်ပါတယ်။ ဗိုလ်မှူးတစ်ယောက်နဲ့ စတွေ့ပါတယ်(ဗိုလ်မှူးလှမင်း)လို့ ထင်ပါတယ်။ သူက (G1)နဲ့တွေ့ဖို့စီစဉ်ပေးပါတယ်။ (G1) နဲ့တွေ့တော့ လာရင်းအကြောင်း သတင်းပို့လို့ ဇာတ်မသိမ်းခင် ဆူလိုက်ငေါက်လိုက်တာ ဘာတွေဆဲလို့ ဘာတွေဟောက်လည်း မသိတော့ပါဘူး။

ဒီကလည်း လူကြီးဆူတာလောက်ကတော့ နားရည်ဝနေပြီ။ ရုံးချုပ်မှာနေတုန်းက ၁၉၈၈ မှာ ပျက်စီးဆုံးရှုံးသွားတဲ့ ဌာနတစ်ခုလုံးရဲ့ စာရင်းတွေကိုပြုစုဖို့၊ မှန်ကန် တာတွေကို စာရင်းကနေ ဖျက်သိမ်းဖို့အဖွဲ့ ဖွဲ့ထားတာပေါ့။ ဒီအဖွဲ့မှာက ဆရာသမားနှစ်ယောက်က အတွင်းရေးမှူးတွေဖြစ်ကြလေတော့ တပည့်ဖြစ်တဲ့ ကိုကိုက အစည်းအဝေးမှတ်တမ်းရေး၊ စာရင်းလုပ်တဲ့တာဝန် ကျတာပေါ့။ ဒီစာရင်းတွေနဲ့ အစည်းအဝေးမှတ်တမ်းစာကြမ်းကို ဆရာတွေက အတည်ပြုရမယ်လေ။ ညွှန်ချုပ်ကလည်း ဒီနေ့အရောက်တင်ပါတဲ့။ ဒီတော့ ဆရာသမားထံ စာကြမ်းတင်ဖို့ သူ့ရဲ့ရုံးရှေ့က ရုံးအုပ် သူငယ်ချင်းကို မင်းဆရာဆီ ငါသွားမလို့ ပြောလိုက်တော့ မင်းမသွားနဲ့ မိုးလင်းကတည်းက တစ်ရုံးလုံးကို ဆဲဆိုနေတာ၊ လက်မှတ်ထိုးဖို့တင်ထားတဲ့ စာအုပ်တွေလည်း လွင့်ပစ်ထားတာ မကောက်ရသေးဘူးတဲ့။ ရပါတယ်။ ငါကတော့သွားမှာပဲဆိုပြီး ဝင်သွားတော့ ထုံးစံအတိုင်းပါပဲ မင်းလည်းအလကားပဲ၊ ဘာမှအသုံးမကျဘူးဆိုပြီး ဆဲတော့တာပါပဲ။

ဒါပေမဲ့ ကိုကိုပြောလိုက်တာက ဆရာရယ် ဒီရုံးမှာ ဆရာဟာ အတော်ဆုံးပါ။ ဆရာလောက်တော်မယ်ဆိုရင် ကျွန်တော်လည်း ဆရာလိုအပွင့်တွေ တင်ပြီး ဆရာလုပ်မှာပေါ့။ ဆရာ့ထက်ညံ့လို့ ဆရာ့တပည့် လုပ်နေတာပါလို့ ပြောလိုက်တော့ မင်းတော်တယ်၊ ပါလာတဲ့စာရင်းနဲ့ မှတ်တမ်းတွေပြစမ်းဆိုပြီး ဖတ်ကြည့်တယ်။ နောက်ပြီးတော့ အိုကေဆိုပြီး လက်မှတ်ထိုးပေးလိုက်ပါတယ်။ ဒီလိုပါပဲ။

အခု(G1)ရှူတာ ၅ မိနစ်လောက်သည်းခံပြီး ကိုကိုက ဝန်ထမ်း ၂၅ ယောက်နဲ့ ရဲဘက် ၅၀၀ က ထမင်းမစားရရင် ပြဿနာကြီးကြောင်း၊ နတ်သံနှောလို့၊ နားဝင်ချိုအောင် ပြောလိုက်တော့လည်း (G1) ကြီးက ဆန်ကိုဘယ်လို ဝယ်မလဲတဲ့၊ ကုန်သွယ်လယ်ယာက ဝယ်ရမှာဖြစ်ကြောင်းနဲ့ ဒါပေမဲ့ ကုန်သွယ်လယ်ယာက ဆန်ရဖို့ဆိုတာက မိမိရုံးချုပ်ကနေ ကုန်သွယ်လယ်ယာရုံးချုပ်ကို စာထွက်၊ ကုန်သွယ်လယ်ယာ ရုံးချုပ်ကနေ မကွေးတိုင်းမှတစ်ဆင့် ပခုက္ကူ ကုန်သွယ်လယ်ယာကို စာထွက်ရမှာဆိုတော့ (G1) ကြီးက အဲ့လိုလုပ်နေရင် အရမ်းကြာသွားမယ်၊ မကွေးတိုင်း ကုန်သွယ်လယ်ယာရုံးမှာ ငါ့ရဲ့သူငယ်ချင်း ရှိတယ်တဲ့၊ သူက တိုင်းမန်နေဂျာတဲ့။ ပြောပြောဆိုဆို မကွေးတိုင်း ကုန်သွယ်လယ်ယာကို ဖုန်းဆက်ပါလေရော၊ သူငယ်ချင်းနှစ်ယောက် အပြန်အလှန် ၅ မိနစ်လောက်ပြောပြီးတော့ ဖုန်းချသွားပါတယ်။ ဖုန်းချပြီး ကိုကိုနဲ့ ပြောပါတယ်။ (G1) ကြီးက မင်းတို့ဌာနချုပ်ကနေ ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးကို လိုအပ်တဲ့ဆန်အရေအတွက် ရောင်းပေးဖို့ စာထွက်ပါ၊ မကွေးတိုင်း ကုန်သွယ်လယ်ယာနဲ့ ပခုက္ကူမြို့နယ် ကုန်သွယ်လယ်ယာကို မိတ္တူပေးပါ၊ စာမထွက်ရသေးရင်လည်း စာထွက်မယ့်စာအမှတ်တစ်ခုပေးဖို့ မင်းရဲ့ရုံးချုပ်ကို အခုဖုန်းဆက်ပါတဲ့၊ ပြောပြောဆိုဆို သူ့ရဲ့ ကြိုးဖုန်းကို ပေးပါတယ်။ ဒီတော့ (G1) ကြီးရဲ့ ရုံးဖုန်းနဲ့ ရုံးချုပ်ထောက်ကို ဖုန်းဆက်တော့ ကုန်သွယ်လယ်ယာကိုထွက်တဲ့ ၂၉-၁၂-၉၄ ရက်စွဲပါစာအမှတ်၊ ထောက် ၂၆/၆-ဗ/၂၇၄၅/က ၂ ကို ပေးပါတယ်။ ဒီစာအမှတ်ကို၊ (G1) ကြီးက မကွေးတိုင်း ကုန်သွယ်လယ်ယာရုံးက သူ့သူငယ်ချင်းထံ ဖုန်းဆက်လိုက်ပါတယ်။ သူတို့သူငယ်ချင်းနှစ်ယောက် နောက်ထပ် ၅ မိနစ်လောက် စကားပြောအပြီး ဖုန်းချသွားပြန်ပါတယ်။ ဖုန်းချပြီးတော့ (G1) ကြီး ပြောတာက မကွေး

တိုင်းကနေ ဆန်ဝယ်ယူခွင့် ဒီနေ့ချပေးလိမ့်မယ်။ အဲ့ဒီစာကိုလည်း အခု မကွေးကို ရောက်နေတဲ့ ပခုက္ကူကုန်သွယ်လယ်ယာက ဝန်ထမ်းက ပခုက္ကူကို ယူလာပေးမယ်တဲ့။ ဒီတော့ မင်းမနက်ဖြန် ပခုက္ကူကုန်သွယ်လယ်ယာကနေ ဆန် ၁၂၀ အိတ် သွားထုတ်လိုက်တော့တဲ့။

ကဲ…ဘယ်နဲ့ရှိစ၊ ဘာပြောဦးမလဲ။ ဒါတင်ပဲလား၊ ဘယ်ကမလဲ၊ စခန်းအတွက်ရိက္ခာလိုသေးရင် ထောက်ပံ့ရေးတပ်ဆွယ် အမှတ်(၉၂၉)ကနေ ဆန်၊ ဆီ၊ ဆားသုံးမျိုးကို အင်အား ၅၂၅ ယောက်စာအတွက် ၁၉၉၅ ခု ဇန်နဝါရီကနေ မတ်လအထိ သုံးလစာရအောင် တင်ပြဆောင်ရွက်ပေးမယ်တဲ့။ ဒီတော့ ရိက္ခာအတွက်ကတော့ စိတ်ချသွားပါပြီ။ သယ်ယူပို့ဆောင်ရေးအတွက်ကတော့ ညနေစောင်းသွားလို့ မနက်ဖြန်မှ ဆောင်ရွက်ရတော့မှာပါ၊

မနက်မိုးလင်းတာနဲ့ အလုပ်စရပါတယ်။ ဒီတစ်ခါတော့ (မမ)မြန်မာ့မီးရထား အလှည့်ပေါ့။ ကိုကိုခရီးစထွက်တုန်းက လော်လီကား စတင်စောင့်တဲ့နေရာက (မမ)တို့ရုံးတဲ့။ အဲ့ဒီရုံးကိုသွားလိုက်ပါတယ်။ (မမ)တို့ရုံးက တာဝန်ရှိသူအဆင့်ဆင့်နဲ့ ပြောလိုက်တော့ သူတို့ကတော့ ကားစီစဉ်ပေးဖို့ ခက်ခဲကြောင်း၊ (RTC)ကုန်းလမ်းသယ်ယူပို့ဆောင်ရေးနဲ့ ညှိနှိုင်းပါတဲ့။ ဒီတော့ ကိုကိုက ကားငှားခကိုတော့ (မမ)က ပေးဖို့ပြောတော့ ရုံးချုပ်အချင်းချင်း ညှိနှိုင်း ဆောင်ရွက်ပေးပါမယ်တဲ့။ အိုကေ၊ ဒါဆို (RTC) ကို ပြေးရတာပေါ့။ (RTC) မှာ ဦးဝင်းစိန်နဲ့ တွေ့ရပါတယ်။ သူတို့ကလည်း ပခုက္ကူ(မဝတ)နဲ့ (ခဝတ)ရဲ့ ခွင့်ပြုချက်ပါရင်တော့ ပခုက္ကူကနေ စခန်း:(ရေဖြူငယ်) အထိ (TE) ကားတစီး တစ်ခေါက်ကို ၇၅၇၅/ ဖြင့် ငှားရမ်းပေးနိုင်ပါကြောင်း သိရပါတယ်။ ဒါနဲ့ (မမ)ကိုပြန်သွား (မဝတ)ကို ကားငှားခွင့်စာထွက်၊ အဲ့ဒီစာကို ကိုယ်တိုင်ယူသွား၊ (မဝတ) ရောက်တော့ တင်ပြပေါ့။ (မဝတ)ရဲ့ ထောက်ခံချက်နဲ့ (ခဝတ) ဆက်သွား၊ သူ့ဆီက ကားငှားရမ်းခွင့်ရတော့ (RTC)ကိုပြန်သွားလိုက်တာပေါ့။ ဒါနဲ့ တစ်နေလည်းကုန်ရော၊ ကားသုံးစီးရပြီပေါ့။ နောက်တစ်နေ့မှာတော့ ရိက္ခာ စုလိုက်တာ ဆန် ၁၂၀ အိတ်၊ ပဲခြောက်အိတ်(ရှစ်တင်း)၊ ငရုတ် ၂၅ ပိဿာ၊ ကြက်သွန် ၅၀ ပိဿာ၊ ဆားပိဿာ ၁၀၀၊ လက်ဖက်ခြောက်သုံးပိဿာ၊ ကျန်တဲ့ တိုလီမိုလီ ရိက္ခာအမယ်တွေရယ်၊ ထုံးအိတ်ကြီး သုံးအိတ်ရပါပြီ။

♦ ♦ ♦

## အပိုင်း ( ၁၁ )

ရိက္ခာပစ္စည်းကလည်း စုံသလောက်ဖြစ်နေပြီ။ ရိက္ခာဆိုလို့ တောင်ပေါ်မှာ အရက်မရှိဘူးဗျ။ ဒီတော့ ပခုက္ကူကနေ (RBE) ဆိုတဲ့ အရက်ဆီနှစ်ဂါလံလောက် ဝယ်ရသေးတယ်။ အဆီကို ရေသုံးဆ၊ လေးဆလောက်ရောရင် (BE) ဖြစ်တယ်။ စခန်းမှာရှိတဲ့ ဝန်ထမ်းတွေရဲ့ မှာတမ်းရှည်ကလေးတွေကိုလည်း ဂရုတစိုက် ဆောင်ရွက်ပေးရပါတယ်။ သူတို့မှာက မြို့ပေါ်ရောက်ခဲတယ်လေ။ ဒီတော့ သူတို့မိသားစုထံ စာပို့ပေးတာ၊ ကြေးနန်းရိုက်ပေးတာတို့၊ တိုလီမိုလီ မှာလိုက်တဲ့ ဈေးဝယ်စရာ ကလေးတွေကို မကျန်အောင်ဝယ်ပေးရပါတယ်။ နောက်ပြီး ကြားဖူးနားဝရှိတဲ့ လူသုံးဆေးတွေလည်း ဝယ်ရသေးတယ်။ တောင်ပေါ်မှာက လောလောဆယ်တော့ ဝန်ထမ်းနဲ့ အရာရှိတွေက ဒေါက်တာရမ်းကုတွေပဲ။ ပစ္စည်းလည်းစုံ၊ လုပ်ငန်းလည်းကုန်တော့ လလည်း ကုန်ပြီပေါ့။

ရုံးချုပ်ကလည်း ရန်ပုံငွေနဲ့အတူ လိုအပ်တာတွေချမှတ်ပေးနေပါပြီ။ ဒီတော့ လစာထုတ်၊ အကျိုးတူရန်ပုံငွေနဲ့ တပ်ဖွဲ့ရန်ပုံငွေကို စာတိုက်ကနေ ရုံးချုပ်ကိုလွှဲပို့၊ ဝန်ထမ်းလစာထဲက နောက်တန်းကျန် ဝန်ထမ်းမိသားစုတွေဆီကို ငွေလွှဲပို့ရပါ တယ်။ ဝန်ထမ်းတွေက သူတို့လစာထဲက ငွေဘယ်လောက်ကို ဘယ်သူ့ထံပို့ပါ ဆိုတာ ကြိုတင်စာရင်းပေးထားပြီးသား။ ဒီအချိန်တုန်းက တပ်သားတစ်ယောက်ရဲ့ လစာက ၆၀၀/ ပါ။ နောက်ပြီး သူတို့ထုတ်ယူလာတဲ့ ကြိုတင်လစာတွေကိုလည်း သက်ဆိုင်ရာ ထောင်စခန်းတွေကို ပြန်ဆပ်၊ ရန်ပုံငွေအပ်၊ တောင်းတာနဲ့ လိုအပ်တဲ့ ရုံးလုပ်ငန်းတွေကို လက်ရေးမူစာတွေနဲ့ရေးပို့တာပို့၊ တယ်လီဖုန်းနဲ့ ဆက်သွယ်ပြီး ပြောတာပြော၊ ကြေးနန်းနဲ့ ရိုက်တာရိုက်နဲ့ ရုံးချုပ်ကိုတင်ပြတာတို့၊ အခြားကို ဆက်သွယ်တာတွေကိုပါ ဆောင်ရွက်ရပါတယ်။ လမ်းခရီး ရုံးခန်းလေးတစ်ခု ပါပဲ။

အားလုံးအဆင်ပြေသွားလို့ (RTC) ယာဉ်တန်းနဲ့ တောစခန်းကို ခရီးလှမ်း ခဲ့ရပြန်ပါတယ်။ ဒီတစ်ခါတော့ (RTC)ကားဆရာတွေက လမ်းတွေကို ပိုသိကြ ပါတယ်။ အခုလို ပွင့်လင်းရာသီမိုး မကျခင်မှာတော့ ပခုက္ကူကနေ ကျားတက် ရွာကို မြေလမ်းအတိုင်းမောင်းပါတယ်။ ကျားတက်ကနေ ဆက်သွားတော့ ယမား ချောင်းကိုဖြတ်ရပါတယ်။ ချောင်းလို့သာပြောတာ ခန့်မှန်း တစ်မိုင်လောက်ကျယ် မယ့် ထင်ရတယ်။ ကားဆရာအပြောကတော့ မိုးရွာရင် တောင်ဂျရှေ့အစီးသန်

တော့ ကားတွေဖြတ်ခွင့်မပေးဘူးတဲ့။ ကားတွေကိုတော့ ပခုက္ကူကနေ မုံရွာ တစ်ဖက်ကမ်းက ညောင်ပင်ကြီးကိုသွားတဲ့ ကျောက်ချောလမ်းတစ်ခု ရှိပါတယ်။ ကားငယ်ကလေးတွေလိုင်းပြေးတယ်တဲ့။ မိုးတွင်းမှာတော့ ပခုက္ကူကနေ ပုံတောင် ဆီသို့ အဲ့ဒီလမ်းကိုသုံးပါတယ်တဲ့။ အခုကတော့ ယမားကိုဖြတ်လို့ မောင်းလာ လိုက်တာ ယမားရဲ့တစ်ဖက်ကိုရောက်တော့ ပုလဲမြို့နဲ့ နီးလာပါတယ်။ သိပ်ကြာ ကြာမမောင်းရပါဘူး။ ပုလဲမြို့ကို ရောက်ပါတယ်။ ပုလဲကနေတော့အလာတုန်းက သစ်လုံးကားရဲ့ လမ်းကြောင်းအတိုင်းဘဲ မောင်းရပါတယ်။ လမ်းမှာ တစ်ည အိပ်လို့ ပန်းတိုင်ဖြစ်တဲ့စခန်းကို ချောချောမောမော ရောက်ခဲ့ရပြန်တာပေါ့။

ဒီလို ရိက္ခာအပြည့်နဲ့စခန်းထိ လွယ်လွယ်ကူကူကားရောက်တာဟာ ပွင့်လင်း ရာသီကြောင့်ပါ။ မိုးကျလာရင်တော့ လမ်းချော်တာ၊ မြေပြိုတောင်ပြိုတာတွေ ရှိလေတော့ ကားက ဝါးပင်ရွာ (အပိုင်း ၇ မှာပါတဲ့ ဗိုလ်မျှော်တောင်ရဲ့အောက် ခြေကရွာကလေး) အထိလောက်ပဲ ကားဝင်လို့ရတာ၊ အဲ့ဒီရွာမှာ အသိမိတ်ဆွေ ဖွဲ့ထားသူတစ်ယောက်ရှိပါတယ်။ သူ့အိမ်ရဲ့ စပါးထားတဲ့ အဆောက်အအုံမှာ ရိက္ခာတွေစုပုံထားရပါတယ်။ အဲ့ဒီကနေ ပထမပိုင်းမှာတော့ ရွာတွေကနေ နွား လှည်းငှားပြီး သယ်ရပါတယ်။ နောက်တော့ ရွာသားတွေက လှည်းမငှား ကြတော့ပါဘူး။ ဒီတော့ ရဲဘက်နဲ့ပဲ သယ်ရပါတယ်။ ခရီးကဝေးပြီး တောင်တက် တောင်ဆင်းဖြစ်လေတော့ ရဲဘက်တစ်ယောက်ကို ရှစ်ပြည်ပဲ သယ်နိုင်တာပါ။

တစ်နေ့ကို စခန်းကနေ အသွားအပြန်တစ်ခေါက်ပဲ သယ်ယူနိုင်ပါတယ်။ ဒါကိုလည်း ထောင်မှူးတစ်ယောက်၊ ဝန်ထမ်းနဲ့ ရဲဘက်ကိုဖွဲ့စည်းပြီး ရေထဲမိုးထဲ၊ တောင်တက်တောင်ဆင်း (ဗိုလ်မျှော်တောင်လိုမျိုးတွေ)ကို ဖြတ်လို့ ပေါ့။ ရိက္ခာကို မိုးမစိုအောင် ရဲဘက်မိုးကာ (ပလတ်စတစ်စ)က ကာကွယ်ရင်း ချီတက်ရတာ၊ ရိက္ခာသယ်အဖွဲ့အတွက် စခန်းက ထမင်းထုတ်လာပြီး လမ်းမှာ စားကြတာပေါ့။ တပ်မတော်က တပ်ရင်းတွေကလည်း မိုးတွင်းမှာတော့ လူနဲ့ပဲသယ်ကြရတာ၊ စခန်းဖွင့်ပြီး မကြာခင်မှာပဲ လုပ်အားပေး ပြည်သူတွေ ရောက်လာပါတယ်။ အင်အားအတော်များပါတယ်။ လုပ်အားပေးတွေအတွက် ဆန်ကိုတော့ တပ်က ထုတ်ပေးပါတယ်။

သူတို့လည်း မိုးရာသီမှာတော့ ဆန်ကို လူနဲ့ပဲ သယ်ကြရတာ၊ ပခုက္ကူကနေ ဂန့်ဂေါအထိကို တပ်မ(၁၀၁)က တာဝန် ယူပြီး ဂန့်ဂေါကနေ ကလေးအထိကို

တော့ အနောက်မြောက်ပိုင်းစစ်ဌာနချုပ်က တာဝန်ယူရတာပါ။ တပ်မ(၁၀၁) အပိုင်းထဲမှာ တပ်ရင်းတွေရော၊ လုပ်အားပေးနဲ့ အကျဉ်းဦးစီးပါပေါင်းလိုက်တော့ များလိုက်တဲ့လူတွေ၊ ပျော်စရာတောင်ဖြစ်လာသလိုပဲ။ နောက်ပြီး လမ်းဘေး ဈေးဆိုင်ကလေးတွေပါ လုပ်အားပေးနဲ့ အတူပါလာကြလေတော့ ပွဲဈေးတန်း ကလေးတွေဖြစ်လာတာပေါ့။ ရယ်ဒီမိတ်အစားအစာနဲ့ သောက်စရာ အချိုရည်ဘူး ကလေးတွေနဲ့ ဆာကေ(အရက်) ပါရလာတယ်။ ကိုကိုတို့စခန်းနဲ့ အနီးဆုံးဖြစ်တဲ့ ရေဖြူငယ်ရွာမှာ အိမ်နှစ်လုံးရှိပါတယ်၊ စခန်းနဲ့ပိုနီးတဲ့ အိမ်က ကိုထွန်းရင်တောင်မှ လက်ဖက်ရည်ဆိုင်ဖွင့်လို့ပါ။

♦ ♦ ♦

## အပိုင်း ( ၁၂ )

ကိုကိုတို့ရဲ့စခန်းက ပခုက္ကူ-ဂန့်ဂေါရထားလမ်းအပိုင်း(၃) ရေဖြူငယ်စခန်း ဖြစ်ပါတယ်။ ရထားလမ်းအတိုင်းဆိုရင် ပခုက္ကူကနေ မိုင် ၉၀ ကျော်ဝေးပါတယ်။ ကျောရွာနဲ့ကတော့ လေးမိုင်လောက်ဝေးပြီး ဂန့်ဂေါနဲ့က မိုင် ၄၀ လောက် ဝေးပါတယ်။ ကလေးနဲ့ဆိုရင်တော့ ၁၂၂ မိုင်ပေါ့။ ရထားလမ်းတစ်ခုလုံးက တော့ ၂၂၀ မိုင်လောက်လို့ ခန့်မှန်းရပါတယ်။ စခန်းကိုတော့ တောင်ပတ်လည် ဝန်းရံထားပြီး ခန့်မှန်းတစ်ဧကလောက်ကျယ်မဲ့ မြေပြန့်နေရာလေးမှာ ဆောက် ထားပါတယ်။

အဆောက်အအုံအားလုံးကို တပ်မ(၁၀၁)ရဲ့ အစီအစဉ်နဲ့ပဲ ကြိုတင် ဆောက်လုပ်ပေးထားတာပါ။ ရဲဘက် ၅၀ ယောက်ဆံ့ ရင်ကွဲဘားရိုက် ၁၀ လုံး၊ မျောတိုင်မြေစိုက်၊ ဝါးထရံကာ၊ ဝါးကပ်မိုး၊ ဝါးကွပ်ပျစ်နဲ့ပေါ့။ ထမင်း ချက်ဖိုတစ်လုံးနဲ့ ရဲဘက်အိမ်သာတစ်ခုအပြင် အဝင်အထွက် ဆူးတံခါးတစ်ခုကို လည်း ဘူးတံခါးလို ဆောက်လုပ်ပေးထားပါတယ်။ အတွင်းမှာ တန်းစီကွင်း တစ်ခုလည်း ပါဝင်သလို ဝန်ထမ်းဘားရိုက်လေးတစ်ခုလည်း ပါတာပေါ့။ ဆူးကြိုးဝင်းက လေးထောင့်ပတ်လည်ဖြစ်ပြီး တစ်ဖက်ကို ခန့်မှန်းကိုက် ၄၀၀ လောက် ရှိမယ်ထင်ရပါတယ်။ ဒါအားလုံးကို သံဆူးကြိုးတစ်ထပ် ကာရံထား ပါတယ်။ ဆူးကြိုးအပြင်မှာက ပေ ၃၀ × ပေ ၂၀ လောက်ကျယ်မဲ့ ရိက္ခာ

ဂိုဒေါင်တစ်လုံးလည်း ဆောက်ပေးပါတယ်။ နောက်ပြီး ၂၀ ပေ × ၁၀ ပေ လောက်ကျယ်မဲ့ရုံးကိုလည်း ဆောက်ပေးထားပါတယ်။ အဆောက်အအုံ အားလုံး က မျောတိုင်မြေစိုက်၊ ဝါးထရံကာ၊ ဝါးကပ်မိုး၊ ဝါးကြမ်းခင်းတွေပါ၊ ကိုကိုတို့ အရာရှိသုံးယောက်က ရုံးမှာပဲ အိပ်ကြရတာပေါ့။

ပြောချင်တာက အဆောက်အအုံအတွက်ကတော့ အရမ်းကို အဆင်ပြေပါ တယ်။ ဟိုတုန်းက၊ ဆရာထောင်မှူးတွေ (ကိုယ်ပိုင်အမှတ် က၂၀×××နဲ့ က၂၁×××ထောင်မှူးများပြောတာက ဟာ့ကောင်၊ ရဲဘက်စခန်းစဖွင့်တယ်ဆိုတာက ရဲဘက်ရယ်၊ ဝန်ထမ်းရယ်၊ ငါရယ်၊ ချက်ရယ် (ချက်လက်မှတ်နဲ့ငွေလွှဲ လက်မှတ်)၊ ဗျောက်ရယ်(လက်နက်ခဲယမ်း) ဒါပဲပေးလိုက်တာ၊ ကျန်တာ ကိုယ့် အစွမ်းအစနဲ့ ကိုယ်ဟာကိုယ်လုပ်ရတာတဲ့။ ဟုတ်ပါတယ်။ ကိုကို(၁၉၇၇)တုန်းက စခန်းခွဲထွက်တော့ တာဝန်ခံက ၂၀×××ထောင်မှူးပါ။ သူတို့အစွမ်းကို သိနေပါ တယ်။ ထားလိုက်ပါဦး ဆက်ရေးပါ့မယ်။

စခန်းမှာကလည်း ထောင်မှူးက နှစ်ယောက်တည်းပါ။ ထောင်မှူးဦးတင်က တောစခန်းရော မြို့စခန်းတွေအပြင် စစ်မြေပြင်ရှေ့တန်းတောင်မှ ပေါ်တာရဲဘက်နဲ့ စစ်ဆင်ရေးလိုက်ဖူးသူပါ။ ဒီတော့ စခန်းမှာ အားကိုးရတယ်။ ကိုကိုက လည်း စခန်းအတွေ့အကြုံအပြင် ရုံးလုပ်ငန်းပါ ဆောင်ရွက်နိုင်လို့ ထောင်မှူးနှစ်ယောက် ပေါင်းလိုက်တော့ အခက်အခဲတွေ ကျော်လွှားနိုင်တာပေါ့။ ဆရာဦးတင်က တော့ သုံးလတစ်ကြိမ် ရိက္ခာဝယ်၊ လစာထုတ်၊ စာပို့၊ ရန်ပုံငွေတောင်းနဲ့ တခြား လုပ်ငန်းအဝဝကို ဆောင်ရွက်ဖို့ ပခုက္ကူကိုဆင်းပေါ့။ ကိုကိုကလည်း သုံးလမှာ(၂)ကြိမ် လစာထုတ်နဲ့၊ ရုံးကိစ္စနဲ့ အုပ်ချုပ်မှုကိစ္စများအတွက် ပခုက္ကူကို ဆင်းရတာပေါ့။ ထောင်မှူးနှစ်ယောက်လုံးက စခန်းမှာရှိရင်တော့ တစ်နေကုန် ဘုတ်နောက်လိုက်ကြရတယ်။ ကွင်းထဲမှာပဲ မနက်စာနဲ့ နေ့လည်စာ စားရတယ်။ စားစရာတွေကိုကတော့ ရဲဘက်တွေကိုထမင်းလာပို့တဲ့ ဝန်ထမ်းနဲ့ ရဲဘက်အဖွဲ့က သယ်လာတာပေါ့။ နှစ်ယောက်လုံးက ညပိုင်းမှာတော့ ဦးရေးထောက်၊ ရုံးလုပ်ငန်း တွေ လုပ်ကြရပါတယ်။

ထောင်မှူးတွေအကြောင်းပဲရေးနေလို့ အားမလိုအားမရ မဖြစ်ကြပါနဲ့ဦး။ အရင်တုန်းက ကျေးရွာတွေမှာ ပိတ်ကားထောင်နဲ့ ရုပ်ရှင်ပြသလိုပေါ့။ ရွှေဘ ချည်းပဲခံနေရတော့ ပရိသတ်က ပိတ်ကားကို တွေ့ရာနဲ့ကောက်ပေါက်ကြပါ

လေရော။ ဒီတော့မှ စက်ဆရာက အော်လံနဲ့ ခဏာသည်းခံကြပါ ခင်ဗျား၊ မကြာခင် ရှောနိုင်ပါတော့မယ်လို့ ပြောပြောဆိုဆို ရှော နိုင်တဲ့အပိုင်းကို ဖလင်ကျော်ပြလိုက်မှ ခဲထုရပ်သွားပါသတဲ့။ အဲ့သလိုပါပဲ မကြာခင်မှာ စာရေးများရဲ့ စွမ်းရည်မြင့်မားမှု ကိုယ်တွေ့ အတွေ့အကြုံတွေကိုလည်း ဆက်ရေးပါ့မယ်ခင်ဗျ။

လုပ်ငန်းတာဝန်ကျတဲ့နေရာကတော့ လွှန်းထိုးနေရာဖြစ်ပါတယ်။ တောင်ကမြင့်လွန်းတော့ လွှန်းထိုးလုပ်ရမဲ့နေရာပေါ့။ လုပ်ငန်းခွင်တွေကို မီးရထားက (ချိန်း)ဆိုတဲ့ အမှတ်အသားနဲ့ပြောပါတယ်။ ဆိုလိုတာကတော့ မိုင်တိုင်လိုပါပဲ။ ကိုကိုတို့ရဲ့လုပ်ငန်းခွင်က ချိန်းအမှတ်(၅၃၅၄)ကနေ(၅၃၆၄)အထိ ဖြစ်ပါတယ်။ ဒါက ၁၉၉၅ ခုနှစ်က အခြေအနေပါ။ နောက်ပိုင်း ကိုကိုပြောင်းလာတော့ ဘယ်မှာ ဆက်လုပ်ရသလဲမသိတော့ပါဘူး။ လုပ်ငန်းတာဝန်ကတော့ မြေတူးခြင်း၊ မြေဖို့ခြင်းတို့ဖြစ်ပါတယ်။ မြေတူးတယ်ဆိုပေမဲ့ မြေသားတွေကို ပေါက်ပြားနဲ့ တူးရတာမျိုး မဟုတ်ပါဘူး။

တောင်တန်းတွေကို မြေထိုးစက်က တစ်ကြောင်းထိုးထားတာ၊ အဲ့ဒါကို ဆက်တူးရတော့ ကျောက်သားလွှာတွေပါ ပေါက်ချွန်းနဲ့တူး၊ တူကြီးတွေနဲ့ ရိုက်ခွဲရတာပါ။ လူနဲ့ တူးလို့ခွဲလို့မရတော့တဲ့နေရာတွေကိုတော့ မိုင်းခွဲရတာပေါ့။ မိုင်းခွဲမယ်ဆိုရင်လည်း မိုင်းကျင်းတူးရတာပေါ့။ မိုင်းကျင်းတူးတာကိုတော့ များသောအားဖြင့် တပ်မတော်က စစ်သည်တွေနဲ့ တူးပါတယ်။ တစ်ခါတစ်ရံမှာတော့ လုပ်အားပေးအရပ်သားတွေလည်း တူးပါတယ်။ ၉၀ ရာခိုင်နှုန်းကတော့ တပ်မတော်သားတွေပဲ တူးကြရတာပါ။ လာထား တပ်ကြပ်ကြီးလည်း တစ်ကျင်းပဲ။ ကျန်တဲ့ နှစ်ရစ်၊ တစ်ရစ်၊ တပ်သား မခွဲခြားပါဘူး။ အားလုံး တစ်ကျင်းတူးရပါတယ်။ မိုင်းကျင်းတူးတဲ့ စနစ်ကလည်း အတော်ကောင်းတာဗျ။ ငါးပေလောက်ရှည်ပြီး တစ်လက်မလောက်လုံးပတ်ရှိတဲ့ သံတူရွင်းတစ်ဖက်ချွန် (ကျောက်စခန်းမှာတော့ ဂျပလီလို့ခေါ်မလားဘဲ)ကိုကိုင်လို့ ကျောက်သားပေါ်ကို တစ်နေရာတည်း အချွန်နဲ့ကျအောင် ချိန်သားကိုက် မြှောက်ပြီးချရပါတယ်။ ဒီလို ဆက်တိုက်ချလိုက်၊ ထုလိုက်တော့ တစ်လက်မလောက်နက်တဲ့ ကျင်းကလေး ရလာပါတယ်။ အဲ့ဒီကျင်းထဲကိုရေထည့်လို့ ဆက်ပြီး ဆောင့်သွားရင်ဖြင့် တွင်းက နက်သထက်နက်လာပါလေရော၊ ရေကတော့ မကြာခဏ လောင်းနေရတာ

ပေါ့။ ကျင်းကလည်း အခြေအနေအရ အနက် နှစ်ပေကနေ လေးပေထိ တူးရတာ ဆိုတော့ ကျင်းအနက်က ခြောက်လက်မကျော်လာရင် သံတူရွင်းဆောင့်ချ လိုက်တိုင်း တွင်းထဲက ရေနဲ့ကျောက်မှုန့်တွေက အပေါ်ကို ပန်းထွက်လာတာ ပေါ့။ ကျင်းကတစ်ပေ ကျော်လာရင် တူးနေတဲ့ရဲဘော်ဟာ အစိမ်းရောင် ယူနီ ဖောင်းကနေ အဖြူရောင်ပြောင်းသွားပါလေရော။

ဒီတော့ မြန်မာ့နည်းမြန်မာ့ဟန်နဲ့ လုပ်တတ်တဲ့ပညာရှင်တွေ ပေါ်လာ ရတာပေါ့။ ရော်ဘာဖိနပ်ပြတ်တို့၊ ကင်းဘတ်နဲ့ တောစီးဘိနပ်ရဲ့ အောက်ခံဆိုးပြား တို့ကို သံတူးရွင်းရဲ့အောက်ခြေမှာ ဖောက်စွပ်ထားလိုက်တာပေါ့။ ဒီတော့ ကျင်းထဲ က ကျောက်မှုန့်ရေတွေ အပေါ်တက်မလာဘဲ ဘေးကို ပန်းထွက်သွားတာပေါ့။ ဒါတောင် ကျင်းကများ၊ ကျင်းတူးသူကလည်းများတော့ ရဲဘော်တွေလည်း ပျောက်ကျားတော့ ဖြစ်နေတာပေါ့။ တပ်မတော်က တပ်ကြပ်ကြီးကသာ မိုင်းကျင်းတူးနေရတာ၊ ကိုယ့်ဆရာ၊ ကိုယ့်ဝန်ထမ်းတွေကတော့ ရဲဘက် ၁၀ ယောက်ကနေ ၂၀ ယောက်ကို ဘုတ်ထုတ်လို့ပေါ့။ ဘုတ်ထွက်သွားရင်၊ လက်ဗလာနဲ့၊ သူ့ရေဘူးနဲ့ ပလိုင်းကို ရဲဘက်ကလွယ်လို့ ကိုယ်ပိုင်အမှတ်သာ မကျသေးတာ လူကတော့ အမှန်အကန်ဆရာပဲ။

ကိုလှဌေးပြောသလို တစ်ခါသားမှာ ကိုကိုက လွတ်လူကီစွမပြတ်လို့ ခွဲထွက် (အလုပ်ခွင်သွားတာ)ကို မမီလိုက်လို့ ၁ နာရီလောက်နောက်ကျပြီးမှ လိုက်သွားရတာပေါ့။ လမ်းမှာ ရေဖြူငယ်တပ်ခွဲက ဗိုလ်ကြီးစံထွန်းအောင်နဲ့ တွေ့ပါတယ်။ သူလည်း သူ့ရဲဘော်တွေ သွားစစ်မှာဆိုတော့ နှစ်ယောက် အတူတူဆက်သွားကြပြီး စစ်တပ်ကရဲဘော်တွေ မိုင်းကျင်းတူးတာ လိုက်ကြည့် ကြတာပေါ့။ တက်ညီလက်ညီ တူးနေလိုက်ကြတာ အားရစရာပါ။ ဒါနဲ့ ဗိုလ်ကြီးက အစ်ကိုကြီးတို့အလုပ်ခွင်လည်း လိုက်ကြည့်မယ်တဲ့။ အိုကေ ဒါဆို သွားကြတာပေါ့ဆိုပြီး ဆက်လက်ချီတက်ကြပါတယ်။ ရဲဘက်အလုပ်ခွင်က တောင်တန်း ပိုမြင့်ပါတယ်။ လမ်းရိုးအတိုင်းသွားရင် အချိန်ကြာတတ်တော့ တောလမ်း (တောင်ကမ်းပါးယံ)ကို နှစ်ယောက်သား ဖြတ်တက်လိုက်တာပေါ့။ တောင်ကုန်းပေါ်ရောက်တော့ ရဲဘက်အလုပ်လုပ်နေတဲ့မြင်ကွင်းကို အရင် မမြင် ရသေးဘဲ တောင်ကုန်းပေါ်က မြင်ကွင်းတစ်ခုကို အရင်မြင်ရတာပေါ့။

မြင်ကွင်းကတော့ ဝါးလုံးကို အခြေပြုတည်ဆောက်ထားတဲ့ သုံးပေလောက်

မြင့်တဲ့ လေးတိုင်စင်စားပွဲကလေးတစ်လုံးအပေါ်မှာ ဝါးချမ်းကလေး သုံးပြား လောက်ကိုခင်းလို့ ဝါးချမ်းပေါ်မှာကတော့၊ ဟန်းကောချိုင့် အမည်းလေးနဲ့ပြုတ် ထားပြီး အငွေ့တထောင်းထောင်းထနေတဲ့ ယံယံခေါက်ဆွဲပြုတ်က တစ်ပွဲ၊ ဝါးခွက်ကလေးထဲမှာလည်း အငွေ့တလူလူထနေတဲ့ ရေနွေးတစ်ဝက်ခန့်ကို ထည့်ထားသော ရေနွေးခွက်ကတစ်လုံး၊ အားလုံးကို နေရောင်မခရလေအောင် လေးပေလောက် ဝါးတိုင်လေးစိုက်ပြီး ဝါးတိုင်ထိပ်မှာတော့ ဖွင့်ရက်အနေအထားနဲ့ ချည်ထားတဲ့ တစ်ပတ်ရစ်နွမ်းနေသော ထီးကလေးကတစ်လက် (ကမ်းခြေများ လား အထင်မှားဖွယ်) ဝါးစားပွဲလေးနဲ့ လိုက်ဖက်အောင် ဝါးနှစ်လုံးနဲ့ နှစ်တိုင်စင်လုပ်ပြီး ဝါးစားပွဲနဲ့တွဲထားတဲ့ ထိုင်ခုံတစ်လုံးမှာထိုင်ပြီး ဟန်းကော ထဲက ခေါက်ဆွဲပြုတ်ကို မိတ်အင် ရေဖြူငယ် ဝါးတူနဲ့ ပွဲတော်တည်နေတဲ့ ကိုကိုရဲ့ရဲဘော်ကတစ်ယောက်၊ စားပွဲရဲ့ဘေးမှာတော့ မီးခိုး တငွေ့ငွေ့ တက်နေတဲ့ မီးဖိုတစ်ခုအပေါ်မှာ တစ်ပေခွဲလောက်ရှိတဲ့ သစ်ကိုင်းတိုင်နှစ်ခုကို စိုက်ပြီး တိုင်နှစ်ခုကို သစ်ကိုင်းတန်းလေးထိုးလို့ မီးဖိုနဲ့ မထိတထိဆွဲထားတဲ့ လက်ဆွဲ ဒန်ချိုင့် အမည်းရောင်ကလေးကတစ်လုံး၊ ဒန်ချိုင့်ကလေးထဲမှာ ရေထည့်လို့ ရေနွေးကျိုနေတဲ့ ဆရာဝန်ထမ်းရဲ့ စားတော်ကဲ ရဲဘက်ကတစ်ယောက်ပေါ့။

♦ ♦ ♦

## အပိုင်း ( ၁၃ )

မြေတူးလုပ်ငန်းဆိုတာက ရထားလမ်းရဲ့ ရှေ့မှာခံနေတဲ့တောင်ကို တူးရ တာပါ။ လုပ်ငန်းက ခက်ခဲသလို အန္တရာယ်ကလည်း များပါတယ်။ တောင်ကို အနည်းဆုံး ၁၀ ပေကနေ ပေ ၄၀ လောက်အထိ တူးရဖြတ်ရတာ။ ဒီလိုတူးတဲ့ အခါမှာလည်း အောက်ကိုတစ်ပေတူးရင် ဘေးကို တစ်ပေခွဲချဲ့ရပါတယ်။ ဒါမှ တူးထားတဲ့ကျင်းက ဇလားပုံဖြစ်လာမှာပါ။ အောက်ခြေမှာ ရထားလမ်းအတွက် ပေ ၂၀ အကျယ်ရဖို့ အနက်ပေ ၃၀ တူးရမယ်ဆိုရင် ကျင်းရဲ့အပေါ် နှုတ် ခမ်းဝက ၆၅ ကျယ်နေရမှာပါ။ ဒါတောင်မှပဲ မကြာခဏ မြေပြိုလေ့ရှိပါတယ်။ အရပ်သားလုပ်အားပေးချိန်မှာ မြေပြိုလို့ အသက်ပေးဆပ်သွားရတာရှိခဲ့ပါ တယ်။ နောက်ပြီး ရဲဘက်တွေတူးနေတဲ့ ရှေ့တစ်မိုင်ခန့်မှာ မြေထိုးစက်တစ်စီး မြေပြိုလို့

တစ်စီးလုံး မြေစာတွေဖုံးပြီး ပိနေတာကို ကိုယ်တိုင်မြင်ထားရတာပါ။ဒီတော့ ရဲဘက်တပ်စိတ်မှူးနှစ်ယောက်လောက်ကို ကင်းချထားရပါတယ်။ တောင်ကမ်းပါးယံက ရှုံ့ရှံ့သံကြားပြီး မြေမှုန်ကလေးတွေက ရေတံခွန်လိုစီးဆင်းကျလာရင်တော့ ဝန်ထမ်းကိုအချက်ပေး၊ ဝန်ထမ်းက ခရာမှုတ်၊ ကြားတဲ့သူအားလုံးက လုပ်ငန်းခွင်ကနေ ရသမျှလုပ်ငန်းသုံးကရိယာကိုကိုင်လို့ လွတ်အောင်သာပြေးပေတော့။ နောက်ကျတဲ့ခြေထောက်ကတော့ မြေအောက်ပဲ။ ဒီလိုလုပ်ခဲ့လို့ မြေပြိုတာတွေကြုံခဲ့ရပေမယ့် ကိုကိုတို့ တစ်နှစ်ကျော်နေခဲ့စဉ်အတွင်းတော့ ဘယ်သူမှ မသေခဲ့ပါဘူး။

မြေဖို့တယ်ဆိုတာကတော့ မြေသားကို ဖို့ရတာပါ။ များသောအားဖြင့် တံတားချဉ်းကပ်လမ်းတွေကို ဖို့ရတာပါ။ ရထား လမ်းတစ်ခုလုံးမှာက ပေ ၄၀၀ အထက် တံတားလေးခုနဲ့ တံတားပေါင်း ၇၂၃ ခုတောင် ပါဝင်တာ၊ ကိုကိုတို့ တာဝန်ကျတဲ့ တံတားကလည်း ပေ ၁၀၀ လောက်တော့ရှိမယ်။ ချဉ်းကပ်လမ်းကလည်း တစ်ဖက်ကို ပေ ၁၀၀ လောက်ရှိပါ့မယ်။ အမြင့်ဆုံး ဖို့ရတာက ၃၄ ပေပါ။ ၃၄ ပေ အမြင့်ပေါ်မှာ ပေ ၂၀ ကျယ်တဲ့ ရထား လမ်းဖြစ်ဖို့ဆိုရင် ချဉ်းကပ်လမ်းရဲ့အောက်ခြေဟာ ၇၁ ပေကျယ်ရပါတယ်။ ဒါမှ ဇလားကိုမှောက်ထားတဲ့ပုံစံဖြစ်တာပါ။ ဒီတော့ တောင်ပေါ်မှာ မြေကျင်းပေါင်း ရာထောင်ချီပြီး ရအောင်ရှာရတာ အလွန်ခက်ပါတယ်။ ရထားအဖွဲ့ ကလည်း ဖို့မြေကို မြေသားမှတစ်ပါး ကျောက်တုံးတို့၊ သစ်ကိုင်းတို့တောင် မပါရဘူးတဲ့။ မြေသားစစ်စစ်ပဲတဲ့။

ဒီတော့ မြန်မာ့နည်းနဲ့ ပေါင်းစပ်ရပြန်တာပေါ့။ တံတားချဉ်းကပ်လမ်းနဲ့ အနီးတစ်ဝိုက်မှာ မြေသားနဲ့ ကျောက်သားတွေရောနေတဲ့ တောင်တွေ ရှိပါတယ်။ အဲဒီတောင်တွေကို မိုင်းခွဲတာပေါ့။ ပေ ၇၀ လောက်မြင့်တဲ့ တောင်ကုန်းနေရာမှာ တွင်းတူးရပါတယ်။ တွင်းတူးတဲ့စနစ်ကတော့ ရေနံတွင်းခိုးတူးတဲ့ တွင်းတူးသမားတွေကို ဆရာတင်ရပါတယ်။ သူတို့က တွင်းတူးမယ့်နေရာမှာ ဝါးနဲ့ လေးတိုင်စင်စိုက်၊ အလယ်မှာဝါးလုံးတန်းထိုး၊ ဝါးလုံးတန်းရဲ့အလယ်မှာ သူ့ထက် အလုံး(အချင်း)တုတ်ပြီး တစ်ပေလောက်ရှည်တဲ့ အခေါင်းပေါက်ဝါးကို စွပ်ထားလိုက်ပါတယ်။ ဒါကတော့ စက်သီးအတုပေါ့။ ၁၀ ပေလောက်ရှည်ပြီး အချင်း

နှစ်လက်မလောက်ရှိတဲ့သံပိုက်ရဲ့ တစ်ဖက်အဝကို ထက်နေအောင် တံစဉ်းနဲ့သွေးရပါတယ်။ ကျန်တစ်ဘက်ကိုတော့ သံချောင်းနဲ့ ဝရိမ်ဆော်ပြီး ကွင်းကလေးလုပ်လို့ တပ်ဆင်ရပါတယ်။

အဲ့ဒီကွင်းမှာ ကြိုးတစ်စကိုချည်လို့ ဝါးစက်သီးပေါ် ကြိုးတင်ပြီး ကျန်တဲ့ ကြိုးရဲ့တစ်ဖက်အစကို ဆွဲလိုက်ချလိုက်လုပ်ရပါတယ်။ ဒီတော့ သံပိုက်က တောင်ကိုဖောက်တာပေါ့။ အစပိုင်းမှာတော့ သံပိုက်ကို လူကထိန်းနေရပေမဲ့ တစ်ပေလောက်စိုက်ဝင်သွားရင် လူကိုင်စရာမလိုတော့ပါဘူး။ သံပိုက်ရဲ့အောက်ခြေက ထက်နေတော့ မြေသားရော ကျောက်သားပါပြတ်လို့ အပေါ်ကို တိုးထွက်လာတာပေါ့။ တောင်မှာရှိတဲ့ မြေသား အပျော့အမာအလိုက် တွင်းလေးပေကနေ ရှစ်ပေအထိတူးရပါတယ်။ သံပိုက်ကသာ အချင်းနှစ်လက်မပဲရှိတာ တွင်းကတော့ အချင်းလေးလက်မလောက် ကျယ်သွားပါတယ်။ အဲ့ဒီအထဲကို ယမ်းထည့်ပြီး မိုင်းခွဲတာပါ။

မိုင်းခွဲတာကိုတော့ မနက်စောစော ချိန်းထဲ ဘယ်သူမှမရှိတဲ့အချိန် ခွဲကြပါတယ်။ ကိုကိုတို့ရဲ့ တပ်ခွဲ(၂၅၉) အလုပ်ခွင်မှာတော့ ကိုကိုရယ်၊ မိုလ်ကြီးစံထွန်းအောင်ရယ်၊ မိုလ်မှူးချစ်ငွေရယ် သုံးယောက်ပေါင်းလို့ ခွဲကြတာပါ။ ကျင်းတူးသမားများဖြစ်တဲ့ သံတူရွင်းသမားများရော သံပိုက်သမားပါ အလုပ်သိမ်းချိန်မှာ ကျင်းတွေကိုအပ်ကြရပါတယ်။ နောက်တစ်နေ့ နံနက်စောစောမှာတော့ ကိုကိုတို့သုံးယောက်က ဘီအီးအဖွဲ့နဲ့ပေါင်းလို့ မိုင်းကျင်းတွေကို ယမ်းဖြည့်ကြတာပေါ့။ ယမ်းတွေကတော့ အိန္ဒိယယမ်း (ဓီးယို၊ အညိုရောင်ယမ်းကို စက္ကူအညိုနဲ့ထုတ်ထား)၊ တရုတ်ယမ်း (နီ့ဆီ၊ အဖြူရောင်ယမ်းကို ခဲစက္ကူနက်ပြာနဲ့ထုတ်ထား)တို့ကို ထည့်ကြတာပေါ့။

နောက်ပိုင်းမှာတော့ တပ်မမှူးက အကျဉ်းဦးစီးညွှန်ချုပ်နဲ့ သူငယ်ချင်းဖြစ်လေတော့ အကာစကို အကူအညီတောင်းပါတယ်။ အလုပ်စခန်းကို မိုင်းခွဲနည်းပြဖို့ တောင်စွန်းနဲ့ အခြားကျောက်စခန်းက ထောင်မှူးတစ်ယောက် ဦးစီးတဲ့အဖွဲ့ ရောက်လာပါတယ်။ သူတို့နည်းပြတာကတော့ ပုလဲမြေဩဇာကိုပါ ယမ်းနဲ့ပေါင်းပြီး ထည့်ခွဲတာပါ။ သူတို့ပြန်သွားတော့ ကိုကိုတို့လည်း ပုလဲမြေဩဇာပါ သုံးကြတာပေါ့။ မိုင်းခွဲတာရဲ့ ကျန်အစိတ်အပိုင်းကို ဒီထက်အသေးစိတ်ရေးချင်

ပေမဲ့ လုံခြုံရေးအရ မရေးတော့ပါဘူး။ အခုလောက်ရေးခဲ့တာလည်း ဒီခေတ်မှာ အရပ်သားကျောက်မိုင်းတွေတောင်ရှိနေလို့ ရေးတာပါ။

တောင်ပေါ်က ရှစ်ပေကျင်းမိုင်းတစ်လုံးခွဲလိုက်ရင် မြေသားရော ကျောက်သားပါ တောင်အောက်ကို ကျင်းပေါင်း ၂၀၀ လောက် ကျလာတာပါ။ အဲ့ဒီအထဲက မြေသားတွေကိုရွေးပြီး ရဲဘက် ၂၀၀ လောက် နှစ်ရက်လောက်တော့ သယ်ပြီး ဖို့ကြတာပေါ့။

တံတားချဉ်းကပ်လမ်း ဖို့တာကို (၂၅၉)တပ်ရင်းမှူးကလည်း မကြာခဏ လာစစ်ပါတယ်။ ကိုကိုနဲ့ လာစစ်တိုင်းစကားပြောလေ့ရှိတာပေါ့။ သူက ရည်မှန်းချက်ကို သတ်မှတ်ရက်မှာ ပြီးချင်တာ ဒီတော့ ကိုကိုက ရည်မှန်းချက်အတိုင်းအပိုင်းအလိုက်ပြီးဖို့ အာမခံပါတယ်။ ဒါပေမဲ့ ကျွန်တော့်ဝန်ထမ်းနဲ့ ရဲဘက်တွေကိုတော့ တစ်ခုခုလုပ်ပေးပါလို့ တောင်းဆိုတာပေါ့။ တပ်ရင်းမှူးကလည်း ကတိပေးပါတယ်။ ဒီလိုနဲ့ သတ်မှတ်ရက်မှာ အောင်မြင်စွာပြီးသွားပါတယ်။ ဒီတော့ တပ်ရင်းမှူးက ဝန်ထမ်းနဲ့ ရဲဘက်အားလုံးကို ထမင်းတစ်နပ်ကျွေးပါတယ်။ အမဲသား အပါအဝင် ရိက္ခာအားလုံးကိုယူလာတဲ့အပြင် ချက်မဲ့ပြုတ်မဲ့ CQ အပါအဝင် ရဲဘော်တွေပါခေါ်လာတယ်။ ရဲဘက်နဲ့ဝန်ထမ်းတွေက ဘာမှလုပ်စရာမလိုပါဘူး။ ကိုကိုက ဝန်ထမ်းတစ်ယောက်နဲ့ ရဲဘက် ၁၀ယောက် ခေါ်ပြီး (၂၅၉)တပ်ရင်းက ရှစ်ပေစလောင်းရယ်၊ တီဗွီရယ်၊ အောက်စက် ရယ်သွားယူရတာပေါ့။ စခန်းမှာကလည်း ပထမပိုင်းမှာ ဒီဇယ်ဆီမီးတိုင်နဲ့ နေရပေမဲ့ ကြိုးစားလိုက်တော့ မီးရထားက မီးစက်တစ်လုံးနဲ့ တစ်လကို ဒီဇယ်တစ်ပေပါ ရလာတယ်လေ။ ဒီတော့ ဝန်ထမ်းနဲ့ ရဲဘက်တွေကို ကြိုးစားထားဟေ့ ရည်မှန်းချက်ရောက်ရင် အနားပေးမယ်၊ အသားကျွေးမယ်၊ ဗီဒီယိုပြမယ်ပေါ့။

◆ ◆ ◆

## အပိုင်း ( ၁၄ )

အလုပ်စခန်းအနေနဲ့ လေးလလောက် လုပ်လာတော့ အခြေကျလာပါပြီ။ စခန်းတာဝန်ခံကိုလည်း သုံးပွင့်(ဦးစီးအရာရှိ)အဆင့် ထပ်ရောက်လာပါတယ်။ မီးရထားကလည်း ယာယီရုံးတွေဆောက်လို့၊ အစပိုင်းမှာတော့ လုံခြုံရေးကို တပ်မတော်က တာဝန်ယူရပေမဲ့ နှစ်လလောက်ကြာတော့ ရဲတပ်ဖွဲ့က လခရ အတွက်(၁+၈)ရောက်လာပါတယ်။ နောက်ပြီး လမ်းဘေးမှာ တဲတန်းဈေးသည် တွေလည်း များလာပါတယ်။ ရဲဘက်တွေအတွက်ကလည်း တပ်မတော်ရွှေရတု အတွက် တပ်မတော်နှင့် လက်တွဲဆောင်ရွက်လို့ လျှော့ရက်တွေကို ကျခံရသည့် ကာလခြောက်လအောက်ကို လျှော့ရက်တစ်လ။ ခြောက်လအထက် (၁)နှစ် အောက် ၄၅ ရက်။ (၂)နှစ်အောက် (၁)နှစ်ထိ (၆၀)ရက်။(၅)နှစ်အောက် (၂)နှစ်ထိ (၇၅)ရက်။ (၅)နှစ်အထက်(၉၀)ရက် ခံစားကြရပါတယ်။

ဝန်ထမ်းနဲ့ ရဲဘက်အတွက် ရိက္ခာခြောက်တွေ စုဆောင်းရသလို ရိက္ခာစို အတွက်ကလည်းရှာရပါတယ်။ တောင်ပေါ်မှာ အမဲသားနဲ့ ကျွဲသားပဲ လွယ်လွယ် ကူကူရပါတယ်။ နွားနဲ့ ကျွဲတွေပဲ တောင်ပေါ်ကို တက်နိုင်တာပါ။ ပခုက္ကူကနေ ကားကြုံတုန်း ကြက် ၁၀ ကောင်လောက်ဝယ်လာပြီး မွေးလိုက် ပါတယ်။ (၁)နှစ်လောက် ဥစားလိုက်၊ အသားစားလိုက်တာတောင် အကောင် ၅၀ လောက် ကျန်ပါသေးတယ်။ အသီးအရွက်ကိုတော့ ကိုယ်တိုင် စိုက်ကြတာပေါ့။ ဘူး ၁၀ စင်၊ ဖရုံ ၅၀ ကျင်း၊ ခရမ်းအပင် ၁၀၀၀၊ ရေကစွန်း (.၁၀ ဧက)၊ စခန်း ဆူးကြိုးပတ်လည်မှာတော့ ကုန်းကဇွန်းစိုက်၊ တခြား ဆောင်းသီးနှံ၊ မုံညင်း၊ မုံလာ စတာတွေလည်းစိုက်ပေါ့။ ဒါတွေကို စတင်စိုက်နေချိန်မှာတော့ တောထဲက အရွက်ကို ရှာရပါတယ်။ အလုပ်နားရက်တနင်္ဂနွေနေ့တိုင်း ကိုကိုက ရိုင်ဖယ် တစ်လက်ကိုလွယ်(တွတ်ပီ)၊ မုဆိုးလုပ်ခဲ့ဖူးပြီး တောကျွမ်းတဲ့တပည့်ကျော် ရဲဘက် (ဗိုက်ကလေး)တို့ တောလည်ကြတယ်။ အဲဒီမှာ စားလို့ရတဲ့ အသီး အရွက်နဲ့ အသားရှာကြတာပေါ့။ တမလန်းရွက်နဲ့ ဇွယ်တော်ဖူးကတော့ပင်တိုင်ဟင်းလျာရပါ တယ်။ ဆူးပုတ်၊ ကင်ပွန်းချဉ်၊ ကြောင်လျှာ စတာတွေလည်း ရပါတယ်။ တောင်ပေါ်က၊ စမ်းချောင်းတချို့မှာ ကျောက်ငါးလည်း ရတတ်သလို ဖွတ်၊ ပတတ်၊ တောကြက်တွေကိုလည်း ကြိုးကွင်းထောင် ဖမ်းကြပါတယ်။

နောက်တော့ တဖြည်းဖြည်း အားလုံးအဆင်ပြေလာပါတယ်။ ဒါကလည်း ရောက်တဲ့နေရာမှာ တွေ့တဲ့ဌာနနဲ့ အဆင်ပြေအောင် ပေါင်းသင်းဆက်ဆံလိုက်လို့ပါ။ လုပ်အားပေးအဖွဲ့၊ မီးရထားနဲ့ တပ်မတော်သားတွေ အကုန်လုံးနဲ့ပေါ့။ တစ်ချိန်တစ်ခါက၊ အကျဉ်းဦးစီးနဲ့ လက်တွဲတဲ့အဖွဲ့တွေနဲ့ အဆင်မပြေကြောင်းကိုလည်း ကြားဖူးနားဝရှိထားတာကိုး။

တခြားဌာနနဲ့ ပူးပေါင်းဆောင်ရွက်တဲ့အခါ ရိုးသားမှုကိုအခြေခံလို့ အလုပ်ကို စနစ်တကျအောင်မြင်အောင် ကြိုးစားလုပ်ပြလိုက်တာပါ။ ကိုယ့်ဝန်ထမ်းနဲ့ ရဲဘက်လည်း အဆင်ပြေအောင်ပေါ့။ တပ်မတော်က တပ်ခွဲမှူး၊ တပ်ရင်းမှူး၊ အားလုံးနဲ့ အတူလုပ်၊ အတူစား၊ အတူသောက်၊ ခင်ခင်မင်မင်ပါပဲ။ ဗျူဟာမှူး၊ တပ်မမှူးတို့ လာရောက် စစ်ဆေးတော့လည်း ဘယ်လောက်ဆူဆူ၊ ကိုယ်လုပ်ဆောင်ချက်ကို အမှန်တိုင်းတင်ပြလိုက်တော့ အဆင်ပြေသွားတာပါပဲ။ ဆူတာဆိုလို့ ဆရာတစ်ယောက်က အမြဲဆူတတ်ပါတယ်။ သူနဲ့ကလည်း အမြဲလက်တွဲလုပ်နေရတော့ ရှောင်လွဲလို့လည်းမရ၊ ကြာတော့လည်း နှစ်ယောက်သားက ရင်းနှီးလာတယ်။ တစ်နေ့တော့ ဆရာက အမြဲဆူနေတာပဲလို့ ပြောလိုက်တော့ ဆရာက ဟော့ကောင်၊ မင်းနဲ့ငါ လစာဘယ်သူများသလဲတဲ့၊ ဒီတော့ ဆရာက များပါတယ်လို့ဖြေလိုက်တော့ အေး…မင်းထက် လစာပိုယူထားတာ မင်းကိုဆူဖို့ကွ၊ လူကြီးကတော့ သင်လည်း သင်၊ ပြောလည်းပြော၊ ဆူလည်း ဆူရမှာပဲတဲ့။ ဒီတော့ သဘောပေါက်နေပါပြီ။

အရာရှိ၊ ဝန်ထမ်းနဲ့ ရဲဘက်အတွက်ကိုလည်း (အကြံအဖန်) လုပ်ပေးရပါတယ်။ ကိုယ့်ရဲ့ ကြံဆောင်နိုင်တဲ့စွမ်းရည်၊ ဖန်တီးနိုင်တဲ့ စွမ်းရည်တွေပေါ့။ လုပ်နည်းကတော့ မီးရထားက တံတားပိုင်တိုင်အတွက် မြေကျင်းတူးမယ်ဆိုရင် ရဲဘက်နဲ့ တူးတယ်။ ရတဲ့မြေကို တံတားချဉ်းကပ်လမ်းမှာ ဖို့ပါတယ်။ ဒီတော့ မြေတူးခ အပိုရတာပေါ့။ မပတ်လည်း မြေကရှာတူးနေရတာလေ၊ နောက်ပြီး မြေတူးရင်းရလာတဲ့ ကျောက်တွေစုထား၊ မြေသားအတွက် မိုင်းခွဲရာမှာ ပါလာတဲ့ ကျောက်တွေစုထား၊ ဒါတွေကို တံတားပိုင်တိုင်ဆောက်လုပ်ရေးအဖွဲ့နဲ့ ကျောက်စီမြေထိန်းနံရံဆောက်လုပ်ရေးအဖွဲ့ကို ရောင်းလိုက်တော့ အပိုဝင်ငွေရတာပေါ့။ ဒီလိုလုပ်လို့ မိမိရဲ့ မူလတာဝန်ဖြစ်တဲ့ လုပ်ငန်းလည်း မပျက်ပါဘူး။ ရတဲ့ အပိုဝင်ငွေအတွက် ငွေသားကိုတော့ ကိုယ်တိုင်လက်ခံ ကိုင်တွယ်လေ့မရှိပါဘူး။

တာဝန်ခံကို တိုက်ရိုက်အပ်စနစ်နဲ့ပဲ ဆောင်ရွက်ခဲ့တာပါ။ တာဝန်ခံကလည်း ဝန်ထမ်းတွေကို သေတ္တာတစ်လုံးစီ လုပ်ပေးပါတယ်။ ရဲဘက်တွေကိုလည်း ဆေးလိပ်ကအစ လိုတာတွေဝယ်ပေးပါတယ်။ အားလုံးအတွက်တော့ လူသုံး ဆေးဝါးတွေဝယ်ပြီး စုထားရတာပါ။ လူသုံးဆေးဝါးကို (OA/MD) က ဝယ်ယူ ခွင့်ပေးနေသလို မီးရထားနဲ့ တပ်မတော်ကလည်း လူသုံးဆေးဝါးတွေ ပေးပါ တယ်။

ဒါပေမဲ့ တောင်ပေါ်မှာက ငှက်ဖျားက အလွန်ပေါတာ၊ လူတိုင်း နီးပါး ဖျားကြတာ၊ ထိနိုက်ဒဏ်ရာနဲ့ တခြားအဖျားအနာကလည်း ပေါသကိုး။ ဘာ ဖြစ်ဖြစ် ဆေးလေးတော့သောက်လိုက်ရမှ စိတ်ချမ်းသာတာ၊ အနည်းဆုံး အား ဆေးများများ ဝယ်ထားရတယ်။ ပွင့်လင်းရာသီမှာကတော့ အားလုံး ကောင်းဖို့ အဆင့်ကိုရောက်လာပါတယ်။ ဒါပေမဲ့ မိုးလည်းဖြိုင်ဖြိုင်ကျလာရော တောင်ပေါ် နေလူအားလုံး ကပ်ဘေးကြီးတစ်ခုနဲ့ ကြုံရပါလေရော။

♦ ♦ ♦

## အပိုင်း ( ၁၅ )

ကပ်ရောဂါအရင်းစစ်တော့ အိမ်သာ(မိလ္လာ)က စတာပေါ့။ အလုပ်စခန်းရဲ့ ဆူးကြိုးထဲမှာကတော့ မိလ္လာက ကျင်းနဲ့လေ။ ကျင်းကိုလည်း နေ့စဉ် အလွှာ အလိုက် ထမင်းချက်ဖိုကရတဲ့ပြာနဲ့ လုပ်ငန်းသုံးကရော သက်သာက ရောဝယ်တဲ့ မဖောက်ထုံးနဲ့ ဖုံးလေတော့ ယင်ကောင်မှမရှိတာ။ ဒါပေမဲ့ လုပ်ငန်းခွင်မှာက မနက်ကနေ ညနေအထိ အလုပ်လုပ်ကြရတာလေ။ မိလ္လာကိစ္စကိုတော့ လုံခြုံရေး အရ လုပ်ငန်းခွင်နဲ့နီးတဲ့နေရာမှာပဲ ဆောင်ရွက်ပေးရပါတယ်။ ကျင်းတူးပြီး ဖုံးတဲ့စနစ်ပါပဲ။

လုပ်အားပေးပြည်သူတွေကလည်း မီးရထားလမ်းတလျှောက် မိုင်ပေါင်း များစွာကို လုပ်အားပေးစခန်းပေါင်းများစွာနဲ့ ဖွဲ့စည်းထားတော့ ထောင်ပေါင်း များစွာသောလုပ်အားပေးပြည်သူအပေါင်းကလည်း သူတို့ ညအိပ်နားနေတဲ့ စခန်း မှာတော့အိမ်သာနဲ့ပေါ့။ ဒါပေမဲ့ လုပ်ငန်းခွင်မှာကတော့ တောထိုင်စနစ်ပဲ သုံးကြ

ရတာပါ။ တောထိုင်ရာမှာလည်း ဘယ်သူမှ တောင်အောက်ကိုဆင်းလေ့မရှိပဲ တောင်ပေါ်ကိုသာ တက်ကြရတာပေ့ါ။ ဒီတော့ တစ်နေ့ကို ရာပေါင်းချီတဲ့ ရဲဘက်၊ ထောင်သောင်းမကသော လုပ်အားပေးတို့ရဲ့ ချီးမြှင့်ထားသော (မိလ္လာကိုအမြင့်နေရာသို့ပို့ခြင်း) ကြောင့် မိလ္လာအပေါင်းဟာ မိုးများလာတော့ ချောင်းထဲသို့ မိုးရေနဲ့အတူ စီးဆင်းကြလေသတည်းပေ့ါ။

ဤသို့သော မိလ္လာနှင့်ရောနေသောရေများကို ချောင်းအောက်ကသူများ သောက်ရေ၊ သုံးရေအဖြစ်သုံးစွဲမိလေရာက ဝမ်းရောဂါ စတင်ဖြစ်ပွားပါလေရော၊ ဝမ်းရောဂါက စတင်ဖြစ်သူက လုပ်ငန်းခွင် တောင်ရဲ့အမြင့်ပိုင်းမှာ ဝမ်းသွားပြန်ရော အဲ့ဒီမိလ္လာကို အုံတဲ့ယင်ကောင်တွေက လုပ်ငန်းခွင်မှာ ထမင်းနဲ့ အစားအစာတွေကို စားကြသော ဝန်ထမ်း၊ ရဲဘက်နဲ့ လုပ်အားပေးတွေရဲ့ အစာပေါ်ကို အမှတ်မထင် အုံကြလေတော့ ကူးစက်ရောဂါက စပြီလေ။ လုပ်အားပေး တစ်ယောက်စ၊ နှစ်ယောက်စ ဝမ်းစသွားပါတယ်။ သိပ်မထူးခြားပေမယ့် ရဲဘက်စခန်းက ဝန်ထမ်း၊ ရဲဘက်အားလုံး ကျိုချက်ပြီး ရေကိုသာ သောက်ရမယ်၊ တွေ့ကရာ အရွက်တွေ မစားရ၊ မိလ္လာကို စနစ်တကျဖုံးရမယ်၊ အစားအသောက်အားလုံးကို လုံအောင်ဖုံးအုပ်ရမယ် စသည်ဖြင့် ဘယ်လိုပဲအမိန့်တွေ ထုတ်ထုတ်၊ ရေနွေးတွေကျိုပြီး လုပ်ငန်းခွင်အရောက် ဘယ်လိုပဲပို့ပို့၊ တစ်ခါတလေ အမှတ်တမဲ့ အလုပ်လုပ်ရင်း၊ အလုပ်သွားရင်း၊ စမ်းရေအေးအေးလေး သောက်ကြတယ်။ တစ်ချိန်က ကိုယ်လည်း ခရီးသွားရင်း သောက်ခဲ့ရတာပဲလေ၊ ဒီတော့ တဖြည်းဖြည်းနဲ့ ရောဂါကပြန့်ပါလေရော။

လုပ်အားပေးတွေလည်း ဆေးကုရင်း အသက်ပေးခဲ့ကြရတယ်။ ရဲဘက်တွေလည်း လက်နှစ်ဖက်ရော ခြေထောက်နှစ်ဖက်ပါ ဆေးပုလင်းကြီးချိတ်ရင်း သေဆုံးသွားပါတယ်။ သာမန်ဝမ်းသွားတာမဟုတ်တဲ့ ဝမ်းသွားသူ ရဲဘက်ကို လုပ်ငန်းခွင် မထည့်ဘဲ သီးခြားအဆောင်မှာထား ဆေးကုစေတာပေ့ါ။ ဒါပေမဲ့ အသိဉာဏ်က နည်းပါး၊ အလုပ်ကမလုပ်ချင် (လက်ကောက်လူတန်းစားများ)က သူက ဝမ်းမလျှောပေမဲ့ သူများ အမှန်တကယ်လျှောတဲ့ဝမ်းတွေကို သူ့ပုဆိုးမှာ လိမ်းပြီး ဝမ်းလျှောချင်ယောင်ဆောင်ကာ နွမ်းလျလျှနဲ့ လုပ်ပြတော့ စစ်ဆေးသူက ဝမ်းလျှောတယ်။ အလုပ်နား၊ ဆေးကုသဆောင်သွားပေ့ါ။ နောက်တော့ ဟန်ဆောင်သူ ရဲဘက်ပါ တကယ် ဝမ်းရောဂါဖြစ်တော့တာပေ့ါ။ ဒီလိုလုပ်တာကို

သိရတော့မဖြစ်ဘူး။ နေရာတင်ဝမ်းသွားပြလို့ စစ်ရပြန်တယ်။ ရောဂါသည်ကို ဆေးပေး၊ စစ်ဆေးနဲ့ဆိုတော့ စခန်းတစ်ခုလုံးနီးပါး ဝမ်းသွားကြတာပေါ့။ ကိုယ်ကရော ဘာသားထုထားတာမို့လည်း ကူးတော့တာပေါ့၊ ဆေးကုသမှုကို တော့ စခန်းမှာရှိတဲ့ လူသုံးဆေးရော၊ မီးရထားနဲ့ တပ်မတော်ကဆေးပါမကျန် ရသလောက် ကုကြပါတယ်။ ဆေးထပ်ပြီးလိုလာနိုင်လို့ ကိုကိုကတော့ ပခုက္ကူကို အမြန်ပြေး ဆေးဝယ်သွားရပါတယ်။ သက်ဆိုင်ရာတွေကိုလည်း အမြန်ဆုံး ဆက်သွယ် အကြောင်းကြားသတင်းတွေ ပို့ကြရပါတယ်။

စခန်းကနေ ပခုက္ကူကို တိုက်တိုက်ဆိုင်ဆိုင် တပ်သားကိုကိုဆိုတဲ့ (ညောင်ဦး ထောင်က)ဝန်ထမ်းနဲ့ ချီတက်ကြရတာပေါ့။ ကံကောင်းတာက ဒီဝန်ထမ်းက ဝမ်းမလျောသေးဘူး။ ကိုယ်ကသာ ဝမ်းမမှန်တော့တာ၊ ဝမ်းပိတ်ဆေးတွေ ရသလောက် သောက်ရပါတယ်။ လူက နုံးချည့်နေပါပြီ။ ဒီတော့ ဓာတ်ဆား ရေသောက်ရမယ်။ ဓာတ်ဆားက မလုံလောက်နိုင်ပါဘူး။ ဒီတော့ မြန်မာ့နည်းနဲ့ သကြားနဲ့ဆားကို ဆတူရောပြီး ရေနွေးနဲ့ ဖျော်သောက်လိုက်ပါတယ်။ စခန်းကနေ ဗိုလ်မျှော်တောင်အထိ နှစ်ကြိမ်လောက် တောထိုင်ရပါတယ်။ တတိယအကြိမ် တော ထိုင်ပီးတော့ ရတ်တရက် ပြန်မထနိုင်တော့ပါဘူး။ တပ်သားကို တွဲခိုင်း ရတယ်။ ခြေထောက်တွေက မလှမ်းချင်တော့ပါဘူး။

ဒါပေမဲ့ အားတင်းလို့ ရေနွေးသောက်လိုက်၊ ကိုယ်တိုင်ဖျော် ဓာတ်ဆား သောက်လိုက်နဲ့ ဝါးပင်ရွာကို တစ်လှမ်းချင်း တောင်တက်တောင်ဆင်းကို တောင် ဝှေးတစ်ဖက်၊ ဝန်ထမ်းတစ်ဖက်ကူလို့ သွားရတာပေါ့။ ဝါးပင်ရွာရောက်တော့ မထူးတော့ဘူး။ ဘီအီးအရက်တစ်ပိုင်းနဲ့ အချိုရည်တစ်ဘူးရောပြီး အကုန်မော့ချ လိုက်တယ်။ ကြက်ဥနှစ်လုံး မကျက်တကျက်ပြုတ်စား၊ လမ်းသောက်ဖို့ ဆား သကြားရေနွေးဖျော်ပြီး ဆက်လျှောက်တာ ကားလမ်းရောက်သွားတယ်။ အဲ့ဒီက နေကားစီးလိုက်တာ ပခုက္ကူကို ရောက်ပါတယ်။ လူကမသေရုံဘဲကျန်တယ်။ ဒါပေယ့် အားတင်းလို့ ဆေးကုရင်း၊ ဆေးဝယ်၊ သက်ဆိုင်ရာ သတင်းပို့တော့ တပ်မတော်နဲ့ မီးရထားပူးပေါင်းတဲ့ ဆေးကုသရေးအဖွဲ့ တောင်ပေါ်ကို ချီတက်သွားပြီတဲ့။ အားရှိလာပြီ။ လိုတာတွေ အမြန်ကု၊ အမြန်ဝယ်ပြီး အမြန် ပြန်တက်ရတာပေါ့။

တောင်ပေါ်ပြန်ရောက်တော့ လုပ်အားပေးရော ရဲဘက်ပါ အတော်သေနေ

ပါပြီ။ တပ်မတော်နဲ့ မီးရထားက ဆရာဝန်ကြီးတွေက ဆေးပစ္စည်းအစုံအလင်နဲ့ ကုသကြပါတယ်။ ဒါပေမဲ့ တချို့ကတော့လည်း ကုသရင်းနဲ့ ဖြည်းဖြည်းသေနေကြတာပါ။ စိတ်မကောင်းစရာပါ။ ပိုဆိုးတာက ကိုကိုရဲ့ဗိုက်ကလေး(မုဆိုး)ပါ။ သူက ကိုကို ပခုက္ကူသွားပြီး နောက်နှစ်ရက်နေတော့ လွတ်ပေမဲ့ ဗိုလ်လေးကို စောင့်မယ်ဆိုပြီး စခန်းနားမှာပဲ စောင့်နေတယ်။ ကိုကိုပြန်ရောက်မယ့်နေ့ မနက်မှာဘဲ ဝမ်းရောဂါနဲ့ဆုံးသွားလို့ စခန်းကပဲ သင်္ဂြိုဟ်ပေးလိုက်ရကြောင်း၊ သေပြီး ၁၀ နာရီလောက် နောက်ကျရောက်ခဲ့ရတော့ မျက်ရည်မဆယ်နိုင်ခဲ့ပါဘူး။ ကုသရေးအဖွဲ့တွေကလည်း ဖွဲ့မလျှော့ပါဘူး။ ကုသကြလေရဲ့၊ အသက်ကြီးတဲ့ ဝန်ထမ်းများခမြာလည်း သနားစရာပါ။ အလွန်ကိုကြောက်နေကြလေရဲ့၊ ဝန်ထမ်းတွေကတော့ ပြောစကားနားထောင်တာရယ်၊ အနေအထိုင် ဂရုစိုက်တာတို့ကြောင့် မသေကြပေမယ့် အတော့်ကို နွမ်းနေကြပါတယ်။

♦ ♦ ♦

## အပိုင်း ( ၁၆ )

အကျဉ်းဦးဌာနမှာ အလုပ်စခန်းက နှစ်မျိုးရှိပါတယ်။ တစ်ခုက အခြေချစခန်းဖြစ်တယ်။ အခြေချစခန်းဆိုပေမဲ့ ကားလမ်းမကြီးမေးတင် စခန်းနဲ့ တောနက်ထဲမှာရှိတဲ့စခန်း စသဖြင့်လည်း ကွာပြန်ရော။ ဒီအထဲမှာလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ကျောက်ထုတ်စခန်းဆိုပြီးလည်း အခြေအနေက ကွာပြန်ရော၊နောက်တစ်ခုက ရွေ့တန်းစခန်း(ယာယီ)စခန်းဖြစ်ပါတယ်။ ကိုကိုတို့ စခန်းကတော့ ယာယီရွေ့တန်းစခန်းပေါ့။ ဒီစခန်းကိုပြောင်းလာကြတဲ့ ဝန်ထမ်းတချို့ဟာ အခြေချစခန်းတွေကနေ ပြောင်းရွှေ့လာကြတာပါ။ ပြောရရင် (စခန်း to စခန်း)ဖြစ်ပါတယ်။ ကိုကိုကလည်း မန္တလေးဗဟိုထောင်က ပြောင်းလာရတယ်ဆိုပေမယ့် မန္တလေးထောင်ရဲ့ လက်အောက်ခံစခန်းဖြစ်တဲ့ ဝသုန္ဓရစိုက်ကွင်းဖော်ထုတ်ရေးစခန်း၊ မန္တလေးကျုံးပြန်လည်တူးဖော်ရေးအလုပ်စခန်းနဲ့ မန္တလေးဗဟိုအကျဉ်းထောင်သစ်တည်ဆောက်ရေး အလုပ်စခန်းတို့ကနေ ပြောင်းလာရတာပါ။ ယာယီစခန်းထဲမှာကလည်း ထောင်သစ်ဆောက်လုပ်ရေးအလုပ်စခန်းဆိုပြီးရှိပြန်ပါတယ်။

ထောင်သစ်စခန်းကလည်း နှစ်မျိုးကွဲပြန်ရော။ တစ်ခုက နဂိုရှိပြီးသား ထောင်ကို နေရာရွှေ့ဆောက်တာ(ဥပမာ-မန္တလေးနဲ့ရွှေဘို)၊ ဒီလိုစခန်းတွေကို ထွက်ရတဲ့ဝန်ထမ်းက ဘာအရေးလဲ၊ မိသားစုနဲ့အတူနေရတဲ့သူရှိသလို မနေရသူလည်းရှိပါတယ်။ ဒါပေမဲ့ လုပ်ငန်းခွင်က မြို့ကြီးပြကြီးရဲ့အနီးနား၊ ခရီးသွားလို့က အလွန်ကောင်း၊ ကိုကိုဆိုရင် ၁၉၉၃ ခုနှစ်က မန္တလေးထောင်ဟောင်း (နန်းတွင်း)ကနေ၊ မန္တလေးထောင်သစ်၊ အိုးဘို(ရွှေကျင်)ကို ပထမ ခြေကျင် လျှောက်တာ ၁ နာရီ လျော့လျော့ပဲ။ ကတ္တရာလမ်းအတိုင်းသွားရတယ်။ နောက်တော့ စက်ဘီးကလေးကိုစီးပြီး၊ အချစ်ကလေးကိုတင်ပြီး(ဇနီး)နဲ့ အတူသွားရတာပျော်စရာကြီး၊ ရိက္ခာတောင်စားရသေးတယ်။ ကိုယ်တိုင်ရောက်ဖူးတော့ သိနေပါတယ်။

နောက်ထပ် ထောင်သစ်ဆောက်လုပ်ရေးစခန်းဖြစ်တဲ့ ကလေး၊ ခန္တီးနဲ့ ပူတာအိုတို့လို ဝေးလံခေါင်းပါးတဲ့အရပ်မှာ အသစ်ဆောက်ရတဲ့ ထောင်သစ်စခန်းတွေလည်းရှိပါတယ်။ ဒီနေရာတွေကိုလည်း ထောင်သစ်လုပ်ငန်းများ စစ်ဆေးရေးအဖွဲ့ဝင်တစ်ယောက်အနေနဲ့ စာရေးအဆင့်ကနေ တစ်ပွင့်၊ နှစ်ပွင့် အဆင့်နဲ့ပါ မကြာခဏ သွားရောက်စစ်ဆေးဖူးတော့ သိနေတာပါ။ ဒါကြောင့် (စခန်း to စခန်း)(ထောင် to စခန်း)ကိုပြောင်းရတဲ့ ဝန်ထမ်းတွေရဲ့အခြေအနေ အရပ်ရပ်ကို သိနေရပါတယ်။ ဆိုလိုချင်တာကတော့ စခန်းကိုရောက်လာတဲ့ ဝန်ထမ်းတွေဟာ အခြေအနေမတူကြသလို စိတ်ခံစားချက်ချင်းကလည်း မတူကြပါဘူး။ သူတို့အခြေအနေကိုကြည့်ပြီး အားငယ်သူကို ပိုပြီးထိန်းပေးရပါတယ်။ သူတို့မှာက အသက်ကြီးသူတွေကလည်း ပါတယ်။ နဂိုထဲက နာတာရှည် ရောဂါရှိသူလည်း ပါလာပါတယ်။ မိသားစုများလို့ ဆင်းရဲတာလည်းရှိတယ်။

နောက်တစ်ချက်က နဂိုကမှ အခြေချစခန်းဖြစ်တဲ့ တောကြီးတန်းစိုက်ပျိုးရေး အလုပ်စခန်းတို့၊ နောင်ရိုးစိုက်ပျိုးရေးစခန်းတို့က ပြောင်းလာတဲ့ ဝန်ထမ်းလည်း ပါဝင်ပါတယ်။ အဲဒီစခန်းတွေကိုလည်း စိုက်/မွေးညွှန်ကြားရေးမှူးနဲ့အတူ မကြာခဏ အကြိမ်ကြိမ်သွားရောက် စစ်ဆေးရင်း ညအိပ်ခဲ့ရလို့ စခန်းအခြေအနေ၊ မိသားစုအခြေအနေတွေကို သိနေပါတယ်။ ဒီလိုစခန်းတွေမှာ မိသားစုကိုထားခဲ့ပြီး ပိုပြီးတော့ တောနက်တဲ့စခန်းကို တစ်ကိုယ်တည်း ရှေ့တန်းထွက်လာကြရတဲ့

ဝန်ထမ်းတွေ များပါတယ်။ နောက်ပြီး လက်ရှိနေရာကလည်း အစားအသောက်ကရှား၊ ကူးစက်ရောဂါကလည်း ထူတဲ့အပြင် အသေအပျောက်ပါ များလေတော့ စိတ်ခတ်ကျလွယ်ပါတယ်။ ကိုယ်တောင် မနည်းကျားကန်ထားရတာပါ။

ဒီလိုနဲ့ ကပ်ရောဂါဆိုးကြီးကနေ ကျော်ဖြတ်လာခဲ့ပါတယ်၊ ရဲဘက် အင်အား ၈၀ယောက်ကိုတော့ ၁၉-၅-၁၉၉၅ နေ့က မုံရွာထောင်က ပို့ပါတယ်။ ရဲဘက် ၂၀ ကတော့ ပခုက္ကူထောင်က ထပ်ရပါတယ်။ မှတ်တမ်းရှာတွေ့သလောက် ၂-၁၀-၁၉၉၅ နေ့ ရဲဘက်အင်အားအခြေအနေကတော့ လွတ်လူ ၂၆၃ ယောက်၊ ပြောင်း ၃၄ ယောက်၊ ထွက်ပြေး ၃၄ ယောက်၊ သေဆုံး ၆၉ ယောက်၊ လက်ကျန် ၂၀၀ ယောက်ဖြစ်ပါတယ်။ ဒီအင်အားထဲက ဝမ်းရောဂါဒဏ် ခံရပေမဲ့ မသေဘဲကျန်ရစ်သူ၊ နလံထ ၂၀ ယောက်လောက်ရှိပါတယ်။ သူတို့ကို သီးခြားပြုစုစောင့်ရှောက်ရင်း ကျန်းမာလာကြပါတယ်။ ဝန်ထမ်းတွေကိုလည်း အားပေးရင်း ဆက်လက် တာဝန်ထမ်းဆောင်ကြရတာပေါ့။ ကံကောင်းချင်တော့ ရှေ့တန်းထွက်ကာလကို တစ်နှစ်ကနေ နှစ်နှစ်လို့ သတ်မှတ်တဲ့ စာထွက်ချိန်မှာ ရှေ့တန်းထွက်ပြီးသားဝန်ထမ်းတွေနဲ့ မဆိုင်တော့ဘဲ မူလအတိုင်း စခန်းသက် တစ်နှစ်သာဖြစ်ကြောင်း စာထွက်လာပါတယ်။ ဒီတော့ တစ်နှစ်ပြည့်သူတွေကို လူစားလဲလှယ်ပေးဖို့ သက်ဆိုင်ရာ ထောင်စခန်းတွေကို စာထွက်ရပါတယ်။ ဒီအခါမှာတော့ ဝန်ထမ်းတွေက မျှော်လင့်ချက်ကိုယ်စီနဲ့ ပျော်ရွှင်ကျန်းမာစွာ အလုပ်ခွင်ဝင်ကြရတာပေါ့။

အချိန်ကလည်း စခန်းစဖွင့်ကာစလို ပွင့်လင်းရာသီ ဆောင်းတွင်းလေးကို ရောက်လာပြန်ပေါ့။ မိုးအကုန် ဆောင်းအကူးမှာ သာယာလိုက်တာ၊ တောင်တန်း ပြာပေါ်က စိမ်းလန်းစိုပြည်နေတဲ့ သစ်ပင်ကြီးတွေကလည်း ရောင်စုံဖူးပွင့်နေကြလေရဲ့။ ကျေးငှက်တွေကလည်း သံပြိုင်တေးဆိုနေကြတာ လွမ်းစရာကို ဖြစ်လို့။ တေးဆိုငှက်တစ်ကောင်ရှိတယ်။ ဒီငှက်က တောင်ထိပ်ရဲ့အမြင့်ဆုံးအပင်ရဲ့ အဖျားကနေအော်တာ၊ တကယ့်ကို ချွဲချွဲပြစ်ပြစ်နဲ့၊ အသံရှည်ကို စည်းချက်ညီညီလေးနဲ့ နားထောင်ရင်း လွမ်းလာသလိုခံစားရပါတယ်။ တစ်ခါအော်ရင် ၁၀ စက္ကန့်ကျော်လောက်တော့ ကြာမယ်ထင်တယ်။ သူနားတဲ့အပင်ခြေက ကြည့်တာ တောင် အပျံသင်စ ခိုပေါက်စတစ်ကောင်လောက်ရှိတယ်။ အမွေးကတော့ အစိမ်းရောင်များပါတယ်။

ဒေသခံ ယောသားတွေကိုမေးကြည့်တော့ ယောက်ဖ ခွေးခေါ်ငှက်တဲ့။ ငယ်ငယ်က မူလတန်းမှာသင်ဖူးတဲ့ ယောက်ဖခွေးခေါ် ကဗျာလေးကို သွားသတိရပါတယ်။ မှတ်မိသလောက်စာသားကတော့ (ယောက်ဖ ခွေးခေါ်၊ အောင်ကျော်လေးထမ်း၊ လွမ်းစချင့်ဖွယ်၊ မြိုင်အလယ်တွင်၊ အဘယ်ငှက်နည်း၊ တစ်ကောင်တည်း။ တစ်ရံခါသော် ဖိုးအောင်ကျော်ဟု၊ တောပျော်မုဆိုး၊ တောမြုံတိုးလျက်၊ သားမျိုးကိုရှာ၊ သွားလေရာတွင်၊ ကြမ္မာမယှဉ်း၊ သေရခြင်း ကြောင့်၊ ပဝေရှေ့က၊ အော်နေဟြသို့၊ ယောက်ဖခွေးခေါ် သူလျှင် အော်သည်၊ အဘယ်ငှက်နည်း၊ တစ်ကောင်တည်း။)တဲ့။ ဒီလို ငှက်ကလေးအော်သံနဲ့ ကဗျာလေးကိုသတိရတိုင်း ကိုကိုနဲ့အတူ၊ အသီးအရွက်တွေရှာ၊ သားမျိုးစုံကို သွားရှာခဲ့ပြီး ကွယ်လွန်သွားခဲ့ရတဲ့ ရဲဘက်တပည့်ကျော်(ဗိုက်ကလေး)များ ငှက်ဖြစ်ပြီး အော်နေသလားလို့ သူ့ကိုသတိရ၊ လွမ်းလိုက်ရတာ၊ မျက်ရည်များတောင် လည်မိပါတယ်။

သူနဲ့အတူ ကပ်ရောဂါကြောင့် ကွယ်လွန်သွားခဲ့တဲ့ ရဲဘက်တွေကိုလည်း ဟိုကောင်ပေါ့ တစ်ခါတုန်းက ဘယ်လို၊ ဘယ်ချမ်းသာနဲ့ သေဆုံးသွားတဲ့ ရဲဘက်တွေရဲ့ တစ်ဦးချင်းထူးခြားချက်ကိုပါ သတိရနေလျက်ပေါ့။ ဒီလိုနဲ့ ကိုကိုကလည်း စခန်းသက် တစ်နှစ်ပြည့်လေတော့ လူစားပေးဖို့ စာတင်ရတာပေါ့။

◆ ◆ ◆

## အပိုင်း ( ၁၇ )

ကိုကိုလည်း စခန်းသက်တစ်နှစ်ကျော်လာတော့ လူစားတောင်းတဲ့စာက မတင်လို့မဖြစ်တော့ဘူးလေ။ နောက်တန်းမှာနေခဲ့ရတဲ့ မိသားစုကလည်း အထက်တန်းကျောင်းသားနှစ်ယောက်အပါအဝင် ကလေးသုံးယောက်နဲ့ ဇနီးသည်ခမျာလည်း ထောင်မှူး ကတော်သာပြောတယ် အခြားအဆင့်လိုင်းမှာသာနေရပြီး လိုင်းခန်းဘေးမှာ ရေခဲခြစ်ရောင်းနေလေရဲ့။ ထောင်မှူးလစာကလည်း ၁၁၅၀ ကျပ်ပဲရတာလေ။ တစ်ခါတလေ အကုန်ပြန်မပို့နိုင်ဘူး။ ဖျားတဲ့အခါနဲ့ နယ်ထမှာ စားဖို့ စားစရာလေးတွေ ဝယ်စုထားရတယ်။ လိုအပ်တဲ့အခွေးထည်နဲ့ တောင်ပေါ်စီး တရုတ်ကင်းဘတ်ဖိနပ်ကစလို့ ကျန်တာတွေကိုလည်း ဝယ်ရသေးတယ်လေ၊

ဝယ်တာဆိုလို့ ပုခုံးဘား(အပွင့်)ဝယ်တာလေး သတိရလာပါတယ်။ တောထဲမှာ တပ်မတော်က အရာရှိတွေက အပွင့်အမည်းတွေ တပ်ဆင်ကြပါတယ်။ ဒီတော့ အကျဉ်းဦးစီးလည်း အမည်းတပ်ကြမယ်ပေါ့။

အဲ့ဒီအချိန်က အကျဉ်းဦးစီးအပွင့်က လက်ရှိပုံစံပါ။ တပ်မတော်နဲ့က အရောင် သာကွာပြီး အမည်းဆိုရင်တော့ အားလုံးက အတူတူပဲလေ။ ထောင်မှူး ဦးတင် က စစ်ဆင်ရေးလိုက်ဖူးတော့ အပွင့်အမည်းပါလာတယ်။ ကိုကိုနဲ့တာဝန်ခံကတော့ ငွေရောင်ပဲ တပ်ရတာပေါ့။ တစ်နေ့တော့ မန္တလေးထောင်ကို ရိက္ခာငပိထုတ်ရင်း ရောက်ပါတယ်။ ဒီတော့ မန္တလေးက တပ်မတော်ကုန်တိုက်ကိုသွားပြီး အပွင့် အမည်း သွားဝယ်ပါတယ်။ စက်ဘီးကလေးနဲ့ ဇနီးကိုပါတင်လို့ပေါ့။ ကုန်တိုက် ရောက်တော့ အရာရှိဝတ်စုံရောင်းတဲ့ကောင်တာမှာ အပွင့်အမည်းတွေကို ကြည့် လိုက်တယ်။ ကောင်တာထဲမှာ အပွင့်တွေကို စက္ကူကပ်ပြားငယ်လေးတွေမှာ နှစ်ပွင့်၊ လေးပွင့်၊ ခြောက်ပွင့် စသည်ဖြင့် တွဲထားပါတယ်။ ဒီတော့ ကိုကိုက သုံးပွင့်နှစ်တန်း ခြောက်ပွင့်ကို ကောက်ကိုင်လိုက်ပြီး ဒီကက်ပတင်ဘားက ဘယ်လောက်လဲဗျလို့ မေးလိုက်ပါတယ်။ အရောင်းကောင်တာကလေးမက ဟုတ်ကဲ့ ဗိုလ်ကြီးဆိုပြီး အနားကို ခပ်သွက်သွက်ရောက်လာပါတယ်။ ဒီတော့ ဇနီးသည်က မောင်ကလည်းလို့ စကားစလိုက်ချိန်မှာ သူ့လက်ကိုဖမ်းဆွဲပြီး အသာနေဖို့ အချက်ပေးလိုက်ပါတယ်။ ဇနီးသည်ပြောချင်တာ သိသားပဲ။ မောင်ကလည်း နှစ်ပွင့်ဆို တော်ရောပေါ့။ အလကားပိုက်ဆံကုန်မယ်ပေါ့။ ဒါပေမဲ့ ဗိုလ်ကြီးလိုလို၊ ဘာလိုလို အရပ်ဝတ်နဲ့ ကိုကိုကတော့ ကက်ပတင်ဘား အမည်းတစ်စုံဝယ်လိုက်တယ်။ ကုန်တိုက်ကထွက်လာတော့မှ ဇနီးကို ရှင်းပြ လိုက်တာက နှစ်ပွင့်က ကိုကိုတပ်ဖို့၊ ကျန်လေးပွင့်က တာဝန်ခံ ထောင်မှူးကြီး အတွက်ပါလို့ပြောတော့မှ စက္ကန့်ပိုင်း ဗိုလ်ကြီးကတော် အထင်ခံရသူ ဇနီး မျက်နှာက ရှက်ပြုံးလေးနဲ့ပေါ့။

ရှေ့တန်းစခန်းထွက် ဝန်ထမ်းတွေက စခန်းကို စထွက်လာတုန်းကသာ သွားလေရှေ့လပဲတယ်ဆိုပြီး လွှတ်လိုက်တာပါ။ စခန်းသက်ပြည့်ပါပြီ။ လူစား ပေးပါလို့ တောင်းရင်တော့ ရှေ့တန်းကနေ မူလထောင်/စခန်းကို စာထွက်၊ မူလထောင်/စခန်းက ညွှန်ကြားရေးမှူးရုံးကို တင်ပြ၊ ညွှန်ကြားရေးမှူးရုံးက

လူစားတောင်း၊ လူစားစာရင်းရမှ ထောင်/စခန်းကို ပြန်အမိန့်ထွက် အခြေအနေတွေကို ရုံးချုပ်တင်ပြပြီးတော့မှ ထောင်စခန်းက လူစားလဲရန် စာထွက်ရတာ၊ အဲ့ဒီအချိန်တုန်းက စာပေးစာယူစနစ်ကလည်း အမြန်ချောတောင် မမြန်သေးတဲ့ခေတ်၊ လူကိုယ်တိုင်စာပို့ရင်တောင်သေချာတာမဟုတ်ဘူး။ စာရောက်ပြန်တော့ရော တစ်စားပွဲကနေ တစ်စားပွဲ၊ တစ်ရုံးကနေ တစ်ရုံး၊ တစ်မြို့ကနေ တစ်မြို့ အဆင့်ဆင့်ဆောင်ရွက်ရတာဆိုတော့ ကြာမှကြာပေါ့။ ဒီတော့ စခန်းကနေ စာထွက်ထားပြီပဲ ကျန်တာကတော့ မျှော်တော်ယောင်ပေါ့။

အကျဉ်းဦးစီးနဲ့ ကူးစက်ရောဂါဟာ မဟာမိတ်တွေပေါ့။ ကူးစက်ရောဂါအကြောင်းပြောရင်းက သတိရတာလေးလည်း ပြောပါရစေ။ မြန်မာပြည်မှာ ၁၉၈၈ ခုနှစ်မတိုင်ခင် ထောင်သစ်တွေ မဆောက်လုပ်ခင်က ထောင်တွေကို ဗဟိုထောင်၊ (က)အဆင့်၊ (ခ)အဆင့်၊ (ဂ) အဆင့်နဲ့ (ဃ)အဆင့်ထောင်ဆိုပြီး အဆင့်(၅)ဆင့်ခွဲထားပါတယ်။ ဒီထောင်တွေထဲမှာ (ဃ)အဆင့်ကတော့ အငယ်ဆုံးထောင်တွေပေါ့။ ညောင်ဦး၊ သထုံ၊ ဖျာပုံနဲ့ ပေါင်းတည်ထောင်တွေဖြစ်ပါတယ်။ အဲ့ဒီထောင်တွေအထဲမှာ (ဃ)အဆင့်ဖြစ်ပြီး အနာကြီးရောဂါသည်(အနူ)တွေကို သာသီးခြားထားတာက ညောင်ဦးထောင်ပေါ့။ ဒီထောင်က ထောင်ကျသစ်လက်ခံလို့မရဘဲ တစ်ပြည်လုံးကိုရောက်လာတဲ့ အနာကြီးရောဂါသည် ထောင်ကျအကျဉ်းသား၊ အကျဉ်းသူတွေကိုသာ လွှဲပြောင်းလက်ခံရပါတယ်။ အနာကြီးရောဂါဟာ လေထဲကနေတောင် ကူးစက်နိုင်တယ်လို့ သိရပါတယ်။ ဒီထောင်မှာ တာဝန်ကျတဲ့ အရာရှိက ပြဿနာသိပ်မရှိပေမဲ့ ဝန်ထမ်းများကတော့ အလွန်ကို သနားစရာပါ။

ဒီလိုထောင်မှာနေရလို့ စခန်းထွက်နဲ့ သင်တန်းကတော့ မလွတ်ပါဘူး၊ ခွဲတမ်းအတိုင်းပါပဲ။ ညောင်ဦးကနေ အဝေးဆုံး၊ ပူတာအိုအထက်က ပန်နန်းဒင်စခန်းအထိ ထွက်ကြရတာပါ။ အခုလက်ရှိ ရေဖြူငယ်စခန်းမှာလည်း ညောင်ဦးထောင်က ဝန်ထမ်းတစ်ယောက်ပါလာတယ်လေ(ဒီထောင်နဲ့ပတ်သက်လို့လည်း တာဝန်ခံအရာရှိနဲ့ နှစ်နှစ်ကျော် တာဝန်ထမ်းဆောင်ဖူးလို့ စာရေးထားခဲ့ဖူးပါတယ်။ ထပ်မံဖြည့်စွက်ပြီး ပြန်ရေးပါ့မယ်)။

ဒီလို ဝန်ထမ်းတွေကို တစ်ခါတလေတော့လည်း ဝန်ထမ်းက ဆိုးလို့ဆိုပြီး

မာန်လိုက် မဲလိုက်၊ ပြောမိ၊ ဆိုမိပြုမိပေမဲ့ သူတို့နဲ့နှစ်ယောက်ချင်း သီးခြားအားပေး စကားပြောတဲ့အခါမှာပဲဖြစ်ဖြစ်၊ သူတို့ရဲ့ ဘဝကအကြောင်းတွေကို စနစ်တကျ လေ့လာကြည့်တဲ့အခါဖြစ်ဖြစ် တကယ့်ကို သနားစရာပါ။ ဒါကြောင့် တောစခန်း (ရှေ့တန်း)က ဝန်ထမ်းအားလုံးကို စာနာ နားလည်သလို အုပ်ချုပ်ရတဲ့အရာရှိတို့၊ တာဝန်ခံတို့ကိုလည်း ကိုယ်ချင်းစာနာမိပါတယ်။ တောထဲတောင်ထဲမှာ ကိုယ်တွေ တောင် အရက်ကို ကျန်းမာရေးအကြောင်းပြပြီး သောက်နေတာ ဝန်ထမ်းတွေက လည်း ကျန်းမာရေးမကောင်းလို့၊ စိတ်ညစ်လို့၊ မိသားစုဆီက စိတ်မကောင်း စရာစာလာလို့၊ လစာထုတ်လို့ စသည်ဖြင့် အကြောင်းပြချက်မျိုးစုံနဲ့ အရက်သောက် နေကြတာပါ။

အခြေအနေ ကြည့်ထိန်းနေရတာပေါ့။ ဆိုလိုချင်တာကတော့ ဘယ်သူမှ မလာချင်တဲ့၊ မလုပ်ချင်တဲ့နေရာ မှာ တစ်နှစ်ကျော်နေရလေတော့ စိတ်ဖောက်ပြန် တာတွေ ဖြစ်လာတာကို ကြုံရလို့ပါ။ စခန်းမှာ အကျဉ်းဦးစီးဝန်ထမ်းတွေသာ ပြဿနာကြီးကြီးမားမားမဖြစ်တာ စခန်းလုံခြုံရေးယူရတဲ့ ရဲတပ်ဖွဲ့နဲ့ တပ်မတော်က ရဲဘော်တွေမှာ ဖြစ်စဉ်တွေရှိခဲ့ပါတယ်။

◆ ◆ ◆

## အပိုင်း ( ၁၈ )

ရှေ့တန်းဖြစ်တဲ့တောထဲမှာတော့ ဖြစ်စဉ်မျိုးစုံ တွေ့ရပါတယ်။ ဖြစ်စဉ်တစ်ခု ကတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကနေ စခန်းအတွက်လုံခြုံရေးတာဝန်ကျတဲ့ ဒုတပ်ကြပ် တစ်ယောက်ပေါ့။ သူက အရက်လည်း အမြဲသောက်ပါတယ်။ ကိုကိုတို့ စခန်းကို မရောက်ခင်ကလည်း အရက်အလွန်သောက်တတ်ကြောင်း၊ သူနဲ့အတူ တာဝန် ကျတဲ့ ရဲတပ်သားက ပြောပါတယ်။ ပထမတစ်ကြိမ်ကတော့ ည ၁၀ နာရီ လောက်မှာ လုံခြုံရေးရဲကင်းတဲ(ထောင်မှာဆို မျှော်စင်ပေါ့)ကနေ သေနတ် ဖောက်လို့ အပြေးသွားကြည့်ရတယ်။ တပ်မတော်က တပ်ခွဲမှူးလည်း တပ်စု တစ်စုနဲ့ အပြေးချီတက်လာရတယ်။ ဘာမှ အကြောင်းပြချက်ခိုင်လုံမှုမရှိပါဘူး။ အရက်ကြောင့်ပြီး စိတ်ဖောက်ပြန်တာဖြစ်နေတယ်။

နောက်မကြာခင် မိုးရွာတဲ့ တစ်ညမှာ ဖားရိုက်ထွက်တဲ့ မိမိဝန်ထမ်းက ရုံးလုပ်ငန်းလုပ်နေတဲ့ကိုကို့ကို လာသတင်းပို့ပါတယ်။ ရိုင်ဖယ်သေနတ်တစ်လက်၊ ကျည်အပြည့်နဲ့ကောက်ရလို့ လာအပ်တာတဲ့။ သေနတ်ဒင်ကိုကြည့်လိုက်တော့ ရဲတပ်ဖွဲ့ရဲ့သေနတ်ဖြစ်နေတယ်။ ဒီတော့ ခဏနေဦး၊ ခတ်မိုးဆွဲလို့ မိုးရေထဲ သေနတ်တွေ့တဲ့နေရာပတ်ဝန်းကျင်ကို လေ့လာရတာပေါ့။ ရဲတပ်ဖွဲ့ယူနီဖောင်း အင်္ကျီတစ်ထည်တွေ့ရတယ်။ ဒီတော့မှ ရဲတပ်ဖွဲ့က ရဲကင်းမှူး ဒုရဲအုပ်ကို ခေါ်ပြီး အင်္ကျီနဲ့ သေနတ်ကိုအပ်လိုက်ရတယ်။ ရဲဒုတပ်ကြပ်ကိုတော့ ရှာမတွေ့ တော့ပါဘူး။ တစ်လလောက်နေမှ လူစားလာတဲ့ ရဲတပ်သားပြောတာကတော့ သူ့အိမ်ပြန်ရောက်နေတယ်တဲ့။ ဘာမှ မေးမရသေးဘူး။ စိတ်ဖောက်နေတုန်းတဲ့။

ဒါတင်ပဲလားဆိုတော့ ဘယ်ကမလဲ၊ တပ်မတော်က လက်ဖြောင့်တပ်သား တစ်ယောက် စိတ်ဖောက်ပြီး ထွက်ပြေးသွားတာ လက်နက်အပြည့်အစုံ၊ ကျည် အပြည့်နဲ့ အသည်းအသန်လိုက်ရှာတော့မှ ကျေးရွာရှင်ကို လက်နက်အပြည့်အစုံနဲ့ ပြန်တွေ့ရတာ၊ ဒီလိုပါပဲ။ တပ်က ညကင်းတာဝန်ကျနေတဲ့ ကင်းစောင့်တဲ့ရဲဘော် တစ်ယောက်ကတော့ သူ့ကိုယ်သူ သေနတ်နဲ့အဆုံးစီရင်သွားပါတယ်။ ဒီကလေး ကို မီးသဂြိုဟ်တာ ကိုယ်တိုင်တွေ့ရပါတယ်။ နောက်ထပ် တပ်က ရဲဘော် တစ်ယောက်ကတော့ မိုင်းကျင်းတူးတဲ့နေရာမှာ သူ့ဆရာနဲ့ ပြဿနာ နည်းနည်း ဖြစ်တာပေါ့။ ဒါကို အငြိုးထားပြီး စိတ်ဖောက်လာတဲ့အချိန်မှာတော့ သူ့ဆရာ အရင်း (CQ) ကို ဓားနဲ့ထိုးလိုက်တာသေပါလေရော။ ရဲဘော်လည်း ထွက်ပြေး သွားတာ ရှာလို့ကို မတွေ့တော့ပါဘူး။

ဒါတွေကိုပြောနေရတာက မိမိဝန်ထမ်းရဲ့ တော်ရုံတန်ရုံ(ရေး၃)ပြဿနာ တွေကို နောက်တန်းမှာလို ရေးကြီးခွင်ကျယ်လုပ်နေရင်တော့ ပြဿနာက ပိုကြီး လာနိုင်တာပေါ့။ ဒီတော့ နောက်တန်းမှာဖြစ်တဲ့ အရေးယူရမဲ့ ပြဿနာတွေလို ဂတ်စာရေးခေါ်၊ အခုချက်ချင်း ရုံးတင်စမ်း၊ ဘာမှတ်သလဲ၊ ထောင်ထဲ ပိတ်ပစ် လိုက်မယ်လို့ ရှေ့တန်းမှာ လုပ်လို့မရပါဘူး။ ရုံးတင်ဖို့မပြောနဲ့ စခန်းတာဝန်ခံ တောင်မသိလိုက်ရတဲ့ပြဿနာတွေရှိပါတယ်။ ပြောတန်ပြော၊ ဆိုတန်ဆို၊ ချော့ တန်ချော့နဲ့ ရှင်းလိုက်ရတာပါ။။ Jail Manual အကျဉ်းထောင်လက်စွဲ စာအုပ် ကြီးအတိုင်းကတော့ ထောင်မှာပဲ လုပ်လို့ရချင်ရမယ်၊ အလုပ်စခန်းရဲ့တာဝန်ချိန်မှာ

မှူးနေလို့သာ အရေးယူရမယ်ဆိုရင် စခန်းရောက်တာနဲ့ အလုပ်က ပြုတ်ပြီးသား၊ ထောင်မှူးသာ ဘုတ်ထုတ်ပေတော့၊ တောစခန်း(ရှေ့တန်း)မှာ စာအုပ်ကြီးအတိုင်း လုပ်နိုင်တယ်ဆိုရင်တော့ ဂုဏ်ယူရမှာပါ။

ဝန်ထမ်းတွေ စိတ်ဖောက်ပြန်တယ်ဆိုမှတော့ အကျဉ်းသားတွေကရော ဘယ်နေမလဲ၊ ပြဿနာပေါင်းကိုစုံလို့၊ ညဘက်ကြီး ဝမ်းရောဂါနဲ့သေတဲ့ ရဲဘက်ကို ကျင်းတူးပြီး သင်္ဂြိုဟ်တဲ့ဝန်ထမ်းနဲ့ ရဲဘက်အဖွဲ့ကို မုန့်ဖိုးပေးတာ၊ ဝန်ထမ်းက ရဲဘက်တွေကို အရယ်ဝယ်တိုက်သတဲ့။ ရဲဘက်တွေ စိတ်ဖောက်တဲ့အထဲ တစ်ခု လောက်ဖော်ပြရရင် ရဲဘက်အသစ်ရောက်လာသူထဲမှာ အဖွဲ့လိုက်ပြေးဖို့ လုပ်တဲ့ သူတွေလည်းရှိတယ်။ အချိန်မီတားနိုင်လို့ပေါ့။ တချို့ကပြေးမရတော့ ထွက်ပေါက် ရှာကြပါတယ်။

မှတ်မှတ်ရရ ၁၆-၁-၉၆ နေ့က ကိုကို တာဝန်မှူးပါ။တာဝန်မှူးကလည်း ထောင်မှူးနှစ်ယောက် တစ်ရက်စီပေါ့၊ တစ်ယောက်ခရီးသွားရင်တော့ သွားတဲ့ ထောင်မှူး ပြန်မရောက်မချင်း တစ်ယောက်တည်း နေ့စဉ် တာဝန်မှူးပေါ့။ ရဲဘက်ပြေးနဲ့ ရဲဘက်သေကိစ္စကို အဖွဲ့နဲ့စစ်ရတဲ့အခါ တာဝန်ခံကတော့ အမြဲတန်း ဥက္ကဋ္ဌပေါ့။ ထောင်မှူးနှစ်ယောက်ကအဖွဲ့ဝင်၊ တာဝန်မှူးကိုလည်း စစ်ရပေမဲ့ ထောင်မှူးနှစ်ယောက်နဲ့ပဲ ရသေ့ရှစ်သောင်းလှည့်ရတာပေါ့။ ဒါတွေ ပြောနေရင် လည်း ပြောမဆုံးပေါင် တောသုံးတောင်၊ ဒီတော့ ဒါတွေကို တောင်ပြာတန်း က အသိဆုံးဖြစ်လို့ မေးသာကြည့်ကြပါတော့။

၁၆-၁-၉၆ နေ့ကအကြောင်းကို ပြန်ဆက်ပါ့မယ်။ ကိုကိုတို့စခန်းရောက် စက အလုပ်လုပ်တဲ့နေရာကနေ နောက်တစ်နေရာဖြစ်တဲ့ ချိန်းအမှတ် (၄၄၁၇ မှ ၄၄၂၂)ထိကို ပြောင်းလုပ်ရပါတယ်။ တောင်ကုန်းတစ်ခုကိုဖြတ်ပြီး တူးရမှာပါ။ တူးရ၊ ဖြတ်ရမယ့်အတိုင်းအတာက ငါးပေကနေ ပေ ၃၀ အထိ ရှိပါတယ်။ အဲဒီလုပ်ငန်းခွင်ရဲ့ ပေ ၃၀ တူးရမယ့်နေရာကို ၂၅ ပေလောက်အနက်ထိ တူးလို့ ပြီးနေတဲ့နေရာမှာ ဖြစ်စဉ်တစ်ခုဖြစ်ပါတယ်။ လုပ်ငန်းခွင်က ၂၅ ပေလောက် နက်တဲ့ လျှိုထဲရောက်နေသလိုပါ။ နေ့လည်ထမင်းပြီးလို့ အလုပ်ပြန်အဆင်း၊ ၂ နာရီလောက်မှာပေါ့။ (ရဲဘက်အမှတ် ဝ၇၆၄/စီ အောင်သန်း)က (ဝ၇၃ဝ/စီ ခင်မောင်သန်း) ကို ပေါက်ချွန်းနဲ့ပေါက်လိုက်တာ ခင်မောင်သန်းရဲ့ ငယ်ထိပ်ကနေ ပေါက်ချွန်းစိုက်ဝင်သွားတာပေါ့။ ဒါကို မြင်တဲ့ရဲဘက်တွေနဲ့၊ ဝန်ထမ်းတွေက

ဝိုင်းအော်ကြပါတယ်။ အဲ့ဒီအချိန်မှာ ကိုကိုက 'ပုံစံ'လို့ အကျယ်ကြီးအော်ပြီး ဖြစ်တဲ့နေရာကို ပြေးသွားပါတယ်။ လုံခြုံရေးရဲ့ တာဝန်ခံကတော့ တောင်ကုန်း အမြင့်ပေါ်ကိုပြေးပြီး လုံခြုံရေးယူထားပါတယ်။ ပုံစံဆိုတဲ့အသံကြား လိုက်ရရင်ပဲ ဝန်ထမ်းနဲ့ ရဲဘက်တပ်စိပ်မှူးတွေကပါ ပုံစံလို့ ဝိုင်းအော်ကြတာပေါ့။ အလုပ် လုပ်နေတဲ့ ရဲဘက်အားလုံး လုပ်ငန်းသုံးပစ္စည်းတွေကို ဘေးချလို့ ပုံစံထိုင်လိုက်ပါ တယ်။ ကိုကိုက ဖြစ်စဉ်ရဲ့အနီး ခြေလှမ်းနှစ်လှမ်းစာအကွာအရောက်မှာ ရပ်လိုက်ပါတယ်။ မြင်ကွင်းကို ချက်ချင်းလေ့လာလိုက်တော့ အောင်သန်းက ပုံစံမထိုင်ဘဲ သွေးစွန်းနေပြီး လဲ့ထားတဲ့ ပေါက်ချွန်းရဲ့ လက်ကိုင်အရိုးပေါ်မှာ လက်တင်ထားပါတယ်။ အောင်သန်းက အရပ်လည်းမြင့်တယ်။ ခန္ဓာကိုယ်က လည်း ဗလမောင်အလား တုတ်တုတ်ခိုင်ခိုင်နဲ့၊ သူ့ဘေးနားမှာ ထိုင်လျက်အနေ အထားကနေ လဲသွားတဲ့ပုံစံမျိုးနဲ့ ငယ်ထိပ်ကနေ ဦးနှောက်ရော သွေးပါ ပန်းထွက် နေတဲ့ ခင်မောင်သန်းက ခွေခွေလေးပေါ့။ သူတို့နဲ့ မလှမ်းမကမ်းမှာ ဝါးရင်း တုတ်ကိုင်ထားတဲ့ ဝန်ထမ်းတစ်ယောက်နဲ့ ပုံစံထိုင်ရင်းက လဲနေတဲ့ဂေါ်ပြားပေါ် လက်တင် ထားတဲ့ ရဲဘက်တပ်စိတ်မှူးတို့ရှိပါတယ်။ ချက်ချင်းဆိုသလို ကိုကိုက အောင်သန်းကို လက်နက်ချပြီး ပုံစံထိုင်ဖို့ အမိန့်ပေးလိုက်တယ်။ ဒီတော့ အောင်သန်းက တခြားသူတွေကိုပါ လက်နက်ချခိုင်းပေးပါတဲ့၊ ဒီတော့ ကိုကိုက အားလုံးလက်နက်ချဖို့ အမိန့်ပေးရပြန်ပါတယ်။ ဝန်ထမ်းနဲ့ ရဲဘက် တပ်စိတ်မှူးက လက်ထဲက လက်နက်တွေကို ချလိုက်တော့ အောင်သန်းက သူလက်တင်ထားတဲ့ ပေါက်ချွန်းပေါ်ကနေ လက်ကိုဖယ်လိုက်တယ်။ ဒါပေမဲ့ ပုံစံအပြည့်မထိုင်ဘဲ ပတ်ဝန်းကျင်ကိုကြည့်ပြီး ပေါက်ချွန်းပေါ်ကို လက်ပြန်တင်လိုက်ပါတယ်။ ကိုကိုကလည်း အောင်သန်းဆီကို အပြေးခုန် လှမ်းလိုက်တာ ကိုကို့ရဲ့ ဘယ် ခြေဖဝါးက ပေါက်ချွန်းရဲ့ လက်ကိုင်ပေါ် တက်နင်းလိုက်ပါ တယ်။ ညာခြေဖမိုး ကတော့ အောင်သန်းရဲ့မျက်နှာကို တအားလွဲပြီး ကန်ပစ်လိုက်ပါတယ်။ အောင်သန်းကတော့ နည်းနည်းယိုင်သွားပေမဲ့ သိပ်မဖြုံဘဲ ပေါက်ချွန်းကိုသာ ဆွဲနေပါတယ်။ ဒါနဲ့ ညာဖနောင့်နဲ့ ခေါင်းကို တစ်ချက် ထပ်ပေါက်လိုက် ရတာပေါ့။ ဒီအချိန်မှာ ဝန်ထမ်းနဲ့ ရဲဘက်တပ်စိတ်မှူးလည်း ရောက်လာပြီး အောင်သန်းကို ဝိုင်းချုပ်ကြပါတယ်။ နောက်ထပ် ဝန်ထမ်းတစ်ယောက်ကလည်း ပြေးလာပြီး အောင်သန်းရဲ့ လက်နှစ်ဖက်ကို နောက်ပြန် ကြိုးတုတ်လိုက်တာပေါ့။

ကိုကိုက အောင်သန်းကို နောက်ထပ် ဘယ်သူမှ မရိုက်ကြဖို့ ပြောပါတယ်။ ပေါက်ချွန်းနဲ့ အပေါက်ခံရသူက အရပ်ပုပု၊ ကိုယ်လုံးသေးသေးနဲ့ အလွန်အေးတဲ့ရဲဘက်ပါ။ သူ့ကို လုပ်အားပေးစခန်းက ဆေးခန်းကိုပို့ပေမယ့် ဆေးခန်းရောက်တော့ သေသွားပါတယ်။

◆ ◆ ◆

## အပိုင်း ( ၁၉ )

လူသတ်မှုနဲ့ ပခုက္ကူထောင်ပြောင်းရတဲ့ရဲဘက်ကို သက်သေခံသွားတော့ ရဲတပ်ဖွဲ့က ပြောပါတယ်။ ဒီလူက ခံစားချက်တွေများပြီး အမှုနဲ့ပတ်သက်လို့ ထွက်ဆိုတာတွေက အမှုကိုကြာနိုင်တယ်တဲ့။ ဒီတော့ နောက်မှု(ပေါက်ချွန်းနဲ့ ပေါက်သူ)ကို ပခုက္ကူထောင်ထဲမှာ ခွင့်ပြုချက်ရယူပြီး ဝင်တွေ့တာပေါ့။ ဒီတော့ သူကလည်း အကြောင်းပြချက်မျိုးစုံနဲ့ မတော်တဆဖြစ်ရတာပေါ့။ နောက်ပြီး ဗိုလ်လေး(ကိုကို)က ခြေထောက်နဲ့ ကန်တာပါထည့်ပြောပါတယ်။ ဒီတော့မှ ကိုကိုက ငါပြောမယ်၊ မင်းသေချာနားထောင်၊ ငါပြောတာကို မင်းမကျေနပ်ရင် ကြိုက်သလိုဆုံးဖြတ်၊ အဲ့ဒီနေ့ကဖြစ်စဉ်ကို ငါမထိန်းရင် မင်းကို ဝန်ထမ်းရော၊ ရဲဘက်တပ်စိတ်မှူးတွေက ဝိုင်းရိုက်ကြမှာ၊ မင်းကလည်း ရသလောက်တော့ ကာကွယ်မှာပဲ၊ ခုခံမှာပဲ၊ မင်းဗလက တတ်နိုင်ရင် နောက်ထပ် နှစ်ယောက်လောက်သတ်ပြီး သုံးယောက်လောက်တော့ ဒဏ်ရာရအောင် လုပ်နိုင်မှာပါ။ ဒါပေမဲ့ မင်းဘာဖြစ်သွားနိုင်သလဲသိလား၊ အပြင်းအထန် ဒဏ်ရာရပြီး သေသွားနိုင်တယ်။ ငါမင်းကို နှစ်ချက်ကန်တာ အခြေအနေအရမို့ မင်းကြိုက်သလို ဆုံးဖြတ်ပါ၊ မင်းကို ရဲလက်မအပ်ခင် စခန်းမှာ လက်ထိပ်၊ ခြေကျဉ်းနဲ့ ပြင်းပြင်းထန်ထန် ချုပ်ထားတာတို့၊ ရဲလက်မှာ အစစ်ခံရတို့ကတော့ ငါနဲ့ မဆိုင်ဘူးကွလို့ပြောပြီး ပြန်ထွက်လာပါတယ်။ နောက်ပိုင်း ပခုက္ကူရောက်တော့ ကျေးဇူးရှင်က ဝန်ခံလို့ အမှုကပြီးသွားပါတယ်တဲ့။

စခန်းကထောင်မှူးတွေက ပြဿနာကြီးတဲ့အမှုဆိုစစ်ဆေးရ၊ သေဆုံးရဲဘက်တွေအတွက်ကိုလည်း အမှုစစ်ရတယ်။ အမှုစစ် (DE) ဆိုလို့ပြောရဦးမယ်။

အမှုကိစ္စတစ်ခုနဲ့ ကိုကိုက ပတူပီ၊ မင်းတပ်၊ ပလက်ဝ လမ်းဖောက်လုပ်ရေး အလုပ်စခန်းကို အဖွဲ့ဝင်နဲ့သွားစစ်ရမယ်တဲ့။ ရုံးချုပ်က စာထွက်တာရော DE အဖွဲ့က ချိန်းတာကိုပါမသိလိုက်ရပါဘူး။ တခြားအဖွဲ့ဝင်နဲ့ ဥက္ကဋ္ဌတို့က စစ်ပြီးလို့ မုံရွာထောင်ပြန်ရောက်နေပါပြီ။ စာအဆက်အသွယ်ကလည်း တစ်လမှ တစ်ကြိမ်၊ လူကိုယ်တိုင်စာတိုက်သွားယူမှရတာကိုး။ ရေဖြူငယ်စခန်းနဲ့ မတူပီ၊ မင်းတပ်၊ ပလက်ဝက မြန်မာပြည်မြေပုံပေါ်မှာတော့ နီးပါတယ်။ မြေပြင်မှာ သာသွားရရင်၊ တောင်ပိုင်းနဲ့ မြောက်ပိုင်း၊ အဲ့အချိန်တွေက ခရီးသွားရတာ အခက်အခဲနဲ့ တကယ် မလွယ်ပါဘူး။ ဒီထက်ကြီးတဲ့ ပြဿနာက ကျေးဇူးရှင် ဆရာသမားတစ်ယောက် ကြောင့် တပ်မမှူးက ငါ့ခွင့်ပြုချက်မရဘဲ ဘယ်အရာရှိမှ စခန်းက ထွက်ခွာခွင့် မပြုဘူးတဲ့။ လုပ်တဲ့သူက အရမ်းလုပ်သွားတော့ ထုတ်တဲ့သူကလည်း အမိန့် ထုတ်ရတာပေါ့။ အမိန့်ကလုပ်တဲ့သူကိုမထိပေမဲ့ နောက်လူကတော့ ကျွေးနေ အောင်ခံပေါ့။ လစာထုတ်ရက်ဆို ဘာအရေးလဲ ခရီးသွားလာခွင့်၊ တပ်မကို ကြေးနန်းနဲ့ ခွင့်ပြုချက်ယူပြီးသား၊ ရောပြီးသွားလိုက်ရုံ၊ အခုဟာက ကြားရက်ကြီး၊ ခရီးသွားလာခွင့်ကြေးနန်းတင်နေတုန်းမှာ DE အဖွဲ့က ရုံးချုပ်ကိုမေးနေပြီ။ ဘယ်လိုလုပ်ရမလဲပေါ့။ ရုံးချုပ်ကလည်း ဖိအားပေးနေပြီ၊ ဒီတော့ ဉုံ…ဖြစ်ချင် ရာဖြစ် လစ်ရတာပေါ့။ ဒါတွေကိုလည်း သက်သေထားစရာက တောင်ပြာတန်း ကြီးပဲရှိတာပါ။ မေးကြည့်ပါခင်ဗျာ။

ပုံတောင် တောင်တန်းပြာပေါ်က ရေဖြူငယ် ရဲဘက်စခန်းဖွင့်လာတာ တစ်နှစ်ကျော်လာခဲ့ပေါ့။ လူစားလဲလာလို့ပြောင်းရတဲ့ ဝန်ထမ်းတွေတောင် ပြောင်း နေကြရပြီ။ ကိုကိုကတော့ လူစားလာမဲ့သူကို လည်ပင်းကိုးတောင်ပြည့်မတတ် မျှော်ရင်း တာဝန်တွေကို ထမ်းဆောင်လျက်ပေါ့။ အချိန်ကြာလာတော့လည်း ဒေသခံတွေနဲ့တောင် ရင်းနှီးနေပါပြီ။ ဒေသခံဆိုလို့ စခန်းပတ်ဝန်းကျင်က ယောသူ ယောသားတွေပါ။ ယောသူတို့ရွာပေါ့။ ယောကိုမရောက်ခင်တုန်းကတော့ ယောသူတွေဟာ စုန်းအတတ် အင်မတန်စွမ်းကြောင်း၊အိမ်လည်သွားတဲ့ ဧည့်သည် ဖင်နဲ့ဖျာနဲ့ ကပ်နေတယ်တို့ကြားရတော့ လန့်နေရတယ်။ တကယ်တော့ အင်မတန် ရိုးသားသော တောသူတောင်သား ယောသားတွေပါ။

မြန်မာလူမျိုး စစ်စစ်တွေပါ။ စကားပြောရာမှာတော့ (မန်းန၊ ငါန) မင်းနဲ့

ငါးနဲ့သာ ပြောကြပါတယ်။ သားက အဖေကိုလည်း(မန်းန၊ငါန)ပါပဲ။ အရာရှိဆိုရင်လည်း တစ်ပွင့်ကစလို့ ဗိုလ်ချုပ်ထိ ဘာအပွင့်တပ်ထား၊ ဓာပ်ထား၊ ဗိုလ်ကြီးပဲ ခေါ်တယ်။ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးကိုလည်း ဒီမှာဗိုလ်ကြီး၊ ငါပြောစမ်းမယ်၊ မန့်နှားထောင်စမ်းတဲ့၊ ဒီလိုရိုးသားတာပါ၊ တောင်တန်းတွေပေါ်မှာ နေထိုင်တဲ့ ယောသားတွေက တောင်ယာလုပ်ကိုင်စားတာများပါတယ်။ အခုလို ရထားလမ်းမဖောက်ခင်က သူတို့ဓလေ့အတိုင်းနေထိုင်ကြတာပါ။ စပါး၊ ပန်းနှမ်းနဲ့ ပြောင်းဖူးကို အဓိကထားစိုက်ကြပါတယ်။ ကျန်တဲ့ သီးနှံတချို့လည်းစိုက်ပါတယ်။ စိုက်ပြီးတဲ့အခင်းကိုလည်း အိမ်ရှိမိသားစုတွေ တစ်နှစ်စာ၊ စားလောက်ရုံပဲ ရိတ်သိမ်းပြီး ကျန်တာကို ဆက်မရိတ်တော့ပါဘူး။ သူ့အခင်းကိုယ့်အခင်း၊ ဝင်ခိုးတာ လုံးဝမရှိကြပါဘူး။ တောင်ယာသွားရင် မိသားစုအကုန်နွားရော ခွေးပါ ခေါ်လို့သွားကြတာပါ။ အိမ်ကိုတော့ ဝါးကပ်တစ်ချပ်နဲ့ ပိတ်ထားခဲ့ပါတယ်။ မွေးထားတဲ့ဝက်ကိုလည်း အိမ်အောက်မှာ ကြိုးချည်လို့ ထားခဲ့တာပေါ့။ သူခိုးခိုးတယ်ဆိုတာ ယောသူတို့ရွာမှာ မရှိပါဘူး။ တောင်ယာမှာခိုင်းတဲ့နွားနဲ့ တခြားမွေးထားတဲ့နွားတွေကို တောင်ယာချိန်ပြီးတဲ့ ဆောင်းတွင်းကနေစလို့ နောက်နှစ်မိုးဦးကျအထိ တောထဲကို ဘေးမဲ့သဘောမျိုး လွှတ်လိုက်တာပါ။ မိုးဦးကျလို့ လုပ်ငန်းခွင်ဝင်ချိန်ရောက်မှ တောင်ထိပ်ကနေ အသံပေးလိုက်တာ သူ့သခင်အလိုက်၊ သူ့အစုအလိုက်ခွဲပြီး ပြန်လာကြတာတဲ့။ရထားလမ်းအတွက် တခြားသူတွေရောက်လာတော့မှ ကိုထွန်းရင် လက်ဖက်ရည်ဆိုင်က ပိုက်ဆံသေတ္တာပါ ပျောက်ပါလေရော။

တောစခန်းတွေရဲ့ပြဿနာထဲမှာ တောမီးဒုက္ခကလည်း ကြီးမားပါတယ်။ စခန်းပတ်လည်မှာ မီးတားလမ်းလုပ်ထားပေမဲ့ တောမီးလောင်ပြီဆိုရင် မီးအစအနတွေက မီးအရှိန်နဲ့အဝေးကြီးထိလွှင့်တတ်တာ၊ တောမီးက စခန်းရဲ့ အရပ်လေးမျက်နှာစလုံးကလာတာ၊ တောမီးလောင်ရင် အရာရှိရော၊ ဝန်ထမ်းရော၊ ရဲဘက်ပါဝိုင်းရတာ၊ သစ်ရွက်အစိုတွေပါတဲ့လက်တစ်နိုင် သစ်ကိုင်းငယ်တွေကိုကိုင်လို့ မီးကို ဝင်ရိုက်ရတာပါ။ မီးကနိုင်လိုက်၊ လူကနိုင်လိုက်ပဲ။ တစ်ခါက ရိက္ခာဂိုဒေါင်ကို မီးနည်းနည်းစွဲတဲ့အထိ တောမီးက စခန်းကိုရောက်လာပါတယ်။ ပွင့်လင်းရာသီတစ်နှစ်ဆိုရင် တောမီးက (၁၀)ကြိမ်ထက်မနည်း ဒုက္ခပေးပါတယ်။

တောမီးနဲ့ တိုက်ပွဲဝင်ပြီးလို့ပြန်လာရင် လူတွေကတော့၊ ငါးကင်ဖြစ်လို့ပေါ့။ တစ်ကိုယ်လုံးမီးသွေးဖြစ်ကုန်တာပါ။

ကိုယ်တွေကသာ မီးတားလမ်းဖောက်တာတို့၊ တောမီးလောင်ရင် အပြေးအလွှား နေ့ရောညပါ ငြိမ်းနေတာတို့ လုပ်နေတာ ယောသားကတော့ အေးဆေးပဲ။ ဘာမှမလုပ်ဘူး။ သူ့ကိုသွားမေးတော့ ဒီတစ်ခါ ငါ့အိမ်ဘက်ကို တောမီးလာရင် မင်းလာကြည့်လှည့်တဲ့။ တစ်ညတော့ တောင်ပေါ်ကနေ ယောသားအိမ်ဘက်ကို တောမီးက အရှိန်ကောင်းကောင်းနဲ့ လာနေပါပြီ။ ဒါနဲ့ ယောသားအိမ်ဘက်ပြေးကြည့်တော့ ယောသားက သူ့အိမ်ရဲ့ပတ်လည်မှာရှိတဲ့ မြက်ခြောက်နဲ့ သစ်ရွက်ခြောက်တွေကို မီးရှို့လိုက်ပါတယ်။ တန်ပြန်တာတဲ့။ ဟုတ်ပါတယ်။ သူ့အိမ်ပတ်လည်က မီးကလည်း တောင်ပေါ်ကို အရှိန်နဲ့ပြေးတက်သွားပြီး တောင်ပေါ်ကလာတဲ့ မီးနဲ့ နှစ်ဖက်တွေ့တော့ လောင်စရာလောင်စာမရှိလေတော့ တောမီးကရပ်သွားတာပေါ့။ ဒါကြောင့် တောင်ပေါ်ကယောအိမ်တွေ တောမီးကွင်းတာပေါ့။

◆ ◆ ◆

## အပိုင်း ( ၂၀ )

တောစခန်းတွေမှာနေရတော့ တောဓလေ့၊ ယောသူတို့ရွာတွေနဲ့ ခင်မင်ရတော့ ယောဓလေ့တွေကို သင်ယူရပါတယ်။ တောဓလေ့ဆိုတာကတော့ တောလည် (တောပစ်)ထွက်တာတို့၊ တောကြက်တောငှက်ထောင်တာတို့၊ သွားတဲ့အခါ တောဓလေ့အရ ထမင်းနဲ့ကြက်ဥနဲ့ နတ်တင်ရပါတယ်။ နောက်ပြီး မြွေဆို ဘာမြွေမှ မသတ်ရပါဘူး စသည်ဖြင့်ပေါ့။ ယောဓလေ့တွေကတော့ များတယ်။ စခန်းသက်လေးရလာတော့ ယောသူနဲ့ အမျိုးတွေတောင်ဖြစ်လိုက်ပါသေးတယ်။ ဝါးပင်ရွာသူအပျိုချောက ခဲအိုဖြစ်သူ ရေဖြူငယ်ရွာက လက်ဖက်ရည်ဆိုင်ကို လာလည်တုန်း စခန်းကလူပျိုလေးနဲ့ မေတ္တာမျှကြတာပေါ့။ ဒါဆို နှစ်ဦးသဘောတူ မင်္ဂလာဆောင်ပေးမလို့ ယောဓလေ့ကို စုံစမ်းရပါတယ်။

ဒါကြောင့် ယောဓလေ့အရ ပထမဆုံး မိန်းကလေးအိမ်ကို(မြန်း)မယ်။ ပြီးရင် လူကြီးအစုံအလင်နဲ့ လာတောင်းရမယ်။ ဒါတွေ အိုကေဆိုမှ မင်္ဂလာ

ဖြစ်မှာတဲ့။ ဒီတော့ မြန်းတာကိုတော့ ကလေးမရဲ့ခဲအိုကိုပဲ ခိုင်းလိုက်ပါတယ်။ ပထမအဆင့် အိုကေတော့ ဒုတိယအဆင့်မှာတော့ သတို့သားရယ်၊ ကိုကိုရယ်၊ လုံခြုံရေးတာဝန်ကျ ဒုရဲအုပ်ရယ် တာဝန်ကျတာပေါ့။ အားလုံး ယူနီဖောင်း အပြည့်နဲ့ပါ။ ဒုရဲအုပ်ကတော့ ခြောက်လုံးပြူးနဲ့ သုံးယောက်ပေါင်းလို့ ဗိုလ်မျှော်တောင်ကိုဖြတ်ကာ ဝါးပင်ရွာသို့ နံနက်စောစောမှာ ခြေကျင်ချီတက်ကြတာပေါ့။ ဝါးပင်ရွာကို နံနက် ၉ နာရီလောက်ရောက်တာပေါ့။

သတို့သမီးအိမ်ကိုရောက်တော့ မိဘနဲ့ ကျေးရွာဥက္ကဋ္ဌ အပါအဝင် လူကြီး သုံးယောက်လောက်က ကြိုပါတယ်။ ဥက္ကဋ္ဌက သူ့ကိုယ်သူ မိတ်ဆက်ပြီး အိမ်ပေါ်ကို ခေါ်ပါတယ်။ အိမ်ပေါ်ရောက်တော့ အမြည်းအစုံအလင်နဲ့ ရမ်အရက်ပုလင်းတစ်လုံး ထောင်ထားပါတယ်။ အားလုံး ဝိုင်းထိုင်ပြီးတာနဲ့ ဥက္ကဋ္ဌက ရမ်ပုလင်းကိုဖွင့်ပြီး အကြမ်းပန်းကန်လုံးလေးတွေမှာငှဲ့လို့ အားလုံးကို ဝေပါတယ်။ (မာကာပေါ့)။ကိုကိုတို့ကလည်း ဒါယောဓလေ့ဖြစ်မယ်ထင်တယ်လို့ တွေးပြီး သောက်လိုက်တာပေါ့။ တစ်ခွက်သောက်ပြီး ဥက္ကဋ္ဌကလည်း ရွာအကြောင်း၊ ကိုကိုတို့ကလည်းစခန်းအကြောင်း၊ ထွေရာလေးပါးပြောရင်း နှစ်ခါလှည့်လိုက်တာ ပုလင်းကကုန်သွားပါတယ်။

အိုကေ၊ ဒါဆိုလာရင်းကိစ္စ စကား ပြောပါရစေလို့ စကားစလိုက်တာပဲ ရှိသေးတယ်။ ခဏနေဦး ဗိုလ်ကြီး၊ ထမင်းချက်နေတယ်။ ဒီမှာစားရမှာဆိုပြီး ဥက္ကဋ္ဌရဲ့တပည့်ကျော်လာပေးတဲ့ တောအရက်တစ်လုံးကိုလည်း ဥက္ကဋ္ဌက မာကာလုပ်နေပြန်ပါတယ်။ ဒါလည်း ယောဓလေ့လားဆိုပြီး ဆက်သောက်ကြရပြန်တာပေါ့။ ဒီလိုနဲ့ တောအရက်နှစ်လုံးကုန်တော့ ဥက္ကဋ္ဌကလည်း မာကာလုပ်ရင်း ယောဓလေ့တွေကို ရှင်းပြနေတာ၊ အသံက ပုံမှန်မဟုတ်တော့ပါဘူး။ ဒုရဲအုပ်ကလည်း အခြေအနေမဟန်တော့ပါဘူး။ သူက အသက်ငယ်တဲ့အပြင် လူကောင်ကသေးတော့ ခံနိုင်ရည်နည်းပြီး ခေါင်းစိုက်နေပါပြီ။ ဒါနဲ့ ကိုကိုက ဒုရဲအုပ်ခါးက ခြောက်လုံးပြူးနဲ့တွဲထားတဲ့ ခါးပတ်ကြီးကိုဖြုတ်ပြီး မတ်တတ်ရပ်လို့ ကိုယ့်ခါးကိုပြောင်းပြီး ပတ်လိုက်ပါတယ်။

တစ်ဆက်တည်းမှာပဲ ကျွန်တော်တို့လာရင်းကိစ္စကို ပြောပါရစေလို့ စကားစလိုက်ပါတယ်။ ဒီတော့ ဥက္ကဋ္ဌက ဟော့…ဗိုလ်ကြီး မင်းထိုင်စမ်းတဲ့။ နောက်ပြီး သတို့သမီးအဖေဘက်ကိုလှည့်လို့ ဟော့ကောင်…မင်းပေးစားမှာလား၊

မပေးစားဘူးလားလို့ မေးလိုက်ပါတယ်။ အဖေလုပ်သူကလည်း ပေးစားပါ့မယ်၊ ပေးစားပါ့မယ်လို့ ခေါင်းတညိတ်ညိတ်နဲ့ ဖြေပါတယ်။ ဒီတော့ ဉက္ကဋ္ဌက ဒါဆိုရင်ပြီးနေတာပဲ ဘာမှမပြောနဲ့တော့၊ နောက်တစ်လုံးယူခဲ့တဲ့ဆိုတော့ အိမ်အောက်မှာရှိတဲ့ ဉက္ကဋ္ဌရဲ့တပည့်ကျော် ဆက်သားက တောအရက် နောက်တစ်ပုလင်း လာချပြန်တယ်။

ဒါလည်း ယောဓလေ့ပဲလားဗျာလို့ မေးလိုက်တော့ ဉက္ကဋ္ဌက ဟုတ်ပါတယ်ဆိုပြီး ယောသူတို့ရွာရဲ့ဖြစ်စဉ်ကို ရှင်းပြပါတယ်။ ဝါးပင်ရွာက ကားလမ်းနဲ့ သိပ်မဝေးပါဘူး။ တောင်ပေါ်က မြေပြန့်နေရာလေးဖြစ်တော့ ကားလမ်းကို ထွက်ရတာလွယ်ပါတယ်။ ပုလဲ-ဂန့်ဂေါလမ်းပေါ်က ကျောရွာနဲ့ကလည်း နီးပါတယ်။ ဒီတော့ တောင်ပေါ်က ယောသားတွေထဲမှာတော့ ဝါးပင်ရွာက ခေတ်အမီဆုံးပါ။ တစ်နေ့တော့ အခုလိုပဲ ဝါးပင်က ယောသူတစ်ယောက်နဲ့ ကျောရဲကင်းက ရဲတပ်သားတို့ ဖူးစာဆုံကြတာပေါ့။ ဒါကြောင့် ရဲဒုတပ်ကြပ် ဦးစီးတဲ့အဖွဲ့က ဝါးပင်ရွာကို မိန်းမလာတောင်းကြသတဲ့။

ဒုတပ်ကြပ်က သူပါလာတဲ့ စတင်းသေနတ်ကို သူ့ရဲ့နောက်မှာ ထောင်ထားတာပေါ့။ ရွာကလည်း ဉက္ကဋ္ဌအပါအဝင် အဖွဲ့နဲ့ သားရေးသမီးရေး ဆွေးနွေးကြတာပေါ့။ အခြေအနေ အကျိုးအကြောင်းက မတိုက်ဆိုင်လေတော့ တင်းမာမှုဖြစ်လာတာပေါ့။ အဲ့ဒီအချိန်မှာ သတို့သားလောင်းရဲတပ်သားက အပေါ့သွားချင်တော့ စကားဝိုင်းက အသာထလို့ သူ့ဆရာ ဒုတပ်ကြပ်နောက်က ခပ်မြန်မြန်လျှောက်လိုက်တာ စတင်းဂန်းလွယ်ကြိုးနဲ့ ငြိမိပါလေရော၊ ရဲတပ်သားက ရုန်းလိုက်တော့ စတင်းက ကျည်ထွက်သွားတယ်တဲ့။ ဒိုင်းခနဲအသံကြားလိုက်တော့ စကားဝိုင်းက လူတွေလည်း အမြန်ထ၊ အိမ်ပေါ်ကခုန်ချလို့ ခြေဦးတည့်ရာပြေးကြရတာပေါ့။

အိမ်အောက်ကနေ စောင့်ကြည့်နေတဲ့ ယောသားတွေလည်း ဖနောင်နဲ့တင်ပါးတစ်သားတည်းကျအောင် ပြေးလိုက်ကြတာတဲ့၊ သတို့သမီးအဖေနဲ့ ဉက္ကဋ္ဌကတော့ ဒုတပ်ကြပ်ကို သဘောတူပါတယ်ခင်ဗျ၊ ပေးစားပါ့မယ်ခင်ဗျလို့ တောင်းပန်ကြရတယ်တဲ့။ အခုလည်းဗိုလ်ကြီးတို့က သေနတ်ယူလာကတည်းက သဘောတူချင်နေတာ၊ အခုတော့ သေနတ်ကိုထုတ်ပြနေပြီလေ။ ဒီတော့ ဘာမှပြောစရာမလိုတော့ပါဘူးဆိုပြီး ဝိုင်းရယ်မောကြပါတယ်။

ဒါကတော့ ယောသားတို့ရဲ့ ဖြစ်ရပ်မှန်လေးနဲ့ သူတို့ရဲ့ ခင်မင်ရင်းနှီးမှုကို ဟာသနှောပြီးပြောတတ်တာကလည်း ချစ်စရာယောခလေ့တစ်ခုပါ။ သတို့သမီး အိမ်ကလည်း အရင်ကတည်းက တစ်ထောက်နားစခန်းပါ။ မိုးတွင်းဆိုရင် သူ့အိမ်မှာပဲ ရိက္ခာစုပုံရတာပါ။ နဂိုကတည်းက ရင်းနှီးကြသူတွေပါ။ အခုတော့ ရွှေလမ်း ငွေလမ်း ပိုပွင့်သွားပါတယ်။ ယောဒေသတချို့မှာ တစ်ချိန်တုန်းက ကွန်မြူနစ်တွေ အုပ်ချုပ်ခဲ့ဖူးတယ်လို့လည်း ကြားဖူးပါတယ်။ နောက်ပြီး ကိုကိုတောလည်သွားတုန်းက တောနက်နက်ထဲမှာ လူတော်တော်များများ နေထိုင်သွားတဲ့ နေရာဟောင်းတွေ တွေ့ရပါတယ်။ အဆောက်အအုံဆောက်ထားပြီး ပြန်ဖျက်ထားတဲ့ မြေအနေအထားတွေ တွေ့ရပါတယ်။ ဒီလိုနေရာတွေကလည်း တစ်နေရာမဟုတ်ပါဘူး။ နေရာအတော်များများ တွေ့ရတာပါ။ တချို့ပြောတာကတော့ သစ်ထုတ်လုပ်တဲ့ ဆင်စခန်းတွေတဲ့၊ တချို့ပြောတာကတော့ သခင်စိုးတို့အဖွဲ့လည်း စခန်းချနေထိုင်သွားကြတယ်လို့ ကြားဖူးတယ်တဲ့။ တိတိကျကျတော့ မသိခဲ့ရပါဘူး။

◆ ◆ ◆

## အပိုင်း ( ၂၁ )

တောထဲသို့ ပထမစခန်းထွက်ခဲ့ရတာ ၁၉၉၄ ခုနှစ် (၁၀)လပိုင်းကပါ။ ဒုတိယစခန်းဖြစ်တဲ့ တောင်တန်းပြာစခန်းကိုတော့ ၁၉၉၄ ခုနှစ်ကုန်ပိုင်းလောက်က ရောက်ခဲ့ပြီး ၁၉၉၅ ခုနှစ်ကလည်း ကုန်ဆုံးသွားခဲ့ပါပြီ။ ဌာနေကို ပြန်ရဖို့ကတော့ ရွှေပြည်တော် မျှော်တိုင်းဝေးနေပါပြီ။ ရဲဘက်တွေ၊ အကျဉ်းသားတွေဟာ လွတ်ခါနီးရင် လွတ်ကြောင်း ကြောင်းတတ်သတဲ့။ အခုဟာက လူစား လာဖို့ နီးလာတာ မဟုတ်ဘူး။ နှစ်ပြည့်လို့ လတွေ အတော်များများကျော်နေတာ၊ ဒါပေမဲ့ ရှေ့တန်းစခန်းတွေရဲ့သက်တန်းကို တစ်နှစ်ကနေ နှစ်နှစ် သတ်မှတ်ခံရတဲ့သူတွေနဲ့စာရင် တော်သေးတယ်တွေးရတယ်။ သူတို့ကိုလည်း ကိုယ်ချင်းစာမိပါတယ်။ ဒီတော့ ဟိုတွေးဒီတွေးနဲ့ ဆွေးနေရတာပေါ့။ ဟိုတုန်းက လက်ဝဲသုန္ဒရသွားခဲ့ရတဲ့ မဲဇာက ပဲပလာတာတောင် ဝယ်လို့ရနေပါပြီ။ ၁၉၉၄ ခုနှစ်က မန္တလေးကနေ မြစ်ကြီးနားဝန်ဆောင်တပ်ရင်းကို ရဲဘက်ပို့သွားရင်း ရထားနဲ့ ကားတိုက်မိတော့ မဲဇာဘူတာမှာ ညအိပ်ရပ်နားရလို့ သိနေတာပါ။ အခုရောက် နေတဲ့နေရာကတော့ မဲဇာထက် လွမ်းရပါတယ်။ ဒီလိုလွမ်းရင်း စနစ်မကျ နည်းမမှန်ပေမဲ့ ရင်ထဲက

လက်တန်း ကဗျာလေးတောင် ရေးမိရဲ့။ ဘာမှမပြင် အော်ရီဂျင်အတိုင်း ဖော်ပြလိုက်ပါတယ်။

ပုံတောင်ပုံညာ
စခန်းသာသည်
လာလည်စမ်းပါ
ဒီဇင်ဘာဝယ်။
နှင်းရည်မစဲ
လက်ဝဲသုန္ဓရ
ရေးဖွဲ့ပြသို့
တူရပါသည်။
နေခြည်ဖြာမှ
နွေးသောကြောင့်
လေပြည်လာက
အေးသောကြောင့်။

၁၉၉၆ ခုနှစ်ရဲ့ လတွေတောင်စွန်းလာပြန်ပါပြီ။ တစ်နေ့သော် ပေါ်လာနိုးနဲ့ လစာထုတ်တောင် မဆင်းတော့ပါဘူး။ ကိုကိုအတွက် လူစားလဲကိုသာ မျှော်လင့်စောင့်စားနေရတာပေါ့။ တစ်ရက်မတော့ မန္တလေးမြို့က ထောင်ဝင်စာလာတဲ့ အခေါ်ကြီးကို အကူအညီတောင်းပြီး ဇနီးထံသို့ စာလေးစောင်ရေးပြီး ထည့်ပေးလိုက်ပါတယ်။ ပထမစာကတော့ ဇနီးသည်ဖတ်ရန်အတွက်ပါ။ ဒုတိယစာက မန္တလေးထောင်ရဲ့ ဒုတိယတာဝန်ခံအရာရှိ ဖတ်ရန်ပါ။ တတိယစာက တာဝန်ခံအရာရှိဖတ်ရန်ပေါ့။ နောက်ဆုံး စတုတ္ထစာကတော့ မန္တလေးတိုင်း ထောင်အုပ်စုညွှန်ကြားရေးမှူး ဖတ်ရန်ပေါ့။

ဇနီးသည်ဖတ်ရန်စာထဲမှာကတော့…

"ဖြူရေ၊ ဒီစာကိုဖတ်ပြီးပူးတွဲပါ လာတဲ့စာတွေကို အမှတ်အစဉ်အလိုက် တစ်စောင်စီ၊ တစ်ဦးစီထံပို့ပါ၊ ဒုတိယတာဝန်ခံကိုစာပို့လို့ မထူးခြားမှ တာဝန်ခံထံပို့၊ မထူးခြားရင် ညွှန်မှူးဆက်ပို့ပါ" လို့ပေါ့။

ဒီတော့ ထူးခြားတယ်ဗျ၊ စာပို့ပြီး နှစ်ပတ်ကြာတော့ ကျေးဇူးရှင် လူစားက ရောက်လာပါတယ်။ ဒီအကြောင်းကို မန္တလေးရောက်တော့ ဇနီးသည်ကို စာတွေ

ဘယ်လို ပို့သလဲလို့မေးကြည့်တော့ စာသုံးစောင်စလုံးကို တစ်နေ့တည်း ကိုယ်တိုင် အရောက်ပို့ပစ်လိုက်တယ်တဲ့။ လူစားရောက်လာတော့ အမြန်ဆုံး အလုပ်လွှဲ၊ အမြန်ဆုံး ပစ္စည်းသိမ်းတာပေါ့။ အလုပ်လွှဲပြီးတယ်ဆိုတာနဲ့ ညပိုင်းမှာ ရိုးရှင်းသော BEDC နဲ့ နှုတ်ဆက်ပွဲလေး ကျင်းပတာပေါ့။ ညနက်တော့ မနက်ဖြန် မန္တလေး ပြန်မယ့်အရေး မျှော်တွေးရင်း မှေးနေမိတာပေါ့။ အမှန်တကယ် ပြောင်းရမယ် ဆိုတော့ ပုံတောင်ကိုပဲလွမ်းနေသလိုလို၊ မိုလ်မျှော်တောင်ပေါ်ကပဲ ရှုခင်းကလေး တွေကြည့်နေချင်သလိုလို၊ သေသွားတဲ့ ဗိုက်ကလေး အပါအဝင် ရဲဘက်တွေကိုပဲ သတိရနေသလိုလို၊ ယောမြေက တောင်တန်းပြာကြီးနဲ့ လုပ်ဖော်ကိုင်ဖက်၊ အရာရှိဝန်ထမ်းတွေကိုပဲ လွမ်းသလိုလိုနဲ့ မိုးလင်းသွားခဲ့ပါတယ်။ ရင်ထဲမှာက ဘောလုံးပွဲကြည့်ရင်း အချိန်စေ့လို့ပြီးသွားတာကို ထမပြန်ဘဲ ဘာများ ဆက်လုပ် မလဲလို့ကြည့်နေမိသလိုပါ။ တချို့လည်း ဖြစ်ဖူးမှာပါ။ ရုပ်ရှင်ပြီးလို့ စာတန်း တွေပြနေတာကို ထမပြန်ဘဲ စွဲစွဲလန်းလန်း ကြည့်နေသလိုမျိုးပေါ့။ ဒါပေမဲ့ ရှေ့တန်းကအဖြစ်တွေ လွမ်းနေရင်လည်း နောက်တန်းက မိသားစုလေးယောက်ရဲ့ ရေခဲခြစ်ရောင်းနေရတာကို ပြန်မြင်ပြီး အလွမ်းတွေကို ယောချောင်းထဲမှာ မျှောလိုက်ရတာပေါ့။ နောက်တစ်နေ့ ညနေပိုင်းမှာတော့ ကျောရွာသို့ ကားကြုံ တစ်စီးနဲ့ ခရီးနှင်ခဲ့ရပါပြီ။ ကျောရွာမှာ တစ်ညအိပ်လို့ မနက်ပိုင်းမှာတော့ မန္တလေးသို့ ဆက်လက် ခရီးထွက်ခဲ့ရပါတယ်။

တာဝန်ပြီးလို့ ပခုက္ကူ-ဂန့်ဂေါကလေး ရထားလမ်းဖောက်လုပ်ရေး အလုပ် စခန်း၊ ရေဖြူငယ်အကြောင်းကို ဇာတ်သိမ်းရပေမဲ့ အတူလက်တွဲဆောင်ရွက် ခဲ့ရတဲ့ မိမိအရာရှိ၊ ဝန်ထမ်းနဲ့ ရဲဘက်များအကြောင်း မိတ်ဘက်အဖွဲ့အစည်းဖြစ်တဲ့ တပ်မတော်စစ်သည်များ၊ လုပ်အားပေးများနဲ့ ဒေသခံယောသူတို့ရွာအကြောင်းကို သတိရတိုင်း မသေမချင်းစာရေးနေပါ့မယ်လို့ကတိပြုပါတယ်။ နောက်ပြီး အကျဉ်း ဦးစီးဌာနမှာ တာဝန်ထမ်းဆောင်ရင်း ဝေးလံခေါင်းပါးသော ဒေသများသို့ သွား ရောက်တာဝန်ထမ်းဆောင်ခဲ့ကြသော အရာရှိ၊ ဝန်ထမ်းများကို လေးစားပါကြောင်း နဲ့ အဝေးစခန်းမှာ တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားသူအားလုံးကို လေးစား စွာ အလေးပြုရင်း တောင်တန်းပြာစခန်းသို့ ထောင်မှူး၏တောလား ဤတွင် ရပ်နားရပါကြောင်း။

ထောင်မှူးကြီးကိုကို



# ခယောင်းလမ်းကိုလျှောက်ခဲ့သူများ

ထောင်ဆိုတာ ငြိမ်နေရင်ကြောက်ဖို့ကောင်းတယ်
ဂျေးလ်ဆယ်လီကျော်ဝင်း

စစ်မြေသို့ချီလေသည့်ခရီး
ခင်မောင်ထွန်း(အကျဉ်းဦးစီး)

တောင်တန်းပြာစခန်းသို့ ထောင်မှူး၏တောလား
ထောင်မှူးကြီးကိုကို

စာပေလောက
CW05060001
ခယောင်းလမ်းကိုလျှောက်ခဲ့
Ks - 3,000